

ပခုက္ကူဦးအုံးဖေတာယေသု ရ....

# ဦးချစ်စရဝ၏ အတ္ထုပ္ပတ္တိနှင့် စာပေလောကရေးရာများ

# ကျေးဇူးတင်လွှာ

ဤစာတမ်းပြုစုရာတွင် စေတနာအပြည့်အဝဖြင့် ရှင်းလင်း ပြောပြပေးသော ဆရာကြီး ဒဝုန်နတ်ရှင်၊ မေးမြန်းသမျှ စိတ်ရှည်လက်ရှည် ဖြေကြားပေးသော ဒေါ်မွှားခင် (ဦးချစ်စရာ၏ ဇနီး)၊ ဆရာကြီး ဦးစံထွား၊ ဦးထင်ဖတ် (ဆရာမောင်ထင်)၊ ဆရာမဒေါ်ခင်ခင်ကြီး၊ ဆရာကြီး ဒဝုန်ရှင်သန်းမေ၊ ဒေါ်စောမုံညင်း၊ ဒေါ်စုစုလွင် (မြို့မအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီးဟောင်း ဦးသာလွင်၏သမီး) တို့အားလည်းကောင်း၊ လိုအပ်သော အထောက်အထားများကို ရှာဖွေပေးသော မန္တလေးမြို့မှ ဦးထွန်းစိန်၊ ဒေါ်သိန်းလှ (ဦးချစ်စရာ၏ သမီး)၊ မဂ္ဂဇင်းများ ဖတ်ရှုခွင့်ပေးသော ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ အစစအကူအညီပေးသော ဦးကျော်ဆွေ (ဆရာမင်းကျော်) နှင့် ဤစာတမ်းကို အသေးစိတ် ဖတ်ရှု၍ တည်းဖြတ် ပေးသော ဆရာဦးမောင်မောင် (အကြံပေးပုဂ္ဂိုလ်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်) တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

# မာတိကာ

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ကျေးဇူးတင်လွှာ** | |
| ၁။ | နိဒါန်း ... ... | ၁ |
| ၂။ | ဦးချစ်စရာ၏ အတ္ထုပ္ပတ္တိနှင့် အထောက်အထားများ ရှာပုံ ... | ၅ |
| ၃။ | (က) ဦးချစ်စရာ၏ ကဗျာလက်ရာများရှာပုံ ... | ၃၃ |
| | (ခ) ကဗျာလက်ရာများတွေ့ရှိပုံ ... | ၃၅ |
| ၄။ | ဦးချစ်စရာ တစုတရင်း ... ... | ၄၈ |
| ၅။ | ဦးချစ်စရာအကြောင်း တစုတရင်း ... | ၁၀၁ |
| ၆။ | နိဂုံး ... ... | ၁၁၅ |
| ၇။ | ကျမ်းကိုးစာရင်း ... ... | ၁၁၉ |
| ၈။ | နောက်ဆက်တွဲ – | |
| | (က) အထောက်အထားလက်မှတ်များ၊ ဓာတ်ပုံများ၊ ဇယားများ... ... | ၁၂၇ |
| | (ခ) ဦးချစ်စရာနှင့် ဆက်သွယ်ခဲ့သူများ၏ အတ္ထုပ္ပတ္တိအကျဉ်း ... ... | ၁၅၅ |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ဂ) ဦးချစ်စရာ၏ လက်ရာများ ... | ၁၆၃ |
| | (ဃ) ဦးချစ်စရာအကြောင်း ရေးသားချက်များ ... | ၂၅၃ |
| ၉။ | အညွှန်းများ– | |
| | (က) စာအမည်အညွှန်း ... ... | ၃၁၉ |
| | (ခ) ကဗျာအစချီအညွှန်း ... ... | ၃၂၅ |
| | (ဂ) စာပေပုံစံအညွှန်း ... ... | ၃၃၀ |
| | (ဃ) ကလောင်အမည်ခွဲအညွှန်း ... | ၃၃၇ |

# အခန်း (၁)

## နိဒါန်း

မြန်မာစာပေတွင် တစ်ချိန်က ကျော်ကြားခဲ့သော်လည်း ယခုအခါ တွင် တိမ်မြုပ်နေပြီဖြစ်သော ဦးချစ်စရာ (ခေါ်) သူတိုးပီယ၏ အတ္ထုပ္ပတ္တိ နှင့် စာပေလက်ရာများကို ဖော်ထုတ်လိုသော၊ မှတ်တမ်းတင်လိုသော ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို ပြုစုပါသည်။

ဦးချစ်စရာသည် အသက် (၂၇) နှစ်အရွယ် ပျိုမြစ်နုနယ်စဉ်က ကွယ်လွန်ခဲ့ရသည်။ သူအသက်ထင်ရှားရှိခဲ့စဉ်တိုတောင်းလှသော အချိန် ကာလအတွင်းတွင် စာပေရတနာ အမြောက်အမြားကို ရေးသားပြုစုခဲ့ပါ သည်။ ယခုအချိန်တွင် ဦးချစ်စရာ၏ အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ ခိုင်ခိုင် လုံလုံ ရေးသားချက်များ မတွေ့ရသေးပါ။ သူ့လက်ရာ အတော်များများမှာ လည်း တွေ့မြင်နိုင်ရန် ခဲယဉ်းနေပေသည်။ ထို့ကြောင့် သူ၏ အတ္ထုပ္ပတ္တိကို ရှာဖွေဖော်ထုတ်၍ ပြန့်ကျဲနေသော စာများကို ရှာဖွေစုစည်းကာ ကျမ်း တစ်စောင်တစ်ဖွဲ့ ပြုစုရခြင်း ဖြစ်ပါသည်။

ဦးချစ်စရာ၏ ကွယ်ပျောက်နေသော စာပေလက်ရာများ ရှာဖွေပုံ တင်ပြချက်တွင် ၎င်း၏ ကဗျာလက်ရာများကို စာစုစာရင်းပြုစု၍ တစ်ပုဒ်

ချင်းတွင် ဤကဗျာသည် မည်သူ့ကို ရံယ်ရွယ်ကြောင်း၊ မည်သည်ကို အကြောင်းပြု ရေးသားကြောင်း ဖော်ပြပါသည်။ ပြီးလျှင် ကဗျာတွင် ပါဝင်ဖွဲ့ဆိုထားသည့် အကြောင်းအရာကို တင်ပြပြီး ယေဘုယျဆန်းစစ်ပြထားပါသည်။ သူ့လက်ရာဟုတ်၊ မဟုတ် အငြင်းပွားချက်များကိုလည်း သေချာစွာ လေ့လာ၍ ၎င်း၏လက်ရာ ဟုတ်၊ မဟုတ် တင်ပြထားပါသည်။

ဦးချစ်စရာ၏ ကဗျာစာပေတို့ကို အကြောင်းပြု၍ ဦးချစ်စရာနှင့် ရေးဖော်များ၊ အပေါင်းအသင်းများက ဦးချစ်စရာအပေါ် သူ့လက်ရာများအပေါ် ထင်မြင်ယူဆချက် အသီးသီး ရေးခဲ့ကြသည်။ သူကွယ်လွန်သည့်အတွက် ရေးသားချက်များကိုလည်း တွေ့ရသည်။ အထက်ပါ စာများကို စာရင်းပြုလုပ်၍ ထိုရေးသားချက်များမှတစ်ဆင့် ဦးချစ်စရာ၏ ကဗျာအရည်အသွေးကို အကဲခတ်နိုင်ရန် တင်ပြထားပါသည်။

ဦးချစ်စရာ၏ အတ္ထုပ္ပတ္တိ၊ စာပေလက်ရာများနှင့် ပတ်သက်သော အထောက်အထားလက်မှတ်များ၊ ဓာတ်ပုံများကို နောက်ဆက်တွဲ (က) တွင် ဖော်ပြပါသည်။ ဦးချစ်စရာနှင့် ရင်းနှီးခဲ့သည့် ပုဂ္ဂိုလ်အချို့တို့၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို မည်သို့ပတ်သက် ဆက်နွယ်ခဲ့ကြောင်း သိသာနိုင်ရန် နောက်ဆက်တွဲ (ခ) တွင် ဖော်ပြပါသည်။

နောက်ဆက်တွဲ (ဂ) တွင် ဦးချစ်စရာ၏ စာပေလက်ရာများ၊ နောက်ဆက်တွဲ (ဃ) တွင် သူနှင့် ပတ်သက်၍ အခြားသူများ၏ ရေးသားချက်များကို လေ့လာသူများအတွက် ဖော်ပြပါသည်။

ဤစာတမ်းတွင် ဦးချစ်စရာ၏ အတ္ထုပ္ပတ္တိနှင့် စာပေလက်ရာများကို သုတေသနပြုလုပ်သည့် သဘောမျိုးဖြင့် ဖော်ထုတ်တင်ပြထားပါသည်။ ဤသို့ရှာဖွေတင်ပြရာတွင် ထိုကာလထုတ် အချို့မဂ္ဂဇင်းများ အစုံလိုက်ပြည့်စုံမှု နည်းပါးခြင်း၊ ခုနှစ်အတွဲအမှတ် စသည်တို့ မပါ၍ ခန့်မှန်းရ ခက်ခဲခြင်း၊ အချို့သတင်းစာများတွင် စာမျက်နှာမပြည့်စုံခြင်း စသော အခက်အခဲ



များ တွေ့ရပါသည်။ ထို့ကြောင့် ဤစာတမ်းတွင် ဦးချစ်စရာ၏ အတ္ထုပ္ပတ္တိနှင့် စာပေလက်ရာများနှင့် ပတ်သက်၍ တင်ပြချက်သည် ပြီးပြည့်စုံပြီဟု မခေါ်ဆိုနိုင်ပါကြောင်း ဝန်ခံအပ်ပါသည်။

❑ ❑ ❑ ❑

# အခန်း (၂)

## ဦးချစ်စရာ၏ အတ္ထုပ္ပတ္တိနှင့် အထောက်အထားများ ရှာပုံ

မြန်မာစာပေနယ်တွင် တစ်ချိန်က ကျော်ကြားခဲ့သော ဦးချစ်စရာ (ခေါ်) သတိုးပီယသည် ကဗျာလင်္ကာဆရာတစ်ယောက် ဖြစ်ပါသည်။ ယခုအခါတွင် သူ၏အမည်မှာ တိမ်မြုပ်စပြုနေပြီ ဖြစ်သော်လည်း သူ၏လက်ရာများကို ယနေ့ထိ စာနယ်ဇင်းများတွင် ဖော်ပြခံရဆဲဖြစ်ကြောင်း တွေ့ရသည်။ သတိုးပီယသည် သူ့ခေတ်နှင့်သူထင်ရှားခဲ့ပြီး မေ့ပျောက်ခံရသူတစ်ယောက် မဟုတ်ပေ။

ဦးချစ်စရာ၏ အတ္ထုပ္ပတ္တိကို ရှာဖွေသောအခါ ၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလထုတ် ပညာလောကစာစောင်တွင် ဦးထွန်းစိန်ရေးသော "သတိုးပီယ" ဆောင်းပါးကို တွေ့ရပါသည်။ ၎င်းဆောင်းပါး၏ ကျမ်းကိုးစာရင်းမှ တစ်ဆင့် အထောက်အထားများကို ဆက်၍ရှာပါသည်။

ဒဂုန်နတ်ရှင်ရေးသော "ဒဂုန်နတ်ရှင်၏ ဘဝခရီးစဉ်" စာအုပ်တွင် ဦးချစ်စရာ၏ ဘဝတစ်စိတ်တစ်ဒေသကို တစ်ဆင့်ခံ အထောက်အထား အဖြစ်တွေ့ရပါသည်။ ဦးချစ်စရာနှင့် ပတ်သက်၍ သိလိုသောအကြောင်းများကို ဆရာကြီး ဒဂုန်နတ်ရှင်နှင့် တွေ့ဆုံမေးမြန်းရပါသည်။ "သတိုး

ပီယ" ဆောင်းပါးရေးသူ ဦးထွန်းစိန်ထံ စာရေးမေးမြန်းပြီး ဦးချစ်စရာ၏ ဇနီးဒေါ်ဖွားခင်၊ သမီးဖြစ်သူ ဒေါ်သိန်းလှတို့နှင့် မန္တလေးမြို့တွင်သွားရောက် တွေ့ဆုံခဲ့သည်။ ဒေါ်ဖွားခင်ထံမှ ဦးချစ်စရာ၏ ပညာရေးဆိုင်ရာ အထောက် အထားများ၊ ဓာတ်ပုံများကိုလည်း လက်ခံရရှိခဲ့ပါသည်။

ဦးချစ်စရာသည် ရန်ကုန်မြို့မ တိုင်းရင်းသား အထက်တန်းကျောင်း တွင် ဆရာလုပ်ခဲ့ဖူး၍ မြို့မကျောင်းဆရာဟောင်း ဆရာကြီး ဦးစံထွား ထံလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဦးချစ်စရာ မြို့မကျောင်းတွင် အလုပ် လုပ်စဉ်ကာလအတွင်း အကြောင်းအရာ အချက်အလက်များနှင့် ပတ်သက် ၍ ဆရာကြီး ဦးစံထွားက သူသိရှိသမျှကို ပြောပြပါသည်။ ဆရာကြီး ဦးစံ ထွားက ဆရာမောင်ထင် (ဦးထင်ဖတ်)၊ ဆရာမဒေါ်ခင်ခင်ကြီး (ရန်ကုန် မြို့မတိုင်းရင်းသူ အထက်တန်းကျောင်း ဆရာမဟောင်း) တို့သည် ဦးချစ် စရာ၏ တပည့်ဖြစ်ခဲ့ဖူးသည်ဟု ပြောပါသည်။ ထိုပြောပြချက်အရ ဦးထင်ဖတ်၊ ဒေါ်ခင်ခင်ကြီးတို့ထံလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

တစ်ဖန် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ကက်တလောက်တွင် ရှာရာ သူရေးသားခဲ့သော ကျောင်းသုံးစာအုပ် (၅) အုပ်ကို တွေ့ရပါသည်။ ထို့ပြင် သူ့လက်ရာကဗျာ၊ ဝတ္ထု၊ ဆောင်းပါးပေါင်း (၈၇) ပုဒ်ခန့်ကိုလည်း ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ ဇေယျသတင်းစာတို့တွင် ရှာဖွေတွေ့ရှိပါ သည်။

ဦးချစ်စရာ၏ အတ္ထုပ္ပတ္တိကို ရှာဖွေဖော်ထုတ်ရာတွင် မူလအထောက် အထားများကို အရင်းခံထားပြီး ရေးသားပါသည်။ မူလအထောက်အထား မရရှိမှသာ တစ်ဆင့်ခံ အထောက်အထားကို အခြေခံကာ တင်ပြထားပါ သည်။

ဦးချစ်စရာကို ၁၂၆၁ ခုနှစ်၊ တပို့တွဲလ (၁၉၀၀) ခုတွင် ပျဉ်းမနားမြို့ ရှမ်းဈေးကျောက်တောင်ရပ်နေအိမ်တွင် ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးပန်းဘူး၊



ဒေါ်လှိုင်တို့ဖြစ်သည်။ ဒုတိယမြောက်သားဖြစ်ပြီး မွေးချင်းများကို အစဉ် လိုက်ဖော်ပြရသော် ဒေါ်အေးတင်၊ ဦးချစ်စရာ၊ ဦးပု၊ ဦးစောလှ၊ ဦးထွန်းတင် နှင့် ဒေါ်ချက်တို့ဖြစ်၏။ ယခုအခါတွင် မွေးချင်းများအားလုံး ကွယ်လွန်ကုန် ကြပြီ ဖြစ်ပါသည်။[၁] ဆရာကြီး ဒဂုန်နတ်ရှင်က [၂] သူသည် ၁၂၆၀ ပြည့် နှစ်တော်လတွင် မွေးဖွားပြီး ဦးချစ်စရာက သူ့ထက် နှစ်နှစ်နီးပါးငယ် ကြောင်း ပြောပြပါသည်။

ဦးချစ်စရာသည် ငယ်စဉ်က ပျဉ်းမနားမြို့ဦးဝိသုဒ္ဓကျောင်းတွင် ပညာ သင်ခဲ့သည်။ လူပုံပန်းမှာ အသားလတ်လတ်၊ အရပ်ငါးပေ လေးလက်မခန့် ပိန်ပိန်ပါးပါးဖြစ်သည်။ စကားပြော ဖြတ်သားပြီး နားထောင်ရသူ စိတ်ဝင် စားအောင် စီကာပတ်ကုံးပြောတတ်သည်။ သွားအနည်းငယ် ခေါသဖြင့် စကားပြောလျှင် သွားခေါသံလေးပါသည်။ ဘာလုပ်လုပ် ဖွဲ့ကောင်းသည်။ အဆို အက အလွန်ဝါသနာပါသည်။ သီချင်းဆိုကောင်းပြီး အရပ်ထဲတွင် ပွဲရှိသည့်အခါ မင်းသမီးလို ကတတ်လေသည်။ ဒဂုန်နတ်ရှင် (ခေါ်) ဦး မောင်မောင်ကြီးသည် ထိုစဉ်က ပျဉ်းမနားမြို့အမျိုးသားကျောင်း၌ ကျောင်း အုပ်ဆရာကြီးအဖြစ် ဆောင်ရွက်သည်။ သူ၏ ညီအငယ်ဆုံး မောင်ဘ သော်နှင့် ဦးချစ်စရာသည် ကစားဖော် သူငယ်ချင်းများ ဖြစ်ပေသည်။ ကျောင်းနေစဉ်က ဒဂုန်နတ်ရှင်၏အိမ်တွင်ပင် အတူနေ အတူစား၍ ညီအစ် ကိုအရင်းတမျှ ချစ်ခင်ကြပေသည်။ အားလပ်ချိန်များတွင် ဒဂုန်နတ်ရှင်က စောင်းတီး၍ ဦးချစ်စရာက သီချင်းဆိုလေ့ရှိကြောင်း [၃] ဆရာကြီးဒဂုန် နတ်ရှင်က ပြောပြပါသည်။

---

၁။ ၂၂–၄–၈၅ နေ့တွင် ဒေါ်ဖွားခင် ပြောပြချက်။

၂။ ၁၆–၁၂–၈၄ နေ့တွင် ဒဂုန်နတ်ရှင် ပြောပြချက်။

၃။ ၁၆–၁၂–၈၄ နေ့တွင် ဒဂုန်နတ်ရှင် ပြောပြချက်။

ဦးချစ်စရာသည် ဖျဉ်းမနားမြို့ ဦးသိန်းယမ်ကျောင်းမှ ၁၉၁၈ ခု၊ ဖေဖော်ဝါရီလတွင် ကျင်းပသည့် ခုနစ်တန်းစာမေးပွဲ အောင်မြင်ခဲ့ကြောင်းကို ၁၉၁၈ ခု၊ ဇွန်လ ၂၆ ရက်နေ့စွဲပါ **INDIGENOUS SCHOOL SEVENTH STANDARD CERTIFICATE** အရ သိရပါသည်။

ထို့နောက် မန္တလေးမြို့ ရွှေကျိုးမြင့်ဘုရားအနီးတွင် ဖွင့်လှစ်သော နော်မန်ကျောင်း၌ ဆက်၍ပညာသင်ခဲ့သည်။ ထိုကျောင်းမှ ၁၉၁၉ ခု၊ မတ်လတွင် ကျင်းပသော မြန်မာဘာသာရှစ်တန်းစာမေးပွဲကို တတိယဆင့်မှ အောင်မြင်ကြောင်း၊ ၁၉၁၉ ခု၊ ဩဂုတ် ၅ ရက်နေ့စွဲပါ **VERNACULAR HIGH SCHOOL CERTIFICATE** ကို တွေ့ရပါသည်။

၁၉၂၀ ခုတွင် ကိုးတန်း၌ ဆက်လက်ပညာသင်ကြားခဲ့သည်။ နော်မန်ကျောင်းတွင် ကိုဘရှိန် (မဟာဆွေ) နှင့် အရင်းနှီးဆုံးသူငယ်ချင်း ဖြစ်ခဲ့သည်။ [1] "မဟာဆွေ၏ မဟာဆွေ" စာအုပ်၌ ၁၉၂၀ ခု၊ ဇူလိုင်လ ၇ ရက်နေ့သည် ဘဆွေနော်မန်ကျောင်းသို့ ရောက်သောနေ့ဖြစ်၏။ ၉ တန်းတွင် ဝင်ရောက်ရခြင်းဖြစ်သည်ဟု ရေးထားပါသည်။ ၁၉၂၀ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့စွဲပါ **VERNACULAR HIGH SCHOOL CERTIFICATE** အရ ဦးချစ်စရာသည် ၁၉၂၀ ခု၊ မတ်လတွင် နော်မန်ကျောင်းမှ စစ်ဆေးသော ကိုးတန်းစာမေးပွဲကို သမိုင်းဂုဏ်ထူးနှင့် အောင်မြင်ခဲ့ကြောင်း သိရပါသည်။

ထို့နောက် မန္တလေးနော်မန်ကျောင်း၌ပင် အလယ်တန်းဆရာဖြစ်သင်တန်းကို ဆက်၍တက်ခဲ့သည်။ ထိုစဉ်က နော်မန်ကျောင်းအုပ်ကြီးမှာ မစ္စတာ မူလာဝသ် ဖြစ်ပါသည်။ ကျောင်းတွင် အင်္ဂလိပ်နှင့် မြန်မာ **Anglo Vernacular** ဆရာဖြစ်သင်သူ၊ မြန်မာစာ **Vernacular** ဆရာဖြစ် သင်သူဟူ၍ရှိ၏။ ဆရာဖြစ်သင်သူ ယောက်ျားကလေးတိုင်းသည် ကျောင်းအိပ်ကျောင်းစား နေကြရ၏။ အချို့အင်္ဂလိပ်စာသင်သော လေးတန်း၊ ငါးတန်း၊

၁။ ၂၃-၄-၈၅ နေ့တွင် ဒေါ်ဖွားခင် ပြောပြချက်။



ခြောက်တန်း၊ ခုနစ်တန်းကသူများမှာလည်း ကျောင်းအိပ်ကျောင်းစားနေကြရ၏။

ဦးချစ်စရာသည် နော်မန်ကျောင်းတွင် နေစဉ်ကပင် ကဗျာလင်္ကာများကို ရေးစပ်ခဲ့သည်။ သူခင်မင်ရာ နော်မန်ကျောင်းသားတို့၏ သဘာဝကို နော်မန်ဘွဲ့ဆောင်းပါးဖြင့် မှတ်တမ်းစာအုပ်ငယ်လေးအတွင်းတွင် ရေးခြစ်စပ်ဆိုခဲ့ကြောင်း၊ ထိုဆောင်းပါးတိုလေး၏အောက်တွင် မေလ ၂၉ ရက်၊ ၁၉၂၀ ခုဟု ရက်စွဲ ရေးထိုးထားကြောင်း တွေ့ရပါသည်။ [1]

ဦးချစ်စရာသည် ၁၉၂၁ ခုတွင် မန္တလေးနော်မန်ကျောင်းမှ အလယ်တန်းဆရာဖြစ်သင် အောင်မြင်ခဲ့သည်။ ၎င်းကို မူလအထောက်အထားဖြစ်သည့် ၁၉၂၁ ခု၊ ဧပြီလ ၅ ရက်နေ့စွဲပါ **TEACHER'S FINAL CERTIFICATE** အရသိရပါသည်။

၁၉၂၁ ခုနှစ်ထဲတွင် ကရင်နီပြည် (ယခု ကယားပြည်) ဘော်လခဲသို့ ကျောင်းဆရာအဖြစ် သွားရောက်လုပ်ကိုင်သည်။ ဘော်လခဲတွင် နေ့စဉ်အားလပ်ချိန်၌ စာဟောင်းပေဟောင်းများကို အထူးစုဆောင်းသည်။ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံများကို ဝါသနာအလျောက် လေ့လာဆည်းပူးသည်။ မိမိကြားသိသမျှ ဒေသန္တရဗဟုသုတများကို ရင်းနှီးသူစာပေမိတ်ဆွေများထံ ဆက်သွယ်ဖြန့်ဖြူးခဲ့သည်။ ၎င်းနောက် လယ်ဝေးမြို့သို့ပြောင်းရွှေ့ပြီး ဆရာဦးငွေမောင်၏ကျောင်းတွင် လက်ထောက်ဆရာအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ထိုအတောအတွင်း ဆရာဖြစ်သင်တက်စဉ်က မေတ္တာမျှခဲ့သူ ဒေါ်ဖွားခင်နှင့်လည်း စာအဆက်အသွယ် မပြတ်ခဲ့ပေ။ ဦးချစ်စရာသည် ၁၉၂၁ ခုနှစ်တွင် အထက်ပါဒေသများ၌ တာဝန်ထမ်းဆောင်ခဲ့ကြောင်း အထောက်အထား မတွေ့ရပါ။ ဒေါ်ဖွားခင်၏ ပြောပြချက် [2] အရသာ မှတ်သားရပါသည်။

၁။ ၂၉ ရက်မေ၊ ၁၉၂၀ နေ့စွဲပါ ဦးချစ်စရာ၏ လက်ရေးမူအရ။
၂။ ၂၃-၄-၈၅ နေ့တွင် ဒေါ်ဖွားခင်ပြောပြချက်။

၁၉၂၂ ခုနှစ်တွင် ဒေါ်ဖွားခင်ရှိရာ မိုးကုတ်မြို့သို့ လိုက်သွားပါသည်။ ဦးချစ်စရာသည် မိုးကုတ်မြို့တွင် သူငယ်ချင်းတစ်ဦး၏ အိမ်မှာတည်း၍ ဒေါ်ဖွားခင်နှင့် ဆက်သွယ်ခဲ့သည်။ ဒေါ်ဖွားခင်၏ မိဘများထံ လက်ထပ်ရန် ဆွေးနွေးကြသည်။ ဒေါ်ဖွားခင်၏ မိဘများမှာ ရှမ်းလူမျိုးများဖြစ်သည်။ ဦးချစ်စရာမှာ မြန်မာလူမျိုးဖြစ်၍ ဒေါ်ဖွားခင်၏ဖခင်က မပေးစားလိုပေ။ နောက်ဆုံး နှစ်ဦးသဘောတူ လက်ထပ်ခဲ့သည်။ ဒေါ်ဖွားခင်၏ အဘွားဖြစ်သူမှာ မနေသာတော့ဘဲ သူတို့နှစ်ဦးကိုခေါ်ယူ လက်ခံထားခဲ့သည်။ ဖခင်ကြီးမှာလည်း ကျေနပ်လိုက်လျောလိုက်ရတော့သည်။ ထိုနှစ်တွင်ပင် မိုးကုတ်မြို့ ပိတ်စွယ်ရပ် မူလတန်းကျောင်းအုပ်ဆရာကြီးအလုပ် ရလေသည်။ [၁]

"ဒဂုန်နတ်ရှင်၏ ဘဝခရီးစဉ်" စာအုပ်တွင် ဦးချစ်စရာသည် မိုးကုတ်မြို့အရှေ့ဘက် တစ်မိုင်ခရီးမျှဝေးသော တောင်ခြေရှိ ပိတ်စွယ်ရပ်၌ အစိုးရ အလယ်တန်းကျောင်းအုပ်ဆရာကြီး လုပ်ခဲ့ကြောင်း ရေးထားပါသည်။ ဒေါ်ဖွားခင်၏ ပြောပြချက်အရ မူလတန်းကျောင်းအုပ်ဆရာကြီးဖြစ်ကြောင်း သိရပါသည်။

မိုးကုတ်တွင်နေစဉ် ဒဂုန်နတ်ရှင်အား သူထံသို့လာရန် စာရေးဖိတ်ခေါ်ခဲ့ပါသည်။ သူတို့နှစ်ဦးသည် ငယ်စဉ်ကပင် နှစ်ကိုယ့်တစ်စိတ်သဖွယ် ချစ်ခင်ခဲ့ကြသူများဖြစ်၍ စာဖြင့်မပြတ် ဆက်သွယ်နေခဲ့သည်။ သီဟိုဠ်ဘုရင် "တိဿ" နှင့် အိန္ဒိယဘုရင် "အာသောက" တို့ချစ်ခင်ကြသည်မှာ သူတို့လိုပင် ဖြစ်မည်ထင်ကြောင်း ဦးချစ်စရာက ဒဂုန်နတ်ရှင်ထံ စာရေးသည်။ ထိုအတွင်း မြန်မာစာပေဟောင်းများ သမိုင်းရာဇဝင်များနှင့် ထူးဆန်းသော သယံဇာတများ၊ သစ်ပင်များကို တွေ့ရှိထားကြောင်း၊ အချိန်ရပါလျှင် ကိုယ်တိုင်လည်းပတ်စေလိုကြောင်း ဒဂုန်နတ်ရှင်ထံ အကြောင်းကြားသည်။

၁။ ၂၃-၄-၈၅ နေ့တွင် ဒေါ်ဖွားခင် ပြောပြချက်။



၁၉၂၂ ခု၊ မေလ ၁၁ ရက်တွင် ဒဂုန်နတ်ရှင်သည် မိုးကုတ်မြို့သို့ အလယ်ရောက်ခဲ့သည်။ မိုးကုတ်တွင်ရှိစဉ် ကျောင်းပိတ်ရက်အတွင်း မနက်ဘက် လက်ဖက်ရည်ကြမ်းသောက်၍ တောင်ခြေဘက်ကို လမ်းလျှောက်ကြသည်။ ညရောက်ပြန်တော့လည်း တခ်ဏုပ္ပတ္တိညာဏ်ဖြင့် ကဗျာစပ်ကြသည်။ ပျဉ်းမနားသို့ ဒဂုန်နတ်ရှင် ပြန်ရောက်သည့်အခါတွင် သူတို့နှစ်ဦး မိုးကုတ်တွင် လျှောက်လည်ခဲ့ရသည်ကို သတိရအောက်မေ့ကြောင်း ဦးချစ်စရာထံ စာရေးလိုက်သည်။ [၁] စာထဲတွင် "ရွှေမိုးရယ်ညို၊ ဘယ်ကိုမှ မောင်မလွမ်း၊ ဝင်းထရုံကြက်ခြေခတ်ကယ်နဲ့၊ ရွှေကုတ်သူနေတဲ့ရပ်ကို ကန့်သတ်လို့လွမ်း" ဆိုသော ကဗျာလေးကိုပါ ရေးပေးလိုက်ပါသည်။ [၂]

ထိုအတောအတွင်း ဦးချစ်စရာသည် ချစ်စရာ - ပျဉ်းမနား၊ သတိုးပီယ၊ ပျဉ်းမနားက နင်းပြားအမည်များနှင့် ကဗျာလင်္ကာများရေးကာ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ခဲ့ပါသည်။ ၁၉၂၃ ခု၊ မေလမှစ၍ ဦးချစ်စရာ၏ လက်ရာများကို ဒဂုန်မဂ္ဂဇင်းတွင် တွေ့ရပါသည်။

၁၉၂၄ ခုတွင် မိုးကုတ်မှ အလုပ်ထွက်၍ ပျဉ်းမနားသို့ မိသားစုပြောင်းရွှေ့ခဲ့သည်။ ထို့နောက် ပျဉ်းမနားမြို့ အစိုးရအထောက်အပံ့ခံ အမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းဆိုင်ရာ မြန်မာစာဆရာအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းကို ဖော်ပြပါကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဘသန်းထုတ်ပေးသည့် ၁၉၂၄ ခု၊ မတ်လ ၁၅ ရက်နေ့စွဲပါ သက်သေခံလက်မှတ်အရ သိရပါသည်။

၎င်းအထောက်အထားလက်မှတ်၌ ဦးချစ်စရာသည် မန္တလေးမြို့ ပဟိုဠ်စည်သတင်းစာတွင် အယ်ဒီတာလုပ်ခဲ့ဖူးကြောင်း ပါရှိပါသည်။ ဆရာကြီး ဒဂုန်နတ်ရှင်ထံ မေးမြန်းကြည့်ရာ ဦးချစ်စရာသည် မန္တလေးမြို့ဦးဘဦး

၁။ ၂၂-၁၂-၈၄ နေ့တွင် ဒဂုန်နတ်ရှင်ပြောပြချက်။

၂။ ၄-၇-၈၅ နေ့တွင် ဒဂုန်နတ်ရှင်ပြောပြချက်။

အယ်ဒီတာချုပ်လုပ်သော ပဟိုရ်စည်သတင်းစာတိုက်တွင် ခေတ္တမျှလုပ်ခဲ့ဖူးကြောင်း၊ မည်သည့်အချိန်ကာလဖြစ်သည်ကို မမှတ်မိကြောင်း [၁] ပြောပြပါသည်။

၁၉၂၄ ခုတွင် ပျဉ်းမနားမြို့ ကေအီးအမ်ဗုဒ္ဓဘာသာ အထက်တန်းကျောင်း [၂] တွင် ပုံဆွဲဆရာအဖြစ် ဆက်လက်အမှုထမ်းခဲ့သည်။ ၎င်းကို ၁၉၂၅ ခု၊ မတ်လ ၁၈ ရက်နေ့စွဲပါ အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဘချစ်ထုတ်ပေးသော သက်သေခံလက်မှတ်အရ သိရပါသည်။

ထိုကျောင်းတွင် တာဝန်ထမ်းဆောင်စဉ် ဦးချစ်စရာသည် အင်္ဂလိပ်မြန်မာနှစ်ဘာသာသင် အထက်တန်းကျောင်းသားအတွက် "မြန်မာစာညွှန်ပေါင်းကျမ်းဋီကာ" ကို ရေးသားခဲ့သည်။ ၎င်းစာအုပ်၏ အတွင်းမျက်နှာဖုံးတွင် ပျဉ်းမနားမြို့ ဗုဒ္ဓဘာသာအထက်တန်းကျောင်း ပုံဆွဲဆရာဟု ဖော်ပြထားပါသည်။

ဦးချစ်စရာသည် ထိုစဉ်က ဆရာကြီး ဒဂုန်နတ်ရှင် ဖွင့်လှစ်သော ညနေပိုင်း ကဗျာသင်တန်းတွင် တက်ရောက်ခဲ့ပါသည်။ သင်တန်းသားထဲတွင် ဆရာစိန်မောင်၊ ဆရာသုခနှင့် မိတ္ထီလာသား ဆရာစံမြတို့ ပါဝင်ပါသည်။ သင်တန်းသားများမှာ နဂိုရ်ခံစာပေနှင့် ကဗျာအတိုအထွာများကို ရေးတတ်သူများ ဖြစ်သည်။ သို့ဖြစ်၍ သင်တန်းတွင် အမေးအဖြေ့းထုခြင်း၊ အစမ်းအသပ်များခြင်း၊ စာဒကတက်ခြင်းစသော လုပ်ငန်းကလေးများဖြင့် အတော်ပင်စည်ကားလေသည်။ သင်တန်းအဖွဲ့ဝင်များမှာ ပညာဗဟုသုတကို အထူးလေ့လာနေကြသူများ ဖြစ်သည်။ အချို့က သဒ္ဒါ၊ သင်္ဂြိုဟ်နှင့် ပါဠိကို ကောင်းစွာနိုင်သည်။ အချို့က ရာဇဝင်အမျိုးမျိုး၊ အချို့က နက္ခတ်ဗေဒင်ကို ကျွမ်းကျင်ကြသည်။

---

[၁]။ ၂၂-၁၂-၈၄ နေ့တွင် ဒဂုန်နတ်ရှင်ပြောပြချက်။

[၂]။ **King Edward Memorial Buddhist High School.**



ထို့ကြောင့်ပင် ထိုသင်တန်းကို အဖွဲ့ဝင်သင်တန်းသားများ ရက်မပျက်အောင် အထူးဂရုစိုက်တတ်ကြသည်။ သင်တန်းသားထဲတွင် ဦးချစ်စရာပါဝင်သဖြင့် အထူးပင် ပျော်ရွှင်ကြရသည်။ ဦးချစ်စရာသည် အပေါင်းအသင်း ခင်မင်တတ်သည်။ တယောကိုဆို ထိုးနိုင်သည်။ သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယားတို့ကို အဆိုပိုင်နိုင်လှသဖြင့် သီချင်းဆိုနည်းစည်းဝါးအကြောင်းကို သူ့ထံမှ သင်ယူကြကြောင်း [၁] ဆရာကြီး ဒဂုန်နတ်ရှင် ပြောပြ၍ သိရပါသည်။

မြန်မာစာပေဘက်တွင် ထိုမျှစိတ်ဝင်စားစွာ လိုက်စားလာရခြင်းကို အနည်းငယ်ပြောလိုပါသည်။ ၁၉၁၀ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်ထိ ကောလိပ်သပိတ်မတိုင်မီကာလသည် ကျောင်းသင်မြန်မာစာအဆင့်အတန်း နိမ့်ကျနေချိန်ဖြစ်သည်။ ဗြိတိသျှအစိုးရက အင်္ဂလိပ်စကား၊ အင်္ဂလိပ်စာပေလိုက်စားရန် အားပေးသည်။ အားပေးသည်နှင့်အမျှ ကျောင်းများတွင် အင်္ဂလိပ်စာကြီးစိုးပါသည်။ အပြင်အပတွင်လည်း ထို့အတူပင် ဖြစ်ပါသည်။ မြန်မာသတင်းစာများ၌ နေ့စွဲထည့်ရာတွင် မြန်မာရက်စွဲ မပါဘဲ အင်္ဂလိပ်ရက်စွဲသာပါသည်။ ထိုသို့ အင်္ဂလိပ်စာပေထွန်းကား၍ မြန်မာစာပေ မှုန်မှိန်နေချိန်တွင် နိုင်ငံရေးနိုးကြား ထကြွလာပြီး ဝံသာနုလှုပ်ရှားမှု ဖြစ်လာပါသည်။ ဤဝံသာနုခေတ်နှင့် အတူတူပင် မြန်မာစာပေလေ့လာလိုသောစိတ်၊ မြန်မာစာပေကို အားပေးလိုသောစိတ်များလည်း ပေါ်ပေါက်လာပါသည်။

ထိုအချိန်က မြန်မာစာပေအရေးအသားသည် ကဗျာလင်္ကာ၊ တေးထပ်၊ ဒွေးချိုး၊ လေးချိုးစသည်တို့ကိုသာလျှင် ပိုမိုအားသန်ကြသောကြောင့် ကဗျာခေတ်ဟု ခေါ်တွင်ခဲ့ကြသည်။ စာအုပ်စာတမ်းသစ်များပေါ်ပေါက်လာသည်မှာ များသောအားဖြင့် ကဗျာနှင့် စပ်လျဉ်းသော

---

[၁]။ ၂၂-၁၂-၈၄ နေ့တွင် ဒဂုန်နတ်ရှင်ပြောပြချက်။

စာအုပ်များ၊ ရှေးဟောင်းကဗျာများ၊ ရှေးဟောင်းစာပေများ ဖြစ်ပါသည်။ ထိုသို့ကဗျာခေတ်စားနေချိန်တွင် ရန်ကုန်မြို့ရှိ မြန်မာပိုင် မြန်မာအဆွေကုမ္ပဏီမှကြီးမှူး၍ ဒဂုန်မဂ္ဂဇင်းကြီးတစ်စောင် ထုတ်ဝေတော့မည်ဟု ကြေညာလိုက်သည်။ တစ်နိုင်ငံလုံးရှိ ကဗျာဝါသနာရှင်တို့မှာ လွန်စွာဝမ်းသာကြသည်။ ထိုအခါက ရန်ကုန်မှ နာမည်ကျော်မဂ္ဂဇင်းများမှာ ပညာ့အလင်းမဂ္ဂဇင်း၊ မြန်မာ့အလင်းမဂ္ဂဇင်း၊ လောကသာရမဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းများ ဖြစ်ကြသည်။

ဒဂုန်မဂ္ဂဇင်းမှာ အထူးကျော်ကြားသော မဂ္ဂဇင်းဖြစ်ပါသည်။ ဦးချစ်စရာသည် ဒဂုန်မဂ္ဂဇင်းသို့ ကဗျာလင်္ကာများ အများဆုံးရေးသားပေးပို့ခဲ့သဖြင့် ဒဂုန်မဂ္ဂဇင်းအကြောင်းကို အနည်းငယ်ဆိုချင်ပါသည်။ ဒဂုန်မဂ္ဂဇင်းသည် ၁၉၂၀ ခု၊ စက်တင်ဘာလမှ စတင်ထွက်ပေါ် လာသည်။ ကဗျာများကို အထူးအသားပေး ဖော်ပြသည်။ ကဗျာရှင်အချင်းချင်းတို့သည် တစ်ဦးနှင့်တစ်ဦးမမြင်ဖူး၊ မတွေ့ဖူးကြသော်လည်း ဒဂုန်ကဗျာခန်းတွင် ကဗျာချင်းဆုံမိကြ၍ ရင်းနှီးချစ်ခင်ကြပါသည်။ မကြာခဏ ကော်လုံး၊ ခတ်လုံး၊ ထေ့လုံးတို့ဖြင့် ကလောင်နှင့် အချင်းချင်းစနောက်ကြသည်။ သို့သော် စိတ်ဆိုးခြင်း၊ စိတ်ခုခြင်း မရှိကြပါ။ တစ်ခါတစ်ရံ ကဗျာရေးဖက် တစ်ဦးတစ်ယောက် အနိစ္စရောက်ကြောင်းကို ကြားသိရလျှင် ကဗျာအမျိုးမျိုးတို့ဖြင့် ဝမ်းနည်းကြောင်း မှတ်တမ်းတင်လေ့ ရှိပါသည်။ ထိုသို့ မှတ်တမ်းတင်ကဗျာများမှာ ဒဂုန်မဂ္ဂဇင်းနှင့်တကွ အခြားမဂ္ဂဇင်းသတင်းစာများတွင်လည်း အနှံ့အပြားထည့်သွင်းလေ့ရှိကြပါသည်။

ယခင်က ဒဂုန်မဂ္ဂဇင်းတွင် မြန်မာကဗျာလင်္ကာခန်းဟူ၍ တသီးတဖွဲ့ မရှိပါ။ တစ်ခါတစ်ရံ ပေးပို့ကြသော ကဗျာများကို အခြားအခန်းများကြားမှညှပ်၍ ဖော်ပြခဲ့သည်။ ထို့နောက်မှ ဆရာဇေယျက နမူနာပြအဖြစ် တစ်ပုဒ်နှစ်ပုဒ်မျှ ရေးသားသည်။ လုပ်ဖော်ကိုင်ဖက် စာရေးဆရာကြီး



ဦးရွှေသဇင်ကပါ ကူညီရေးသားပြီး ပထမအကြိမ်ကဗျာခန်းတစ်ခန်း သတ်သတ်ဖွင့်ပေးခဲ့သည်။ ၁၉၂၃ ခု၊ မေလမှစ၍ ကဗျာခန်းတွေ့ရသည်။ ထိုသို့ ပထမစတင်ဖွင့်လှစ်ပေးလိုက်လျှင် အပြင်ကဝါသနာပါသူများလည်း တစ်ခါတည်း လိုက်လာကြသည်။ ပထမအပြင်က အကူရသော တေးထပ်နှင့် လေးချိုးတစ်ပုဒ်မှာ ဦးချစ်စရာထံက ဖြစ်ပေသည်။

ထိုစဉ်က ဒဂုန်မဂ္ဂဇင်း အယ်ဒီတာမှာ ဆရာဇေယျဖြစ်သည်။ ဆရာဇေယျက တတ်အားသမျှ ကူညီရန် ဦးချစ်စရာထံကဗျာအကြောင်းနှင့် ပတ်သက်၍ စာတစ်စောင်ပေးဖူးလေသည်။ ထိုအခါကစ၍ ဆရာဇေယျနှင့် ဦးချစ်စရာသည် လူချင်းမတွေ့ရသေးဘဲ မိတ်ဆွေကြီးများအဖြစ်ရောက်ခဲ့ကြပေသည်။ ထို့နောက်လည်း ဦးချစ်စရာသည် လစဉ်မပြတ်လိုလိုပင် ကဗျာလင်္ကာအမျိုးမျိုးတို့ကို ပေးပို့ခဲ့လေသည်။ သို့သော် နှစ်နှစ်တိုင်တိုင် လူချင်းမတွေ့ရဘဲ စာဖြင့်သာ ရင်းနှီးဆက်သွယ်နေကြသည်။ ၁၉၂၄ ခုနှစ်လောက်တွင် ရန်ကုန်သို့ ကိစ္စတစ်ခုဖြင့် ဆင်းလာသည်တွင် ဆရာဇေယျထံဝင်လာ၍ လူချင်းတွေ့မြင်ကြကြောင်း [၁] ဆရာဇေယျ ရေးသားဖူးသည့် ဆောင်းပါးကို တွေ့ရပါသည်။

ဒဂုန်မဂ္ဂဇင်း၏ ဒဂုန်ကဝိပေါင်းချုပ်၊ ကဗျာညွန့်ပေါင်းအခန်းများတွင် ဦးချစ်စရာသည် ချစ်စရာ – ပျဉ်းမနား၊ သတိုးပီယ၊ ပျဉ်းမနားက နှင်းပြားဟူသော ကလောင်အမည်များဖြင့် ရေးသားခဲ့သည်။ ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ရှစ်ဆယ်ပေါ၊ မဟာလေးချိုးကြီး၊ ရတုစသည့် ကဗျာအမျိုးမျိုးကို တွေ့ရသည်။ တစ်ခါတစ်ရံ သတိုးပီယ၏ ကဗျာများ၊ ပျဉ်းမနားက နှင်းပြား၏ ကဗျာများဟူ၍ ကဗျာခန်းသီးသန့်ဖော်ပြပေးကြောင်းကိုလည်း ဒဂုန်မဂ္ဂဇင်းတွင် တွေ့ရပါသည်။

---

၁။ ဇေယျ "ကွယ်လွန်သူ ကိုချစ်စရာ" ဗြိတိသျှဘားမားမဂ္ဂဇင်း နံပါတ် ၉ (စက်တင်ဘာလ ၁၉၂၇) စာ ၇၃။

ဦးမောင်မောင်ကြီး – ပျဉ်းမနား၊ ကေအီးအမ် သန်းသန်း – ပျဉ်းမနား၊ ရေနံချောင်း ရှင်သန်းမေတို့သည် ထိုစဉ်က ဦးချစ်စရာ၏ ကဗျာရေးဖော်များ ဖြစ်ပါသည်။ ဦးမောင်မောင်ကြီး – ပျဉ်းမနားမှာ ဒဂုန်နတ်ရှင် ဖြစ်ပါသည်။ ထိုစဉ်က ဒဂုန်မဂ္ဂဇင်း အယ်ဒီတာဘဝသို့ မရောက်သေး။ ဒဂုန်နတ်ရှင်ဟူသော အမည်ကိုလည်း မယူခဲ့သေးပေ။ ဝတ္ထုကို မန်းကြည် အမည်ဖြင့်လည်းကောင်း၊ ကဗျာကို ဦးမောင်မောင်ကြီး – ပျဉ်းမနား အမည်ဖြင့်လည်းကောင်း၊ ဒဂုန်မဂ္ဂဇင်း ယုဝတီစက္ကူခန်းတွင် ယုဝတီ စုစုအမည်ဖြင့်လည်းကောင်း ရေးသည်။ ရုပ်ကြီးစင်ဆရာ မစ္စတာပါနောက် အမည်တစ်ခုလည်းရှိသေးသည်။

ကေအီးအမ် သန်းသန်းဆိုသူမှာ ကွယ်လွန်သူဗေဒင်ပညာရှိ ပျဉ်းမနားဦးသန်းမောင်ဖြစ်သည်။ ပျဉ်းမနားသောင်းမေ၊ မစ္စတာ သန်းမောင် စသည်တို့မှာလည်း ဦးသန်းမောင်၏ ကလောင်အမည်များဖြစ်သည်။ ထိုစဉ်က ယင်းကလောင်အမည်များနှင့် ယင်း၏ကဗျာများမှာ ထိတ်ထိတ်ကြဲ စာရင်းဝင်များ ဖြစ်ခဲ့သည်။ “ရွှေသရဖီသဇင်ဒန်းပန်းပုရစ် ကေအီးအမ် သန်းသန်းအစစ်” ဟူသောကလောင်အမည်များဖြင့် ဝင့်ကြွားခဲ့သူ ဖြစ်သည်။

ရေနံချောင်း ရှင်သန်းမေမှာ ဒဂုန်မဂ္ဂဇင်းကြီးတွင် စာတည်းဖြစ်လာသူ ဦးဘသန်းပင်ဖြစ်ပါသည်။ ထိုစဉ်က ရှင်သန်းမေမှာ မန္တလေးမြို့တွင် ရဟန်းဝတ်နှင့်ဖြစ်သည်။ စာနုစာယဉ်များ ရေးရာတွင် အထူးကျော်ကြားသည်။ ထို့မျှမက အပြောင်အနောက် အဆဲအဆိုများရေးရာတွင်လည်း လွန်စွာထိမိသူ ဖြစ်သည်။

မစ္စတာ ပီအမ်ကေ (ဦးပါမောက္ခလူထွက် ကဝိမျက်မှန်နှင့် ကဝိတံခွန် အယ်ဒီတာ ဆရာသန်း) နှင့် ဘိုးပြန်တောင်ပျော် ဖေသူတော်ကလေး (သရက်တောတိုက် မှန်ကင်းကျောင်းမှ ရဟန်းတစ်ပါး) တို့သည်လည်း



ဦးချစ်စရာနှင့်ကဗျာရေးဖက်များ ဖြစ်ခဲ့ကြသည်။ ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းကဗျာခန်းတို့တွင် ဦးချစ်စရာ၏တပည့်များ ဖြစ်ကြသော စိန်မြ – ညောင်လေးပင်၊ နေရှင်နယ် မောင်သန်းညွန့်၊ စိုးတင်လှိုင် (ကညွတ်ကွင်း)၊ ရွှေတောင်သင်၊ ဝဇီရာ၊ မဏိ စတု၊ ဗောဓိ၊ နာဂရစသူတို့၏ ကဗျာများကိုလည်း ဝေဝေဆာဆာ တွေ့ရပါသည်။

ဦးချစ်စရာသည် မြန်မာ့ဝန်ထမ်း၊ မော်ဒန်ဘားမားတိုင်းသတင်းစာတို့တွင် “ချစ်ချစ်” အမည်ဖြင့်ရေးကြောင်း၊ မြန်မာ့အလင်းမဂ္ဂဇင်းတွင်လည်း ရေးသားကြောင်း သိရပါသည်။[၁] ထိုခုနှစ်ထုတ် မြန်မာ့အလင်းမဂ္ဂဇင်းနှင့် သတင်းစာများကို ရှာမရသဖြင့် အထက်ပါအထောက်အထားများကို မတွေ့ရပါ။

၁၉၂၅ ခုနှစ်လောက်မှစ၍ သူရိယမဂ္ဂဇင်းတွင် ဦးချစ်စရာ၏ ကဗျာများကို တွေ့ရသည်။ ဒဂုန်မဂ္ဂဇင်းတွင်လည်း လစဉ်လိုလိုပင် သူ၏ကဗျာများကို တွေ့ရသည်။ ဦးချစ်စရာသည် သခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးကို မီအောင်ရေးနိုင်သူဟု ထင်ပေါ်လာတော့သည်။[၂]

ထိုအတောအတွင်း ရန်ကုန်မြို့မတိုင်းရင်းသားအထက်တန်းကျောင်းတွင် အထက်တန်းကဗျာဆရာနေရာ လစ်လပ်ကြောင်း သိရ၍ လျှောက်ထားခဲ့သည်။ ကျောင်းအုပ်ဆရာကြီး ဦးဘလွင်က ဦးချစ်စရာ၏ အရည်အသွေးကို သိပြီးဖြစ်၍ အမြန်ဆုံးအလုပ်ဝင်ရန် ကြေးနန်းဖြင့် အကြောင်းကြားခဲ့သည်။ ၎င်းကို ၁၃–၅–၁၉၂၅ ခုနေ့စွဲပါ ယင်းကြေးနန်းစာအရ သိရပါသည်။

၁၉၂၅ ခု၊ မေလတွင် ဦးချစ်စရာနှင့် မိသားစုသည် ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့သည်။ ပုဇွန်တောင် ဘလုတ်မြေရပ်ကွက်၌ နေထိုင်ကာ ရန်ကုန်မြို့မ

၁။ ၂၂–၄–၈၅ နေ့တွင် ဒေါ်ဖွားခင်ပြောပြချက်။
၂။ ၁၀–၅–၈၅ နေ့တွင် ဦးထင်ဖတ်ပြောပြချက်။

တိုင်းရင်းသား အထက်တန်းကျောင်းတွင် အထက်တန်းကဗျာနှင့် ရာဇဝင်ဆရာအဖြစ် အလုပ်ဝင်ခဲ့ပါသည်။[၁]

ဦးချစ်စရာသည် ၁၉၂၅ ခုနှစ်တွင် ကိုးခန်းပျို့မှတ်စုကို ရေးသားခဲ့သည်။ ကိုးခန်းပျို့မှတ်စုစာအုပ်မျက်နှာဖုံးတွင် ရန်ကုန်မြို့မတိုင်းရင်းသား အထက်တန်းကျောင်း၌ အထက်တန်းဆိုင်ရာ မြန်မာကဗျာလင်္ကာနှင့် ရာဇဝင်ဆရာလုပ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ ၂၁–၈–၇၁ နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် မြို့မဆရာဟိန်ရေးသော "ဦးရာကျော်နှင့် သတိုးပီယ" ဆောင်းပါး၌ ဦးချစ်စရာသည် ၁၂၈၇–၈၈ ခုနှစ်တွင် မြို့မအမျိုးသားအထက်တန်းကျောင်း၌ အထက်တန်းမြန်မာစာပေပြဆရာအဖြစ် လုပ်ကိုင်ခဲ့ကြောင်း ရေးသားထားသည်ကို တွေ့ရပါသည်။

မြို့မတိုင်းရင်းသား အထက်တန်းကျောင်း၌ ပထမဆုံး အထက်တန်းဆိုင်ရာ ကဗျာလင်္ကာသင်ပြသူမှာ မန္တလေးနော်မန်ကျောင်းမှ ဦးမင်းဟန်ဖြစ်ပါသည်။[၂] ထို့နောက်မှ ဆရာကျော်ဆိုသူဖြစ်သည်။[၃] ပြီးမှ ဆရာဦးချစ်စရာ ရောက်လာခြင်းဖြစ်သည်။

ထိုစဉ်က မြို့မတိုင်းရင်းသား အထက်တန်းကျောင်းမှ ယခုတည်နေရာတွင် မဟုတ်သေးပါ။ ထိုကျောင်းဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းချုပ်ကို ပြောလိုပါသည်။ ပထမအကြိမ် တက္ကသိုလ်သပိတ် ဖြစ်ပွားပေါ်ပေါက်လာရခြင်းနှင့် ဆက်စပ်နေပေသည်။ ၁၉၂၀ ပြည့်နှစ်ထိ မြန်မာပြည်တွင် တက္က

၁။ ၂၃–၄–၈၅ နေ့တွင် ဒေါ်ဖွားခင်ပြောပြချက်။

၂။ မောင်မင်းဟန်၊ ကဗျာသာရနိသျှကျမ်း၊ ရန်ကုန် မောရဝတီစာပုံနှိပ်တိုက်၊ ၁၉၂၂။

၃။ ဝံသယုဝမဂ္ဂဇင်း၊ အတွဲ (၁) အမှတ် (၁)၊ ရန်ကုန် မြို့မတိုင်းရင်းသား အထက်တန်းကျောင်း၊ ၁၉၂၄။



သိုလ်တစ်ခုမျှ မရှိသေးပေ။ ထိုအခါက ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ကျောင်းများမှာ ကလကတ္တားတက္ကသိုလ် လက်အောက်ခံကျောင်းများ ဖြစ်ကြသည်။ သို့နှင့် ၁၉၂၀ ပြည့်နှစ်တွင် မြန်မာပြည်၌ သီးသန့်တက္ကသိုလ်တစ်ခုထားရန် ယူဆကာ မြန်မာလူမျိုးများနှင့် သင့်လျော်မည်ဆိုသော တက္ကသိုလ်ဥပဒေကြမ်းကို အင်္ဂလိပ်ဗျူရိုကရက်အစိုးရက ရေးဆွဲ၏။ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ထိုဥပဒေကြမ်းကို အတည်ပြုသည်ဟု ကြေညာတော့သည်။

ရန်ကုန်တက္ကသိုလ်ဥပဒေတွင် မြန်မာလူမျိုးများ အထက်တန်းပညာမသင်ကြားနိုင်ရန် ချုပ်ချယ်ထားသည်။ ဤဥပဒေတွင် မြန်မာတစ်ပြည်လုံး၌ တက္ကသိုလ်သည် တစ်နေရာတည်းတွင် တစ်ကျောင်းတည်းသာ ဖြစ်ရခြင်း၊ စာသင်လိုသော ကျောင်းသားများသည် ကျောင်းအိပ်ကျောင်းစားအဖြစ်နေရခြင်း၊ တက္ကသိုလ်သို့ ဝင်ရောက်နိုင်ရန်အတွက် ဟိုက်စကူးဖိုင်နယ်စာမေးပွဲကို အောင်မြင်ရမည်သာမက အင်္ဂလိပ်ဘာသာနှင့် အခြားဘာသာတစ်ခုတွင်လည်း ထူးချွန်စွာတတ်မြောက်၍ အောင်မြင်ရခြင်း၊ ဆယ်တန်းအောင်၍ တက္ကသိုလ်ကို ဝင်ခွင့်ရသော်လည်း တက္ကသိုလ်ပညာရပ်များကို တစ်ခါတည်းစ၍ မသင်ရသေးဘဲ တက္ကသိုလ်ပညာရပ်များကို ကောင်းစွာလိုက်နိုင်ရန်အတွက် **(Preliminary Class)** ခေါ် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေရခြင်း၊ ထိုပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေသော်လည်း နှစ်ကုန်သည့်အခါ တက္ကသိုလ်ပညာရပ်များကို လိုက်နိုင်ရန် အရည်အချင်းမရှိသေးဟုဆိုလျှင် တက္ကသိုလ်ပညာကို ဆက်လက်သင်ခွင့်မရခြင်းသည့်အချက်များ ပါဝင်ပေသည်။

ထိုရန်ကုန်တက္ကသိုလ်ဥပဒေကို တစ်နည်းနည်းဖြင့် တိုက်ဖျက်ရန်၊ ရန်ကုန်ကောလိပ်ကျောင်းသားကြီး (၁၁) ဦးတို့သည် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့၌ ရွှေတိဂုံဘုရားကုန်းတော်ပေါ်သို့ သွားရောက်ဆွေးနွေး

တိုင်ပင်ကြ၏။ (၂) နာရီကျော်ကျော် တိုင်ပင်ဆွေးနွေး၍ အပြီးတွင် ရန်ကုန်တက္ကသိုလ်ဥပဒေကို ကန့်ကွက်သည့် အနေနှင့် ကောလိပ်ကျောင်းနှစ်ကျောင်းကို သပိတ်မှောက်ကြရန်နှင့် ကောလိပ်ကျောင်းနှစ်ကျောင်းမှ ကျောင်းသားပေါင်းစုံ အစည်းအဝေးတစ်ခုခေါ်၍ တင်ပြရန် ဆုံးဖြတ်ကြလေသည်။ ကျောင်းသားပေါင်းစုံ အစည်းအဝေးကို ဆုံးဖြတ်ထားသည့်အတိုင်း ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်၊ စနေနေ့ နေ့လယ် (၁) နာရီ အချိန်တွင် ရန်ကုန်မြို့ ဗဟန်းရပ်၊ ရွှေကျင်တိုက်ဆရာတော် ဦးအရိယကျောင်းတွင် ကျင်းပ၏။ ကျောင်းသား ၄၀၀ ခန့်တက်ရောက်ကြ၏။

ထိုအစည်းအဝေးမှာ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက် အင်္ဂါနေ့၌ ရန်ကုန်တက္ကသိုလ်ဥပဒေကို သပိတ်မှောက်ရန်၊ သပိတ်မှောက်ပြီးမှ ထိုရန်ကုန်တက္ကသိုလ်ဥပဒေကို မြန်မာများ အထက်တန်းပညာသင်ကြားရေးအတွက် နှစ်နာချုပ်ချယ်သည်ဆိုသော အချက်များကို ပြုပြင်ပေးရန်၊ အင်္ဂလိပ်ဗျူရိုကရက်အစိုးရသို့ အရေးဆိုရန်အတွက် ဆုံးဖြတ်လိုက်ကြသည်။ သပိတ်မှောက်လုပ်ငန်းအဝဝကို ဦးစီးဆောင်ရွက်ရေးအတွက် ကောလိပ်နှစ်ကျောင်းမှ ကိုယ်စားလှယ်များ ပါဝင်သည့် "၂၆ ဦးကော်မတီ" ကို ဖွဲ့စည်းလိုက်၏။

ထိုအစည်းအဝေးတွင် မူလ ဒီဇင်ဘာလ ၇ ရက်နေ့တွင် သပိတ်မှောက်မည်ဟု ဆုံးဖြတ်ခဲ့သော်လည်း ထိုနေ့အထိစောင့်ဆိုင်းရန် မဖြစ်နိုင်သောအကြောင်းများ ပေါ်ပေါက်လာရကား ၁၉၂၀ ပြည့်၊ ဒီဇင်ဘာလ ၅ ရက်တွင် စတင်သပိတ်မှောက်ကြသည်။ ခုနစ်ရက်အတွင်းတွင် မြန်မာတစ်ပြည်လုံးရှိ ဟိုက်စကူးကျောင်းသားများလည်း သူတို့၏ကျောင်းကို သပိတ်မှောက်၍ ထွက်လာကြတော့၏။ သူတို့၏ အကြောင်းပြချက်မှာ ထိုရန်ကုန်တက္ကသိုလ်ဥပဒေသည် ထိုအခါက ကောလိပ်ကျောင်းများသို့ ရောက်ပြီး ကျောင်းသားကြီးများကို မည်သို့မျှ ထိခိုက်စရာမရှိ။ ထိုကျောင်း



သားကြီးများ၏ သပိတ်မှောက်ခြင်းသည် သူတို့ကျောင်းသားငယ်များနှင့် တကွ နောင်လာနောက်သား မြန်မာများအဖို့သာဖြစ်၏။ ထို့ကြောင့် သူတို့လည်း ဝင်ရောက်ကူညီရန် ဝတ္တရားရှိသည်ဟု သဘောပေါက်ကာ နိုးကြားတက်ကြွစွာ ပါဝင်လာကြခြင်းဖြစ်သည်။

သပိတ်မှောက်ကျောင်းသားကြီးများ တောင်းဆိုသည့်အချက်များကို ဗျူရိုကရက်အစိုးရက အလျှော့မပေးဘဲ တင်းမာနေခဲ့သည်၊ သပိတ်မှောက်ကျောင်းသားကြီးများကလည်း အလျှော့မပေးဘဲ ၁၉၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် အစိုးရက အလျှော့ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ရန်ကုန်တက္ကသိုလ်လက်အောက်ခံ ကောလိပ်ကျောင်းများကို ဘယ်တော့မှ ပြန်၍ မတက်တော့ပြီဟု ဆုံးဖြတ်ချက်ချပြီး ကြေညာလိုက်၏။ ကျောင်းအုပ်ကြီး မစ္စတာမက်သယူးဟန်းတား [၃] က လာရောက်ဖျောင်းဖျသော်လည်း လက်မခံခဲ့ပေ။ တစ်ပြည်လုံးရှိ ၇ တန်း၊ ၁၀ တန်းကျောင်းများမှ သပိတ်မှောက်ကျောင်းသားများကလည်း အစိုးရနှင့် အစိုးရလက်အောက်ခံကျောင်းများကို ရာသက်ပန် သပိတ်မှောက်လိုက်ကြသည်။

သပိတ်မှောက်ကျောင်းသားများ အထူးသဖြင့် ကျောင်းသားငယ်များ စာသင်မပျက်စေရန် တစ်တန်းမှ ဆယ်တန်းအထိရှိသော အမျိုးသားကျောင်းများကို စတင်တည်ထောင်ကြသည်။ ဗဟန်းရှိ အားလပ်သည့် ဇရပ်တိုင်းတွင် အတန်းစဉ်များခွဲကာ စ၍ကျောင်းဖွင့်လေသည်။ နယ်အသီးသီးရှိ သပိတ်မှောက်ကျောင်းသားများထံသို့လည်း ကျောင်းများဖွင့်၍ စာသင်ကြရန် ညွှန်ကြားဆောင်ရွက်ကြသည်။

အမျိုးသားပညာရေးကို စနစ်တကျလုပ်ဆောင်နိုင်ရန် အမျိုးသားပညာရေးအဖွဲ့ချုပ်ကြီးကို ၁၉၂၀ ခု၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌ

---

၃။ ပညာမင်းကြီးမှာ မာတ်ဟန်းတာ (Mark Hunter) ဖြစ်ပြီး၊ ကျောင်းအုပ်ကြီးမှာ မက်သယူဟန်းတာ (Mathew Hunter) ဖြစ်သည်။

မှာ အမ်အေဦးမောင်ကြီး ဖြစ်သည်။ ဂျီစီဘီအေခေါင်းဆောင်များနှင့် ကျောင်းသားမိဘများကလည်း အမျိုးသားကျောင်းများ တည်ထောင်ရေးကို တိုင်ပင်လှုပ်ရှားလျက်ရှိသည်။

သို့ဖြစ်၍ ရန်ကုန်မြို့မတိုင်းရင်းသားကျောင်းကြီးကို ဗဟန်းကြားတောရ (၁) လမ်းတွင် ၁၉၂၁ ခု၊ ဇန်နဝါရီလ ၅ ရက်နေ့မှစ၍ တည်ထောင်ခဲ့သည်။ ထိုစဉ်က ဗဟိုနေရှင်နယ်ကျောင်းဟု ခေါ်တွင်သည်။ သွားလာရေးခက်ခဲသဖြင့် ကျောင်းသား ၃၀၀ ခန့်သာရှိသေးသည်။ ထိုကျောင်းတွင် သုံးလခန့်နေကြရသည်။ ထိုကျောင်းကို နွေရာသီကျောင်းပိတ်ပြီး ၁၉၂၁ ခု၊ မေလ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်မြို့ အနောက်ပိုင်းတွင် နေထိုင်ကြသော မျိုးချစ်ပုဂ္ဂိုလ်များအနက် ပွဲစားကြီးဦးဘိုးတက်နှင့် ပွဲစားကြီး ဦးဘိုးမြတို့က ရှေ့ဆောင်လျက် ကူညီကြသည်။

ဗဟန်းဘုန်းတော်ကြီးများ ကျောင်းတိုက်အတွင်းမှ သရက်တောကျောင်းတိုက်အတွင်းသို့ ၁၀၀၀ ကျော်မျှသော ကျောင်းသားများနှင့် ရွှေ့ပြောင်းကြပြီးလျှင် ခမ်းနားစွာ စည်တော်များယွန်း၍ မြို့မတိုင်းရင်းသားအထက်တန်းကျောင်းဟူသော အမည်ကို စတင်ခေါ်ဝေါ်ကြလေသည်။

ဒိုင်အာခီခေတ်သို့ရောက်၍ ဦးမောင်ကြီး (အမ် အေ) ကို ပညာရေးဝန်ကြီးအဖြစ် ခန့်အပ်သောအခါ အားအင်ချို့နဲ့လာပြီဖြစ်သော နေရှင်နယ်ကျောင်းများကို အစိုးရအထောက်အပံ့ပေးရန် စီစဉ်သဖြင့် အစိုးရအထောက်အပံ့ယူသင့် မယူသင့် ဝိဝါဒကွဲကြသည်။ ၁၉၂၃ ခု၊ ဧပြီလအတွင်း ပြည်မြို့တွင် ကျင်းပခဲ့သော ကွန်ဖရင့်၏ ဆုံးဖြတ်ချက်အရ အစိုးရထံမှ မိမိတို့ရသင့်ရထိုက်သော ငွေများကို တောင်းယူကြသည်။ အချို့သော သံဃာတော်များနှင့် လူကြီးများက မနှစ်သက်ကြပေ။ မြို့မအထက်တန်းကျောင်းသည် အစိုးရအထောက်အပံ့ယူလိုသောကျောင်းနှင့် မယူလိုသောကျောင်းဟူ၍ နှစ်ပိုင်းကွဲကြသည်။ အစိုးရငွေမယူလိုသောကျောင်းမှာ သရက်တော



ကျောင်းတိုက်အတွင်းနေကြရ၍ အစိုးရအထောက်အပံ့ ယူလိုသောကျောင်းမှာမူ သရက်တောကျောင်းတိုက်မှ လက်မခံတော့။ မည်သည့်အရပ်သို့သွားရမည်ကို မသိရသေးဘဲ ခေတ္တမျှဆိုင်းငံ့နေသည်။

ထို့နောက် ရွှေတိဂုံဘုရားကြီး၏ အနောက်ဘက်ရှိ အာရ် ဂျီ အေ **(R.G.A)** ခေါ် စစ်တပ်အတွင်းတွင် တချို့တစ်ဝက်နှင့် **Y.M.C.A Army Hut** ခေါ် စစ်တပ်အထဲတွင် အကွဲကွဲအပြားပြား နေထိုင်ခဲ့ရသည်။ ထိုစစ်တပ်မြေအတွင်းမှ တစ်ဖန်ပြည်လမ်းရှိ ကုလားလူမျိုးများ နေထိုင်ရာဖြစ်သော စစ်တပ်သို့ အထက်တန်းနှင့် ကျောင်းအိပ်ကျောင်းစားများကို ရွှေ့ပြောင်းထားကြရလေသည်။

ဤနေရာ၌ မြို့မအထက်တန်းကျောင်းသည် တစ်နှစ်မျှကြာလျှင် ဘိုင်းလမ်းနံပါတ် (၁) ရှိ အိမ်နေရာသို့ တစ်လလျှင် ၁၂၀၀ ကျပ်မျှသော အိမ်လခကိုပေး၍ ရွှေ့ပြောင်းနေထိုင်ကြရသည်။ ဘိုင်းလမ်းသို့ အထက်တန်းကျောင်းရောက်မှ ကျောင်းသားများ တစ်နေ့တခြား များပြား၍ စည်ကားလှသည်။ လက်ရှိနေရာနှင့် ကျောင်းသားမဆံ့၍ အမှတ် ၈/၉ ဆင်မဆင်လမ်းရှိ အဆောက်အအုံနှစ်ခုတွင်ပါ သင်ရတော့သည်။ ထို့နောက်မှ ကျောင်းအုပ်ဆရာကြီး ဦးဘလွင်၏ ကြိုးပမ်းမှုဖြင့် ယခုဂေါ်ဒွင်လမ်းရှိမြို့မကျောင်းအဆောက်အအုံကြီး ဖြစ်လာသည်။ မြို့မကျောင်း၏ ပထမဦးဆုံးကျောင်းအုပ်ဆရာကြီးမှာ ဦးစောလွင် ပြီးမှ ဦးငွေဇင်ဖြစ်သည်။ ဦးငွေဇင်နုတ်ထွက်သွားသောအခါ ၁၉၂၄ ခုနှစ်တွင် ဆရာကြီး ဦးဘလွင်ဝင်ရောက်ဆောင်ရွက်သည်။ လက်ထောက်ကျောင်းဆရာကြီးမှာ ဦးသွေယ်ဖြစ်ပါသည်။

မြို့မကျောင်းအကြောင်းနှင့် ပတ်သက်၍ ဆရာကြီးဦးစံထွား၊ ဆရာမောင်ထင် (ဦးထင်ဖတ်)တို့၏ ပြောပြချက်များ၊ ရေးသားချက်များနှင့် ကိုးကားရန် ဖတ်ရှုသော စာအုပ်များမှ အထောက်အထားတို့အရ သိရပါသည်။

ဦးချစ်စရာ၏ အကြောင်းကို ဆက်၍ဆိုပါဦးမည်။ ၁၉၂၅ ခုနှစ်၊ မြို့မ အထက်တန်းကျောင်းသို့ ဦးချစ်စရာရောက်လာသောအခါ အမှတ် (၁) ဘိုင်းလမ်း (ယခု ဦးဝိစာရလမ်းရှိ ကာကွယ်ရေး ငွေစာရင်းရုံးတည်ရာဌာန) နှင့် အမှတ် ၈၊ ၉ ဆင်မဆင်လမ်းနှစ်နေရာစလုံးတွင် သင်ပြရပါသည်။ အမှတ် (၁) ဘိုင်းလမ်း အဆောက်အအုံသည် ကုလားအိမ်ဖြစ်၍ ဖန်မှန်များဖြင့် ပြည့်နေပါသည်။ ထိုစဉ်က ဖန်အိမ်မှန်အိမ်ဟုခေါ် သည်။ အတန်းများသတ်မှတ်ရာ၌ ပထမဆင့်မှ ဆဌမဆင့်အထိကို **(Preparatory School)** အကြိုပြင်ဆင်သော ကျောင်းအဖြစ် သတ်မှတ်၍ ပညာသင်ကာလကို ခြောက်လလျှင်တစ်ဆင့်ဟု ပြဋ္ဌာန်းပါသည်။ ထို့နောက် သတ္တမဆင့်မှ ဧကဒသမဆင့်ထိသော အဆင့်များကို နှစ်နှစ်ခွဲသော်လည်းကောင်း၊ သုံးနှစ်နှင့်သော်လည်းကောင်း အပြီးအစီးသင်ပေးပြီး အထက်တန်းကျောင်း **(Hight School)** ဟုခေါ် သည်။

ဦးချစ်စရာသည် မြို့မတိုင်းရင်းသားအထက်တန်းကျောင်းတွင် သင်ပြစဉ် နှစ်ခြံသာဝေးသော မြို့မတိုင်းရင်းသူအထက်တန်းကျောင်းမှ အကူအညီတောင်းသဖြင့် သွားရောက်သင်ပြရကြောင်း [၁] ဦးစံထွားက ပြောပြ၍ သိရပါသည်။ ဦးချစ်စရာသည် မြို့မအထက်တန်းကျောင်းတွင် အထက်တန်း၌ မြန်မာကဗျာလင်္ကာနှင့် ရာဇဝင်သင်ပြစဉ်၊ ဦးဟိန် (မြို့မဆရာဟိန်) သည် အလယ်တန်းတွင် မြန်မာဘာသာသင်ပြပါသည်။ သူတို့နှစ်ဦးသည် အတူ တကွ လုပ်ဖော်ကိုင်ဘက်များဖြစ်ကြောင်း [၂] မြို့မဆရာဟိန် ရေးသားသည့် ဆောင်းပါးကို တွေ့ရပါသည်။

---

၁။ ၁၄–၁၂–၈၄ နေ့တွင် ဦးစံထွားပြောပြချက်။

၂။ မြို့မဆရာဟိန် "ဦးရာကျော်နှင့် သတိုးပီယ" လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၂၁–၈–၇၁၊ စာ – ၃။



ဦးချစ်စရာသည် စာသင်ရာ၌ ကဗျာဉာဏ် အလွန်ရှင်သည်။ ကာရန်နိုင်သည်။ မြန်မာစာကို အထူးအရေးထားသည်။ အတန်းထဲတွင် စာသင်နေရင်းက လေးချိုးတစ်ပုဒ်ကို လက်တန်းစပ်၍ သင်ပြနိုင်သူဖြစ်ကြောင်း သူ၏တပည့်ဖြစ်ခဲ့သူ ဆရာမောင်ထင်ပြောပြချက် [၁] ကို မှတ်သားရပါသည်။ ဆရာမောင်ထင်သည် စာပေ၌ ဝါသနာထုံသည့်အလျောက် မြို့မကျောင်းတွင် ဦးချစ်စရာ၏တပည့်အဖြစ် ခံယူသည့်နေ့မှစ၍ တက္ကသိုလ်တွင် မြန်မာစာပေကို အင်္ဂလိပ်စာပေနှင့် ယှဉ်တွဲ၍ သင်ယူသည်အထိခေတ်အလျောက် ဖြစ်ထွန်းတိုးတက်သမျှသော စာပေရေးအလျဉ်ကို အစဉ်လေ့လာနိုင်ခဲ့ကြောင်း ရေးသားဖူးလေသည်။

မြို့မတိုင်းရင်းသူကျောင်းမှ ဆရာမဒေါ်ခင်ခင်ကြီး၏ ပြောပြချက်အရ ဒေါ်ခင်ခင်ကြီးသည် စာပေကိုအတော်ပင် ဝါသနာကြီးသည်။ သို့ဖြစ်၍ သူရေးသော ဒွေးချိုး၊ လေးချိုး၊ တေးထပ်များကို ဆရာလွန်းအားပြသည်။ မြို့မတိုင်းရင်းသားကျောင်းမှ ဦးလေးတော်သူ ဆရာဦးဖေကိုပြသည်။ ဦးဖေသည် ဘာသာရေးသင်ပြသော ဆရာဖြစ်ပြီး ဦးချစ်စရာနှင့် လွန်စွာရင်းနှီးသည်။ ဦးဖေက ကဗျာလင်္ကာသင်ရာတွင် ထူးချွန်သော ဦးချစ်စရာနှင့် စာပေဝါသနာပါသူ ဒေါ်ခင်ခင်ကြီးတို့ကို ဆက်သွယ်ပေးသည်။ ဒေါ်ခင်ခင်ကြီးက ခင်သော်တာအမည်ခံ၍ရေးသည်။ မိမိရေးသော ကဗျာများကို ဦးချစ်စရာအားပြသည်။ ပြင်စရာရှိသည်ကို ပြင်ပေးပါရန် "အဖြည့်ခံ" ဟူသော ကဗျာလေးကိုရေး၍ ဦးချစ်စရာထံ ပေးပို့ပါသည်။

အဖြည့်ခံ

* သတိုးဆိုကို ပီယကိုလ
တစ်မျိုးအလို နဂိုဝသီလှသူမို့

---

၁။ ၁၀–၅–၈၅ နေ့တွင် ဆရာမောင်ထင်ပြောပြချက်။

ခိုမှီခလောက်ပါရဲ့ ရတနာအသွင်
ဇဟိုပြည်နာဂရဆီက ကဗျာအရာဘုရင်။

- ကဗျာတေးတွေနဲ့
  စာရေးမှာ အခြေယဉ်သမို့
  နဘောတွင် စမ်းရာကရပါတဲ့
  မိုးခအစဉ်။

- နည်းဖြာဖြာမှတ်ယူသုံးစေဖို့
  ထီးပမာမြတ်တစ်ဆူ ဘုန်းရယ်က
  တတ်စေမူ နှလုံးရယ်နှင့် လျှော်စွာပင်
  မဟောသဓာရှင်နဲ့ နည်းနာတွေများ
  သော်တာခင်တို့ မိုးပါစေလား။

ထိုကဗျာလေးတွင် ကျန်တာကို ဆရာကဖြည့်ပေးပါဟု ဒေါ်ခင်ခင်ကြီးက တောင်းဆိုသည်။ ဦးချစ်စရာက ပြင်စရာ သိပ်မလိုကြောင်း၊ ဆရာကောင်းရှိလျှင် ပွင့်လန်းမည့် ပန်းကလေးဖြစ်ကြောင်း ပြန်ကြားလေသည်။ မကြာခဏ ဒေါ်ခင်ခင်ကြီးက မိမိရေးသားသည်များကိုပြ၍ ဦးချစ်စရာက လိုအပ်သည်များကို သင်ပြလေသည်။[1] ထိုသို့ ကဗျာဝါသနာရှိသူတို့အား ဦးချစ်စရာသည် စေတနာထက်သန်စွာဖြင့် ကူညီခဲ့လေသည်။

ဦးချစ်စရာသည် ရှေးအစဉ်အလာ မြန်မာစာပေတို့ တိမ်မြှုပ်နေသော အခြေမှပေါ်လွင် ထင်ရှားလာရန် ရည်ရွယ်၍ မြို့မကျောင်းတွင် ဦးပုညအသင်းကို ခေါင်းဆောင်တည်ထောင်ခဲ့သည်။ ကျောင်းအုပ်ဆရာကြီး ဦးဘလွင်က နာယကအဖြစ် ဆောင်ရွက်ခဲ့ပြီး ယင်းအသင်းကြီးကို အားပေးခဲ့

၁။ ၃၁–၅–၈၅ နေ့တွင် ဒေါ်ခင်ခင်ကြီးပြောပြချက်။



သည်။[1] ဦးဘလွင်ထံမှ ၁၂၈၉ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့တွင် ဦးချစ်စရာ၏မိသားစုသို့ ပေးပို့သော သဝဏ်လွှာတွင် ဦးချစ်စရာသည် ဦးပုညအသင်းကို ခေါင်းဆောင်တည်ထောင်သူဖြစ်ကြောင်း ဦးပုညအသင်း တည်ထောင်ရခြင်း အကြောင်းကို တွေ့ရပါသည်။

စာပေဘက်တွင် အကျော်ဆုံးဖြစ်သည့် ဆရာကြီးဦးပုည၏ အတ္ထုပ္ပတ္တိကိုပင် စုံလင်အောင် ရေးထားသည့်စာများ ထိုစဉ်က မရှိခဲ့ပေ။ ထို့ကြောင့် ဦးပုညနှင့်ပတ်သက်သည့် အကြောင်းအရာတို့ကို စုဆောင်းရန် ဦးပုညအသင်းဟူသော အမည်ဖြင့် တည်ထောင်ထားခြင်းဖြစ်ကြောင်း[2] သိပ္ပံမောင်ဝ၏ ဆောင်းပါးတစ်ပုဒ်တွင် ရေးသားထားပါသည်။

ဦးချစ်စရာသည် မြန်မာစာပေကို ပို၍အကျိုးပြုနိုင်ရန် စိတ်အားထက်သန်ခဲ့သည်။ မြန်မာစာပေ ဗဟုသုတများကို အချိန်အားရသမျှ လေ့လာသည်။ စိတ်ထဲတွင် သတ်ပုံများ မရှင်းလင်းလျှင် အိပ်နေရာမှထ၍ အမှန်ကိုရှာတတ်သည်[3] ဟုမှတ်သားရပါသည်။

မြန်မာစာပေတိုးတက်လာစေရန် ရည်ရွယ်ခဲ့သည်နှင့်အညီ ဦးချစ်စရာသည် ပုတ္တောဝါဒဆုံးမစာ အဖွင့်စာစောင်ကိုလည်း ပြုစုရေးသားခဲ့သည်။ ထိုစာအုပ်တွင် မြို့မတိုင်းရင်းသားအထက်တန်းကျောင်းဆိုင်ရာ မြန်မာဆရာဟု လက်မှတ်ရေးထိုးထားသည်ကို တွေ့ရသည်။ ၎င်းစာအုပ်တွင် အဖုံးမတွေ့၊ ခုနှစ်မတွေ့ရပါ။ မြန်မာစာညွှန့်ပေါင်းကျမ်းဋီကာနှင့် ကိုးခန်းပျို့မှတ်စုကို ပြုစုရေးသားဖူးသူဟု ဖော်ပြထား၍ ဤစာစောင်သည် ကျောင်းသုံးအဖြစ်ရေးသော သူ၏တတိယလက်ရာဟု ယူဆရပါသည်။

၁။ ၂၃–၄–၈၅ နေ့တွင် ဒေါ်ဖွားခင်ပြောပြချက်။
၂။ သိပ္ပံမောင်ဝ၊ "၁၉၂၉ ခု၊ ဖေဖော်ဝါရီလ ၁ ရက် သူရိယရက်ခြားသတင်းစာဆောင်းပါးအမှတ် ၂၄၊ စာရေးဆရာများအကြောင်း" စာပေယဉ်ကျေးမှု မန္တလေး၊ လူထုစာအုပ်တိုက်၊ ၁၉၇၆၊ စာ ၅၈။
၃။ ၂၃–၄–၈၅ နေ့တွင် ဒေါ်ဖွားခင်ပြောပြချက်။

အမျိုးသားကျောင်းများတွင် သင်ကြားရသော သင်ရိုးညွှန်းတမ်းစာအုပ်များကို အမျိုးသားပညာရေးကောင်စီက သတ်မှတ်ပေးလေသည်။ အမျိုးသားကျောင်းများ မပေါ်မီက မြန်မာစာပေ၊ မြန်မာရာဇဝင်တို့သည် ချောင်ထိုးခံထားရသည့် အခြေအနေမျိုးရှိသည်။ အမျိုးသားကျောင်းများ ပေါ်လာမှ မြန်မာစာပေ၊ မြန်မာရာဇဝင်ကို အားပေးသင်ကြားလာသည်။ အမျိုးသားကျောင်းများတွင် မည်သည့်အတန်း၊ မည်သည့်ပညာရည်အဆင့် ရှိရမည်ကို သတ်မှတ်ပေးထားသည်။ ယင်းအဆင့်ကိုမီရန် အမျိုးသားပညာရေးကောင်စီက သင့်လျော်သောစာအုပ်များကို ပြဋ္ဌာန်းပေးခဲ့သည်။

ဦးချစ်စရာသည် ထိုပြဋ္ဌာန်းချက်နှင့်အညီ အင်္ဂလိပ်မြန်မာနှစ်ဘာသာသင် သတ္တမတန်းအတွက် ဂမ္ဘီသာရပျို့ဒီပနီကို ရေးသားခဲ့သည်။ ထိုစာအုပ်ကို ၁၉၂၇ ခုနှစ်တွင် ရေးသားကြောင်း ယင်းစာအုပ်မျက်နှာဖုံးတွင် တွေ့ရပါသည်။

အမျိုးသားကျောင်းပေါ်လာပြီးနောက် မြန်မာစာသင်ရိုးမာတိကာသည် တသီးတသန့် ဖြစ်လာသည်။ ရိုးရိုးမြန်မာစာကိုသာမက စိတ်ကြိုက်မြန်မာစာကိုပါ သင်ပေးလာသည်။ မြန်မာစာ၌ ကျွမ်းကျင်သည့်ပုဂ္ဂိုလ်များကို မြန်မာဆရာအဖြစ် ခန့်ထားသည်။ အမျိုးသားကျောင်းများတွင် ဆောင်းပါး၊ ကဗျာလင်္ကာ၊ ရတုအစုစုတို့ကို သင်ကြားလေ့လာရမည်ဟူသော ပြဋ္ဌာန်းချက်ချမှတ်ထားသည်။

ဦးချစ်စရာသည် ထိုပြဋ္ဌာန်းချက်နှင့်အညီ "ကဗျာဖွဲ့နည်းကျမ်း" အမည်ဖြင့် ပြုစုခဲ့သည်။ ၎င်းစာအုပ်ကို အမျိုးသားကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းကာ နေရှင်နယ်ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခဲ့သည်။ ၎င်းကို ၁၉၂၇ ခုနှစ်တွင် ရေးသားခဲ့ကြောင်း ကဗျာဖွဲ့နည်းကျမ်း၏ အတွင်းမျက်နှာဖုံးတွင် တွေ့ရပါသည်။

ဦးချစ်စရာသည် ကျောင်းဆရာဘဝဖြင့် တစ်ဖက်မှ ဝါသနာအလျောက် ကဗျာလင်္ကာဆောင်းပါးများ အချိန်အားရသမျှ ရေးသားသည်။



အိမ်ထောင်တာဝန်ကိုလည်း မလစ်ဟင်းစေရပေ။ စာရေးနေရလျှင် ကျေနပ်နေသည်။ စာရေးလွန်းအားကြီး၍ အညောင်းမိပြီး မကြာခဏ ဖျားတတ်လေသည်။ ထိုကာလ ကျောင်းဆရာများတွင် တီဘီခေါ် ချောင်းဆိုးသွေးပါ ရောဂါ (ယခင်အခေါ် မြစ်ခြောက်နာ) အများဆုံး စွဲကပ်ခဲ့ကြသည်။ ဦးချစ်စရာတွင်လည်း ထိုရောဂါစွဲကပ်လာသည်။ လွန်စွာ ဝါသနာကြီးလှသော ကဗျာလင်္ကာများကိုလည်း မရေးနိုင်တော့။ နောက်ဆုံးတွင် ကျောင်းဆရာအလုပ်ကိုပင် ကောင်းစွာမလုပ်နိုင်တော့ပေ။ စာသင်နေရင်းပင် သွေးများအန်လာသည်။ ပျဉ်းမနားမှ မိဘများက ထိုသတင်းကြားသောအခါ ဦးချစ်စရာကို ပျဉ်းမနားသို့ ပြန်ခေါ်လေသည်။

ဦးချစ်စရာသည် မိသားစုကို အလွန်ခင်တွယ်သူဖြစ်သည့်အလျောက် ပျဉ်းမနားမပြန်မီ ဇနီးသည်အား မိမိကိုယ်တိုင် မိုးကုတ်ပြန်ပို့ပေးမည်ဟု ပြောသည်။ ပို၍မကျန်းမာဖြစ်လာမည်စိုးသဖြင့် ဇနီးဖြစ်သူက လက်မခံဘဲ သမီးနှစ်ယောက်နှင့် ရန်ကုန်တွင် ကျန်နေခဲ့သည်။ ထိုစဉ်က သမီးကြီးမှာ (၄) နှစ်၊ သမီးငယ်မှာ (၁၁) လသာရှိသေးသည်။

ပျဉ်းမနားပြန်ပြီး ၅ ရက်ခန့်အကြာတွင် ဦးချစ်စရာကွယ်လွန်ကြောင်း ဒေါ်ဖွားခင်ထံ ပျဉ်းမနားမှ သံကြိုးရောက်သည်။ ဒေါ်ဖွားခင်၏ သူငယ်ချင်းဖြစ်သူ ကြည်မြင်တိုင်မှ ဆရာခို[၁] ထံလည်း သံကြိုးရောက်သည်။ ဒေါ်ဖွားခင်လည်း ဆရာခိုနှင့်အတူ ပျဉ်းမနားသို့လိုက်သွားရသည်။

၁၂၈၉ ခု၊ ဝါခေါင်လဆန်း ၁ ရက် သောကြာနေ့ (၁၉၂၇ ခု၊ ဇူလိုင် ၂၉) တွင် ဦးချစ်စရာကွယ်လွန်ကြောင်း နာရေးကြော်ငြာကို ဒဂုန်မဂ္ဂဇင်း ၁၉၂၇ ခု၊ ဩဂုတ်လတွင် တွေ့ရပါသည်။

---

၁။ ဆရာခိုသည် ဦးချစ်စရာရေးသော စာအုပ်များကို ထုတ်ဝေသူဖြစ်ပြီး လွန်စွာရင်းနှီးသူလည်းဖြစ်ကြောင်း ၂၃-၄-၈၅ ရက်နေ့တွင် ဒေါ်ဖွားခင်ပြောပြ၍ သိရပါသည်။

ချစ်ခင်ရင်းနှီးသူ မိတ်ဆွေများက မဂ္ဂဇင်းအသီးသီးတွင် ကဗျာလင်္ကာ ဆောင်းပါးတို့ဖြင့် ဦးချစ်စရာ၏ ဂုဏ်ပုဒ်ကို ထုတ်ဖော်ချီးကျူးခြင်း၊ ဝမ်းနည်းသံဝေဂ ဖြစ်ရခြင်းတို့ကို ရေးသားထားသည်ကိုလည်း တွေ့ရသည်။ ၁၂၈၉ ခု၊ ဝါခေါင်လဆန်း ၂ ရက် စနေနေ့တွင် ကျောင်းအုပ်ဆရာကြီး ဦးဘလွင်က ဦးချစ်စရာ၏ မိသားစုထံ ဝမ်းနည်းသဝဏ်လွှာပေးပို့ခဲ့ကြောင်း လည်း တွေ့ရသည်။

ဦးချစ်စရာကွယ်လွန်သောနေ့ကို ဦးထွန်းစိန်၏ သတိုးပီယဆောင်းပါး၊ ဒဂုန်နတ်ရှင်၏ ဘဝခရီးစဉ်စာအုပ်တို့တွင် ၁၂၈၉ ခု၊ ဝါခေါင်လဆုတ် ၅ ရက် သောကြာနေ့ဟု ဖော်ပြထားသည်။ နှစ်တစ်ရာပြက္ခဒိန်နှင့် စစ်ဆေး ကြည့်လျှင် ၁၂၈၉ ခု၊ ဝါခေါင်လဆုတ် ၅ ရက်နေ့သည် (၁၉၂၇ ခု၊ ဩဂုတ် ၁၇ ရက်) ဗုဒ္ဓဟူးနေ့ ဖြစ်နေသည်။ ၁၉၂၇ ခု၊ ဩဂုတ်လ ဒဂုန်မဂ္ဂဇင်းတွင် ပါသော နာရေးကြော်ငြာမှာ နေ့ရက်အတိအကျမှန်သည်။ ဆရာကြီး ဦးဘ လွင်က သူ၏မိသားစုထံ ပေးပို့သော ဝမ်းနည်းသဝဏ်လွှာတွင် ဝါခေါင် လဆန်း ၂ရက် စနေနေ့ဟု ပါရှိ၍ ကွယ်လွန်ပြီးနောက်တစ်ရက်တွင် ပေးပို့ ကြောင်းထင်ရှားသည်။ ထို့ကြောင့် ဦးချစ်စရာကွယ်လွန်သောနေ့မှာ ၁၉၂၇ ခု၊ ဇူလိုင်လ ၂၉ ရက် သောကြာနေ့ဖြစ်ကြောင်း ခိုင်လုံပါသည်။

ဦးချစ်စရာကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်ဖွားခင်သည် ပျဉ်းမ နားတွင် ခေတ္တနေခဲ့သည်။ မကြာမီ သမီးနှစ်ယောက်နှင့်အတူ မိုးကုတ်သို့ ပြန်ခဲ့လေသည်။ ညီမအပျိုကြီးများနှင့် မိုးကုတ်မြို့ထင်ရှားခြံတွင် နေထိုင် သည်။ ဆရာမအလုပ်ဖြင့် သမီးနှစ်ယောက်ကို ကျွေးမွေးစောင့်ရှောက်ခဲ့ သည်။ သမီးကြီး မမြသန်းမှာ ပုလိပ်ရောဂါကြောင့် မိုးကုတ်မြို့တွင်ကွယ် လွန်ခဲ့သည်။ ဒေါ်ဖွားခင်မှာ နောက်အိမ်ထောင်မပြုဘဲ သမီးငယ် မသိန်းလှ ကို ပြုစုခဲ့သည်။ လုပ်သက်ပြည့်သောအခါ အငြိမ်းစားယူခဲ့သည်။



သမီးငယ် ဒေါ်သိန်းလှသည် မန္တလေးဆရာအတတ်သင်သိပ္ပံ လေ့ကျင့်ရေးကျောင်းတွင် အလယ်တန်းပြဆရာမအဖြစ် လုပ်ကိုင်နေပါ သည်။ သားမက်ဖြစ်သူ ဦးထွန်းစိန် (သတိုးပီယ ဆောင်းပါးရေးသူ) မှာ မန္တလေးတိုင်းပညာရေးမှူးရုံး၊ တိုင်းပညာစစ်ဆေးရေးအဖွဲ့တွင် လက်ထောက် ကြီးကြပ်ရေးမှူး (အနုပန်းချီ) တွင် တာဝန်ထမ်းဆောင်နေပါသည်။ ဦးထွန်း စိန်၊ ဒေါ်သိန်းလှတို့မှ ကိုတင်မိုး (ကွယ်လွန်စာရေးဆရာ တင်မိုးမြိုင်)၊ မမိုးမိုးသစ်၊ ကိုဇင်မိုးတို့ သုံးဦးမွေးဖွားပါသည်။

ဦးချစ်စရာ၏ ဇနီးဖြစ်သူ ဒေါ်ဖွားခင်မှာ ဤစာတမ်းပြုစုရန် သွား ရောက်တွေ့ဆုံစဉ် အသက် (၈၆) နှစ်ရှိပြီဖြစ်ပြီး သမီး၊ သားမက်၊ မြေးများ နှင့်အတူ မန္တလေးမြို့တွင် နေထိုင်လျက်ရှိပါသည်။

❑ ❑ ❑ ❑

# အခန်း (၃)

## (က) ဦးချစ်စရာ၏ ကဗျာလက်ရာများရှာပုံ

ပထမဦးစွာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ရှိ ကက်တလောက်တွင် ဦးချစ်စရာအမည်နှင့် ရှာဖွေပါသည်။

ဦးချစ်စရာအကြောင်း ရေးသားသော စာအုပ်စာတမ်းများဆောင်းပါးများမှတစ်ဆင့် လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်ဖွားခင်[၁]၊ ဆရာကြီး ဒဂုန်နတ်ရှင်[၂]၊ ဦးထင်ဖတ်[၃]၊ ဒေါ်စောမုံညင်း[၄] တို့၏ပြောပြချက်များအရ လည်းကောင်း၊ ဒဂုန်မဂ္ဂဇင်းနှင့် သူရိယမဂ္ဂဇင်းတွင် ဦးချစ်စရာရေးသားခဲ့ကြောင်း သိရပါသည်။

ထို့ကြောင့် ဒဂုန်မဂ္ဂဇင်းစတင်ထွက်ပေါ်ရာ ၁၉၂၀ ခု၊ စက်တင်ဘာလမှစ၍ သူမကွယ်လွန်မီ ၁၉၂၇ ခုထိ ရှာဖွေပါသည်။ တစ်ဖန်သူရိယမဂ္ဂဇင်းတွင်လည်း ၁၉၂၀ ခုမှ ၁၉၂၇ ခုအတွင်း ရှာဖွေပါသည်။ တက္ကသိုလ်

---

၁။ ၂၃-၄-၈၅ နေ့တွင် ဒေါ်ဖွားခင်ပြောပြချက်။

၂။ ၁၆-၁၂-၈၄ နေ့တွင် ဒဂုန်နတ်ရှင်ပြောပြချက်။

၃။ ၁၀-၅-၈၅ နေ့တွင် ဦးထင်ဖတ်ပြောပြချက်။

၄။ ၁၈-၆-၈၆ နေ့တွင် ဒေါ်စောမုံညင်းပြောပြချက်။

များ ဗဟိုစာကြည့်တိုက်တွင် ထိုခုနှစ်ထုတ် သူရိယမဂ္ဂဇင်းများ စုံလင်စွာ ကြည့်ခွင့်မရပါ။ သူရိယမဂ္ဂဇင်းပါ သူ့လက်ရာအချို့ကို မန္တလေးမြို့ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ထံမှ ကြည့်ရှုခွင့်ရပါသည်။

ဦးချစ်စရာရေးသားထားသော ကဗျာများကိုလေ့လာရာမှ ကဗျာ အချိတ်အဆက်အရ အချို့ကဗျာများကို ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းများ တွင် ဆက်လက်ရှာဖွေပါသည်။

တစ်ဖန်ဒဂုန်နတ်ရှင်၏ စာစုစာရင်းတွင် ရှာဖွေရာ ဦးချစ်စရာ၏ လက်ရာများနှင့် ပတ်သက်၍ မတွေ့ရှိရပါ။ ဦးချစ်စရာကွယ်လွန်သည့် အတွက် ဒဂုန်နတ်ရှင်ရေးသားချက်များကိုသာ ယင်းစာစုစာရင်းတွင် တွေ့ရ ပါသည်။

မြို့မအမျိုးသားအထက်တန်းကျောင်းမှ ထုတ်ဝေသည့် ဝံသယုဝ မဂ္ဂဇင်းတွင်လည်း ရှာဖွေပါသည်။ ၁၉၂၄ ခု၊ ဝံသယုဝမဂ္ဂဇင်းကို တွေ့ရ သော်လည်း ထိုအချိန်က မြို့မကျောင်းသို့ ဦးချစ်စရာမရောက်ရှိသေးသဖြင့် သူ့လက်ရာများကို ရှာမရပါ။ သူအလုပ်လုပ်သောကာလဖြစ်သည့် ၁၉၂၅– ၂၇ ခုနှစ်အတွင်းထုတ် ဝံသယုဝမဂ္ဂဇင်းများကိုလည်း ရှာ၍မရပါ။ ၁၉၂၇ ခု၊ နိုဝင်ဘာလထုတ် ဝံသယုဝမဂ္ဂဇင်းကိုတွေ့ရှိ၍ ရှာဖွေရာတွင် သူ့ လက်ရာ မတွေ့ရဘဲ သူကွယ်လွန်သည့်အတွက် ဝမ်းနည်းကြောင်း အခြား သူများ ရေးသားချက်များကိုသာ တွေ့ရပါသည်။

၁၉၈၂ ခု၊ ဇန်နဝါရီလထုတ် ပညာလောကစာစောင်တွင် ဦးထွန်းစိန် ရေးသားသော (သတိုးဗီယ) ဆောင်းပါး၏ ကျမ်းကိုးစာရင်းမှတစ်ဆင့် ဆက်၍ ရှာဖွေပါသည်။

၎င်းကျမ်းကိုးတွင် ဖော်ပြချက်အရ ဦးဝန်နှင့် ဦးသိန်းဟန်စီစဉ်သော "ခေတ်သစ်ကဗျာများ" (၁၉၆၂) နှင့် ဟံသာဝတီ ဦးဘရင်ရေးသားသော "ခေတ်သစ်ကဗျာများအဖြေ" တို့တွင် ဆက်လက်ရှာဖွေပါသည်။



အဆိုပါကျမ်းကိုးတွင် ပါဝင်သော မြို့ဖဆရာဟိန်ရေးသည့် ၂၁– ၈–၇၁ ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာပါ ဆောင်းပါးကို ရှာဖွေ ပါသည်။ ၎င်းဆောင်းပါးတွင် ဖော်ပြထားသော အကြောင်းအရာအရ ၁၆– ၈–၇၁ ထုတ် မောင်လှကြည် (မြန်မာစာ) ရေးသားသော ဆောင်းပါး ကိုဆက်၍ ရှာဖွေပါသည်။ မောင်လှကြည် (မြန်မာစာ) ရေးသော အဆိုပါ ဆောင်းပါးအရ ၁၉၆၃ ခု၊ နိုဝင်ဘာလထုတ် စာဆိုတော်နေ့အတွက် စာရေး ဆရာအသင်း နှစ်ပတ်လည်စာစောင်တွင် ရှာဖွေပါသည်။

ဦးသန်းထွတ် (တိုက်စိုး)၊ ဦးသော်ကောင်းနှင့် ဒေါ်စမ်းစမ်းမေတို့ စီစဉ်သော မြန်မာစာပေစာစုစာရင်းတွင် ရှာဖွေပါသည်။

၁၉၂၇ ခု၊ စက်တင်ဘာလထုတ် ဗြိတိသျှဘားမားမဂ္ဂဇင်းတွင် ဆရာ ဇေယျရေးသည့် ဦးချစ်စရာကွယ်လွန်သည့်အတွက် ဝမ်းနည်းကြောင်း ဆောင်းပါးတစ်ပုဒ်တွေ့ရသည်။ ထိုဆောင်းပါးတွင် ဆရာဇေယျနှင့် ဦးချစ် စရာသည် ပညာရှာဖက်မိတ်ဆွေများဖြစ်ကြောင်း ပါရှိလေသည်။ သို့ဖြစ်၍ ထိုစဉ်က ဆရာဇေယျတည်ထောင်ခဲ့သော ဇေယျသတင်းစာတွင်လည်း ဦးချစ်စရာလက်ရာကို တွေ့လိုတွေ့ငြား ရှာကြည့်ပါသည်။

## (ခ) ကဗျာလက်ရာများ တွေ့ရှိပုံ

၁၉၂၃ ခုနှစ်မှ ၁၉၂၇ ခုနှစ်အတွင်းတွင် သတိုးဗီယ၊ ချစ်စရာ (ပျဉ်းမ နား)၊ ပျဉ်းမနားက နင်းပြားကလောင်အမည်များဖြင့် ဦးချစ်စရာ၏လက်ရာ ပေါင်း (၉၂) ပုဒ်တွေ့ရပါသည်။ ၎င်းတွင် ကဗျာလင်္ကာအမျိုးမျိုး (၈၇) ပုဒ်နှင့် ကျောင်းသုံးစာအုပ်လုံးချင်း (၅) အုပ် ပါဝင်ပါသည်။

အထက်ပါနှစ်များအတွင်း ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ ဇေယျ သတင်းစာတို့တွင် ဦးချစ်စရာ၏ လက်ရာများကို တွေ့ရပါသည်။ မော်ဒန်

ဘားမားတိုင်းသတင်းစာ၊ မြန်မာ့ဝန်ထမ်းသတင်းစာတို့တွင် "ချစ်ချစ်" အမည်ဖြင့်ရေးကြောင်း သူ့အကြောင်းရေးသော စာအချို့အရသိရပါသည်။ သို့သော် ထိုခုနှစ်ထုတ် အဆိုပါသတင်းစာများကို မတွေ့ရသော်ကြောင့် "ချစ်ချစ်" အမည်ဖြင့်လက်ရာများကို အထောက်အထားအဖြစ် မတွေ့ရှိပါ။

ဦးချစ်စရာသည် မြန်မာ့အလင်းမဂ္ဂဇင်းတွင်လည်း ရေးသားခဲ့သည်ဟု သူ့အကြောင်းရေးသော စာအချို့တွင် တွေ့ရပါသည်။ မြန်မာ့အလင်းမဂ္ဂဇင်းကို ၁၉၁၂ ခု၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေပြီး ၁၉၁၅ ခုတွင် ခေတ္တရပ်စဲခဲ့သည်။ ၁၉၃၈ ခု၊ အောက်တိုဘာလတွင် ဒုတိယအကြိမ် ထုတ်ဝေခဲ့သည်။ ဦးချစ်စရာ စာရေးသောကာလသည် မြန်မာ့အလင်းမဂ္ဂဇင်း ခေတ္တရပ်စဲသော ကာလဖြစ်သည်။ သို့ဖြစ်၍ ဦးချစ်စရာသည် ထိုမဂ္ဂဇင်းတွင် ရေးသားခဲ့သည်ဟု မယူဆပါ။

ဒဂုန်မဂ္ဂဇင်းသည် ၁၉၂၀ ခု၊ စက်တင်ဘာလမှစ၍ ထွက်ပေါ်လာသော်လည်း မဂ္ဂဇင်း၏အင်္ဂါရပ်တစ်ခုဖြစ်သော ကဗျာခန်းကို ၁၉၂၃ ခု၊ မေလတွင်မှ ထည့်သွင်းခဲ့သည်။ ဦးချစ်စရာ၏ လက်ရာကို ဒဂုန်မဂ္ဂဇင်းတွင် ၁၉၂၃ ခု၊ မေလမှ စတင်တွေ့ရပါသည်။

၁၉၂၃ ခုအတွင်း ဒဂုန်မဂ္ဂဇင်းတွင် တေးထပ် (၅) ပုဒ်၊ ရတုပိုဒ်စုံ (၁) ပုဒ်၊ ဘောလယ် (၁) ပုဒ် စုစုပေါင်း သူ့လက်ရာ (၇) ပုဒ်တွေ့ရပါသည်။

၁၉၂၄ ခု၊ ဒဂုန်မဂ္ဂဇင်းတွင် တေးထပ် (၄) ပုဒ်၊ လေးချိုးကြီး (၂) ပုဒ် ပေါင်း (၆) ပုဒ်ပါဝင်ပါသည်။

၁၉၂၅ ခုတွင် ဦးချစ်စရာ၏ လက်ရာ (၂၈) ပုဒ်တွေ့ရပါသည်။ ၎င်းတို့အနက် တေးထပ် (၁၃) ပုဒ်၊ လေးချိုးကြီး (၄) ပုဒ်၊ ရှစ်လုံးသွားကဗျာ (၄) ပုဒ်၊ လေးချိုး (၂) ပုဒ်၊ လွမ်းချင်း (၂) ပုဒ်၊ လေးဆစ် (၁) ပုဒ်၊ အိုင်ချင်း (၁) ပုဒ်၊ ဝတ္ထုတို (၁) ပုဒ်ပါဝင်သည်။ ၎င်းတို့ကို ဒဂုန်မဂ္ဂဇင်းတွင်



(၂၂) ပုဒ်၊ သူရိယမဂ္ဂဇင်းတွင် (၄) ပုဒ်၊ ဓေယျသတင်းစာတွင် (၂) ပုဒ်တွေ့ရပါသည်။ သူရိယမဂ္ဂဇင်းတွင် ၁၉၂၅ ခု၊ ဒီဇင်ဘာလမှစ၍ ဦးချစ်စရာ၏ လက်ရာကို တွေ့ရခြင်းဖြစ်ပါသည်။

၁၉၂၆ ခုတွင် ဒဂုန်မဂ္ဂဇင်းနှင့် သူရိယမဂ္ဂဇင်းတို့၌ ဦးချစ်စရာ၏ လက်ရာ (၃၄) ပုဒ်တွေ့ရပါသည်။ ၎င်းတွင် တေးထပ် (၁၃) ပုဒ်၊ လေးဆစ် (၇) ပုဒ်၊ လေးချိုး (၆) ပုဒ်၊ ရတု (၂) ပုဒ်၊ လေးချိုးကြီး (၂) ပုဒ်၊ လင်္ကာ (၁) ပုဒ်၊ ကဗျာဆောင်းပါး (၁) ပုဒ်၊ ကဗျာဝတ္ထု (၁) ပုဒ်၊ တြိချိုး (၁) ပုဒ်တွေ့ရပါသည်။ ၎င်းတို့ကို ဒဂုန်မဂ္ဂဇင်းတွင် (၂၂) ပုဒ်၊ သူရိယမဂ္ဂဇင်းတွင် (၇) ပုဒ်တွေ့ရပြီး ရန်ကုန်မြို့မအမျိုးသမီးအထက်တန်းကျောင်း၊ ဆရာမဟောင်း ဒေါ်ခင်ခင်ကြီးထံမှ ၃၁–၅–၈၅ နေ့တွင် (၅) ပုဒ်ရရှိပါသည်။

၁၉၂၆ ခု၊ ဩဂုတ်လ သူရိယမဂ္ဂဇင်းတွင် ပါရှိသော ဦးချစ်စရာ၏ ကဗျာများအနက် အယ်ဒီတာထံပေးသော တေးထပ် (၁) ပုဒ်နှင့် တြိချိုး (၁) ပုဒ်ပါဝင်သည်။ ၁၉၂၆ ခု၊ ဩဂုတ်လတွင်ပင် အယ်ဒီတာမှ ဦးချစ်စရာထံ ပြန်ပေးသော တေးထပ် (၁) ပုဒ်ကို တွေ့ရပါသည်။

ဦးချစ်စရာထံ အယ်ဒီတာက ပြန်ပေးသော ထိုတေးထပ်နှင့် စပ်လျဉ်း၍ ၁၉၂၆ ခု၊ စက်တင်ဘာလထုတ် သူရိယမဂ္ဂဇင်းတွင် "ကြော့" ဝက်လက် (စာရေးဆရာ မဟာဆွေ) နှင့် နေပြည်တော်ပေါ် ဦးတို့၏ အယ်ဒီတာထံ တောင်းပန်သော တေးထပ် (၂) ပုဒ်ပါရှိပါသည်။ ၎င်းတေးထပ်များကို အခန်း (၃) တွင် ဖော်ပြပါသည်။

၁၉၂၆ ခု၊ စက်တင်ဘာလထုတ် သူရိယမဂ္ဂဇင်းကို မန္တလေးမြို့ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ထံမှကြည့်ရှုခွင့်ရပါသည်။ ၎င်းတွင် ၁၉၂၆ ခု၊ ဇွန်လထုတ် သူရိယမဂ္ဂဇင်းတွင်ပါရှိသော ဦးချစ်စရာ၏ကဗျာ သုံးပုဒ်နှင့်ပတ်သက်၍ ဦးချစ်စရာ၏ ရှင်းလင်းချက်နှင့် အယ်ဒီတာ၏ ဆွေးနွေးချက်ပါသော ကဗျာဆောင်းပါး ပါရှိသည်။ ၎င်းဆောင်းပါးကို အခန်း (၃)

တွင်ဖော်ပြပါသည်။ ၁၉၂၆ ခု၊ ဇွန်လ သူရိယမဂ္ဂဇင်းကို ယနေ့တိုင် ရှာမရ ပါသဖြင့် ထိုကဗျာ သုံးပုဒ်ကို မတွေ့ရပါ။

မည်သည့်နှစ်လ အတိအကျ မသိရသော ဒဂုန်မဂ္ဂဇင်း (ဒဂုန်ကဝိ ပေါင်းချုပ်) မှ ဦးချစ်စရာ၏ ကဗျာ (၉) ပုဒ်ကို တွေ့ရပါသည်။ ၎င်းတွင် တေးထပ် (၄) ပုဒ်၊ လေးချိုးကြီး (၂) ပုဒ်၊ လေးချိုး (၁) ပုဒ်၊ ရှစ်လုံးဘွဲ့ ကဗျာ (၁) ပုဒ်နှင့် လွမ်းချင်း (၁) ပုဒ်ပါဝင်ပါသည်။

၁၉၂၆ ခု၊ အောက်တိုဘာမှစ၍ ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းတို့တွင် ဦးချစ်စရာ၏ လက်ရာများကို မတွေ့ရတော့ပါ။

ဦးချစ်စရာသည် မဂ္ဂဇင်း၊ သတင်းစာများတွင် ကဗျာလင်္ကာများ ရေးသားရုံမျှမက အမျိုးသားကျောင်းများအတွက် ကျောင်းသုံးစာအုပ်များကို လည်း ရေးသားခဲ့သည်။ ၎င်းကို ဗဟိုစာကြည့်တိုက် ကက်တလောက်၊ မြန်မာစာပေစာစုစာရင်း၊ အမျိုးသားကျောင်းများ၏ သင်ရိုးညွှန်းတမ်းတို့ အရ သိရပါသည်။

၁၉၂၄ ခုနှစ်ခန့်တွင် "မြန်မာစာညွှန့်ပေါင်းကျမ်းဋီကာ" ကိုရေးသား ခဲ့သည်။ ရန်ကုန်၊ မြန်မာအမျိုးသားစာပုံနှိပ်တိုက်မှ ထုတ်ဝေသည်။ ၁၉၂၅ ခုတွင် "ကိုးခန်းပျို့မှတ်စု" ကိုရေးသားကြောင်း တွေ့ရပါသည်။ ထို့နောက် "ပုတ္တောဝါဒဆုံးမစာအဖွင့်" ကို ရေးသားသည်။ ၎င်းကို ရန်ကုန်သမား တော်ညွှန့်ကုမ္ပဏီမှ ထုတ်ဝေသည်။ ၁၉၂၇ ခုတွင် "ဂမ္ဘီသာရပျို့ဒီပဏီနှင့် ကဗျာဖွဲ့နည်းကျမ်း" တို့ကို ရေးသားသည်။ ထိုစာအုပ်တို့တွင်ပါသော နိဒါန်းပါနေ့စွဲအရ ကဗျာဖွဲ့နည်းကျမ်းသည် နောက်ဆုံးရေးသားခဲ့သော စာအုပ်ဖြစ်ကြောင်း ယူဆရပါသည်။

၁၉၂၇ ခုတွင် မြန်မာအမျိုးသားစာပုံနှိပ်တိုက်မှ ထုတ်ဝေသော ဦးချစ် စရာရေးသည့် (ကဗျာဖွဲ့နည်းကျမ်း) တွင် သူ့လက်ရာ တေးထပ် (၂) ပုဒ်၊ လေးချိုးကြီး (၁) ပုဒ်၊ လေးချိုး (၁) ပုဒ်တွေ့ရပါသည်။



ဦးချစ်စရာရေးသားသည်ဟု ယူဆကြသော "ညို့ကုန်းယံချောက် နံဘေးမှာလ" အစချီ လှည်းယာဉ်ထပ်ချဲ့လေးချိုးနှင့် စပ်လျဉ်း၍ တွေ့ရှိပုံ ကို တင်ပြလိုပါသည်။

အထက်ပါ လေးချိုးကို ဦးချစ်စရာ (သတိုးပီယ) ရေးကြောင်း အောက်ပါစာအုပ်များ၊ ဆောင်းပါးများတွင် ဖော်ပြထားပါသည်။


၁။ ဦးဝန်နှင့်ဦးသိန်းဟန်၊ "ခေတ်သစ်ကဗျာများ"၊ ရန်ကုန်တက္ကသိုလ် စာအုပ်ထုတ်ဝေဖြန့်ချိရေးကော်မတီ၊ ၁၉၆၂၊ စာ ၃၉။

၂။ ဟံသာဝတီ ဦးဘရင်၊ "ခေတ်သစ်ကဗျာများအဖြေ" ရန်ကုန်၊ စွယ်စုံ စာပေ၊ စာ ၆၉။

၃။ စာရေးဆရာအသင်း နှစ်ပတ်လည်စာစောင်၊ ၁၉၆၃၊ စာ ၁၁၂။

၄။ ဦးထွန်းစိန်၊ "သတိုးပီယ" ငွေတာရီမဂ္ဂဇင်း၊ အမှတ် (၁၀၇) မေ၊ ၁၉၆၉၊ စာ ၆၇။

၅။ မင်းညွန့်နှင့် ရွှေဘိုဦးထွန်းဖေ၊ "လှည်းယာဉ်ကျော့"၊ ရန်ကုန် ဂုဏ်ရည်စာအုပ်တိုက်၊ ၁၉၇၂၊ စာ ၇၀။

၆။ ဦးထွန်းစိန်၊ "သတိုးပီယ" ပညာလောကစာစောင်၊ အတွဲ (၁၃) အမှတ် (၁) (ဇန်နဝါရီ ၁၉၈၂) စာ ၄၅။

၇။ သခ်ီ၊ "ဟိုရှေးက ရေးကြမှတ်ကြသည်" ငွေတာရီမဂ္ဂဇင်း၊ (ဇွန် ၁၉၈၂)၊ စာ ၁၇။

၈။ သုတေသီမြင့်ထွန်း၊ "မြန်မာ့လှည်းယာဉ်ကျော့" စာပေလုပ်သား (နိုဝင်ဘာ ၁၉၈၃) စာ ၁၉။

၉။ စာပေလုပ်သား၊ အမှတ် (၄၃) (နိုဝင်ဘာ ၁၉၈၄) စာ ၁၆။

၁၀။ စန်းသမိန်၊ "ကဗျာဉာဏ် စာဉာဏ်နှင့် ကဗျာ့စွမ်းရည် အမှတ် (၁၂)" သောင်းပြောင်းထွေလာ ရယ်စရာ၊ အတွဲ (၂၁) အမှတ် (၃) (မတ် ၁၉၈၅) စာ ၆၃။

လှည်းယာဉ်ထပ်ချဲ့လေးချိုးနှင့် ပတ်သက်၍ ၁၆–၈–၇၁ နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ (စာ –၃၊ ပြည်သူ့အာဘော်အခန်း) တွင် မောင်လှကြည် (မြန်မာစာ) က ဆွေးနွေးတင်ပြထားပါသည်။

ထိုဆွေးနွေးချက်တွင် “ဦးရာကျော်နှင့် သတိုးပီယ” ဟူသော ခေါင်းစီးဖြင့် အောက်ပါအတိုင်း တင်ပြထားပါသည်။

“ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်” အစချီသော လေးဆစ်ကဗျာနှင့် ထိုလေးဆစ်ကို ထပ်မံချဲ့ထွင် ရေးသားသော “ညို့ကုန်းယံ ချောက်နံ့ဘေးမှာလ” အစချီ လေးချိုးကဗျာများကို ရေးသားသူမှာ ဦးရာကျော်ဖြစ်ကြောင်း၊ ပဥ္စမတန်းနှင့် ဆဋ္ဌမတန်းဖတ်စာများထဲတွင် ပါရှိသဖြင့် သံသယဖြစ်မိသည် ဟူ၍လည်းကောင်း၊

ဆောင်းပါးရှင်အနေဖြင့် ပထမကဗျာသည် ဦးရာကျော်ဆိုသူရေးသားသည့် ရှေးဟောင်းကဗျာတစ်ပုဒ်ဖြစ်ပြီး၊ ထိုကဗျာကို သတိုးပီယဆိုသူက ထပ်မံချဲ့ထွင်ရေးသားခြင်းဖြင့် ဒုတိယကဗျာ ဖြစ်ပေါ်လာသည်ဟု ထင်သည်ဟူ၍ လည်းကောင်း၊

ထိုသို့မဟုတ်လျှင် ဦးရာကျော်နှင့် သတိုးပီယဆိုသူတို့သည် တစ်ယောက်တည်း အတူတူပင် ဖြစ်သလော တွေးတောယူဆနေမိပါသည်ဟူ၍လည်းကောင်း ရေးသားဖော်ပြထားပါသည်။ ထိုရေးသားချက်နှင့် ပတ်သက်၍ ၂၁–၈–၇၁ ခုထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ (စာ ၃) တွင် မြို့မဆရာဟိန်က “ဦးရာကျော်နှင့် သတိုးပီယ” ခေါင်းစီးဖြင့် ပြန်လည် ဖြေကြားထားပါသည်။

“ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်” အစချီ လေးဆစ်ကို မည်သူမည်ဝါရေးခဲ့သည်ဟု မသိနိုင်သော်လည်း ထိုလေးဆစ်ကို တိုးချဲ့စပ်ဆိုထားသော “ညို့ကုန်းယံ ချောက်နံ့ဘေးမှာလ” အစချီ လေးချိုးကဗျာကိုမူ သတိုးပီယ (ဝါ) ပျဉ်းမနားကနင်းပြားကလောင်အမည်ခံ ဆရာဦးချစ်စရာ



သီကုံးဖွဲ့ဆိုခဲ့သည်ကိုမူ အထူးခင်မင်ရင်းနှီးသော ဘဝတူကျောင်းဆရာချင်းဖြစ်၍ အတတ်ပြောနိုင်ကြောင်း မြို့မဆရာဟိန်က ရှင်းလင်းတင်ပြပါသည်။

သတိုးပီယက ၁၉၂၆ ခု၊ ဩဂုတ်လ ဒဂုန်မဂ္ဂဇင်းတွင် သူရေးသားသော “ကဗျာ့အမြုတေဆောင်းပါး” ၌ အဆိုပါကဗျာနှစ်ပုဒ်လုံးကို ထည့်သွင်းထားသည်။

“ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်” ချီ လှည်းဘွဲ့လေးဆစ်ကို ဦးရာကျော်ရေးပြီး အထက်ပါလေးဆစ်ကိုချဲ့သည့် “ညို့ကုန်းယံ ချောက်နံ့ဘေးမှာလ” အစချီ လေးချိုးကို အဆိုပါ ဦးရာကျော်ကပင် ချဲ့သည်ဟု ဖော်ပြထားပါသည်။

ထို့ပြင် ဦးရာကျော်မှာ ပျဉ်းမနားမြို့မှ ယစ်မျိုးအင်စပိတ်တော်ဟောင်းဖြစ်၍ လွန်ခဲ့သော ငါးနှစ်ခန့်က အနိစ္စရောက်လေပြီ။ ၎င်းရေးသမျှကဗျာတို့မှာ ကဗျာမည်ကာမတ္တ၊ ကဗျာဖြစ်ကတတ်ဆန်းများ မဟုတ်၊ နမူနာတစ်ခုပြလောက်အောင် ကောင်းပေ၏။ ၎င်း၏အစ်ကို ကိုဘိုးလှိုင်မှာလည်း ထိုနည်းနှင်နှင် ဖြစ်ပေ၏ဟု ကဗျာ့အမြုတေဆောင်းပါးတွင် သတိုးပီယက ဆက်လက်ဖော်ပြထားသည်ကို တွေ့ရပါသည်။

ထို့ပြင် ၁၉၂၇ ခုတွင် မြန်မာအမျိုးသားစာပုံနှိပ်တိုက်မှ ထုတ်ဝေပြီး သတိုးပီယရေးသော “ကဗျာဖွဲ့နည်းကျမ်း” (စာ ၂၇) ၌ အဆိုပါကဗျာနှစ်ပုဒ်လုံးကို ထည့်သွင်းထားသည်။ ရေးသူအမည်များကို ဖော်ပြထားခြင်း မရှိပါ။

သို့ဖြစ်၍ ၁၉၂၆ ခု၊ ဩဂုတ်လထုတ် ဒဂုန်မဂ္ဂဇင်းတွင် သတိုးပီယရေးသော ကဗျာ့အမြုတေဆောင်းပါးတွင် ဖော်ပြထားချက်အရ

လှည်းဖွဲ့လေးဆစ်နှင့် ၎င်းကိုချဲ့သော လေးချိုးနှစ်ပုဒ်လုံးကို ဦးရာကျော်ပင်ရေးကြောင်း သိနိုင်ပါသည်။

ထို့ပြင် လှည်းယာဉ်ထပ်ချဲ့လေးချိုးတွင် သတိုးပီယဖော်ပြထားသော မူမှာ ...

"ညို့ကုန်းယံ ချောက်နံ့ဘေးမှာလ" အစချီမဟုတ်ဘဲ

"ညို့ဖုံးယံ ချောက်နံ့ဘေးမှာလ" အစချီဖြစ်ကြောင်း သတိပြုမိပါသည်။

❑ ❑ ❑ ❑

## အခန်း (၄)

## ဦးချစ်စရာ စာစုစာရင်း

ဤစာစုစာရင်းတွင် ၁၈၂၃ ခုမှ ၁၈၂၇ ခုအတွင်း ဦးချစ်စရာ ရေးသားသော စာပေလက်ရာများကို စာရင်းပြုလုပ် ဖော်ပြထားပါသည်။ ဤစာစုစာရင်းသည် ဦးချစ်စရာ၏ စာများရှိရာကို ညွှန်ပြပေးပါသည်။ ထို့ပြင် စာပေလက်ရာတစ်ပုဒ်ချင်းတွင် ဤကဗျာသည် မည်သူ့ကို ရယ်ရွှယ်ကြောင်း၊ မည်သည်ကို အကြောင်းပြုရေးသားကြောင်း ဖော်ပြပါသည်။ ထို့နောက် ကဗျာတွင် ပါဝင်သည့် အကြောင်းအရာကို တင်ပြပြီး ယေဘုယျဆန်းစစ်တင်ပြပါသည်။

အမှတ်စဉ် (၁) မှ (၇၈) အထိသည် မဂ္ဂဇင်း၊ သတင်းစာပါ လက်ရာများကို နှစ်အလိုက်စီထားပါသည်။ နှစ်အတွင်းတွင် လအလိုက်၊ စာမျက်နှာအလိုက်ပြန်၍ စီစဉ်ပါသည်။ တစ်ခုနှင့်တစ်ခု အကြောင်းအရာ ဆက်နွှယ်နေသော ကဗျာများကိုလည်း အမှတ်စဉ်ဖြင့် ချိတ်ဆက်ဖော်ပြပါသည်။

အမှတ်စဉ် (၇၉) မှ (၈၇) အထိကဗျာများမှာ ဒဂုန်မဂ္ဂဇင်းတွင် ပါရှိကြောင်းသာသိရ၍ ခုနှစ်လ အတိအကျ မသိရပါ။

အမှတ်စဉ် (၈၈) မှ (၉၂) အထိမှာ ဦးချစ်စရာရေးသားခဲ့သော ကျောင်းသုံးစာအုပ်များကို နှစ်အလိုက်စဉ်ထားပါသည်။

## ၁၉၂၃ ခုနှစ်

၁။ "တန်ခူးလမိုးသဲရာသီဘွဲ့တေးထပ်"၊ ရေးသူ မောင်ချစ်စရာ ပျဉ်းမနားမြို့၊ ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၃)၊ အမှတ် (၃၃) (မေ ၁၉၂၃) စာ ၉၃။

"တိမ်ပန်းခိုင်အထူးလှပြန်တော့" အစချီ။

တန်ခူးလ၏ ဝိသေသများကို ဖော်ညွှန်းပြသော ကဗျာဖြစ်ပါသည်။

သင်္ကြန်ရေသဘင်ပွဲ ကျင်းပသည့် တန်ခူးလရာသီတွင် ကောင်းကင်ယံ၌ တိမ်ဆိုင်တို့ဖြင့် လှပစွာ တန်ဆာဆင်ထားပုံ၊ မိုးခြိမ်းသံများ မကြာခဏမြည်ဟီးလျက် ကောင်းကင်ကြီး ညို့မည်းလာပုံ၊ ပန်းမျိုးစုံပွင့်ကြသည့် ဤလအခါတွင် ရင်ခတ်နှင့်ကန့်ကော်တို့မှာ ရာသီဘွဲ့ပန်းများဖြစ်၍ ထူးခြားစွာ ရနံ့သင်းပျံ့နေပုံ၊ စိတြနက္ခတ်မွန်းတည့်ချိန်ဖြစ်သည့် လေရူးထသော နွေကာလတွင် ဘယ်ဆီသို့လွင့်ရမည် မသိဘဲ လွမ်းချင်စဖွယ်ဖြစ်နေပုံတို့ကို ရေးဖွဲ့ထားပါသည်။

စကားလုံးများ ပြေပြစ်ချောမောခြင်း၊ အဓိပ္ပာယ်ပြည့်ဝခြင်းစသော ဂုဏ်များဖြင့် ညီညွတ်သောကဗျာ ဖြစ်ပါသည်။ ဒဂုန်မဂ္ဂဇင်းတွင် ပထမဆုံးတွေ့ရသည့် ဦးချစ်စရာ၏ လက်ရာဖြစ်သည်။

၂။ "ဒဂုန်ကဝိပေါင်းချုပ်ဘွဲ့ရှစ်ဆယ်ပေါ်တေးထပ်" ရေးသူ ချစ်စရာ ပျဉ်းမနား၊ ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၃) အမှတ် (၃၄) (ဇွန် ၁၉၂၃) စာ ၈၉။

"ကဝိစုံရန်ပုံစံကွန့်" အစချီ။

ဒဂုန်မဂ္ဂဇင်းတွင် ကဗျာများကို ဖော်ပြသော ဒဂုန်ကဝိပေါင်းချုပ်အခန်းကို ဖွဲ့ထားသော ရှစ်ဆယ်ပေါ်တေးထပ်ဖြစ်သည်။

ဒဂုန်ကဝိပေါင်းချုပ်အခန်းတွင် ကဗျာပညာရှင်များအထူးစုံလင်လှသည်။ ခေတ်အလျောက် နှစ်သက်စရာကောင်းသော ကဗျာများကို သူမတူအောင် သီကုံးကြသည်။ သို့ဖြစ်၍ ဒဂုန်မဂ္ဂဇင်းကြီးသည် အရှိန်အဟုန်ကြီးစွာ တိုးတက်လာသည်။ တံခွန်များလေတွင်လွင့်သလို ကျော်ကြားလှသည်။ မွန်မြတ်သော အကြံအစည်စိတ်ကူးများဖြင့် ရေးသားကြ၍ မြန်မာပြည်လုံး နှစ်ခြိုက်မြတ်နိုးကြသည်။ ဘမရသနပလ္လင်ပေါ်တွင် ဘုန်းသမ္ဘာနှင့်ပြည့်စုံသော ဘုရင်သာရှိခဲ့ပါလျှင် ထိုပညာရှင်များကို ဆုလာဘ်များချီးမြှင့်ပေမည်။ ခေတ်သစ်ဝင်သော်လည်း ခေတ်ဟောင်းကဗျာ အရေးအသားများကို မပြင်စေချင်ပါဟု ရေးဖွဲ့ထားပါသည်။



ကာရန်အထပ်ထပ်နှင့် ပြေပြစ်စွာ စပ်ဆိုထားပုံမှာ သင့်လျော်ပါသည်။

၃။ "နွေရာသီအအိုက်ဘွဲ့တေးထပ်" ရေးသူ ချစ်စရာ ပျဉ်းမနား၊ ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၃) အမှတ် (၃၅) (ဇူ ၁၉၂၃) စာ ၅၂။

"လွှာရထည် ကြာချည်မပါလို့" အစချီ။

အရွယ်လွန်အပျိုကြီးမှာ အချိန်မှန်လုပ်ရမည့် အတိုအထွာအလုပ်တွေ များလွန်းပါသည်။ နွေရာသီတွင် ခြင်ထောင်မပါဘဲ လွှာချင်းစောင်လေးနှင့် မှေးစက်ရရှာသည်။ ဟိုမှသည်မှ လေတရဟော တိုးဝှေ့ခံရပြန်သည်။ ကောင်းကင်တွင် တိမ်ပြာတွေ ကသိုဏ်းကွက်လိုပေါ်လာချိန်တွင် သူ့ခမျာအိုက်လွန်း၍ အကြိမ်တစ်ရာလောက် ရေချိုးချင်ပေသည်။ တွေးတောစရာ အပူအပင်တွေကြောင့် အိပ်၍မပျော်နိုင်အောင် အခက်တွေ့နေရသည်။ လေကလည်း မတိုက်၊ အသက်မရှူနိုင်အောင် အိုက်နေ၍ ချစ်သူမောင်ရယ် ဖယ်စမ်းပါဟု ယောင်ယမ်းကာ ပြောမိသေးသည်။ အကယ်၍ သူ့ချစ်သူသာ ယပ်ခတ်ပေးခဲ့လျှင် ယပ်တောင်တစ်ရာခတ်ပေးသည်ထက် အေးမည်ထင်ကြောင်း ရေးသားထားပါသည်။

အထက်ပါတေးထပ်တွင် အကြောင်းအရာ အစီအစဉ်ကျနမှု မရှိဟု ထင်ပါသည်။

၄။ "တောတောင်ဘွဲ့ရှစ်ဆယ်ပေါ်တေးထပ်" ရေးသူ သတိုးပိယ ပျဉ်းမနား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၃) အမှတ် (၃၆) (ဩဂုတ် ၁၉၂၃) စာ ၄၅။

"ဝင်းဖန့်စိုရောင် ညိုမှောင်ကွက်" အစချီ။

ဝါဖန့်ဖန့်တွင် အစိမ်းရောင်သန်းလျက်ရှိသော တောင်ကြီး၏တစ်ဖက်တောဆီကို လှမ်းမျှော်ကြည့်လိုက်လျှင် လျှိုမြောင်အသွယ်သွယ်မှ စမ်းရေများ ညီညာစွာလျောကျနေသည်ကို တွေ့ရမည်။ ရေထဲမှထွက်ပေါ်နေသော ကျောက်ဆောင်ဂမူလေးများပေါ် လေတိုက်ခတ်နေပုံမှာလည်း ထူးဆန်းလှပသည်။ ညနေစောင်းလေပြေလေးများ တိုက်ခတ်လာချိန်တွင် အထူးပင်လွမ်းစရာကောင်းသည်။ ပန်းအငုံအဖူးလေးများ အစီအရီပွင့်နေသည်မှာ မကြုံဘူးအောင် လှပပါသည်။ ထိုရှုခင်းများသည် တစ်ကိုယ်တည်းသမား၏ စိတ်ကိုအေးချမ်းအောင် မပြုနိုင်ပါ။ ကောင်းကင်တစ်ခွင် မှောင်မည်းလာလျှင် မျက်ရည်များစိုရွှဲသွားအောင် ငိုမိကြောင်းရေးထားပါသည်။

ဤတေးထပ်သည် ကဗျာ့ဥပဒေသနှင့် မကိုက်ညီ၊ ကဗျာ့အရသာ မပေါ်လွင်ပါ။

၅။ "မယ်ဘွဲ့ရတုပိုဒ်စုံ" ရေးသူ သတိုးပိယ ပျဉ်းမနား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၄) အမှတ် (၃၈) (အောက်တိုဘာ ၁၉၂၃) စာ ၉၃။

"ဖြောင်းဖြသာချို" အစချီ။

ဘုရားကို တိုင်တည်၍ ဆိုသောမယ်ဘွဲ့ရတုပိုဒ်စုံဖြစ်သည်။

ချစ်သူကို ရည်မှန်းသော မေတ္တာပန်းသည် ဖူးငုံရာမှပွင့်လန်းလာခဲ့သည်။ သင့်တော်သည် မတော်သည်ကို စဉ်းစားရင်းနှင့်ပင် နေ့ရက်တွေကုန်ခဲ့ပြီး ဖွဆောင်းရာသီသို့ပင် ရောက်ခဲ့လေပြီ။ ငွေနှင်းဖြူတို့၏ အအေးဒဏ်ကြောင့် ချမ်းရသည့်အထဲတွင် လေအေးကလေး ကူပင့်တိုက်ခတ်လာ၍ သည်မောင်မှာ စောင်ကိုခြုံ၊ မီးကိုလှုံသော်လည်း အချမ်းမပြေနိုင်ပါ။



သို့ဖြစ်၍ ချစ်သူနှင့် အမြန်နီးရလိုကြောင်း ဆုတောင်းရင်းနှင့်ပင် အချိန်တွေ တရွေ့ရွေ့ ကုန်ခဲ့သည်။ ရှေးဘဝက နှမနှင့်မောင်သည် လှူဒါန်လှူဘက်များ ဖြစ်ခဲ့ဖူး၍ ယခုလို ရေစက်ဆုံကြသည်ဟု ထင်မိကြောင်း ရေးသားထားပါသည်။

တတိယအပိုဒ်တွင် ဆိုလိုချင်သော အကြောင်းအရာ မပေါ်လွင်ပါ။ အထက်ပါရတုတွင် အသတ်အစပ် မညီလှသော်လည်း တော်သင့်သဖြင့် ထည့်သွင်းဖော်ပြလိုက်ပါကြောင်းဟု အယ်ဒီတာ၏ မှတ်ချက်ပါရှိပါသည်။

၆။ "အမျှော်စိုက် မောင်ဘွဲ့ဘောလယ်" ရေးသူ သတိုးပိယ ပျဉ်းမနားမြို့ ဒဂုန်မဂ္ဂဇင်း အတွဲ (၄) အမှတ် (၄၀) (ဒီဇင်ဘာ ၁၉၂၃) စာ ၃၅။

"ရေမီးပွင့်စုံ" အစချီ။

မိမိအပေါ်၌ ချစ်သူထားခဲ့သော မေတ္တာတော်ယိမ်းယိုင်နေသည့်အတွက် ရေးသောအမျှော်စိုက်အလွမ်းသီချင်း ဖြစ်ပါသည်။

ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ထံ ညောင်ရေလောင်း၍ ဆုတောင်းပါသည်။ အဖော်ကွာသူမို့ မပျော်နိုင်ပါ။ မချစ်စဘူးချစ်ရသူမို့ ရူးမတတ်ဖြစ်ရသည်ကို မြင်လှည့်စမ်းပါရှင်၊ မလာအားလျှင်လည်း စာလွှာပါးလိုက်ပါ။ သစ္စာပြုထားသည်ကို မေ့လျော့၍ အချစ်သစ်တွေ့နေမှာကို စိုးရိမ်မိပါသည်ဟု ချစ်သူကိုလွမ်း၍ တမ်းတရပုံကို ရေးဖွဲ့ထားပါသည်။

အဓိပ္ပာယ်ပီပြင်ပြီး အရေးအသားသင့်သည်ဟု ထင်ပါသည်။

၇။ "မှော်ရုံမြိုင်ဘွဲ့တေးထပ်" ရေးသူ သတိုးပိယ ပျဉ်းမနား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၄) အမှတ် (၄၀) (ဒီဇင်ဘာ ၁၉၂၃) စာ ၃၇။

"မှော်ရုံမြိုင်ခင်းသာစွ" အစချီ။

မော်ရုံတောတွင် သိဃိုလ်ပြည့်ရှင် ရာမမင်းသားရွှေသမင်လိုက်သည့် အခန်းကို ဖွဲ့ဆိုထားခြင်း ဖြစ်သည်။

ရာမနှင့်လက္ခဏာမင်းသားတို့သည် သီတာမင်းသမီးလေးကိုခေါ်ကာ သိဃိုလ်ပြည်သို့ ပြန်လာခဲ့ရာ လမ်းခုလပ်၌ မော်ရုံတောတွင်နားနေပါသည်။ ထိုစဉ်လက်ာဒီပပြည့်ရှင် ဒသဂီရိ၏ ညီမဂမ္ဘီသည် လွန်စွာလှပသည့် ရွှေသမင်အသွင်ဆောင်၍ မယ်သီတာမြင်သာစေရန် လျှင်မြန်စွာ ကိုယ်ယောင်ပြလေသည်။ မယ်သီတာမြင်သော် လိုချင်လှသည်ဟု ပူဆာသည်။ ရာမမင်းသားသည် ညီတော်ကို အစောင့်ထားရစ်ကာ လေးကိုကိုင်၍ ရွှေသမင်နောက်သို့ အပြေးလိုက်ခဲ့သည်။ သို့သော်လည်း ရွှေသမင်သည် မော်ရုံတောအတွင်း၌ ကွယ်ပျောက်သွားကြောင်း ရေးဖွဲ့ထားပါသည်။

အထက်ပါ တေးထပ်တွင် လှုပ်ရှားမှုကို အကွက်စေ့စေ့ သရုပ်ဖော်နိုင်ကြောင်း တွေ့ရပါသည်။

## ၁၉၂၄ ခုနှစ်

၈။ "အလောင်းမင်းတရားကြီး ဘုန်းတော်ဘွဲ့တေးထပ်" ရေးသူ သတိုးပီယ ပျဉ်းမနား ဒဂုန်မဂ္ဂဇင်း အတွဲ (၄) အမှတ် (၄၀) (ဖေဖော်ဝါရီ ၁၉၂၄) စာ ၁၁၇။

"ကမ္ဘာကိုဆုံးအောင်ဖွင့်မည်ဟု" အစချီ။

တတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သော အလောင်းမင်းတရားဘွဲ့ခံ ဦးအောင်ဇေယျ၏ ဘုန်းတန်ခိုးကြီးမားပုံကို ဖွဲ့ထားသော တေးထပ်ဖြစ်သည်။

အလောင်းမင်းတရားကြီးသည် မွန်တလိုင်းတို့၏ အကြိမ်ကြိမ် တိုက်ခိုက်မှု၊ ယိုးဒယား၊ ရခိုင်တို့၏ ဝင်ရောက်စွက်ဖက်မှု ရန်များကို မိမိ၏ ဘုန်းတန်ခိုးအာဏာဖြင့် လွှမ်းခြုံကာကွယ်ခဲ့သူဖြစ်သည်။ သီပေါဘုရင်



ပါတော်မူကာ မြို့နှင့်နိုင်ငံကို စွန့်ခွာခဲ့ရသော်လည်း အလောင်းမင်းတရားမှ သီပေါမင်းအထိ ဆယ့်တစ်ဆက်သော ကုန်းဘောင်မင်းတို့၏ တန်ခိုးအာဏာမှာ ကြီးမားလှကြောင်း ရေးထားပါသည်။

စကားလုံးများ ခန့်ညား၍ ရသမြောက်သောအဖွဲ့ဖြစ်သည်။

၉။ "ကုန်းဘောင်ဘွဲ့ကဗျာလေးချိုးကြီး" ရေးသူ သတိုးပီယ ပျဉ်းမနား ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၄) အမှတ် (၄၂) (ဖေဖော်ဝါရီ ၁၉၂၄) စာ ၁၁၇။

"မြန်ထီးတဆောင်" အစချီ။

မြန်မာနိုင်ငံကို တည်ကြည်ခိုင်မြဲသော ခေါင်းဆောင်မှုပေးခဲ့သည့် အလောင်းမင်းတရား၏ တန်ခိုးအာဏာထက်မြက်ပုံ၊ နိုင်ငံတော်ကို ကာကွယ်ပုံတို့ကို ရေးသားထားသည့် လေးချိုးကြီးဖြစ်သည်။

အလောင်းမင်းတရားဘွဲ့ခံ ဦးအောင်ဇေယျသည် မွေးဖွားရာရွှေဘိုမြို့သည် တဘောင်နှင့်အညီပေါ်လာသော ငါးမည်ရမြို့ဖြစ်သည်။ မွန်စစ်သူကြီးဒလပန်းသည် အင်းဝကို အဓမ္မဝင်ရောက်တိုက်ခိုက်သဖြင့် အင်းဝမွန်တို့လက်အောက်ရောက်ခဲ့သည်။ ဦးအောင်ဇေယျသည် မုဆိုးဘိုရွာနှင့် အနီးအနားမှ ရွာများတွင် လူသူလက်နက်ရိက္ခာတို့ စုဆောင်း၍ ပြန်လည်တိုက်ခိုက်ရာ အင်းဝကိုပြန်၍ ရခဲ့သည်။ မုဆိုးဘိုရွာ၏ သတင်းသည်လည်း ကျော်စောခဲ့ရသည်။ အလောင်းမင်းတရားသည် ဇမ္ဗူဒီပါလက်ျာ အောင်ကျွန်း၏ အရှင်သခင်ဖြစ်လောက်အောင် တန်ခိုးကြီးပေသည်ဟု ရေးသားထားသည်။

ရွှေဘိုမြို့၏ဂုဏ်ကို ချီးမွမ်းပြီး ရန်အပေါင်းကို အောင်တော်မူသော အလောင်းမင်းတရား၏ဂုဏ်ကို အထူးဖွဲ့နွဲ့ထားသည်။ ကုန်းဘောင်ရာဇဝင်ဘုရင်ကို ချီးကျူးရာတွင် လွန်ကဲသည်ဟု မဆိုနိုင်အောင် ရေးဖွဲ့ထားပါသည်။

၁၀။ "မယ်ဘွဲ့တေးထပ်" ရေးသူ သတိုးပီယ ပျဉ်းမနား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၄) အမှတ် (၄၅) (မေ ၁၉၂၄) စာ ၉၇။

"ကျီစယ်ကာ မက်လုံးထေ့" အစချီ။

အမူအယာပိုပိုနှင့် ကျီစယ်သော မျက်လုံးကလေးများနှင့် မြူချော့လိုက်သောအခါ မြင်ရသူ အသက်ရှူမှားလောက်ပေသည်။ သူ့ချစ်သူသည် ဒေဝစ္ဆရာပမာလှပသည်ဟု ထင်မိပါသည်။ အသာတကြည်ပွေ့ယူလိုက်လျှင် "အို" ဟု အသံလေးပြုကာ ရန်းမည့်ဟန်ပြင်လေသည်။ ရန်း၍မရလျှင် စိတ်မဆိုးလိုက်ပါနှင့်၊ သူတစ်ပါးထက် ပိုချစ်မိသူပါဟု ချစ်သူနှင့် ကြည်နူးသည့် အကြောင်းကို ရေးထားပါသည်။

အထက်ပါတေးထပ်တွင် စကားလုံးအသုံးအနှုန်းများသည် နွဲ့ပျောင်းခြင်းမရှိသော်လည်း ကဗျာဂုဏ်မြောက်အောင် ဖွဲ့ဆိုနိုင်ကြောင်း တွေ့ရပါသည်။

၁၁။ "အမူနှင့် အချော့ဘွဲ့နှစ်ပါးသွားတေးထပ်" ရေးသူ သတိုးပီယ ပျဉ်းမနား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၄) အမှတ် (၄၅) (မေ ၁၉၂၄) စာ ၉၈။

"ဘိုကရို လှမ်းရလို့" အစချီ။

အကြောင်းအရာ ထူးခြားမှုမရှိသော်လည်း အရေးအသား မှန်ကန်ညီညွတ်သည့် တေးသွားတစ်ပုဒ် ဖြစ်သည်။

၁၂။ "ဧရာဝတီဘွဲ့ကဗျာလေးချိုးကြီး" ရေးသူ သတိုးပီယ ပျဉ်းမနား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၄) အမှတ် (၄၇) (ဇူလိုင် ၁၉၂၄) စာ ၉၈။

"ရေပြာကြည်ကြည်ဖြစ်ရှာသနဲ့" အစချီ။

ဧရာဝတီမြစ်ကိုတိုင်တည်ပြီးရေးသော မေတ္တာဘွဲ့ကဗျာဖြစ်သည်။ စာဆိုသည် မန္တလေးမှ မိတ်ဆွေများကို သတိရသဖြင့် ရေးသားခြင်း ဖြစ်



ပေမည်။ ကဗျာတွင်ဖော်ပြထားသော "ခင်ကြည်" ဆိုသူမှာ မန္တလေးမြို့ ဇာတိမန်းကြည်အမည်ခံ ဦးမောင်မောင်ကြီး (ဒဂုန်နတ်ရှင်) ကိုရည်ရွယ်ပါသည်။

ဧရာဝတီမြစ်အတွင်းရှိ ရေပြာပြာပေါ်တွင် နေရောင်ကလေးများဟပ်နေသည်မှာ လွန်စွာသာယာ၍ ရှုချင့်စဖွယ် ဖြစ်ပါသည်။ ထိုအခါမျိုး၌ ဧရာဝတီမြစ်ကမ်းနဘေးရှိ မန္တလေးမြို့မှ မိတ်ဆွေများကို လွမ်းလှပါသည်။ မြစ်အတွင်းတွင် တံငါလှေများသီချင်းဆိုနေကြပုံ၊ ရွှေဝန်လိုင့်ကတိုး ရေစုန်ရေဆန်မြူးထူးနေပုံတို့ကို တွေ့ရသည်။ လှပသော ထိုရှုခင်းများသည် တစ်ကိုယ်တည်းသမား၏ရင်ကို မအေးစေနိုင်ဘဲ မျက်ရည်စို့လောက်အောင် လွမ်းမိပါသည်။ ဘုရားကန်တော့တိုင်း အမျှဝေပေးပို့သော မေတ္တာပန်းကို မန်ဆင်နိုင်ကြပါစေဟု ရေးဖွဲ့ထားပါသည်။

အထက်ပါ လေးချိုးကြီးသည် ရှည်လျားပြီး ကဗျာ့အရသာ မပေါ်လွင်ပါ။

၁၃။ "သံဝေဂတေးထပ်" ရေးသူ သတိုးပီယ ပျဉ်းမနား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၅) အမှတ် (၅၀) (အောက်တိုဘာ ၁၉၂၄) စာ ၁၀၃။

"သန္ဓေမှာပျိုခြင်းစသော်လဲ" အစချီ။

လောကဓမ္မတာသဘောကို တရားကျဖွယ် ရေးဖွဲ့ထားသည်။

လူ့ဘဝသည် ပျိုမြစ်နုနယ်ခြင်းဖြင့် သန္ဓေတည်ခဲ့ရသော်လည်း နောက်ဆုံးတစ်နေ့ အိုးမင်းရင့်ရော်မှုကြောင့် ပျက်စီးယိုယွင်းရပေမည်။ သောက်ျားမှန်လျှင် မိန်းမနှင့် မကင်းနိုင်သည်မှာ သဘာဝဖြစ်သည်။ ဈာန်ရသော ရသေ့သော်မှ မရှောင်နိုင်ဘဲ ကိလေသာအမှောင်တွင်း နင်းမိရသည်။ ငယ်စဉ်က ရုပ်ရုံ့တွေ ကွယ်ပျောက်ပြီး ဇရာနယ်ကို ရောက်လာချိန်မှာတော့ ကိလေသာနယ်တွင်းမှ ရုန်းထွက်သင့်ကြောင်း။ ခြေကျိုးနေ

သော ဆက်ရက်သဖွယ် စိတ်သွားရာ ကိုယ်မလှမ်းနိုင်တော့၊ တဖြည်းဖြည်းနှင့် သေဖို့နီးလာကြောင်း သံဝေဂရဖွယ် ရေးထားပါသည်။

အနိစ္စသဘောကို သတ္တဝါတိုင်း စောကြောခန့်မှန်းနိုင်အောင် ရေးဖွဲ့ထားသဖြင့် သံဝေဂကဗျာ ပီသသည်ဟုဆိုရမည် ဖြစ်ပါသည်။

## ၁၉၂၅ ခုနှစ်

၁၄။ "ရှင်သန်းမေအား ထိကပါးရိကပါး ရေးသားကြသော ဦးမောင်မောင်ကြီးနှင့် ဗိုလ်ကျော်စွာသို့ သတိပေးလေးချိုးကြီး"၊ ရေးသူ သတိုးပီယ ပျဉ်းမနား၊ ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၅) အမှတ် (၅၃) (ဇန်နဝါရီ ၁၉၂၅) စာ ၁၃၅။

"ဂုဏ်ဒြပ်ကျော်စရာ အတိဗျူဟာကြွဲသလိုပ" အစချီ။

ဒဂုန်မဂ္ဂဇင်းတွင် ရေနံချောင်းမှ ရဟန်းတစ်ပါးက ရှင်သန်းမေအမည်ခံရေးသားသည်။ သူရေးသော ကဗျာများမှာ ကန္တဲ့ကလျနှင့် ဖတ်ချင်စဖွယ်ကောင်းသလို ခပ်ကြမ်းကြမ်းလည်း ရေးတတ်လေသည်။ ၁၉၂၄ ခု၊ အောက်တိုဘာလ ဒဂုန်မဂ္ဂဇင်းတွင် ဦးမောင်မောင်ကြီး ပျဉ်မနား (ဒဂုန်နတ်ရှင်) က ရှင်သန်းမေကို နှုတ်ဆက်သော လေးချိုးကြီးနှင့် (၈၀) ပေါ်ညွန့်တေးထပ်ကို ဖော်ပြခဲ့သည်။ ကဗျာရေးဖော် ဟံသာဝတီကျော်စွာကလည်း ရေနံချောင်းမြို့ ရှင်သန်းမေသို့ ဆောင်းပါးတစ်ပုဒ်နှင့် လေးဆစ်သဖြန်တိုကို ဖော်ပြထားသည်။ ၎င်းကဗျာပါ အကြောင်းအရာတို့ကို ရည်ရွယ်၍ သတိုးပီယက အထက်ပါလေးချိုးကြီးကို ရေးသားခြင်း ဖြစ်ပေမည်။

ရှင်သန်းမေကို မိန်းကလေးအထင်နှင့် ရိသဲ့သဲ့ မလုပ်ကြပါနှင့် မိန်းမပျိုလေးမဟုတ်ဘဲ ရဟန်းတော်ဖြစ်နေလျှင် သို့တည်းမဟုတ် အမေအိုအရွယ်ဖြစ်နေလျှင် အများရယ်စရာ ကောင်းပါလိမ့်မည်။ မပိုးပန်းကြဘဲ သတိတရားနှင့်ယှဉ်၍ ရေးကြပါရန် ဦးမောင်မောင်ကြီးနှင့်ဗိုလ်ကျော်စွာတို့ကို သတိပေးကြောင်း ဖွဲ့ဆိုထားပါသည်။



ဆိုလိုသော အဓိပ္ပာယ်ကို မကွယ်မထောက် ကွက်ကွက်ကွင်းကွင်းပေါ်အောင် ရေးဖွဲ့ထားသည်။ စကားလုံးပြောင်မြောက်၍ ကာရန်စပ်ဟပ်ပုံ ပြေပြစ်သော ကဗျာတစ်ပုဒ်ဖြစ်ပါသည်။

၁၅။ "တခိုင်လုံးစိန် ဇာတ်ကားအတွက် စိန်ဘွဲ့တေးထပ်" ရေးသူ သတိုးပီယ ပျဉ်းမနား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၅) အမှတ် (၅၅) (မတ် ၁၉၂၅) စာ ၁၄၅။

"စိန်ဘွေမှာ စိန်တွေစု" အစချီ။

တခိုင်လုံးစိန်ဇာတ်ကားကို ၁၉၂၅ ခု၊ ဇန်နဝါရီလတွင် ရုံတင်ပြသသည်။ ရန်ကုန်မြန်မာအဆွေကုမ္ပဏီမှ ထုတ်လုပ်သည်။ တုတ်ကြီးအမည်ခံ ဒါရိုက်တာ မောင်မောင်ပုက စီစဉ်ရိုက်ကူးသည်။ မင်းသား မောင်မောင်စိုး မင်းသမီး ခင်သစ်နှင့် ဦးဘကလေးတို့ ပါဝင်ကြသည်။

တခိုင်လုံးစိန်ဇာတ်ကားကြီးသည် အကောင်းတကာ့အကောင်းတွေစုနေကြောင်း ဝေါဟာရကြွယ်ဝစွာ ရေးဖွဲ့ထားပါသည်။

တခိုင်လုံးစိန်ဇာတ်ကားမပေါ်မီ မြန်မာအဆွေကုမ္ပဏီက တခိုင်လုံးရွှေဇာတ်ကား ရိုက်ကူးသည်။ တခိုင်လုံးစိန်တွင် မင်းသား (မောင်မောင်စိုး) က မောင်မောင်စိန်၊ မင်းသမီး (ခင်သစ်) က မေမေစိန်၊ ဦးဘကလေးက ဘဏ်တိုက်သူဌေးကြီး ဦးတက်စိန်အမည်ဖြင့် ပါဝင်သရုပ်ဆောင်သည်။ ထိုသို့ စိန်ချည်းအမည်မှည့်ခေါ်ကြ၍ တခိုင်လုံးစိန်နာမည်ပေးသည်ထင်ကြောင်း လူထုဒေါ်အမာက "ရွှေရိုးဘကလေး ဒု–တွဲ" တွင် ရေးသားထားလေသည်။

၁၆။ "မြန်မာစာညွန့်ပေါင်းကျမ်းငိုကာဘွဲ့တေးထပ်" ရေးသူ ပျဉ်းမနားကမ်းပြား ဒဂုန်မဂ္ဂဇင်း အတွဲ (၅) အမှတ် (၅၅) (မတ် ၁၉၂၅) စာ ၁၄၉။

"အလင်္ကာဟောင်းတကာ" အစချီ။

ဦးချစ်စရာသည် အင်္ဂလိပ်–မြန်မာနှစ်ဘာသာသင် အထက်တန်းကျောင်းများအတွက် မြန်မာစာညွှန့်ပေါင်းကျမ်းငိုကာကို ရေးသားခဲ့သည်။ ထိုစာအုပ်အကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်သည်။

စာဟောင်းပေဟောင်းများထဲမှ အကောင်းတကာ့ အကောင်းဆုံးကို စေတနာကြီးစွာ စုဆောင်းထားသော စာစောင်ဖြစ်သည်။ မြန်မာစာပေနှင့် ပတ်သက်၍ သိသင့်သိထိုက်သမျှကို အထူးရေးသားထားပါ၍ အလွန်ကောင်းပါသည်ဆိုလျှင် ပိုသည်မထင်ကြပါနှင့်။ ဤစာစောင်သည် ဆီမီးသဖွယ် ပညာအလင်းရောင်ပေးနိုင်ပါသည်ဟု ချီးကျူးရေးသားထားပါသည်။

စကားလုံးများ ပြေပြစ်ချောမောခြင်း၊ အဓိပ္ပာယ်ပြည့်ဝခြင်းစသော ဂုဏ်များဖြင့် ညီညွတ်သည့်ကဗျာတစ်ပုဒ် ဖြစ်ပါသည်။

၁၇။ "ဖေယျသတင်းစာဘွဲ့ရှစ်ဆယ်ပေါ် တေးထပ်" ရေးသူ မောင်ချစ်စရာ ပျဉ်းမနား၊ ဖေယျသတင်းစာ အတွဲ (၁) အမှတ် (၁) (ဧပြီ ၁၀ ၁၉၂၅) စာ ၁။

"ကြုံခေါင့်ကြုံပေ" အစချီ။

မိတ်ဆွေဖြစ်သူ ဆရာဖေယျသည် ဖေယျသတင်းစာကို ၁၉၂၅ ခု၊ ဧပြီလတွင် စတင်တည်ထောင်သည့်အတွက် ဦးချစ်စရာက ရေးသားပေးပို့သော တေးထပ်ဖြစ်သည်။

ဖေယျသတင်းစာသည် လောကီလောကုတ္တရာ ဗဟုသုတစုံစွာ ပါဝင်သည်။ စေတနာသဒ္ဓါထက်သန်စွာဖြင့် ပေါ်ထွက်လာသည်။ ဖေယျဆိုသည်မှာ အောင်မြင်ခြင်းပေမို့ ဤသတင်းစာသည်လည်း မုချအောင်ပွဲခံနိုင်မည်ဖြစ်ပေကြောင်း ရေးသားထားပါသည်။



ဤတေးထပ်တွင် သုံးထားသော အချို့သော ပါဠိဝေါဟာရများသည် အဓိပ္ပာယ်ဖော်ရန် ခက်ခဲလှသည်ဟုထင်ပါသည်။

ဤတေးထပ်တွင် သုံးထားသော အချို့သော ပါဠိဝေါဟာရများသည် အဓိပ္ပာယ်ဖော်ရန် ခက်ခဲလှသည်ဟု ထင်ပါသည်။

အထက်ပါတေးထပ်ကို ၁၉၂၇ ခု၊ စက်တင်ဘာလထုတ် ဗြိတိသျှဘားမားမဂ္ဂဇင်း နံပတ် (၉) (ဂီတမေဒနီအခန်း) စာ ၁၄၁ တွင်လည်း ထည့်သွင်းဖော်ပြထားပါသည်။ ဆရာဖေယျက ဦးချစ်စရာကွယ်လွန်ကြောင်း အမှတ်တရအနေဖြင့် ဖော်ပြထားခြင်း ဖြစ်ပေသည်။

၁၈။ "ဦးရွှေရိုး" ရေးသူ သတိုးဗိယ ဖေယျသတင်းစာ အတွဲ (၁) အမှတ် (၁၄) (ဇူလိုင် ၁၃ ၁၉၂၅) စာ ၁၁။

မြန်မာအဆွေကုမ္ပဏီမှ ၁၉၂၃ ခုတွင် တင်ဆက်သော တောမြိုင်စွန်းက လွမ်းအောင်ဖန် ဇာတ်ကားကြီးတွင် ဦးဘကလေး (ကာတွန်း ရွှေတလေး) သည် ဦးရွှေရိုးအမည်ဖြင့် ရုပ်ရှင်လူပြက်ကြီးအဖြစ် အသုံးတော်ခံခဲ့သည်။ သရုပ်ဆောင်ရာ၌ အထူးပင်ကောင်းမွန်သဖြင့် လွန်စွာနာမည်ကြီးခဲ့သည်။

ထိုဇာတ်ကားအတွက် နန်းတော်ရှေ့ဆရာတင်ရေးသော "အောင်မယ် ရိုးပေတယ် ရိုးပေတယ် ဦးရွှေရိုးကြီးရယ်" ဆိုသောသီချင်းသည် အလွန်ကျော်ကြားခဲ့ပါသည်။ သို့ဖြစ်၍ သတိုးဗိယကလည်း ရေပန်းစားနေသော ဦးရွှေရိုးအမည်ဖြင့် ဝတ္ထုတိုရေးခဲ့ခြင်း ဖြစ်ပေမည်။

ဇာတ်လမ်းမှာ မောင်လှိုင်၊ မောင်မြိုင် အမြွှာညီအစ်ကိုတွင် မောင်လှိုင်မှာ ရိုးအေး၍ စကားနည်းပြီး၊ မောင်မြိုင်မှာမူ စကားကြွယ်၍ လည်လည်ပတ်ပတ်ရှိသည်။ မောင်လှိုင်မှာ လူပျိုကြီးဖြစ်ပြီး မောင်မြိုင်မှာ နှစ်လ အတွင်း အိမ်ထောင်သုံးဆက်ပြောင်းကာ လူပျိုလှည့်ခြင်းကိုစွတွင်

ကျွမ်းကျင်သူဖြစ်သည်။ အခြားရွာမှ လိမ္မာရေးခြားရှိသူ မလေးကြီးဆိုသော အမျိုးသမီးနှင့် မောင်လှိုင်ကို သဘောတူသဖြင့် မောင်မြိုင်ကပုံမှားရိုက်ကာ အစ်ကိုကို အိမ်ထောင်ဘက်ရှာပေးသော ဇာတ်လမ်းဖြစ်သည်။ ဝတ္ထုထဲတွင် "အောင်မယ်ရိုးပေတယ်၊ ရိုးပေတယ် ဦးရွှေရိုးကြီးရယ်" ဆိုသော စကားကို အသုံးပြုထားသည်။

အမြွာညီအစ်ကိုနှစ်ဦး၏ မတူညီသောစရိုက်ကို သရုပ်ဖော်ရာတွင် ပီပြင်သော်လည်း ဦးတည်ချက်ပိုင်းနှင့် အကြောင်းအရာပိုင်း အားနည်းသည်ဟု ဆိုချင်ပါသည်။

၁၉။ "မြို့မတိုင်းသားနှင့် တိုင်းရင်းသူအထက်တန်းကျောင်းကြီးနှစ်ကျောင်းဘွဲ့ကဗျာ မဟာလေးချိုးကြီး" ရေးသူ သတိုးပိယ ပျဉ်းမနား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၅) အမှတ် (၅၉) (ဇူလိုင် ၁၉၂၅) စာ ၂၂၆။

"ဇမ္ဗူခေတ်မြန်မာတခွင်မှာ" အစချီ။

ရန်ကုန်တက္ကသိုလ်ဥပဒေကို သပိတ်မှောက်လှုပ်ရှားမှုကြီးပေါ်ပေါက်ပြီးသည့်နောက် မြန်မာနိုင်ငံတခွင်လုံးတွင် အမျိုးသားကျောင်းများပေါ်လာသည်။ ထိုအမျိုးသားကျောင်းများအနက် ရန်ကုန်မြို့မတိုင်းရင်းသားနှင့် တိုင်းရင်းသူအထက်တန်းကျောင်းကြီးနှင့် ကျောင်း၏ဂုဏ်သတင်းကြီးမားပုံ၊ ရည်ရွယ်ချက်မွန်မြတ်ပုံတို့ကို ရေးဖွဲ့ထားပါသည်။

လအရောင် နေအရောင်ပမာ ပညာဂုဏ်ထွန်းလင်း တောက်ပနေသော ထိုမြို့မနေရှင်နယ်နှစ်ကျောင်းတွင် ရာဇဝင်ကျမ်းဂန်အပြင် ကဗျာလင်္ကာကိုလည်း အထူးကျနစွာ သင်ပေးနေကြောင်း၊ မြန်မာပြည် တစ်ဝန်းလုံးတွင် ဉာဏ်ပညာအရောင်များဖြင့် လွှမ်းမိုးသွားလောက်အောင် အစွမ်းထက်လှသော ကျက်သရေဆောင် ကျောင်းကြီးနှစ်ကျောင်းဖြစ်ကြောင်း ရေးသားထားသည်။



အမျိုးသားကျောင်းဆရာဘဝတွင် စိတ်ပါလက်ပါရေးသားခဲ့ပြီး မျိုးချစ်ဝံသာနုစိတ်ကိန်းအောင်းနေသော ကဗျာကောင်းတစ်ပုဒ်ဟု ယူဆပါသည်။ မှတ်တမ်းတင် အသိပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ရေးဖွဲ့ထားခြင်း ဖြစ်ပေမည်။

၂၀။ "လယ်တီပဏ္ဍိတ ဆရာ ဦးမောင်မောင်ကြီး ဘွဲ့ရှစ်လုံးသွား မြန်မာကဗျာ" ရေးသူ သတိုးပိယ မြို့မအထက်တန်းကျောင်း၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၅) အမှတ် (၅၉) (ဇူလိုင် ၁၉၂၅) စာ ၂၃၉။

"လယ်တီပဏ္ဍိ" အစချီ။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ပါဠိဘာသာရှစ်လုံးဘွဲ့ဂါထာကို မှီး၍ မန္တလေးပထမ မဟာဝိသုဒ္ဓါရာမဆရာတော် စထွင်ခဲ့သည်ဆိုသော ရှစ်လုံးဘွဲ့ကဗျာကို တွင်ကျယ်စွာ စီကုံးခဲ့သူဖြစ်သည်။ ၎င်းကို ချီးကျူးရေးသားထားခြင်းဖြစ်သည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ပညာရှိတို့တွင် အထွတ်အထိပ်စာရင်းဝင်ဖြစ်ကြောင်း၊ နက်နဲလှသော သိပ္ပံအတတ်ပညာများကိုလည်း ထူးချွန်သူဖြစ်ပြီး သက္ကတဘာသာတွင်လည်း နှံ့နှံ့စပ်စပ်ထက်မြက်သူ ဖြစ်ကြောင်း ဖွဲ့ဆိုထားပါသည်။

ဆရာကို ရိုသေသမှုပြု၍ ဂုဏ်တင်ထားသော ကဗျာဖြစ်ပါသည်။

၂၁။ "မစ္စတာဆရာမှိုင်းသို့ဖွဲ့ဆို ရေးသားသော ရှစ်လုံးသွားမြန်မာကဗျာ" ရေးသူ သတိုးပိယ မြို့မအထက်တန်းကျောင်း၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၅) အမှတ် (၅၉) (ဇူလိုင် ၁၉၂၅) စာ ၂၃၉။

"ကဗျာဗန္ဓ" အစချီ။

အထက်ပါကဗျာသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးလေးချိုးကြီးများကို လှုံ့ဆော်ရေးသားသူ သခင်ကိုယ်တော်မှိုင်းကို အကြောင်းပြု၍ ရေးသားထားပါသည်။

ဆရာမှိုင်းကြီးသည် ကဗျာလင်္ကာများကို လျင်မြန်စွာ ဖွဲ့စီကုံးနိုင်သော ပညာရှိကြီးဖြစ်ကြောင်း၊ ဆင်မုံသောက်အရွယ်လိုပင် ပညာဂုဏ်ကို အစွမ်းကုန်ပြနိုင်သူဖြစ်ကြောင်း၊ ရာဇဝင်ကြောင်းကိုလည်း ဒိုးကဲ့သို့ မွှေနှောက်သိသူဖြစ်၍ သူတကာထက် ထူးခြားသူဖြစ်ကြောင်း ရေးဖွဲ့ထားပါသည်။

ဆရာမှိုင်း၏ဂုဏ်ပုဒ်ကို တိုတိုရှင်းရှင်းနှင့် ထိထိမိမိဖော်ပြထားသော အဖွဲ့ဟု ဆိုနိုင်ပါသည်။

၂၂။ "ဒဂုန်မဂ္ဂဇင်းဘွဲ့ရှစ်လုံးသွားမြန်မာကဗျာ" ရေးသူ သတိုးပီယ မြို့မ အထက်တန်းကျောင်း၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၅) အမှတ် (၅၉) (ဇူလိုင် ၁၉၂၅) စာ ၂၃၉။

"ပကိဏ္ဏက" အစချီ။

ဒဂုန်မဂ္ဂဇင်းသည် ၁၉၂၀ ခု၊ စက်တင်ဘာလမှစ၍ ပေါ်ထွက်လာသည်။ ရုပ်ပုံပေါင်းများစွာနှင့် ကျနသေချာစွာ ထုတ်ဝေသော မဂ္ဂဇင်းကြီးဖြစ်၍ လွန်စွာနာမည်ကြီးသည်။ ၎င်းမဂ္ဂဇင်းကြီးကို ချီးကျူးရေးသားသော ကဗျာဖြစ်သည်။

ဒဂုန်မဂ္ဂဇင်းကြီးသည် အထွေထွေပညာနှင့်ပြည့်စုံသော ပညာဆည်းပူးရာ ဗဟိုဌာနကြီးဖြစ်ကြောင်း၊ ထိုမဂ္ဂဇင်း၏ ပညာသတင်းသည် အလွန်ပင် သင်းပျံ့ကြိုင်လှိုင်နေကြောင်း ဖွဲ့ဆိုထားသည်။

အထက်ပါကဗျာတွင် ခံ့ညားသော အသုံးအနှုန်းများကို တွေ့ရပြီး ကဗျာဂုဏ်မြောက်အောင် ရေးဖွဲ့နိုင်သည်ဟု ထင်ပါသည်။

၂၃။ "မြစ်နှင့်ချောင်းဆီးထားသော ရိုးစားဘွဲ့တေးထပ်" ရေးသူ ဖျဉ်းမနား သတိုးပီယ ရန်ကုန်၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၅) အမှတ် (၆၀) (ဩဂုတ် ၁၉၂၅) စာ ၂၈၀။



"ရှုပါရုံတချက်ထိရုံနှင့်" အစချီ။

မိမိချစ်ရသူနှင့် တစ်မြေစီဝေးနေရပုံကို ရေးဖွဲ့ထားပါသည်။

မိမိနှစ်သက်သော မိန်းကလေး၏ ဂုဏ်သရေရှိပုံ၊ ရုပ်ရည်ရူပကာချောမောပုံ၊ မိန်းမမြတ်စာရင်းဝင်ပုံတို့ကို ဖော်ပြသည်။ နှစ်ယောက်တွေ့ဆုံရန် မြစ်ချောင်းများခြားနေသည့်အတွက် လှေတစ်တန်စီး၍လာရမည်ဖြစ်သည်။ မိမိ၏အချစ်ကို လက်ခံနိုင်၊ မခံနိုင်စဉ်းစား ဆုံးဖြတ်ပေးပါဟု ရေးသားထားသည်။

ဤတေးထပ်တွင် ၁၈ ပိုဒ်သာမက နှစ်သက်ရာထည့်သွင်းနိုင်စေရန် အပိုဒ်ပိုအနည်းငယ် ထည့်ပေးထားသည်။ ကာရန်စပ်ပုံစုံလင်သည့်အတွက် ည်သည့်အပိုဒ်ပင်ထည့်သွင်း ဖတ်ရှုစေကာမူ အဆင်ပြေပါသည်။ စာဆို၏ အရေးအသား ကျွမ်းကျင်မှုကို ဤကဗျာတွင် တွေ့နိုင်ပါသည်။

၂၄။ "အောင်ကြိုးခံဆွယ်လှည့်သော နယ်ဘွဲ့တေးထပ်" ရေးသူ ဖျဉ်းမနား သတိုးပီယ ရန်ကုန်၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၅) အမှတ် (၆၀) (ဩဂုတ် ၁၉၂၅) စာ ၂၈၀။

"လေးတရာဈွောမြ" အစချီ။

မိမိနှစ်သက်သော မိန်းကလေး၏အချစ်ကို မျှော်လင့်နေရကြောင်း ရေးသားထားသည်။

နိမ့်မယောင်နှင့် လက်လှမ်းမမီနိုင်သည့် မိန်းမပျိုလေးတွင် ချစ်ကြိုက်သူများ ဝိုင်းဝိုင်းလည်နေပါသည်။ မိမိဘက်မှ ကူညီပြောပေးမည့်သူလည်း မရှိပါ။ မိန်းကလေး၏ သဘောအလျောက် တုန့်ပြန်ချစ်မည်ဆိုလျှင် မိမိသည် အလွန်ကံထူးသူ ဖြစ်ပေမည်ဟု ရေးဖွဲ့ထားပါသည်။

အထက်ပါ တေးထပ်တွင် အသုံးနည်း၍ အဓိပ္ပာယ်မပေါ်သော စကားအသုံးအချို့ကို တွေ့ရသည်။ နဘေထပ်ကာရန် မှန်ကန်ညီညွတ်မှုကို ဦးစားပေး ရေးဖွဲ့ထားပေသည်။

၂၅။ "ဂုဏာတ္တပကာသနီ ကိုယ်ရည်သွေးတေးထပ်" ရေးသူ ပျဉ်းမနားသတိုးပီယ ရန်ကုန်၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၁) (စက်တင်ဘာ ၁၉၂၅) စာ ၉၇၊ အချပ်ပို။

"သတိုးမောင်ပီယဟု" အစချီ။

ဂုဏာတ္တပကာသနီဆိုသည်မှာ ဂုဏ်ရည်ကို စုပေါင်းတင်မြှောက်ခြင်းဟု အဓိပ္ပာယ်ရသည်။ ဤသို့သော ကဗျာများကို တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်လိုသောအခါ ရေးလေ့ရှိသည်။ တစ်ဖက်သားကို နှိမ့်ချ၍ မိမိကိုယ်ကို မြှောက်စားရေးခြင်းမျိုးဖြစ်သည်။ ဤကဗျာတွင် အပြိုင်အဆိုင်မရှိဘဲ မိမိဂုဏ်ကိုသာ ချီးမြှောက်ထားသဖြင့် "ဂုဏ်ဟေ့တေးထပ်" ဟုလည်းခေါ်နိုင်သည်။ ပြိုင်ဘက်မရှိဘဲ တစ်ဦးတည်း လက်ခမောင်းခတ်ခြင်းမျိုး ဖြစ်သည်။

သတိုးပီယသည် အဆိုအတီးအမှုတ်တွင်သာမက ကဗျာအရာတွင်လည်း ထူးချွန်လှပေသည်။ ပါရမီထက်သန်သူဖြစ်၍ သူ၏ကဗျာများမှာ ပို၍သာကောင်းလာတော့သည်။ ကဗျာပညာရှင်များထဲတွင် ရှာမှရှားပေကြောင်း၊ ဘုရင့်ထံအမှုတော်ထမ်းရသော ဦးပုညတို့လိုပင် တိုင်းသိ ပြည်သိ ပညာရှင်ဖြစ်ပေကြောင်း ရေးဖွဲ့ထားပါသည်။

အထက်ပါ တေးထပ်တွင် အစပ်အဟပ်သင့်သော်လည်း အဓိပ္ပာယ်မပြေပြစ်သော အသုံးမျိုးတွေ့ရပါသည်။

၂၆။ "ရွှေတိဂုံဘုရားဘွဲ့လေးချိုး" ရေးသူ ပျဉ်းမနားသတိုးပီယ ရန်ကုန်၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၁) (စက်တင်ဘာ ၁၉၂၅) စာ ၉၇ အချပ်ပို။

"ထွေရာရာစုံသမို့တွေနဲ့" အစချီ။

ရေပတ်လည်ဝန်းရံနေသည့် တိဂုန်မြို့တော်ကြီးတွင် ဆံတော်မြတ်ကိန်းအောင်းရာ ရွှေတိဂုံစေတီတော်တည်ထားပါသည်။ စေတီမြတ်တည်



ရာ သိင်္ဂုတ္တရတောင်ပေါ်တွင် ဘုရားဖူးရဟန်းရှင်လူများတို့၏သာ စည်ကားနေပါသည်။ အန္တရာယ်ရန်အသွယ်သွယ်မှ ကင်းစေရန်၊ နိဗ္ဗာန်မဂ်ဖိုလ်သို့ တက်လှမ်းရန် ပြင်နေကြပါသည်။ နိဗ္ဗာန်သောင်ကမ်းသို့ ဖောင်ကူးတို့နှင့် ဆောင်ပို့တော်မူပါ ဘုရားရှင်ထံ ဆုတောင်းပါကြောင်း ရေးသားထားပါသည်။

အထက်ပါလေးချိုးသည် အချိုးကျမှန်သော်လည်း အထပ်အတွန်များနေပြီး ကဗျာ့အရသာမပေါ်လွင်ပါ။

၂၇။ "ရှင်သန်းမေမူဟန် မလျော်သဖြင့် လူပြန်တော်နှင့် ညားရကြောင်းဘွဲ့ဆိုရေးသားအပ်သော လေးချိုးကြီး" ရေးသူ ပျဉ်းမနားကနင်းပြား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၁) (စက်တင်ဘာ ၁၉၂၅) စာ ၁၇၇၊ အချပ်ပို။

"ဇင်ပန်းခွေသွင်တူအလားပေမဲ့" အစချီ။

ရှင်သန်းမေသည် ရဟန်းဝတ်နှင့် ကဗျာလင်္ကာများကို ရေးသားသူဖြစ်ပြီး ကဗျာအဖွဲ့တွင်လည်း အလွန်ထက်မြက်သူဖြစ်သည်။ သတိုးပီယက ၎င်းကိုကျီစယ်ကာ ရေးဖွဲ့ထားသော ကဗျာတစ်ပုဒ်ဖြစ်ပါသည်။

ရှင်သန်းမေအပျိုစင်ဘဝတွင် မှန်ရှေ့၌ ကျကျနန အလှပြင်ကာ ဘယ်လိုလူပျိုကိုယူမည်ဟု စိတ်ကူးယဉ်နေကြောင်း၊ သို့သော် တကယ်တမ်းတွင် မှန်းချက်နှင့်မကိုက်၊ မကောင်းကျင့်မှန်သမျှ လိုက်စားသူ လူပြန်တော်နှင့် ညားရသည်မှာ ရှေးကုသိုလ်နည်း၍ထင်ကြောင်း ရေးဖွဲ့ထားပါသည်။

တစ်ပုဒ်လုံးတွင် ရိုးရိုးနှင့် သရုပ်ပေါ်လှသော စကားလုံးများကို သုံးထားသည်။ အရေးအသား အလွန်သွက်လက်ပြီး ရှင်လင်းပြတ်သားသည်။ စာဆို၏ကာရန်နဘေနိုင်နင်းသည့် ကဗျာရည်ကို အထက်ပါလေးချိုးကြီးတွင် အကဲခတ်နိုင်ပါသည်။

၂၈။ "ရှင်သန်းမေ လင်ယူမှားၡ၍ သားဖွားဘွဲ့ (၈၀) ပေါ" ရေးသူ ပျဉ်းမနားကနင်ပြား ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၁) (စက်တင်ဘာ ၁၉၂၅) စာ ၇၇၊ အချပ်ပို။

"ငါးဝအာဝေဝတ်နှောင်တဲမှ" အစချီ။

ရှင်သန်းမေသည် ရဟန်းဝတ်နှင့် မိန်းကလေးအမည်ခံကာ ရေးသားသည်ကို နောက်ပြောင်သည့်အနေနှင့် ပဋ္ဌင်းလူထွက်နှင့်ညားပြီး သားဖွားကြောင်း ရေးသားထားခြင်းဖြစ်သည်။

ရှင်သန်းမေမီးဖွားရာတွင် ခံစားရသော ဒုက္ခဝေဒနာအပေါင်းကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းပေါ်လွင်အောင် ရေးဖွဲ့ထားပေသည်။

ဟာသဉာဏ်ကွန့်မြူး၍ ထင်ရှားပြေပြစ်စွာ ရေးဖွဲ့ထားသည်မှာ ချီးမွမ်းဖွယ်ရာဖြစ်ပါသည်။

၂၉။ "ပျဉ်းမနားမြို့ မြန်မာ့သြဘာကုမ္ပဏီတိုက်ရှင် ဦးမောင်မောင်ကြီးသို့ မာန်မပွားအကြောင်းပြန်ကြားသော တေးထပ်"၊ ရေးသူ ဆရာမောင်ချစ်စရာ၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၁) (စက်တင်ဘာ ၁၉၂၅) စာ ၁၉၂။

"ကလောင်ယဉ်တမျိုးဝင့်ပါရ" အစချီ

၁၉၂၅ ခု၊ သြဂုတ်လထုတ် ဒဂုန်မဂ္ဂဇင်းတွင် ပျဉ်းမနားမြို့ ဦးမောင်မောင်ကြီးမှ ဦးချစ်စရာထံရေးသော တေးထပ်တစ်ပုဒ်နှင့် ရှစ်လုံးဘွဲ့ကဗျာတစ်ပုဒ်ပါသည်။ ၎င်းကို ဦးချစ်စရာက ပြန်ကြားဖြေဆိုခြင်းဖြစ်သည်။

သူ့ကိုမိတ်ဆွေတု၊ မိတ်ဆွေယောင်ရယ်ဟု မထင်လိုက်ပါနှင့် မိတ်ဆွေစစ်စာရင်းမှာ အရင်ဆုံးသွင်းလိုက်ပါ။ နှုတ်ချိုပြီး စိတ်ထားကောက်ကျစ်သူမျိုးလည်း မဟုတ်ပါ။ လိပ်ကဲ့သို့ ကိုယ်ဘက်ကိုယက်တတ်သူလည်း မဟုတ်ပါ။ မိတ်ဆွေအတွက် အရေးကြုံလျှင် အသက်စွန့်ရန် လက်မရွံ့သူ



ဖြစ်ပါသည်။ မိတ်ကောင်းမိတ်မြတ်စာရင်းမှ တံဆိပ်ထိုးသလို ဘယ်တော့မှ မပျက်ယွင်းစေရပါဟု ရေးဖွဲ့ထားသည်။

အကြောင်းအရာပိုင်း၊ အရေးအသားပိုင်း၊ ထည်ဝါခံ့ညားသော တေးထပ်တစ်ပုဒ်ဖြစ်ပါသည်။

၃၀။ "ပျဉ်းမနားမြို့ မြန်မာ့သြဘာကုမ္ပဏီတိုက်ရှင် ဦးမောင်မောင်ကြီးသို့ ရှစ်လုံးဘွဲ့ကဗျာ" ရေးသူဆရာ မောင်ချစ်စရာ၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၁) (စက်တင်ဘာ ၁၉၂၅) စာ ၁၉၂။

"စိတ်တူညီမျှ" အစချီ။

၁၉၂၅ ခု၊ သြဂုတ်လ ဒဂုန်မဂ္ဂဇင်းတွင် ပါရှိသော ပျဉ်းမနားမြို့ ဦးမောင်မောင်ကြီးမှ ဦးချစ်စရာထံရေးသည့် တေးထပ်နှင့်ရှစ်လုံးဘွဲ့ကဗျာကို ပြန်ကြားဖြေဆိုခြင်း ဖြစ်ပါသည်။

စိတ်တူကိုယ်တူ ငယ်စဉ်ကပင် ပေါင်းသင်းလာသော မိတ်ဆွေဖြစ်၍ ညီအစ်ကိုအရင်းတမျှ မေတ္တာထားကြပါသည်။ မလိုသူတို့၏ပြောစကားကို ယုံမှားမိခဲ့၍ အချင်းချင်းရန်ပွားကြရသော လိစ္ဆဝီမင်းတို့အကြောင်းကို နိပါတ်တော်မှာ ရေးသားထားပါသည်။ ဤအကြောင်းကို သတိပြုမှတ်သားသင့်ပါသည်။ အမူအယာနှစ်မျိုးမကွဲပြားဘဲ တစ်ဦးနှင့်တစ်ဦး မိတ်ဆွေပီပီသသ ဆောင်ရွက်သင့်ကြောင်း ရေးထားပါသည်။

အရေးအသားကျစ်လျစ်ပြီး အဓိပ္ပာယ်လေးနက်မှုရှိသော ကဗျာတစ်ပုဒ်ဖြစ်သည်။

၃၁။ "တောဘွဲ့လွမ်းချင်း" ရေးသူ သတိုးပီယ (မြို့မရဲဘော်) ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၂) (အောက်တိုဘာ ၁၉၂၅) စာ ၈၅၊ အချပ်ပို။

"မှောင်လို့သာသန်းတော့" အစချီ။

တောခလေ့ကို ဖော်ကျူးပြသော ကဗျာဖြစ်သည်။

တောတန်းကလေးတွင် အမှောင်ရိပ်သန်းလာပေပြီ။ နေမထွက်မိုးမရွာဘဲ ရာသီဥတုက သာယာလှပေသည်။ တောင်စောင်းဘက်တွင် အသံတညံညံကြားရ၍ ရွှေလင်းပြာငှက်တို့ အသိုက်ပြောင်းပြီထင်သည်။ ဝါးရုံပင်ကြီးကို ကင်းပုံပင်တွေက ရစ်ပတ်အားပြုတက်လာသည့်ပြင် ကျီးအာပင်တွေကလည်း နွယ်၍တက်လာသည်မှာ မြေကြီးပေါ်တွင် နေရာလပ်ပင် မတွေ့ရတော့ပါ။ မကောင်းသည့်ငှက်၊ မြွေများကို ညာသံပေးနှင်၍ လယ်ထွန်သံ၊ ဖြည်းညင်းစွာသီချင်းဆိုသံတို့ကို ကြားရသည်။ ဤတောတန်းတွင်ပင် ကရင်အိုကြီးသည် ပလိုင်းကိုလွယ်ထားလျက် မျောက်သားနှင့် ခေါင်ရေသောက်ကာ မူးနေပါသည်ဟု ရေးဖွဲ့ထားပါသည်။

တောသဘာဝကို စိတ်မျက်စိ၌ ကွက်ကွက်ကွင်းကွင်း မြင်ယောင်လာအောင် တင်ပြနိုင်သည်။ အဖွဲ့အနွဲ့ နှစ်သက်ဖွယ်ကောင်းသည်။ ကဗျာအရသာပေါ်လွင်အောင် စပ်ဆိုနိုင်သော ကဗျာတစ်ပုဒ်ဖြစ်သည်။

ဤကဗျာကို သတိုးပီယရေးသည့် "ကဗျာဖွဲ့နည်းကျမ်း" (၁၉၂၇) တွင် ထည့်သွင်းပြထားကြောင်းတွေ့ရပါသည်။

၃၂။ "မယ်ထပ်နှင့် မောင်ဘိုးစာတို့ အညာဘွဲ့အိုင်ချင်း" ရေးသူ သတိုးပီယ (မြို့မရဲဘော်) ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၂) (အောက်တိုဘာ ၁၉၂၅) စာ ၈၅ အချပ်ပို။

"ချစ်တဲ့သူ သူငယ်ချင်းကောင်း ယောင်း (ယောက်) မတို့တော် ... ဘော်နှောငယ်မှလည်ယှက်" အစချီ။

အိုင်ချင်းသည် ရွှေဘိုနယ် သုံးထောင့်အိုင်ရွာကစ၍ ပေါ်ခဲ့သည်။ ရေးကဗုံကြီးသံများတွင် မင်းသမီးကို လေးခင်၊ မင်းသားကို လေးခင်မောင်ကြီး၊ ကိုရင်ကြီးဟုခေါ်ကြသည်။ ထိုသဘောမျိုးပင် ဤအိုင်ချင်းတွင် အညာအခေါ် မယ်ထပ်နှင့် မောင်ဘိုးစာဟု အမည်ပေးထားခြင်း ဖြစ်ပေမည်။ ဤအိုင်ချင်းသည် ဘုရားကိုတိုင်တည်၍ဆိုသော ရည်စားမျှော် အိုင်ချင်းဖြစ်သည်။



မိန်းမပျိုက မိမိ၏ချစ်သူကို စောင့်မျှော်နေရကြောင်းကို ပြောပြဟန်ဖြင့် ရေးထားပါသည်။

ရွာဦးရှိ ရေကန်ကြီးတွင် ရွှေဟင်္သာငှက်မောင်နှံတို့ ငုပ်ချည်ပေါ်ချည်ဖြင့် ပျော်မြူးနေကြကြောင်း၊ ပျော်စရာမြင်သော်လည်း တစ်ကိုယ်တည်းမို့ မပျော်နိုင်ကြောင်း၊ ချစ်သူကိုဘိုးစာသည် အညာကုန်များကို အောက်ပြည်အရောင်းသွားသည်မှာကြာပြီဖြစ်၍ နောက်ရည်းစားနှင့် ပျော်ပါးနေပြီထင်ကြောင်း၊ နေဝင်ချိန် မှောင်မည်းနေသည့် ကျွဲတင်းကုပ်မှ ချိုးမှုတ်သံကြားရ၍ ကျွန်မရည်းစားချိန်းသည်ထင်ကာ ထရုံပေါက်က ချောင်းကြည့်မိကြောင်း၊ ဖာလေးကိုကြိုးချိ၊ ထမ်းပိုးလျှိုကာ အကျီခါးတို လက်ကျပ်လွှာ ဖိနပ်လေးနှင့် ရပ်နေသည့်လူကို တွေ့ရ၍ ကိုဘိုးစာ အောက်ပြည်သွားစဉ်က ဆင်ယင်ပုံနှင့်တူနေသဖြင့် ရင်တုန်ပမ်းတုန် ဖြစ်ရကြောင်း၊ လူပွေဖိုးမှန် နောက်ပြောင်သည်ကိုတွေ့မှ လူမှားမှန်းသိကြောင်း၊ တစ်နယ်တစ်ကျေးတွင် အနေကြာလွန်းသဖြင့် တစ်ပါးသူနောက်ပါသွားမည်စိုးပါ၍ ကျွန်မအပျိုမှာ ကန်ပေါင်ရိုးပေါ် ကျွမ်းထိုးလိုက်ချင်ပါတော့ကြောင်း နှစ်သက်ဖွယ်ရေးထားပါသည်။

ပြောရိုးပြောစဉ် စကားအသုံးအနှုန်းဖြင့် ရိုးရိုးရှင်းရှင်း တင်ပြထားပါသည်။ ရေးသားပုံ ထိမိ၍ ဆွဲဆောင်မှုရှိသည်။ အညာမလေ့ပါသော ကျေးလက်ကဗျာတစ်ပုဒ် ဖြစ်ပါသည်။

၃၃။ "ခုစိတ်ကူးနှင့် ရူးရသည့် ကိုယ်တွင်းပြည့် မယ်ဘွဲ့တေးထပ်" ရေးသူ သတိုးပီယ (မြို့မရဲဘော်) ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၂) (အောက်တိုဘာ ၁၉၂၅) စာ၈၅ အချပ်ပို။

"ဇာကတီအုံးရဝေမှာဖြင့်" အစချီ။

ချစ်သူမိန်းကလေးကို အလိုမကျသည့်ဟန်ဖြင့် ရေးသားထားသည်။ ကဗျာ့အရသာမပေါ်လွင်ဟု ထင်ပါသည်။

၃၄။ "ဆရာသတိုးပီယသည် စိတ်ဒွိဟအထင်မှန်းခြေဖြင့် ခင်သန်းရွှေထံပါးသို့ ပြန်ကြားသော လေးချိုး" ရေးသူ သတိုးပီယ (မြို့မရဲဘော်) ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၂) (အောက်တိုဘာ ၁၉၂၅) စာ ၈၅ အချပ်ပို။

"ပေါ်လာပေါင်ဆွေး ရန်ပြုတယ်လို့" အစချီ။

ခင်သန်းရွှေ အမည်ခံ ဖိုးပြန်တောင်ပျော် ဖေသူတော်လေးထံ ရေးသော တေးထပ်ဖြစ်သည်။ ၁၉၂၅ ခု၊ စက်တင်ဘာလ ဒဂုန်မဂ္ဂဇင်းတွင် ခင်သန်းရွှေက "ဇင်ပန်းခွေပမာသမျှလိုပ" အစချီ အမျှော်စိုက်လွမ်းချင်းလေးဆစ်သဖြန့် တစ်ပုဒ်ပေးပို့ပါသည်။ ၎င်းကဗျာတွင် သတိုးပီယကို တစ်နေ့မျှ မေ့မရကြောင်း၊ အိပ်၍မရနိုင်အောင် တမ်းတနေရကြောင်း၊ လာခေါ်မည်ကို မျှော်လင့်နေကြောင်းပါရှိပါသည်။ ထိုကဗျာကို သတိုးပီယက ပြန်ကြားရေးသားခြင်းဖြစ်ပါသည်။

ခင်သန်းရွှေသည် အပျိုဖြန်းအသွင်နှင့် တမင်နော့၍ ရေးသည်ဟု ထင်ပါသည်။ အရေးအသားကိုကြည့်ပြန်တော့ မိန်းမသားသဘာဝဖြစ်၍ ဝမ်းသာရပြန်သည်။ ခင်သန်းရွှေသည် ဘုန်းကြီးပင်လော၊ ယောကျ်ားပင်လောဟု သင်္ကာမကင်းဖြစ်မိပါသည်။ အမှန်ဘဝကို ပြန်ကြားစေလိုကြောင်း ရေးဖွဲ့ထားသည်။

အထက်ပါလေးချိုးတွင် နဘေထပ်ကာရန်များ ဝေဝေဆာဆာ သုံးထားသည်ကို တွေ့ရသည်။ ပြောလိုသော အကြောင်းအရာကိုလည်း ရှင်းလင်းထိမိစွာ ဖွဲ့ဆိုနိုင်ပါသည်။



၃၅။ "နင်းပြား၏ ကိုယ်ရည်သွေးတေးထပ်" ရေးသူ နင်းပြား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၂) (အောက်တိုဘာ ၁၉၂၅) စာ ၂၀၉ အချပ်ပို။

"နင်းပြား နင်းပြားနဲ့" အစချီ။

အပြောင်အပြက်သဘောဖြင့် ရေးသားထားသည်။ လက်ဇေ့သမားလက်ဇေ့ရေးပြသကဲ့သို့ ဂုဏ်ဖော်သော တေးထပ်ဖြစ်သည်။

စာဆို၏ ဟာသဉာဏ်ကို ဤကဗျာတွင် အကဲခတ်နိုင်ပါသည်။

၃၆။ "ရာဇဝင်တောက်သောက် အူပေါက် တေးထပ်" ရေးသူ နင်းပြား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၂) (အောက်တိုဘာ ၁၉၂၅) စာ ၂၀၉ အချပ်ပို။

"ရာဇဝင်တခန်းထုတ်ခဲ့ပေါ့" အစချီ။

ရယ်ရွှင်ဖွယ်ကောင်းအောင် ရည်ရွယ်၍ ရေးသားထားသည်။ မဖြစ်နိုင်သော အကြောင်းအရာ အဖြစ်အပျက်များကို ကာရန်မပျက် ဆက်စပ်ရေးထားသော တေးထပ်ဖြစ်ပါသည်။

၃၇။ "အကြင်နင်းပြားက ပျဉ်းမနားပဝတ္တိ မိမိ၏ဇနီး မန်းကြည်အား တောကစားရင်း သစ္စာနှံသော စုံတွဲညွှန့် ရစ်ဆယ်ပေါ် တေးထပ်" ရေးသူ နင်းပြား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၂) (အောက်တိုဘာ ၁၉၂၅) စာ ၂၀၉ အချပ်ပို။

"နွမ်းသည်ပန်းပြီ" အစချီ။

အကြောင်းအရာမှာ ထူးခြားမှု မရှိသော်လည်း အရေးအဖွဲ့သင့်တင့်ပါသည်။

"မန်းကြည်" ဆိုသူမှာ ဦးမောင်မောင်ကြီး (ဒဂုန်နတ်ရှင်) ကို ရည်ရွယ်ပါသည်။

၃၈။ "ဥယျာဉ်ဇဉ်နှင့် ပရိညာဉ် တေးထပ်" ရေးသူ သတိုးပီယ (မြို့မရဲဘော်) သူရိယမဂ္ဂဇင်း အတွဲ (၉) အမှတ် (၁၀) (ဒီဇင်ဘာ ၁၉၂၅) စာ ၅၉။

"သူရိယာ မဟာဆန်းတွင်ဖြင့်" အစချီ။

သူရိယမဂ္ဂဇင်းအယ်ဒီတာထံ ရှေးဦးစွာ ကတိပြုသော တေးထပ်ဖြစ်ပါသည်။

သူရိယမဂ္ဂဇင်းတွင် လစဉ်ကဗျာများကို ဖတ်ချင်စဖွယ်ရေးပို့ပါမည်။ အပေါင်းအသင်းတွေ ဟိုကီဒီကလာကြ၍ ကိစ္စမအားလပ်သော်လည်း အယ်ဒီတာကြီးကို အမှန်ပင် ချစ်ခင်ပါသဖြင့် တစ်ပြည်လုံးမှ ဖတ်နိုင်စေရန် စီကုံးပေးပို့ပါမည်။ မိမိ၏ကဗျာဉာဏ်ကို မှန်းမျှော်စဉ်းစားကြည့်ကြပါဟု ရေးသားထားပါသည်။

ကဗျာတစ်ပုဒ်လုံးအချိုးကျ၊ အံဝင်ခွင်ကျဖြစ်ပြီး နှစ်သက်ဖွယ်ကောင်းပါသည်။ အစီပွာယ်ပြည့်စုံပြီး စကားအသုံးညီညွတ်မှုရှိပါသည်။

သူရိယမဂ္ဂဇင်းတွင် ပထမဆုံးတွေ့ရသည့် ဦးချစ်စရာ၏ လက်ရာဖြစ်ပါသည်။

၃၉။ "အလုပ်များသဖြင့် ဖျားရကြောင်းလွမ်းချင်း" ရေးသူ သတိုးပီယ (မြို့မရဲဘော်) သူရိယမဂ္ဂဇင်း၊ အတွဲ (၉) အမှတ် (၁၀) (ဒီဇင်ဘာ ၁၉၂၅) စာ ၅၉။

"ကဗျာတေးတွေနဲ့" အစချီ။

ကဗျာရှင်သည် မိမိတွေ့ကြုံခံစားရသမျှကို လွမ်းချင်းရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

ဝါသနာအထုံကြောင့် ကဗျာလင်္ကာသီချင်းအစုစုကို ရေးသားနေရကြောင်း၊ ခနဉစ္စာမပြည့်စုံသောကြောင့် ကန်တော့ပါသည်ဆိုကာ ငွေပေး



၍ ခိုင်းသော်လည်း မငြင်းသာကြောင်း၊ သောကအပူအပင်တွေများသည့်ကြားက စာရေးရလွန်းသဖြင့် လည်ကုပ်အဆစ်ကျိုး၍ နံရိုးပြိုင်းပြိုင်းထကာ ခါးကိုင်းလုပြီဖြစ်ကြောင်း၊ ဒူလာလေလှုပ်ရှားပြီး အကြောတွေဆိုင်းသွားမတတ် ဖြစ်ရကြောင်းတို့ကို ရေးထားပါသည်။

ဝါသနာအရ ရေးသားရသော်လည်း စားဝတ်နေရေး စိတ်မအေးရသော ထိုခေတ်ကာလ စာပေပညာရှင်တို့၏ဘဝကို တစ်စိတ်တစ်ဒေသဖော်ပြနိုင်သည်ဟု ထင်ပါသည်။

၄၀။ "မဲဇာတောင်ခြေဘွဲ့လေးချိုးကြီး" ရေးသူ သတိုးပီယ (မြို့မရဲဘော်) သူရိယမဂ္ဂဇင်း အတွဲ (၉) အမှတ် (၁၀) (ဒီဇင်ဘာ ၁၉၂၅) စာ ၅၉။

"မဲဇာတောင်ခြေအဝှမ်း နိမိတ်ကွန်းပေပေါ့" အစချီ။

အထက်ပါ လေးချိုးကြီးသည် မဲဇာသို့ အပို့ခံရသော လက်ဝဲသုန္ဒရအမတ်၏ "မဲဇာတောင်ခြေ" ချိုရတုပါ အကြောင်းအချက်အချို့ကို ပြန်လည်ဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။

မဲဇာတောင်ခြေသည် မြေနိမ့်ပိုင်းဒေသဖြစ်ပြီး သာယာသော သဲသောင်မြေရှိပါသည်။ ကဆုန်လညောင်ရေသွန်းပွဲတော်ချိန်မို့ အတိတ်ကာလဆီက ရွှေဘိုမြို့ကြီးကို စိတ်မှန်းနှင့် လွမ်းရပါသည်။

နန်းတော်ရှေ့အဆောင် အောင်မြေတွင် အလောင်းမင်းတရား၏ ခမည်းတော် မင်းညိုစံတည်ထားတော်မူသည့် ရွှေဂူကြီးဘုရားနှင့် ရွှေနန်းတော်ကြီးတို့အား အာရုံပြုမိသဖြင့် မရှင်ပြနိုင်ဘဲ ပူဆွေးလာပါသည်။ ကျောက်ဆောင်အကွယ်တွင် စမ်းရေများကျနေသည့်ပြင် ချောက်တွေ၊ မြိုင်တွေကွယ်၍နေသဖြင့် လမ်းကိုပင် ရှာမရရှုံ့မျှမကသေးဘဲ အားလုံးပိတ်ကွယ်နေသည့် တောလမ်းကြီးဖြစ်သဖြင့် ထိတ်လန့်လှပါသည်။ ကျနေသည့် နှင်းပေါက်တွေကလည်း ပြင်းထန်လှသည့်ပြင် ထွက်ပေါ်လာသည့်

နေရောင်မှာ အလင်းမရသဖြင့် မြန်မြန်သာ မွန်းတည့်ပါစေတော့ဟု အဖော်မပါသူမှာ ဆုတောင်းမိသည်။ နေခြည်ကလေးဖြာလာသော်လည်း လေပြည်နှင့်တကွဖြစ်၍ တုန်အေးလှတော့ကြောင်းဖြင့် ကိုယ်စိတ်နှစ်ပါး ခံစားရသော ဒုက္ခနှင့်အလွမ်းတို့ကို ရေးဖွဲ့ထားပါသည်။

ထိုကဗျာကို သတိုးဗိုလ်ယက မိမိရေးသားသော "ကဗျာဖွဲ့နည်းကျမ်း" (၁၉၂၇) တွင် ထည့်သွင်းဖော်ပြခဲ့သည်။

၎င်းကဗျာကို ဦးဝန်နှင့် ဦးသိန်းဟန်တို့ ရွေးချယ်တည်းဖြတ်သော "ခေတ်သစ်ကဗျာများ" (၁၉၆၂) တွင်လည်း တွေ့ရသည်။ ထိုစာအုပ်တွင် ကဗျာနှင့်စပ်လျဉ်းသော ဆွေးနွေးခန်းပါရှိပါသည်။

အထက်ပါကဗျာကို ဟံသာဝတီဦးဘရင်က "ခေတ်သစ်ကဗျာများ အဖြေ" တွင် ဖြေဆိုထားပါသည်။ ထိုကဗျာတွင် လိုရင်းအချက်ကို အခြေခံထား၍ အပိုဒ်တိုင်းအပိုဒ်တိုင်း၌ ချဲ့ထွင်ဖွဲ့နွဲ့ တန်ဆာဆင်ထားသည်တို့မှာ သူ၏တည်ပုဒ်နှင့် သူ့တန်ဆာချည်းဖြစ်၍ အရှုပ်အရှင်းမရှိသောကြောင့် စီစဉ်ထားပုံ သင့်လျော်လှကြောင်း ပါရှိလေသည်။

ထို့ပြင် ဒုတိယပိုဒ်တွင် နဘေထပ်ဂုဏ်မြောက်သော်လည်း အဓိပ္ပာယ်မပေါက် မချောသောအဖွဲ့အနွဲ့ကို တွေ့ရကြောင်း၊ စတုတ္ထပိုဒ်တွင် ရတ်တရက်အားဖြင့် တိကျစွာ အဓိပ္ပာယ်မပေါက်နိုင်သော အသုံးအနှုန်းကို တွေ့ရကြောင်း၊ ဟံသာဝတီဦးဘရင်က ရေးသားထားပါသည်။

၄၁။ "နိုဂုံးချုပ်ရေးခြစ်သော လေးဆစ်" ရေးသူ သတိုးဗိုလ်ယ (မြို့မရဲဘော်) သူရိယမဂ္ဂဇင်း အတွဲ (၉) အမှတ် (၁၀) (ဒီဇင်ဘာ ၁၉၂၅) စာ ၅၉။

"ဆန်းအမွန်တွင်ဖြင့်" အစချီ။

ကဗျာလင်္ကာများကို ကြာပန်းနှင့်ပမာပြု၍ ရေးဖွဲ့ထားပါသည်။



သူရိယမဂ္ဂဇင်းတွင် ကဗျာလင်္ကာများ ဝေဝေဆာဆာ ပါနိုင်စေရန် အာရုံထား၍ ကြိုးပမ်းနေပါကြောင်း၊ ဝါသနာရှင်များ ဖတ်စေလိုသော စေတနာကြောင့် မိမိသည် နေ့စဉ်ပင် ကဗျာလင်္ကာများကို စီကုံးနေပါကြောင်း ရေးသားထားပါသည်။

တိုတိုနှင့် အဓိပ္ပာယ်လေးနက်သော ကဗျာတစ်ပုဒ်ဖြစ်သည်။ ကဗျာရှင်၏ ကဗျာချစ်သောစိတ်ကို ဤလေးဆစ်တွင် တွေ့နိုင်ပါသည်။

## ၁၉၂၆ ခုနှစ်

၄၂။ "ပြည်ထဲရေးလေးဆစ်" ရေးသူ သတိုးဗိုလ်ယ၊ သူရိယမဂ္ဂဇင်း အတွဲ (၉) အမှတ် (၁၁) (ဇန်နဝါရီ ၁၉၂၆) စာ ၅၅။

"နေသတင်းတွင်ဖြင့်" အစချီ။

မြန်မာနိုင်ငံအတွင်း နိုင်ငံရေးလှုပ်ရှားမှုဖြစ်စဉ် ရေးသားသော ကဗျာဖြစ်သည်။

ကဗျာလင်္ကာများကို သီကုံးရာတွင် ဝမ်းစာရေးထက် တိုင်းပြည်အရေးကို ဦးစားပေးရမည်ဖြစ်ကြောင်း မိတ်ဆွေဖြစ်သူ သူရိယသတင်းစာ အယ်ဒီတာထံ ရေးသားခြင်းဖြစ်သည်။

အဓိပ္ပာယ်ရှင်းလင်းသော စကားလုံးများကိုသာ သုံးထားသည့် သင့်လျော်သော ကဗျာတိုလေး ဖြစ်ပါသည်။ ခေတ်စနစ်ပတ်ဝန်းကျင်ကို ဆောက်ပြသည်ဟု ဆိုနိုင်ပါသည်။

၄၃။ "ခေါင်းဆောင်ချင်း နှစ်ပက္ခကွဲသဖြင့် ဝမ်းနည်းကြောင်း ရေးစပ်သော တေးထပ်" ရေးသူ သတိုးဗိုလ်ယ သူရိယမဂ္ဂဇင်း အတွဲ (၉) အမှတ် (၁၁) (ဇန်နဝါရီ ၁၉၂၆) စာ ၅၅။

"မြန်မာတွေမြင့်ထက်မြင့်" အစချီ။

၁၉၂၃ ခုနှစ်လောက်မှ အစပြုသော ဒိုင်အာခီအုပ်ချုပ်ရေးကို အများစုက လက်မခံ၊ အနည်းစုက လက်ခံသဖြင့် ဂျီစီဘီအေ နှစ်ခြမ်းကွဲခဲ့ရသည်။ တစ်ဖက်က ၂၁ ဦး၊ တစ်ဖက်က ဝံသာနုအဖွဲ့ဖြစ်လာသည်။ တွဲရေးခွဲရေးအတွက် ပြည်တွင်းရေးရှုပ်ထွေးကာ ခေါင်းဆောင်အချင်းချင်း ပဋိပက္ခဖြစ်ရသည်ကို ရေးသားထားပါသည်။

ခေါင်းဆောင်ကြီးများ တစ်ဦးနှင့်တစ်ဦး နိုင်ငံရေးနှင့် ပတ်သက်၍ စိတ်ဝမ်းမကွဲကြပါနှင့်၊ သူမှန်ငါမှန် အငြင်းပွား၍ အမျက်မထားကြပါနှင့်။ အချင်းချင်း မညီညွတ်လျှင် နယ်ချဲ့များ၊ လူဆိုးလူမိုက်များ ဝမ်းသာကြလိမ့်မည်ဟု ရေးဖွဲ့ထားပါသည်။

အဓိပ္ပာယ်ပေါ်လွင်ပြီး ရသမြောက်စွာ ဖွဲ့ဆိုထားပါသည်။ စာဆို၏ နိုင်ငံရေး အသိစိတ်ကို ဤကဗျာတွင် တွေ့နိုင်ပါသည်။ ထိုခေတ် နိုင်ငံရေး အခြေအနေ ထပ်ဟပ်လျက်ရှိသော ကဗျာတစ်ပုဒ် ဖြစ်ပါသည်။

၄၄။ "တာဝန်ခံကိစ္စမှ အနိစ္စခန္ဓာကိုယ်ဘွဲ့တေးထပ်" ရေးသူ သတိုးပီယ၊ သူရိယမဂ္ဂဇင်း၊ အတွဲ (၉) အမှတ် (၁၁) (ဇန်နဝါရီ ၁၉၂၆) စာ ၅၅။

"တာဝန်ခံအမှုရှုပ်ပုံက" အစချီ။

ထိုကာလ နိုင်ငံရေးသမားအချို့၏ ကိုယ်ကျိုးရှာပုံကို ပေါ်လွင်အောင် ရေးဖွဲ့ထားသည့်ကဗျာဖြစ်သည်။

နိုင်ငံရေးသမားအချို့သည် တာဝန်ယူထားသော ကိစ္စအဝဝကို အတုအယောင် စေတနာမေတ္တာများနှင့် ဆောင်ရွက်နေကြသည်။ တိုင်းပြည်အတွက်ဟု ကြွေးကြော်ကာ မိမိကြီးပွားရန်သာ အားထုတ်သည်။ တိုင်းရေးပြည်ရာရှုပ်ထွေးနေချိန်တွင် မပြုသင့်သည်ကို မပြုကြပါနှင့်ဟု ရေးသားထားပါသည်။

အထက်ပါ တေးထပ်တွင် စကားတန်ဆာဆင်ပုံ ပြေပြစ်မှု မရှိပါ။



၄၅။ "အကြောင်းပြ ကိုယ်ရည်သွေးလေးဆစ်" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၅) (ဇန်နဝါရီ ၁၉၂၆) စာ ၂၄၃။

"ကဗျာပိုင်းတွင်ဖြင့်" အစချီ။

မိမိကိုယ်ကို ဂုဏ်တင်၍ ရေးသောကဗျာ ဖြစ်သည်။

ကဗျာအရာတွင် တံခွန်ထူနိုင်လောက်အောင် အတွေးအခေါ်ဆန်းသစ်၍ ပညာဂုဏ်နှင့်ပြည့်စုံသူဖြစ်ကြောင်း၊ အသက် (၂၆) နှစ်အရွယ်သာရှိသေးကြောင်း ရေးထားပါသည်။

အချိုးကျ၍ သင့်လျော်သောကဗျာတစ်ပုဒ်ဟု ယူဆပါသည်။

၄၆။ "ကဗျာရေးနည်းသခေ်ပကေပိုဒ်ရတု" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၅) (ဇန်နဝါရီ ၁၉၂၆) စာ ၂၄၃။

"ကဝိဂုဏ်ရည်" အစချီ။

ကဗျာရေးနည်းအကျဉ်းချုပ်ကို တစ်ပိုဒ်တည်း ရေးထားသောရတုဖြစ်သည်။

ပညာဗဟုသုတများကို နေ့ညမရွေး ဆည်းပူးရမည်။ ကဗျာ့ဥပဒေသနှင့် ပတ်သက်သော နည်းလမ်းကောင်းများကို မှတ်သားရမည်။ သင့်လျော်ညီဂိုဏ်းကို ရွေးချယ်ရမည်။ ဒေါသသင့်သော စကားမပါရှိသင့်၊ မိမိရေးသော အမျိုးအနွယ်နှင့် ဆီလျော်သောစကားကိုသုံး၍ ရသမြောက်အောင်ဖွဲ့ဆိုပါ။ ထိုထိုသောကဗျာ့ဥပဒေသမှ ကျော်လွန်၍ မရေးသင့်ပါဟု ပါရှိပါသည်။

ရှင်းလင်း၍ အဓိပ္ပာယ်ပေါ်လွင်သော စကားလုံးများကို သုံးထားခြင်းဖြင့် ဖတ်၍နားလည်လွယ်သည်။ ကဗျာဝါသနာရှိသူတို့ မှတ်သားသင့်သော ကဗျာတစ်ပုဒ်ဖြစ်ပါသည်။

၄၇။ "အမှားလေးဆစ်" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၆) အမှတ် (၆၅) (ဇန်နဝါရီ ၁၉၂၆) စာ ၂၄၃။

"ငါအတတ်ကယ်လို့" အစချီ။

ပညာရှာမှီးသူတို့ရှိသင့်သော သဘောထားကို ဖော်ပြသော ကဗျာ ဖြစ်သည်။

မိမိကိုယ်မိမိ တတ်သိနားလည်နေပြီဟု ဘယ်အခါမှ မယူဆပါနှင့်၊ မာန်မာနမထားဘဲ ကြိုးစားလေ့လာပါ။ သိမှတ်စရာများ သမုဒ္ဒရာရေပမာ မကုန်ခန်းနိုင်အောင် ရှိပေသည်။ သင်၊ အံ၊ ကြံ၊ ကြည့်လူ့ကဝိ ဆိုဘိသကဲ့ သို့ ပညာကို ကျိုးနွံ့စွာ ရှာဖွေရမည်ဟု ဆိုလိုပါသည်။

ရေးဖွဲ့ပုံကျစ်လျစ်သိပ်သည်း၍ အဓိပ္ပာယ်ကျယ်ဝန်းသော ကဗျာ တစ်ပုဒ်ဟု ယူဆပါသည်။

၄၈။ "ကဗျာအချိတ်အဆက်ရေးကြရာ၌ ပရဝဏ္ဏနကင်းစေ၍ အဖျင်းပြေ ရယ်ဖွယ်မျှသာ ရေးသင့်ကြောင်း လေးဆစ်" ရေးသူ ပျဉ်းမနားက နင်းပြား၊ ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၆) အမှတ် (၆၅) (ဇန်နဝါရီ ၁၉၂၆) စာ ၂၄၄။

"ချစ်သသူသဟာယငယ်တို့" အစချီ။

ကဗျာရေးသူများအနေဖြင့် သူတစ်ပါးကို ထိခိုက်နစ်နာအောင် မရေး သင့်ကြောင်း သတိပေးသော လေးဆစ်ဖြစ်သည်။

ကဗျာရေးသားရာ၌ တစ်ဖက်သားကို ဖိနှိပ်လိုစိတ်၊ ပျက်စီးစေလို သော စိတ်ထားလျှင် မှားပါမည်။ ဒဂုန်မဂ္ဂဇင်းတွင် ရေးကြသောပုဂ္ဂိုလ်များ သည် ရှေးအစဉ်အလာအရ တစ်ဦးနှင့်တစ်ဦး မေတ္တာထား၍ ဖတ်ချင်ဖွယ် ရာများကို အပတ်စဉ်ရေးခဲ့ကြသည်ဟု ပါရှိပါသည်။

ထိုကဗျာသည် ကဗျာ့ပဒေသနှင့် ကိုက်ညီပြီး စကားလုံးခဲ့ညားသည် ပါဋ္ဌိထည့်၍ သုံးထားပုံမှာ ချီးမွမ်းဖွယ်ကောင်းသည်။ အကြောင်းအရာရေး



အရေးအသားပါ လက်စွမ်းပြနိုင်သဖြင့် အပြစ်ကင်းစင်သော ကဗျာကောင်း တစ်ပုဒ် ဖြစ်ပါသည်။ စာဆို၏ သဘောထားကို ဤကဗျာတွင် တွေ့နိုင် ပါသည်။

၄၉။ "ရှေးနှင့်ယခုအခါ ကဗျာများ ခြားနားပုံတေးထပ်" ရေးသူ ပျဉ်းမနား က နင်းပြား၊ ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၆) အမှတ် (၆၅) (ဇန်နဝါရီ ၁၉၂၆) စာ ၂၄၄။

"စာကဗျာရေးကြ" အစချီ။

ထိုခေတ်ကဗျာများ အနှစ်သာရ မရရှိကြောင်း အရေးအသားညံ့ဖျင်း ကြကြောင်းကို မှတ်သားလောက်အောင် ရေးထားသော တေးထပ် ဖြစ်သည်။

ကဗျာ့ပဒေသနှင့် မကိုက်ညီဘဲ စိတ်ထင်ရာ ရေးကြသဖြင့် ရှေးက ကဗျာများနှင့် ကွာခြားလှကြောင်း ကဗျာ့အရသာ တစ်စုံတစ်ခု မသိကြဘဲ ကိုယ်အတတ်ဆုံး၊ အသိဆုံးထင်နေကြကြောင်း ရေးဖွဲ့ထားသည်။

အရေးအသားမှာ ရိုးရိုးရှင်းရှင်းနှင့် အဓိပ္ပာယ်ပေါ်လွင်သည်။ ခေတ် သရုပ်ကို ပီပြင်စွာ တင်ပြနိုင်သည်ဟု ယူဆပါသည်။

၅၀။ "ကဗျာဝါသနာရှိသူတို့ နှလုံးသွင်းစရာလင်္ကာ" ရေးသူ ပျဉ်းမနားက နင်းပြား၊ ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၆) အမှတ် (၆၅) (ဇန်နဝါရီ ၁၉၂၆) စာ ၂၄၄။

"မှတ်လောက့်နာနာ" အစချီ။

လေးလုံးတစ်ပိုဒ် ညီညွတ်စွာ ရေးသားထားသော ကဗျာ့ဥပဒေကို လေးစားစွာညွှန်ပြထားသော လင်္ကာတစ်ပုဒ်ဖြစ်သည်။

ပညာကို အပတ်တကုတ်သင်ယူရာတွင် ဆရာသမားကို ဆံတစ်ခြမ်းမျှ မပြစ်မှားသင့်ကြောင်း၊ လေးစားစွာဖြင့် ရှေးထုံးစံ၊ ရှေးပုံစံဗဟုသုတများကို လုံ့လစိုက်၍ သင်ယူသင့်ကြောင်း၊ ဉာဏ်ပညာကြီးသော်လည်း စိတ်ထားမမွန်မြတ်သော၊ ပရိယာယ်များသောလူမျိုးကို ရှောင်ကြဉ်သင့်ကြောင်း ရေးဖွဲ့ထားသည်။

အရေးအသားမှာ ကဗျူပဒေသနှင့် ညီညွတ်သော်လည်း ဖတ်ရှုသူတို့ အဓိပ္ပာယ်ရှုတ်ထွေးစေနိုင်သော စကားအသုံးများကို တွေ့ရပါသည်။

၅၁။ "ဓမ္မောဇလည်းရ၊ သြဝါဒလည်းပါသည့် ဆောင်ပုဒ်ကဗျာ မဟာလေးချိုးကြီး" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၆) (ဖေဖော်ဝါရီ ၁၉၂၆) စာ ၂၇၂။

"ယင်းသို့ အရှိကထာဓမ္မောဇာအရကိုတော့" အစချီ။

တရားသဘောနှင့်ယှဉ်၍ ငယ်ရွယ်သူ ကျောင်းသားကလေးများကို ဆုံးမထားသော လေးချိုးကြီးဖြစ်သည်။ ရန်ကုန်မြို့ မြို့မတိုင်းရင်းသားကျောင်းမှ ထုတ်ဝေသော ဝံသယုဝမဂ္ဂဇင်း (ခုနှစ်မဖော်ပြပါ) "သတိုးပီယမှန်ပြဆောင်းပါး" မှထုတ်နုတ်ထားကြောင်း ဖော်ပြထားသည်။

ကျောင်းသားအရွယ်ကလေးများအဖို့ မာယာများသော မိန်းမတို့၏ သဘောကိုသိထားရန် ပြောပြမည်ဖြစ်ကြောင်း၊ မိန်းမတို့၏စိတ်သည် ရေဆိပ်ပမာ၊ သာလာယံဇရပ်ပမာ လူအမျိုးမျိုးနှင့် ကျွမ်းဝင်တတ်ကြောင်း၊ ပုဏ္ဏား (၆၄) ဦးနှင့် ဖောက်ပြန်သော မိဖုရား၊ သီလပျက်သော ကိန္နရဒေဝီ မိဖုရား၊ ဥမ္မင်္ဂဇာတ်တော်လာ လော်မာသော ဇလာကဒေဝီတို့အကြောင်းကို ဇာတ်တော်များတွင် သာဓကတွေ့နိုင်ကြောင်း၊ သို့ဖြစ်၍ ကျောင်းသားတို့သည် ငယ်ရွယ်စဉ် စိတ်အလိုကိုလိုက်လျှင် နောင်ဒုက္ခတွေ့တတ်ကြောင်း ရေးဖွဲ့ထားပါသည်။



ဤကဗျာတွင် အကြောင်းအရာ အယူအဆ အင်မတန်အနှစ်သာရပါသည်။ အရေးအသားမှာလည်း မှတ်တမ်းတင်လောက်ပေသည်။ မိမိပြောလိုသော အဓိပ္ပာယ်ကို ယဉ်ကျေးဖွယ်ရာ လျှို့ဝှက်သည့်စကားလုံးများဖြင့် သုံးထားသည်မှာ ချီးမွမ်းဖွယ်ဖြစ်ပါသည်။

၅၂။ "မြင့်မြင့်သို့ ပြန်ကြားဖြေဆိုချက်" ရေးသူ ပျဉ်းမနားက နင်းပြား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၆) (ဖေဖော်ဝါရီ ၁၉၂၆) စာ ၂၇၃။

၁၉၂၆ ခု၊ ဇန်နဝါရီလထုတ် ဒဂုန်မဂ္ဂဇင်းတွင် "မြင့်မြင့်ခေတ္တခရီးသည်" က "ပျဉ်းမနားကနင်းပြားနှင့် စပ်လျဉ်းသည်" ဆိုသော ဒွေးချိုးလေးဖြင့် ပဟေဠိအမေးတစ်ပုဒ်ပါသည်။ ထိုအမေးတွင် ဒဂုန်မဂ္ဂဇင်း၌ ဖော်ပြထားသော ပျဉ်းမနားက နင်းပြား၏အသွင်မှာ ကျောပေါ်တွင် ဝန်တင်၍ လွှင်ပြင်တွင် တည်ငြိမ်စွာရပ်နေပြီးလျှင် ဒူးနှင့်ရင်ထိမတတ် ဖြစ်နေရသည်။ အဘယ်ဝဋ်ကြွေးကြောင့်ပါလဲဟု ပါရှိသည်။

၎င်းအမေးကို ဦးချစ်စရာက ပြန်၍ဖြေထားခြင်းဖြစ်သည်။ ဤပြန်ကြားချက်တွင် "ချစ်သောသူမြင့်မြင့်ရဲ့" ချီတေးထပ်တစ်ပုဒ်၊ "ဘာရေနဝါ" ချီဝိဂြိုဟ်ပြဂါထာတစ်ပုဒ်၊ "ပျဉ်းမနားဆီက" ချီလေးဆစ်တစ်ပုဒ် ပါဝင်ပေသည်။

တေးထပ်တွင် မြင့်မြင့်၏အမေးကို အကျယ်မချဲ့ဘဲ ပါဠိဖြင့် အဖြေညီမည်ဖြစ်ကြောင်း ရေးထားသည်။ ဝစနတ္ထဝိဂြိုဟ်ပြဂါထာတွင် နင်းပြားအမည်၌ အပြစ်မရှိကြောင်း၊ အမျိုးဘာသာ သာသနာတည်းဟူသော ဝန်ထုပ်ဝန်ပိုးကို ဦးခေါင်းညွှတ်မျှ ထမ်းရွက်ပါကြောင်း၊ သူတစ်ပါးထည့်ဖို့အင်သော အပြစ်ဒေါသဟူသမျှကို မတုန်မလှုပ် သည်းခံပါကြောင်း ဖြေဆိုထားသည်။ လေးဆစ်တွင် ပျဉ်းမနားကနင်းပြားသည် သည်းခံခြင်းတရားကို လည်ဝယ်သိုင်း၍ ကိုင်းညွှတ်တတ်သူဖြစ်ကြောင်း ရေးသားထားသည်။

ထို့ပြင် မြင့်မြင့်၏ ကဗျာခွေးချီးတွင် ရှေးရိုးနှင့်လွဲ၍ ဒုဋ္ဌလကာရ ဒေါသသင့်ကြောင်းပါရှိသည်။ ၎င်းနှင့်စပ်လျဉ်း၍ မြင့်မြင့်က ၁၉၂၆ ခု၊ ဖေဖော်ဝါရီလ ဒဂုန်မဂ္ဂဇင်းတွင် ပြန်လည်ဖြေရှင်းထားပါသည်။

မြင့်မြင့်၏ ပဟေဠိသဖြန်နှင့် အပြစ်တင်ချက်ကို ဖြေဖျောက်ချက်များကို အခန်း (၃) တွင် ဖော်ပြပါမည်။

၅၃။ "ရေလားရတုပိုဒ်စုံ ၂၇ ပုဒ်စီ" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၆) အမှတ် ၆၇ (မတ် ၁၉၂၆) စာ ၂၅၂။

"နွေလည်းဆန်းစ" အစချီ။

ဖြတ်သန်းသွားလာသောမြစ်၏ အခြေအနေ အလားအလာကို ပြသော ကဗျာအဖွဲ့ဖြစ်သည်။

သာယာသော နွေဆန်းစကာလတွင် တံငါတို့ဘာသာဘာဝ မြစ်ချောင်းအတွင်း ငါးရှာကြသည်။ ဥတုရာသီအလိုက် သရဖီနှင့်အင်ကြင်းပန်းတို့ကလည်း ပွင့်နေကြသည်။ ရေပေါ်လိုက်သည့် ဒိုက်တွေကို စီးလာသော ဝန်ပိုငှက်တို့ကိုတွေ့ရသည်။ သောင်တင်းနှင့် တင်ကျီးငှက်တို့မြူးထူးဟန်များကိုလည်း မြင်ရသည်။ ထိုသို့သော သဘာဝအလှများကို တွေ့ရသည့်အခါ အသက်တမျှ ချစ်ရသူကိုလွမ်းမိပါသည်။ ပုလဲသွေး ပုလဲရောင်ရှိသော ကျွန်းထက်သို့သာ မှန်းမျှော်ကြည့်၍ အလွမ်းစိတ်ကို ဖြေဖျောက်ရပါသည်ဟု ရေးဖွဲ့ထားပါသည်။

မြစ်၏သာယာခြင်းနှင့် စာဆို၏ ခံစားချက်တို့ကို ရေးဖွဲ့ထားပုံမှာ ပြည့်စုံမှုမရှိဟု ထင်ပါသည်။

၅၄။ "မိုးကုတ်မြို့သိန်းရတနာသို့ ပြန်ကြားချက်" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၆) အမှတ် (၆၇) (မတ် ၁၉၂၆) စာ ၂၅၃။



"သိန်းရတနာကလျာဏာရဲ့" အစချီ။

သိန်းရတနာသည် မိုးကုတ်မြို့မှ ဦးချစ်စရာ၏မိတ်ဆွေ ဖြစ်ပေမည်။ ၁၉၂၆ ခု၊ ဖေဖော်ဝါရီလ ဒဂုန်မဂ္ဂဇင်းတွင် သိန်းရတနာက "သတိုးပီယသို့" အမည်ဖြင့် တေးထပ်တစ်ပုဒ် ရေးပို့ပါသည်။ ၎င်းတေးထပ်တွင် သတိုးပီယထံ စာရေးပါသော်လည်း အရေးတယူ စာမပြန်ပါသဖြင့် မျှော်နေမိကြောင်းပါရှိပါသည်။ ၎င်းကဗျာကို ဦးချစ်စရာက ပြန်ကြားရေးသားခြင်းဖြစ်ပါသည်။

စာမပြန်နိုင်သည်ကို အပြစ်မတင်စေလိုကြောင်း၊ စိတ်ကအောက်မေ့နေသော်လည်း စားဝတ်နေရေးကိစ္စတို့ များပြားလွန်းကြောင်း၊ နှုတ်ချိုပြီးလောကွတ်လုပ်တတ်သူ မဟုတ်ဘဲ ၅၂၈ သွယ်သောမေတ္တာဖြင့် ချစ်မြဲဖြစ်ကြောင်း ရေးဖွဲ့ထားပါသည်။

စကားအသုံး ရိုးရိုးရှင်းရှင်းနှင့် ပြေပြစ်စွာ ရေးဖွဲ့ထားပါသည်။

၅၅။ "ခရီးသည်မြင့်မြင့်သို့" ရေးသူ ပျဉ်းမနားက နင်းပြား၊ ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၆) အမှတ် (၆၇) (မတ် ၁၉၂၆) စာ ၂၅၃။

"ခရီးသည် မိတ်နှမကြောင့်" အစချီ။

ခရီးသည် မြင့်မြင့်က ၁၉၂၆ ခု၊ ဇန်နဝါရီ ဒဂုန်မဂ္ဂဇင်း၌ ပျဉ်းမနားကနင်းပြားထံ ပဟေဠိအမေးတစ်ပုဒ် ရေးထားသည်။ ထိုအမေးကို နင်းပြားက ၁၉၂၆ ခု၊ ဖေဖော်ဝါရီ ဒဂုန်မဂ္ဂဇင်း၌ (အမှတ်စဉ် ၅၂ ၌) ပြန်၍ဖြေကြားသည်။

ထို့ပြင် မြင့်မြင့်၏အမေးခွေးချီးသည် ဒုဋ္ဌလကာရဒေါသသင့်ကြောင်း ရေးထားသည်။ မြင့်မြင့်က သူစီကုံးသော အကြောင်းအရာသည်များက အထောက်အထားများအရ ဒေါသမသင့်ကြောင်း ၁၉၂၆ ခု မတ်လ ဒဂုန်မဂ္ဂဇင်းတွင် ပြန်၍ရေးသားသည်။

ထိုရေးသားချက်နှင့် ပတ်သက်၍ နင်းပြားက စေတနာနှင့်ရေးခြင်းဖြစ်ကြောင်း မြင့်မြင့်ထပြန်၍ ပေးပို့ခြင်းဖြစ်ပါသည်။

၅၆။ "အတ္ထက္ခာရိ မိတ်ဆွေပြီသော ဦးသူတော်သို့ ရှာပုံတော် လေးချိုးကြီး" ရေးသူ ပျဉ်းမနားကနင်းပြား၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၇) (မတ် ၁၉၂၆) စာ ၂၅၄။

"အစပ်နရည်း ကဗျာနယ်မှာ" အစချီ။

ဦးချစ်စရာသည် ကဗျာရေးဖက်ဖြစ်သူ ဖိုးပြန်တောင်ပျော် ဖေသူတော်ကလေးထံသို့ ရေးသောစာပြောင်တစ်ပုဒ် ဖြစ်ပါသည်။ ဖိုးပြန်တောင်ပျော် ဖေသူတော်လေးသည် ထိုခေတ်က ကဗျာရေးအလွန်ကျော်ကြားသူဖြစ်ပြီး ခင်သန်းရွှေအမည်ခံ၍လည်း ရေးသားပါသည်။

ဦးသူတော်ကို နှုတ်ဆက်လို၍ ဖိုးပြန်တောင်သို့လာခဲ့သော်လည်း မတွေ့ရပါ။ ပြောင်သလိုနှင့် ရှောင်နေသည်လား။ ဇရပ်အိုထဲတွင် ဖိနပ်တိုနှင့်ကြပ်ကိုဖွပ်၍ အိပ်ပျော်နေပြီလား။ စေတနာနှင့် သတိပေးပါရစေ၊ အိပ်၍ချည်း မနေပါနှင့်၊ ဖိနပ်တိုနှင့် ကြပ်ကို အခိုးခံနေရလိမ့်မည်။ တရားစာလေးများလည်း ကျက်ပါဦးဟု အပြောင်အလှောင် ဝေဝေဆာဆာဖြင့် ဖွဲ့ထားပါသည်။

ထိုကဗျာတွင် အရေးအသား အထူးပြောင်မြောက်၍ ကာရန်အချိတ်အဆက် အလွန်ကောင်းပါသည်။ ပဟေဠိကဲ့သို့ စကားဝှက်များ သုံးထားသည်ကို တွေ့ရပါသည်။

ထိုကဗျာနှင့် စပ်လျဉ်း၍ ဖိုးပြန်တောင်ပျော် ဖေသူတော်လေးက ၁၉၂၆ ခု၊ မေလ ဒဂုန်မဂ္ဂဇင်းတွင် ပြန်လည်ရေးသားထားသည်။ ၎င်းကို အခန်း (၃) တွင် ဖော်ပြပါမည်။

၅၇။ "သတိုးပီယ၏ကဗျာများ လေးဆစ်" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၉) (မေ ၁၉၂၆) စာ ၂၆၈။



"မည်သတိုးငယ်နှင့်" အစချီ။

သတိုးပီယသည် အများအကျိုးကို သယ်ပိုးမည့်သူဖြစ်ကြောင်း၊ မိမိကိုယ်ကို အထင်မကြီးဘဲ ကဗျာလင်္ကာများကို နေ့စဉ်လေ့လာနေကြောင်း ရေးသားထားပါသည်။

သူ၏ သဘောထားကို အများသိစေရန် ရိုးရိုးရှင်းရှင်းပင် ရေးဖွဲ့ထားပါသည်။

၅၈။ "သတိုးပီယ၏ ကဗျာများ တေးထပ်" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၉) (မေ ၁၉၂၆) စာ ၂၆၈။

"ပါ့ရမီအစွမ်းထက်ပါဘိ" အစချီ။

ဤကဗျာသည် မူလရေးစပ်ကတည်းက ကဗျာသင်သူတပည့်တစ်ဦးကို ရည်ရွယ်ခြင်း ဖြစ်ပေမည်။ သူ၏တပည့်တစ်ဦးဖြစ်သူ ခင်သော်တာထံသို့ပေးသောတေးထပ်တွင် အထက်ပါတေးထပ်ကို အနည်းငယ်ပြုပြင်ကာ ရေးသားထားကြောင်း တွေ့ရပါသည်။

ပါရမီထက်သန်သူမို့ ကူညီညွှန်ပြပေးလျှင် သူမတူအောင် ထူးခြားထင်ပေါ်မည့်သူဖြစ်ကြောင်း ရေးသားထားပါသည်။

အချို့အပိုဒ်များတွင် အဓိပ္ပာယ်ဖော်ရန် ခက်ခဲသော စကားလုံးများကို တွေ့ရပါသည်။

၅၉။ "သတိုးပီယ၏ ကဗျာများ လေးချိုး" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၉) (မေ ၁၉၂၆) စာ ၂၆၈။

"နှစ်ဆယ်ကျော် ခြောက်နှစ်စွန်းဆီက" အစချီ။

စာဆိုသည် ငွေကြေးအခက်အခဲကြောင့် ကဗျာစပ်ဆိုရန် အားလျော့နေချိန်တွင် ရေးသားဟန်တူပါသည်။ ဤကဗျာတွင် ဖော်ပြထားသော "ခင်ခင်" ဆိုသူမှာ ကဗျာသင်သော တပည့်ဖြစ်သူ ဒေါ်ခင်ခင်ကြီးကို ရည်ရွယ်သည်ဟု ယူဆပါသည်။

ရက်ပေါင်းထောင်သောင်းမက ရေးသားလာသော်လည်း ငွေကြေး မပြေလည်သောကြောင့် ကဗျာဆိုလျှင် တစ်ထွာတစ်ညှိုမျှစပ်လိုစိတ် မရှိတော့ပေ။ သည်အခါမျိုးတွင် ကဗျာများသင်ကြားပေးပါရန် စာရေးပြောကြားသူကြောင့် တစ်ဖန်အားတက်ကာ လေ့လာရပြန်ပါသည်။ သို့သော်လည်း ကဗျာနည်းမျိုးစုံ သင်မပေးရမီ အညာပြန်ရမည့် အခြေအနေကြောင့် စိတ်မရွှင်လန်းနိုင်အောင် ဖြစ်ရပါကြောင်း ရေးသားထားပါသည်။

စာဆို၏ ရင်တွင်းခံစားမှုများကို အထင်းသားဖွင့်ပြလျက်ရှိသော ကဗျာတစ်ပုဒ် ဖြစ်ပါသည်။

၆၀။ "ကဗျာ့အမြုတေဆောင်းပါး" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၇၂) (ဩဂုတ် ၁၉၂၆) စာ ၁၉၁။

ကဗျာလင်္ကာကို ပေါက်မြောက်စွာ တတ်ကျွမ်းနားလည်လိုသူတို့အတွက် နည်းလမ်းကောင်းများ ဆည်းပူးစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားဟန်တူသည်။

ကဗျာရေးသင်ကြရာတွင် နည်းမှားကို ရရှိကြလျှင် အခက်တွေ့နေကြရသည်။ သို့ဖြစ်၍ သင့်လျော်မည်ထင်သော နည်းလမ်းကို ညွှန်ပြခြင်းဖြစ်သည်။

ဤဆောင်းပါးတွင် ကဗျာကိုစတင်မရေးမီ လေ့လာသင့်သည်များကို ဖော်ပြသည်။ ထို့နောက် သံပေါက်၊ ရှစ်လုံးဘွဲ့၊ ဒွေးချိုး၊ လေးဆစ်၊ လေးချိုး၊ စာထောင့်ကဗျာ၊ မဟာလေးချိုးကြီးစသည်ဖြင့် အဆင့်ဆင့်တို့၏ လေ့ကျင့်သင့်ကြောင်း ပါဝင်သည်။ လေ့ကျင့်ရာတွင် နားလည်သဘောပေါက် လွယ်ကူစေရန် ဥပမာများနှင့်တကွ ရှင်းပြထားသည်။ မစ္စတာ မောင်မှိုင်းရေးသော "ယောသူ့ရွာဘွဲ့ကို ချဲ့၍ရေးသော စာထောင့်လေးချိုးကြီး" ကိုလည်း ထည့်သွင်းဖော်ပြထားသည်။



လှည်းယာဉ်ထပ်ချဲ့လေးချိုးကို ဦးရာကျော်ရေးကြောင်း ဤဆောင်းပါးတွင် ဖော်ပြထားပါသည်။

၆၁။ "ကရင်နီရွာဘွဲ့လေးဆစ်ကို ရှေးရိုးကွန့်သည့် လေးချိုးညွှန့်" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၇၂) (ဩဂုတ် ၁၉၂၆) စာ ၁၉၁။

"သင်တိုင်းအပြာမှာ" အစချီ။

ဤကဗျာသည် ၁၉၂၆ ခု၊ ဩဂုတ်လ ဒဂုန်မဂ္ဂဇင်းတွင် ရေးသားသော ကဗျာ့အမြုတေဆောင်းပါး၌ ပါရှိပါသည်။ ကရင်နီရွာဘွဲ့လေးဆစ် (ရှေးရေး) ကို ချဲ့ထွင်ရေးသားကြောင်း ဖော်ပြထားပါသည်။

ကယားလူမျိုးတို့၏ ဝတ်စားဆင်ယင်ပုံ၊ ဓလေ့စရိုက်၊ သဒ္ဒါတရား ရက်သန်ပုံတို့ကို ရေးဖွဲ့ထားပါသည်။

ကယားလူမျိုးတို့၏ အသွင်အပြင် စိတ်နေသဘောထားကို သဘာဝအတိုင်းပေါ်လွင်အောင် ရေးဖွဲ့နိုင်သည်။ အထက်ပါကဗျာတွင် ကာရန်စပ်ပုံ အလွန်လိုက်ဖက်ပြီး ကဗျူပဒေသနှင့်အညီ ရေးဖွဲ့ထားပါသည်။

၆၂။ "နိဂုံးချုပ် (၈၀) ပေါ်ရိုး" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၇၂) (ဩဂုတ် ၁၉၂၆) စာ ၁၉၁။

"ဂီတလင်္ကာအမြုတေပြလို့" အစချီ။

အထက်ပါကဗျာကို ၁၉၂၆ ခု၊ ဩဂုတ်လ ဒဂုန်မဂ္ဂဇင်းတွင် ရေးသားသော ကဗျာ့အမြုတေဆောင်းပါး၏ နိဂုံးတွင် ဖော်ပြထားပါသည်။

ကဗျာလင်္ကာများရေးသားရာတွင် မှတ်သားဖွယ်ကဗျူပဒေသများရှိကြောင်း၊ ကဗျာပုံသဏ္ဌာန်မျိုးစုံ ရေးဖွဲ့ရာတွင် ကာရန်အသွားကို ပထမဦးစွာလေ့လာရမည်ဖြစ်ကြောင်း၊ တစ်ခုခုကို ပိုင်နိုင်စွာ ရေးတတ်လျှင် အခြားပုံစံတို့မှာလည်း ဤသဘောမျိုးပင်ဖြစ်ကြောင်း ရေးဖွဲ့ထားပါသည်။

အထက်ပါ ကဗျာတွင် သိပ်သည်းကျစ်လျစ်၍ အဓိပ္ပာယ်မငုပ်သော စကားလုံးများကို သုံးထားကြောင်း တွေ့ရပါသည်။

၆၃။ "အယ်ဒီတာဆရာကြီးက အရှုံးပေးသဖြင့် မေးလိုက်သောတေးထပ်" ရေးသူ ပျဉ်းမနားက နင်းပြား၊ သူရိယမဂ္ဂဇင်း (ဩဂုတ် ၁၉၂၆) စာ ၅၅။

"အယ်ဒီတာဆရာကြီးရဲ့" အစချီ။

၁၉၂၆ ခု၊ ဇွန်လသူရိယမဂ္ဂဇင်းတွင်ပါသော ပျဉ်းမနားကနင်းပြား၏ ကဗျာသုံးပုဒ်နှင့် ပတ်သက်၍ အယ်ဒီတာက အမှားအယွင်းများကို မှတ်ချက်နှင့်တကွ ပြင်ပေးထားသည်။ ၎င်းနှင့်စပ်လျဉ်း၍ ဦးချစ်စရာက အယ်ဒီတာထံ ရေးသားထားခြင်းဖြစ်သည်။ ၁၉၂၆ ခု၊ ဇွန်လ သူရိယမဂ္ဂဇင်းနှင့်အယ်ဒီတာ မှတ်ချက်ပါသော သူရိယမဂ္ဂဇင်းတို့ကို ရှာဖွေမတွေ့ရှိပါ။

တစ်ပုဒ်လုံးတွင် ကဗျာအံချော်ရေးနည်းဖြင့် ရေးသားထားပါသည်။

၆၄။ "အယ်ဒီတာဆရာကြီးသို့ ထောမနာချဲ့လိုက်သော ဩဘာဘွဲ့ တြိချိုးကြီး" ရေးသူ ပျဉ်းမနားကနင်းပြား၊ သူရိယမဂ္ဂဇင်း (ဩဂုတ် ၁၉၂၆) စာ ၅၅။

"အယ်ဒီတာဆရာကြီးရယ်က" အစချီ။

၁၉၆၂ ခု၊ ဇွန်လ သူရိယမဂ္ဂဇင်းတွင်ပါသော ပျဉ်းမနားကနင်းပြား၏ ကဗျာသုံးပုဒ်နှင့် ပတ်သက်၍ အယ်ဒီတာက မှတ်ချက်ရေးသားသည်။ ၎င်းမှတ်ချက်နှင့် စပ်လျဉ်း၍ အယ်ဒီတာထံ ရေးသားခြင်းဖြစ်သည်။

အထက်ပါကဗျာတွင်လည်း အံချော်ရေးနည်းဖြင့် ရေးသားထားသည်။ သူ၏ကဗျာများ မှားယွင်းပါက ပြင်ဆင်ပေးရန် အယ်ဒီတာထံပေးသော အမှာကိုလည်း တွေ့ရသည်။

၎င်းအမှာနှင့် ပတ်သက်၍ ၁၉၂၆ ခု၊ စက်တင်ဘာလထုတ် သူရိယမဂ္ဂဇင်းတွင် အယ်ဒီတာက ကဗျာဆောင်းပါးတစ်ပုဒ်ဖြင့်ပြန်၍ ဖြေကြားထားသည်။ ထိုဆောင်းပါးကို အခန်း (၃) တွင် ဖော်ပြပါသည်။



၆၅။ "မွှေးတုံး ပန်း၊ နံလျှင် ပစ် လေးဆစ်" ရေးသူ သတိုးပီယ၊ သူရိယမဂ္ဂဇင်း (ဩဂုတ် ၁၉၂၆) စာ ၅၆။

"စက်နှစ်ဖော် သာပြိုင်မွေ့စဉ်က" အစချီ။

ချစ်သူ၏ စိမ်းကားရှောင်ဖယ်ခြင်းကြောင့် အားငယ်နေရပုံကို မိန်းမသားဟန်ဖြင့် ရေးဖွဲ့ထားပါသည်။

ကျစ်လျစ်သိပ်သည်း၍ အဓိပ္ပာယ်မငုပ်သော စကားလုံးများကို အသုံးပြုထားသည်။ ပျောင်းနွဲ့ခြင်းမရှိသော်လည်း ယဉ်ကျေးသိမ်မွေ့စွာ ဖွဲ့ဆိုထားပါသည်။

၆၆။ "တစ်ဖန်ဆက်ဆံလိုကြောင်း တောင်းပန်သည်ကို ငြင်းဆန်သော တေးထပ်" ရေးသူ သတိုးပီယ၊ သူရိယမဂ္ဂဇင်း (ဩဂုတ် ၁၉၂၆) စာ ၅၆။

"ရေနှစ်ရာ တပ့ါးမယ့်" အစချီ။

ယောက်ျားတို့၏ လှည့်စားတတ်ပုံကို မိန်းမသားဘက်မှ ခံစားချက်ဖြင့် ရေးသားထားပါသည်။

ပဟေဠိသဘောနှင့် ယဉ်ကျေးပြေပြစ်စွာ ရေးဖွဲ့ထားသည်မှာ အထူးချီးကျူးဖွယ်ကောင်းပါသည်။

၆၇။ "ဘုန်းမြင့်သိင်္ဂီလွမ်းစေတီကဗျာဝတ္ထု" ရေးသူ သတိုးပီယ၊ ဒဂုန်မဂ္ဂဇင်း အတွဲ (၇၂) အမှတ် (၇၃) (စက်တင်ဘာ ၁၉၂၆) စာ ၂၂၉။

"အလင်္ကာဆန်းသရွေ့မှာဖြင့်" အစချီ။

ကဗျာဝတ္ထုဆိုသည်မှာ ဝတ္ထုဇာတ်ကြောင်းတစ်ခုခုကို လင်္ကာသွားဖြင့် သီကုံးဖွဲ့ထားသော ကဗျာရှည်ကြီးပင်ဖြစ်သည်။ သတိုးပီယသည် ယင်းကဗျာဝတ္ထုကို တေးထပ်၊ လေးဆစ်၊ ရှစ်လုံးဘွဲ့ကဗျာ၊ ရှစ်ဆယ်ပေါ် တေးထပ်၊ ရတု၊ ဒွေးချိုး၊ လေးချိုး၊ ဘောလယ်၊ သဖြန်၊ စည်တော်သံ၊ လွမ်းချင်း၊ လေ့လော့သံ၊ လေးချိုးကြီး၊ တြိချိုး၊ ဗုံတောက်သံ၊ လွမ်းချင်း၊ သံပေါက်၊

လင်္ကာ၊ စာထောင့်လေးချိုးကြီးစသည့် ကဗျာအမျိုးမျိုးဖြင့် တန်ဆာဆင်ထားပါသည်။

ကဗျာဝတ္ထုတို စတွင်ရေးသူ မန္တလေးမောင်ခင်မောင်သို့ ချီးကျူးသော တေးထပ်ဖြင့် အစပြု၍ ကဗျာပေါင်း (၆၁) ပုဒ်ဖြင့် မွမ်းမံထားသည်။ ၎င်းကိုထောက်ရှု၍ သတိုးပီယ၏ ကဗျာအဖွဲ့ကျွမ်းကျင်မှုကို အကဲခတ်နိုင်ပါသည်။

ဇင်းကျိုက်တောင် မဟာဒိပရသေ့ကြီးနေထိုင်ရာ ဂူဝ၌ ကလေးငယ်တစ်ဦးကိုတွေ့၍ သားအရင်းပမာ မွေးလေသည်။ မောင်ဘုန်းမြင့်ဟု အမည်မှည့်သည်။ အရွယ်ရောက်သော် မဟာမြိုင်တောင်မှ ယက္ခသိဂီအမည်ယူလျက် လူယောင်ဖန်ဆင်းထားသော ဥစ္စာစောင့်မလေးနှင့် ချစ်ကြိုက်ကြသည်။

ကောသလရွာမှ သိုက်ဆရာမောင်ဘိုးညွှာသည် သိုက်စာအရ မဟာမြိုင်တောသို့လာ၍ သိုက်ကိုအတင်းတူးမည် ကြံ၏။ ဥစ္စာစောင့်က မာယာဖြင့် လှည့်ဖြားသော် သိုက်ဆရာလည်း ဆေးဝါးမန္တန်များပျက်၍ မေ့မြောလေသည်။ ထိုအခါမှ သိုက်ကိုပြောင်းလေသည်။

မောင်ဘုန်းမြင့်သည် တွေ့နေကျနေရာတွင် မတွေ့၍ ချစ်သူအားလိုက်ရှာရာ အောင်ချာရဋ္ဌတိုင်းပြည်သို့ ရောက်သည်။ အကြောင်းအားလျော်စွာ ထိုတိုင်းပြည်၌ မင်းဖြစ်လေသည်။

ဥစ္စာစောင့်မလေးသည် ချစ်သူကို သတိရ၍ မဟာမြိုင်တောတွင် လွမ်းစေတီတည်ဆဲ ရင်ကွဲနာဖြင့် သေဆုံးသည်။ မောင်ဘုန်းမြင့်လည်း အိပ်မက်မကောင်း၍ မဟာမြိုင်တောသို့လာသည်။ မဟာမြိုင်တောတွင် လွမ်းစေတီတစ်ဆူ ထပ်မံတည်၍ "ဘုန်းမြင့်သိဂီလွမ်းစေတီ" ဟူသော အမည်ကိုပေးကာ ဇာတ်သိမ်းထားသည်။

အကြောင်းအရာပိုင်း အနေဖြင့် ခေတ်နှင့်မညီသော အတွေးအခေါ်



များပါဝင်သော်လည်း ပုံသဏ္ဌာန်ပိုင်းအနေဖြင့် ဇာတ်ကြောင်းပေါ်အောင် ထိထိမိမိ စပ်ဆိုနိုင်ကြောင်း တွေ့ရပါသည်။

၆၈။ "ဆရာဦးပီယအား ခင်သန်းရွှေအမည်ဖြင့် အလွဲသုံးစားလုပ်သူ ဦးသူတော်သို့ သတိပေးတေးထပ်" ရေးသူ ပျဉ်းမနားကနင်းပြား၊ ဒဂုန်မဂ္ဂဇင်း (၁၉၂၆) စာ ၂၁၃။

"ဦးသူတော်ဖလ်ကတုံးက" အစချီ။

ဖိုးပြန်တောင်ပျော် ဖေသူတော်လေးသည် ခင်သန်းရွှေအမည်ခံကာ ၁၉၂၅ ခု၊ စက်တင်ဘာလ ဒဂုန်မဂ္ဂဇင်း၌ သတိုးပီယထံ အမျှော်စိုက်လွမ်းချင်းလေးဆစ်သဖြန့်တစ်ပုဒ် ပေးပို့သည်။ သတိုးပီယက ၁၉၂၅ ခု၊ အောက်တိုဘာလ ဒဂုန်မဂ္ဂဇင်း၌ ခင်သန်းရွှေသည် မိန်းမသားထင်၍ ဝမ်းသာမိသော်လည်း စိတ်ထဲတွင် ဒွိဟဖြစ်မိ၍ ဘဝမှန်ကို ပြန်ကြားစေလိုကြောင်း ရေးသားသည်။

ခင်သန်းရွှေသည် မိန်းမသားဟုတ်မဟုတ် မှန်းကြည့်ရုံနှင့် သိနိုင်ကြောင်း ၁၉၂၆ (လမသိပါ) တွင် ဖေသူတော်လေးကပြန်၍ ရေးသားသည်။ ၎င်းကို နင်းပြားက ပြန်ကြားရေးဖွဲ့ခြင်း ဖြစ်ပါသည်။

အပြောင်အလှောင်ကဲ၍ ရယ်ရွှင်ဖွယ်ရေးသားထားသည်။

အမှတ်စဉ် ၃၄၊ ၅၆၊ ၁၀၆၊ ၁၀၇ တို့နှင့်တွဲ၍ လေ့လာနိုင်ပါသည်။

၆၉။ "လူပျိုကြီးမောင်နှောင်းသွား တေးထပ်ပျက်" ရေးသူ ပျဉ်းမနားကနင်းပြား၊ ဒဂုန်မဂ္ဂဇင်း (၁၉၂၆) စာ ၂၁၃။

"ချစ်ပုံကို ပြောမပြချင်ဘု" အစချီ။

ထိုတေးထပ်မှာ ရယ်ရွှင်ဖွယ်ကောင်းအောင် အပြောင်အပြက်ရေးသားသော တေးထပ်ပျက်ဖြစ်သည်။ ယခင်က လူပျိုကြီးမောင်နှောင်းအမည်ဖြင့် အံချော်ကဗျာများရေး၍ နာမည်ရလာသော ကဗျာပျက်ဆရာတစ်ဦးရှိသည်။ ၎င်းအမည်ကိုယူ၍ ခေါင်းစဉ်ပေးထားခြင်းဖြစ်သည်။

ကာရန်မကိုက်၊ အကြောင်းအရာ မညီညွတ်မှု မရှိအောင် ရေးသား ရသဖြင့် ထူးခြားမှုရှိသည်ဟု ထင်ပါသည်။

၇၀။ "တေလေနောက်ပိုးဘွဲ့လေးချိုး" ရေးသူ ပျဉ်းမနားကနင်းပြား၊ ဒဂုန် မဂ္ဂဇင်း (၁၉၂၆) စာ ၂၁၃။

"ပိုးပန်းတဲ့ ဝါသနာဟာ" အစချီ။

နောက်ပိုးသန်သော လူငယ်တစ်ယောက်၏ ဝတ်စားဆင်ယင်ပုံ၊ အကျင့်စရိုက်ကို ရေးဖွဲ့ထားသော ကဗျာဖြစ်သည်။

အပိုးဝါသနာပါသည့် ဤသူငယ်သည် ပုဆိုးအနွမ်းကို ဝတ်လေ့မရှိ။ ရဲရဲနီသော ဘန်ကောက်ပုဆိုးကိုသာ ဝတ်သူဖြစ်သည်။ သူ့ချစ်သူနှင့် တွေ့ သည့်အခါ မျက်နှာပေးအမျိုးမျိုးပြောင်း၍ ငွေကိုရအောင်ချူသည်။ နေစဉ် ပင် ကြက်ကျော်နှင့် အရက်ကိုမှီဝဲသော်လည်း တစ်ဖက်သားမြင်လျှင် အရက်သမားမထင်အောင် ဟန်ဆောင်ကောင်းသည်။ အပိုးဘဝတွင်ဖြင့် သူတစ်ပါးလိုက်မမီနိုင်သည့် ပထမတန်းလူဖြစ်ပေမည်ဟု ရေးထား ပါသည်။

ဤကဗျာသည် အဓိပ္ပာယ်စုံလင်ပြီး စကားလုံးများအပိုမပါဘဲ အတိ အကျသုံးထားသဖြင့် ကဗျာကောင်းတစ်ပုဒ်ဟု ယူဆပါသည်။ သူတစ်ဦး၏ အကျင့်စရိုက်ကို ပေါ်လွင်အောင် ရေးနိုင်သဖြင့် ကဗျာ့ဥပဒေသအရ မှတ် သားအပ်သည်ဟု ထင်ပါသည်။ မိန်းကလေးတို့ သတိပြုဖတ်ရှုသင့်သော ကဗျာတစ်ပုဒ်ဖြစ်ပါသည်။

၇၁။ "ခင်သော်တာသို့ တေးထပ်" ရေးသူ သတိုးပီယ၊ ၁၉၂၆။

"ပါရမီအစွမ်းထက်ပါဘိ" အစချီ။

မြို့မအမျိုးသမီးအထက်တန်းကျောင်းမှ ကဗျာသင်တပည့်ဖြစ်သူ ခင်သော်တာအမည်ခံ ဆရာမဒေါ်ခင်ခင်ကြီးသို့ ရည်ရွယ်၍ ရေးသားထား ပါသည်။



ပါရမီထက်သန်သူဖြစ်၍ ဆရာက အနည်းငယ်ညွှန်ပြရုံမျှဖြင့် သူ မတူအောင် ထူးချွန်မည့်သူဖြစ်ကြောင်း၊ နေအာရုံကို မျှော်လင့်နေသော ကြာငုံကလေးကဲ့သို့ ဖူးပွင့်ရန် အားယူနေကြောင်း ဖွဲ့ဆိုထားပါသည်။

သိမ်မွေ့သော အသုံးအနှုန်းများဖြင့် တန်ဆာဆင်ထားပါသည်။

၃၁-၅-၈၅ နေ့တွင် ဒေါ်ခင်ခင်ကြီးထံမှ ရသည်။

၇၂။ "လေးဆစ်" ရေးသူ သတိုးပီယ၊ ၁၉၂၆

"စာဂုဏ်ပြည့်ပါဘိ" အစချီ။

ဒေါ်ခင်ခင်ကြီးကို အကြောင်းပြု၍ ရေးသားခြင်းဖြစ်သည်။

စာပေနှင့်ပတ်သက်၍ သိသင့်သမျှကို သဘောပေါက်သူဖြစ်ကြောင်း၊ ခင်သော်တာသည် နေရောင်ကလေးကူပင့်ပေးလျှင် ပွင့်လာမည့် ပန်း ကလေးဖြစ်ကြောင်း ရေးဖွဲ့ထားပါသည်။

စကားလုံးလုပကျစ်လျစ်၍ အနက်အဓိပ္ပာယ် လေးနက်ထိရောက် သောကဗျာတစ်ပုဒ် ဖြစ်ပါသည်။

၃၁-၅-၈၅ နေ့တွင် ဒေါ်ခင်ခင်ကြီးထံမှ ရရှိသည်။

၇၃။ "လေးချိုး" ရေးသူ သတိုးပီယ၊ ၁၉၂၆

"ကဗျာတွေ စာပေပြရာက" အစချီ။

ဒေါ်ခင်ခင်ကြီးထံရေးသော တေးထပ်ဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်တွင် မိမိရပ်ရွာ အညာမြေသို့ ခေတ္တပြန် ဦးမည်ဖြစ်ကြောင်း၊ ကဗျာလင်္ကာနှင့် ပတ်သက်၍ မေးမြန်းလိုပါလျှင် ယခု အခါ လာရောက်စေကြောင်း၊ သင်ပြပေးလိုကြောင်းကို ရေးဖွဲ့ထားပါ သည်။

ရိုးရိုးလေးနှင့် ပြေပြစ်အောင် ရေးထားပါသည်။

၃၁-၅-၈၅ နေ့တွင် ဒေါ်ခင်ခင်ကြီးထံမှရသည်။

၇၄။ "လေးဆစ်" ရေးသူ သတိုးပီယ၊ ၁၉၂၆

"သရက်မိုယ်းကြွက်အိုး၏ ဥပမာ" အစချီ။

ဒေါ်ခင်ခင်ကြီးထံရေးသော လေးဆစ်ဖြစ်သည်။

ရှင်လန်းချမ်းမြေ့စေလိုကြောင်း၊ စည်းစိမ်ချမ်းသာပြည့်ဝစေလို ကြောင်း ရေးဖွဲ့ထားပါသည်။

ဥပမာဖြင့် တင်စားကာ ရိုးရိုးပင်ဖွဲ့ဆိုထားပါသည်။

၃၁–၅–၈၅ နေ့တွင် ဒေါ်ခင်ခင်ကြီးထံမှရသည်။

၇၅။ "လေးချိုး" ရေးသူ သတိုးပီယ၊ ၁၉၂၆။

"အရာရာမြော်မြင်တဲ့နည်းတွေနှင့်" အစချီ။

ဒေါ်ခင်ခင်ကြီးအလုပ်ထွက်ခါနီးတွင် ရေးပို့နှုတ်ဆက်သော လေးချိုး ဖြစ်သည်။

ဒေါ်ခင်ခင်ကြီးထံ ကဗျာကသီလာရောက် နှုတ်ဆက်ဖို့ကိုပင် အခွင့် မသာခဲ့ကြောင်း၊ တစ်ဦးနှင့်တစ်ဦး ခင်မင်ခဲ့ကြသော်လည်း သခါရသဘော အရ ခွဲခွာကြရကြောင်း၊ ဒေါ်နှင်းလွင်မှာလည်း ခွဲခွာချင်လိမ့်မည်မဟုတ် ကြောင်း ရေးဖွဲ့ထားပါသည်။

ခက်ခဲနက်နဲသော စကားလုံးများ မပါဝင်ဘဲ အနှစ်သာရ ပြည့်ဝ သော ကဗျာတစ်ပုဒ် ဖြစ်ပါသည်။

အထက်ပါကဗျာတွင် ဖော်ပြထားသော ဒေါ်နှင်းလွင်မှာ မြို့မတိုင်း ရင်းသူ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဖြစ်ပါသည်။

အထက်ပါကဗျာကို ၃၁–၅–၈၅ နေ့တွင် ဒေါ်ခင်ခင်ကြီးထံမှ ရရှိ ပါသည်။



## ၁၉၂၇ ခုနှစ်

၇၆။ "ပုံစံလေးချိုး" ရေးသူ သတိုးပီယ၊ ကဗျာဖွဲ့နည်းကျမ်း၊ ၁၉၂၇၊ စာ ၂၈

"လေချိုးဉာဏ်အမြင်ရင့်စေဖို့" အစချီ။

လေးချိုးရေးနည်း နိဿရည်းကိုတင်ပြထားခြင်း ဖြစ်သည်။ လေးချိုး စပ်ရာတွင် လုံးရေပိုဒ်ရေ ကန့်သတ်မထားပါ။ အချိုးလေးချိုးတွင် အအုပ် အခံ ကာရန်ညီရမည်။ ပထမနှင့် ဒုတိယအချိုးတွင်ရှိသော အအုပ်အခံ ကာရန်နှင့် တတိယအချိုး မဆုံးမီတစ်ပိုဒ်တွင်ရှိသော အဆုံးကာရန်တို့ ဟပ်မိရမည်ဖြစ်ကြောင်း ရေးသားထားသည်။

ရှင်းလင်းလွယ်ကူသော စကားလုံးတို့ကို သုံးထား၍ မှတ်သားရန် လွယ်ကူသည်။

၇၇။ "သီပေါမင်းပါတော်မူခန်းဘွဲ့ ရှစ်ဆယ်ပေါ်ရိုး" ရေးသူ သတိုးပီယ၊ ကဗျာဖွဲ့နည်းကျမ်း၊ ၁၉၂၇၊ စာ ၈၄။

"ရတနာပုံမန်းပျံကနက်မှ" အစချီ။

၁၂၄၇ ခုတွင် အရှင်နှစ်ပါးပါတော်မူသဖြင့် ပြည်သူပြည်သားများ စိတ်ထိခိုက်လှုပ်ရှားကြရသော ခံစားမှုကို ဖွဲ့ဆိုထားပါသည်။

ဘာသာမျိုးခြား တိုင်းတစ်ပါးသားတို့၏ စနက်ကြောင့် ထီးပိုင်နန်းပိုင် ဘုရင်နှစ်ပါးတို့ အမိမြေမှ ခွဲခွာရပုံ၊ ထီးသုဉ်းနန်းသုဉ်းဖြစ်ရပုံတို့ကို ရေးသား ထားသည်။

ဤ ရှစ်ဆယ်ပေါ်တေးထပ်မှာ အစ၊ အလယ်၊ အဆုံးတစ်ပုဒ်လုံး ကောင်းမွန်ပါသည်။

၇၈။ "ရွှေတိဂုံဘုရားဘွဲ့ထပ်တွန့် ရှစ်ဆယ်ပေါ်" ရေးသူ သတိုးပီယ၊ ကဗျာဖွဲ့နည်းကျမ်း၊ ၁၉၂၇၊ စာ ၈၅။

"လျှမ်းဝေ ဆန်းတွေ" အစချီ။

သိင်္ဂုတ္တရတောင်ပေါ်တွင် တည်ထားကိုးကွယ်သော ရွှေတိဂုံစေတီတော်မြတ်၏ ကြည်ညိုဖွယ်ရာ ဂုဏ်တော်များကို ရေးဖွဲ့ထားပါသည်။

အထပ်အတွန့်များပြီး ဖတ်ရသည်မှာ ခပ်ထောင့်ထောင့် ဖြစ်နေပါသည်။ အဓိပ္ပာယ်မပေါ်လွင်သော စကားအသုံးများကို တွေ့ရပါသည်။

## ခုနှစ်မပါ

၇၉။ "ပညာရှိကလိယုဂ်ဘွဲ့တေးထပ်" ရေးသူ နင်းပြား၊ ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၁၁။

"ကဗျာကိုထွာညှိစရယ်နဲ့" အစချီ။

ကဗျာပညာရှင်ဟု မိမိကိုယ်ကို အထင်ကြီးနေကြသူများအား ချိုးနှိမ်၍ ရေးသားထားသော တေးထပ်ဖြစ်သည်။

ကဗျာကို တစ်ထွာတစ်ညှိုတတ်ရုံမျှနှင့် စာဆိုဟု ထင်နေကြပါသည်။ နှိမ့်ချခြင်း အလျဉ်းမရှိဘဲ မိမိတတ်ကြောင်း၊ တော်ကြောင်းသာ ကြွားနေကြသည်ဟု ရေးသားထားပါသည်။

တိုတိုနှင့် ထိထိမိမိစပ်ဆိုထားပါသည်။

၈၀။ "နင်းပြားနောက်ပိုးဘွဲ့တေးထပ်" ရေးသူ နင်းပြား၊ ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၁၁။

"နောက်ပိုးကောင်ပေါက်စဗျို့" အစချီ။

နောက်ပိုးသန်သူလူကြွားများအား သရော်လှောင်ပြောင်သော တေးထပ်ဖြစ်သည်။

ခြောက်ပြစ်ကင်း၍ ရွှေအဆင်းရှိသူကိုသာ ချစ်ကြိုက်မည်သူဖြစ်ကြောင်း၊ အမေနှင့်တည့်၍ အိမ်ကိုပါမည့် အလိမ္မာသူဌေးသမီးကိုသာ ပိုးပန်းသူဖြစ်ကြောင်း ရေးသားထားပါသည်။



စကားပရိယာယ်မပါဘဲ ရိုးရိုးရှင်းရှင်း ရေးဖွဲ့ထားသည်။ ပုထုဇဉ်သဘာဝကို ထိမိစွာဖော်ပြနိုင်သော တေးထပ်ဖြစ်ပါသည်။

၈၁။ "နင်းပြား၏ အာသီသနိဝါတလေးချိုး" ရေးသူနင်းပြား၊ ဒဂုန်မဂ္ဂဇင်း၊ (ခုနှစ်မတွေ့ရ) စာ ၂၁၁။

"ကျီစယ်ကာ သရော်ဘက်ပါလို့" အစချီ။

မိမိ၏ နှိမ့်ချလိုသော၊ ဂုဏ်မတင်လိုသော ဆန္ဒကို ဖော်ပြထားသည့် လေးချိုးဖြစ်သည်။

ဤကဗျာသည် ရယ်ရွှင်ဖွယ်ရာသာလျှင် ရေးသားခြင်းကြောင့် မသင့်တော်သည်ကိုတွေ့လျှင် ခွင့်လွှတ်ပါဟု တောင်းဆိုပါကြောင်း၊ သို့သော် သူ့အပေါ်၌ မာန်မာနထားပြီး ကြွားဝါလိုသူများကိုတော့ တုံ့ပြန်လိုကြောင်း ရေးသားထားပါသည်။

ဤလေးချိုးတွင် ကာရန်အချိတ်အဆက် မှန်ကန်သော်လည်း မပြေပြစ်သော စကားအသုံးအချို့ကို တွေ့ရသည်။

ဤလေးချိုးတွင် ရေးသားထားသော "မန်းကြည်" အမည်မှာ မိတ်ဆွေဖြစ်သူ ပျဉ်းမနား ဦးမောင်မောင်ကြီး (ဒဂုန်နတ်ရှင်) ကို ရည်ရွယ်ပါသည်။

၈၂။ "ရှစ်လုံးဘွဲ့ကဗျာ" ရေးသူ သတိုးပီယ (မြို့မရဲဘော်) ဒဂုန်မဂ္ဂဇင်း၊ (ခုနှစ်မတွေ့ရ) စာ ၂၀၅။

"သတိုးပီယ မြို့မရဲဘော်" အစချီ။

သတိုးပီယသည် မြို့မတိုင်းရင်းသား အထက်တန်းကျောင်းကြီး၏ ရဲဘော်ရဲဘက်ဖြစ်ကြောင်း၊ ကဗျာအဖွဲ့အနွဲ့များကို အထူးကွန့်၍ရေးသူဖြစ်ပြီး နာမည်သတင်းထင်ရှားကြောင်း၊ သူ၏အမည်မှာ ချစ်ဆေးဟု အဓိပ္ပာယ်ရသည့် ပီယဖြစ်ကြောင်း၊ လောကီ လောကုတ္တရာဉာဏ်မျိုးစုံ

ကွန့်မြူး၍ ကဗျာလင်္ကာများကို စပ်ဆိုသည်ဖြစ်ကြောင်း ရေးသားထား ပါသည်။

စကားအသုံးအနှုန်း လှပသော ကဗျာကောင်းတစ်ပုဒ် ဖြစ်ပါသည်။

၈၃။ "မယ်မောင်ဘွဲ့ စုံတွဲတေးထပ်များ" ရေးသူ သတိုးပီယ (မြို့မရဲဘော်) ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၀၆။

"သနားတော်မူသင့်ငဲ့" အစချီ။

လူငယ်တို့ သဘာဝရင်တွင်း၌ ဖြစ်ပေါ်လာသော အချစ်စိတ်ကို အလုံးစုံ ဖော်ထုတ်တင်ပြထားသော စုံတွဲတေးဖြစ်သည်။

ချစ်သူနှင့်ကွေကွင်းရသော ဒုက္ခကို မခံစားလို၍ အယဉ်အလှထိပ် ခေါင်လေးကို ချစ်ရေးဆိုရကြောင်း၊

ယောက်ျားတို့သဘာဝ ပလီပလာပြောတတ်၍ မယုံကြည် နိုင်ကြောင်း၊

မုသားပြောခဲ့လျှင် စေတီယမင်းလို မြေခွင်း၍မျိုပါစေကြောင်း၊

အချစ်ကို လက်ခံလိုက်လျှင်ဖြင့် တန်ဖိုးထားစေလိုပါကြောင်း၊

အပြန်အလှန် ချစ်ခွန်းဆိုကြဟန် ရေးသားထားပါသည်။

မအပြောတွင် ဖိုသဘောမပါ၊ ဖိုအပြောတွင် မသဘောမပါဘဲ အရေးအသားမှာ တစ်ပုဒ်လုံး ရသဂုဏ်မြောက်သည်။ အလွန်ကောင်း သော တေးထပ်တစ်ပုဒ်ဟု ယူဆပါသည်။

၈၄။ "နတ်ရွာစံ အရှင်သီပေါဘုရင်မင်းမြတ်၏ ညာနတ်ဒေဝီမဟေသီ မိဖုရားခေါင်ကြီး ဖြစ်တော်မူသော ထိပ်စုလတ်ဘုရား ကံကုန်တော်မူသဖြင့် မချိတင်ကဲ ကြေကွဲရကြောင်း ဘွဲ့ဆိုအပ်သော တမ်းချင်းရှေးသွား လေးချိုး ကြီး" ရေးသူ သတိုးပီယ (မြို့မရဲဘော်) ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၆၁။



"တခေတ်ညှိုးပြန်ပေါ့" အစချီ။

စုဘုရားလတ်ကံကုန်တော်မူသဖြင့် ဝမ်းနည်းကြေကွဲကြောင်း ဖွဲ့ဆို ထားသော ရှေးသွားလေးချိုးကြီး ဖြစ်သည်။

အရှင်မိဖုရားခေါင်ကြီးသည် ၁၂၂၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၄) ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူကြောင်း၊ အရှင်သီပေါမင်းတရား နန်းတက်တော်မူသောအခါ အဂ္ဂမဟေသီ တောင်နန်းမတော်ကြီးအဖြစ် အဘိသိတ်သွန်းခဲ့ပြီး အရှင်နှစ်ပါးပျော်ရွှင်စွာ စံစားခဲ့ကြောင်း၊ ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆုတ် (၈) ရက်နေ့တွင် ထီးနန်းစည်းစိမ်တော်များကို စွန့်ခွာ၍ ရတနာဂီရိကျွန်းသို့ ပါတော်မူခဲ့ကြောင်း၊ ရတနာဂီရိ၌ စိုးစံတော် မူစဉ် သီပေါဘုရင် နတ်ရွာစံခဲ့ကြောင်း၊ သို့ဖြစ်၍ မိဖုရားကြီးက မိမိအရပ် ဌာနေသို့ ပြန်လိုကြောင်း မိန့်တော်မူသဖြင့် ရန်ကုန်မြို့တွင် စံနေတော်မူ ကြောင်း၊ သို့သော် ခံစားခဲ့ရသော သောကမီးကြောင့် ၁၂၈၇ ခု၊ နတ်တော် လဆန်း (၁၀) ရက်၊ အင်္ဂါနေ့တွင် ကံကုန်တော်မူကြောင်း ရေးဖွဲ့ထားပါ သည်။

အထက်ပါ ကဗျာတွင် ဝေါဟာရ၊ ပေါရာဏစုံလင်စွာ သုံးထားပြီး ပြေပြစ်စွာ စပ်ဆိုနိုင်သော လက်ရွေးစင်ကဗျာတစ်ပုဒ် ဖြစ်ပါသည်။

ကဗျာရှင်သည် ဤလေးချိုးကြီးကို ရေးရာတွင် စိတ်ရောကိုယ်ပါ အပင်ပန်းခံ၍ရေးသည်ဟု ယူဆပါသည်။

၈၅။ "တန်ဆောင်မုန်းလ ဗြိစ္ဆာရာသီဘွဲ့ လွမ်းချင်း" ရေးသူ သတိုးပီယ (မြို့မရဲဘော်) ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၁၂။

"တန်ဆောင်ဆန်းပြန်တော့" အစချီ။

တန်ဆောင်မုန်းလရာသီ၏ အချင်းအရာ ဝိသေသများကို ရေးဖွဲ့ထား သော လွမ်းချင်းဖြစ်သည်။

နှင်းမြူမှုန်တို့ကျ၍ ချမ်းအေးရသည်တွင် လေကလည်းတိုက်ပြန်သောကြောင့် အချမ်းပိုရပြန်သည်။ ရာသီအလိုက် ခဝဲပန်းတို့ပွင့်ကြပေပြီ။ ကျတ္တိကာနက္ခတ်သည် စန်းနှင့်ယှဉ်၍ ထွက်ပေါ်လာသော ရာသီဖြစ်သည်။ နက္ခတ်ပွဲသဘင် ကျင်းပသော ဤတန်ဆောင်မုန်းလအခါတွင် ဆီမီးများ ပူဇော်ကြသည်။ ချစ်သူမောင်နှင့်အတူ ဆင်နွှဲခဲ့ရသော ယခင်ကာလသည် အချိန်လေးကို တမ်းတ၍ လွမ်းရပါသည်ဟု ရေးဖွဲ့ထားပါသည်။

အကြောင်းအရာ ဆန်းသစ်မှု မရှိသော်လည်း ကဗျာ့အရသာ ပေါ်လွင်သည်။ ရာသီဘွဲ့၏ အင်္ဂါရပ်များကို စကားလုံး ကျစ်ကျစ်လျစ်လျစ်နှင့် ရေးဖွဲ့ထားသည်မှာ နှစ်သက်ဖွယ်ကောင်းပါသည်။

၈၆။ "သံဝေဂ ရှစ်ဆယ်ပေါ်တေးထပ်" ရေးသူ သတိုးပိယ (မြို့မရဲဘော်) ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၁၂။

"သွေ့ခြောက်ရင့်ရော်ကြာရေဝေးသို့" အစချီ။

ကိလေသာအပေါင်းကို ချိုးနှိမ်၍လွတ်မြောက်ရန် နည်းလမ်းရှာကြံလိုသော်လည်း အာရုံငါးပါးက ဖမ်းစားသဖြင့် နေစဉ်နှင့်အမျှ တဝဲလည်လည် ဖြစ်နေရကြောင်း၊ ဖလံပိုးများ မီးကိုတိုးသလို သိရက်နှင့် ဝဋ်နှောင်တွင်းမှ မရုန်းထွက်နိုင်ကြကြောင်းကို တရားကျဘွယ်ရေးထားသည်။

အထက်ပါ ရှစ်ဆယ်ပေါ် တေးထပ်သည် အဓိပ္ပာယ်အလွန်ပေါ်လွင်လေးနက်သည်။ ကာရန်ထပ်သည့် နေရာတွင်လည်း လွန်စွာချီးကျူးဖွယ်ကောင်းပါသည်။ သို့သော်ရှားပါးသော စကားလုံးများကို သုံးထားသဖြင့် ဝါစာသီလို၍ မဖြစ်ပါ။

၈၇။ "သံဝေဂ ကဗျာမဟာလေးချိုးကြီး" ရေးသူသတိုးပိယ (မြို့မရဲဘော်) ဒဂုန်မဂ္ဂဇင်း (ခုနစ်မတွေ့ရ) စာ ၂၁၂။



"ပတ်သန်းရေဇလာ ရောသောင်နှော်ဆိပ်ပေပေါ့" အစချီ။

လူ့ဘောင်လောကကို ငြီးငွေ့သည့်အကြောင်း ရေးဖွဲ့ထားသော နိဗ္ဗိန္ဒလေးချိုးကြီး ဖြစ်ပါသည်။

သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်တွင် ရူတင်ဆောင်လျက် လျော်တေသက်န်းဆင်မြန်းကာ ရဟန်းဝတ်မည် စိတ်ကူးကြောင်း စိတ်ကူးရုံမျှ မပြီးသေးဘဲ အာသဝေါအမှောင်တွင်းမှ လွတ်ကင်းအောင် တရားဓမ္မလိုက်စားရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားပါသည်။

လေးချိုးကြီးဆရာ သခင်ကိုယ်တော်မှိုင်း၏ဟန်ကို အတုယူရေးဖွဲ့ထားပါသည်။ အကြောင်းအရာ နက်နက်နဲနဲ မဟုတ်လှသော်လည်း ကဗျူပဒေသနှင့်ကိုက်ညီအောင် ဖွဲ့ဆိုနိုင်သော ကဗျာကောင်းတစ်ပုဒ် ဖြစ်ပါသည်။

၈၈။ "မြန်မာစာညွှန့်ပေါင်းကျမ်းငှီကာ" ရေးသူ မောင်ချစ်စရာ၊ ရန်ကုန်မြန်မာအမျိုးသားစာပုံနှိပ်တိုက် (ခုနစ်မပါ) ၁၆၀ စာ။ ၂၂ ဆင်တီ၊ ဒီ–ရဲ။ ဘ၊ ဗ၊ စ – ၉၀၇၅၉။

၁၉၂၁ ခုတွင် ထုတ်ဝေသော မြန်မာစာညွှန့်ပေါင်းကျမ်း (ပ) တွဲမှ ကောက်နုတ်၍ ကဗျာလင်္ကာ ၁၂ ပုဒ်ကို ဖြေဆိုထားသည်။ ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတုတို့နှင့်တကွ ၎င်းတို့၏အဖြေများ ပါဝင်သည်။ အင်္ဂလိပ် – မြန်မာနှစ်ဘာသာသင် အထက်တန်းကျောင်းသားများအတွက် ဖြစ်သည်။

ရာဇဓိရာဇ်ကတော်ရေးသော "သူငယ်ချင်းကောင်း ယောက်မတို့လေး တိမ်ခိုးငယ်မှ ဝေဝေ" အစချီသုံးထောင့်အိုင်ပါသည်။

ဖော်ပြထားသော ကဗျာလင်္ကာတို့၏ သမိုင်းကြောင်း၊ ခက်ဆစ် အဓိပ္ပာယ် စကားပြေတို့ကို ကျနစွာ ဖော်ပြထားသည်။

၁၉၂၄ ခုတွင် (ပ) ကြိမ်ထုတ်ဝေသည်ဟု ယူဆရသည်။

၁၉၂၆ ခုတွင် ရန်ကုန်၊ ဒဂုံစာပုံနှိပ်တိုက်မှ ဒု – ကြိမ်ထုတ်ဝေသည်။ ၎င်းစာအုပ်၏ အတွင်းမျက်နှာဖုံးတွင် ၁၉၂၅ ခုဟု ဖော်ပြထားသည်။

၈၉။ "ကိုးခန်းပျို့မှတ်စု" ရေးသူ ဆရာမောင်ချစ်စရာ ရန်ကုန်၊ ၁၉၂၅။ ၁၄၅ စာ၊ ၁၈ ဆင်တီ။ ဒိ – ၄ဲ။ တ၊ ဗ၊ စ – ၁၁၂၁၃၈။

ကိုးခန်းပျို့မှ လျှို့ဝှက်သောအရာများကို ကောက်နုတ်ဖြေဆိုထားသည်။ အမျိုးသားကျောင်းဆယ့်တစ်ဆင့်မှ ကောလိပ်သိပ္ပံကျောင်း ဘီအေ အတန်းများအတွက် ဖြစ်သည်။

ကိုးခန်းပျို့ကို အမည်သုံးမျိုးဖြင့် ခေါ်တွင်ပုံ၊ အဘယ်ကြောင့်ထို အမည်များ အစွဲပြုခေါ်တွင်ပုံတို့ကို ရှင်းပြသည်။ အပိုဒ် ၁ မှ အပိုဒ် ၃၂၄ ထိ တစ်ပိုဒ်စီတွင် ခက်ဆစ်အဓိပ္ပာယ်တို့ကို အသေးစိတ်ရှင်းပြသည်။

နောက်ဘက်တွင် အက္ခရာစဉ် မာတိကာပါသည်။

၉၀။ "ပုံတွေ့ာဝါဒဆုံးမစာအဖွင့်" ရေးသူ မောင်ချစ်စရာ၊ ရန်ကုန်၊ သမားတော်ညွှန်ကုမ္ပဏီ (ခုနှစ်မတွေ့ပါ) ၇၂ စာ၊ ၂၁ ဆင်တီ။ တ၊ ဗ၊ စ – ၁၃၁၅၂၄ (၇)။

ပုတ္တောဝါဒပျို့မှ လင်္ကာပုဒ်ရင်းများကို ဖြေဆိုထားသည်။ အမျိုးသားကျောင်းသုံးအတွက် ဖြစ်သည်။

လင်္ကာပုဒ်ရင်း ၁ မှ ၄ ထိ အဘက သားကို ဆုံးမစာ၊ လင်္ကာပုဒ်ရင်း ၅ မှ ၁၀ ထိ အမိက သားကိုဆုံးမစာ၊ လင်္ကာပုဒ်ရင်း ၁၁ မှ ၁၆ ထိ နှမက မောင်ကို ဆုံးမခန်း၊ လင်္ကာပုဒ်ရင်း ၁၇ မှ ၂၅ ထိ ဆရာက နည်းပြ၍ ဆုံးမခန်း၊ ပုဒ်ရင်း ၂၆ မှ ၃၅ ထိ မိဘများ အကျင့်တရားများယွင်းနေသည့်အခါ သားကပုံပြ၍ ဆုံးမခန်း၊ ပုဒ်ရင်း ၃၆ မှ ၄၄ ထိ အထွေထွေဆုံးမခန်းတို့ ပါဝင်သည်။



ပုဒ်ရင်းတစ်ခုစီတို့အတွက် ခက်ဆစ်အဓိပ္ပာယ်၊ စကားပြေတို့ကို သေချာစွာ ရှင်းလင်းပြထားသည်။

၉၁။ "ဂမ္ဘီသာရပျို့ဒီပဏီ" ရေးသူ မောင်ချစ်စရာ၊ ရန်ကုန်။ ရတနာပုံစာအုပ်ဆိုင် ၁၉၂၇။ ၄၃ စာ၊ ၂၁ ဆင်တီ။ ၁၀ ပဲ၊ တ၊ ဗ၊ စ – ၁၅၂၆၉၈။

ဂမ္ဘီသာရပျို့ပါအပိုဒ် ၂၁ ပိုဒ်ကို ပိုဒ်ရင်းများနှင့်တကွ ၎င်း၏အဖြေများကို ရေးသားထားသည်။ အင်္ဂလိပ် – မြန်မာနှစ်ဘာသာသင် သတ္တမတန်းကျောင်းသားများအတွက် ဖြစ်သည်။

အနုသာသနချီပုဒ်ရင်း ၁ မှ ပုဒ်ရင်း၂၁ ထိ ခက်ဆစ်အဓိပ္ပာယ် စကားပြေတို့ကို တစ်ပိုဒ်ချင်း ဖြေဆိုထားသည်။

စာမျက်နှာ ၁ မှ ၈ အထိ စကားစုတို့မှ အမှားအယွင်းများသည်။ ရှေ့ဘက်တွင် အမှားအမှန် ပြင်ဆင်ချက်ပါသည်။

၉၂။ "ကဗျာဖွဲ့နည်းကျမ်း" ရေးသူ မောင်ချစ်စရာ ရန်ကုန်၊ မြန်မာအမျိုးသားစာပုံနှိပ်တိုက်၊ ၁၉၂၇။ စာ ၁၃၆၊ ၁၇ ဆင်တီ၊ ဒိ။ တ၊ ဗ၊ စ – ၁၉၈၃၂၈။

ကြည့်မြင်တိုင် အမျိုးသားကျောင်းဆရာဟောင်း အရှင်ဦးပဏ္ဍိစနှင့် မော်ဘီဆရာသိန်းကြီးတို့ တည်းဖြတ်သည်။ အမျိုးသားကျောင်းသုံးဖြစ်သည်။

ကဗျာကို မဖွဲ့မရေးမီ ဦးစွာသိသင့်သော စကားရပ်များကို ဖော်ပြသည်။ ကာရန်၏သဘော၊ အသံတို့အကြောင်းကို ရှင်းပြသည်။ ထို့နောက် ၈ ဆင့်မှ ၁၁ ဆင့်အတွက် ကဗျာလင်္ကာအရေးအသားကို ဖော်ပြသည်။ အထူးမြန်မာစာယူသော ကျောင်းသားများအတွက်လည်း ရေးထားသည်။ လိုအပ်သည့်နေရာတွင် ကြည့်ရှုရလွယ်စေရန် လက္ခဏာများ၊ ဇယားများဖြင့် ရှင်းပြသည်။

၎င်းစာအုပ်သည် ဆရာလွန်းရေး "ကဗျာသာရတ္ထသင်္ဂြိုဟ်"(၁၉၁၀)၊ ဦးဘိုးသစ်ရေး "ကဗျာရေးနည်းနိသျရည်း" (၁၉၂၁)၊ ဦးမင်းဟန်ရေး "ကဗျာသာရနိသျရည်းကျမ်း" (၁၉၂၂) တို့ကို မှီငြမ်းသည်ဟု ယူဆရသည်။

ဦးတင် **K.S.M, A.T.M** ရေးသားသည့် "ကဗျာ့ဗန္ဓသာရကျမ်းနှင့် နောက်ဆက်တွဲသုံးပိုင်း" စာအုပ်တွင် ကဗျာဖွဲ့နည်းကျမ်းစာအုပ်၌ အရေးကြီးသော ချွတ်ယွင်းချက်များတွေ့ရကြောင်း ရေးသားထားသည်။ ထိုအမှားများကို "ကဗျာ့ဗန္ဓသာရကျမ်းနှင့် နောက်ဆက်တွဲသုံးပိုင်း" စာအုပ်၏ စာမျက်နှာ ( ) တွင် ဖော်ပြထားပါသည်။

❑ ❑ ❑ ❑

## အခန်း (၅)

## ဦးချစ်စရာအကြောင်း စာစုစာရင်း

ဤကဏ္ဍတွင် ဦးချစ်စရာအကြောင်းရေးသားသည့်စာများ၊ ဦးချစ်စရာထံ ရေးသားသောစာများ၊ သူ၏စာပေအပေါ် ဝေဖန်ရေးသားသည့်စာများနှင့် သူကွယ်လွန်သဖြင့် အခြားသူများ ရေးသားချက်များ ပါဝင်ပါသည်။ ၎င်းတို့ကို ရေးသူအမည်အလိုက် အက္ခရာစဉ်ထားသည်။ ရေးသူအမည်မပါသော ကဗျာနှစ်ပုဒ်ကို စာအမည်ဖြင့် စီထားပါသည်။

၉၃။ ""ကဗျာဆောင်းပါး" သူရိယမဂ္ဂဇင်း အတွဲ (၁၀) အမှတ် (၇) (စက်တင်ဘာ ၁၉၂၆) စာ ၇၃။

၁၉၂၆ ခု၊ ဇွန်လ သူရိယမဂ္ဂဇင်းပါ ပျဉ်းမနားကနင်းပြား၏ ကဗျာသုံးပုဒ်နှင့် ပတ်သက်၍ ဝေဖန်ရှင်းလင်းထားခြင်းဖြစ်သည်။ ထိုကဗျာသုံးပုဒ်နှင့် ပတ်သက်၍ နင်းပြား၏ ချေပချက်ကိုလည်း အထက်ပါဆောင်းပါးတွင် ဖော်ပြပေးထားသည်။

ဤစာတမ်းပါ အမှတ်စဉ် ၆၄ နှင့်ဆက်စပ်လေ့လာနိုင်ပါသည်။

၉၄။ ကြော့ (ဝက်လက်) "ကိုကြီးနင်းပြားဘွဲ့လေးဆစ်" သူရိယမဂ္ဂဇင်း၊ အတွဲ (၁၀) အမှတ် (၇) (စက်တင်ဘာ ၁၉၂၆) စာ ၆၆။

"ပျဉ်းမနားနင်းပြားရယ်တဲ့" အစချီ။

ပျဉ်းမနားကနင်းပြားသည် ကဗျာအရာတွင် စုံလင်စွာဖြင့် ထက်မြက်သူဖြစ်ကြောင်း ရေးသားထားသည်။

ကြော့ (ဝက်လက်) မှာ စာရေးဆရာကြီး မဟာဆွေ၏ ကလောင်အမည်တစ်ခု ဖြစ်ပါသည်။

၉၅။ ကြော့ (ဝက်လက်) "ဩဂုတ်လမဂ္ဂဇင်း၌ နင်းပြားအား ပြန်ပေးသောတေးထပ်အတွက် အယ်ဒီတာကြီးအား ပေးအပ်သည့် တြိချိုး" သူရိယမဂ္ဂဇင်း အတွဲ (၁၀) အမှတ် (၇) (စက်တင်ဘာလ ၁၉၂၆) စာ ၆၆။

"ဆရာ့ စာ (တဲ့) နှင့် (ဠ) ကိုလှ" အစချီ။

၁၉၂၆ ခု၊ ဩဂုတ်လ သူရိယမဂ္ဂဇင်းတွင် အယ်ဒီတာ ဦးချစ်စရာထံ ပေးသောစာနှင့် စပ်လျဉ်း၍ ရေးသားထားခြင်းဖြစ်သည်။

အမှတ်စဉ် ၆၃၊ ၆၄၊ ၁၃၁ တို့နှင့် ဆက်စပ်လေ့လာနိုင်ပါသည်။

၉၆။ ခင်ကြော့၊ မ (ကေတုမတီ) "ကဗျာဖွဲ့နည်းကျမ်းအကြောင်း မာလာညွန့်တေးထပ်ဆန်း" သူရိယမဂ္ဂဇင်း အတွဲ (၁၁) အမှတ် (၁၂) (ဖေဖော်ဝါရီ ၁၉၂၈) စာ ၈၉။

"လက်ရုံးစုံတန်းကာ မြှောက်ကြတော့" အစချီ။

ကဗျာအမျိုးမျိုးရေးသားရာတွင် မခက်ခဲစေရန် မြို့မအထက်တန်းကျောင်းမှ ဦးချစ်စရာ၏ ကဗျာဖွဲ့နည်းကျမ်း ထွက်ပေါ်လာသည်မှာ ဝမ်းသာစရာဖြစ်ကြောင်း ရေးသားထားသည်။

၉၇။ ခင်မြစိန် (ညောင်လေးပင် – မြို့မ) "သတိုးပီယဂုဏ်ဘွဲ့ရှစ်ဆယ်ပေါ်" သူရိယမဂ္ဂဇင်း အတွဲ (၉) အမှတ် (၁၂) (ဖေဖော်ဝါရီ ၁၉၂၆) စာ ၅၀။

"ကြံစည်၊ ဂမ္ဘီ၊ ဉာဏ်ရည်တင့်" အစချီ။



သတိုးပီယသည် ကဗျာများကို အဆန်းထွင်ရေးရာ၌ အတုယူထိုက်ကြောင်း၊ တပည့်အများကိုလည်း ညွှန်ပြစေလိုကြောင်း ရေးဖွဲ့ထားသည်။

၉၈။ ခင်သန်းရွှေ "ခင်သန်းရွှေ၏ အမျှော်စိုက်စာအဆန်းနှင့် မှာတမ်းကဗျာများ" ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၇၂) (ဩဂုတ် ၁၉၂၆) စာ ၁၉၁။

"လဝန်းအသရေ ပမာတမျှကဲ့သို့" အစချီ။

ရည်းစားဖြစ်သူပေါ်မလာ၍ မျှော်ကာနေရကြောင်း၊ သီလရှင်ပြုလုပ်လိုစိတ်ဖြစ်လာကြောင်း သတိုးပီယထံ တိုင်ပင်ရေးသားထားခြင်းဖြစ်သည်။

ခင်သန်းရွှေသည် ဘိုးပြန်တောင်ပျော်ဖေသူတော်လေး၏ ကလောင်အမည်တစ်ခုဖြစ်သည်။

၉၉။ ခင်သန်းရွှေ (ရန်ကုန်မြို့) "အမျှော်စိုက်လွမ်းချင်း လေးဆစ်သဖြန့်" ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၁) (စက်တင်ဘာ ၁၉၂၅) စာ ၂၀၂။

"ဇင်ပန်းခွေပမာသမျှလိုပ" အစချီ။

သတိုးပီယကို တစ်နေ့မျှ မေ့မရကြောင်း၊ လာလေမည်လားဟု စောင့်စားကာ မျှော်နေမိကြောင်း ချစ်သူနှင့်ပေါင်းဖက်၍ ပျော်လိုလှပြီဖြစ်ကြောင်း ရေးသားထားပါသည်။

အမှတ်စဉ် ၃၄၊ ၆၈ တို့နှင့်တွဲကြည့်နိုင်ပါသည်။

၁၀၀။ ခိုင်သဇဉ် (မြို့မ – ရန်ကုန်) "ချိုစကားဆောင်သည့် ကိုပြားမောင်သို့ ခွေးချိုး" ဒဂုန်မဂ္ဂဇင်း အတွဲ (၇) အမှတ် (၇၄) (အောက်တိုဘာ ၁၉၂၆) စာ ၁၂၂။

"ခိုင်သဇင် ကြိုင်ကြိုင်လွင်" အစချီ။

နင်းပြားက စိမ်းကား၍ လွမ်းဆွေးနေရကြောင်း ရေးထားသည်။

၁၀၁။ ခိုင်သခင် (မြို့မ – ရန်ကုန်) "ချစ်စကားဆောင်သည့် ကိုပြားမောင်သို့ ပဟေဠိတေးထပ်" ဒဂုန်မဂ္ဂဇင်း အတွဲ (၇) အမှတ် (၇၄) (အောက်တိုဘာ ၁၉၂၆) စာ ၁၂၂။

"စတုခြေလေးခုပ" အစချီ။

ပျဉ်းမနားကနင်းပြားကို ပဟေဠိမေးထားခြင်း ဖြစ်သည်။

၁၀၂။ စုစု (ပျဉ်းမနား) "ပျဉ်းမနားစုစုထံမှပေးစာ၊ မန္တလေး မမတုတ်ကြီးထံသို့" ဒဂုန်မဂ္ဂဇင်း အတွဲ (၈) အမှတ် (၈၅) (စက်တင်ဘာ ၁၉၂၇) စာ ၂၈၁။

"သခ်ီတတွေက" အစချီ

မိမိတို့မြို့မှ ဉာဏ်အစအနရှိတဲ့သူတစ်ယောက် ကွယ်ပျောက်ချုပ်ဆုံးသွား၍ နှမြောတသဖြစ်ရကြောင်း ရေးထားပါသည်။

ပျဉ်းမနားစုစုသည် ဒဂုန်နတ်ရှင်အမည်ခံ ဦးမောင်မောင်ကြီး၏ ကလောင်အမည်တစ်ခု ဖြစ်သည်။ မန္တလေး မမတုတ်ကြီးမှာ လယ်တီပဏ္ဍိတဦးမောင်ကြီးဖြစ်သည်။

၁၀၃။ စိန်မြ (ညောင်လေးပင် – မြို့မ) "ဒဂုန်ကဗျာဆရာတို့၏ အမည်ပေါင်းတေးထပ်" ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၅) (ဇန်နဝါရီ ၁၉၂၆) စာ ၂၇၁။

"သတိုးဆို = ပီယလို့" အစချီ။

သတိုးပီယ၊ ရှင်သန်းမေ၊ ဘိုးပြန်တောင်ပျော် ဖေသူတော်လေးစသော ဒဂုန်ကဝိပေါင်းချုပ်အခန်းမှ ကဗျာရေးဘော်များနှင့် လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဆရာမှိုင်းတို့၏ အမည်များကို ကဗျာရေးစပ်ထားခြင်းဖြစ်သည်။



၁၀၄။ စိန္တကျော်သူ (နေရှင်နယ် – ပျဉ်းမနားမြို့) "သတိုးပီယခေါ် ပျဉ်းမနားကနင်းပြားသို့ ကာလက်တာနံဘွဲ့လေးချိုး" ဒဂုန်မဂ္ဂဇင်း အတွဲ (၈) အမှတ် (၈၅) (စက်တင်ဘာ ၁၉၂၇) စာ ၃၃၃။

"သံဒေါင်းနှင့်အဆုံး" အစချီ။

ဘဝတစ်ပါးသို့ ပြောင်းသွားရှာသော ဦးချစ်စရာအား နှမြောတသကြောင်း ရေးထားပါသည်။

၁၀၅။ ဇေယျ "ကွယ်လွန်သူ ကိုချစ်စရာ" ဗြိတိသျှဘားမားမဂ္ဂဇင်း နံပါတ် (၉) (စက်တင်ဘာ ၁၉၂၇) စာ ၇၃။

ဦးချစ်စရာနှင့် စတင်သိကျွမ်းခင်မင်ရပုံ၊ ဦးချစ်စရာ၏ စိတ်နေသဘောထားတို့ကို ဖော်ပြ၍ ကွယ်လွန်သည့်အတွက် အထူးဝမ်းနည်းဖွယ်ရာဖြစ်ကြောင်း ရေးထားပါသည်။

၁၀၆။ နာဂရာရွှေတောင်က ကဗျာဖေမောင် "သတိုးပီယ၊ ပျဉ်းမနားကနင်းပြားခေါ် ဦးချစ်စရာဘွဲ့လေးချိုးငိုခြင်း" ဒဂုန်မဂ္ဂဇင်း အတွဲ (၈) အမှတ် (၈၅) (စက်တင်ဘာ ၁၉၂၇) စာ ၃၃၅။

"ကြူးလှစ်ခါဝစနမြူးရမှာဖြင့်" အစချီ။

ကဗျာများကို အမျိုးမျိုးတီထွင် ရေးတတ်သူဖြစ်၍ လွန်စွာနှမြောလှကြောင်း ရေးထားပါသည်။

၁၀၇။ နာဂရာရွှေတောင်က ကဗျာဖေမောင် "သတိုးပီယ၊ ပျဉ်းမနားကနင်းပြားခေါ် ဦးချစ်စရာဘွဲ့လေးဆစ်ငိုခြင်း" ဒဂုန်မဂ္ဂဇင်း အတွဲ (၈) အမှတ် (၈၅) (စက်တင်ဘာ ၁၉၂၇) စာ ၃၃၅။

"ပျဉ်းမနားနင်းပြားလို့ ကျော်တဲ့မောင်" အစချီ။

တပည့်များကို ပစ်ခွာကာ ကွယ်လွန်သွားရသည့် ဆရာ့အတွက် ဝမ်းနည်းလှကြောင်း ရေးထားပါသည်။

၁၀၈။ ပေါ်ဦး (နေပြည်တော်) "သူရိယမဂ္ဂဇင်းအယ်ဒီတာနှင့် ဖျဉ်းမနားက နင်းပြားအား တောင်းပန်သော တေးထပ်" သူရိယမဂ္ဂဇင်း အတွဲ (၁၀) အမှတ် (၇) (စက်တင်ဘာ ၁၉၂၆) စာ ၆၇။

"အယ်ဒီတာမင်းတစ်ပါးနှင့်" အစချီ။

၁၉၂၆ ခု ဇွန်လ သူရိယမဂ္ဂဇင်းတွင်ပါသော နင်းပြား၏ကဗျာသုံးပုဒ်နှင့်ပတ်သက်၍ အယ်ဒီတာနှင့် နင်းပြားတို့ အပြန်အလှန်ချေပကြသည်။

၎င်းတို့နှစ်ဦးစလုံးပင် ပညာရှိများဖြစ်သည့်အတွက် စိတ်ကျေနပ်သင့်ကြောင်း ရေးဖွဲ့ထားသည်။

အမှတ်စဉ် ၆၃၊ ၆၄၊ ၉၃ တို့နှင့် ဆက်စပ်လေ့လာနိုင်ပါသည်။

၁၀၉။ ဘရှိန်၊ မောင် "မိတ်ဆွေသတိုးပီယသို့" ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် ၆၉ (မေ ၁၉၂၆) စာ ၂၆၉။

"မအားရာ ယားတာမှ မဖြောက်နိုင်လို့" အစချီ။

မိတ်ဆွေအရင်းအချာများဖြစ်၍ ကွဲကွာနေသည့်အချိန်ကြာလှသောကြောင့် အလွန်သတိရလွမ်းမိကြောင်း ရေးထားသည်။

မောင်ဘရှိန်မှာ ဆရာကြီးမဟာဆွေ၏ အမည်ရင်းဖြစ်ပါသည်။

၁၁၀။ ဘိုးပြန်တောင်ပျော် ဖေသူတော်ကလေး "ဘိုးပြန်တောင်မြိုင်ခွင် ပေါ်၌ တိုင်ပင်တော်ဘွဲ့ လေးချိုးကလေး" ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၉) (မေ ၁၉၂၆) စာ ၂၇၀။

"ပီယခေါ် တကာ (ပြား) ကိုဖြင့်" အစချီ။



ဖျဉ်းမနားကနင်းပြားသည် ၁၉၂၆ ခု မတ်လ ဒဂုန်မဂ္ဂဇင်းတွင် ဖေသူတော်လေးထံ လေးချိုးကြီးတစ်ပုဒ် ရေးသားခဲ့သည်။ အထက်ပါလေးချိုးသည် ၎င်းကို ပြန်ကြားရေးသားထားခြင်း ဖြစ်သည်။

နင်းပြား၏ နောက်ပြောင်ရေးသားချက်ကို သည်းခံတော်မူပါဟု တကာမများက တောင်းပန်သဖြင့် အပြစ်မယူတော့ကြောင်း ရေးဖွဲ့ထားသည်။

အမှတ်စဉ် (၅၆) နှင့်တွဲကြည့်နိုင်ပါသည်။

၁၁၁။ ဘိုးပြန်တောင်ပျော် ဖေသူတော်ကလေး "သတိုးပီယကို လွမ်းဆွေးသဖြင့် လမ်းနဘေးအမြင့် အလှဲ့ဝနတွင် တပဲ့မများကို ဒုက္ခော ဒုက္ခောလို့ ထွေးစေဖို့ ထုတ်ပြောရင်း ရေးဖျူးပေးလိုက်သည့် တစ်ပုဒ်သော ဆွေးချင်းလေးချိုး" ဒဂုန်မဂ္ဂဇင်း အတွဲ (၈) အမှတ် (၈၅) (စက်တင်ဘာ ၁၉၂၇) စာ ၃၃၄။

"မြစ်ထိပ်ရေ ရိုးဆီသို့ကျသလိုပ" အစချီ။

သတိုးပီယသည် ကဗျာရေးသားရာတွင် ချောမောပြေပြစ်စွာ အဆီအနှစ်ပါပါ ရေးတတ်ကြောင်း၊ ယခုကာလတွင် သူ့ကဗျာမျိုးတွေ့ရန် မလွယ်ကူကြောင်း ရေးဖွဲ့ထားသည်။

၁၁၂။ ဘိုးပြန်တောင်ပျော် ဖေသူတော်လေး "သတိုးပီယကို လွမ်းဆွေးသဖြင့် လမ်းနဘေးအမြင့် အလှဲ့ဝနတွင် တပည့်မများကို ဒုက္ခာ ဒုက္ခာလို့ တွေးစေဖို့ ထုတ်ပြောရင်း ရေးဖျူးပေးလိုက်သည့် တေးတစ်ပုဒ်သော အလွမ်းဘွဲ့တေးဆစ်" ဒဂုန်မဂ္ဂဇင်း အတွဲ (၈) အမှတ် (၈၅) (စက်တင်ဘာ ၁၉၂၇) စာ ၃၃၄။

"လွမ်းရတက်တွေကြောင့်" အစချီ

ကဗျာအရာတွင် တီထွင်စီကုံးတတ်သော သတိုးပီယကွယ်လွန်သဖြင့် လွမ်းဆွေးကာ ငိုရကြောင်း ရေးထားပါသည်။

၁၁၃။ ဘိုးပြန်တောင်ပျော် ဖေသူတော်လေး "သတိုးပီယ၏ စိတ်ဒွိဟမရှင် မလန်းပေသော ခင်သန်းရွှေအမည်ခံသည့် မဟိကာဘယ်ချောင်ရူပေါ်က မောင်သူတော်ပြန်ကြားတဲ့ အမှန်တရားလေးချိုးကြီး" ဒဂုန်မဂ္ဂဇင်း (ခုနှစ် မတွေ့) စာ ၂၀၉။

"မျှောင်ဂမူအပေါ်" အစချီ။

ဖေသူတော်လေးသည် ခင်သန်းရွှေအမည်ဖြင့် ၁၉၂၅ ခု၊ စက်တင်ဘာလ ဒဂုန်မဂ္ဂဇင်းတွင် သတိုးပီယထံ ကဗျာပေးပို့သည်။ သတိုးပီယက ခင်သန်းရွှေသည် မိန်းမသားလော၊ ဘုန်းကြီးလောဟု စိတ်တွင်ဒွိဟဖြစ် နေကြောင်းရေးကာ ၁၉၂၅ ခု၊ အောက်တိုဘာလ ဒဂုန်မဂ္ဂဇင်းတွင် ထည့် သွင်းခဲ့သည်။ အထက်ပါလေးချိုးသည် ၎င်းအမေးကို ပြန်ကြားခြင်းဖြစ် သည်။

မှန်းကြည့်ရုံနှင့် အမှန်ကိုသိနိုင်ကြောင်း ရေးထားသည်။

အမှတ်စဉ် ၃၄၊ ၆၈၊ ၉၉ တို့နှင့် တွဲကြည့်နိုင်ပါသည်။

၁၁၄။ မောင်မောင်ကြီး၊ ဦး (ပျဉ်းမနား) "ရန်ကုန်မြို့မ တိုင်းရင်းသား ကျောင်းဆရာ ကိုချစ်စရာထံ မာန်မရှိကြောင်း ပြန်ကြားသော တေးထပ်" ဒဂုန်မဂ္ဂဇင်း အတွဲ (၅) အမှတ် (၆၀) (ဩဂုတ် ၁၉၂၅) စာ ၂၉၁။

"ဇာတိမာန်ထောင်ခါလွှားတယ်လို့" အစချီ။

စိမ်းကားတတ်သူ မဟုတ်ကြောင်း၊ ပါးစပ်ဟရုံနှင့် အူမဘယ်နှစ်ခွေ ရှိကြောင်းသိသူချင်းမို့ အနိုင်ယူ မပြောလိုကြောင်း ဦးချစ်စရာထံရေးခြင်း ဖြစ်သည်။

အမှတ်စဉ် ၂၉၊ ၃၀ နှင့်တွဲ၍ လေ့လာနိုင်ပါသည်။

၁၁၅။ မောင်မောင်ကြီး၊ ဦး (ပျဉ်းမနား) "ရန်ကုန်မြို့မ တိုင်းရင်းသား ကျောင်းဆရာ ကိုချစ်စရာထံ မာန်မရှိကြောင်း ပြန်ကြားသော ရှစ်လုံး



မြန်မာကဗျာ ဘွဲ့" ဒဂုန်မဂ္ဂဇင်း အတွဲ (၅) အမှတ် (၆၀) (ဩဂုတ် ၁၉၂၅) စာ ၂၉၁။

"ကိုယ်ဟန်မဝီ" အစချီ။

ငယ်စဉ်ကပင် ပေါင်းသင်းလာသော မိတ်ဆွေရင်းဖြစ်၍ ဟန်အမူ အရာမရှိကြောင်း၊ အိမ်ထောင်တာဝန်များ ကြီးလေးလှကြောင်း ဦးချစ်စရာ ထံရေးထားပါသည်။

အမှတ်စဉ် ၂၉၊ ၃၀ နှင့်ဆက်စပ်လေ့လာနိုင်ပါသည်။

၁၁၆။ မောင်မောင်ကြီး၊ ဦး (ပျဉ်းမနား) "ရန်ကုန်မြို့ မြို့မနေရှင်နယ် ကျောင်းဆရာ ကိုချစ်စရာ (သတိုးပီယ) အနိစ္စရောက်သဖြင့် တရားရဖွယ် နိဗ္ဗန္နရှစ်ဆယ်ပေါ် တေးထပ်" ဒဂုန်မဂ္ဂဇင်း အတွဲ (၈) အမှတ် ၈၅ (စက်တင်ဘာ ၁၉၂၇) စာ ၃၃၆။

"တွေ့ခါ၊ ကြုံခါ၊ ဆုံခါကွဲကြ" အစချီ။

မမြဲသည့် လောကဓံတရားကို သတိပြုဖွယ် ရေးထားသည်။ ထိုကဗျာ ၁၉၂၇ ခု၊ အောက်တိုဘာလ သူရိယမဂ္ဂဇင်း (စာ ၇၆) တွင်လည်း တွေ့ရပါသည်။

၁၁၇။ မောင်မောင်ကြီး၊ ဦး (ပျဉ်းမနား) "ရန်ကုန်မြို့ မြို့မနေရှင်နယ် ကျောင်းဆရာ ကိုချစ်စရာ (သတိုးပီယ) အနိစ္စရောက်သဖြင့် အပူဘွဲ့ လေးချိုးကြီး" ဒဂုန်မဂ္ဂဇင်း အတွဲ (၈) အမှတ် (၈၅) (စက်တင်ဘာလ ၁၉၂၇) စာ ၃၃၆။

"ငယ်ပေါင်းမှန် ကလျာအဟုတ်ပါဘဲ" အစချီ။

ဦးချစ်စရာသည် ပျဉ်းမနားသို့ အလယ်ပြန်လာဦးမည်ဟု မိမိတို့နှင့် ချိန်းထားပြီး မကြာမီ ကွယ်လွန်သွားရှာသဖြင့် မှန်းထားသမျှ လွမ်းစရာ ဖြစ်ရကြောင်း ရေးထားပါသည်။

၎င်းကဗျာကို ၁၉၂၇ ခု၊ အောက်တိုဘာလ သူရိယမဂ္ဂဇင်း (စာ ၇၇) တွင်လည်း တွေ့ရပါသည်။

၁၁၈။ မောင်မောင်ကြီး၊ ဦး (ပျဉ်းမနား) "သတိုးပီယသွဲ့ခံ ဦးချစ်စရာ အနိစ္စ ရောက်ကြောင်းရတု" ဒဂုန်မဂ္ဂဇင်း အတွဲ (၈) အမှတ် (၈၅) (စက်တင်ဘာ ၁၉၂၇) စာ ၃၃၆။

"လွမ်းရစ်စေအောင်ကြမ္မာဆောင်၍" အစချီ။

ဦးချစ်စရာသည် တပည့်များအတွက် ကျမ်းတစ်အုပ် ရေးသားခဲ့ရာ မပြီးစီးမီ ကွယ်လွန်ခဲ့ကြောင်း ရေးထားသည်။

၁၉၂၇ ခု၊ အောက်တိုဘာလ သူရိယမဂ္ဂဇင်း (စာ ၇၇) တွင်လည်း ထိုကဗျာကို ဖော်ပြထားပါသည်။

၁၁၉။ မောင်မောင်ကြည် "ဦးချစ်စရာအား ကန်တော့ပန်းဆင်သော ရတု ပုဒ်စုံ" ဝံသယုဝမဂ္ဂဇင်း (နိုဝင်ဘာ ၁၉၂၇) စာ ၇၇။

"ဦးချစ်စရာခေါ် နာမာဖြင့်" အစချီ။

ဦးချစ်စရာအား ရှိသေစွာ ကန်တော့လိုက်ပါကြောင်း ရေးထားပါ သည်။

၁၂၀။ မြင့်မြင့် (ခေတ္တခရီးသည်) "ပျဉ်းမနားက နင်းပြားနှင့် စပ်လျဉ်း သည်" ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၅) (ဇန်နဝါရီ ၁၉၂၆) စာ ၂၈၅။

"အများကျုပ်တို့မြင်" အစချီ။

ဒဂုန်မဂ္ဂဇင်းတွင်ဖော်ပြသော ပျဉ်းမနားက နင်းပြား၏အသွင်မှာ ကျောပေါ်တွင် ဝန်တင်၍ လွင်ပြင်၌ တည်ငြိမ်စွာ ရပ်နေသည်။ ဒူးနှင့်ရင် ထိမတတ်ဖြစ်နေရသည်မှာ ဘယ်ဝဋ်ကြွေးကြောင့်ပါလဲဟု မေးထားပါ သည်။

အမှတ်စဉ် ၅၂၊ ၅၅၊ ၁၂၁ နှင့် ဆက်စပ်ကြည့်နိုင်သည်။



၁၂၁။ မြင့်မြင့် (စကြာပါဒ) "ပျဉ်းမနားက နင်းပြား၏ အပြစ်တင်ချက်ကို ပုံစံပြ၍ ဖြေဖျောက်ချက်" ဒဂုန်မဂ္ဂဇင်း (၁၉၂၆) စာ ၂၄၉။

"ပုဗ္ဗဒ္ဒိ" အစချီ။

၁၉၂၆ ခု၊ ဇန်နဝါရီလ ဒဂုန်မဂ္ဂဇင်းတွင် မြင့်မြင့်က နင်းပြားထံ ပဟေဠိတစ်အုပ် ပေးပို့သည်။ ထိုဒွေးချိုးတွင် ဒုဋ္ဌလက်ာရခေါ်သသင့် ကြောင်း၊ ၁၉၂၆ ခု၊ ဖေဖော်ဝါရီလတွင် နင်းပြားက ရေးသားထားသည်။

၎င်းကို မြင့်မြင့်ကပြန်၍ ရေးသားခြင်းဖြစ်သည်။ အမှတ်စဉ် ၄၂၊ ၅၅၊ ၁၂၀ နှင့်တွဲ၍ ကြည့်နိုင်ပါသည်။

၁၂၂။ ထွန်းစိန်၊ ဦး "သတိုးပီယ" ငွေတာရီမဂ္ဂဇင်း အမှတ် (၁၀၇) (မေ ၁၉၆၉) စာ ၆၇။

သတိုးပီယ၏ဘဝ တစ်စိတ်တစ်ဒေသကို ဖော်ပြသည်။

၁၂၃။ ထွန်းစိန်၊ ဦး "သတိုးပီယ" ပညာလောကစာစောင် အတွဲ (၁၃) အမှတ် (၁) (ဇန်နဝါရီ ၁၉၈၂) စာ ၄၅။

သတိုးပီယ၏ ဘဝတစ်စိတ်တစ်ဒေသကို တွေ့နိုင်သည်။

၁၂၄။ လှကြည်၊ မောင် (မြန်မာစာ) "ဦးရာကျော်နှင့် သတိုးပီယ" လုပ်သား ပြည်သူ့နေ့စဉ်သတင်းစာ၊ ၁၆–၈–၇၁၊ စာ ၃။

"ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်" အစချီ လှည်းယဉ်ထပ်ချဲ့ လေးချိုးကို ဦးရာကျော်နှင့် သတိုးပီယမည်သူရေးခြင်း ဖြစ်ပါသလဲ သို့မ ဟုတ် ဦးရာကျော်နှင့် သတိုးပီယသည် တစ်ယောက်တည်း အတူတူပင် ဖြစ်သလောဟု တွေးတောယူဆကြောင်း ပြည်သူ့အာဘော်အခန်းတွင် ရေးထားခြင်းဖြစ်သည်။

၁၂၅။ သက်ရှင်၊ မောင် "မြို့မကျောင်း၏အကြောင်း တိချိုး" ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ပါ) စာ ၂၄၇။

"**Central** စင်ထရယ်ကျောင်း မြို့မ" အစချီ။

မြို့မကျောင်းသည် ကဗျာအရာတွင် အထူးကျော်ကြားလှကြောင်း၊ ဆရာဦးချစ်စရာသင်ပြ၍ နိုင်ငံ့တစ်ဝန်း သတင်းမွှေးလှကြောင်း ရေးထားပါသည်။

၁၂၆။ သက်ရှင်၊ မောင် (မြို့မနေရှင်နယ်ကျောင်း) "ဆရာဦးချစ်စရာသို့ ကန်တော့ဘွဲ့တေးထပ်" ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၅) (ဇန်န ဝါရီ ၁၉၂၆) စာ ၂၇၁။

"တို့ဆရာချစ်တစ်ဦးကိုဖြင့်" အစချီ။

ဦးချစ်စရာ၏ ကဗျာလက်ရာများကို ဂါရဝတရားရှေးရှု၍ ဖတ်လိုကြောင်း၊ ဒဂုန်မဂ္ဂဇင်းတွင်လည်း မကြာခဏ ကဗျာတေးများ တွေ့လိုကြောင်း ရေးထားပါသည်။

၁၂၇။ သိန်းရတနာ (မိုးကုတ်) "သတိုးပီယသို့" ဒဂုန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၆၆) (ဖေဖော်ဝါရီ ၁၉၂၆) စာ ၃၀၁။

"သိန်းချစ်ဆွေလွမ်းသမျှ" အစချီ။

သတိုးပီယထံ စာရေးသော်လည်း စာမပြန်ဖြစ်သဖြင့် မျှော်လင့်နေကြောင်း ပါရှိသည်။

အမှတ်စဉ် ၅၄ နှင့် ဆက်စပ်ကြည့်နိုင်သည်။

၁၂၈။ ဟံသာပုလေး (ဟသာတ) "ကိုချစ်စရာအနိစ္စရောက်ကြောင်း ဘိစ္စနမှတ်တမ်းတင်လိုက်သော ဇာတ်ကမ္ဗဋ္ဌာန်းယဉ်လေးချိုးစာထောင့်ကြီး" ဒဂုန်မဂ္ဂဇင်း အတွဲ (၈) အမှတ် (၈၅) (စက်တင်ဘာ ၁၉၂၇) စာ ၃၃၈။



"ဇာတိပစ္စယော" အစချီ။

မြန်မာပြည်၌ စံတင်လောက်အောင် ကဗျာအရာ၌ ထူးချွန်ကြောင်း၊ ဦးချစ်စရာကို အလွန်ပင်လွမ်းလှကြောင်း ရေးထားပါသည်။

၁၂၉။ ဟိန်၊ ဆရာ (မြို့မ) "သတိုးပီယဘွဲ့ခံ ဆရာဦးချစ်စရာ ကွယ်လွန်အနိစ္စရောက်သည့်အတွက် တပည့်များ ပူဆွေးကြေကွဲရသော လေးချိုးကြီး" ဝံသယုဝမဂ္ဂဇင်း (နိုဝင်ဘာ ၁၉၂၇) စာ ၇၅။

"ဆင့်လိုသာ ပမ်းတော့တယ်" အစချီ။

ဦးချစ်စရာကွယ်လွန်သဖြင့် ခိုကိုးရာမဲ့သော သားငယ်သဖွယ် ကြေကွဲရကြောင်း ရေးထားပါသည်။

၁၃၀။ ဟိန်၊ ဆရာ (မြို့မ) "ဦးရာကျော်နှင့် သတိုးပီယ" လုပ်သားပြည်သူနေ့စဉ်သတင်းစာ၊ ၂၁–၈–၇၁၊ စာ ၃။

၁၆–၈–၇၁ နေ့စွဲပါ မောင်လှကြည် (မြန်မာစာ) ၏ ဆောင်းပါးကို ဖြေကြားထားခြင်း ဖြစ်သည်။

လှည်းယာဉ်ထပ်ချဲ့လေးချိုးကို သတိုးပီယရေးကြောင်း အထက်ပါ ဆောင်းပါးတွင် ဖော်ပြထားသည်။

၁၃၁။ "အယ်ဒီတာက ပြန်ပေးသော တေးထပ်" သူရိယမဂ္ဂဇင်း (ဩဂုတ် ၁၉၂၆) စာ ၅၅။

"နဂိုပုံတဲ့ မကျ" အစချီ။

အရှုံးပေးခြင်းသည် ကြောက်၍မဟုတ်ကြောင်း၊ မဝေဖန်လိုကြောင်း ရေးထားပါသည်။

အမှတ်စဉ် ၆၃၊ ၆၄ တို့နှင့်တွဲ၍ လေ့လာနိုင်ပါသည်။

□ □ □ □

# အခန်း (၆)

## နိဂုံး

ဦးချစ်စရာသည် အမျိုးသားကျောင်းဆရာတာဝန်ဖြင့် တစ်ဖက်မှ မြန်မာစာပေအကျိုးကို တစ်တပ်တစ်အား သယ်ပိုးခဲ့သူဖြစ်သည်။ ၁၉၂၃ ခုမှ ၁၉၂၇ ခုထိ စာပေများကို ရေးသားရာတွင် မောင်ချစ်စရာ၊ ဆရာမောင်ချစ်စရာ၊ ချစ်စရာ – ပျဉ်းမနားဟုလည်းကောင်း၊ သတိုးပီယ – ပျဉ်းမနား၊ ပျဉ်းမနား သတိုးပီယ – ရန်ကုန်၊ သတိုးပီယ (မြို့မရဲဘော်) ဟုလည်းကောင်း၊ နင်းပြား၊ ပျဉ်းမနားက နင်းပြားဟုလည်းကောင်း၊ ကလောင်အမည် အမျိုးမျိုးခံယူကြောင်း တွေ့ရပါသည်။ ချစ်စရာအမည်ဖြင့် (၁၀) ပုဒ်၊ သတိုးပီယအမည်ဖြင့် (၆၂) ပုဒ်၊ နင်းပြားအမည်ဖြင့် (၂၀) ပုဒ် ရေးသားခဲ့သည်။ သတိုးပီယအမည်ကို အများဆုံးအသုံးပြုခဲ့ကြောင်း တွေ့ရပါသည်။

ဦးချစ်စရာသည် ဒဂုန်မဂ္ဂဇင်းတွင် ကဗျာခန်းပါသည့် အချိန်မှစ၍ ကဗျာအမျိုးမျိုးကို ရေးသားခဲ့သည်။ သူရိယမဂ္ဂဇင်းတွင်လည်း ၁၉၂၅ ခု၊ ဒီဇင်ဘာလလောက်မှစ၍ ကြိုကြားကြိုကြား သူ့လက်ရာများကို တွေ့ရသည်။ တဖြည်းဖြည်းနှင့် ဦးချစ်စရာ၏ ကဗျာများသည် လူကြိုက်များလာခဲ့သည်။

ဦးချစ်စရာ၏ကဗျာအများစုသည် ပုံသဏ္ဌာန်အားဖြင့် ဆန်းသစ်ခြင်း မရှိသကဲ့သို့ အကြောင်းအရာရှုထောင့်မှ ကြည့်လျှင်လည်း တောတောင်ရေမြေ၊ ရာသီဥတုအခြေအနေတို့နှင့် ပတ်သက်၍ စီကုံးဖွဲ့နွဲ့ထားသော ကဗျာများ၊ ဘုန်းတော်ဘွဲ့များ၊ မယ်ဘွဲ့မောင်ဘွဲ့များ၊ သံဝေဂကဗျာများသာ များလေသည်။ ခေတ်ပတ်ဝန်းကျင်အရှိန်၏ ရောင်ပြန်ဟပ်မှုဟုပင် ဆိုနိုင်ပါသည်။

ဦးချစ်စရာတို့ခေတ်အခါက ခေတ်သရုပ်ကို ထင်ဟပ်ပြနိုင်သော အတွေးအခေါ် ဆန်းသစ်သော ကဗျာမျိုးက နည်းပါးသည်။ ပုံသဏ္ဌာန်ပိုင်းတွင်မူ လေးချိုး၊ ဒွေးချိုး၊ ရတု၊ အဲချင်း၊ အန်ချင်း၊ တေးထပ်၊ ဘောလယ် စသည်ဖြင့် အမျိုးမျိုးဖွဲ့ဆိုကြပါသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း စသောပုဂ္ဂိုလ်အချို့၏ ကဗျာလောကပင် သမားရိုးကျရှေးဟောင်းကဗျာများမှ ထိုးထွက်၍လာကြောင်း တွေ့ရပေသည်။

ဦးချစ်စရာ၏ ခေတ်ပြကြေးမုံ သဘောဆောင်သော ကဗျာများကို ၁၉၂၅ ခုနှစ်လောက်မှစ၍ တွေ့ရသည်။ ဒဂုန်မဂ္ဂဇင်းတွင်ပါသော "မြို့မတိုင်းသားနှင့် တိုင်းရင်းသူ အထက်တန်းကျောင်းကြီးနှစ်ကျောင်းဘွဲ့ ကဗျာမဟာလေးချိုးကြီး"၊ သူရိယမဂ္ဂဇင်းတွင်ပါသော "ဥယျောဇဉ်နှင့် ပရိုညာဉ်တေးထပ်"၊ "အလုပ်များသဖြင့် ဖျားရကြောင်း လွမ်းချင်း"တို့မှာအကြောင်းအရာပိုင်း ထူးခြားဆန်းသစ်သည်ကို တွေ့ရပါသည်။

၁၉၂၆ ခု၊ သူရိယမဂ္ဂဇင်းတွင် ဦးချစ်စရာ၏ နိုင်ငံရေးသရုပ်ဖော်ကဗျာများကို တွေ့ရပါသည်။ ဂျီစီဘီအေအသင်းကြီးအကြောင်း၊ ဝံသာနုအသင်းများအကြောင်း စသည်ဖြင့် မြန်မာပြည်အတွင်း နိုင်ငံရေးလှုပ်ရှားမှုနှင့် နိုင်ငံရေးမှိုင်းမိနေသူများကို သရုပ်ဖော်ရေးစပ်ခဲ့သည့် ကဗျာများ ဖြစ်ပါသည်။



စာပေနှင့် ပတ်သက်၍ ကဗျာရေးနည်း၊ ကဗျာလင်္ကာနှင့်ဆိုင်သော သိသင့်သည့် အကြောင်းအရာများကို ကဗျာဖွဲ့၍လည်းကောင်း၊ ဆောင်းပါးများဖြင့်လည်းကောင်း ဗဟုသုတရဖွယ် တင်ပြခဲ့ပါသည်။

သိပ္ပံမောင်ဝက ၁၉၂၈ ခု၊ ဒီဇင်ဘာလ (၆) ရက်ထုတ် သူရိယသတင်းစာတွင် ဦးချစ်စရာ၏ ကဗျာများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားဖူးလေသည်။

"... ကွယ်လွန်သူ ဆရာဦးချစ်စရာ (သတိုးဗိယ) ရေးသော အချို့ကဗျာများမှာ ပင်ကိုယ်ဉာဏ်သုံးပြီးလျှင် ဆန်းသောအကြောင်းအရာလေးများကို ဖွဲ့ဆိုရေးသားထားသည်ကို တွေ့မြင်ရ၏ ..."

သို့ဖြစ်၍ ဦးချစ်စရာသည် အကြောင်းအရာအမျိုးမျိုး၊ ကဗျာပုံသဏ္ဌာန်အမျိုးမျိုးကို ကဗျာ့ပဒေသနှင့်ညီအောင် အလဲအလှယ် ဖွဲ့ဆိုနိုင်ကြောင်း သတိပြုမိပါသည်။

ကဗျာပုံသဏ္ဌာန်အမျိုးမျိုးတွင် အထူးသဖြင့် တေးထပ်၊ လေးဆစ်လေးချိုးကို ပို၍အားသန်ကြောင်း တွေ့ရပါသည်။ လေးဆစ်လေးချိုးကိုကွန့်ပြီး "လေးချိုးညွန့်" ဟု အမည်မှည့်ခေါ်ထားကြောင်း လေ့လာရသည်။ အထူးသဖြင့် သူသည် ကာရန်နဘေစပ်ဟပ်ရာတွင် လွန်စွာနိုင်နင်းသူဖြစ်ကြောင်း ကောက်ချက်ချလိုပါသည်။

ဦးချစ်စရာ၏ ကဗျာများတွင် အယဉ်အနုစကားလုံးများကို သုံးလေ့မရှိဘဲ ရိုးရိုးနှင့်ထိမိသော၊ လွယ်ကူ၍ အဓိပ္ပာယ်မထောင့်သော စကားလုံးများကို ရွေးကောက်စီစဉ်၍ အသုံးများကြောင်း တွေ့ရပါသည်။

အကယ်၍ဦးချစ်စရာသည် ယနေ့တိုင် အသက်ထင်ရှားရှိနေခဲ့လျှင် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ဘဝအတွေ့အကြုံ၊ ဗဟုသုတပို၍ များပြားလာက အနှစ်သာရ ပိုမိုပြည့်ဝပေါ် လွင်သော စာပေအဝဝကို ဖွဲ့ဆိုပေလိမ့်ဦးမည်ဟု ထင်မြင်ယူဆမိပါသည်။

❑ ❑ ❑ ❑

# အခန်း (၇)

# ကျမ်းကိုးစာရင်း

*(မှတ်ချက် ... ဖော်ပြထားသော စာမျက်နှာအမှတ်များသည် သတိုးပီယအကြောင်း သို့မဟုတ် သူ၏စာများနှင့် စပ်လျဉ်းသည့် ရေးသားချက်များနှင့် စာတမ်းပါ အချက်အလက်များအတွက် ကိုးကားချက်များ ပါရှိသည့် စာမျက်နှာများကို ညွှန်းပါသည်။)*


၁။ ချစ်စရာ၊ မောင်။ မြန်မာစာညွှန့်ပေါင်းကျမ်းဋီကာ (ပ – နှိပ်) ရန်ကုန်၊ မြန်မာအမျိုးသားစာပုံနှိပ်တိုက်၊ ၁၉၂၇။

၂။ ...၊ .... (ဒု – နှိပ်) ရန်ကုန်၊ သမားတော်ညွှန့်စာအုပ်တိုက်၊ ၁၉၂၆။

၃။ ချစ်စရာ၊ ဦး။ ကဗျာဖွဲ့နည်းကျမ်း၊ ရန်ကုန်၊ မြန်မာအမျိုးသား စာပုံနှိပ်တိုက်၊ ၁၉၂၇။

၄။ ...၊ ကိုးခန်းပျို့မှတ်စု။ ရန်ကုန် (ရတနာပုံစာအုပ်ဆိုင်)၊ ၁၉၂၅။

၅။ ...၊ ဂမ္ဘီသာရပျို့ဒီပဏီ။ ရန်ကုန်၊ ရတနာပုံစာအုပ်ဆိုင်၊ ၁၉၂၆။

၆။ ...၊ ပုတ္တောဝါဒဆုံးမစာအဖွင့်။ ရန်ကုန်၊ ရတနာပုံစာအုပ်ဆိုင်၊ ၁၉၂၆။

၇။ စောမှုံညင်း၊ စာပေခရီးအစ ကျွန်မဘဝ၊ လုံမလေးအမျိုးသမီးမဂ္ဂဇင်း၊ အမှတ် (၃) မတ် ၁၉၈၅၊ စာ ၂၇–၃၄။

၈။ စံထွား၊ ဦး။ သက်ဆုံးတိုင်၊ အမျိုးသားနေ့ရွှေရတုသဘင်အထိမ်းအမှတ်စာစောင်၊ ၁၉၇၀၊ စာ ၁၆၇–၁၇၁။

မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည်။

၉။ စန်းသမိန်။ ကဗျာဉာဏ် စာဉာဏ်နှင့် ကဗျာစွမ်းရည် အမှတ် (၁၂) သောင်းပြောင်းထွေလာရယ်စရာ အတွဲ (၂၁) အမှတ် (၃) (မတ် ၁၉၈၅) စာ ၆၃ – ၆၄။

၁၀။ စန်းသမိန်။ ကဗျာဉာဏ် စာဉာဏ်နှင့် ကဗျာစွမ်းရည် အမှတ် (၁၈) သောင်းပြောင်းထွေလာရယ်စရာ အတွဲ (၂၁) အမှတ် (၉) (စက်တင်ဘာ ၁၉၈၅) စာ ၁၁၃–၁၁၇။

၁၁။ စိန်လွင်လေး၊ ဦး။ မြို့မဘခင်ကျောင်းအုပ်ကြီး ဦးအေးသွယ်၊ မြို့မမဂ္ဂဇင်း ၁၉၅၉ ၅၇ ခုနှစ်၊ စာ ၁၆။

၁၂။ ဇေယျ။ ကွယ်လွန်သူ ချစ်စရာ၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ နံပါတ် (၉) (စက်တင်ဘာ ၁၉၂၇) စာ ၇၃ –၇၇။

၁၃။ ညွန့်ညွန့်ကျင်။ ဒဂုန်နတ်ရှင်၏ စာပေလေ့လာချက်၊ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ မဟာဝိဇ္ဇာ (မြန်မာစာ) ကျမ်း၊ ၁၉၇၃။ ပုံမနှိပ်ရသေးသော လက်နှိပ်စက်စာမူ ဖြစ်သည်။

၁၄။ တင်၊ ဦး။ ကဗျာ့ဗန္ဓသာရကျမ်းနှင့် နောက်ဆက်တွဲသုံးပိုင်း၊ ရန်ကုန် လယ်တီမဏ္ဍိုင်စာပေဌာန၊ ၁၉၆၉၊ စာ ၃၅၅ – ၃၅၇။

၁၅။ တင်တင်ခိုင်၊ မ။ သူရိယမဂ္ဂဇင်းသမိုင်းနှင့် စာပေ၊ မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ မဟာဝိဇ္ဇာ (မြန်မာစာ) ကျမ်း၊ ၁၉၇၅။ ပုံမနှိပ်ရသေးသော လက်နှိပ်စာမူဖြစ်သည်။

၁၆။ တင်၊ မောင်။ မြို့မတိုင်းရင်းသားကျောင်းကြီးကို စတင်တည်ထောင်ခြင်းအကြောင်း၊ ဝံသယုဝမဂ္ဂဇင်း၊ အတွဲ (၆) အမှတ် (၂) (နိုဝင်ဘာ



၁၉၂၈) စာ ၁၆ –၁၈။ ရန်ကုန်မြို့မတိုင်းရင်းသား အထက်တန်းကျောင်းမှ ထုတ်ဝေသည်။

၁၇။ ထင်၊ မောင်။ ကဗျာနှင့် တီထွင်မှု၊ ငဝန်ရောမဂ္ဂဇင်း (ဇူလိုင် ၁၉၈၅) စာ ၇၇ – ၈၁။

၁၈။ ...။ ကျွန်တော်ဘာ့ကြောင့် စာရေးရသလဲ၊ စာပေလောက ၁၃၄၁ ခု အမျိုးသားစာဆိုတော်နေ့ အထိမ်းအမှတ် ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်၊ ၁၉၇၉၊ စာ ၈၇။

၁၉။ ထွန်းစိန်၊ ဦး။ သတိုးပီယ၊ ပညာလောကစာစောင် အတွဲ (၁၃) အမှတ် (၁) (ဇန်နဝါရီ ၁၉၈၂) စာ ၄၅ – ၄၉။

၂၀။ ...၊ ...။ ငွေတာရီမဂ္ဂဇင်း အမှတ် (၁၀၇) (မေ ၁၉၆၉) စာ ၆၇ – ၆၈။

၂၁။ ဒဂုန်နတ်ရှင်။ ဒဂုန်နတ်ရှင်၏ ဘဝခရီးစဉ်၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၄၊ စာ ၁၁၇ – ၁၁၈၊ ၁၂၄ – ၁၂၈။

၂၂။ ...။ ရတနာပုံနိဒါန်း၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၆။

၂၃။ နှစ်တစ်ရာပြက္ခဒိန်။ အဌမ နှိပ်၊ ရန်ကုန်၊ ပညာအလင်းပြ၊ ၁၉၇၉။

၂၄။ ဖေမောင်တင်၊ ဦး။ မြန်မာစာပေသမိုင်း၊ တ နှိပ်၊ ရန်ကုန်၊ အတွေးရှင်ဗိမာန်၊ ၁၉၇၇။

၂၅။ ဘရင်၊ ဦး (ဟံသာဝတီ)။ ခေတ်သစ်ကဗျာများအဖြေ၊ ရန်ကုန်၊ စွယ်စုံစာပေ (၁၉၆ – ) စာ ၆၉။

၂၆။ ဘိုသင်း၊ ဦး (စစ်ကိုင်း – )။ စစ်ကိုင်း ဦးဘိုးသင်း၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၉။

၂၇။ ဘိုးသစ်၊ မောင်။ ကဗျာရေးနည်းနိဿရည်း၊ ရန်ကုန်၊ မြန်မာအဆွေ၊ ၁၉၂၁။

၂၈။ မဟာဆွေ၊ မဟာဆွေ၏ မဟာဆွေ၊ ရန်ကုန် သွေးသောက်တိုက်၊ ၁၉၅၃၊ စာ ၄၈။

၂၉။ မင်းညွန့်၊ လှည်းယဉ်ကျော့။ ရေးသူ မင်းညွန့်နှင့် ရွှေဘိုဦးထွန်းဖေ၊ ရန်ကုန်၊ ဂုဏ်ရည်စာအုပ်တိုက်၊ ၁၉၇၂၊ စာ ၇၀။

၃၀။ မင်းသုဝဏ်။ ကဗျာ့ပရိယာယ် ကဗျာရေးရာစာတမ်းများ၊ ရေးသူ မင်းသုဝဏ်နှင့် အခြား၊ ဒု ချဲ့.ထွင်နှိပ်ခြင်း၊ ရန်ကုန်၊ နှလုံးလှစာပေတိုက်၊ ၁၉၆၇။

၃၁။ ...။ ခေတ်သစ်ကဗျာများ၊ ရေးသူ ဦးဝန်နှင့် ဦးသိန်းဟန်၊ ရန်ကုန်၊ တက္ကသိုလ်စာအုပ်ထုတ်ဝေဖြန့်ချိရေးကော်မတီ၊ ၁၉၆၂၊ စာ ၃၉၊ ၄၄။

၃၂။ မောင်ကြီး၊ ဦး (လယ်တီပဏ္ဍိတဆရာ)။ ပါဠိအဘိဓာန်ချုပ်၊ ရန်ကုန်၊ ဣန္ဒာသယပိဋကတ်စာပုံနှိပ်တိုက်၊ ၁၉၆၅။

၃၃။ မြင့်ထွန်း (သုတေသီ)။ မြန်မာ့လှည်းယာဉ်ကြော့၊ စာပေလုပ်သားမဂ္ဂဇင်း၊ အမှတ် (၃၁) (နိုဝင်ဘာ ၁၉၈၃) စာ ၂၉ – ၃၂။

၃၄။ မြန်မာ့ကဗျာစာတမ်းများ။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၈၃၊ နှစ်တွဲ။

၃၅။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ။ ရန်ကုန်၊ Superintendent, Government Printing၊ ၁၉၂၁။

၃၆။ မြန်မာစာရေးဆရာများ၏ ကလောင်အမည်စာရင်း။ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ စာကြည့်တိုက်ပညာဌာန၊ ၁၉၇၆။ ပုံမနှိပ်ရသေးသည့် သုတေသနစာတမ်း၊ ဒေါ်တင်အေးကြည် ဦးဆောင်သည်။

၃၇။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၀။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၈၀၊ စာ ၂၇၂။

၃၈။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၃။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၈၃၊ စာ ၁၁၈။



၃၉။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၈)။ ရန်ကုန်၊ ဘာသာပြန်စာပေအသင်း၊ ၁၉၆၃၊ စာ ၄၄၇။

၄၀။ မှိုင်း၊ သခင်ကိုယ်တော်။ ကဗျာသာရတ္ထသင်္ဂြိုဟ်၊ ရန်ကုန်၊ ကျော်လင်းစာနယ်ဇင်းဖြန့်ချိရေးဌာန၊ ၁၉၅၅။

၄၁။ လှကြည်၊ မောင် (မြန်မာစာ)။ ဦးရာကျော်နှင့် သတိုးပီယ၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ အတွဲ (၈) အမှတ် (၃၁၁) (၁၆ –၈–၇၁) စာ ၃။

၄၂။ ဝ၊ မောင် (သိပ္ပံ)၊ ခေတ်စမ်းစာပေအထွေထွေ။ ဒု နှိပ်၊ ရန်ကုန် အညာသားစာပေ၊ ၁၉၇၇၊ စာ ၅၆။

၄၃။ ...။ ခေတ်စမ်းမပေါ်ခင်ကဗျာ့အခြေအနေ၊ ရေးသူ သိပ္ပံကျောင်းသားမောင်မြသွင်၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် (၃၉) (စက်တင်ဘာ ၁၉၆၃) စာ ၇၈ – ၈၀။

၄၄။ ...။ စာပေယဉ်ကျေးမှု၊ မန္တလေး၊ လူထုစာအုပ်တိုက်၊ ၁၉၇၆။

၄၅။ ...။ ပထမကမ္ဘာစစ်ကြီး၊ ပထမကျောင်းသားသပိတ်နှင့် မြန်မာစာပေ ရေးသူ သိပ္ပံကျောင်းသား မောင်မြသွင်၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် (၃၆) (ဇွန် ၁၉၆၃) စာ ၄၈ – ၅၄။

၄၆။ ...။ မြန်မာစာဂုဏ်ထူး ပထမယူသူ၊ ရှုမဝမဂ္ဂဇင်း အတွဲ (၁၃) အမှတ် (၁၅၆) (မေ ၁၉၆၀) စာ ၁၄၂။

၄၇။ သခ်ီ။ ဟိုရှေးကရေးကြ မှတ်ကြသည်၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် (၂၆၄) (ဇွန် ၁၉၈၂) စာ ၁၇ – ၂၀။

၄၈။ သစ်လွင်၊ မောင် (လူထု)။ သတင်းစာဆရာ စာရေးတော်ကြီး ဦးရာကျော်၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ်(၁၅၄) (ဧပြီ ၁၉၇၃) စာ ၂၅– ၂၇။

၄၉။ သန်းထွတ်၊ ဦး။ မြန်မာဘာသာ နိုင်ငံတော်သုံးဖြစ်မြောက်ရေးကြိုးပမ်းချက်များ၊ ဘာသာစာပေနှင့် ယဉ်ကျေးမှုပညာရပ်ဆိုင်ရာ

သုတေသနအဖွဲ့ဥက္ကဋ္ဌမိန့်ခွန်း (ဖေဖော်ဝါရီ ၁၉၈၁) ဖယောင်းလှည့်
စာမူ။
၅၀။ ...။ မြန်မာစာပေစာစုစာရင်း၊ ရေးသူ ဦးသန်းထွတ်၊ ဦးသော်ကောင်း
နှင့် ဒေါ်စမ်းစမ်းမေ၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၈၃၊ စာ ၆၆။
၅၁။ ...။ ကျောင်းများ၌ မြန်မာစာသင်ကြားရေး ၁၉၁၀ – ၁၉၄၂ ခုနှစ်
ပညာရပ်ဆိုင်ရာသုတေသနအဖွဲ့ဥက္ကဋ္ဌမိန့်ခွန်းများ၊ ၁၉၇၀။
၅၂။ ဟိန်း၊ ဆရာ (မြို့မ)။ ဦးရာကျော်နှင့် သတိုးပီယ၊ လုပ်သားပြည်သူ့
နေ့စဉ်သတင်းစာ အတွဲ (၈) အမှတ် (၃၁၆) (၂၁–၈–၇၁) စာ ၃
၅၃။ အ ထက် ဗ မာ နိုင် ငံ စာ ရေး ဆ ရာ အ သင်း။ ကဗျာအကြောင်း
စာအကြောင်း၊ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၉။
၅၄။ အမာ၊ ဒေါ် (လူထု)။ ရွှေရိုးဘာကလေး၊ ဒုတိယတွဲ၊ မန္တလေး၊ ကြီးပွား
ရေးပုံနှိပ်တိုက်၊ ၁၉၆၉။
၅၅။ အဝင်း၊ မ။ ဓဂုန်နတ်ရှင်စာစုစာရင်း၊ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်
စာကြည့်တိုက်ပညာဌာန၊ ၁၉၇၅။ စာကြည့်တိုက်ဒီပလိုမာဘွဲ့
အတွက် တစ်စိတ်တစ်ဒေသအားဖြင့် တင်သွင်းသော စာတမ်း
လက်နှိပ်စက်စာမူဖြစ်သည်။
၅၆။ အမျိုးသားနေ့နှင့် အမျိုးသားပညာရေးလှုပ်ရှားမှုသမိုင်းအကျဉ်း
ပ နှိပ်၊ ရန်ကုန်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ၁၉၇၀။
... ဒု နှိပ် ...၊ ၁၉၈၁။
၅၇။ အမျိုးသားနေ့ရွှေရတုသဘင်အထိမ်းအမှတ်စာစောင်။ ရန်ကုန်
ပြန်ကြားရေးဝန်ကြီးဌာန၊ ၁၉၇၀။
၅၈။ အောင်နိုင်၊ ဦး။ ကဗျာ့နိဒါန်း၊ ရန်ကုန်မြို့တော်စာပေ၊ ၁၉၆၇။
၅၉။ ကျော်၊ ဦး။ မြန်မာနိုင်ငံအမျိုးသားပညာရေးသမိုင်း၊ ရန်ကုန်၊ ပုလဲ
ပန်းစာပေ၊ ၁၉၇၀။



၆၀။ C.N.E. **Syllabus for National Schools**. Rgn. Nation Printing Works, 1923.
၆၁။ **Who's Who in Burma**. Rgn., People's Literarture Committee and House, 1961. Page 80 - 81

❑ ❑ ❑ ❑

# အခန်း (၈)

## နောက်ဆက်တွဲ (က)

### အထောက်အထားလက်မှတ်များ၊ ဓာတ်ပုံများ၊ ဇယားများ

EDUCATION
Miscellaneous 39.

# EDUCATION DEPARTMENT, BURMA.

## INDIGENOUS SCHOOL SEVENTH STANDARD CERTIFICATE.

5447 Dated [illegible] June 1918.

This is to certify that [illegible] aged [illegible] son/daughter of [illegible] resident at Pyinmana Village, Pyinmana Township, Yamethin District, a pupil of [illegible] School, passed the Seventh Standard Examination held at [illegible] in February 1918.

[illegible]
Inspector of Schools,
[illegible] Circle

G. B. J. B. P.—No. 167, Stock, [illegible]—900.

875

# EDUCATION DEPARTMENT, BURMA.

VERNACULAR HIGH SCHOOL CERTIFICATE.

No.

I HEREBY certify that Mg Chit Swya, aged 19 years, son/daughter of [illegible] Pan Bu, passed the Eighth Standard examination, held at Mandalay on the [illegible] day of [illegible] 1919, in the following subjects:—Burmese, Arithmetic, Geography, Elementary Science, [illegible] and History of Burma, and was placed in the Third Division.

RANGOON: 5 AUG 1919

Inspector of Normal [illegible] European [illegible]

---

# EDUCATION DEPARTMENT, BURMA,

VERNACULAR HIGH SCHOOL CERTIFICATE.

208

[illegible] certify that Maung Chit Swya, aged 20 years, son/daughter of Maung [illegible] [illegible], passed the verna[illegible] Standard examination, held at Mandalay on the ____ day of March [illegible] following subjects:—Burmese, Arithmetic, Geography, Elementary Science, Euclid, [illegible] of Burma, and was placed in the First Division.

Gained distinction in History.

RANGOON: [illegible] DEC 1920, 192

Director of Public Instruction.

~~Inspector of Normal Schools, European Education.~~

Education
Normal Schools 3

# EDUCATION DEPARTMENT, BURMA

## TEACHER'S FINAL CERTIFICATE

CLASS ~~ANGLO-VERNACULAR~~ VERNACULAR GRADE, ~~MIDDLE SCHOOL~~

Number of Certificate 293, dated 5th April 1921.

Maung Chit Saya, aged 20 years, daughter of Maung Pan Bu, residing in Mandalay village/town Mandalay district; educated ..., * having completed a full course at the Government Normal School Mandalay has passed the necessary theoretical, literary and practical tests, and is hereby granted a Teacher's Final Certificate.

RANGOON:
The 5th April 1921.

Director of Public Instruction, Burma.

* N.B.—These words will be scored through in the case of untrained teachers.

---

Pyinmana.
Dated 15th March 1924.

[illegible]

[illegible]

[illegible]

[illegible]

Head-master,
Aided National High School,
Pyinmana.

*King Edward Memorial*
*Buddhist High School,*
*Pyinmana.*

*Dated* the 18th. March 1925

Maung Chit Saya has been employed as a Drawing Master in this institution during the current year,,and I have always foun[d] his work satisfactory. He is very helpful in the teaching of Burme[se] especially in the High department and is very competent in handlin[g] the subject, as he himself is the author of the Notes on " Selecti[ons] from the Anthology of Burmese Literature " which has been prescrib[ed] for the High School Examinations of 1926 and 1927.

Had it not been for the return of the permanent incum[bent] proceeding on leave, in whose place Maung Chit Saya is temporarily employed, we would have been glad to retain his services for the ensuing term.

Ba Chit
Head Master,
K.E.M. High School, P y i n m a n a.

---

**B** Class / Prefix ____ Code ____ POSTS [crest] TELEGRAPHS. No. 3

| Recd. at ____ H. ____ M. | Sent at ____ H. ____ M. | Office Stamp |
|---|---|---|
| From TG3 | To ____ | 14 MY. 25 |
| By ____ | By ____ | |

| Office of Origin | Date | Service Instructions | Words |
|---|---|---|---|
| Rangoon C | 13 5 25 | | 13 |

TO Maung Chit Saya Kyaukta[n] [illegible] Pyinmana

[illegible]

Headmaster

N.B.—The name of the Sender, if telegraphed, should be written after, but separated from, the text.

[illegible]


[illegible]

Coming by 4 Dr

Germany

Chi

ဦးချစ်စကာ က ဦးဘလှိုင်ထံ ပြန် ပေး သော သံကြိုး



Telegraphic address: "KYAUNG."

Phone No. 1047.

မြို့မ တိုင်းရင်းသား အထက်တန်းကျောင်း

Myoma National Boys' High School

No. 1. Voyle Road

Rangoon. ၂ - ၆ - ၁၉၂[illegible]

ရန်ကုန်မြို့

မြို့မ တိုင်းရင်းသား အထက်တန်းကျောင်းကြီး။

[illegible]

၁၉၀၉ ခုနှစ် [illegible]

၁။ [illegible]

[illegible]

ကျောင်းသား။

[illegible]

---

Telegraphic Address:- "KYAUNG."

Phone No. 1047.

မြို့မ တိုင်းရင်းသား အထက်တန်းကျောင်း

Myoma National Boys' High School

No. 1 Voyle Road.

Rangoon 192

[illegible]

# အထူး ဝမ်းနည်းခြင်း။

"သခိုးဒီယ" နှင့် "ညွှန်းနေ"-"နှင့်ငြမ်း"

အမည်ခံ၊ ကဗျာလင်္ကာဆရာ-ကိုချစ်စရာ

အနိစ္စရောက်ခြင်း။

ဒွန်ပံကျိုဂျန်မဂ္ဂဇင်းကြီး၏ ကာဗျာပေါင်းချုပ်တော်တွင် ... နှစ်ကျော် ကာဝဦးသခိုးဒီယဟူသောအမည်ဖြင့် ... ညွှန်းမနေနင်းပြားဟူသောအမည်ဖြင့် ရင်းမှားစွာသော ကဗျာလင်္ကာတို့ကိုရေးသားပေးပို့၍ ကျော်ကြားခဲ့သော ခန်ကျုံ့-အစိုးရ အထက်တန်း...မနေ...ကျောင်း၊ ... ကဗျာလင်္ကာဆရာ-ကိုချစ်စရာသည် ဇူလိုင်လ ၂၈ ရက်၊ ဝါခေါင်လဆန်း...ရက်နေ့တွင် ပျဉ်းမနားမြို့-စွာ ... ရောင်းဆိုးသွေးပါရောဂါဖြင့်၊ ကွယ်လွန် အနိစ္စရောက်ရှိကြောင်းကြားသိရ၍ အလွန်အကြူး အထူးဝမ်းနည်းကြောင်း။

ကွယ်လွန်သူဆရာကိုချစ်စရာမှာ ကျွန်ုပ်တို့ဂျန်မဂ္ဂဇင်းတွင်သာမက၊ အခြား မဂ္ဂဇင်း-သတင်းစာအပေါင်းတို့တွင်လည်း ကဗျာလင်္ကာများကိုရေးသား...ခြင်းပြုခဲ့ သည့်အပြင်၊ (ဂန္ဓီ သာရုပ္ပ-ဇိပနီကျမ်း၊ ပုဏ္ဏောဝါဒ ဆုံးမစာအ...၊ မြန်မာစာ ညွှန်းပေါင်းကျမ်း...)စသော ကျောင်းသုံးစာအုပ်များကိုလည်း ...ရေးသား ခဲ့ကြောင်း။ ဆရာကိုချစ်စရာမှာ၊ ယမန်နှစ်ကမှစ၍ ...ရောဂါ...ရ၊ ကျောင်း ဆရာ၏အလုပ်ကိုကောင်းစွာမလုပ်နိုင်ခဲ့သည်နှင့် ... အခွင့်ယူပြီးလျှင်မိ ဘများရှိရာ ပျဉ်းမနားမြို့သို့သွားရောက်၍ ဆေးဝါးကုသခြင်းခံနေရာမှ ... သာခြင်းမရှိဘဲ၊ ယခုကဲ့သို့အနိစ္စရောက်သွားခြင်းဖြစ်ပေသည်၊ ကွယ်လွန်သူဆ ရာကိုချစ်စရာမှာအသက် ၂၇ နှစ်မျှသာရှိသေးကြောင်း။ ဇနီးမိန်းမနှင့်ကလေး ... ၂ ယောက်ကျန်ခဲ့ကြောင်း။ ဤကဲ့သို့ ... အသက်ငယ်ငယ်နှင့် ... သေမင်း၏သက်တွင်းသို့ ... ပါသွားရခြင်းအတွက်၊ ... သူအပေါင်းတို့မှာ ကျွန်ုပ်တို့ကဲ့သို့ ... ဝမ်းနည်းခြင်းဖြစ်...ကြောင်း။



အမျိုးသား ကျောင်းဆရာဘဝ ဦးချစ်စရာ




ဦးချစ်စရာ၏မိခင် ဒေါ်လှိုင်



အသက်၉၀ပြည့်ပြီ ဦးချစ်စရာ၏ဇနီး ဒေါ်မွှားခင်



ဒေါ်မွှားခင်တို့ ဦးထွန်းစိန်၊ ဒေါ်သိန်းလှ(သမီးဖြစ်သူ)တို့နှင့်
အတူ တွေ့ရစဉ်



ဦး ချစ်စရာတို့မြို့မတိုင်း ရင်း သားအထက်တန်း ကျောင်းဆရာ၊
ဆရာမများ နှင့်အတူ တွေ့ရစဉ်(၁၉၂၁-၂၇)ခုနှစ်

ရှေ့ဆုံး၌ထိုင် နေသူများ ။ ။ ဒေါ်မမကြီး ၊ ဒေါ်တင်အေး ၊ ဒေါ်ရွှေ

ပထမ နောက်တန်း ။ ။ ဦး ချစ်စရာ၊ ဦး ဖေ၊ ဦး ကြွယ်လွင်၊ ဦးသာ
ဦး ဘလွင်( ကျောင်း အုပ်)၊ ဦး ချွေး
ဦး ထွန်းသိုက်၊ ဦး တင့်၊ ဦး လှ

ဒုတိယ နောက်တန်း ။ ။ ဦး ဘတင်၊ ဦး အောင်မင်း၊ ဦးဘသိန်း ၊
ဦး အေးသွယ်၊ ဦး ဘထွန်း ၊ ဦး အောင်ကျော်
ဦး ထွား အောင်၊ ဦး စံထွား ၊ ဦးဝဏ္ဏ

နောက်ဆုံး တန်း ။ ။ ဦးခင်မောင်၊ ဦး မြဦး ၊ ဦးဝမ်ဟုတ်၊
ဦး တင်မောင်၊ ဦး လှမောင်၊ ဦးထွန်း ဖေ
ဦး ချစ်စိန်



ဦးချစ်စရာ(ယာ) နှင့်သူငယ်ချင်း ဦးထွန်း ငြိမ်(ကုန်သည်)




ဒဂုန်မဂ္ဂဇင်း တွင် ဖော်ပြသော
မှဉ်း မနား ကနင်း ပြား ၏ပုံ




ဒဂုန်မဂ္ဂဇင်း တွင်သတိုး ပီယဏ်ကဗျာများ
တို့ကို အသား ပေး ဖော်ပြခဲ့သည်။




မြန်မာစာညွှန့်ပေါင်းကျမ်း ဋီကာ
အတွင်း မျက်နှာဖုံး





ကိုးခန်း ပျို့မှတ်စုမျက်နှာဖုံး



ပုဏ္ဏောဝါဒ ဆုံး မစ၁ – အဖွင့်တွင်
နိဒါန်း၌ ဤသို့ ဖော်ပြခဲ့သည်



ဂဏ္ဌိသာရပို့ဒ်ပဏီ မျက်နှာဖုံး



ကဗျာဖွဲ့နည်း ကျမ်း အတွင်း မျက်နှာဖုံး

၁၉၂၃-ခုနှစ်

| စဉ် | အမျိုးအစား | ဇန် | ပေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဇေယျသတင်းစာ | | | | | | | | | | | | | |
| ၂ | ဒဂုန်မဂ္ဂဇင်း | | | | | ✓ | ✓ | ✓ | ✓ | | ✓ | | ✓ | [illegible] |
| ၃ | သူရိယမဂ္ဂဇင်း | | | | | | | | | | | | | |

၁၉၂၄-ခုနှစ်

| စဉ် | အမျိုးအစား | ဇန် | ပေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဇေယျသတင်းစာ | | | | | | | | | | | | | |
| ၂ | ဒဂုန်မဂ္ဂဇင်း | | ✓ | | | ✓ | | ✓ | | | ✓ | | | |
| ၃ | သူရိယမဂ္ဂဇင်း | | | | | | | | | | | | | |

၁၉၂၅-ခုနှစ်

| စဉ် | အမျိုးအစား | ဇန် | ပေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဇေယျသတင်းစာ | | | | ✓ | | | ✓ | | | | | | |
| ၂ | ဒဂုန်မဂ္ဂဇင်း | ✓ | | ✓ | | | | ✓ | ✓ | ✓ | ✓ | | ✓ | |
| ၃ | သူရိယမဂ္ဂဇင်း | | | | | | | | | | | | ✓ | |

၁၉၂၆-ခုနှစ်

| စဉ် | အမျိုးအစား | ဇန် | ပေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဇေယျသတင်းစာ | | | | | | | | | | | | | |
| ၂ | ဒဂုန်မဂ္ဂဇင်း | ✓ | ✓ | ✓ | | ✓ | | | ✓ | ✓ | | | | |
| ၃ | သူရိယမဂ္ဂဇင်း | | | | | | ✓ | | ✓ | | | | | ဇွန်လထု<br>ပါရှိသေး<br>သတိုးဝိယ<br>လက်ရာရှ<br>မတွေ့ပါ |

သတိုးဝိယ ( ခေါ် ) ပုဦးမနေသေးကနင်းပြသော်လက်ရာများကို ၁၉၂၃-ခုနှစ်မှ ၁၉၂၆-ခုနှစ်အတွင်းအထက်ပါမဂ္ဂဇင်းသတင်းစာများတွင် တွေ့ရသည်။

| ခုနှစ် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၉၂၃ | | | | | ✓ | ✓ | ✓ | ✓ | | ✓ | | ✓ |
| ၁၉၂၄ | | ✓ | | | ✓ | | ✓ | | | ✓ | | |
| ၁၉၂၅ | ✓ | | ✓ | | | | ✓ | ✓ | ✓ | ✓ | | ✓ |
| ၁၉၂၆ | ✓ | ✓ | ✓ | | ✓ | | | ✓ | ✓ | | | |

သတိုးဝိယခေါ် မှဦးမနာသားကနင်း ပြဇာတ်လက်ရာများကိုအသက်ပါဒဂုန်မဂ္ဂဇင်း တို့တွင် တွေ့ရသည်။

# နောက်ဆက်တွဲ (ခ)

## ဦးချစ်စရာနှင့် ဆက်သွယ်ခဲ့သူများ၏ အတ္ထုပ္ပတ္တိအကျဉ်း

## ဦးဘလွင်

၁၈၉၂ ခုတွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့ရခဲ့သည်။ လန်ဒန်မြို့မှ ပညာရေးဒီပလိုမာဘွဲ့ရသည်။ ရန်ကုန်မြို့ မြို့မအထက်တန်းကျောင်း၏ ကျောင်းအုပ်ကြီးအဖြစ် ၁၉၂၄ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ အထူးအောင်မြင်စွာ ဆောင်ရွက်ခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ သီဟိုဠ်ပြည်ဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် အမှုထမ်းခဲ့ပါသည်။ ၁၉၆၈ ခု၊ ဧပြီ ၇ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

၁။ Who's Who in Burma 1961. Page 80.

၂။ ၉-၉-၈၅ နေ့တွင် ဦးဘလွင်၏သမီး ဒေါ်စုစုလွင်ပြောပြချက်။

❖ ❖ ❖

## ဒဂုန်နတ်ရှင်

၁၂၆၀ (၁၈၉၈) ခု၊ နတ်တော်လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မန္တလေးမြို့၌ ဖွားမြင်သည်။ အမည်ရင်းမှာ ဦးမောင်မောင်ကြီးဖြစ်သည်။ ၁၉၁၃ ခုတွင် ကျောင်းအုပ်ဆရာကြီး မြန်မာဒယ်လီကိတ် ဦးထွန်းရှိန်၏ အထက်တန်းကျောင်းတွင် ပညာသင်ခဲ့သည်။ ၁၉၂၄ ခုတွင် ပျဉ်းမနားမြို့ အမျိုးသားကျောင်း၌ ကျောင်းအုပ်ဆရာကြီးအဖြစ် လုပ်ကိုင်သည်။ ထိုစဉ်က ပျဉ်းမနားတွင် ညပိုင်းကဗျာသင်တန်း ဖွင့်ခဲ့သည်။ ၁၉၄၂ ခုတွင် မြန်မာ

နိုင်ငံစာရေးဆရာအသင်း၏ ဒုတိယဥက္ကဋ္ဌ၊ ၁၉၅၁ ခုတွင် ရန်ကုန်သတင်းစာအယ်ဒီတာချုပ်၊ ၁၉၅၉ ခုတွင် ဗုဒ္ဓမမ္မလောကသတင်းစာအယ်ဒီတာအဖြစ်ဆောင်ရွက်သည်။ ဆရာကြီးသည် ယခုအချိန်ထိ စာပေ၊ ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာများကို ဆက်လက်ရေးသားလျက်ရှိသည်။

၃၁-၇-၈၅ နေ့တွင် ဆရာကြီးဒဂုန်နတ်ရှင် ပြောပြချက်။

❖ ❖ ❖

## မဟာဆွေ

၁၂၆၂ ခု၊ ဝါခေါင်လဆန်း ၈ ရက်၊ ကြာသပတေးနေ့တွင် စစ်ကိုင်းမြို့၌ဖွားမြင်သည်။ ငယ်နာမည် မောင်ဘရှိန်ဖြစ်သည်။ ၁၉၂၁ ခုတွင် မန္တလေးနော်မန်ကျောင်းတွင် ၉ တန်း၌ သင်ကြားခဲ့ပြီး ထိုကျောင်းမှဆရာဖြစ်အောင်ခဲ့သည်။ ၁၉၂၅-၁၉၂၉ ထိ ဝက်လက်မြို့တွင် ကျောင်းဆရာလုပ်ခဲ့သည်။ ၁၉၂၅ ခုနှစ်ခန့်တွင် သူငယ်ချင်းမောင်ကြော့၏ အမည်ကိုယူပြီး "ကြော့ဝက်လက်" အမည်နှင့် ကဗျာများရေးသားခဲ့သည်။ မဟာဆွေအမည်ကို ၁၉၂၉ ခု၊ ဇူလိုင်လထုတ် သူရိယမဂ္ဂဇင်းပါ မနန်းဝါဝတ္ထုမှ စတင်ယူသည်။ ဝတ္ထုရှည် ၆၀ ကျော်၊ ဝတ္ထုတို ၅၀၀ ကျော် ၆၀၀ နီးပါး၊ ဆောင်းပါးငယ်ရာပေါင်းများစွာ ရေးသားခဲ့သည်။ ၁၃၁၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၁၉၅၃ ခုနှစ် ဩဂုတ်လ ၅ ရက် တွင် ဦးနှောက်အကြောပြတ်ရောဂါဖြင့် ကွယ်လွန်သည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ (၈) (၁၉၆၃) မှ ကိုးကားသည်။

❖ ❖ ❖

## ဇေယျ

၁၉၀၀ ခု၊ ဇူလိုင် ၁ ရက်နေ့တွင် ဇီးကုန်းမြို့၌ ဖွားမြင်သည်။ ကျောင်းနေစဉ် မောင်ယောရှအမည်တွင်၏။ နောင်တွင် ဦးယောအမည်တွင်သည်။



ပြည်မြို့ အစိုးရအထက်တန်းကျောင်းမှ ၁၀ တန်း စာမေးပွဲအောင်သည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ဒဂုန်မဂ္ဂဇင်းလက်ထောက်အယ်ဒီတာအဖြစ် စတင်အမှုထမ်းသည်။ ဇေယျကလောင်အမည် စတင်ယူသည်။ ၁၉၂၅ ခုတွင် ဇေယျသတင်းစာကို ဦးစီးထုတ်ဝေသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်အဖြစ် အမှုထမ်းသည်။ ထိုရာထူးမှ အငြိမ်းစားယူပြီး၊ မြန်မာနိုင်ငံ သမိုင်းကော်မရှင်၊ ယဉ်ကျေးမှုကောင်စီ၊ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်၊ စာပေဗိမာန်ဆုရွေးချယ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ စသည်တို့တွင် တာဝန်ယူခဲ့သည်။ ၁၉၈၂ ခု၊ အောက်တိုဘာ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၃၊
ရန်ကုန် စာပေဗိမာန် ၁၉၈၃ မှ ကိုးကားသည်။

❖ ❖ ❖

## ဦးအေးသွယ်

၁၉၀၁ ခု၊ မတ်လ ၁ ရက်နေ့တွင် မော်လမြိုင်မြို့၌ ဖွားမြင်သည်။ ၁၉၂၀ ခုတွင် ဥပစာအထက်တန်း၌ ပညာသင်ဆဲ ရန်ကုန်တက္ကသိုလ်သပိတ်တွင် ပါဝင်ခဲ့သည်။ မြို့မအမျိုးသားအထက်တန်းကျောင်းတွင် ဆရာကြီး၊ ကျောင်းအုပ်ဆရာကြီးအဖြစ် အမှုထမ်းခဲ့သည်။ ကလကတ္တားတက္ကသိုလ်မှ ဘီအေဘွဲ့ရခဲ့သည်။ ဂျပန်ခေတ်တွင် ဗမာ့လွတ်မြောက်ရေးတပ်မတော် ပညာရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ အမျိုးသားပညာရေးတွင် အရေးပါမှုကို နိုင်ငံတော်က အသိအမှတ်ပြုသည့် အနေဖြင့်

ဝတ္ထုကျော်ထင်ဘွဲ့ ချီးမြှင့်ခဲ့သည်။ ၁၉၅၆ ခု၊ ဒီဇင်ဘာလ ၁၈ ရက်၊ အင်္ဂါနေ့ နေ့လယ် ၂ နာရီ ၃၀ မိနစ်တွင် အဆုတ်ကင်ဆာရောဂါနှင့်ကွယ်လွန်သည်။

၁။ ဦးစံထွား "သက်ဆုံးတိုင်" အမျိုးသားနေ့ရွှေရတုသဘင် အထိမ်းအမှတ် စာစောင် ၁၉၇၀။

၂။ ဦးစိန်လွင်လေး (ဘီအေ) "မြို့မဖခင်ကျောင်းအုပ်ကြီး ဦးအေးသွယ်" မြို့မ မဂ္ဂဇင်း (၁၉၅၉–၅၇) မှ ကိုးကားသည်။

❖ ❖ ❖

## ဒဂုန်ရှင်သန်းမေ

၁၉၀၁ ခု၊ မေ ၁၅ ရက် (၁၂၆၃ ခု၊ ဦးတန်ခူးလဆန်း ၈ ရက်) တွင် မကွေးမြို့၌ ဖွားမြင်သည်။ အမည်ရင်း ဦးဘသန်းဖြစ်သည်။ မကွေးမြို့၊ ရေနံချောင်းမြို့၊ မန္တလေးမြို့၊ ပခုက္ကူမြို့များရှိ ဆရာတော်ကြီးများ၏ထံ၌ မြန်မာစာပေ၊ ပါဠိပိဋကတ်စာပေတို့ကို သင်ကြားခဲ့သည်။ အသက် ၂၂ နှစ် ရဟန်းဘဝကပင် စာပေများကို ရေးသားခဲ့သည်။ မန္တလေး "ဟုမ္မရူး" သတင်းစာ၊ မြန်မာ့ကြေးမုံအပတ်စဉ်ထုတ်ဂျာနယ်၊ ဒဂုန်မဂ္ဂဇင်း၊ ဟံသာဝတီသတင်းစာတို့တွင် ဆောင်းပါးများ၊ ကဗျာများ အများအပြား ရေးသားခဲ့ပါသည်။ ၁၉၃၄ ခုတွင် ရေနံချောင်းအမျိုးသားကျောင်း၌လည်းကောင်း၊ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်မြို့မအမျိုးသားကျောင်း၌လည်းကောင်း၊ မြန်မာဘာသာပြဆရာအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

၁၂–၈–၈၅ နေ့တွင် ဆရာကြီးရှင်သန်းမေ ပြောပြချက်။

❖ ❖ ❖

## ဒေါ်ခင်ခင်ကြီး

၁၂၆၄ (၁၉၀၂) ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့တွင် မအူပင်မြို့၌ ဖွားမြင်သည်။ ခုနစ်တန်းတွင် မက်သဒစ်ကျောင်း၌ ပညာသင်ခဲ့သည်။ ၁၉၂၀ ခု အမျိုးသားပညာရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ အမျိုးသားကျောင်းများ ဖြစ်မြောက်လာသောအခါ ရန်ကုန်မြို့မတိုင်းရင်းသူအထက်တန်းကျောင်းတွင် ဆရာမအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ထို့နောက် အမျိုးသားပညာရေးကောင်စီကပြုလုပ်သော စာမေးပွဲကို ၈ တန်း၊ ၉ တန်းနှစ်ခုပေါင်း၍ ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၂၇ ခုထိ မြို့မအမျိုးသမီးအထက်တန်းကျောင်းတွင် ဆရာမလုပ်ခဲ့သည်။ ၁၉၅၂ ခုမှ ၁၉၆၅ ခုထိ လူထုပညာရေးကောင်စီတွင် အမှုထမ်းခဲ့သည်။ ယနေ့တိုင် ဝိပဿနာအလုပ်များ ပွားများနေသည်။

၃၁–၇–၈၅ နေ့တွင် ဒေါ်ခင်ခင်ကြီးပြောပြချက်။

❖ ❖ ❖

## ဦးစံထွား

၁၉၀၃ ခု၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် မော်လမြိုင်မြို့၌ ဖွားမြင်သည်။ ၁၉၂၀ ပြည့်နှစ် ကောလိပ်ကျောင်းသားများသပိတ်တွင် ပါဝင်ခဲ့သည်။ အမျိုးသားကျောင်းများ ဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့သည်။ အမျိုးသားကျောင်းဆရာအဖြစ် တာဝန်ထမ်းခဲ့သည်။ ကလကတ္တားတက္ကသိုလ် ဥပစာတန်းအောင်မြင်ပြီး ၁၉၂၈ ခုတွင် အထက်တန်းရှေ့နေစာမေးပွဲအောင်ခဲ့သည်။ ဘီအေဘွဲ့ရပြီးနောက် ၁၉၃၁ ခုနှစ်တွင် ဒီတီသင်တန်းတက်ရောက်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ဘီအယ်လ်ဥပဒေစာမေးပွဲကို ပထမဖြင့် အောင်မြင်ခဲ့သည်။ ၁၉၄၈ ခုနှစ်အထိ ၂၈ နှစ်တိုင်တိုင် မြို့မကျောင်းဆရာတာဝန်ကို ဆောင်ရွက်ခဲ့သည်။၁၉၆၅ ခုနှစ်တွင် စာပေဗိမာန်အုပ်ချုပ်ရေးမှူးတာဝန်မှ အနားယူခဲ့သည်။

၇–၈–၈၅ နေ့တွင် ဦးစံထွားထံမှ ရရှိပါသည်။

❖ ❖ ❖

## မြို့မဆရာဟိန်

၁၉၀၅ ခုနှစ်တွင် မြောင်းမြခရိုင်၊ ပြင်ရွာ၌ မွေးဖွားသည်။ ၁၉၂၅ ခုနှစ်တွင် အင်္ဂလိပ်မြန်မာ ၁၀ တန်းစာမေးပွဲကို မြို့မအမျိုးသားအထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည်။ ၁၉၂၆ ခုတွင် မြို့မအမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာလုပ်ခဲ့သည်။ ၁၉၃၆ ခုတွင် ဆရာဖြစ်စာမေးပွဲအောင်မြင်သည်။ ၁၉၄၈ ခုတွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းဖြန့်ချိရေးမှူး၊ လုပ်ငန်းမှူး၊ အရစ်ကျအရောင်းဌာနမှူး စသည်တို့ကိုဆောင်ရွက်ခဲ့သည်။ မြို့မဆရာဟိန်သည် ၁၉၇၉ ခု၊ မတ်လ ၁၉ ရက်နေ့တွင် ကွယ်လွန်သည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၀။
ရန်ကုန် စာပေဗိမာန် ၁၉၈၀ မှကိုးကားသည်။

❖ ❖ ❖

## မောင်ထင်

၁၉၀၉ ခုတွင် လပွတ္တာမြို့၌ ဖွားမြင်သည်။ အမည်ရင်းမှာ ဦးထင်ဖတ်ဖြစ်သည်။ ရန်ကုန်မြို့မတိုင်းရင်းသားအထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့သည်။ ၁၉၃၃ ခုတွင် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝ၌ ခေတ်စမ်းစာပေကို ဝေဖန်အကဲဖြတ်ရာမှ ခေတ်စမ်းစာပေလောကထဲဝင်ရောက်လာသည်။ ၁၉၅၅–၅၈ အတွင်း မြန်မာ့စွယ်စုံကျမ်း အတိုင်ပင်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ယခုအခါ စာပေများကို ဆက်လက်ရေးသားလျက်ရှိပါသည်။

ခရီးသွားစာပေစာတမ်းဖတ်ပွဲ (၁၉၈၁) မှကိုးကားသည်။

❖ ❖ ❖

# နောက်ဆက်တွဲ (ဂ)

## ဦးချစ်စရာ၏ လက်ရာများ

## ၁၉၂၃–ခုနှစ်

### ၁။ တန်ခူးလမိဿရာသီဘွဲ့ တေးထပ်

တိမ်ပန်းခိုင်အထူးလှပြန်တော့။ မြူးကြွကြွဝေဟင်။ တန်ခူးလ နွေခွင်မှာ။ ရေသဘင်ခံပွဲ။ သကြိန်တော့်။ ဤမာသေတွင်။ ရှိပြာဝေမှိုင်းမှုံ့ ချက်ကဲ။ ဂျိုးဂျိုးဂျိမ့်သံသာ။ ဖန်ခါခါတနဲ။ ညံစာစာအိုသဲလို့။ ညိုမည်း ညိုမှောင်သော်။ ပျိုတို့မောင်မှန်းကာတမိတော့။ ပန်းမာသတင်းတဲ့ခါ တော်။ ယင်ကတ်နှင့်ကန့်ကော်မှာ။ ရနံ့တော်ထွေထူးနဲ့။ လေရူးတဲ့သွင်း သည့်နွေဂိမ်။ လွန်းတဲ့ပွေလိမ်။ စိတြာထွန်းပြည့်ထိန်သည်။ မှန်းတည့်ချိန် ကာလ မို့လေး။

"မောင်ချစ်စရာ" ဖျူဦးမနားမြို့။

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၃၊ အမှတ် ၃၃(မေ ၁၉၂၃) စာ ၉၃။

### ၂။ ဒဂုန်ကဝိပေါင်းချုပ်ဘွဲ့ ရှစ်ဆယ်ပေါ် တေးထပ်

ကဝိစုံရန်ပုံစံကွန့်။ ဒဂုန်ညန့်ညွန့်ထွင့်ထက်တွင်။ အဟုန်မြန်လွန့် မြင့်ထက်မြင်သည်။ ယင့်ထက်အယင်ယင်ထိပ်ထား။ ကာလနှစ်ချိုက် ချစ် ကြိုက်စရာမှာ။ ခေတ်လိုက်ကဗျာသာဆန်းနိုင်တတ်အား။ ကဝိလက်စွဲ အမွန်ရတနာ။ တံခွန်ပမာပုံအလားရှုစေ ခုလေမြုတေများကဖြင့်။ ဥပဒေ တခြားပိုင်းကန့်ကာ။ ဂမ္ဘီ ဉာဏ်ရည်။ ကြံစည်သုံးသမို့။ မြန်ပြည်အလုံး

ညွှတ်ရုံးစေဘို့ရာ။ ထူးဝင့် ဖူးပွင့်။ ဦးကင့်ဘမရာမှာ။ မှူးမင့်မဟာ။ သမ္မာပြည့်စဉ်က။ ကဗျာကဝိမြောက်စားခုနာမံ။ မြောက်များဆုလာဘ်။ ခေတ်သစ်ပြောင်း၍ ခေတ်ဟောင်းပြန်စေ။ ဖြစ်ကြောင်းဖန်ဖန် ဆုတောင်းပါ၏လေး။ (သစ္စာရှေးရှုတေးစုကဗျာကို။ ရေးမှူတန်တန် စုံကြောင်းပါတဲ့လေး)

"ချစ်စရာ" ဖျဉ်းမနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၃၊ အမှတ် ၃၄ (ဇွန် ၁၉၂၃) စာ ၈၉

၃။ နွေရာသီ အအိုက်ဘွဲ့တေးထပ်

လွှာရထည် ကြာချည်မပါလို့။ ရာသီကဂိမ္ဘာန်။ ဗာဟီရအိမ်ယံ ဝယ် အချိန်မှန်ပျို့ဟိုင်း။ လေရဟတ် ပတ်ခြံကာသည်။ မာတ်ဖန်ကာဘေးကရစ်ဝိုင်း။ ရေထဲ၌စိမ်ကာ။ ကြိမ်တရာရက်တိုင်း။ တိမ်ပြာတွေ တက်ဆိုင်း၍ ထွက်ကသိုဏ်းပေါ်သော်။ တကိုယ်ရေလေးမေပု။ ချွေးငွေ့ဥစီးလျက် ဖြော်ဖြော်။ ကြီးရတက် စက်မပျော်သည်။ အခက်တော်ဗျာဆင့်လို့။ တာသခင့်ဖယ်စမ်းမောင်ရာ။ မယ်ယမ်းယောင်ကာ။ အအိုက်ကြောင့် မရှိုက်သာပြီ။ မတိုက်လာလေမင်းကလေး။ (ချစ်သူမောင့်ခတ်လာလျှင်။ ယပ်တရာသာဘူးထင့်လေး)

"ချစ်စရာ" ဖျဉ်းမနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ၃၊ အမှတ် ၃၅ (ဇူလိုင် ၁၉၂၃ ) စာ ၅၂

၄။ တောတောင်ဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်

ဝင်းဖန့်စိုရောင် ညိုမှောင်ကွက်။ ဟိုတောင်တဘက်တောဝဆီ။ ရှိမြောင်အထက်ပေါ်စွစီတယ်။ လျှောကျညီညီ စိမ့်ရေစမ်း။ အိုင်နန်းမော်ကွေ့ တွေထူးစုံမှာ။ လေရူးသုန်သုန် ရိုက်သွင်းဆော်ချက်ဆန်း။ ပြောင်းအိ



စိမ်းလဲ့ တိမ်းငဲ့ပြန်သည်။ ယိမ်းနွဲ့သဏ္ဍာန်အံ့မခန်း နေရီ ဝေချို လေပြည်ဖြန်းတော့။ သေပစီစမ်း လွမ်းမိသည်။ ပန်းလွှာခြမ်းမြွှာ လွမ်းကာဖြန့်ထင့်။ ဂန္ဓာရနံ့ပျံ့သင်းကြိုင်ခဲ့ပြီ။ မကြံ့ဘူးတဲ့ ရဂုံဦးဆီမှာ။ ငုံဖူးစီစီညီညာပွင့်လို့။ နီလာပလ္လင့် အသင့်ပုံတူဆောင်။ အမြင့်စုံငှူချောင်။ ဘော်ကျွာစေမှီ အဆွေးနှောင်သည်။ မအေးအောင်ပင် အို ပြုချေပေါ့လေး။ ဝလာထဲက မည်း၍မှောင်သော်။ စိုရွဲအောင်ပင်။ ငိုမိပေါ့တော့လေး။

"သတိုးပိယ" ဖျဉ်းမနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ၃၊ အမှတ် ၃၆ (ဩဂုတ် ၁၉၂၃) စာ ၄၅

၅။ မယ်ဘွဲ့ရတုပိုဒ်စုံ

၁။ ဖြောင်းဖြေသာချို၊ ချစ်တင်းဆို၏။ မယ့်ကိုရည်မှန်း မေတ္တာပန်းသည်။ ညွန့်လန်းကိုက်ရုံ။ ဖူးတံငုံမှ။ ကြူဘုံတဆင့်။ ပွင့်ကြီးပွင့်သို့ နေရင့်ရက်ရော်။ ရှိခဲ့သော်လည်း။ မတော် တော်ကြောင်း။ စိတ်ဝယ်ချောင်းသည်။ ချိန်ဆောင်းငွေ့ငွေ့လှူခဲ့ပြီ။

၂။ ဆောင်းလပြာသို။ ငွေနှင်းစိုခဲ့။ လိုလိုခိုက်မေး။ ရှိရသေးတွင်။ လေအေးကူပင့်၊ ဆောင်သနှင့်ကြောင့်၊ ပျို့ခင့်သက်နှောင်။ ယောက်တည်းမောင်မှာ။ ယောင်ယောင်ယမ်းယမ်း။ သည်အချမ်းကြောင့်၊ ဘွယ်လွမ်းညာပွေ့။ ရထည်ပွေ့ကို လွှေ့လွှေ့သိုင်းခြုံ။ မီးဖိုလှုံလည်း။ အတုန်မပြေ။ သို့ဖြစ်တွေကြောင့်။ နီးဝေရကြောင်း။ ဆုယူတောင်းသည်။ ချိန်ကောင်းရွှေ့ရွှေ့ကုန်ခဲ့ပြီ။

၃။ ပေါင်းရပါလို့။ မြွက်နှုတ်ချိုလျှင်။ ညကိုရေချမ်း။ နံနက်ဆွမ်းဖြင့်၊ စိတ်ဝမ်းရွှင်ရွှင်။ နေ့တိုင်းတင်လျက်။ ဗေဒင်ကို၏။ နတ်ကိုသသော် နှမနှင့်မောင်။ ရှေးယခေါင်က။ မြားမြောင်ကံကြွေး။ ရှင်သူဌေးဟု နီးဝေး

နံ့ကျော်၊ ရှင်ကတော်နှင့် လျှံဖော်လှူဖက်။ ပစ္စည်းဆက်၍။ ရေစက်တူ လောင်း။ ဖြုတ်ဘိတောင်းသည်။ သိမ်ကျောင်းကြွေ့ကြွေ့စုံခဲ့ပြီ။

"သတိုးပိယ" ပျဉ်းမနား

(အထက်ပါရတုတွင် အသတ်မစပ် မညီလှသော်လည်း။ တော်သင့်သဖြင့် ထည့်သွင်းဖော်ပြ လိုက်ပါကြောင်း။)

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၃၈ (အောက်တိုဘာ ၁၉၂၃) စာ၉၃

## ၆။ အမျှော်စိုက် မောင်ဘွဲ့ဘောလယ်

၁။ ရေမီးပွင့်စုံ။ ကိုးဂုဏ်ပိုင်မူးပါတဲ့။ မြတ်စိန္တေဦးကိုလ။ ထူးကော် ရော်။ ဘုန်းရောင့်တဗော်။ သမ္ဘာတော်လင်းတယ်လေး။ သင့်ပျံ့လို့ကျော်။

၂။ ညောင်ရေလောင်းပါလို့။ တောင်းဆိုမျှော်။ ကိုယ်ထီးငယ် နှော်ဟာမို့။ ပျော်နိုင်ဘူး။ မေတ္တာတော်ထူးသူကြောင့်၊ ရှူးရလိမ့်ရှင်။ ကျွန်မ ထိပ်တင်။ သခင့်ကြောင့်ဆွေးတယ်လေး။ ပြေးလာလို့မြင်။

၃။ ခါ၀သန်ပြောင်းပါလို့။ တယောက်တဲ့ဝင်။ သူများနှယ်နေ ချင်ရဲ့။ကိုယ့်ရင်ခွင်ထဲ။ ပျို့ခင်ခင်ဆွဲပါတဲ့ ပန်းဇင်ခွေ။ ကျွန်မသက်ဝေ။ ရက်ရှေ့နှောင့်တယ်လေး။ ဘုန်းဘာကြောင့်နေ။

၄။ မလာအားတာဖြင့်။ စာပါးပါလို့လူစေ။ အချစ်မတူပေလို့။ မတူ လေဘော့။ သစ္စာငွေ့ကိုဖြင့်၊ မေ့ပေါ့ထင်။ အသစ်မြင် ချစ်ပင်ဆက်တယ် လေး။ စိုးသူ့တွက်ပင်။

၅။မောင့်နေရာဆိုက်အောင်ရှင့်၊ လိုက်မယ်လို့ပြင် အမိုက်ကို မောင် မခင်လို့။ ရှောင်ချင်တာလား။ ပြုတော်မူအားပေရဲ့ စောင့်စားရက်ကုန်။ မဆင်မခြင်။ သခင်လိမ်တာများကိုလေး။ မှားပေါ့အယုံ။



သဖြန်။ ။ အောက်မေ့တဲ့ဖြစ်ပုံ။ ချစ်ဟုံကလွန်ကဲ။ယုံလောက် အောင်ယူပါလို့။ လူမလာ စာမသတယ်။ (သခင်ရယ်) လွမ်းရင့်ပွဲ။

"သတိုးပိယ" ပျဉ်းမနားမြို့။

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၄၀ (ဒီဇင်ဘာ ၁၉၂၃) စာ ၃၅

## ၇။ မှော်ရုံမြိုင် ဘွဲ့တေးထပ်

မှော်ရုံမြိုင်ခင်းသာစွ။ မင်းရာမသိတာ။ လက္ခဏာညီရတနာငယ်။ ကြည့်အသာပျော်ခင်း။သိယံ့စုံညာဏ်နီပွေသည်။ ဂမ္ဘီမေတောနက်မြိုင် တွင်း။ မိဂသို့သွန်သဏ္ဌာန်။ လျှင်အမြန်ချက်ချင်း။ မြင်ပြန်သော် ရမ္မက်ပြင်း စေဖို့။ တက်အဆင်းဝနာ။ ရွှေသမင်ကိုယ်ကိုမျှောက်။ ဘို တို တောက် ဟစ်၍ ကြူခါ။ ခင်သီတာ့ပူဆာသည်။ မူအရာပွေရေးကြောင့်။ ရွှေလေး တဲ့ကိုင်ကာပင်။ လိုက်ရလျှင်လျှင်၊ မှော်ရုံရိပ်ဝနေခွင်မှာ။ ရွှေသမင်ကွယ် ပျောက်လို့လေ။

"သတိုးပိယ" ပျဉ်မနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၄၀ (ဒီဇင်ဘာ ၁၉၂၃) စာ ၃၇

### ၁၉၂၄–ခုနှစ်

## ၈။ အလောင်းမင်းတရားကြီး ဘုန်းတော်ဘွဲ့တေးထပ်

ကမ္ဘာကိုဆုံးအောင်ဖွင့်မည်ဟု။ ဘုန်းရောင်နှင့်ကြွေကြော။ ကုန်း ဘောင်မင့်ဇကရာငယ်။ ရွှေသမ္ဘာမောက်ဖြိုး။ မွန်တလိုင်းရန်ဖယ်ဖြိုသည်။ မာန်စွယ်ကို (ဘုန်း)ဖြင့်ရိုက်ချိုး။ အာယုဒ္ဓ ရခိုင်မကျန်။ နိုင်ငံတော်တရိုး။ ပိုင်စံသော်တန်ခိုးနဲ့။ စိုးခဲ့တဲ့ဘုန်းမော်။ အနွယ်တော်ဆယ့်တဆက်။ ပြယ် မပျက်ကြီးတဲ့တဗော်။ ဩော် တွေးလိုက်တိုင်း အဆွေးပေါ်သည်။ အရေး

တော်သီသီ ညိုရှာလို့။ သည်မြို့နှင့် သည်နိုင်ငံ စွန့်ကြရပြန်။ မပြတ်လွမ်းဖို့ တပ်ညွှန်းရန်ငယ်။ အို...နတ်ကွန်းစံဘုန်း ဖျားကြောင့်လေး။

သတိုးပိယ ပျဉ်းမနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၄၂(ဖေဖော်ဝါရီ ၁၉၂၄) စာ၁၁၇

၉။ ကုန်းဘောင်ဘွဲ့ ကဗျာလေးချိုးကြီး

မြန်ထီးတဆောင် ဘုန်းရောင်နေလိုပပေတဲ့။ ရန်ကြီးအောင် ကုန်းဘောင်ရွှေဘို အစမှာတော့။ နှုံးဆောင်ရဝေ ထိုထိုတမရတွေနဲ့ များလှစီပင်စွာ။ ထုံးတဘောင်အချေကို ပြရမှာဖြင့်။ ငါးဝမည်သညာ။ မြန်မာတို့ တိုင်းကိုလ။ မဆိုင်းပေါင် မညှာမတာတဲ့။ တလိုင်းရာဇာ ထားပြ သို့ ကြမ်းသူက။ အဝနန်းကိုဖြင့်။ အခမ္မရမ်းပြီး။ အရဘမ်းတော် မပဟု။ ဒလပန်းကို စေကာချိုလို့မို့။ နွေရာသီ လတပေါင်းတွင်မှ။ ရေကြောင်း ဆန်ကာလာတော့။ မြန်မာမှာ ဇာတာညှိုးချိန်မို့ "ပခိုး"ကိုမနိုင်လို့ ရှုံးသော်လည်း။ ဘုန်းဆက်တေဇာ မကုန်၍။ နေအရုဏ် အသင့်နှင့် ဝြား လေတဲ့။ ရွှေကြောင့် စွင့်စွင့်ငွားသကဲ့သို့"သောကြာ"သားအထူး တဘောင် တွေနှင့်။ ဦးအောင်ဇေ ရွှေဘိုကထွက်ရင်ဘဲ။ ပျက်ပျက် ပြယ်ပြယ်နဲ့။ လက်နက်ရှယ်လို့မှ မသွေးရခင်က။ အဝကတလိုင်းတွေမှာ ခဏမှ မဆိုင်း မနေသာ ပြေးကြလို့။ အရေးတော် ချမ်းငြိမ်းရလေတော့။ နန်းသိင်္ဂအမည် သာပါသကိုနော်ကွယ်။ လှမ်းအရှိန်ကြွပုံဖြင့်။ မှန်းချိန်လို့ ဆလိုက် ပေတော့။ စမ်းဣန္ဒြယ်သို့ ဤအခါ။ အုပ်စိုးသကို မင်းတဆူ သမတပေ ပေါ့။ မုဆိုးဗိုလ်သတင်းကြူ မြလေသည့်၊ ရင်းမူလအမည်သာ။ ဒီပါလုံး အောင်ခန်း။ ဆင်းသက်ပြန်။ မင်းဆက်ကယ် အတန်တန်နှင့်။ အလျှံ တေဇာမြင့်စဉ်က အပြေပြေကမ္ဘာ မှာရွှေသမ္ဘာဝင်ခဲ့တယ်။ ဘုရင် ဘုရင့်။ သခင် သခင့်တို့ကျွန်ဟာမို့။ ပတ်ဝန်းရေညို ရွှေဘိုအောင်ချက်ကိုဖြင့်



လွမ်းလိုက်ပါရဲ့။ ညွှန်းချက်မဆုံး အောင် ဘုန်းရောင်တေဇာ လွှမ်းခဲ့ပေတဲ့။ (အို ဆရာသြရဲ့)။ ကျွန်းကနက်လုံး သျှောင်ကုန်းဘောင်ဇေယျာနန်း။

သတိုးပိယ ပျဉ်းမနား

ဒဂုံမဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၄၂(ဖေဖော်ဝါရီ ၁၉၄၂) စာ ၁၁၇

၁၀။ မယ်ဘွဲ့တေးထပ်

ကြည်ဆယ်ကာ မက်လုံးထေ့။ ဖက်အုံးဖေ့သူဆို။ မျက်လုံးကလေ့ မြူချိုသည်။ အမူပိုနိုင်အား။ မြင်ရတဲ့တဖက်လူမှာ အသက်ရှူလွဲလို့ အိုမှား။ ဒေဝစ္ဆပမာပုံ။ တအာရုံမယ်ဘွား။ ကာမဂုဏ်နယ်သားမို့။ အကယ်များ စိတ်ထင်။ သာတကြည် ကိုကိုမွေ့တော့ကမှ။ အို ဆို၍ ပြုံးတဲ့ခင်ခင်။ ဘိုကရို ရှန်းမဲ့ပြင်သော်။ ရှုံးခဲ့လျှင် စိတ်ဆိုးနဲ့။ ကြိတ်ပိုးဟဲ့ ဆိုချင်ဆို။ ခဲလိမ့် ဇက်ကို။ သူများထက် မေတ္တာပိုတယ်။ ချစ်တာကို စိတ်ဆိုးနှင့်လေး။

"သတိုးပိယ" ပျဉ်းမနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၄၅ (မေ ၁၉၂၀) စာ ၉၇

၁၁။ အမူနှင့်အချော့ဘွဲ့ နှစ်ပါးသွားတေးထပ်

မိန်းမ။ ။ဘိုကရို လှမ်းရလို့။ ပန်းလှပေါ့မောင်။ စမ်းကျတဲ့ ရေယာဉ်မှာ။ ဖေသခင်ပိုက်အုံး။

ယောကျ်ား။ ။မဲ့တဲ့တဲ့ တကဲ့ငိုတယ်။ အနွဲ့ကဲသည့်ခင်ဖုံး။

မိန်းမ။ ။မောင်ချော့၍ မချိုပါလျှင်။ ဤဝနာမြေကုံး။ မမှီပါ မေနုံးလျက်။ ခြေသလုံးနာပြီ

ယောကျ်ား။ ။မလိုက်သော် ထားခင်ပျို။ ကျားဆင့်တို့ကိုက်လိမ့် စီစီ။

မိန်းမ။ ။အားအင်ချို့သိကရိမှာ။ ပီတပီ အပျို့ဆရစ်ကိုဖြင့်။ ကိုယ်မချစ်သည် မြေငူ။ ထိုးစေ့ဆင်ဖြူ။

ယောကျ်ား။ ။ကြည်စားလို့ စရိုက်နော်မတူလျှင်။ လိုက်တော်မူ မောင်ထမ်းမကွဲ့လေး။

သတိုးပိယ ပျဉ်းမနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၄၅ (မေ ၁၉၂၄) စာ ၉၈

## ၁၂။ ရောဝတီဘွဲ့ ကဗျာလေးချိုးကြိုး

ရေပြာကြည်ကြည်ဖြစ်ရှာသနဲ့ ဆန်းလေသည့်။ ရောဝတီမြစ်သာတဲ့ စခန်းဆီသို့။ နေဝါခြည်ရစ်ခါသန်းပြန်တော့။ ချစ်သံဟာတို့ကို လွမ်းပါဘိ။ မြို့မန်းမြေ။ သြော်...တထောက်သွားလိုက်ပြန်တော့။ ဘလောက်ကမ။ မခြားပေဘု။ အစောက်ကမ္ဘားတွေမဖြင့်နှော။ ကျောက်ကြားငယ်ရှိမြောင်ပွေလို့။ ညိုမှောင်ဝေကမ်းခြေအထက်ဆီက။ စမ်းရေစက်ကလေးတွေ တကြည်ကြည်သွန်လျက်သာပ။ နဒီမွန်သောင်အဆယ့်တွင်မှ။ တံငါတွေ ဖောင်ကိုဖွဲ့တဲ့ပြင်။ မောင်နဲ့မယ်မပြစ်တန်းရယ်လို့။ အတောင်လှည့်ကာ အချစ်စမ်းရှာသည့်။ ရစ်ဝှန်းနှော် ရွှေဝံလိုတို့မှာဖြင့်။ ရေစွန်ခိုကာ ပျော်စရာကြွေးပါလို့။ တချို့ကတော့လဲ အော်ကာပြေးလေတော့။ သြော် တခါမဇလေဘု။ မျှော်ကာတွေးတွေးပြီး။ ဘော်ကွာဝေး၊ ကွာဝေးဆိုတဲ့ သီချင်းကြီးတလို့မို့။ အတွင်းမီးထကာ မျက်တောင်စိုမိပါသကွဲ့။ ငှက်တတွေတို့ရယ်ကြောင့် မောသမို့ပူပင်သလေ၊ သြော်... ရတက်တွေကဆို လှချည့်။ ခက်စေဘို့ထင်ပေထင့်။ တောမြင့်စူခွင်ဝနေ။ ညိုးလျှက် တဖွေ့ လွမ်းတုန်နှင့် ဆွေးလှချည်ရဲ့။ မိုဃ်းသက်လေ ဖျန်းခြံလို့သွေးပြန်တော့။ ချမ်းတုံဇပေါ်ဘိ တကိုယ်ရေ။ အိုဖြေ့နိုင်ဘုသည်မီး။ တွေးစိတ်ကယ်ကြံ။ ရှေးတိတ်ရယ်ပြန်လှန်လို့။ လန်ဒန်ကို သန်တမန်သွားစဉ်က။



လယ်ကိုင်းဝန်မတ်ဘုရားရယ်တို့။ ရေးသားပုံကဗျာပေါင်းငယ်နှင့်။ တပြည်လုံးအသုံးတူးသမို့။ နှလုံးမြူးကြတဲ့ (ဝါ) တပြုံးပြုံးကလေးနဲ့ မြူးကြမဲ့။ ဟုမ္မရှူးဆိုတယ်ကို သုံးဦးကိုယ်စားလည်းတောင်းသည့်ပြင်။ အလောင်းတော်ဇနက်မင်းတွင်ဖြင့်။ တွင်းသင်းဝန်ဦးညိုရေးပုံတို့။ တွေးတောကာ တခါဖြေလို့။ အညာမြေတွင်ကြည်သမျှဇာတွေနှင့်။ ဘဂဝါပရမေရှင်သီဟတောကိုလ (ဝါ) အမော်ပယောဂဟူသည်တွင်။ အတော်အလေးမူလို့မို့။ အရေးယူရတဲ့ ကျော်လေးဆူတမည်ဝင်သည့်။ နဒီရှင်သီဟတောကိုလ။ တင်သြကာအကြိမ်ကြိမ်ချွေတော့။ အစိန္တေ ဤသည့်စွမ်းတွေကြောင့်။ မနိုမြွေမှာ ပီတိဖြန်းဖြန်းပြီး။ ဆီထိဂွမ်းနှယ် ပမာသဘွယ်နှင့်။ သဒ္ဒါလွှယ်သူမှာ အစစထမ်းစေဘို့။ (သြော်) ခဏခဏလွမ်းလိုက်တဲ့ သံဝေတင်လေတဲ့နည်းတွေနဲ့။ (ခင်ကြည်ရယ်) ဆရာ့မှန်းမှန်းပြီး။ တဘဝနှစ်ဘဝ တန်းဟာမို့။ အမျှပန်းဝေလိုက်ပါသကွဲ့။ ပန်စေဆင်စေသတည်း။

သတိုးပိယ ပျဉ်းမနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၄၇ (ဇူလိုင် ၁၉၂၄) စာ ၉၈

## ၁၃။ သံဝေဂ တေးထပ်

သချွေမှာ ပျိုခြင်းစသော်လဲ။ ယိုယွင်းရနောက်ခါ။ အိုမင်းစွ နှောက်လာသည်။ ကြောက်စရာပေတည်း။ "ပူရိ" ဟုအစဖြာလျှင်။ မသဒ္ဒါတွဲရသည်ချည်း။ ဣသိင်္ဂစျာန်ပိုင်တောင်။ မခံနိုင်အပြီး။ ကံနှစ်ဆိုင် ဖန်ပြိုင်နီးတော့။ သံတိုင်ကြီးပျက်ပြို။ဘယ်လိုပင်ရှောင်လို့ ပုန်းသော်လဲ့။ အမှောင်ဆုံ "ကိ" ရပါတော့သကို။ ရုန်းစမ်းတော့ဆရာအိုရယ်။ ဇရာဆိုနယ်ဆိုက်တော့ ငယ်စရိုက်ရှုပါရုံ။ ရွှေရွှေပျက်သုန်။ တငွေ့ငွေ့အသက်ကုန်သည်။ ဇရက်ခုန် ခြေကျိုးသို့လေး။

သတိုးပိယ ပျဉ်းမနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၅၀ (အောက်တိုဘာ ၁၉၂၄) စာ ၁၀၃။

## ၁၉၂၅ ခုနှစ်

### ၁၄။ ရှင်သန်းမေအား ထိကပါး၊ ရိကပါးရေးသားကြသော ဦးမောင်မောင်ကြီးနှင့် ဗိုလ်ကျော်စွာသို့ သတိပေးလေးချိုးကြီး။

ဂုဏ်ဒြပ်ကျော်စရာ အတိဗျူဟာကြဲသလိုပ။ ထုံချပ်ထုံချပ်နှင့် ဗုံပတ်ဆော်ကာ ဒဂုဏ်ဇာတ်တော်မှာ ကဝိသူငါနွဲ့ရှာကြ။ ရဝိပြူလာ ဆဲတွင်ဖြင့် ယှဉ်တွဲစန္ဒာနှယ်။ (အိုကွယ်) သိသူမသိသူတို့ မဏိဂူဟာထဲ ဆီက တရှိအတူကဗျာစွဲပါလို့ ဆင်ကွဲကြုံရှာတယ်။ ။ (ဩဘ်) ဇင်ခွေပန်းရယ်လို့။ ယဉ်ပလေထင်ခြေနှင့်မှန်းရတော့။ ရှင်သန်းမေဆို တာကညာအမည်ခံသို့။ "ကလာကမိဉာဏ် ပျော်စရာရယ်လို့များ မြူးရော့သလား။ တော်အမယာကို ပော်သဓာပလူးသည့်နှယ်။ ကျော်စွာဆိုသူမှာ လော့်ကာ လော့်ကာပူးပါလို့။ အထူးစာဆိုကြာခိုတဲ့ နည်းတွေနဲ့။ "တဏှာရာ"လို့ကညာပျိုသမီးကိုတော့။ နူးမယောင်ယောင် ဦးမောင်မောင်ကြီး ငွဲ့ပြင်။ မြူးကြောင်ကြောင် ဘီလူးနှစ်ကောင်စီးသလိုပ (သူတော်ရယ်) နီးရအောင်ဆွယ်။ ။ ညုတုတုပလီပလာ ကြိုးကာ ကြိုးခဲပါလို့။ ပုတုတုကလေးနှင့်ကြည်စရာ တိုးလာလျှိုးလာနွဲ့ရှာကြ။ အပိုးဝါသနာစွဲလေတဲ့ ကျုပ်တို့ဆရာနှစ်သွယ်ငယ်။ မဟုတ်သမို့အဆာ မကျယ်ချင်ပါနဲ့ မဖွယ်စာသွား။ ဆုတ်လို့သာဖယ်ကြပါတော့ ရယ်စရာအများ။ ။

ရှင်သန်းမေကို။ ထင်မှန်းစရာ အထွေထွေပ။ သက်န်းမှာ တခဝေဝေနှင့်။ ရဟန်းပေဖြစ်ရှာသလားလေတည့်။ ယောက်ျားတွင်အရွယ် မျိုငွဲ့ပြင်။ အမယ်အို ဆိုလျှင်ခက်ပေလိမ့်။ အသက်မှာ တစ်ရာကျော်နှင့်။အကွက်ဟာ ခဝါလျှော်လို့။ ဘာကတော်၊ ညာကတော်၊ စာပျော်တဲ့ပွဲတွင်မှ။ ကျုပ်တို့ရဲ့ ဆရာအိုတွေမှာ ကြာအခိုလွဲမှုဖြင့်။ ငရဲမှာ ကမ္ဘာကျွမ်းပါလိမ့်။ လမ်းမဟုတ် စခန်းမဟုတ်၊ အရမ်းလုပ်ကြတဲ့ "ကြာ"သမျှ၊ ခရာသမျှ၊ အကြင်



ဝါသနာ၊ သမားတို့ရဲ့။ (ဦးမောင်မောင်ကြီးနဲ့ ဗိုလ်ကျော်စွာရယ်) သမ္မာယုတ်ဉာဏ ထာဝရယှဉ်ကာထား။

ပျဉ်းမနား သတိုးပီယ

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၅၃ (ဇန်နဝါရီ ၁၉၂၅) စာ ၁၃၅။

### ၁၅။ တခိုင်လုံးစိန်ဇာတ်ကားအတွက်စိန်ဘွဲ့တေးထပ်။

စိန်တွေမှာ စိန်တွေစု။ စိန်ရွှေတုစိန်ဘောင်။ စိန်မေရှ စိန်တောင်မှာ။ စိန်အရောင်ယှက်သန်း။ ။ (စ) ဣကပ် (န) သတ်ခြယ်။ (လ) နတ်နှယ်လင်းမည့်စာတမ်း။ ။ စိန်ပေါင်းချုပ်စိန်ဝဇီ။ စိန်ပြိုးပြိုးရှိန်လွှမ်း။ ။ စိန်ရတီစိန်ပန်းနှင့်။ စိန်မကာရ်းကွက်ဆိုင်။ စိန်ဆိုလျှင် စိန်ဗိုလ်ချုပ်၊ စိန်ညိုပုပ်ဟုတ်ဘူးပိုင်ပိုင်။ ။ စိန်ဆန်းတဲ့စိန်နန်းမြိုင်မှာ။ စိန်ပန်း ခိုင်စိန်ဆင့်လို့။ စိန်အပွင့် စိန်ဝဇီ။ ထူးသည့်အရည်။ စိန်အစစ် စိန်ရတီငယ်။ စိန်ပြိုးပြိုး လင်းချိန်မို့လေ။

သတိုးပီယ ပျဉ်းမနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၅၅ (မတ် ၁၉၂၅) စာ ၁၄၅။

### ၁၆။ မြန်မာစာညွှန့်ပေါင်းကျမ်းငို့ကာ ဘွဲ့တေးထပ်။

အလင်္ကာဟောင်းတကာ့။ ကောင်းသမျှစာပေ။ သောင်းမကရှာဖွေသည်။ သဒ္ဒါရေမောက်လျှမ်း။စိုးရမင်းမိန့်တော်သံကို။ သိမ့်ကျော်ညံ ဦးထိပ်ရွက်ပန်း။ စာညွှန့်စုကဝိစုံ၊ မဏိရုံတိုက်ခန်း။ ညှိအကုန်၊ မိုက်မသန်းအောင်လို့။ ရိုက်စတမ်းဤစာ။ မြန်မာစာအညွှန့်လုံးကိုလ။ အကွန့်ဆုံးဖွင့်သည့်ငို့ကာ။ ။ ဒေါင်းရဝေ့သောင်းမြေညာတွင်။ ကောင်းပေ့ဗျာဆိုမိတော့။ ပိုမရှိသည်စာစောင်။ ထွန်းသစ်လျှံပြောင်း။ ။ "ညွှန့်ပေါင်းမြတ်ငို့ကာ" ရောင်ငယ်။ ဒီပါဘောင်လင်းပါဘီလေး။

ပျဉ်းမနားကနင်းပြား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၅၅ (မတ် ၁၉၂၅) စာ ၁၄၉။

**၁၇။ ဇေယျသတင်းစာတွဲ ရှစ်ဆယ်ပေါ် တေးထပ်။**

ကြုံခေါင်ကြုံပေ။ ဘုံဗွေမြန်မာ့၌။ အစုံကဝေပညာဏ်စက်ပြော
"ဒဂုန်ဇေယျ" ကြုံရှက်ဆောင်တယ်။ ပြတန်ချက်ရောင်ကာဖြန့်မိုး
နတ်ပန်းကိုက်ညွှန်ခိုင်မဥ္စူလို။ ကြိုင်ရည်ကြူကြူ။ ထုံသင်းကယ်လျှ
ဖြိုး။ ။မဏိဇောတပြည်တန်ရတနာ။ ခြည်လျှံပမာရောင်အခိုး။ ရည်သ
သဒ္ဒါနှောင်အကျိုးပေဟု။ တစောင်တမျိုးဆန်းကွန့်တွင်။ ။လောကု
လောကီတရားနှစ်သွယ် အစုများနှင့်။ များကျယ်ဗဟုသုတပည်းသိဖြ
စေတက၊ ကေဝလ၊ ဇေယျသဘင်သည်။ ရဝေမြန်မာ့ပလ္လင်အောင်စည
ဆွဲလို့။ အောင်မည်မလွဲ။ အောင်မြဲသိမ့်သိမ့်ညံ။ အောင်ပွဲခြိမ့်ခြိမ့်
ဇေယျတုနှင့်ခရုလျှံသော်။ အထုဘယ်ကွယ်ပမည်ဟုတွေး။ ။ဇလုပမ်ရွှ
ဆပြည်မှုဇ။ ။သုတိဩဘာဇသနအလိုမှာ။ ဖွေဆထိုထိုတဆော
ကောင်းထုတ်ပြရေး။ ဆိုဇေယျဆိုလျှင် အောင်ကြောင်းမုချလေး။

မောင်ချစ်စရာ၊ ပျဉ်းမနား

ဇေယျသတင်းစာ၊ အတွဲ ၁၊ အမှတ် ၁ (ဧပြီ၁၀၊ ၁၉၂၅) စာ

၁၈။ ဦးရွှေရိုး

အခန်း ၁

မောင်လှိုင်နှင့် မောင်မြိုင်မှာ။ ဝတ်ပုံ၊ စားပုံ၊ အလုံးစုံလိုလိုတူ၍
လူချင်းမှာလည်း လွန်စွာဆင်သဖြင့်။ အတော်အတန်မြင်ဖူးကာမျှဖြ
မည်သူမည်ဝါ ကွဲပြားစွာ မမှတ်မိနိုင်ချေ။

သို့ရာတွင်။ အလေ့အကျင့်ချင်းမှာမူကား။ ခြားနားလှ၏။ မောင်လှိ
မှာ ရိုးလည်းရိုး။ စကားလည်းနည်းလှ၏။ မောင်မြိုင်မှာမူကား နာမည်နှ
လိုက်အောင်။ မြိုင်မြိုင်ဆိုင်ဆိုင်စကားကြွယ်၍။ အတော်အတန်လည်
လည်ပတ်၏။ ။လူပျိုလှည့်ခြင်းကိစ္စတွင်လည်း။ ကာလသားတိုင်း၏



နိသျှည်းနည်းပေး ဆရာကြီးဖြစ်သည့်အလျောက် ၂ လအတွင်းတွင်။ အိမ်ထောင်သုံးဆက်ပြောင်းခဲ့ရာ။ ယခုလက်ရှိပေါင်းသင်းနေသူ မကျော့မှာ။ တတိယမြောက်ရသောမယားဖြစ်၏။

၎င်းတို့သည်။ ဘာသာဘာဝအလျောက်။ နွေပေါက်၍ အလုပ်အားသည့်အခါ။ ရွာလယ်၌ရှိသော ဇရပ်ကြီးတွင်စုရုံး၍။ စောင်းတီး၊ ပလွေမှုတ်၊ သီချင်းဆိုစသည်ဖြင့် ပျော်ပါးလေ့ရှိ၏။ ထိုအခါကာလသားတို့သည်။ မောင်လှိုင်အား။ "ကိုလှိုင်ကြီးတစ်ယောက်ဖြင့်။ လူပျိုကြီး သင်းချိုင်းအားပိုင်းချရတော့မယ်ထင်ပါရဲ့" "ရဟန်းများဝတ်မယ်ကြံစည်သလား" စသဖြင့် တစ်ယောက်တစ်ခွန်း ကစားလေ့ရှိကြ၏။

တစ်ခါတရံကစားလုမက ကစားကြသောအခါ "ငါကြိုက်တဲ့ကောင် မလေးနဲ့ စပ်ပေးလျှင်ယူမှာပေါ့" စသဖြင့်။ ပြန်ပြောလေ့ရှိ၏။

မောင်မြိုင်။ ။ကိုလှိုင်အနောက်ရွာက ဒေါ်မွေးရဲ့သမီး မလေးကြီးကို ယူပါလား။ ပိုက်ဆံလဲပေါတယ်။ ချောလဲချောတယ်။

မောင်လှိုင်။ ။ မင်းတို့သဘောတူလျှင် ခေါ်ခဲ့ပါလား။

မောင်မြိုင်။ ။အလိုလေးလေး ...ဟင်းရွက်ကန်စွန်း မှတ်လို့လား ဆရာကြီးရဲ့။ ဥစ္စာရင်လိုဥစ္စရင်ခဲမှပေါ့။ တယ်အတာကိုးဗျ။

ထိုအခါ မောင်လှိုင်သည် စကားတုံ့မပြန်ဘဲ။ လူစုထဲမှခွဲ၍ ထွက်သွားလေ၏။

အခန်း ၂

နောက်များမကြာမီ။ မြွေရိုးကြီးရွာ ဒေါ်မွေး၏အိမ်တွင် ဒေါ်မွေး၏သမီး။ မလေးကြီးကိုမေတ္တာရှိကြောင်း။ အကယ်၍ပေးစားခဲ့ပါလျှင် မိမိတွင်ရှိသော။ လယ်ငါးဧကနှင့်။ နွားသုံးရှဉ်းကို ခန်းဝင်အဖြစ်ဖြင့်။ တင်မည်ဖြစ်ကြောင်း ပြောဆိုလာလေ၏။

မလေးကြီးမှာ ထမင်းချက်ရင်းကြားရသဖြင့်၊ မည်သူမည်ဝါပေနည်းဟု၊ ချောင်းမြောင်းကြည့်ရှုရာ၊ မြင်လျှင်မြင်ခြင်း၊ မေတ္တာသက်ဝင်မိလေ၏။

ဒေါ်မွှေးက ၎င်း၏အနွယ်ဇာစ်မြစ်ကိုမေးရာ၊ မိမိမှာ သပြေပင်ရွာဦးဆို၊ ဒေါ်ထိုက်၏သား မောင်လှိုင်ဖြစ်ကြောင်း ပြောပြလေ၏။ ဒေါ်မွှေးသည် ထိုသူ၏ နှုတ်စလျှာစသွက်လက်မွန်ရေလည်သည် တကြောင်း၊ မိမိသမီးမှာ အချိန်အရွယ်ရောက်သဖြင့်၊ အိမ်ထောင်ဘက်သမက် ရွေးနေဆဲအခါဖြစ်သည် တကြောင်းကြောင့်၊ တစ်ကြိမ်တည်းနှင့်ပင် သဘောတူလိုက်လိုသော်လည်း၊ မိန်းမရင်ဖြစ်သဖြင့် "မောင်ရင်၏ မိဘအနွယ်ဇာစ်မြစ်ကို စုံစမ်းပါရစေဦး၊ မောင်ရင်လည်း မကြာမကြာ လာရောက်လည်ပတ်ပါ" စသည်ဖြင့် မှာကြားလိုက်လေ၏။

၃၊ ၄ခေါက်မျှ လာရောက်လည်ပတ်မိသောအခါ ထိုအကြောင်းကိုသိကြသော၊ မြွေရိုးကြီးရွာသူရွာသားတို့သည်၊ ဒေါ်မွှေးတို့ကုသိုလ်ထူးလှပေ၏၊ သမက်ဖမ်းရမည့်သူ၊ မောင်လှိုင်မှာ စကားသွက်၍၊ ရုပ် လက္ခဏာလည်း သင့်တင့်၏၊ ပစ္စည်းလည်းပြည့်စုံပုံရ၏၊ စသဖြင့် တစ်ဆင့်စကား၊ ပြောကြားကြရာ၊ သပြေပင်ရွာကပင်လျှင်၊ အတော်အတန်သိကြကုန်၏။ ထိုအခါမောင်မြိုင်တို့လူစုသည် "ဆရာကြီးကတကုပ်ကုပ်နေတာစွေ့မမှတ်နှင့် ဆိုတဲ့အထဲကပါကလား" စသဖြင့် မောင်လှိုင်အားတွေ့တိုင်းပင်၊ ပြောင်လှောင်ကြသော်လည်း၊ အဓိပ္ပာယ်ကိုနားမလည်သော မျက်နှာထားဖြင့်၊ ပြုံးစိစိကြီးလုပ်၍သာ နေလေ့ရှိ၏။

မောင်လှိုင်သည်၊ ဤအချိန်ကား၊ သခွား၊ ဖူး၊ ဖရုံစသည်တို့ သီးချိန်ဖြစ်သောကြောင့်၊ ယာခင်းအတွင်းရှိ တဲကလေးပေါ်တွင်၊ တစ်ယောက်တည်း အိပ်၍စောင့်ရသော အချိန်ဖြစ်၏။ ရုံဖန်ရံခါအားလပ်မှသာ ရွာထဲသို့ လာလေ့ရှိ၏။



နောက် ၁၅ ရက်မျှကြာသောအခါ၊ ဒေါ်မွှေးသည်အာရုံ ဆွမ်းချက်ရန်အတွက်၊ သမီးကိုနှိုးမည်ဟု၊ ခြင်ထောင်ကိုပင့်လိုက်ရာ၊ "ကျေးဇူးတော်ရှင် မိခင်ကြီးရှင့်၊ ကျွန်မ ကိုလှိုင်ခေါ်ရာသို့လိုက်ပါသွားပါပြီ၊ မကြာမီလာ၍ ကန်တော့ပါမည်၊ အပြစ်မှ ခွင့်လွှတ်တော်မူပါ။" ဟူသော စာကိုသာ တွေ့ရသဖြင့် ကျူကျူချ၍ငိုလေ၏။ သို့ရာတွင် အိမ်နားပါးချင်းသိမည်စိုး၍ တိုးတိုးသာငိုရှာလေ၏။ ဒေါ်မွှေး၏စိတ်တွင် မိမိသဘောတူပါလျက်၊ ဘယ်အတွက် ခိုးရာလိုက်ပါလိမ့်မည်လဲဟု မဝေခွဲနိုင်အောင်ရှိ၍နေလေ၏။

## အခန်း ၃

မလေးကြီးသည် ခိုးရာလိုက်ပါခဲ့ရသော်လည်း၊ ညအချိန်မဲ့လှ၍ တည်းခိုရန်ရောက်ရှိသော စခန်းတွင်၊ မောပန်းစွာအိပ်ပျော်သွားသဖြင့်၊ နံနက် ၅ နာရီလောက်မှ၊ မိမိ၏ဘေးတွင် ကွေးလျက်အိပ်ပျော်နေသူအား၊ တင်ပါးကိုပုတ်လိုက်ပြီးလျှင်၊ "ကိုလှိုင်၊ ကိုလှိုင်" ထထဟု နှိုးလေ၏။ ထိုအခါ အိပ်ပျော်နေသူသည်၊ တသမ်းသမ်းဝါးဝါးဖြင့် မျက်စိများကို ပွတ်လျက်၊ မလေးကြီးအားစိန်းစိန်းကြည့်ခါ၊ စကားမပြောဘဲ နေသဖြင့်၊ မလေးကြီးက "ရှင့်မှာ စိတ်ချလက်ချအိပ်လိုက်တာ၊ လမ်းသွားလမ်းလာတွေမြင်ရင်ရှက်စရာကြီး၊ တဲကလဲလုံတာမဟုတ်ဘူး၊ ရှင်တို့မိဘများအိမ်သွားရအောင်" ဟုပြောလေ၏။

မောင်လှိုင်သည် ထ၍ထိုင်လျက်၊ မလေးကြီးပြောသော စကားများကို တစ်လုံးတပါဒမျှ နားမလည်နိုင်ဘဲ၊ စိုက်ကာသာ ကြည့်နေလေ၏။ ထိုအခါ မလေးကြီး၏စိတ်တွင် "ကိုလှိုင်သည်၊ ငါ့အားဖျက်လိုဖျက်ဆီးကြောရရုံသဘောဖြင့် ခေါ်ငင်လာလေသလား၊ ဤကဲ့သို့လည်း မဖြစ်နိုင်ဘန်ရာ၊ အကယ်၍သဘောရိုးမဟုတ်လျှင်၊ ညဦးကပင်ဖောက်ဖောက်

ပြန်ပြန်ကျင့်ကြပေလိမ့်မည်။ အကယ်၍ငါယခုအခါ အိမ်သို့ပြန်မည်ဆိုပါက။ အပျိုဂုဏ်မချွတ်ယွင်းသေးသဖြင့်။ ပြန်နိုင်၏။ သို့ရာတွင် လိုက်ပြေးကြောင်းကို။ သိရှိသမျှသောလူတိုင်းပင်။ ယုံကြည်ကြမည် မဟုတ်ပေ" စသဖြင့် စဉ်းစားလျက်။ "ကိုလှိုင်ရှင် ကျွန်မကို ဘယ်လို သဘောနှင့် ခေါ်လာတာလဲ" ဟုမေးလေ၏။

မောင်လှိုင်သည်။ မိမိအိပ်မက်ပင်မက်၍နေသလော။ ဥစ္စာစောင့်သူရဲစသည်တို့ပင်လျှင်။ ချောက်လှေသလောစသည်ဖြင့်။ အနည်းငယ်ကြောက်ရွံ့၍ ထွက်ပြေးတော့မည်ဟု အားယူဆဲတွင်။ မလေးကြီးသည်။ ခါးပုံစဆွဲ၍ မောင်လှိုင်၏ ရင်ခွင်ကို ခေါင်းနှင့်ခွေ့ခါ။ တွတ်တီးတွတ်တာ။ ဘယ်ညာဘယ်သို့။ အဖြစ်အပျက်ဟောင်းကို။ ပြန်ပြောင်းပြော ဆိုလေ၏။

(၁) ချင်သီးနှင့်ဆား။ နဂါးနှင့်ဂဠုန်။ တွေ့ကြုံသည့်အခိုက်။ လွှတ်လိုက်တယ်မရှိ။

(၂) ဒီလောက်ကြီးလို့မှ။ အမြီးမပေါက်လျှင်။ ဘာမျောက်တုန်း။

(၃) မနှင့်ညှပ်တော့။ လှည်းစပ်ဘောင်ကွေးရသည် စသောစကားများကို။ မောင်လှိုင်သည်။ မလွန်ဆန်နိုင်ရကား။ သနားစိတ်ပေါက်သဖြင့်။ နောက်မှပင် လျှောက်လျှားဖြစ်စေတော့မည်ဟု အောက်မေ့လျက်။ ပွဲ့ထူပြီးလျှင်။ ခရီးသွားများမြင်မည်စိုးသောကြောင့်။ မိမိခြုံထားသည့် တင်းတိမ်ဖြင့်။ တဲပေါက်ကို ကာလိုက်လေ၏။

ထိုအခါ။ တဲနောက်ဖေးချုံထဲမှ "အောင်မယ်ရိုးပေတယ်။ ရိုးပေတယ် ဦးရွှေရိုးကြီးရယ်" ဟူသောအသံကို ကြားလိုက်ရသော်လည်း။ မည်သူမည်ဝါဖြစ်သည်ဟု ဂရုပြု၍ မကြည့်လိုက်နိုင်ပေ။

မလေးကြီးသည်။ မောင်လှိုင်နှင့်အတူနေ၍ ၁၀ ရက်မျှ ကြာရှိခဲ့သော်လည်း။ တစ်နေ့မျှမပျော်ရွှင်ချေ။ မောင်လှိုင်သည်။ မိမိအားလှည့်ပတ်



စဉ်က။ စကားသွက်လှ၏။ ယခုမှာမူကား။ လွန်စွာကိစ္စကြီးမှာသာ။ တစ်ခွန်းတလေပြောဖော်ရသဖြင့်။ မဝေခွဲနိုင်အောင်ဖြစ်၍ နေလေ၏။

မောင်လှိုင်သည်။ မလေးကြီးမိမိတဲသို့။ မည်သို့သောနည်းဖြင့် ရောက်လာသည်ကိုမသိဘဲလျက်ပင်။ အကြင်လင်မယားအဖြစ်ဖြင့်။ ချစ်ခင်ပေါင်းသင်းနေပြီးလျှင် အကယ်၍ တစ်စုံတစ်ယောက်သောသူသည် ဤအကြောင်းကိုရှင်းလင်းစွာ ပြောပြနိုင်ပါက။ လွန်စွာ ကျေးဇူးတင်မည်ဖြစ်၏။

ထိုအခိုက်အတန့်တွင်။ မောင်မြိုင်နှင့်တကွ။ သူငယ်ချင်းသုံးလေးယောက်တို့သည်။ ပလွေ၊ စောင်းစသည်တို့ကိုတီးမှုတ်လျက်။ မောင်လှိုင်၏တဲဘက်သို့ရောက်လာသဖြင့်။ မလေးကြီးမှာ။ မောင်မြိုင်ကိုငှင်း။ မောင်လှိုင်ကိုငှင်း။ ပြောင်းလဲကြည့်ရှုလျက်။ ရှေးကထက်ဝေခွဲရန်ခက်နေလေ၏။ မောင်လှိုင်သည်။ မိမိထံလာရောက်လှည့်ပတ်စဉ်က မိမိက လက်ဆောင်အဖြစ်ပေးလိုက်သောလွယ်အိတ်မှာ။ ယခုအခါ။ မောင်မြိုင်လွယ်၍လာသည်ကိုတွေ့ရလေ၏။

မောင်လှိုင်သည်။ မိန်းမ မရခင်အခါက။ မိန်းမယူရမည်ကို ဝေးလို့။ အကြောင်းစပ်ပြောလျှင်ပင်။ လွန်စွာရှက်တတ်သော်လည်း။ ယခုအခါ အတော်အသားကျသွားပြီဖြစ်ရကား။ ရှက်ကြောက်သော အမူအရာတစိုးတစိမျှ မရှိဘဲမောင်မြိုင်တို့လူစုကို လောကွတ်ပျူငှာခေါ်ငင်၍ နေရာထိုင်ခင်းပေးလေ၏။ ။ ဤကဲ့သို့မရှက်သော်လည်း။ မလေးကြီးနှင့် မည်ကဲ့သို့ရလာသည့်အကြောင်းကိုမေးခဲ့သော်အပြောခက်သဖြင့်။ လက်မှိုင်ချကာတွေဝေလျက်နေစဉ်။

မောင်မြိုင်သည်။ လက်ခုပ်လက်ဝါးတီးလျက်။ ဟက်ဟက်ပက်ပက်ရယ်မောကာ "ရိုးလဲရိုးတဲ့ ဆရာကြီးပါပဲ၊ ကဲကဲ ကျုပ်က ရှင်းပြရတာပေါ့"ဟု ပြောကာ။ အောက်ပါအတိုင်းရှင်းလင်းပြလေ၏။

ကိုလှိုင်သည်ရီးလှသဖြင့်။ ယခုဘဝတွင် မိန်းမရရန်ပင် လွန်စွာခဲယဉ်းလှပေ၏။ အကယ်၍ရပါကလည်း။ ဂုဏ်ကိုခွစီးမည့် မိန်းမနှင့်တွေ့နေပါက။ ကိုလှိုင်မှာ လွန်စွာပင်ပန်းရှာလိမ့်မည်။ သို့အတွက်။ စိတ်နေသဘောထား မြင့်မြတ်၍။ တည်ကြည်ဖြောင့်မတ်သော မိန်းမတစ်ယောက်ကို စနည်းနာ ရှာဖွေသောအခါ။ မလေးကြီးတစ်ယောက်ကိုသာ တွေ့ရသဖြင့်။ မိမိပင်သွားရောက်လှည့်ပတ်၍ ခေါ်ဆောင်လာခဲ့ရကြောင်း။ ထိုညတွင် မြောက်ဘက်ရှိတဲကလေးပေါ်၌။ မလေးကြီးကိုအိပ်စေ၍ ပျော်သော အခါ။ ကိုလှိုင်၏ တဲပေါ် သို့ပြောင်းထားခဲ့ပြီး။ မိမိမှာ။ တဲအောက်မှ လင်းသည့် တိုင်အောင်စောင့်၍ကြည့်ရှုနေကြောင်း၊ နောက်ဆုံးတွင် ကိုလှိုင်သည်။ တင်းတိမ်ဖြင့်။ တဲကိုကာလိုက်သည်နှင့် တစ်ပြိုင်နက်။ မိမိအကြံအောင်ပေပြီဟု ဝမ်းမြောက်ဝမ်းသာတစ်ယောက်တည်း "အောင်မယ် ရီးပေတယ် ရီးပေတယ် ဦးရွှေရိုးကြီးရယ်" ဟုသီချင်းသီဆိုလျက်။ ရွာဘက်သို့ ပြေး သွားခဲ့ကြောင်းစသဖြင့် ပြောပြသောအခါ။ မလေးကြီးနှင့်မောင်လှိုင်တို့ နှစ်ယောက်မှာ။ မိမိတို့ အဖြစ်အပျက်ကို ယခုမှ ရှင်းလင်းစွာသိရသဖြင့် ဩော် ... အင်း ... ဟုခေါင်းချင်းရိုက်မိသည် တိုင်အောင် အံ့ဩမိကြလေ၏။

"သတိုးပိယ"

ဇေယျသတင်းစာ၊ အတွဲ ၁၊ အမှတ် ၁၄ (ဇူလိုင် ၁၃၊ ၁၉၂၅) စာ ၁၁

၁၉။ မြို့မတိုင်းသားနှင့် တိုင်းရင်းသူ အထက်တန်းကျောင်းကြီးနှစ်ကျောင်း၊ ဘွဲ့ကဗျာ၊ လေးချိုးကြီး။

ဇမ္ဗူခေတ်မြန်မာတခွင်မှာ ပညာအရောင်လင်းစေဟု။ မြူငြစ်သမျှပသက်ကို။ ကျူနှစ်ရဇတ အသွင်ပမာ ပြဘဂ်ရာ အမှောင်ခွင်းသလိုပ။



(ဩော်) အယူလှစ်ကြတဲ့ နမ္မသစ်သမယအကြင်အခါတွင်။ မင်္ဂလာအောင်သတင်းတွေနှင့်။ တြင်းသမိုက် နဝင်းကိုက်ပေမို့ စာရင်းဆိုက်ငှသာ့အခါ။ တသင်းမကြိုက် တသင်းကြိုက်ပေမယ့်။ မငြင်းထိုက်လေဘူ့အတင်းဘွိုက်ကော့အလာ။ အသရေစုံသတည်းတွေနှင့်။ မြေဝသုံဟီးလောက်ပါရဲ့။ ရွှေဂုံထီးသဖွယ် ပမာသဏ္ဍာန်ဖြင့်။ သဒ္ဒါသန်သန် မှီရမင်္ဂလာအကြောင်းရယ်လို့။ မြန်မာမှန်လျှင်။ ငါတို့ကြင်နာစကောင်းသည်ဟု။ သာလယ် "မြို့မ" သညာကျောင်းကိုလ။ အပေါင်းလူရှင် ကူဝင်ရှက်ဆောင်စတမ်းတွေနှင့်။ ကမ်းလှမ်းကာ။ ကြော်ငြာလွှင့်တဲ့ပြင်။ ရေမြင့်လျှင်"ကြာ" အညီဟု။ မြန်မာပြည် သာမည်အရေးကိုတော့။ ဘာမထိသာကိုသွေးပေလို့။ ရှေးအဆက်ဆက်က တဖြည်းဖြည်းနှင့်တက်စေဖို့။ အေးကွက်ကိုရှာ။ လစက်နေအရောင် ရာဇဝင်ကျမ်းဂန်အမြတ်တဲ့ပြင်။ မြန်မာ့ကျက်သရေဆောင် ကဗျာပင်စွမ်းသန်ဖို့အတတ်တွေနှင့်။ လမ်းမှန်အရပ်ရပ်ကိုတဲ့ သင်ပြတာ။ ပညာအရာမှာဖြင့် ထက်ပေတောင်း။ ။ ဘွေသောင်းယံ။ ငွေမောင်းသံတစ်ဟူဟူနဲ့။ ရွှေဒေါင်းလံတလူလူပ၊ အဆူဆူပြတာန်နှိပ်ခဲ့တဲ့။ ဘုံရဝေတမ့် ဒိပ်တွေဖြင့်။ အံ့ကြိတ်ခါ ငါတကောရယ်ဟု။ ဇမ္ဗူနန်းအကြင်မြန်မာမှာ တစ်ဥဒါန်းတွင်ပါစေ သောတွေနှင့်။ သဘောမနသီအညီညှိတဲ့ပြင်။ မိတိခေါ်မပြတ်ကျူးပါလို့ တတ်မျိုးကုန်စုံစေမှန်းပြီးတော့။ စွမ်းသတည်း ပထမကိုယ့်မြန်မာမြေ ပလ္လင်ဝယ်ကောင်းစေဖို့။ ဆန်းနည်းသဏ္ဍာတပိုချဖွေ သင်လွယ်ကြောင်းတွေနှင့်။ (မန်းကြည်ရယ်) ငြိမ်းထီးတစ်မျှ မြို့မနေရှင်နယ်နှစ်ကျောင်း။

"သတိုးပိယ" ဖျဉ်းမနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၅၉ (ဇူလိုင် ၁၉၂၅) စာ ၂၂၆။

၂၀။ "လယ်တီပဏ္ဍိတ" ဆရာဦးမောင်ကြီးဘွဲ့။

ရှစ်လုံးသွားမြန်မာကဗျာ

လယ်တီပဏ္ဍိ– ကဝိထွန့်တင်။
ကဗျာရှစ်လုံး– ရေးထုံးစီစဉ်။
ဂမ္ဘီတိက္ခ– သိပ္ပစုံလင်။
သက္ကတ– ရှုရှုဉာဏ်ကြည်လင်။

သတိုးပိယ

မြို့မအထက်တန်းကျောင်း၊ ရန်ကုန်

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၅၉ (ဇူလိုင် ၁၉၂၅) စာ ၂၃၉။

၂၁။ မစ္စတာဆရာမှိုင်းသို့ဘွဲ့ဆိုရေးသားသော ရှစ်လုံးသွား မြန်မာကဗျာ။

ကဗျာဗန္ဓ– မြန်လှလျှင်လျှင်။
ကဝေဂုဏ်မြောက်– မုန်သောက်မာတင်။
ရာဇဝင်ကြောင်း– ဒိုးကောင်းပုံသွင်။
ဆရာမှိုင်း– ကွာနိုင်းဘက်မမြင်။

သတိုးပိယ

မြို့မအထက်တန်းကျောင်း၊ ရန်ကုန်

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၅၉ (ဇူလိုင် ၁၉၂၅) စာ ၂၃၉။

၂၂။ ဒဂုန်မဂ္ဂဇင်းဘွဲ့ ရှစ်လုံးသွား မြန်မာကဗျာ။

ပကိဏ္ဏက– ပညာ့မဏ္ဍိုင်။
ပူရတိစ– ပြည့်ဝလှိုင်လှိုင်။



ဒဂုန်နာမ– သာစွကြိုင်ကြိုင်။
မဂ္ဂဇင်း– ဘက်ကင်းနှိုင်းမပြိုင်။

သတိုးပိယ

မြို့မအထက်တန်းကျောင်း၊ ရန်ကုန်။

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၅၉ (ဇူလိုင် ၁၉၂၅) စာ ၂၃၉။

၂၃။ မြစ်နှင့်ချောင်းဆီးတားသော ရိုးစားဘွဲ့တေးထပ်။

ရှုပါရုံတစ်ချက်ထိရုံနှင့်။ အင်္ဂါကလျှမ်းပြောင်။ ရက်ရှိသမျှ ကျွမ်းလောင်သည်။ မခန်းအောင်ပူပွား။ ။ တော်လေးရုပ် ဝင်လို့ဆိုကာ။ ခင်တို့လိုဟုတ်လိမ့်မလား။ ။ ညို့ပီယမာတ်အခြေ။ စပ်ဂဟေပွေအား။ ရုပ်တစ်ပြေတစ်မြေခြားသော်လည်း။ မနေအားဖန်ဖန်။ ချောင်း၊ မြစ်ရေ အတန်တန်စီးရာမှ။ သမ္ဘာန်စီးရောက်ရ ညီလာခံ။ (ဝါ) မြစ်တစ်တန် ချောင်းရေစီးရာမှ။ လောင်းလှေစီးရောက်ရ ညီလာခံ။ (တစ်နည်းကား) ချောင်း၊ မြစ်ရေဖြာဖြာစီးရာမှ နာဝါစီးရောက်ရ ညီလာခံ။ ရဝေလုံး သီတာပျံ့မှာ။ ငှိုကာဉာဏ်ကျယ်မဖွင့်ပါနှင့်။ အလွယ်ဖြင့်ထုံးမှတ်ဖွေလျှင်။ ဆုံးဖြတ်စေချင်။ တရားပိုင့်ပျိုမေခင်ရယ်။ ညို့ပွေအင်ကူစမ်းပါလေး။

ပျဉ်းမနား "သတိုးပိယ" ၊ ရန်ကုန်

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၆၀ (ဩဂုတ် ၁၉၂၅)

၂၄။ အောင်ကြိုးခံဆွယ်လှည့်သောမယ်ဘွဲ့တေးထပ်

လေးတရာဇစ္စာမြဲတွေးကာဆမှိုင်ပူ။ မွေးပါလှခိုင်မညှိုငယ်။ ကြိုင်ရည်ကြူပျံ့သင်း။ နိမ့်ယောင်နှင့်လှမ်းမမှီတယ်။ ပန်းပလီပြုရက်လေခြင်း။ ဆွေစွဲချတ်မည့်တံချူပြင်။ မကူဝင်"လေ"မင်း။ အပူတွင်နေချဉ်းသို့။ ပွေအခင်းဖြစ်ဟန်။ ပန်းဝတ်ရည်အချိုသုံးရန်ဘို့။ ကိုပိတုန်းဝိုင်းလျက်

ပတ်ရုံ။ ညွတ်လှလှမြင်ပြန်သော်။ အင်မတန်ထင်လင့်၍၊ အပင်မြင့်ပန်းတော်ဝင်။ စောင့်ရအစဉ် မဥ္ဇူပွင့်လှမေခင်ငယ်။ ကျွေကြွေလျှင်ကံထူးငဲ့လေး။

ပျဉ်းမနား "သတိုးပီယ" ရန်ကုန်
ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၆၀ (ဩဂုတ်လ ၁၉၂၅) စာ ၂၈၀။

## ၂၅။ ဂုဏတ္တုပကာသနီ ကိုယ်ရည်သွေးတေးထပ်

သတိုးပီယဟု။ အမည်ရနာမ။ ဂီတနှင့်ကဗျာဉာဏ်မှာ။ တျာသံနွဲ့ပျောင်း။။ ဆန်းကွန့်ညွှန့်စာကဝေမှာ။ ကြာလေလေကောင်းသည့်ထက်ကောင်း။။ ပါမီအစဖန်။ ဘဝက်ပြည့်လောင်း။။ ကဗျာ့ဉာဏ်ကဝိပေါင်းတွင် ဖြင့်မရှိတောင်းရှားပေ။ မယုံလျှင်ခုံတင်စမ်းပါတော့။ ဂုဏ်အင်စွမ်းသိလိမ့်ထွေထွေ။ မန်းကနက်နန်းချက်ဇွေမှာ။ ထမ်းရွက်လေဟိုရှေးကဆိုတေးနှင့် ချီအေးရှင်။ တိုင်းသိအရှင်။ ဦးပုညကဗျာဘုရင်သည်။ ဆရာပင်ဖြစ်ရော့ ထင့်လေး။

ပျဉ်းမနား "သတိုးပီယ" ရန်ကုန်
ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၁ (စက်တင်ဘာ ၁၉၂၅)
စာ ၉၇ အချပ်ပို။

## ၂၆။ ရွှေတိဂုံဘုရားဘွဲ့လေးချိုး

ထွေရာရာစုံသမိုတွေနဲ့။ ရေဇလာယမုံကြိုပါတဲ့။ တိဂုန်မြို့ရယ်တဲ့ဆံတော်ရှင်။ အရောက်ထူးပေမို့။ တစ်ခေါက်ဖြင့်ဖူးရပြန်ပေါ့။ ခြောက်ရှူးဖွယ်ရောင်လျှံတော်နှင့်၊ တောင်ယံမော်နန်းသိဂိုတ်မှာ။ တိုးရှုတ်လူရှင်။ စေတနာကြီးစွာဓာတ်တွေနှင့်၊ အဝေရာလှိုးခွာဖြတ်တဲ့ပြင်။ ခေမာကိုနိုးကာကပ်ရအောင်။ ဆီးလာရပ်ပါတဲ့တပဲ့နွယ်အဝင်။ တလှည့်ကယ်တင်တော်မူပါလို့ဆောင်စေသား။ သောင်ထက်ခွင်။ ရှောင့်ထွက်ရန်တပြင်ပြင်



နှင့်။ အောင်ကွက်ယဉ်စရာဘို့။ ဖောင်မဂ္ဂင်မာလိန်မှူးကိုလ။ လက်ဦးစွာလျှောက်တင်ကြိုတဲ့ပြင်။ တပည့်တော်ရဲ့အပေါင်းအသင်းပါ ပါအောင်လောင်းတွင်း နာဝါနှင့်ပို့ပါဟု။ နှစ်မြို့စွာပတ္တနာညွှန်းရပါတော့။ လွမ်းမှုပွေများတဲ့မှ (မိမိရေ) သွန်းဆုဆွေပွား။

ပျဉ်းမနား သတိုးပီယ ရန်ကုန်
ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၁ (စက်တင်ဘာ ၁၉၂၅) စာ ၉၇
အချပ်ပို။

## ၂၇။ ရှင်သန်းမေ မှုဟန်မလျော်သဖြင့် လူပြန်တော်နှင့် ညားရကြောင်း ဖွဲ့ဆိုရေးသားအပ်သော လေးချိုးကြီး

ဇင်ပန်းခွေသွင်တူအလားပေမဲ့။ မရှင်လန်းပလေတမင်အပူပွားစေဖို့။ ရှင်သန်းမေယခင်မှုနှင့်ခြားချင်တော့။ (ကိုကျော်စွာကြီးရယ်) လင်ယူမှားပါပေါ့ မှောက်ဖို့ကြ။ အပျိုတုန်းဆီက။ ကပိုကရိုသုံးသုံးပြီး။ ချိုချိုနဲ့ပြုံးပါလို့။ ကိုယ်လုံးပေါ် မှန်တင်ရှုကာပ။ ယဉ်နုအောင်မှုံနံ့သာခြယ်၍။ စုံစွာတစ်ကယ်ရိပ်ကြာအုံးမှာလ။ ကုမ္မာနွယ်စိတ်သာတဲ့ နှလုံးငယ်နဲ့။ ဒုမ္မာထယ် ပိတ်ဇာသုံးပါလို့။ လူလုံးထည်ထည်လှလှပပသမားကိုဖြင့်။ ယူအုံးမယ်ကျကျနနညားကာမှ။ မူလုံးအသွယ်သွယ် ခဏခဏကစား လိုက်မဟဲ့လို့။ အသားမကျတကျ အပါးမဝတာဝဆီက။ မှားစွကြံပုံ။ မှန်းအချက်မူဟန်ချော် ကိန်းအခြေစိုက်ချင်တော့။ ပန်း ၂ ခက်ချူပြန်သော် အပလိန်းအပွေရိုက် ငဲ့ပြင်။ သွမ်းပျက်ပျက်နှင့် အဆန်းမှမက်တယ်တဲ့၊ ရဟန်းထွက်လူပြန်တော်မိန်းမလေလိုက်ကယ်နဲ့။ ကြိန်းကြေကြိုက်လိုက် ရပါတော့အကြောင်းဆုံ။ မကောင်းစုံပါပေရဲ့ ခနဲ့စကား။ (ဦးမောင်မောင် ကြီးတို့ရယ်) တစ်စောင်းပုံထွေနဲ့ အစွဲ့သမား။ ခက်သဖွယ်။ အပျက်အပျက်နဲ့။ အကွက်မလယ်ဘလယ်ပ။ သက်နှစ်ဆယ်အရွယ်ကောင်းပေမယ့်။ ရှက်စဖွယ်အကြောင်းလေသည့် အဟောင်းကံကြမ္မာနည်းရော့ထင့်။ ရှုဆမညာတာ ဥပကာဆာ

ဝါထက် ကဲပါသတော့။ အိမ်ရိပ်ကိုမဝင် လာအောင်နှင်ကာနှင်ကာ ခွဲခွဲပြီး။ သေမင်းငင် ကျားပိန်တွယ်ကို။ ကျိန်တယ်လို့ ဆဲပေမယ့်။ မိညံရယ် ကျုပ်ဖြင့် မဆင်းပါရစေနဲ့တဲ့။ ကမြင်းတင်းတင်း မြူလျက်လှောင်ပြောင် ကစားရာမှ။ အချင်းချင်းအတူ မမက်ပေမယ့် ကြောင်တောင်ညားရပါ သတော့ (ရှင်သန်းမေမှာတော်) ပဋ္ဌင်းလူထွက်မောင် မောင့်မယား။

ပျဉ်းမနားကနင်းပြား၊ သတိုးပိယ၏ တပည့်ကြီး

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၁ (စက်တင်ဘာ ၁၉၂၅) စာ ၁၇၇

အချပ်ပို။

၂၈။ ရှင်သန်းမေလင်ယူမှား၍ သားဖွားဘွဲ့ (၈၀) ပေါ်။

ငါးဝအာဝေဝတ်နှောင်ထဲမှ။ မလွတ်အောင်ဘဲ ထွေဆန်းစွာ။ ဇွတ်ကောင်ငနဲ ငံပွေငြမ်းရှာသည်။ မေသန်းကညာဂုဏ်ရည်လျှော။ ။ ပျို့မွှန် ဇာတ်မှ၊ အိုလွန်မအပ်စွ၊ ကိုယ်ဝန်ဂဗ္ဘ၊ သေယျဆောင်သည်။ ပေမအနှောင် ဒီလှိုင်းရေဦမြော။ ။ ပွေဟန်ခဏ၊ မေကြုံမရ၊ လေကမ္ဘ၊ လှုပ်သောအခါ မှာ ဗုဒ္ဓေါဘဂဝါကယ်ပါတော့။ ဒုက္ခဘယာဆွယ်ကာနှောလို့၊ နယ် မရဏာကြောမြန်းလုပြီ။ ။ ခါးအောင့်၊ ရင်နာ၊ ဘဝင်မှာဆို့လို့၊ လင်ရတနာ အကိုနို့ပ်စမ်း ဆီးဝဆီ။ ဖိုသဲ၊ ငိုဆဲ၊ ပျိုကထဲမကြည်တယ်။ အိုင်ဝဲစီစီသံကုန် ဟစ်လို့။ မန်မုံယစ်လျက် ကျူကျူငို၊ တိုက်ရရှေနို့ချို။ ။ ကညာစစ်မို့ ရှက် အားပိုသည်။ သက်ကြားလင် အိုချော့စမ်းပါတော့လေး။ ။ အဖေတူမျိုးမို့ အဆိုးပိုတယ်။ ကိုက်စမ်းကြောင် အို ခုပဲလာလိမ့်လေး။ ။

ပျဉ်းမနားကနင်းပြား၊ သတိုးပိယ၏တပည့်ကြီး

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၁ (စက်တင်ဘာလ ၁၉၂၅) စာ ၁၇၇

အချပ်ပို။



၂၉။ ပျဉ်းမနားမြို့ မြန်မာ့သြဘာကုမ္ပဏီတိုက်ရှင် ဦးမောင်မောင်ကြီးသို့ မာန်မပွားကြောင်း ပြန်ကြားသော တေးထပ်။

ကလောင်ယဉ်တစ်မျိုးဝင့်ပါရ။ ကျိုးအခွင့်ရှာဆောင် (မဆိုးနှင့် ဆရာမောင်ရယ် (ဝါ) မညိုးနှင့်ဆရာမောင်ရယ်။ (တစ်နည်းကား) (Old friend) အိုလ်းဖရင့်ဆရာမောင်ရယ်။ "လည်းဟူ၏။ ယူချင်ရာယူပါလေ" (တစ်နည်းပြောင်းပြီး တစ်ကြောင်းကွန့်ရမှာဖြင့်) ။ မဆိုးနှင့်ဆရာမောင် ရယ်။ သဟာယောင်ဟုတ်ဘူး။ မိတ်ဆွေစစ်အတ္တကျွာကို။ မှတ်ချက်မှာ သွင်းတော့လက်ဦး။ ။ နှုတ်ပိယ စိတ်ဝင်္က။ မိတ်ခင်ဟန်နှင့်ပူး။ ။ လိပ်သွင် ဉာဏ်ကပ်နူးတဲ့။ နှစ်ထပ်ကျူးဟုတ်ပေါင်။ ရေးကြွလျှင်လက်မရွံ့။အသက် စွန့်ကြဲမယ့် ဗိုလ်ခေါင်းဆောင်။ ယုံပါဆရာမောင်ငယ်။ မညာပေါင်၊ အူစင်း မို့။ ဖြူအတွင်းနှလုံးရည်။ မိတ်မြတ်ဇာနည်။ တံဆိပ်ခတ် ကြာရှည်အောင်။ ဘာမထီကျိန်ဝံ့ငဲ့လေး။ အို ... တသာကိ တိမ်ညွှန်ကွဲ့သွေး။

ဆရာမောင်ချစ်စရာ

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၁ (စက်တင်ဘာ ၁၉၂၅) စာ ၁၉၂။

၃၀။ ငှင်းရှစ်လုံးဘွဲ့ကဗျာ

စိတ်တူညီမျှ– ပိယသဟာ။
ငယ်ကပေါင်းသင်း– ရောင်းရင်းမှန်စွာ။
ညီကိုနောင်ရင်း– နှောင်သွင်းမေတ္တာ။
ဒွိဟံသ– မှန်စွန်ပါတ်လာ။ ။
မလိုချောသွေ့– ပြောလေ့ရှိသူ။
ခိုက်တံ့ကြုံကြား– ယုံမှားခဲ့မူ။
လိစ္ဆဝီမင်း– ချင်းချင်းငြူစူ။
သတိပြု– ကြည့်ရှုစေလဟူ။ ။

ဆရာမောင်ချစ်စရာ အထက်တန်းဆိုင်ရာ ကဗျာနှင့် ရာဇဝင်ဆရာ၊ အစိုးရအထောက်အပံ့ခံ မြို့မတိုင်းရင်းသားအထက်တန်းကျောင်း၊ ရန်ကုန်မြို့။

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၁ (စက်တင်ဘာ ၁၉၂၅) စာ ၁၉၂။

၃၁။ တောဘွဲ့လွမ်းချင်း။

မှောင်လို့သာသန်းတော့။ တောင်တန်းကဖီလာ။ နေခင်းငယ်သာသည်။ ရွှေလင်းပြာသိုက်အုံပြောင်းရောထင့်။ တောင်စောင်းမှာ တစ်ညံ့ညံ့နဲ့။ အပျံထူးတဲ့ တောပေလေး။ ။ ပင်ဝါးရုံ။ ကင်းပုံရစ်ပတ်။ နွယ်ကျိုးစာထပ်ပါလို့။ မလပ်ကတဲ့မြေပြင်။ ဥသံပေးထွန်ရေးငင်ကြ။ အကြင်တောင်သူသံကုန်ညှင်း။ သိချင်းတွေဆူတော့တယ်။ မြိုင်ငှုကြောင့်ခင်ရှိမှာ။ ကရင်အိုလွယ်ပလိုင်းငယ်နှင့်။ အရိုင်းဘာသာပေမို့။ မျောက်သေကို ခေါင်ရည်နှင့်မြူးရှာကြ။-(အို ခင်ရဲ့) မူးကြတယ်လေး။

"သတိုးပီယ" မြို့မ၏ရဲဘော်

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၂ (အောက်တိုဘာ ၁၉၂၅) စာ ၈၅ အချပ်ပို။

၃၂။ မယ်ထပ်နှင့် မောင်ဘိုးစာတို့အညာဘွဲ့အိုင်ချင်း။

(၁) ချစ်တဲ့သူ– သူငယ်ချင်းကောင်းယောင်း (ယောက်) မတို့ တော်ဘော်နှော်ငယ်မှ လည်ယှက်။ ရွှေကြာဖက်နှင့်။ ရေပွက်ကတဲ့ဆူ ညံ၊ ဘလေးတူးတဲ့ရွာဦးကန်မှာ။ ပျံတုံဝဲတုံ ငုပ်ပေါ်တုံနှင့်။ အစုံပျော်စွာ။ ရွှေဟင်္သာတို့။ မယ့်မှာ မြင်မိပြန်တော့တော်။ မယ့်မှာမြင်လဲ။ တစ်ကိုယ်ထဲဟာမို့။ ပျော်ပဲငယ်မှ လွမ်းမိ။ အောက်ပြည်အောက်ရွာ။ ငွေကြေးငဲ့ရှာသည်။ ကြာပါဘိနဲ့။ ခုထိမလာ။ ကိုဘိုးစာရယ်။ နေ့ကြာရက်များကြဲ့ဘွေဘောက်လျက်။ နောက်ရဲဇာနှင့်။ ပျော်ပါးနေရောသလားတော်။ မလာလျှင်လဲမလာ အရှင်းတို့အညာစာခွေသွင်းလိုက်ပ။ ချစ်ရင်း ဟိုရှေး။ ကျုပ်ယက်လို့ပေးလိုက်တဲ့။ လေးဘက်မိတ်တင်းတိမ်စောင်ကို။ မျက်နှာပြောင်အောက်သူနှင့် ကွေးပါလို့။ နွေးလိမ့်မယ်တော်။ ။ အို မင်ကော်ရစ်ကယ်နဲ့။ ငယ်ချစ်မောင်လေး။ ။

(၂) ချစ်တဲ့သူ– သူငယ်ချင်းငယ်မှ ကောင်းယောင်း (ယောက်)မတို့ရှင်။ နေဝင်ငယ်မှ မိုဃ်းချုပ်။ မှောင်လို့မည်းသည့် ကျွဲတင်းကုပ်မှ။ ချိုးမှုတ်သည့်သံ။ ကြားရပြန်သော်။ ထရံပေါက်ကကြည့်မိတယ်။ နှစ်ဖက်ဖာအိုး။ ချည်သည့်ကြိုးထမ်းပိုးရှိ၍။ ခါးတိုလက်ကြပ်။ လွှာဘိနပ်နှင့်။ ရပ်သည့်လူပုံ အကြည့်ဆုံသည်။ အူတုံသည်းလန်ဖြစ်မိတယ်။ ။ အလိုငယ်မှာ ဘယ့်နှာ။ ကိုဘိုးစာရယ်။ မလာလာကြောင်း။ ရှင်တော်ထံ ဖလ်သကောင်းနှင့်။ ရှိပျောင်းလက်မိုး။ ပန်းစုံထိုးလို့။ မျှော်ကိုးနေ့စဉ်။ မယ်မရှင်သည်။ သခင်မောင့်ကြောင့်လွမ်းရတယ်။ စောင်နီကွက်ကယ်နှင့်။ အသက်သွင်လေး။

(၃) ချစ်တဲ့သူ– သူငယ်ချင်းကောင်းယောင်း (ယောက်) မတို့ လေး။ လူလေးငယ်ဖိုးမှန်။ အကျင့်တန်က။ ထရံတွင် အသာကပ်ပါလို့။ မယ်ထပ်ကယ် အောက်ပြန်ပန်းလှပေ့။ လင်ပန်းတွင် ကွမ်းရေထည့်ပါလို့။ ဆင်းတည်လှည့်လေသံနှင့် ခွဲကာမှ။ မူကွဲကို အကျွန်သိပါရ။ အော့နာကျသေမင်းငင်ကို။ ခပ်လျှင်လျှင်နှင်ကာ မောင်းရတော့ရှင်။ ။ အမယ်မင်းဖြစ်ရလေခြင်း။ နတ်ပေါင်းပျော်သည့် နတ်တော်တွင်း။ ငွေနှင်းထံထံမြောက်လေကပြန်သောကြောင့် မောင်နှံ့ဟသာ်၊ ပုံပမာလို။ မကွာဘွဲ့နှောင်။ တူယှဉ်နွဲ့– တွဲတယ်လို့မြှောင်ပြီးလျှင်။ စောင်ကိုအတူခြုံရအောင်။ မြို့ရွှေကုန်အောက်ကျေးမှ။ ပြေးခဲ့ပါရှင်။ ။ ကိုယ်ပင်မလာ။ အနေကြာ

သော်။ ကိုယ်ဟာမပိုင်။ သူများတွေချိုင်တော့မည် အောင့်နိုင်ဖူး ငယ်ကြင်
ငယ်။ ဘယ်သခင် လက်တော်တွင်းသို့။ နှင်းရမယ်ရှင်။ ။ အလို အပျိုဖြန်း
ကန်ဘောင်ရိုးမှာ။ ဂျမ်းထိုးလို့လေး။ ။

"သတိုးပီယ" မြို့မ၏ရဲဘော်

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၂ (အောက်တိုဘာ ၁၉၂၅) စာ ၈၅

အချပ်ပို။

## ၃၃။ ခုစိတ်ကူးနှင့်ရှုးရသည့် "ကိုယ်တွင်းပြည့်" မယ်ဘွဲ့တေးထပ်။

(၁) ဇာကတိအုံးရဝေ့မှာဖြင့်။ ပြူးမမွေ့ပူတာ။ ။ လုံးကလေ့
ဖြူပြာငယ်။ မူအရာစုံပေ့။ မဲ့တဲ့တဲ့အရွဲ့ပိုတယ်။ အနွဲ့ကိုကဲသည့် ခင်မေ့။
ငွေလုံးနှင့်ဝသီမှာ။ချိုဘုရာဆို၍ ပြီမာယာအပိုထေ့တတ်သူရဲ့။ ကိုယ်ကလေ့
ခက်တယ်။ ။ တအာရုံချိန်တွေးညို့။ စိတ္တေးတိစိတ်၌ ကြုံရှယ်။ ။
ဟိတ်အလိုက်မာန်ထယ်ထယ်။ ထန်ပြယ်ပြယ်ထိုစရိုက်ကိုဖြင့်။
ကိုယ်မကြိုက် ရှောင်စေချင်။ လေး မေ့ခင်ခင်။ ။ အို ချိုလို့ငိုပွဲဆင်တယ်၊
ဆိုဆဲပင် ကဲပြန်ပေါ့လေး။

(၂) နာရနံ့နှုန်းသရေ့ငယ်နှင့်။ ထုံးမရွှေတူစွာ။ ဖုံးတမေ့ရှုပါငယ်
ဇမ္ဗူမှာ ဂုဏ်ကြွေ့။ ။ နွဲ့တဲ့တဲ့တမယ့်ပျိုငယ်။ တကယ့်ကိုဝဲ မိသွင်လေ့။
နုဆုံးခင့်မဒီညွာ။ ကြည်အသာကိုယ်ငွေ့။ ။ ဟိဟာဟာအလိုလေ့တွေ နှင့်။
အိုတမေ့သက်လှယ်။ ။တဏှာဟုန်အရှိန်လေးဘိ။ စိမ်ဆေးမိချိတ်
လိုက်သံနှယ်။ ။ စိတ်အကြိုက်ဉာဏ်ချယ်တယ်။ မှန်ကယ်ကယ်ဖို အ
လိုက်တွေနှင့်။ ငိုအရိုက်လှောင်လေအင်။ တွေး၍ထင်မြင်။ ။ လိုဆဲမို့ချို
နွဲ့ရှင်တယ်။ ပျိုကဲအင်ချွဲရန်ကော့လေး။

(၃) ပါရမီမှုန်းသရွှေသာဖြင့်။ ဘုန်းအငွေ့ကြူလာ။ နှုန်းမတွေ့တူ
တာငယ်။ တသူဇာလုံမေ။ ရွှဲတဲ့တဲ့ခနဲ့ဆိုတယ်။ အလဲ့အိုရဲသည့်လင်ဖေ့။
ရှုအုံးရှင့်ပလိရှာ။ သည်အရာကိုယ်တွေ့။ ။ ကြည်သာသာမချိုမြေ့နိုင်ဘု။



ပျိုလေ့ပျက်ကွက်။ ။ တခါကြုလိမ်ဘေးထိ။ မှိန်မှေးမညှိထိတ်လိုက်ပြန
တယ်။ "ဣတ်" စရိုက်ဟန်ကြွယ်ကြွယ်တန်သွယ်သွယ်လိုမလိုက်နိုင်ဘု၊
ပျိုအမိုက်မောင်ပွေချင်။ ဘေးတွေ့လျှင်လျှင်၊ အိုမြဲစိုဆိုဆွဲစဉ်ဝယ်။ ကိုယ်
ထဲပင်လဲကျန်တော့လေး။ ။

"သတိုးပီယ" မြို့မရဲဘော်

ဒဂုန်မဂ္ဂဇင်း၊ အတွဲ၆၊ အမှတ် ၆၂ (အောက်တိုဘာ ၁၉၂၅) စာ ၈၅

အချပ်ပို။

## ၃၄။ ဆရာသတိုးပီယသည် စိတ်ဒွိဟအထင်မှန်းခြေဖြင့် ခင်သန်းရွှေထံ ပါးသို့ ပြန်ကြားသောလေးချိုး။

ပေါ်လာပေါင်ရေဆွေးရန်ပြုလို့။ မျှော်ပါရောင်တေးသဖြန်နှင့်
ညှာသူရဲ့။ (ဦးပီယမှာကွယ်) .... မအေးရန်အမူငယ်ကဲကြုပြန်လာ။ ။
(သြော်)–ထင်ခြေနှင့်မှန်းရတော့။ ခင်ရွှေသန်းဆိုထင့်။ ပျိုဖြန်းမှုအသွင်နဲ့
သူတမင်နှော့ချင်လို့ရေးရော့ထင့်။ (ဦးသူတော်ရယ်) တွေးရပြန်တာ။ ။စာ
အဆိုမှန်းခါကြည့်လိုက်တော့။ ဝစနာချိုချိုလွမ်းနာမိတယ်တဲ့။ ဘာကလို
တိုတိုဝမ်းသာမိပြန်သကွဲ့။ ဖျန်းတာစိပါပေငဲ့ ခင်သန်းကညာ။ အသွင်ဆန်း
စရာကွဲ့အပိုတွေကြွား။ (မိမိရယ်) သက်နီးဝါဝါနဲ့ဗိုလ်ကေလား။ ။
ရိုရအောင်လှောင်တယ်။ ပြိုကြမှာတဖောင်ဖောင်နှင့်။ ပီယမောင်စိတ်ဝယ်
ခွလိုက်ပါဘိ ဒွိဟကိုသက်ကင်းတဲ့အောင်။ သိချင်းအစသဖြန်စာအသွား
ရယ်နဲ့။ ရှင်းကြလင်းကြဖို့မှန်ရာစကားကိုဖြင့် (ခင်သန်းဆွေလေ့ ...
အိုကွယ်) အသဝင်းနှမရဲ့ အရင်းဘဝကိုတော့။ မင်းကပြန်ကြား။ ။

"သတိုးပီယ" မြို့မ၏ရဲဘော်

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၂ (အောက်တိုဘာ ၁၉၂၅) စာ ၈၄

အချပ်ပို

၃၅။ နင်းပြား၏ကိုယ်ရည်သွေးတေးထပ်။

နင်းပြားနင်းပြားနဲ့။ ပျဉ်းမနားတောကျော်။ အကွင်းသားသဘောပေါ်အောင်။ ပြောမနော်အသို့။ ။ အရပ်ရပ်ပြိုင်ယှဉ်သော်။ မနိုင်လျှင်ရှုံးတဲ့ဤကိုယ်။ ။ မကြောက်ဘူးကယ်ပါကို။ ။ ဘယ်စာဆိုကရို။ ။ ဆယ်ခါငိုအချို့က။ အကိုလို့ခေါ်တောင်။ ။ ကိုယ်နိုင်လျှင်တကယ်ချော့စေတော့တယ်မပြောတင်းတဲ့ကောင်။ ။ ဒင်းလားဟဲ့မင်းများဘောင်တွင်၊ နင်းပြားမောင်လာခါစမ်းတယ်လို့။ အာဏာကြမ်းဟိန်းလျက်ဟောင်မှာ။ တိမ်းထွက်မောင်ရာ။ စိမ်းအံကျက်မရှောင်ပါတယ်။ "မြောင်တကာ" ရှုံဘူးကွဲ့ ၅–၁။

"နင်းပြား" သတိုးပိယ၏တပည့်ကြီး

ဒဂုန်မဂ္ဂဇင်း၊ အတွဲ၆၊ အမှတ် ၆၂ (အောက်တိုဘာ ၁၉၂၅) စာ ၂၀၉

အချုပ်ပို

၃၆။ ရာဇဝင်တောက်သောက်အူပေါက်တေးထပ်။

ရာဇဝင်တခန်းထုတ်ခဲ့ပေါ့။ ရှမ်းတရုတ်မိုင်းသား။ မန်းစမုတ်ဝိုင်းလာသည်။ ဆိုင်းမပါဘေထိ။ ။ မင်းကျန်စစ်ရေသောက်လာတွင်။ မြွေပေါက်ထာတိုင်းကအသိ။ ရှင်ဘို့မယ်ပြည်အာဇံမှာ။ ရွှေစာရံတည်ဘိ။ ။ နော်ရထာလော်မာမိတာကြောင့်။ ဒေါ်သာအိသေရှာ။ ။ ကုလားတွေရှုပ်အထွေ။ တရုတ်ပြေးတွင်တဲ့ကျော်စွာ။ ။ ရှင်စောပုအာသခ်ါတောင်။ ကြာပင်မှာ သန္ဓေပြုတာကြောင့်။ ဝေဠုလို့အမည်တော်။ ပေးကြပြန်သော်။ ။ ဦးဝိုင်းဟုအညွှန်းခေါ်သည်။ ကွမ်းဆော်ကိုကျွဲခတ်လို့ ၃+၁။ ။

"နင်းပြား" သတိုးပိယ၏တပည့်ကြီး

ဒဂုန်မဂ္ဂဇင်း၊ အတွဲ၆၊ အမှတ် ၆၂၊ (အောက်တိုဘာ ၁၉၂၅) စာ ၂၀၉

အချုပ်ပို။



၃၇။ အကြင်နင်းပြားက ပျဉ်းမနားပဝတ္တိ မိမိ၏ဇနီး မန်းကြည်အား တောကစားရင်းသစ္စာနှံသော၊ စုံတွဲညွန် (၈၀) ပေါ် တေးထပ်မှာ။

(ကြည်) နွမ်းသည်၊ ပန်းပြီ၊ လှမ်းတည်မကြွနိုင်ဘု၊ ထမ်းချိဘုရားငှ ဝနာကမ္ဘာ့ယံ။ မန်းကြည်နှမပူစာပြန်တယ်။ မူယာတန်တန်ဟန်ပန်များ။

(ပြား) ခင်တန်းလျှိုကွေ့သာယာပြေတယ်။ လာပါမေရယ်မူလုံးကြွယ်တော့အား။ ။

(ကြည်) သစ်ဆင်ပေါ်တဲ့ ကွင်းကမ္ဘာ့မြောင်မှာ။ အတင်းသွားမယောင်မညာထောက်ထား။ ။ နင်းပြားမောင်မောင်ငါယောကျ်ားလို့ စာပလောက်များမကြင်နာ။ ။

(ပြား) ခက်ပဲခက်သကွာ ခင်ငိုမဲ့လို့။ လင်ကို အနွဲ့ကဲတဲ့ကြည် ကညာ။

(ကြည်) ဟင်အင့်ဟင်အင့်ပင်မြင့်စွာမှာ။ ဇင်ပွင့်မာလာပန်းလချူပေးမှ၊ မန်းသူကလေးကြည်ကြည်ငယ်။ လိုက်နိုင်ပါတော့မယ်။

(ပြား)မန်းစရိုက်မို့ပန်းကြိုက်မယ်ရယ်။ နန်းလိုက်ကွယ်မကြီးငဲ့လေး။ ။ မြောင်အစနှင့် တောင်မစွယ်တွင်။ မောင်ချမယ်ကြည်ကောက်ကွဲ့လေး။ ။ မြောင်နရန်းနှင့် တောင်တန်းလယ်မှာ။ မောင်ထမ်းမယ်ကြည်လိုက်ကွဲ့လေး။ ။

"နင်းပြား" သတိုးပိယ၏တပည့်ကြီး

ဒဂုန်မဂ္ဂဇင်း၊ အတွဲ၆၊ အမှတ် ၆၂၊ (အောက်တိုဘာ ၁၉၂၅) စာ ၂၀၉

အချုပ်ပို

၃၈။ ဥယောဇဉ်နှင့် ပဋိညာဉ်တေးထပ်။

သူရိယာမဟာ "ဆန်း"တွင်ဖြင့်။ စာတခန်းမြိုင်ဝေ။ ကဗျာပန်းအခိုင်ချွေသည်။ ကြိုင်ပစေရယ်လို့။ မဂ္ဂဇင်းအပတ်စဉ်မှာ။ ဖတ်ချင်

အောင်ရေးမည့်ရှေ့ကိုယ်။ ။ လုပ်ကိစ္စမအားရာ။ များသဟာငယ်တို့။ စကားလာဆွယ်သမို့တွေကြောင့်။ အကယ်ဗျို့ဝန်ခံ။ အယ်ဒီတာ– သဟာယကိုတော့။ ဆရာကချစ်ရက်အမှန်။ ။ ကဗျာဝစန နှစ်သက်ရန်ကို။ လှစ်မြှက်ပြန် စီကုံးလို့။ တပြည်လုံးကြည်ကြစေရန်။ ညှိဆဝေဘန်၊ ပိယ၏ဂီတဉာဏ်ငယ်။ ရည်ဆမှန်းမျှော်စမ်းတော့လေး။

သတိုးပိယ မြို့မ၏ရဲဘော်

သူရိယမဂ္ဂဇင်း၊အတွဲ၉၊ အမှတ် ၁၀၊ (ဒီဇင်ဘာ ၁၉၂၅) စာ ၅၉။

## ၃၉။ အလုပ်များသဖြင့် ဖျားရကြောင်းလွမ်းချင်း။

ကဗျာတေးတွေနဲ့။ စာရေးရစုံစုံ။ ဝါသနာအစထုံသည်။ **စနဂုဏ်မကြွေ့သော်ကြောင့်။ ကြုံတွေ့လျှင် ဖယ်မငြင်းသာဘု။ သီချင်းကဗျာစုတွေနှင့် စာပြုပြန်ပါရတယ်လေး။** ။ မအားရာ။ အားနာတမူ။ **ဝါဒီစုငဲ့ပြင်။ ငွေစဟုအသော့၊ သူကတော့တယ်လို့။ ခိုင်းသောအခါ။ ငွေအရင်းမငြင်းသာဘု။ ကြိုးကာကုတ်ကုတ်။ စာကဗျာလုပ်ရသည်။ လည်ကုပ်ဆစ်ကျိုးခေါင်းဇောက်ထိုးနှင့်၊ နံရိုးပြိုင်းပြိုင်း ခါးပင်လျှင်ကိုင်းတော့တယ်။ ဆိုင်းတွတွအကြောတွေမှာ။ ဒူလာလေ လှုပ်ခါရှားပြန်တော့။ (အိုမေငဲ့) ... ဖျားရတယ်လေး။**

သတိုးပိယ မြို့မ၏ရဲဘော်

သူရိယမဂ္ဂဇင်း၊ အတွဲ ၉၊ အမှတ် ၁၀ (ဒီဇင်ဘာ ၁၉၂၅) စာ ၅၉

## ၄၀။ မဲဇာတောင်ခြေဘွဲ့လေးချိုးကြီး။

မဲဇာတောင်ခြေအဝှမ်းနိမိတ်ကွန်းပေပေါ့။ သဲသာသောင်ခြေကမ်းထိပ်စွန်းထိက။ ပွဲခါညောင်ရေပန်းဘိသိတ်သွန်းချိန်မို့။ **စတမ်းအတိတ်ညွှန်းရပါတော့၊ တခို့ရေညှိုနဒီ။ မှန်းစိတ်နှင့် လွမ်းရပါတော့ငါတို့ရှေ့ဘိုဆီ။ ။အဆောင်ရဝေကြော့တွင်ဖြင့်၊ ညောင်ရေနှင့်ကန်တော့နေကြ။**

---



အောင်မြေအမော့ပေပေါ့။ ဘိုးတော့်တည်တော်မူတဲ့။ မြရှေ့ဂူစေတီမြတ်ရယ်နှင့်၊ ရောင်လျှက်ကယ်အလှမ်းအခြေစုံသည်။ နန်းရှေ့ဘုံအာရုံပြေးပါလို့။ တဆိတ်လဲမရှင်ပေါင်စိတ်ထဲမြင်ယောင်နှင့် တွေးမိပြန်တော့။ ဘုရားကျွန်တော်မှာ၊ အစစညွှန်မျှော်လို့ဆွေးလှချည်ရဲ့။ မဖေးသနဲ့။ တေးအဖွဲ့တွေနှင့် နေရီရီမှာပါကိုနော်ကွယ်ဝေးတဲ့ရှေ့ပြည်။ ။ ကျောက်ဆောင်အကွယ်မှာ၊ စမ်းအဖြာဖြာကျတဲ့ပြင်။ ချောက်မြောင်ကွယ်ကာ လမ်းရှာမရသော်ကြောင့်။ မှန်းကာတမိတော့ စိတ်ဝယ်ရည်။ ပိတ်ကွယ်သည်ပ၊ ဝနာလမ်း။ ထိတ်တွယ်မကြည့်စရာ၊ တခါလွမ်း။ ။ ချောင်ကွေ့မြေမြှောင်ရှေ့တွင်အထွေထွေပ။ တောင်ငွေ့တဝေဝေနှင့်။ သွင်းလေပြည်မိုးထူလို့နှောက်ပြန်တော့။ မင်းကဝေစိုးသူမို့ ကြောက်လှချည်။ နှင်းပေါက်တွေအဟုန်ထန်၍၊ ငွေယုဂန်တောင်တော်ဖျားတွင်ဖြင့်။ ရထားနေစက်ဝန်းငယ်က။ မထွန်းပေါင်ပိတ်ကာဆီးပြန်တော့၊ ရိပ်ကြီးရာဝနာစောင်းတွင်မှ။ မွန်းတည့်စေဆုယူတောင်းရပါတော့။ တယောက်တည်းအဖေါ်မပါသူမှာ မျှောက်မျည်းမပျော်ပါကြောင်းသာပ။ မြစ်ချောင်းတွေခွေစီခါနှင့် နေခြည်ဖြာတဖုန်နွှေးသော်လဲ့။ လေပြည်လာတုန်တုန်အေးလှချည်။ ငွေအသွေးပမာတမျှသဲသာသာသောင်ခြေကမ်းဆီက။ ဖြေမအေးပါ။ မြစ္စာညောင်ရေဖျန်းရပါတော့။ မြေအဝေးဌာန၊ မဲဇာတောင်ခြေစခန်း။ ။

သတိုးပိယ မြို့မ၏ရဲဘော်

သူရိယမဂ္ဂဇင်း၊ အတွဲ၉၊ အမှတ်၁၀ (ဒီဇင်ဘာ ၁၉၂၅) စာ ၅၉။

## ၄၁။ နီဂုံးချုပ်ရေးချစ်သောလေးဆစ်

"ဆန်း"အမွန့်တွင်ဖြင့်။ ပန်းအညွှန့်ကဗျာရုံ။ ။ ဘတ်ချင်အောင်ပတ်စဉ်ပြီးမယ်။ ကြိုးတဲ့အာရုံ။ ။ သဒ္ဒါဟုန်။ ကြာငုံသို့ပွင့်လှိုင်း။ ။

ကိုပီယမှာဖြင့်၊ ဂီတနံ့သာကြိုင်တဲ့။ ကဗျာမြိုင်ကြာအိုင်တွင်းကို။ ဆင်းငဲ့နေတိုင်း။ ။

သတိုးပီယ မြို့မ၏ရဲဘော်

သူရိယမဂ္ဂဇင်း၊ အတွဲ ၉၊ အမှတ် ၁၀ (ဒီဇင်ဘာ ၁၉၂၅) စာ၅၉။

## ၁၉၂၆ ခုနှစ်

### ၄၂။ ပြည်ထဲရေးလေးဆစ်

နေသတင်းတွင်ဖြင့်။ ဆွေအရင်းအယ်ဒီတာ။ ။ ကဗျာစာ တျာညွှန့်။ ကွန့်လိုက်ပါဗျာ။ ။ သည်အခါ။ ပြည်ရွာ၏အရေး။ ကိုယ့်ဝမ်းစာ ကိုယ်သာလှ။ တိုင်းမှုဧ။

သတိုးပီယ

သူရိယမဂ္ဂဇင်း၊ အတွဲ ၉၊ အမှတ် ၁၁ (ဇန်နဝါရီ ၁၉၂၆) စာ ၅၅။

### ၄၃။ ခေါင်းဆောင်ချင်းချင်း ပက္ခကွဲသဖြင့်ဝမ်းနည်းကြောင်း ရေးအပ်သောတေးထပ်

မြန်မာတွေမြင့်တက်မြင့်။ တင့်ထက်တင့်စေရန်။ ဆင့်ထက်ဆင့်စေတန့်မှာ။ အခြေခံစိတ်ထား။ ။ အမိမြန်မာပြည်ကျိုးပြောင်းစေ။ သယ်ပိုးဆောင်စွမ်းငဲ့အများ။ ။ ဘယ်သူကမှ ပြစ်မဆို။ အချစ်ပိုစေသား။ ။ ကြံစည်ပုံအမူခြားရုံနှင့်။ သူတပါးမှားစေ။ သို့ကလိုအမျက်ထသော်ကြောင့်။ နှစ်ပက္ခကွဲပေါ့အခြေ။ ။ ဦးပီယပြေအဆွေမှာ။ စေ့ပစေရည်စူးလို့။ သည်နှစ်ဦးပြည့်ခေါင်းဆောင်။ မေတ္တာဖွဲ့နှောင်။ ။ အမိုက်ကြောင့်တောမီးလောင်သည်။ တောကြောင်တွေထကိန်းပေါ့လေး။

သတိုးပီယ

သူရိယမဂ္ဂဇင်း၊ အတွဲ၉၊ အမှတ် ၁၁ (ဇန်နဝါရီ ၁၉၂၆) စာ ၅၅။



### ၄၄။ တာဝန်ခံကိစ္စမှ အနိစ္စခန္ဓာကိုယ်တေးဘွဲ့တေးထပ်

တာဝန်ခံအမှုရှုပ်ပုံက။ အတုလုပ်မေတ္တာ။ အနုဆုပ်ခေတ်အခါ မှာ။ ညှစ်သဟာလွန်ပေါ့။ ။ တစ်ဝမ်းရေးတစ်ခါးစာ။ အားမနာပြုကြသဘော။ တိုင်းပြည်ဘက်အရည်ာ။ နှစ်ခွလျှာသဘော။ ။ ခဏတာကျကာ လျှောလျှင်ဖြင့်။ ရသာဓာခင်မင်။ သူရကာယ်ဘုံကွယ်ပသည်သို့။ ဂုဏ်ငယ်လှလောကမျက်မြင်။ ။ သစ်ကိုင်းလွတ်မျောက်အသွင်လို။ နောက်အစဉ်ခက်ခဲလို့။ မျက်နှာမွဲဒုက္ခကပ်လာ။ မုချမှတ်ရာ။ ရှုပ်သမျှသကပ်အခါတွင်။ မမြတ်တာပြုကြပြန်လေး။

သတိုးပီယ

သူရိယမဂ္ဂဇင်း၊ အတွဲ၉၊ အမှတ် ၁၁ (ဇန်နဝါရီ ၁၉၂၆) စာ ၅၅။

### ၄၅။ သတိုးပီယ၏အကြောင်းပြ ကိုယ်ရည်ကိုယ်သွေးလေးဆစ်

ကဗျာပိုင်းတွင်ဖြင့်။ စာသမိုင်းတံခွန်တူ။ ။ ကဝိဂုဏ်ညီရွှံ့လှစ်။ အားသစ်တဲ့လူ။ ။ အရွယ်မူ။ နှစ်ဆယ်ဖြူခြောက်စွန်း။ ။ အမည်မှာ မောင်ပီယသြဇတည်ထွန်း။ ။

သတိုးပီယ

ဒဂုန်မဂ္ဂဇင်း အတွဲ ၆ အမှတ် ၆၅ (ဇန်နဝါရီ ၁၉၆၂) စာ ၂၄၃။

### ၄၆။ ကဗျာရေးနည်း သခေ်ပဇကေပုဒ်ရတု

ကဝိဂုဏ်ရည် ကဗျာမည်သား၊ သာသည်နယ သခေ်ပကို ညွှန်ပြအကျင်း၊ သိရုံလင်းအံ့ အရင်းမှန်စွာ လိုအပ်ရာကား ပညာသုတ သူ့မှာခ၍ မရ ရကြောင်း၊ နေ့ညချောင်းလျက် နည်းကောင်းမှန်မူ ဆည်းပူးယူလော့၊ ထုတ်ချူညွှန့်စုံ နှုတ်ဝယ်ငုံလျက် အာရုံသိုမှီး၊ လေ့ကျက်ပြီးသော် အတီးညွှန်မူ၊ ကျမ်းအစုမှ ကဗျူပဒေ ဆန်းမှာဖွေ၍ နုတ်နေဂိုဏ်းထောက်၊ ဒေါသပျောက်လျက် ဂုဏ်မြောက်စေထ မျိုးဝံသနှင့် ဝဏ္ဏမတြာ အလင်္ကာကိုကြားကာသူ့ဝမ်း သူ့စိတ်ချမ်းအောင် ကြိုးပမ်းညနေ ဖတ်ဆင့်လေ

လော့၊ ဤရွှေ့ပြည္ဍနှ် နယပွန်ကို ဆပြန်ချဲ့ပွား၊ ဉာဏ်စိန်သွားဖြင့် လေးစား
ဉာဏ်နှ သိမှုအကျဉ်းတည်း။

သတိုးပိယ

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၅ (ဇန်နဝါရီ ၁၉၂၆) စာ ၂၄၃။

၄၇။ အမှာလေးဆစ်

ငါအတတ်ကယ်လို့ မမှတ်နှင့်ဘယ်သောခါ မာန်စွယ်ကိုနှိပ်ဖယ်ချိုး ကြိုး၍လေ့လာ အဏ္ဏဝါပမာပြုမှတ်သား၊ သင် အံ ကြံ သူ့ထံမှီး နည်းက လွှန်များ။

သတိုးပိယ

ဒဂုန်မဂ္ဂဇင်း အတွဲ ၉၊ အမှတ် ၆၅ (ဇန်နဝါရီ ၁၉၂၆) စာ ၂၄၃။

၄၈။ ကဗျာအချိုပ်အဆက်ရေးကြရာ၌ ပရစ္ဆနကင်းစေ၍ အပျင်းပြေ ရယ်ဖွယ်မျှသာ ရေးသင့်ကြောင်း လေးဆစ်

ချစ်သသူသဟာယငယ်တို့။ ပြစ်မယူသဒ္ဒါမျှစေဘို့။ ပမာဏငယ်တဲ့ အကြောင်းခံ။ ။အပျော်လို့ပျက်ရာ၌။ မတော်ချက်တွေနှင့်။ ဆော်နက်မည် ငါတကားရယ်လို့။ အဘိဓ္ဈာစိတ်မှာထားခဲ့လျှင်။မှားလိမ့်ကော်။ စုံအလင် ရှုသော်လွမ်းစေဖို့။ ဒဂုန်တွင်မှုတော်ထမ်းရာကြ။ ခုမြော် မှန်းရည် ဆပြန်(တယ်)။ ဂီတဉာဏ်တွေနဲ့ ပျော်ပျော်ရေး။ ။ပြေပြစ်စွာငယ်။ ရွှေမေတ္တာစာ သမိုင်းတွေနဲ့။ ချွေလုစ်ခါကဗျာပိုင်းတွင်ဖြင့်။ ခါတိုင်းဟိုသခင်လို့ အဆိုယဉ်ယဉ် ကဝိအင်္ဂါမပျက်မှု၍။ ဖတ်ချင် အောင်ပတ်စဉ်ဆက်စေဟု ညွှန်းမြွက်ချို့။

ပျဉ်းမနားကနင်းပြား
သတိုးပိယ၏တပည့်ကြီး

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၅ (ဇန်နဝါရီ ၁၉၂၆) စာ ၂၄၄။



၄၉။ ရေးနှင့်ယခုအခါ ကဗျာများခြားနားပုံ တေးထပ်

စာကဗျာရေးကြ။တေးဝစနာမွှန်စွာ။ ရေးကနှင့်အလွန်ကွာသည်။ ရွံ့စရာသတိ။ စည်းဆီးမဲ့ခေတ်အခါမှာ။ အနှစ်ဟာရွေးမျှမရှိ။ စောင်းချိုပ် ချိုပ်အဆဲသန်။ အကဲဟန်ညာဝိ။ အထဲဉာဏ်ဘာမသိသော်လဲ။ ငါကဝိ ကိုယ့်ကိုယ်။ အရသာဗလာကင်း။ ငါတမင်ပြုကြဆိုထို။ ဂိုဏ်းဂဏ ဒေါသ ဆိုလျှင်။ ဩဇာကိုဘယ်သင်းလို့။ အမယ်မင်းကင်းသံတိကွာ။ ရှင်းမသိပါ။ စိတ်ထင်တိုင်းလုပ်ကြရာသည်။ ဟုတ်လှတာရှိဘူးကွဲ့လေး။

ပျဉ်းမနားက နင်းပြား
သတိုးပိယ၏တပည့်ကြီး။

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၅ (ဇန်နဝါရီ ၁၉၂၆) စာ ၂၄၄။

၅၀။ ကဗျာဝါသနာရှိသူတို့ နှလုံးသွင်းစရာလင်္ကာ

မှတ်လော့နာနာ။ ကျွန်ုပ်မှာအံ့။ ကဗျာရေးမှု။ တေးအစုကို။ ရေးဉပဒေ။ နည်းစုံမွေ၍။ ရှာဖွေမိတိ။ ပဏိတ်ဖြင့်။ ကဝိထံဝယ်။ ဉစ္စာသယ်သည်။ အဘယ်ကြိုးပမ်း။ ဆံတခြမ်းမှ။ ညစ်ညမ်းပြစ်မှား။ မရှိကြားပင်။ လေးစား အာရုံ။ နည်းညွှန်စုံသော်။ ထုံးပုံသုတ။ ရှိလုံ့လဖြင့်။ နှုတ်ရှုပြီပြင်။ ထက် အောက်သင့်လော့။ ဆင်ခြင်ဉာဏ်မှတ်။ ပညာတတ်လျက်။ မမြတ်နှလုံး။ ဝေဝုစ်သုံးသည့်။ ဖြစ်ရှုံးဘဝ။ လူ့ဗာလသည်။ နယမေးလို။ နှုတ်စချိုလည်း။ သူ့ကိုကြောက်ငြင်း။ ဝေးစွကြဉ်သည်။ အစဉ်မှတ်ကြောင်း မှန်တော့၏။

ပျဉ်းမနားကနင်းပြား
သတိုးပိယ၏တပည့်ကြီး။

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၅ (ဇန်နဝါရီ ၁၉၂၆) စာ ၂၄၄။

၅၁။ ရန်ကုန်မြို့ မြို့မတိုင်းရင်းသားကျောင်းမှ ထုတ်ဝေသော ဝံသယုဝ မဂ္ဂဇင်း"သတိုးပီယမှန်ပြဆောင်းပါး"မှ ထုတ်နှုတ်ချက်။

ဓမ္မောဇလည်းရ ဩဝါဒလည်းပါသည့် ဆောင်ပုဒ်ကဗျာ မဟာ လေးချိုးကြီး။

ယင်းသို့အရှိကထာ ဓမ္မောဇာအရကိုတော့။ ကွင်းဖို့ လှည့်ဖို့ အချင်းတပည့်တို့အဖြာဖြာလောကာ လောကာမထကြလေနဲ့လို့။ နားတွင်းသို့ထည့်စရာ ဩဝါဒကိုတော့။ (အင်း) မင်းရိုကဝိငါဆရာ ဟောကာပြောကာ ပြလေတော့။ သဘောမှာကျကျပြီး မွေ့မွေ့စရာ။ (အိုကွယ်) မနောသဒ္ဓါမျှ စောကာ စောကာ တတပြီး။ သောတာနှစ်ဝရယ် တစေ့စေ့နာ။ ဩော်... ဘရဏီတဦးငယ်သို့။ ပြိတ်ီတီနှင့် နူးပေမဲ့။ ဘီလူးမ သဖွယ်ပမာပြပါတဲ့။ ဝါနာတဏှာကို ဉာဏ်ဆောင်လို့ ထိန်းကြပေတော။ ပတိဏ်းအခြေဟိတ်ပါတဲ့။ ရေဆိပ်ကွယ်သာလာယံသို့။ မာယာဉာဏ်ပလီတဲ့သဘောတွေနဲ့။ ဆိတ်ငြိမ်၍ အခွင့်သာလျှင်။ ဆင့်ကာ ဆင့်ကာ လောနေကြ။ ထောက်ထွေး၍ မစာနာပေါင်။ မျောက်မွေးတတ်တဲ့ ဝါသနာကပေါပါသကွဲ့။ မှတ်စရာဇာတ်လာနှင့် ဟောရမှာဖြင့်။ ရှေးသောအခါဗာရာဏာတွင်မှ။ ရာဇပလ္လင်တော်ပေါ်။ တမန်တော်ခြောက်ကျိပ်လေးငယ်နှင့်။ မျောက်မွေးသူ မိဖုရား‌ငဲ့ပြင်။ အချိန်မလှတဲ့ အခြေမညီတညီမှာ။ ကိန္နရဒေဝီတို့ မှားလိုက်ပုံက။ မရွံ့အတူရှင်တယ်။ ငဆွံ့အနူ လင်ငယ်နှင့် ညားကြပါတဲ့။ ကျောင်းသားလူမမယ်တို့ရဲ့။ အမူကြွယ်လျှင်မတွေးရှောင်မခွာကပ်သော်ကြောင့်။ အတူနှစ်သွယ် အမေးမှောင်တဏှာပတ်ပါလို့။ ဩော်... အယူလွယ်သော် အရေးနှောင် အခါကြပ်တတ်ပါသကွဲ့။ (မ) ဇာတ်ကို ရှောင်လျက်ကွင်းတဲ့ပြင်။ သင်ရင်းပညာစုံဖို့လို့။ အကြင်ကာမဂုဏ် ချိတ်ငင်တဲ့ဘေးကိုဖြင့်။ တံတွေးတမျှ မတွေးဆမူ၍။ ဝေးကကြဉ်ပါ။ ညှိသဘောဓာတ်ပမာ ရှုဆင်လို့ဆကြပေတော့။ သို့လောမှတ်စရာ တစ်ခု



တင်၍ ပြရမှာဖြင့်။ တို့စောသတ္တာ နှစဉ်ဘဝရယ်က။ ဥမင်္ဂဇာတ်တော်လာ။ မပြတ်အလော်မာတွေနဲ့. ဇလာကဒေဝီအရေး။ (တပည့်တို့ရယ်) ပြာသာဒ်တော်ရတနာမကွဲ့.အရာကျတာပြေဆီပြေး။တွေးရှုရာ။ တေးစုစာကဗျာနဲ့။ ရေးမူအဖြာဖြာပ။ အာသာအကုန် စိတ်ရှိသမျှမှန်းပါလို့။ နာသာရုံကုတ္တိအခဏ်းကိုဖြင့်။ ဘာညာအစုံနိဋ္ဌိတမ်းပြီးမို့။ အောင်ပန်းနှော်အသာဆင်လျက်။ ဆရာအရှင်မင်းရှိကို ပီယမှာတော့။ ဂီတဝါသနာ အထုံးနဲ့။ ကဗျာဘုံတွင် ထီးတဆူဖွင့်ချင်လို့။ အခွင့်ကို မြော်စောင့်စားပါရ။ ဘယ်သူက သာကြပါတယ်ဆိုစေကာမူ။ မာနတရားကို မထားလိုက်ပုံက။ ဆရာ့ရွှံကြသိ ပရဝမ္ဘနဆိုစေကာမူ။ ဓမ္မတာခွန်ပြ ဗြဟ္မစိုရ်ပွားပါရဲ့။ မိုက်ရိုင်းစုတ်ပဲ. ရှုပ်သနဲ့ကောင်တွေ တမာန်ဖီတောင်။ ခန္တီနှင့်တားရပါတော့။ အင်း... အတွက်ညှာလျှင်။ ဆက်စရာအများတွေ အများပါဘဲ။ စာသွားတမျိုးပြောင်းသနဲ့ ဂီတအလင်္ကာတေးထွေထွေနှင့်။ တရားပုဆိုးနှောင်အဘွဲ့. ဤမှုမင်္ဂလာအရေးကိုတော့။ (နှင်းပြားရယ်) အများအကျိုးဆောင်တဲ့ ပီယပညာဝါသွေး။

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၆ (ဖေဖော်ဝါရီ ၁၉၂၆) စာ ၂၇၂။

၅၂။ မြင့်မြင့်သို့ ပြန်ကြားဖြေဆိုချက်

ယခင်ပြာသိုလထုတ် ဤမဂ္ဂဇင်းနံပါတ် ၂၈၅ ၌ "နှင်းပြားနှင့်စပ်လျဉ်းသည်ဟူသော ဒွေးချိုးဖြင့်။ အမေးတမျိုးမေးလိုက်သူ ခရီးသည်မြင့်မြင့်အား။ အခွင့်နှင့်ကြေလည်အောင်ဖြေမည် (ဝါ) ဖြေအံ့ဟူသော ပဋိညာဉ်ပေးအပ်သည့် တေးထပ်သော်ကား။ အော်နားကပါသောအတိုင်းဟူ၏။

ချစ်သောသူမြင့်မြင့်ရဲ့။ သင့်အတင့်ဖြေမည်။ အခွင့်နှင့်ကြေညီအောင်။ ပဟေဠိဉာဏ်စမ်း။ ကဝိညွှန်မင်းများဘောင်မှာ။ နှင်းပြားမောင်

ရေးမဲ့လက်တန်း။ ဝိတ္ထာရမချဲ့ခြင်း။ အတဲ့ပင်ဝေခြမ်း။ နွဲ့သဇင်အဖြေပန်းကိုတော့။ အဆွေလှမ်းဆင်စေ။ ခရီးသည်ရောက်ရာရပ်ဆီက။ ကောက်ခါဖတ် ရှုတဲ့ပါလေ။ ပါဠိနှင့် စာညှိဖြေဇည်။ ဇာတိမြေရွှေနားက။ လေသမားမှတ်နှင့်နော်ဗျာ။ ထပ်ဆင့်ဖော်ကာ။ ဒြပ်ဖြင့်အပျော်ရှာသည်။ ပော်သဇာ "ကိုပြား" ကွဲ့လေး။

"နင်းပြား" ဟူသော ဝစနတ္တ ဝိဂ္ဂြိုဟ်ပြဂါထာ

ဘာရေနဝါ ပောဋ္ဌာဘာဂံ။ နမတိ တိ သုစေတသာ

ထိ ရေန ပက္ခိပန္တောပိ။ ဒေါသံ အာဝဟတေသုခံ။

တေန ဧသော နင်းပြား တျေဝ။ ပါကဋောဇမ္ဗူ့ဒီပတေ။

ဘာရေန။ အမျိုးဘာသာ သာသနာကို။ ဆောင်ရာကဲချုပ် ဝန်ထုပ်ဝန်ပိုးကြောင့် ပောဋ္ဌာဘာဂံ။ မတက်မကြွ။ မာနနှိမ်ရိုး အောက်အဖို့သို့ သုစေတသာ။ မထောင်မလွှား ကောင်းမြတ်သော စိတ်ထားဖြင့်။ နမတိ။ ဦးခေါင်းငုံ့ကာ။ ညွတ်တတ်ပါ၏။ ဣတိဝါ။ ထို့ကြောင့်ငှင်း။ ဒေါသံ။ အပြစ်ဒေါသဟူသမျှကို။ ပက္ခိပန္တောပိ။ သူတပါးတို့သည် ထည့်ဖို့အပ် သော်လည်း။ ထိရေန။ မြဲမြံခိုင်မာလှစွာ။ သုခံ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ အာဝဟတေ။ မတုန်မလှုပ်။ နောက်မဆုတ်ဘဲ။ အဟုတ်ရွက်ဆောင်တတ်၏။ တေန။ ထိုသို့ မတုန်မလှုပ် နောက်မဆုတ်ဘဲ။ အဟုတ်ချမ်းသာစွာ ညွတ်တတ် ရွက်ဆောင်တတ်သည်၏။ အဖြစ်ကြောင့်။ ဧသော။ ထိုပုဂ္ဂိုလ်သည်။ (ဝါ) သတိုးပီယ။ အမည်သလျက်။ ဂီတကဗျာ။ အလင်္ကာနှင့်။ ပညာမိုးသို့။ ထိုပုဂ္ဂိုလ်၏။ ခေါ် ဆိုတွင်မှည့်။ အနွေ့ဝါသီက တပည့်ကြီးသည်။ နင်းပြားတျေဝ။ နင်းပြားဟူ၍သာလျှင်။ ဇမ္ဗူဒီပတေ။ ဇမ္ဗူဒိပ်ကျွန်း၌။ ပါကဋော။ ကျော်စောထင်ရှား၏။ ဤကား မြင့်မြင့်တည်းဟူ အမြင်သန်သူကို။ အင်မတန်ချစ်ရာလွန်းလို။ ပဏ္ဏာအစွန်းတကွက်မျှမတိုဘဲ ခပ်ရို့ရို့ဖြေလိုက်ခြင်းပေတည်း။



ပျဉ်းမနားဆီက။ နင်းပြားလို့ကျော်တဲ့ဖေ။ ခန္တီကိုလည်ဝဲယ်သိုင်း။ ကိုင်းညွတ်တတ်ပေ။ စိတ်မယဉ်လူတချို့က။ ဖို့လိုက်တဲ့အပြစ်တွေ။ နှစ်စေတော့သည်ပိုး။ ပါဠိအလာမိပ္ပာယ်ဖွင့်တယ်။ မြင့်ရဲ့အကျိုး။ ဟူသော လေးဆစ်ဖြင့်။ အဖွင့်အဓိပ္ပာယ်ကို။ တဆိတ်လွယ်လွယ်နှင့် သိပေရော့တော်သေးပေါ့။ အထူးသတိပေးလိုသည်မှာ။ မြင့်မြင့်၏ ကဗျာခွေးချိုးကလေးတွင်။ ရေးရိုးနှင့်ကွဲနေသဖြင့်။ လွဲ၏။ (ဝါ) ဒုဌလက္ခံရဒေါသသင့်၏။ မြင့်ဘဲပြန်ကြည့်ပါတော့လေ။ ရှည်မည်စိုးသောကြောင့်။ မဆက်ပါရစေနှင့်တော့။

ပျဉ်းမနားက "နင်းပြား"
သတိုးပီယ၏တပည့်ကြီး။

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၆ (ဖေဖော်ဝါရီ ၁၉၂၆) စာ ၂၇၃။

၅၃။ ရေလားရတုပိုဒ်စုံ ၂၇ ပိုဒ်စုံ

(၁) နွေလည်းဆန်းစ။(၁)ရေမော်ကမ်းပိတ်ကျောက်စောင်းတည်း။
(၂) ရေကြည်ပန်းခ။ (၂) ရွှေလှော်လျှမ်းဖိတ်ခြောက်မောင်းတည်း။
(၃) ဆွေနည်းမှန်းတ ။ (၃) ဖြေဖျော်လွမ်းစိတ်ပျောက်ကြောင်းတည်း။
မဂိုဏ်းအချီ ၃ ပိုဒ် အချ ၃ ပိုဒ်

(၁) နွေလည်းဆန်းစ။ ရာသီမျှ၍။ သီတမလွန်။ ပူမဝှန်ဘဲ။ လေထန်တွေ့ရစ်။ သလ္လာမြစ်မှ။ တစ်တစ်ရေဟုန်။ လှိုင်ပွက်ခုန်တွင်။ ရေစုန်လိုက်မျော။ လှေပိန်းကောဖြင့်။ မြစ်ကြောငါးရှာ။ လိုက်ဘာသာမို့။ တံငါရေပျော်။ "ဟိန်လေး" အော်လျက်။ ရေကျော်ကွန်ပစ်။ မြင်သည်ဖြစ်ကြောင်း။ ဖွဲ့ရစ်ငယ်ခါ။ နှောင့်မိတ်လျာကို။ စိတ်မှာယူတ။ လွမ်းလိုက်လှလည်း။ မပြသာပြန်။ ကိုယ်ထည်းကျန်ခဲ့။ ရေဆန်ကြလဲ။ ခနောင်ဝဲမှ။ လွှတ်ဆဲခါသော်။ ကြီး၍လှော်သည်။ ရေမော်ကမ်းပိတ် ကျောက်စောင်းတည်း။

(၂) ရေကြည်းပန်းခါ။ ပရစ်ထလျက်။ ရွက်မြ ပွင့်ရွှေ။ ခိုင်လုံးဝေသည့်။ ဇင်ခွေညှာချီ။ သရဖီနှင့်။ ရိုးနီအင်ကြင်း။ ပန်းများမင်းတို့။ လေသွင်ဆော်ပင့်။ ကြွေသနင့်ကြောင့်။ ခင်ခင်သက်နှောင်။ ယောက်တည်းမောင်မှာ။ လေ့ဖောင်ကပ်ဆိုက်။ နှစ်အင်ချိုက်မျှ။ အလိုက်ကုံးစီ။ ညှာချင်သီ၍။ စေတီမြတ်မှူး။ ဖောင်ခေတ်ဦးနှင့်။ ရည်စူးထပ်တူ။ ပန်းအလှူဟု။ မအုပေါင်းဝ။ စေတီများတွင်။ ညွတ်ခကြည်ညို။ လှူပါလိုလည်း။ ချိန်ပိုအမြော်။ မြစ်မှမျှော်သည်။ ရွှေလှော်လှျမ်းဖိတ် ခြောက်မောင်းတည်း။ ။

(၃) ဆွေနည်းမှန်းတ။ နှောင့်သက်မျှကို။ နိစ္စအောက်မေ့။ လွမ်းရှိန်ငွေ့နှင့်။ ညိုးသွေ့ပါလျက်။ ဆန်ခဲ့တက်သော်။ ရေငှက်ဘော်ချင်း။ သဘင်ကြင်း၍။ သောင်တင်း၊ တင်ကျီး၊ ရေဟုန်စီးလျက် ငှက်ကြီးဝန်လို။ သောင်စပ်ခိုကြ၊ ချေသံလွင်။ ပျော်သည်မြင်သော်။ မရွှင်လေလှည့်။ ဗျာဝှန်ပြည့်၍။ တုန်ချည့်ကိုယ်လုံး။ ကြာနှယ်ချုံးခဲ့။ ချစ်ထုံးမပြေ။ သို့တစေကြောင့်။ ကမ်းခြေဝဲစွန်း။ ပုလဲကျွန်းသို့။ မျက်မှန်းမျှော်လျက်။ အာရုံသက်တည့်။ နှုတ်မြွက်ထွေငေါ်။ သာချင်းကျေသည်။ ဖြေဖျော်လွမ်းစိတ်ပျောက်ကြောင်းတည်း။ ။

သတိုးပိယ

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၇ (မတ် ၁၉၂၆) စာ ၂၅၂။

## ၅၄။ မိုးကုတ်မြို့ သိန်းရတနာသို့ ပြန်ကြားချက်

သိန်းရတနာကလျာဏရဲ့။ ထာဝရမေတ္တာ။ စာမယအပြစ်ရှာသည်။ အဖြစ်မှာ၍သို့။ များဘိတောင်ကိစ္စပွေတယ်။ စိတ်ကလေး အောက်မေ့သဗျို့။ ဝမ်းသမုဒ် အူဂဏေ်။ ပူခွင့်တွေထွေလို့။ ယူခြင့်စေ အဆွေ ညို့သူ့ရဲ့။ အဖြေပို့မှန်ရာ။ ဟိသစ္စထုတ်ဆိုကြား။ နှုတ်ချိုပျားမှတ်နှင့်နော်ဗျာ။



စိတ်လောကွတ်ရွေးမပါတယ်။ ရေးအခါချစ်ရင်းမို့။ မလစ်ဟင်းမေတ္တာဝေ။ ငါးနှစ်ရှစ်ထွေ။ ဦးပိယ မစိန်းလေတယ်။ သိန်းအဆွေယုံစမ်းတော့လေး။

"သတိုးပိယ"

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၇ (မတ် ၁၉၂၆) စာ ၂၅၃။

ဒဂုန်ကဝိပေါင်းချုပ်၊ ၂၃၅ စာ။

## ၅၅။ ခရီးသည် မြင့်မြင့်သို့

ခရီးသည်မိတ်နှမကြောင့်။ တကိစ္စပွေအင်။ တဆိတ်မှ ဖြေမရွှင်တယ်။ ရွှေဘဝင်ပူရ။ ကိုပြား၏ အဖြေလွှာကို စေတနာပွင့်လိုက်ပါစ။ ဗျင်းမနား နိမိတ်ဖြာတယ်။ အတိတ်လာဌာန။ အဒိဌာသဟာယကိုဖြင့်။ ကဗျာပြဖြေပုံ။ ဝါသနာဘာဂီရင်းရယ်ကြောင့်။ စာစီခြင်းမှုဖြင့်ချိန်ကုန်။ ဦးပိယ ကဝိလှူသည်။ တပည့်နုံဟုတ်ဘူးမေ့။ ပြုတ်မနူး ယင်းခေတ်ဒေသာ။ ဇင်းမြစ်ရွှေညာ။ ခင်းသနစ် သေချာသည်။ ဖြေစရာ မျှော်ဆဲကွဲလေ။

ဗျဉ်းမနားက "နင်းပြား"

သတိုးပိယ၏ တပည့်ကြီး။

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၇ (မတ် ၁၉၂၆) စာ ၂၅၃။

## ၅၆။ အတ္တာကျွာရိ မိတ်ဆွေပြီသော ဦးသူတော်သို့ ရှာပုံတော်လေးချိုးကြီး။

အစပ်နယည်းကဗျာနယ်မှာ သရုပ်အကွက်လှမ်းနိုင်သည်။ ကြပ်ကြီးနဲ့ ဆရာရယ်မြုပ်ချက်ဆန်းပါဘိ။ (ဘိုးပြန်ပျော်ကြို့ရယ်) နှုတ်ဆက်ဆန်းချင်လို့ဝင်ခဲ့တယ်။ မလှုပ်ရဲရော့သလား။ အငုပ်မြဲလှချည့်။ ကျုပ်ထဲတွင် အချောင်ခိုတော့မထင်။ ပြောင်သလိုလိုကဗျာနဲ့သုံးပါလို့။ တောင်ထို

ထို ဝနာအလှဲ့ပုံ့သူရဲ့။ ညောင်ညိုညိုသာတဲ့ကုန်းကိုဖြင့်။ လာခဲ့အုံးမည် တမျိုး အကြံဆောင်၍။ ဘိုးပြန်တောင်ဝဲယာတက်ပေမဲ့။ မတွေ့နိုင်ယနေ့ တိုင် ခက်သော်ကြောင့်။ ဇရပ်အိုအိုပြာသာဒ် ထိုထိုအပျက်တွင်ဖြင့်။ ဖိနပ် တိုတိုကြပ်ကို ဝှက်ပါလို့။ မေးစက်မည်အာရုံမျှော်၍။ ရှာပုံတော် တစောင် ထိုးရောဲ့ဟဲ့လို့။ ချောင်းရိုးအငူ ဂမူချောက်ရှိသေလာလမ်းရယ်နှင့်။ တောင်ခိုးတလူလူ ကျောက်ညိုရေပြာစမ်းတွင်ဖြင့်။ ပန်းပိတောက်အခိုင် တသွယ်နှစ်သွယ်ရယ်နော်ဗျာ။ (ကိုကိုပြားမှာလေ) စခန်းမရောက် တရောက် ဝမ်းမပြောက်နိုင်ဘု လမ်းပျောက်မြိုင်လယ်။ ခင်သန်းရွှေ အမည်ခံကာ တပတ်ရိုက်လို့ပြေးသူရဲ့။ ခင်တန်းဖွေ မဟီကမ်းပါးယံမှာ မပြတ်လိုက် လို့မေးပေမဲ့။ အကြပ်ဆိုက်ဘို့ အရေးသာ ပမာတွေ့သကွယ်။ အထေ့ကြွယ် ပါတဲ့ သူတော်ကလေး။ မာနကိုပယ်။ မှာပမယ်သူတော် သယ်ရဲ့။ ဂူပေါ် အဆွယ် သေလာထိပ်တွင်မှ ရိပ်သာညောင်ကျောင်းငယ် အပျက်တွင်ဖြင့်။ ဆိတ်စာတောင်လျှောင်းတယ်လို့ မစက်လေနှင့်။ အထက်ခါ တံဘောင်ရိုးမှာတော့။ ဘိနပ်တိုကြပ်ကို ခိုးတတ်သတဲ့။ အကျိုး ဆောင်သတိပေးရပါတော့။ ရိပ်အေးစွာဝနာတခို၍။ မဟာဗြဟ္မာစိုရ် စာကိုကျက်ခါပ။ ကဗျာ ဆိုလျှင် တထွာတညိုမှ မမြွက်တာဖြင့်။ ရေးမသာ ပြေးကာထွက်သည်ဟု။ တစ်ဖက်တစောင်မှာ အပျက်အရှောင်သမားတွေ က။ စကားသတင်းလွှင့်၍ "ဘိုကလာတာတာ" မေးကြပါလိမ့်။ တရား မကာင်းသဖြင့်။ နဂိုရ်ဝါသနာ တေးကိုလ။ (ဦးသူတော်ရယ်) ... အများနား တွင် မနင်းဘို့ ချိုချိုသာသာရေး။

ပျဉ်းမနားက "နင်းပြား"

သတိုးပိယ တပည့်ကြီး။

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၇ (မတ် ၁၉၂၆) စာ ၂၅၄။



## သတိုးပိယ၏ ကဗျာများ

၅၇။ လေးဆစ်

မည်သတိုးငယ်နှင့်။ သီပိုးမဲ့ကြံရွယ်ခါ။ ကိုယ့်ကိုယ်ကိုထင်မကြီး ဝံ့ပါဘု။ မှီးခွင့်ကဗျာ။ အတွေ့ငယ်ကြာ။ လေ့တာကနေ့တိုင်။ သင်၊ ကြံ၊ အံ၊ ရေးကာစပ်လျှင်၊ တတ်လိမ့်မဆိုင်း။

၅၈။ တေးထပ်

ပါရမီအစွမ်းထက်ပါဘိ။ ငြမ်းတချက်ထောက်ကူ။ ကမ်းတစ်ဖက် မြောက်သူငယ်။ နှံ့စ်ယောက်တူရှိဆဲ။ ငွားစွင့်စွင့် ရွှေကြာငုံလို။ နေအာရုံ လင့်လျက်နေဆဲ။ သမ္ဘာရအဂ္ဂိရောင်။ တက်ဘိနှောင်ပြာမွဲ။ ချွေအကုန် လေဟုန်တွဲခါမှ။ ရွှေယုန်ပွဲပေါ်ဟန်။ ကြယ်ညီလာ ဝန်းလေကြို။ လွှမ်း စေဘို့ ခုဖြင့်ကြံပြန်။ အလင်္ကာကဗျာဉာဏ်မှာ။ မဟာဆန်ညိုနှိုင်းစို့။ ကဝိ ဂိုဏ်းပါအဝင်၊ မှတ်ရအစဉ်။ ဆန်းနိုင်ပေ့ ညာတခင်ရယ် ။စာဘုရင်ဆိုကြစို့ လေး။

၅၉။ လေးချိုး

နှစ်ဆယ်ကျော် ခြောက်နှစ်စွန်းဆီက။ တကယ်နော် နောက်ခေတ် လွှမ်းစေဘို့။ တောက်သစ်ရှန်းပါဘိ စာအဆို။ ချက်မကောင်းချိန်မို့။ လက် ညောင်းအောင် နဘေတေးတွေနဲ့။ ရက်သောင်းထောင် အရှည်ရေးပေမဲ့။ ငွေကြေးမလွယ်ကူတော့။ ငယ်မူနော် အာရုံရပ်ပါလို့။ ကဗျာဆို ထွာညိုမှ မစပ်ချင်ဘု။ ဖြတ်တော့မည်ဆရာ ကြံရက်ကနဲ့။ စာတမန်ပို့လာ ဆက်သူ ကြောင့်။ အားတက်ခါပြန်လျက် နှူးရပါတော့ ရှူးတဲ့လူကို။ တတ်သမျှ ပညာ တလုံးမကျန်ရစေဘို့။ အမှတ်တရသင်ခါ ဖုံးအမှန်ပြချင်ရဲ့။ သုံးပန် လှလို ပကြောဲ့တဲ့ပျို။ ရောဲ့ကွဲ ဆိုပေမဲ့ မဖြစ်သေး။ ဇင်ပွင့်နှယ်တူ။ ပင်မြင့်မှာ တကြုကြုနဲ့။ သင်ခွင့်ကို မြူသာမြူတော့။ ခင်ခင့်လူ စိတ်မကောင်းပါ

ဘု။ ရွှေပြောင်းကာ အညာပြန်ရပါလိမ့်။ ကဗျာဉာဏ်နည်းစုံမှ မရခင်က။ တဝက်တပျက် အခြေမခိုင့်တခိုင်မာ။ အခက်နှစ်ခက် မနေနိုင်သမို့ ကြွရပါတော့။ ပီယမောင် မရှင်လန်းနိုင်ဘုံ။ မှန်းဆမျှော်တွေး။

"သတိုးပီယ"

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၉ (မေ ၁၉၂၆) စာ ၂၆၈။

## ၆၀။ သတိုးပီယ၏ ကဗျာ့အမြုတေ ဆောင်းပါး

ကဗျာလင်္ကာပညာသည်။ ပျော်ပျော်ပါးပါးနှင့် မတတ်သည်ကို ထားဘိဦး။ လူတိုင်းပင် ဝါသနာထုံကြ၏။ သို့ထုံသည့်အလျောက်။ ပေါက်မြောက်စွာ တတ်ကျွမ်းနားလည်လိုပါက။ နည်းကောင်း နိဿယကောင်းကို ဆည်းပူးရန်လိုပေ၏။ "စိတ်ပျိုကိုယ်နု" ဆိုသောအရ။ ကဗျာလင်္ကာကို တတ်ကျွမ်းသူတို့သည်။ စိတ္တသုခ။ ကာယသုခ စသည်များကို။ တမျိုးတနည်းအားဖြင့် ခံစားကြရကုန်၏။ အောက်တွင် ကျွန်ုပ်ဖော်ပြလတ့်သော အကြောင်းအရာတို့သည်။ ကောင်းပါသည်ဟူ၍ မဆိုလိုပါ။ မိမိဉာဏ်ဖြင့် ဆင်ခြင်ရန် လိုအပ်ထင်လျှင်သာ။ မှတ်သားကြပါကုန်။ (ဤကား နိဒါန်းပေတည်း)။

ယခုခေတ် သမယ။ ကဗျာရေးသင်ကြသော။ အချို့ချို့ကုန်သော မိတ်ဆွေများသည်။ နည်းမှားကို ရရှိကြသဖြင့်၊ တေးထပ်လေးချိုးစသည့်။ ခက်ရာခက်ဆစ်ကြီးများကို စတင်လေ့ကျင့်ကြ၏။ စင်စစ်ကား အမှားသာတည်း။ မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ညှင်းဆဲသည် မည်၏။ (သို့ရာတွင် ကဗျာပါရမီရင့်သူများအတွက် မဆိုလို။ မည်သည်က စတင်သင်ကြားစေကာမူ တတ်သည်ချည်းသာတည်း)။

ကဗျာကို မရေးမီ ရှေးဦးစွာ ကာရန်ဆိုသည်ကား မည်သည်နည်း။ မည်သို့သောသဘော ရှိသနည်းဟု ကဗျာများကိုဖတ်၍ စစ်ဆေးလေ့ကျင့်



ရာ၏။ ထိုကာရန်၏သဘောကို နားလည်မှသာလျှင်။ မိမိစတင်ရေးသားလိုသော ကဗျာကို ကာရန်အစိတ်စိတ်ရအောင် သမ္ဘာရ ပရိက္ခေဒ ပြုလုပ်ကြည့်ရာ၏။ (ဝါ) သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းရှုသကဲ့သို့။ ပြုလုပ်စိစစ်ရာ၏။ ပထမလေ့ကျင့်ခန်း အဖို့မှာ။ သံပေါက် ရှစ်လုံးဘွဲ့များဖြစ်၏။ ၎င်းတို့ ကား ယခုပြ ယခုနားလည်နိုင်သော အလွယ်ဆုံးများ ဖြစ်ကြ၏။ ဒုတိယအရစ်မှာ ဒွေးချိုးဖြစ်၏။ ဒွေးချိုးမှာလည်း ..."တောင်တောရယ်သာ။ မာလာကင့်ဖူး။ တပင်နှစ်ပင်ယှက်တယ်။ ကျေးငှက်ကမြူး။..." ဟူသော အချိုးလျှင် နှစ်ပိုဒ်သာရှိသည့် ဒွေးချိုးများကိုသာ လေ့ကျင့်ရာ၏။ ထိုမှတစ်ဆင့်ထက် တစ်ဆင့်တစ်ချိုးလျှင် အပိုဒ် ၁၀၊ ၁၂ ပုဒ်စသည်အထိ လေ့ကျင့်ရာ၏။

တတိယလေ့ကျင့်ခန်းမှာ လေးဆစ်ဖြစ်၏။ ထိုလေးဆစ်မှာ ဒွေးချိုးကို နားလည်သောအခါ လွန်စွာလွယ်ကူပေ၏။ ဒွေးချိုးနှစ်ခုကို အနည်းငယ်ပြုပြင်၍ ပေါင်းစပ်ကာမျှဖြင့် လေးဆစ်ဖြစ်လာပေ၏။ ရှေးဦးစွာ စတင်ရေးသားရမည့် လေးဆစ်နမူနာမျိုးမှာ "ကဗျာပိုင်း နှိုင်းကြတော့များသူငါ ပြိုင်လာလျှင် တစ်ဗိုလ်တက် ထွက်မဲ့သူပါ ကြွားမဝါ ဓာဆိုတဲ့ ဝိဓ်ပဲ ကဗျာကို ရေလိုနှောက် သောက်ခဲ့ကပွဲ" ဟူသောလေးဆစ်မျိုး ဖြစ်စေရမည်။

(မှတ်ချက်... ထိုလေးဆစ်တွင် တစ်ဆစ်တစ်ဆစ်၌ နှစ်ပိုဒ်စီ ပါဝင်၍ တစ်ပိုဒ်နှင့်တစ်ပိုဒ် ဟပ်သောကာရန်များမှာလည်း ဦးတိုက်ချည်းသာတည်း။ သတိပြုပါကုန်)

စတုတ္ထလေ့ကျင့်ခန်းအဖို့မှာ လေးချိုးဖြစ်၏။ လေးချိုးဆိုသည်မှာလည်း လေးဆစ်နှင့် အပိုဒ်မျှသာ ခြားနားပေတော့၏။ ပထမအချိုးတွင် သုံးပိုဒ်၊ ဒုတိယနှင့် တတိယအချိုးတွင် လေးပိုဒ်စီ၊ စတုတ္ထအချိုးတွင် ငါးပိုဒ်နှင့် ခြောက်ပိုဒ်၊ ဤသို့ရေးခြင်းဖြင့် လေးချိုးဖြစ်နိုင်ပေ၏။ ဤလေးချိုး

အတွက် နမူနာမှာ။ "လှဒေဝီ မေပျိုဖြိုန်းရယ်ကြောင့်" ဟူသော လေးချိုးသည်။ အထူးသင့်လျော်လှ၏။

ပဋ္ဌမလေ့ကျင့်ရန်မှာကား စာထောင့်ကဗျာ မဟာလေးချိုးကြီးဖြစ်၏။ ဤစာထောင့်လေးချိုးကြီးကို ယခုအခါ ရေးသားလေ့ကျင့် လာကြသည်မှာ ခတ်ဟာဟာများကိုသာ တွေ့ရပေ၏။ သို့တွေ့ရခြင်းမှာလည်း အောက်သက်မကျေ နည်းမှန်မရကြသောကြောင့်သာ ဖြစ်ပေ၏။ စင်စစ်မှာ လေးဆစ်ကို မိမိရရ ရေးတတ်ပါက များစွာလွယ်ကူလှပေ၏။ စာထောင့်လေးချိုးကြီးမှာ စင်စစ်အားဖြင့် လေးဆစ်လေးချိုးတို့ကို ချဲ့ထွင် အပိုဒ်ပိုသွင်း၍ ရေးသားထားခြင်းမျှသာ ဖြစ်၏။ အောက်တွင်ဖော်ပြထားသော နမူနာများကို ကြည့်ပါကုန်။

ယောသူ့ရွာဘွဲ့သီချင်း (ရှေးရေး)

လုံမလေးကို သူ့အမေရိုက်လျှင်ဖြင့် လာလေလိုက်ခဲ့ပါတော့။ မောင်တို့ရွာ မောင်တို့ရွာ ဘာတွေပေါပါလိမ့် ပင်နီချောရယ်နဲ့ ယောထမီ ပိတ်အကျီကြွေခြယ်စီလို့ ကြောက်ဖွယ်ပေါပါတဲ့ ယောသူ့ရွာ။

၁။ ယောသူ့ရွာဘွဲ့ကိုချဲ့၍ရေးသော စာထောင့်လေးချိုးကြီး

(မှတ်ချက်။ ။ မစ္စတာမောင်မှိုင်းစီရင်ရေးသားတော်မူသော မြမ္မစေတီ အတ္ထုပ္ပတ္တိမျက်နှာနံပါတ် ၁၁၄ မှ ထုတ်နှုတ်သည်။)

ပုံပြရှေးဆိုပြ ဒုဗ္ဗေသိုက်မှာတော့ တုန်ရသေးသကို မှူမကျေလိုက်တာက လုံမလေးကို သူ့အမေရိုက်ရင်ဖြင့် မညှာမသွေဝိုက် ကညာဆွေ မကိုင်ရှိကယ်က လာလေလိုက်ခဲ့ပါတော့ မောင်တို့ရွာ...ဆီ။ နှောင်ဖို့မကွာ ကညာမေ မောစေဘို့ တောင်ဘိုးသာယာပထဗျာတောဆီသို့ ဆောင်လိုလာရင်ပါကောသာပ မောင်တို့ရွာ ဘာတွေပေါပါလိမ့် ဘဝင် မကြည်တဲ့ဖော တွေနှင့် ခင်သီသီဖြင့်မောရှာလိမ့် စောမဒီပါကိုနှော်ကွယ် ပင်နီချောရယ်



နှင့် ယောထမီ။ နိမိတ်ကိန်းအညီ နေခြည်ကလဲ မသက်ရအောင်ပ။ ပိတ်အကျီကြွေစီဖက်ပါလို့ ဒေဝီကရမက်ကယ်တဲ့ မြနှင်းရည် လှရင်းကြည့်ပါတဲ့မှုံပလဲ (အို) လမင်းစန္ဒီသို့ပုံမလွဲ။ တစ်ယောက်မယ်မှာလေလေ့။ ထောက်တွယ်ကာ ခမျာမောက်လောက်အောင် ကြောက်ဘွယ်သာသည်မှာပေါတဲ့ ပြင် ယောသူ့ရွာဆိုတဲ့တေးငယ်နှင့် စောခုဗျာပါ အင်္ဂိုတလှဲ့ ကျွေးတယ်လို့။ ခင်လေးမောင် ကြုံတဲ့နဲ့မှာဖြင့် ထင်ထွေးယောင်ပုံတကဲ့ မလွဲပါဘု။ မောစလုခမျာလဲတော့မထင့် ဇောအမူဗျာပါကဲဒါမို့။ (မောင်မောင့်မှာကွယ်) ယောသူ့ရွာကပါဘဲ...အဲဒါစာခုနစ်ပိုဒ်ကို သိုက်သိုက်မြိုက်မြိုက် ချဲ့ထွင်ပြီး နွဲ့ချင်တိုင်းနွဲ့ထားတဲ့ တကဲ့အသွားတစ်မျိုးဟု အားကြိုးပြီးမှတ် ပါကုန်။ ထို့နောက် ...

လှည်းဘွဲ့လေးဆစ် (ဦးရာကျော်ရေး)

ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်
မောင်လေးခင်ယာမလုပ်တယ်။ ဝါးခုတ်တဲ့တောင်
နွားညီနှောင် စီအောင်ပဖေကျောင်း။ မောင်မယ်စုံအတူနေရမှ
ဆူဝေအောင် ခြူတွေဆွဲလို့ငယ်
လှည်းယဉ်နှင့်မောင်း။

၂။ အထက်ပါ လေးဆစ်ကို ချဲ့သည့် လှည်းဘွဲ့လေးချိုး။
(အဆိုပါ ဦးရာကျော်ပင် ချဲ့သည်)

ညို့ဖုံးယံချောက်နံဘေးမှာလ တို့ဘုန်းကံအလျှောက်မွေးရော့ထင့် တခေါက်ပြေးမှဖြင့် မိုယ်းထိုးမယောင်။ (အိုကွယ်) ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်။ နှစ်ကိုယ်ချို့တာကြောင့် ချိဘို့တူနွားပြာတုတ်တွေနှင့် ပျိုတို့လူယာမလုပ်တယ် အားထုတ်မဲ့မောင်မှာနှော်ကွယ်။ ဝါးခုတ်တဲ့

တောင်။ ဟဲ့ဆိုကာ ကြိမ်တန်မြှောက်မှဖြင့် လှဲ့လိုရာ တိမ်ယံရောက်နိုင်ငဲ့ အိမ်ခြံပေါက်ပါတဲ့ နွားညီနောင်။ စားညီတောင်မှညနေစောင်း အားစီအောင်ပ.ဝစေကြောင်း။ ဆောင်ခွင့်ကိုရှယ် မောင်နှင့်မယ်တူယှဉ်တွဲရတော့ နောင်တင့်တယ်လူမြင်ရဲခါမှ။ ယူငင်ကာ ခြူထင်လို့ဆွဲပါမယ်။ (အမယ်မင်း) ပွဲဝင်မဲ့ချောင်းသူက (အိုကွယ်) လှည်းယာဉ်နဲ့မောင်း။ အကြောင်းသင့်သဖြင့် ဖော်ပြပါဦးအံ့ အဆိုပါကဗျာဘွဲ့သူ ဦးရာကျော်မှာ ပျဉ်းမနားမြို့မှ ယစ်မျိုးအင်စပိတ်တော်ဟောင်းဖြစ်၍ လွန်ခဲ့သော ငါးနှစ်ခန့်က အနိစ္စရောက်လေပြီ ၎င်းရေးသားသမျှကဗျာတို့မှာ ကဗျာ မည်ကာမတ္တ ကဗျာဖြစ်ကတတ်ဆန်းများမဟုတ်။ နမူနာတစ်ခုပြု လောက်အောင်ကောင်းပေ၏။ ၎င်း၏အစ်ကို ဦးဘိုးလှိုင်မှာလည်း ထိုနည်း နှင်နှင်ဖြစ်ပေ၏။ တဖန်...

### ကရင်နီရှာဘွဲ့လေးဆစ် (ရှေးရေး)

မမလေးကိုတဲ့ လိုက်ခဲ့ခေါ် ပိန်းပျောက်စဉ်အစီနဲ့ ကရင်နီ ခေါင်ရေသုံးပါတဲ့ တောင်ကိုးလုံးပေါ် ရှုလိုက်ပြန်သော် ပြည်တော်နဲ့တနဲ။ ပင်စုံညိုမြိုင်ယံထုမှာ တောသူပျော်ပွဲ။

၃။ အဆိုပါရှေးရိုးကွန့်သည်။ လေးချိုးညွှန့်
(သတိုးပိယရေး)

သင်တိုင်းအပြာမှာ မလှမပဆေးတွေနဲ့ ကရင်အရိုင်းဘာသာ မကျမနသေးပေမဲ့ မြင်တိုင်းသဒ္ဒါသကွာ မရမကမေးမေးပြီး အဝ၊ အငှ၊ ကျေးလိုသကွဲ့ စရိုက်နဲ့ပျော် (အိုကွယ်) အစစအရေး ခဏခဏတွေးတွေးပြီး မမလေးကိုတဲ့ လိုက်ခဲ့ခေါ်။ ကိန်းအလျှောက်သာပ စိမ်းအခြောက်တွေဖြင့် သိမ်းမကောက်နိုင်ဘု ပိန်းမျောက်စဉ်အစီနဲ့ လွင်မှညီတောင်မြေကုန်းဆီမှ



ခင်မဒီရှောင်သွယ်လို့ မပုန်းလိုက်ပါနဲ့ ကရင်နီခေါင်ရေသုံးပါတဲ့ မြောင်ရိုးမဆုံး တခေါ် နှစ်ခေါ် ပါကိုနှော်ကွယ် တောင်ကိုးလုံးပေါ် ပြဒ့မကိုင့်စံပျော်မမှီသော်တလှဲ့တွဲပါလို့ ဂရုတစိုက်အမြန်ခေါ် တာ ကောင်မကြည် သနှော်အနွဲ့နှင့်ချွဲသူရဲ့ ရှုလိုက်ပြန်သော် ပြည်တော်နဲ့တနဲသာပ အညီနှစ်ဖော်နွဲ့ပါလို့ မောင်ထမ်းမနှော် တောင်တန်းအကျော်တွေမဖြင့် လင်ဖေတွဲ ယောင်ယမ်းမအော်လေနဲ့ကွဲ့ ခင်မေပုလဲ ခင်လုံ့ပျို သွင်ပုံမှာ ငိုမလိုနဲ့ ရင်တုန်ကာတဖိုဖို ပင်စုံညိုမြိုင်ယံထုမှာဖြင့် မောစလူ တအော်အော်နဲ့ချွဲသူရဲ့ ဟောယခုတချော်ချော်နဲ့ လွဲတော့မထင့် (မိမိရယ်) တောသူ့ပျော်ပွဲ။

ထို့ကြောင့် အချုပ်ကိုဆိုသော် လေးဆစ်ကို ချဲ့ထွင်ရေးသားရာ တွင်ပထမအကြိမ်၌ ခတ်ရိုးရိုး "လှည့်ဘွဲ့မှာကဲ့သို့" လေးချိုးဖြစ်ရုံသာ ချဲ့အပ်၏ လေးချိုးကို ကျော်ပြန်သောအခါမှသာလျှင် "ယောသူ့ရှာဘွဲ့" နှင့် "ကရင်နီရှာဘွဲ့"မှာကဲ့သို့ မိမိအာဝဇ္ဇန်းရှင်သလောက် စာပိုဒ်ပိုများသွတ်သွင်း၍ စာထောင့်လေးချိုးကြီးအဖြစ်သို့ ရောက်စေရာ၏။ ။

ဤကဲ့သို့ ချဲ့ထွင်ရေးသားရာ၌ လေးချိုး၊ စာထောင့်လေးချိုးကြီးစသည်များအဖြစ်သို့ ရောက်လာသော်လည်း အမည်မှည့်ခေါ် ရန်မှာကားတေးထပ်ကိုကွန့်၍ ရေးရာတွင် "ရှစ်ဆယ်ပေါ်" ဟု ခေါ်ဆိုသကဲ့သို့ လေးဆစ် လေးချိုးကိုကွန့်သဖြင့် "လေးချိုးညွှန့်" ဟူ၍ ကျွန်ုပ်တို့မှည့်ခေါ်ပါသည်။ သဘောကြိုက်ညီပါက လိုက်နာမှည့်ခေါ်ပြီးလျှင် စမ်းသပ်ရေးသားကြပါကုန်။ ဤသို့ ချဲ့ထွင်ရေးသားသော လေးချိုးညွှန့်များကို မကြာမီဤဒဂုန်မဂ္ဂဇင်းတွင် တွေ့မြင်ရလိမ့်မည်ဟု ယုံကြည်ဝမ်းမြောက်မိပါသည်။

ချဲ့ထွင်ရေးသားရန်မှာ "မတင်းတဲ့ကျောက်ဖြာ" "ကသစ်ကယ်တဲ့နန်းသူမောင်" "စိမ်းလှဲ့ရယ်တဲ့ ညိုပြာမှောင်" စသောလေးဆစ်များ။ အများအပြားပင် ရှိပေသည်။ သို့မဟုတ် မိမိကိုယ်တိုင်ရေးသော လေးဆစ်ကိုပင် ချဲ့ထွင်နိုင်ပေသည်။

ဤအပတ် ဤမျှနှင့်ပင် ရပ်ပါအံ့။ နောက်အပတ်များတွင် ခြားနား တွေ့ရှိရသမျှ ကဗျာ့အမြုတေတို့ကို နယအစုစုဖွေကာ ညွှန်သမျှ ရေးပါမည်။ အခွန်မဆွရှေးကဗျုပဒေသတို့နှင့် ယခုအခြေပြနည်း အရပ်ရပ်တို့ကို မှတ်သားနိုင်ကြပါစေကုန်သတည်း။

## နိဂုံးချုပ် (၈၀) ပေါ်ရိုး

ဂီတလင်္ကာအမြုတေပြလို့ ကဗျုပဒေသခြားကာဆို သုတေသနများစွာအဟိုငယ် နားချိုနာလို မှတ်စေသား။ လေးဆစ်၊ လေးချိုး၊ စာထောင့်တိုင်အောင် အဖြောင့်ပိုင်ပိုင် ကြံစမ်းပါတော့လား။ သီမှု၊ ကုန်းမှု၊ ရေးမှုအရာမှာ။ ရေးရှုစရာပဓာနံကား။ တေးစုကဗျာ ကာရန်အသွားတို့။ ရာကြံမမှား သိစေရာ။ တစ်ခုပိုင်ပိုင် နားလည်ခဲ့လျှင်ဖြင့်။ အခြားသီဖွဲ့ကိစ္စပြီးသည့်သာ။ မှတ်စု၊ မှတ်ခွင့်၊ မှတ်ဖွယ်ရှာသော်။ အတတ်ကျယ်စွာ ကဗျာသမုဒ္ဒ၊ အသာတမဟုတ်ကဘက်တိုင်။ ကူးမြောက်ခွင့်ပိုင်ပိုင်။ ကဗျာသိဒ္ဓိအောင်ပန်းခိုင်ကို။ လှမ်းနိုင်ဆင့်နိုင်စေကြောင်းသာပလေး။ ကလောင်စက်လှဲ့ ဖွဲ့တိုင်းမြိုင်အောင် သိုင်းနိုင်ဝိုင်းနိုင် စေစမ်းပါကြလေး။ ။

"သတိုးပိယ"

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၇၂ (ဩဂုတ် ၁၉၂၆) စာ ၁၉၁။

## ၆၃။ အယ်ဒီတာဆရာကြီးက အရှုံးပေးသဖြင့်မေးလိုက်သောတေးထပ်

အယ်ဒီတာဆရာကြီးရဲ့။ မေးလိုက်စမ်းချင်တယ်။ ကျွန်တော်ကိုရှုံးပေးတာဟာ၊ ကြောက်လို့ပင်လေလား။ ။ သို့မဟုတ် တနည်းမှာသော်။ မပြိုင်ယှဉ်ရဲလို့ပေလော။ ။ ကျွန်တော်များ ကဗျာဉာဏ်မှာ။ သိပ်မတတ်ပါဘူး။ ။ ဦးပုညနဝဒေးတို့ထက် သီသီဘဲချိုမယ်။ သို့ပေမဲ့ အမှားတွေ့ရင်တော့။ ပြင်ဆင်ဖို့တောင်းပန်ပါသည်။ ကျေးဇူးလဲတင်ပါမယ်။ မသိတာ



ညွှန်သင်ပြလျှင်ဖြင့်။ နောင်ကောင်းဖို့အမှန်ပါ။ ဝမ်းမြောက်လေနော်။ အယ်ဒီတာ့ပညာဂုဏ်ကို။ ရင်ထုကာအံ့သြမိလေး။

ပျဉ်းမနားက "နင်းပြား"

သတိုးပိယတပည့်ကြီး။

သူရိယမဂ္ဂဇင်း (ဩဂုတ် ၁၉၂၆) စာ ၅၅။

## ၆၄။ အယ်ဒီတာဆရာကြီးသို့ ထောပနာချဲ့လိုက်သော ဩဘာဘွဲ့ တြိချိုးကြီး

အယ်ဒီတာဆရာကြီးရယ်က အနည်းနည်းပြင်လိုက်တာ ဝမ်းမြောက်စဖွယ် ပညာမှာထုမသေးပေဘု ဟိုးရှေးက ကဝေတွေ သေကုန်လို့သာပေါ့။ ကဗျာမှာ တစ်ဘက်ကန်းပါတဲ့။ ခုရှိလျှင် ပြိုင်လိုက်စမ်းချင်လှ (ဦးအယ်ဒီတာကြီးမှာဗျာ) အံ့ဘွဲ့သူရဲ။

အမှာ။ ။ ကျွန်တော်၏ ကဗျာများ မှားယွင်းချက်ချော်ပါက မှတ်ချက်ဖြင့် ပြင်ဆင်တော်မူပါ။ အယ်ဒီတာဆရာကြီး ခင်ဗျား။

ပျဉ်းမနားက နင်းပြား

သတိုးပိယတပည့်ကြီး

သူရိယမဂ္ဂဇင်း (ဩဂုတ် ၁၉၂၆) စာ ၅၅။

## ၆၅။ မွေးတုန်းပန်၊ နံလျှင်ပစ် လေးဆစ်

စက်နှစ်ဖော် သာပြိုင်မွေ့စဉ်က၊ အသက်တော်ရာတိုင် မေ့ပါဘုတဲ့။ (အိုရှင်) ညာနိုင်ပေ့ မြို့ကြီးစံ။ လုံ့လညက်ကိုလ။ မစုံမက်သော်ကြောင့်။ ဂုဏ်ပျက်အောင် တမင်ကြံ၍။ အင်မတန်ကွက်စိပ်ညှိုးပုံက။ ထင်မခံလက်သိပ်ထိုးပါလို့။ ဆိုးတတ်တဲ့ဉာဏ်။ ဘိုကရိ ချိုချို လုပ်ပေမဲ့။ အပျိုလိုအအိုမို့ဟုတ်နိုင်ဘု။ နဂိုရုပ် ပျက်မသွေတယ်။ ရှက်စေရန် ပခင့်တပါး။

(ကျွန်တော်မမှာရှင်) သက်သေခံက ထင်အရှား။ အားငယ်တဲ့သူ။ ထားမယ် မှာ တပူပူနဲ့။ မြူသလို တိုက်ကလက်ထာကြောင့် လူတကိုယ် အိုနှစ်သက် ပါကလား။ (ကိုယ်တော်ရယ်) စိမ်းရက်မှာလား။

"သတိုးပိယ"

သူရိယမဂ္ဂဇင်း (ဩဂုတ် ၁၉၂၆) စာ ၅၆။

၆၆။ တဖန်ဆက်ဆံလိုကြောင်း တောင်းပန်သည်ကို ငြင်းဆန်သော တေးထပ်

ရေနစ်ရာ တပါးမယ့်။ အားနွဲ့တဲ့သူကို။ (စကားနဲ့မြူချို)။ ဝါးလုံ့၍ ကူသလို။ လူပျိုတို့သဘော မွေးတုံးမို့ ပန်ခဲ့ပါသည်။ နံတဲ့အခါ ရွေးမှု မစော။ စပယ်ပွင့် ကြံ့တာညီလျှင်။ ခံယာယီ ရွှေ့လျော။ တန်ပါပြီ အထေ နှင့် ကြော့သူရဲ့။ နှစ်ကွေ့လော ကြံ့စီ။ ထိပ်လည်တွင် အချဆန်းစဉ်က။ ခါးပြမှန်း သိလိုက်ပါပြီ။ ရွှေကျေးသို့ စကားပလီတယ်။ အစားအီ အံ့ခွ တော့။ ပြန်ကြတဲ့ရေးကပုံ။ ခုမှမယ်ကြံ့။ နုသမျှ စဝီယ်ရုံတွင်။ ဘယ့်အင့် နားပြန်သည့်လေး။ ။

"သတိုးပိယ"

သူရိယမဂ္ဂဇင်း (ဩဂုတ် ၁၉၂၆) စာ ၅၆။

၆၇။ ဘုန်းမြင့်သိင်္ဂီ လွမ်းစေတီ ကဗျာဝတ္ထု

ကဗျာဝတ္ထုကို စတွင်ရေးသားသူ စာရေးဆရာကြီး မန္တလေး "မောင်ခင်မောင်သို့" ထောမနာသော ဩဘာတေးထပ်

၁။ အလင်္ကာဆန်းသရွေ့မှာဖြင့်။ မန်းရဝေ့ထွက်ပေ။ မန္တလေး ကနက် တော့တွင်။ အထက်မြေဇာတိ။ ကျမ်းဂန်တတ် အဆူဆူမှာ။ သူမတူ အံ့လောက်ပါဘိ။ ဝတ္ထုနန်းမြပလ္လင်ဝယ်။ ဘဝဿျှင်ပတိ။ ရာ့ဘုရင် အဓိမ္မိ



သာကီယနတ်ဆွေ။ မောင်ခင်မောင်လိပ်ကဗည်းငယ်နှင့်။ နိဿယည်း ပေးတတ်ပါပေ။ မြန်မာ့တိုင်းဌာနေမှာ။ ကဗျာတွေ မှိုပေါက်လို့။ ဆိုစ လောက် လူပါပင်။ ဆန်းကွန်ညွန့်ယဉ်။။ ဝတ္ထုသွား ကဗျာဆင်သည်။ ဆရာဝင် မှတ်တမ်းပေါ့လေး။ ။

သတိုးပိယ

## ဝတ္ထုအစ နိဒါန်လေးဆစ်

၂။ ဒဂုန်နန်းတွင်ဖြင့်။ ဂုဏ်အစွမ်းစာသဘင်။ ပြိုင်ရာမှာကလောင် သွေးပါလို့။ ရေးပေါ့မှုတင်။ အောင်ပန်းကိုဆင်။ အောင်မြင်ဘို့မြော်မှန်း။ ကဗျာစဉ် ဝတ္ထုကြောင်းမှာ။ ကောင်းတဲ့ဇာတ်ခန်း။

## ပဏာမရှစ်လုံးဘွဲ့ မြန်မာကဗျာ

၃။ ကဗျာဝတ္ထု ညွှတ်မှုအာရုံ။
ဗုံ၊ ခံ၊ သံ၊ န မှန်စွာအစုံ။
အာစရိယ မိဘတဖုံ။
ဂုဏ်ရည်ထူး ကျေးဇူးတောင်နှယ်ပုံ။ ။
၄။ ပူစေတာဗ္ဗ မြတ်လှအင်္ဂါ
အနန္တဂိုဏ်း ညွှတ်ရှိုင်းပြီးခါ။
ဝတ္ထုဇာတ်သွား မှတ်သားစေရာ။
ကဗျာပန်း သာခန်းဖွင့်တော့မှာ။

## ဇင်းကျိုက်တောင် မဟာဒီပရသေ့ကြီး ရှစ်ဆယ်ပေါ်ရိုး

၅။ ဇင်းကျိုက်သေလာ မြေချာပလ္လင်၌။ ဇကစာအကျင့်ခိုလျက်သာ။ ခေမာအမြင့် ဖိုလ်မဂ်ရှာသည်။ ဗြဟ္မစိုရ်ကဏ္ဍရှာ အောင်စည်ဟိန်း။ မဟာ

ဒီပ ရသေ့ဆရာအိုမှာ။ အတွေ့ဝနာ တခိုပျော်ပါးပါလို့ကိန်း။ နိဗ္ဗာန်ကွန်းသို့ ယူဆုထင်။ လူမှုမယှဉ်သိက္ခာထိန်း။ ကာမတဏှာ ကင်းစင်ငြိမ်းဖို့။ တွင်းပြင်ခပ်သိမ်း ဓမ္မာရေ။ ဇင်းကျိုက်တောင်ယံ ဂူမင်အပါးမှ။ ဓုတင် တရား သုံးသပ်မြဲတစေ။ လှော်တေမိုးလျက် အညီးဖြေသည်။ သစ်သီးဟာ ရေမျှရုံစားလို့။ ကျမုန်အလား တဏှာဆင်။ ချွန်းဖွင့်သမ္ဘဇဉ်။ မဟာဒီပ အတွေ့ကျင်သည်။ ရသေ့အရှင် ကိုယ့်ထီးသာပလေး။ သေလာ ပဗ္ဗတ ဂူပျော်ရှင်သည်။ သူတော်ပြီပြင် ကြည်နူးဖွယ်ပလေး။

## ဂူဝတွင် ကလေးငယ်တခုကိုတွေ့သောအခဏ်း
## ကေပိုဒ်ရတု

၆။ ဝိရာဂဏ္ဏ။ သဘာဝဖြင့်။ ဈာနလာဘီ။ ကျင့်အညီလျှင်။ လောကီ လွတ်မှု။ အာရုံပြုလျက်။ လူ့လူ့ဘာဝနာ။ ပွားများရာဝယ်။ ဘဇာကိစ္စ။ ငါ့ဂူဝ၌။ တော့တတော့တီ။ သံကုန်ချီလျက်။ မပီမကွဲ။ ညံမစဲသည်။ အိုဝဲလိုလို။ ဘာလိုလိုနှင့်။ ငိုသည့်အကြောင်း။ သိစကောင်းဟု။ ငဲ့စောင်း မြော်ကာ။ ကြည့်သော့ခါဝယ်။ တွယ်တာနတ္တိ။ တ မရှိလျှင်။ အမိမမြင်။ ထည်းထည်းပင်သာ။ ဖြစ်ကျင်ရကား။ ရင်ဝယ်သားသို့။ သနားရှေးရှု။ မွေ့ကာယူသည်။ ဂူတွင်ယုယ မွေးတယ်ကို။

## မောင်ဘုန်းမြင့်ဟူသောဘာသာဖြင့်
## မင်္ဂလာပြုခဏ်း ဒွေးချိုး

၇။ မင်္ဂလာ။ တသညာ အတင့်ဆုံးပေပ။ မြင်အုံးမည် ဂုဏ်အရည်မို့။ ပုဏ္ဏမီ စန်း။ ဘုန်းပွင့်မည့်မောင်။ "ဘုန်းမြင့်" သညာဆောင်လို့။ စိန်တန်ဆောင် အခြေတင့်တယ်။ မြင့်မည့်စက်ပန်း။



## နှစ်ပေါင်းအတန်ငယ်ကြာသောအခါ
## မဟာဒီပရသေ့ကြီးနှင့် စကားဆိုခဏ်း ဒွေးချိုးများ

၈။ (မေး) တန်ခိုးရယ်ငယ်။ မျိုးအနွယ်ဖြစ်အခင်းတွေနဲ့။ မြစ်ရင်းကို ပြန်ကာဖွင့်စေဘို့။ အခွင့်လျှောက်ကြာ။ ထွက်မလယ်။ အမျက်အပြယ်ပ။ ကြက်သူငယ် ကြက်မယ်ထုံးလိုနှင့်။ ဘုန်းပိန့်ချက်များ။

၉။ (ဖြေ) မှတ်စရာ။ ထပ်ခါခါ ဆရာပြောရက်ကနဲ့။ သဘောမောင် မဝင်လို့။ ရှောင်တခင်မေး။ သနွေ့ဘွားပါကွဲ့။ သိကြားပဏ္ဍုတင်လို့။ မကြာ ခင် ရိပ်ဖြူမိုးတယ်။ စိုးမည်အရေး။

## မဟာမြိုင်တောတန်း၌ မောပန်း၍
## ငြီးငြူပုံ။ လေးချိုး

၁၀။ ကုန်းမြင့်တောင်ပေါ် အကွေ့တွင်ဖြင့်။ ဘုန်းမြင့်မောင်ဇော် မတွေ့တာကြောင့်။ မပျော်မွေ့ပါတဲ့နိုင်။ (ဩော်) တစ်ကိုယ်ထူးတာမို့။ လျှိုဦးတောင်အစွယ်၌။ မောင်လယ်လယ် မြော်လျက်မှန်းရတော့။ လွမ်းဘွဲ့ သည်မြိုင်။ ဘမစုံ မိတဆိုးမှာဖြင့်။ ဓနဂုဏ်မရှိနိုးသော်ကြောင့်။ သတိညှိုး သွေးပျက်ယိုင်။ ခွေလျက်မှိုင်ပါလို့ ပူမစဲ။ ကြမ္မာရယ်ငယ်။ မဟာနွယ်သွင် မူလပေမဲ့။ ဗီဇဘယ်အခြေနှင့်။ ဘယ်အနေဘယ်အခင်းရယ်လို့။ ဖြစ်ပုံကို စနစ်စုံဖြင့် မလင်းနိုင်ဘု။ (ဘုန်းမြင့်မှာဗျာ) ယွင်းတက်မွဲ။

## မဟာမြိုင်တောင်မှ ဥစ္စာစောင့်မငယ်တခုသည်။
## "ယက္ခသိင်္ဂီ" ဟူသော အမည်ကိုယူလျက် လူအသွင်ဖန်ဆင်းပြီး
## ဒန်သီချင်းဆို၍ နေစေ ဘောလယ်

၁၁။ (၁) ယက္ခသိင်္ဂီ – သိင်္ဂီ ဣန္ဒနီစွန်းဆီက။ စိန်ဝဇီရှန်းပါတဲ့။ ထွန်မြင့် ညောင်။ ထွန်းပွင့်နေရောင် နေရောင်။ရဝေဆောင်နန်းမှာလေး။ ဒန်းဆင်း တဲ့တောင်။

(၂) နတ်နွယ်စစ်ပါရှင့်။ ချစ်ရုပ်ဆောင်။ ခုများမှာ လူအယောင်ပ။ တူအောင်ဖန်နဲ့။ ဖူးစာပြိုင်တွဲချင်လို့။ ရဲစွန့်ကာ။ ပုလဲမုတ္တာ။ မြဒါလီကုံးကိုလေး။ဘုန်းဆင့်လှဲ့ပါ။

(၃) ပေါ်လာယောင်နိုးငယ်နဲ့။ မြော်ကိုးတဲ့သူပါ။ ချစ်ပန်း ပင်ငုံပဒါဖြင့်။ ထုံနံ့သာမွှေး။ ချွေတော်မူနှေးပါနှင့်။ ထွေးလှဲ့ဖေ။ ကျွန်မသက်ဝေ။ သာကီညွှန့်ငယ်လေး။ ရွှံပါနှင့်လေး။

(၄) မဟာမြို့င်စမ်းဆီက။ နန်းကြီးမေမစုလျားတော်တူမသွေဖို့။ တဆူနေနှုန်း။ ဇမ္ဗူမြေအလုံးမှာဖြင့်။ မမုန်းရင်နိုင်။ ဖူးညွှန့်ကေခိုင်။ မေတ္တာပန်း ငယ်လေး။ လှမ်းဆယ်တော့ပြိုင်။

(၅) မစုံသူထွေးလှချည်။ အရေးတော်မပိုင်။ စံနန်းမဟာမြို့င်က။ ရတနာနိုင်ဘုန်း။ သစ္စာတော်သုံးပါလို့။ အုံးစက်တူယှဉ်။ ယက္ခသိင်္ဂီ ။ ဒေဝီထွေးမယ်လေး။ ပြေးလာလို့မြင့်။

## နှစ်ဆသဖြန်

ပြုံးမရွှင်။ ဂမုံးအင် သဇင်ခက်မှာဖြင့်။ ကြင်ဘက်ကွာဝေး။ ပင်တနန်းဆီက။ ဆင်ဒန်းကို အသာတွယ်လျက်။ မဟာနွယ်ဘုန်းကို စောင့်ရတော့။ (ကိုတော်ရေ) သင့်ကြောင့်မအေး။

## မောင်ဘုန်းမြင့်သည် သီချင်းသံကြားသဖြင့်
## အပါးသို့တပ်လျပ်မေးသော အဖြည့်ခံရတု ၂၇ ပိုဒ်စီ

၁၂။ နတ်နှင့်ပုံသွင်း။ ရှုတိုင်းယဉ်ငဲ့။ ထုံးမင့်ကြော့ကေ။ တစ်ပတ်ခွေနှင့်။ ကိုယ်နေလျလျ။ လူမမျှတည့်။ ရူပနိယာယ်။ လှမျိုးကြွယ်ကို။ အတယ်အာရုံ။ နောင်နှင့်ဆုံသော်။မကြွစကောင်း။ ကြွပေတောင်းဟု။ ရုံးပေါင်းပြတ်ပြတ်။ စိတ်ဝင်မှတ်လည်း။ လူနတ်နဂါး။ ဘယ်ဘုံဘွားကို။ ခြားနားမမြော်။ စိတ်မပျော်ခဲ့။ ရှုသော်ရှုတိုင်း။ စံတန့်နိုင်းသည်။ အပိုင်းကားရွှေ။ တပိုင်းငွေသို့။ ညက်ပြေပြာစင်။ ကျွန်ုပ်မြင်ခဲ့။ အသွင်နုစွ။ သူ့ဌာနသည်။ တက်စတိမ်ဆီ မှတ်ရွယ်တကား။



(၂) ပတ်ဆင့်ဘုံခွင်။ ပြာသာဒ်သွင်သို့။ သဇင်ရွှေဖီ။ ညှာချင်သီလျက်။ မအီစတောင်း။ ရှုမညောင်းမျှ။ တိုးအောင်းရုပ်ချယ်။ မြခြူနွယ်ကို၊ ဒန်းသွယ်ယှက်ကူး။ တကိုယ်ထူးလျှင်။ ရင့်ကျူးသံသာ။ ဘယ်အရာနှင့်။ ဘဇာကိစ္စ။ ခင့်ဆန္ဒကို။ ကျနသေခွေ။ သိပါစေလော့။ သက်ဝေမှတ်ဆင်။ မြို့င်ကြီးရှင်အား။ ကျွမ်းဝင်ချစ်စိတ်။ ရေနှယ်ဖိတ်၍။ ဆို့ပိတ်မနိုင်။ ကိုယ်လုံးယိုင်ခဲ့။ ဘုန်းပြိုင်သက်လှယ်။ ချစ်ကြီးသွယ်လျက်။ စမ္မာယ်တူကွ။ နတ်ဖန်သတည်။ ဘယ်မျှကြိမ်ပြီ မှတ်ရွယ်တကား။

(၃) မှတ်ခွင့်စုံလင်။ ကျွန်သခင်အား။ ကြောင်းအင်စေ့ရေ။ လင်းခဲ့ပေအံ့။ မျိုးဆွေဇာတ်ဟူ။ အနွယ်မူကား။ နတ်၊ လူ၊ နဂါး၊ ဤအပြားတွင်။ နတ်ကားစင်စစ်။ အနွယ်ဖြစ်လည်း။ ကြင်ချစ်သက်နှံ့။ နတ်အိထံဝယ်။ တရုံမတွေ့။ နေမမေ့ခဲ့။ ညှိုးသွေ့မရွှင်။ အချစ်ပင်ကို။ အစဉ်သတိ။ အာရုံငြိလျက်။ တရှိရုပ်ဝါ၊ နန်းညွှန့်လျှာသို့။ ဖူးစာဘက်ရန်။ တွေ့ကြောင်းဖန်သည်။ အမှန်ပင်ကို။ ကျွန်ုပ်ဆိုခဲ့။နှုပျိုညက်လှ။ သက်တမျှသည်။ ယက္ခသိင်္ဂီနတ်နွယ်ဘုရား။

(မှတ်ချက်။ ။အဖြည့်ခံရတုဆိုသည်မှာ အမေးအဖြေ သဘောဖြစ်စေ၍ ပထမအေးရင်း ပုဂ္ဂိုလ်မှ အစတူ၊ အချတူ၊ ရတုနှစ်ပိုဒ်မျှရေး၍ ထိုအမေးကို ဖြေဆိုခြင်းဖြင့် ကြွင်းသောတစ်ပိုဒ်ကို ဖြည့်စွက်ရလေသည်။ သို့ဖြည့်စွက်ရာတွင် အစနှင့်အချမှာ မူလနှစ်ပိုဒ်နှင့်အညီ ပိုဒ်စုံရတုအဖြစ်သို့ ရောက်စေရာသည်။ ဤကား မှတ်လိုသူများ မှတ်ရန် အလျဉ်းသင့်သဖြင့် ဖော်ပြလိုက်ပါသည်။)

## မောင်ဘုန်းမြင့်မေတ္တာဆိုခဏ်း တေးထပ်

၁၃။ ရွှေမေတ္တာနှစ်ကုံးဆင့်ချင်လို့။ နှုန်းအသင့်နှတ်နွယ်။ ဘုန်းမြင့်ကမပြတ်ရွယ်သည်။ ပြာသာဒ်လယ်ဆောင်မြင့်။ အချစ်ဓာတ်ကြိုး နှစ်ပင်ကိုမှီယ်းဘုရင်ဆက်ရော့ထင်ထင်။ သိင်္ဂီနတ်နန်းကေ့ညှာ။ လှမ်း၍သာဆင်ခွင့်။ ပန်းမွှေ့ရာပလ္လင်ဖွင့်ပါလို့။အဆင့်သင့်စံပျော်။ မစုံနိုင်မရှင်သေးသူမို့။ ခင်ကလေး ညင်းပါနှင့်နော်။ မြို့ုင်အလှည့် ဝနာပေါ်မှာ။ သဒ္ဒါတော်မူစမ်းပါ။ နှစ်ဆူပန်းအချစ်ပင်။ လန်းခွင့်အစဉ်။ မောင်ဘုန်းမြင့်သနားကြင်လျှင်။ တစ်ပါးခင် ညွတ်ပါတော့လေး။

## သစ္စာထားစုံဘွဲ့ ရှစ်ဆယ်ပေါ် ထပ်တွန်

၁၄။ (မယ်) ချစ်ပါ၊ ခင်ပါ၊ ကြင်ပါစကားနှင့်။ ယှဉ်ကာစုလျှား ဘုန်းမွှင့်ဆိုင်။ ကြင်နာမသနား။ ဆုံးခွင့်မပိုင်သော်။ ကုန်းမြင့်ဂနိုင် မြို့င်အတွင်း။ လျှိုခရီး ဝနာအစ အိုညီးရှာရ ကိုယ်တည်းသာပ ညှိုးကာမပျော်တယ်။ ကိုးရာမပေါ်ပူ ပွဲကြုံမည်ခင်း။

(မောင်) သွေဖီမယွင်းသမို့ စေတီမင်းသို့ မြေမဟီခွင်းလို့။ ရှစ်ကမ္ဘာမျှိုစေ။ မေတ္တာနှစ်ကိုယ် မောင်မငြင်း။ စိန္တေ၊ နှိမ်ချွေ၊ ကျိန်ရေသွင်းသမို့ လိမ်သွေမယွင်း မှတ်တော်မူ။

(မယ်) ပွင့်နေ၊ တင့်ပေ၊ မြင့်ဖေတဘုန်းငဲ့။ ခင့်ရွှေနှလုံး နှောင့်စိုးဗျာပါဆူ။

(မောင်) ပျက်ပြုး၊ မက်မဆုံး၊ သက်လုံးဖြူမယ်။ ငှက်ငုံးအတူ မေခင်မှတ်တော့။ နေသွင်တနတ် ဇင်ပန်းခိုင်။ သက်လုံးကမ္ဘာတိုင်။

(မယ်) ဖလ်ဝါလျှမ်းတင့်၊ စန္ဒာစန်းပွင့်၊ စံရာနန်းမြင့် မဟာမြို့င်ဝယ်။ ချစ်ကြိုးခိုင်ခိုင် ထူမြဲမယ်ပလေး။



(မောင်) သစ္စာသီးဖွင့်၊ ချစ်စွာမှီးခွင့်၊ မေတ္တာချီးမြှင့် အသင့်ပိုင်ပြီး။ နှစ်ပွင့်မြို့ုင်မြို့ုင် ခံစားမယ်ပလေး။

## တစ်ဦးနှင့်တစ်ဦး ချစ်ခြင်းမေတ္တာ ကူးယှက်ပြီးနောက် ယက္ခဂီ၏နေရာ မဟာမြို့ုင်စံနန်းသို့ သွားကြသောအခန်း စည်တော်သံများ

၁၅။ (မသံ) နှစ်ကိုယ်တူစခန်း ရွှေ့ကြစို့။ စမ်းအတွေ့ဝနာ။ ယက္ခမယ် စံရာဆိုက်အောင်။ လိုက်ပါဘုရား။ မျိုးမဟာ။ စိုးပါနှင့် တဘုန်း။ ဘိသိတ်တော် ဆင်မည့်ပွဲကို။ နွဲတဲ့ပါအုံး။

၁၆။ (ဖိုသံ) သံသရာဆုံးအောင်ပစ်ပါဘု။ ဘုန်းမောင် ချစ်လိုက်ပါတဲ့ နတ်မိနွယ်။ ခင်ရိပ်မြုံစံရာနန်းကို။ လှမ်းပါတကယ်။ မပျက်ပြယ် သက်လှယ်မေ့တပါး။ မဟာမြို့ုင်ဆိုတဲ့တောရယ်။ ဟောရှေ့ကလား။

## တခဏ်းရပ် ဒွေးချိုး

၁၇။ စာနဘော။ ကဗျာတွေဇာတ်စုံခင်းရတော့။ အပျင်းတော် ပြေစေဘို့ပါပဲ။ ဤသို့ရည်မှန်း။ ဆုံးခွင့်ငယ်နှောင်။"ဘုန်းမြင့်" "မောင်" "သိင်္ဂီ" နတ်တယ်တို့။ ကြောင်းရာကို သည်တွင် ဖြတ်လိုင်ယ်။ ရပ်စို့တခန်း။

## ကေလာသရွာမှ သိုက်ဆရာမောင်ဘိုးညှာသည် သိုက်စာအရ မဟာမြို့င်မြစ်ကြောင်းတွင် လှေလှောင်းနှင့် စုံသောအခဏ်း လွှမ်းချင်း

၁၈။ စရိုက်ဆန်းပါဘိ။ သိုက်ကျမ်းနှင့်သူပျော်။ ရေကြောင်းမှ လှေလှောင်း လှော်တယ်။ ငွေမောင်းတော်တညံ့ညံ့နဲ့။ ကြံအဖန်ထူးတဲ့ မင်းပေလေး။ မဟာမြို့င်၊ ညှာခိုင်သီပွင့်။ ခရီးမြင့်ဟု။ ယခင့်ဌာန။ လိုက်အရှာ သိုက်စာကျ

လို့။ မွှန်းမျှအောက်ဦး ဓားမောက်စူး ပေါက်တူးကိုယူပြီးလျှင်။ မြိုင်ငှုမှာ အရှာထွက်ရန်ဘို့။ လေ့တက်စုံ ညာသီချင်းငယ်နှင့်။ မဟာမြိုင်မြစ်တော်တွင်းဆီက။ (အိုဆွေရဲ့) ဆင်းခဲ့တယ်လေး။

## လှေလှော်သံ။

၁၉။ လှောင်းလှေနှင့်စုန်။ အိုလေယမုန်မြင့်ဆီက။ ဘက်စုံရွက်ကုန် ဖွင့်ဖါလို့။ အသင့်လာပေါ့ညာကြော။ တော့်အဝင်ဂိုဏ်းပါလေး။ တိုင်းဖိမ့်ဖိမ့်တုန်။

၂၀။ သိုက်တဲ့ရွှေစာ။ သေအချာပိုက်ပါလို့။ ငွေအရှာလိုက်ပြန်ရ။ စရိုက်ပျော်ဘို့နော်တို့။ ကြိုမြင်သူရှားပါလေး။ များစွာရွှေထုမှာ။

၂၁။ လောင်းကြော့လှေပျံ။ အိုဗျာသောင်ယံဆိုက်အောင်လို့။ ဒေါင်းပျံအောင်လံစိုက်ခါပ။ ရွှေသိုက်ရှာလို့ညာပျို။ ရွာစဉ်ကိုမြန်းတယ်လေး။ လွှမ်းစေဘို့ဖန်။ ။

၂၂။ ရှားဆုတ်ဟဲ့ရန်။ ဥုံခံ မန္တန်မန်းပါလို့။ဆေးတော်ရေကြည်စွမ်းငယ်နှင့်။ ဆွတ်ဖျန်းလာခဲ့ ညာနွဲ့။ ခလုံပျံတိုက်မယ်လေး။ တိုက်ဖေတို့ညာဏ်။

## နှစ်ဆစ်သဖြန်

၂၃။ သိုက်အရာ။ လိုက်ရှာတဲ့အခင်း။ မဟာမြိုင် တောင်တော်စောင်းတွင်။ လောင်းဆိုက်လို့ဆင်း။

## ဆန်မန်းပေါက်ပေါက်တို့ဖြင့် သိုက်ရှိရာ ရှာဖွေသောအခဏ်း
## ရှေးသွား လေးချိုးကြီး

၂၄။ တိုက်အဝှမ်းတွင်မှ။ သိုက်ညွှန်းအသွယ်သွယ်နှင့်။ အနယ်နယ် ဆရာလှဲ့ပါလို့။ ရှာခဲ့ပြန်။ မြေဗဟိုငယ်။ ရေညှိဝန်းခ။ ဤဌာနမှ။ ကမ္ဘာ့သိုက်စာ။ ညွှန်းချက်တွင်ပါသောကြောင့်။ ဘဏ္ဍာတိုက်ခန်း။ ရှိမရှိ သိရအောင်စမ်း



တော့မည်။ ဆန်မန်းနှင့်ရေစင်ကို။ မြေလွှင်လွှင် ပတ်ခါကြဲလိုက်မယ်။ သဲခြိမ့်ခြိမ့်ညံ။ မြေအပြင်မှာ။ ငလျင်ပဲ့ထပ်။ အိုး စက်ခပ်သည့်နှယ်။ မလပ်ဤမြိုင်။ သံကြီးသာအိုင်တော့တယ်။ ဂနိုင်လုံး တောင်ယံမှာ။ ပဲတင်သံရှင်ရှင်ကျူးလို့။ ထူးလိုက်ပါငဲ့။ စည်းရစ်သုံးတန်။ မန္တန်ပတ်ချုပ်။ တထောင်တည့် စုတ်လိုက်လျှင်။ ဒူးတုပ်ရှေ့တော်။ ဥစ္စာစောင့်ပေါ်တော့တယ်။ ရွှေလှော်မင်းစံ။ မျက်ရည်သုတ်ညှိုးရှုပ်တော်ဖန်ပြီးလျှင်။ တောင်းပန်ခယကေသီကိုမပါလို့။ သိုက်ဆရာခြေစုံကို။ ရှိလက်ငုံ ပန်ထွာတိုက်ပါလို့။ စရိုက်တဲ့ဖြစ်ဟန်။ သနားဘွယ်ဖန်တော့တယ်။ မြိုင်ယံသိုက်နန်းကတကိုယ်နွဲ့။ ။

## သိုက်ကိုတောင်းသောအခါ
## ရှစ်လုံးဘွဲ့များ

၂၅။ ရွှေငွေစိန်ကျောက်...မြားမြောက်ဘဏ္ဍာ။
မန္တန်စွမ်းနှင့်...တိုက်ခန်းဖွင့်မှာ။
သာယာညှင်းငြိမ့်...ယူလိမ့်မကြာ။
လင့်မနေး...ခွင့်ပေးစေကြောင်းသာ။ ။

၂၆။ သိုက်ရှင်နှမ...ကြည်မြပျော်ပျော်။
ကျွတ်လွတ်စေကြောင်း...ဆုတောင်းကိုမြှော်။
ပေးလှူဒါန...အမျှဝေသော်။
ကျွတ်လွတ်မှု...သာဓုတန်တန်ခေါ်။ ။

## ဥစ္စာစောင့်က ငြင်းဆန်လေ၏ ရှစ်လုံးဘွဲ့

၂၇။ ဆရာသိမ္မ...ကြောင်းစုကုန်စဉ်။
စိတ်ဝယ်မှတ်လိုက်...နားစိုက်စေချင်။

ကိုယ်ပိုင်မဟုတ်...စောင့်ချုပ်ရုံလျှင်။
ရှေးဝဋ်ကြွေး...ကြီးလေးမယ့်မှာပင်။ ။

၂၈။ ပွင့်တော်မူဩ...ဘုရားမြတ်စွာ။
ကျောင်းတော်ဆောက်ရေး...ငွေကြေးဘဏ္ဍာ။
သုံးသူအပြစ်...မွန်းနစ်ပါယ်ရွာ။
ရွှေငွေသိုက်...မထိုက်လူနှင့်သာ။ ။

## ဖွတ်အတင်းတူးမည့် ကြံစည်သောအခါ

## တြိချိုး

၂၉။ ကြာအရှည်။ သာတကြည်ခွင့်မပေးလျှင်ဖြင့်။ ပွင့်ရေး လျှင်အမြန်။ ဩဘောင်းညုံဖွံ့ခံ။ ဆေးမန္တန်ကို။ တန်တန်ပရွတ်မန်း။ ဂါထာမှာ တစ်ထောင်ကျော်နှင့်။ တောင်ပေါ်မှာသိုက်စုံ ပွင့်တဲ့အောင်။ ဖွင့်မည့်အခန်း။ ။

## "ယက္ခသိဂ်ီ"သည်

## သိုက်ဆရာအားလှည့်ဖြားရှ် သိုက်ပြောင်းလေ၏

## ရှစ်ဆယ်ပေါ်ရိုး

၃၀။ အငွေ့အာရုံ ဂရာဟုန်ဆွလို့။ ကာမဂုဏ်ကြွစေကြောင်းဖန်။ တဏှာလှုံကြ ဖွေလောင်းပြန်လျှင်။ သွေ့စောင်းအမှန် သူ့နောက်နား။ ခွေယိုင်မူးမှူ ကြော့ရုပ်သွင်ကို။ မြင်တိုင်းချစ်ခင် ညှတ်ယိမ်းဖန်တတ်အား။ တီတာခိုတရိုချော့မြူကာ။ အနော့မူရာ မြှိုက်ခါမြား။ ကာမမုန်ယို ကြိုက်စရာစကားနှင့်။ သိုက်ဆရာအားလှည့်ဖြားခေါ်။ ဆေးဝါးမန္တန် စည်းတွေဖျက်လို့။ ကြီးမွေ့ရတက် မျော့မေ့အခါသော်။ ကန္တာခြားသည့် ရှိုခရီးပေါ်ကို။ ကိုယ်ထီးမပျော် သိုက်ရတနာပြောင်းလို့။ တိုက်တာ အပေါင်းကုန်အစဉ်။ ရွှေခဲ့ပြီး



လျှင်။ ဇွေစက်အုံးညို ပြုံးခွင့်မရှင်တယ်။ "ဘုန်းမြင့်" သခင်လာနိုးမျှော်လျက်လေး။ ။

## မောင်ဘုန်းမြင့်တောကစားရာမှ ပြန်လာခန်း

## ဘုံတောက်သံ

၃၁။ မဟာမြိုင်တောတဘက်မှ။ ဇောရမ္မက်ကြီးစွာ၊ မောမဘက် ခရီးတာကို။ မညီးပါအပြေး။ ချစ်ဦးနတ်သိဂ်ီခင်ကို၊ အိမ်ဆီဝင် တွေ့မည်အရေး။
၃၂။ ပွင့်မိုယ်းစွေသဇင်ခက်တွေဖြင့်။ ကြင်အသက်ပန်စေ။ ပင်ထက်မှ အမြန်ခွေ့တယ်။ ပန်ပလေသက်ထား။ ပန်ချင်တဲ့မယ်သဝါရယ်။ ကေသာကိုရှင်းနှင့်ပါလား။
၃၃။ သစ်ပလွေရေသဖန်းကိုဖြင့်။ ဝနေလမ်းကန္တာ။ ဖေထမ်းလို့အမြန်လာတယ်။ စံရာနှင့်ကွာပေး။ ဇနီးတို့အခွင့်ကျေအောင်။ မြင့်ဖေကို မင်းကြိုနှင့်လေး။

## တောဘွဲ့လွမ်းချင်း

၃၄။ ကွင်းတစ်ရှောက်မှာဖြင့်။ သင်းထောက်နှင့်မြောက်ငို။ ပြတ်တောင်တခိုမှာ။ ကြောင်သိုက်ကိုလေပြန်ဇော့ပါလို့။ အကွေ့မြိုင်ရဂုံမှာ။ ပင်ဝါးရုံယိမ်းပြန်တော့တယ်လေး။ သူ့အလိုမှာ။ နဂိုဇာတိ။ ရွှေနှယ်အိမ်မျှ။ မသိယောင်ယောင်။ သိယောင်ယောင်နှင့်။ စိုင်ဘောင်လိုလို။ ရသ နှယ်ချိုရန်တော့။ စုံညိုဟေမာ။ မြိုင်ဝနာတွင်။ လိုင်ညှာခွေ့ချ။ ကျေးဖိုမတို့။ ဘဝလူသွင်။ ရှေလည်တွဲ ချစ်ပွဲဆင်ကြ။ ပြိုပြင်စာညံ။ ကြည်ကွဲအောင် ဖန်ကြတယ်။ မြိုင်ယံကြော့စုံငှမှာ။ မစုံသူတကိုယ်ရေးဟာမို့။ (အိုမေရဲ့) ဆွေးလှတယ်လေး။ ။

## တောဘွဲ့ဒွေးချိုး

၃၅။ မဟာမြိုင်။ ညာခိုင်လေခလို့။ ကြွေကျယောင်ပုံအနေနှင့်။ စုံခြေ တကြော။ အပင်မြင့်ဆီမှ။ ဇင်ပွင့်အညှာချိုလို့။ ရာသီဝင်ပင်ပျိုတို့ လန်းရှာ ကြ။ (မိမိရယ်) လွမ်းဘွဲ့သာမော။ ။

## မဟာမြိုင်တောင်သို့ရောက်ခန်း

### ဒွေးချိုး

၃၆။ ပင်းဇင်ခိုင်ရယ်။ နန်းပင်တိုင်အပေါ်မြင့်ဆီမှ။ မျှော်လင့်ယောင်ခိုး လာခဲ့ပါပြီ။ ညာနွဲ့ဆွေသိင်္ဂီရဲ့။ ကြည်တော်မူအလိုဖြေနေကြ။ ရှိတွေ့တွင် နှစ်ကိုယ်ပျော်ဘို့။ အကြိုတော် ခင်မရောက်တာကြောင့်။ ပူနွှောင်ဗျာစိုး

## ကေပိုဒ်ရတု

၃၇။ သဘောနိုယ်။ လောကဓံဖြင့်။ ဆက်ဆံကြ၍။ ဘုံဓလေ့မို့။ ဆုံတွေ့ ကစေ။ ချစ်စခွေလည်း။ စွန့်ထွေတော်ကွဲ။ ကြံစမြဲမို့။ လည်ဆွဲချိန်ညီ ခင်သိင်္ဂီနှင့်။ အညီရှေးခါ။ ပျော်ခဲ့ပါသည်။ ဖွေရှာမတွေ့။ တောတောင် စေ့မျှ။ တကွေ့ကိုကျော်။ တကွေ့မြော်လည်း။ အမြော်လေစွ။ ရှေးကာလ တွင်။ မယ်ကမောင့်ကို။ ချစ်တင်းဆိုလျက်။ အေးချိုသံလွင်။ ပျော်ပွဲဆင်၍ မြသင်တိုင်းခြို။ နန်းရွှေဘုံဝယ်။ အစုံမောင်မယ်။ နေခဲ့ယောင်ကို ညွှန်ဆောင်အောက်မေ့။ တဆွေ့ဆွေ့မျှ။ လွမ်းငွေ့ဝေဝေ။ လွမ်းမိုယ်း ဆွေသည်။ လွမ်းရေလှိုင်းသို့တကား။

## လေးကြော့ငို

၃၈။ ကညာခိုင်ချစ်ဇနီးငယ်ကြောင့်။ မဟာမြိုင်အနီးဆီက။ သစ်သီးကိုတဲ့ ရှာခဲ့တယ်။ နှစ်ကိုယ်သုံးရန်ဘို့။ ချိုပြုံးရယ်ချဉ်စာသွယ်ပ။ အပြင်ကျယ်မြိုင်



ခြေလမ်းဆီက။ ထမ်းခဲ့သွယ်သွယ်။။ သစ်ပလွေတောင်သလဲသာပ။ နရွဲနှင့် ထောက်ရှာရယ်။ တယောက်ညာမယ်ကိုတဲ့ စားစေကြောင်း။ ချစ်သွေး ငယ်ဆူ။ ဖြစ်ရေးမှာ တပူပူနဲ့။ မြိုင်ငူတွင်ခင်မောင်ဖြင့် ရှူးပါပေါ့။ (ယက္ခ သိင်္ဂီရယ်) ထူးတဲ့ကံကောင်း။

## ရှာပုံတော်ကြီး

၃၉။ ဟေမဝန်ချောင်။ ဝနာလမ်း။ သာခမ်းငယ်ဆောင်သနဲ့။ အခေါင် ဗွေဆင့်။ မြေအမြင့်မှ။ ရွှေပွင့်မြညှာ။ နယ်တဝှမ်းတွင်ဖြင့်။ ငယ်ကျွမ်းကို ရှာခဲ့။ သေလာကျောက်ဆွယ်။ မြှောင်နရန်။ တောင်တန်းဖြင့် ကွယ်ခဲ့ပေါ့။ မြိုင်လယ်မှော်ရုံ ပန်းစုံပေါပါတဲ့။ တောရဂုံ။ မစုံကိုယ်ထူး။ ပလ္လင့်အဋ္ဌ ပွင့်ကြူကြူမှာ ခင့်လူဖြင့်ရှူးလုပေါ့။ ကူးခဲ့လေပြန်။ မြေသယံမှာ။ ဗွေဟန် တန်။ နွယ်မျိုးမဟာ။ တယ်ညှိုးပါသည်။ ဆယ်ကိုးခါလဲခဲ့ပေါ့။ တွဲဘက် မပါ။ တကိုယ်ရေးဟာမို့။ ဆွေးတဲ့ခါ။ အမယ်မင်း... မဟာမြိုင်ကျေး တကွေ့တကွေ့။ တွေ့မတွေ့နိုင်ဘု။ တရွှေ့ရွှေ့ဝေးခဲ့ပေါ့။ ခင်လေးတို့လူ ချစ်လောင်ဗျာမှိုက်သော်ကြောင့်။ လှိုက်ခါဆူ။။ ဇမ္ဗူကုန်ဆုံး။ ခြေမလှမ်း သာ။ မြေလမ်းတာ။ ရွှေသန်းညှာဖုန်းရယ်ကြောင့်။ ငုံးမင့်ဂနိုင်။ ရေမြွန် လျှောကျ။ တောအစ။ မောရမြိုင်မှာ။ ကြံမှိုင်ကိုယ်ထည်း။ တဖိုဖိုညီးမိပေါ့ ယိုစီးမျက်ရည်။ ရှာတယ်လို့ တွေ့နိုင်ဘု။ မေ့သိင်္ဂီတဲ့မှ မေ့သိင်္ဂီ။ ။

## မောင်ဖုန်းမြင့်သည် မူလနေရင်းဖြစ်သော ဂူနန်းသို့ ပြန်ခန်း

### သံပေါက်

၄၀။ (က) သိင်္ဂီညာမေ့။ ရှာမတွေ့။ ခွာ၍ထွက်ခဲ့ရာ။

(ခ) ရှေးကနေဟောင်း။ ရသေ့ကျောင်း။ ထပ်လောင်းရောက် သောအခါ။

(ဂ) ဘခင်ရသေ့။ မြင်မတွေ့။ ပူဇွေ့မှိုက် လောင်စာ။
(ဃ) ချစ်သူနှင့်လွဲ။ ဘခင်ကွဲ။ ဒွန်တွဲပူမီးပြာ။
(င) မပျော်နှလုံး။ ကြိမ်မီးအုံး။ ညှိုးချုံးကြီးမျှာပါ။

## တေးထပ်

၄၁။ တတောဝင် တပင်ထွက်ကယ်နှင့်။ ခင်တဘက်ကွေ့မှာ။ စဉ်မပျက် အစေ့ရှာသည်။ မတွေ့ပါနိုင်နဲ့။ လွမ်းမှုဖြင့် ရက်သာကုန်တယ်။ သက်သာပုံ ရွေးမှုရှိဘဲ။ မီးဆယ့်တစ်အတွေ့ကြိမ် ငွေ့အရှိန်လွှန်ကဲ။ နှစ်ကွေ့လိမ် ဒွန်တွဲလို့။ ဝှန်မစဲဗျာလောင်။ မျိုးမဟာ ညှိုးကာနွဲ့သူမဖြင့်။ ကိုးရာမဲ့ကြီး ဒုက္ခနှောင်။ ခရပတ်အကွေ့ချောင်တွင်။ တွေ့မယောင်ယူလှမ်းလို့။ ဂူနန်းက ခွာတယ်ကို။ ယွန်းခဲ့တကိုယ်။ ကျွန်းအလှဲ့မှိုင်းညိုညိုမှာ။ တိုင်းလိုလို မြင်မိတော့လေး။

## အောင်ချာရဌတိုင်းပြည်သို့ရောက်၍ မင်းဖြစ်သောအခဏ်း ရှစ်လုံးဘွဲ့ကဗျာများ

၄၂။ သဏ္ဍာန်ရှိမှိုင်း ပြည်တိုင်းလိုလို။
တရွှေ့ရွှေ့နီး ခရီးကွန်းခို။
ကျောက်ဖြာထိပ်တက် အိပ်စက်ပါလို့။
အထက်နန်း စက်ပန်းဖြေတယ်ကို။ ။

၄၃။ အောင်ချာပြည်ကြီး စည်းထီးဗဟိုရ်။
စိုးသူကင်းခဲ့ မင်းမဲ့နဂို
နန်းလျာပေါ်ခဲ့ မျှော်ဆဲခါကို။
မှူးမတ်များ ရထားလွှတ်လျက်ကြို။ ။



၄၄။ မောင်မောင်ဘုန်းမြင့် ဘုန်းပွင့်ချိန်ခါ။
ကျောက်ဖြာအပေါ်၊ ရထားဆိုက်လာ။
နတ်စည်ငြိုးငြိမ့် နှိုးစိမ့်တီးရာ
ဘယ်နံ့ကောင်း စောင်း၍ထသည်သာ။ ။

## မောင်ဘုန်းမြင့်၏ အမေး
## လေးဆစ်

၄၅။ စလွယ်ဘောင်တွေနဲ့။ ဘယ်အကြောင်းဘယ်အရာ။ ဘုန်းမြင့် အောင် စက်တော်အောက်။ ရောက်တဲ့လိုလား။ မသိသာ။ ဝိဝါဒမရှင်း။ ဘယ်ဌာနေ ဘယ်ပြေရပ်တယ်လို့။ မှတ်ဘို့အခင်း။ ။

## ဝန်တင် လက်ာနှစ်ပိုဒ်

၄၆။ လျောက်ပါမည်အရှင်။ ရွှေနားဆင်လော့။ တိုင်းခွင်သာလှ။ ဤဌာနတွင်။ သိကြာ့အယုဇ္ဈာ။ နှိုင်းနိုးရာသား။ အောင်ချာနန်းမြင့်။ ကြငှန်းဖွင့်သည်။ မင်းမင့်ဥက္ကဋ္ဌ။ ရာဇညလျှင်။ နန်းမဘုံပျံ့။ နတ်ထီးစံသော်။ ဆက်ခံမွေနှစ်။ ကင်းသည်ဖြစ်၍။ မင်းစစ်ရလို့။ မိဌာန်းဆိုက။ နဂိုမျက်မှင့်။ စောရန်လွှင့်နှင့်။ အသင့်ကြိုက်ကြို။ စက်အောက်လှူသည်။ ရွှေဘုံစိုးခွင့်ပါ ဘုရား။ ။

၄၇။ ရွှေဘုံစိုးခွင့်။ ဥတင်ဖွင့်သော်။ နတ်နှင့်မသွေ။ ညာနန်းနေလည်း။ ညွှန့်ဝေယုက်ထိုင်။ မြပင်တိုင်ဝယ်။ စက်ပြိုင်နှစ်ချိုက်။ မျှော်လင့် ကြိုက်တည့်။ သိမ်းပိုက်လွယ်ကူ။ ဘုန်းနှစ်ဆူလျှင်။ ကြည်ဖြူသာခန်း။ ဘိသိက်ပန်းကို။ ဆန်မြန်းစေလို့။ ကျွန်လျောက်ဆိုသည်။ ရွှေကိုယ်နန်းညွှန့်နွယ် ဘုရား။

## ရာဇဘိသေက ဘိသိက်ခံယူခဏ်း တေးထပ်

၄၈။ မြတ်ဥကင် ဖွေပလ္လင်ငယ်နဲ့။ ရွှေတပွင့်မြည္သာ။ ဂဟေဆင့်မျှစရာကို။ သပဏ္ဏာလျှောက်မေး။ မြတ်သီရိရေဖျန်းခံမယ်။ ရွှေနန်း စံဘုန်း ကတိပေး။ ဥယျာဉ်မှ နန်းမဘမယာကို။ လှမ်းကြွကာလျှောက်ရေး။ ဘိသေကာ အောင်စည်ကြေးရုံနှင့်။ မှောင်နည်းဝေးလွင့်ကွာ။ ကျင့်ဝတ်တော် ဆယ်ဆူ မျှပါလို့။ ဓမ္မေနကျမ်းမြတ်ညီစွာ။ ရာဇဂုဏ်ရှစ်ဖြာကို။ လစ်မကွာ ဆင်သ လို့။ သင်္ဂဟစတုဓမ်။ ထိန်းစောင့်လေပြန်။ အပရိဟာနိယ ခုနစ်တန်ကို။ မလွန်ဆန်ကျင့်ပါလို့လေး။

## တခဏ်းရပ် လေးဆစ်

၄၉။ မသွေတန်းရယ်လို့။ ရွှေနန်းမြင့်စံကြရှာ။ ဇာတ်ကွက်ကို သည်တွင် ပိုင်းပါလို့။ ထိုင်းစို့တခါ။ မက်စရာ။ ဆက်မှာကတခန်း။ သိင်္ဂီမယ် တကိုယ် ရေး။ ဆွေးတဲ့ဇာတ်လမ်း။

## ယက္ခသိင်္ဂီသည် ဣန္ဒနီတောင်တန်းမှ အလွမ်းမိုယ်းစွေသဖြင့် မျက်ရေကို အသာသုတ်လိုက်သည့် တစ်ပုဒ်သောလွမ်းချင်းမှာ

၅၀။ မလင်းတဲ့နိုင်ဘု။ နှင်းတွဲ၍ ဆီးကျ။ တောင်ခိုးငုံ့လူ့တယ်။ လေယူ့ရာ ပင်ပျိုဇိုးယိမ်းပြန်တော့။ မြစိမ်းမြိုင်တခိုမှ။ ချစ်သူကို မျှော်လျက်မှန်းရ ပါတော့သည်။ အလွမ်းဆင်တဲ့တောပေလေး။ ခါဟေမန်မှာ။ လေပြန်သွင်း နှောက်။ ငွေနှင်းသောက်တဲ့။ ကွင်းအောက်စုံခြေ။ မှုံမပြေမှာ။ ကြုံလေလွမ်း မှူ။ ဖြေမအေး ပွေရေးစုတော့။ လေးပုထိပ်တင်။ ချစ်ပန်းပင်ကို။ လွမ်းအင် ထပ်ဆင့်။ နဖင်ငုံမှာ ခုရင်အုံပွင့်ရချည့်။ အေးခွင့်မပေါ်။ တွေ့နိုးနဲ့မျှော်ရ တော့။ ချစ်ဖော်ကွင်းကွေ။ ယက္ခမေမှာ။ တကိုယ်ရေပန်း။ ကျလျက်စီ မြမျက်ရည်ခန်းနိုင်ဘု။ လွမ်းမှုနှင့်အခါကုန်တယ်။ ကာမဂုဏ်ဆယ့်တမီး ရယ်က။ (အိုမောင်ရဲ့) ကြီးလှတယ်လေး။ ။



## မဟာမြိုင်တောသို့ သွားရောက်ရှာဖွေ၍ "လွမ်းစေတီ" တည်ဆဲတွင် ရင်ကွဲနာနှင့် သေဆုံးသော ရှစ်လုံးဘွဲ့ကဗျာများ

၅၁။ အလွမ်းပြေကြောင်း...နေဟောင်းမှာပင်။
ချစ်သူတွေ့နိုး...သွေးညှိုးစိတ်တွင်။
ယာယီကွန်းလှဲ့...ယွန်းခဲ့အစဉ်။
တကိုယ်ရေး...ငိုကြွေးတွေ့မမြင်။ ။

၅၂။ မဟာမြိုင်ထဲ...ယိုင်လဲ၍သာ။
လွမ်းဟုန်ပူမီး...အူသည်းမြိုက်ရှာ။
ဖြစ်ရာဘဝ...ပေါင်းရစေရာ။
အကြောင်းပြု...ကောင်းမှုရည်ရွယ်ကာ။ ။

၅၃။ စေတီဘုရား...တည်ထားမကြာ။
"လွမ်းစေတီ"ဘွဲ့...ထိုးခဲ့ပြီခါ။
အမည်ရေးလျက်...လေးဘက်မုခ်မှာ။
ရွှေရင်ကွဲ...သေပွဲဝင်သည်သာ။ ။

## တခဏ်းရပ် ခွေးချီး

၅၄။ နွမ်းပွေလီ။ "လွမ်းစေတီ" မည်သမိုက်ပါလို့။ တည် ခိုက်တွင်ခမျာ သယ်၍။ ခန္ဓာကွယ်ဆုံး။ ရုပ်ကြွင်းငယ်ကျန်။ ဖုတ်ကြဉ်းရန် ဈာပနကိုလ။ ပြာချဘော်ဆွေမပါလို့။ သေလာတွင် နှင်းစိုခပြန်တော့။ မြေဇာပင် ကွင်းညိုစမှာ။ (အိုဗျာ) ကားချလို့ဖုံး။

## မောင်ဘုန်းမြင့်သည် နိမိတ်မြင်သဖြင့် စိတ်ထင်တိုင်းငိုလိုက်သော လေးချိုးမှာ

၅၅။ နိမိတ်ပေးပုံက။ တဆိတ်ကမျှမအေးပါဘု။ စိတ်လေးဘို့ အမှုမွေ။ ပလ္လင်ယံရှစ်ဆူစိုးရပေမဲ့။ မရှင်ပြန်ချစ်သူကြောင့်ညှိုးလှချည့်။ မျိုးသာကီဆွေ။ တောသုံးထောင်၊ တွေ့အောင်မြန်းပါလို့။ ငယ်ကျွမ်းမေ့ ညာမဟေကို။ ရှာဖွေဘို့အရေး။ ပွေခန်းငယ်လျှံတယ်။ ရွှေနန်းစံဇကေရာဇ်ပေမဲ့။ ဆွေချစ်ကို ဝနာလယ်၌။ ရှာမယ်နော် ရေမြေဆုံးစေတော့။ (ယက္ခမယ်ရယ်) ဘုန်းစိတ်မအေး။ ။

## မောင်ဘုန်းမြင့်သည် စစ်အင်္ဂါလေးပါးနှင့် ဆေးဝါးရှာဖွေလိုသည်ဟူသော ပရိယာယ်ဖြင့် မြိုင်လယ်သို့ထွက်ခန်း (၈၀)ပေါ်

၅၆။ ကာမုပါဒါနိစွဲကာနစ်လို့။ ဝဲတဏှာမြစ်အဝိဇ္ဇာနှောင်။ မြဲစွာအချစ်ပိတ်ခါလျှောင်တယ်။ အရိပ်ကြာညောင်ပျော်နိုင်ဘဲ။ တကောင်ဆင်းတက်တကွေ့ဖွေတယ်။ မတွေ့မနေအိုကြီးပါတဲ့ဖွဲ့။ မြိုင်ညိုတောအုပ် သေလာအငူမှာ။ ပွေဗျာပါဆူလောင်မစဲ။ ချစ်ငွေ့အာရုံ ကျွမ်းကြုံဆဲမို့။ လွမ်းဟုန်အမြဲ လှိုက်ခါဖို့။ ရထား၊ ခြေသည်၊ မြင်း၊ ဆင်၊ တပ်နှင့်။ တွင်ပြင်မလပ်ရှာခဲ့ပါတော့သကို။ ဆည်းဆာရောက်လှုံနေရီညှိုမှာ။ စေတီလိုလိုမြင်ပြန်ရလို့။ လျှင်မြန်တခဏလာခဲ့သော်။ မြက်ခင်းမြေဇာပေါ်။ မြင်ပါရလို့ညှိုးသွေ့လျှော်တယ်။ ယုယပိုက်ခေါ် အိုထူးပြီဘုလေး။"လွမ်းစေတီ" မြတ်ခြေရင်းတော်မှ။ ပွေခင်းမပျော် ငိုပွဲလိုလေး။

## "လွမ်းစေတီ" တဆူ ထပ်မံတည်တော်မူလျက် "ဘုန်းမြင့်သိင်္ဂီ လွမ်းစေတီ" ဟူသော ဘွဲ့ချီခဏ်း လင်္ကာ

၅၇။ ဘဝများစွာ။ သံသရာဝယ်။ ကြိမ်လာသမျှ။ ပေါင်းပါရဟု။ မွှက်ဟစိတ်သန်။ အဓိဋ္ဌာန်ဖြင့်။ တန်တန်ဆုယူ။ ဓာကြည်ဖြူလျက်။ တစ်ဆူ



စေတီ။ မွေသရီကို။ အညီတွဲယှဉ်။ ပြီးအောင်မြင်သော်။ နှောင်တွင်မှတ်ခွင့်။ သမိုင်းတင့်ဘို့။ "ဘုန်းမြင့်သိင်္ဂီ လွမ်းစေတီ" ဟု။ ဘွဲ့ချီ ထပ်လောင်း။ လွမ်းဇာတ်ပေါင်းသည်။ အကြောင်းစေ့ငု ဤတွင်တည်း။

## ဇာတ်သိမ်းခန်း အလွမ်းဘွဲ့ လေးဆစ်

၅၈။ လွမ်းကသိုဏ်းကိုဖြင့် လွမ်းတိုင်းပရှုမိတယ်။ ဘုန်းမြင့်မောင်မကြေချမ်းနိုင်လို့။ လွမ်းမျက်ရည်လယ်။ အလွမ်းနယ်မှာ။ လွမ်းဖွယ်ပအိုမဆုံး။ လွမ်းဇာတ်ကို သည်တွင်ငြိမ်းလို့ရယ်။ သိမ်းကြစို့အုံး။

## အသိသ လင်္ကာ

၅၉။ "ဘုန်းမြင့်သိင်္ဂီ လွမ်းစေတီ" ဟု။ ဝုဋ္ဌိသညာ။ တင်ခဲ့ပါသည်။ ကဗျာဝတ္ထု။ အနှစ်စုကို။ လှစ်ရှုခါကြုံ။ စာဒဂုန်တွင်။ အာရုံဖြိုးလွေ။ မညှိုးသွေ့ဘဲ။ ကြိုး၍ဖော်ပြ။ ဟော်ဝတဟု။ ပျော်ကြပါစေ။ ကလျာဆွေကို။ ကြာရေပက်သန်း။ မပြတ်မှန်းသည်။ ဇာတ်ခန်းဤမှ ကုန်ဆုံးတည်း။

## နိဂုံးကမွတ်အပြီးသတ်သော ကဗျာများ တေးထပ်

၆၀။ အလင်္ကာဆန်းသမျှများဖြင့်။ မန်းဆရာနည်း၍ပေ။ စမ်းကျတဲ့ခရီးမြေလို။ အညီးပြေဆိုစို့။ ဘတ်သူတိုင်း စိတ်အာရုံမှာ။ ဣဋ္ဌာဂုဏ်ရ ကြစေဘို့။ ဒဂုန်နန်းညာပလ္လင်။ စာသဘင်ချိန်မို့။ကဗျာပင်တစ်ကြိမ်ပို့ရတော့။ ရှိန်မညှိုးကြည်စေ။ "လွမ်းစေတီ" ဇာတ်ကွက်ဆန်းဟာမို့။ လျှပ်စက်ပန်းမြူးခွင့်ခါပေ။ ခြူးတင့်တဲ့ကြာဖွေမှာ။ မဟာဆွေတကိုယ်ချင်းဟာမို့။ တို့ပျင်းသည့်အမှုဖန်။ ပျောက်စွင့်အမှန်။ ဘတ်လိုက်တိုင်း ကြည်ကြရန်ကို။ ဂီတသံဆက်သွင်းလို့လေး။

## စာထောင့်ကဗျာ မဟာလေးချိုးကြီး

၆၁။ အဆန်းကြိုက်ကြတဲ့ ခေတ်အခါမှာ ဖတ်ချင်ဖို့တေးတွေနဲ့။ နန်းထိုက်သမျှ အနှစ်ကဗျာကို မပြတ်အစဉ်တွေးပါလို့။ အမှတ်နားဝင်အေးစေဖို့ သုတိရတနာ။ (ခင်သန်းရွှေ) ရယ် ဓာတ်ဆင်လျက် ရေးရပါတော့ ရှုကြည့်စရာ။ ပြောမပြတ်နိုင်ပါဘူး။ ဓာရမ္မဏ်တွေနဲ့။ တောနက်မှာ ဇရာကွယ်လို့။ ဟေမာနယ် အစောက်လမ်းတွင်ဖြင့်။ သေလာနွယ် ကျောက်နရမ်းသာပ။ ချောက်ကမ်းခြေမဟာမြိုင်၌။ နှစ်ဖြာအပြိုင်ဆု ပတ္တနာတောင်းပုံက။ ချစ်လှတဲ့ရတနာဆွေမှာ ဖြစ်သမျှ ဘဝါဘဝေတွင် ပေါင်းရစေတဲ့။ ကောင်းမှုနှော်စေတီနှစ်ဆူနဲ့။ အလှူတော်မယ်မောင်တို့ ပေးပုံဖြင့်။ တေးအနွဲ့ဖတ်စရာပါကိုနှော်ကွယ်။ မအေးတစ်လှည့်။ အေးတစ်လှည့်သာပ။ ဆွေးဘွဲ့ဓာတ်လာ။ ဒဂုန်နန်းစာသဘင်မှာ ဆုပြိုင်ယှဉ်ပွဲမှာလ။ ဂုဏ်အစွမ်းကဗျာယဉ်ယဉ်လုနိုင်လျှင် စွဲရောလို့။ အမှုပိုင်ပိုင်နွဲ့ပါတဲ့ ဓာတ်လမ်းကဗျာကို။ ဖတ်စမ်းပါတော့ ပျော်စရာရေး။ (ဦးသူတော်ရယ်) မှတ်အရာလို့မြော်ကာတွေး။ ဆန်းပေသည်။ အလွမ်းပွေပလီပ။ "လွမ်းစေတီ" လိပ်ကမ္ဗည်းရယ်နဲ့။ မန်းနေပြည် နီသျှည်းသာပ။ ထိပ်သီးခေါ် ဒဂုန်ပလ္လင်၌။ စုံလင်စွာကဗျာပုဒေများကိုဖြင့်။ ခံ့တင်ကာရှုစေသားရယ်လို့။ စကားမရိုယဉ်သနဲ့ ဂီတကလောင်သွေးရပါတော့။ (နှင်းပြားရယ်) (ဝါ) (ပျဉ်းမနားသားကြီးရဲ့) အသွားတစ်မျိုးထွင်တဲ့ ပီယမောင်မောင်ကလေး။

"သတိုးပီယ"

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၇၊ အမှတ် ၇၃ (စက်တင်ဘာ ၁၉၂၆) စာ ၂၂၉။

၆၈။ ဆရာ ဦးပီယအား ခင်သန်းရွှေ အမည်ဖြင့် အလွဲသုံးစားလုပ်သူ ဦးသူတော်သို့ သတိပေးတေးထပ်

ဦးသူတော်ဖလ်ကတုံးက။ တညာဏ်သုံးသူဝါ။ ဟန်လုံးနှင့် မြူလာသည်။ မူအရာစုံပေ။ ခင်သန်းရွှေအမည်ခံ။ပလီပြန်ငြိုတဲ့သူရေ။ ဦးပီယ



ချုပ်ဆရာမှာ။ အဟုတ်များထင်၍။ ။နှုတ်သာသာတမင်ထေ့တော့မှ။ ...င်ပြကတော့သူဖော်။ ခင်သန်းရွှေမဟုတ်ရပါဘူး။ ကျွန်ုပ်ဗျ ဟစ်လျက်သူ ...အော်။နောက်ပါဘိဘိုးသူတော်ငယ်။ ရိုးဂမ္ဘူပေါ် ကြပ်တလုံးရယ်နဲ့။ ...သောင်တုန်း၌ အိပ်လို့ပျော်။ ကြပ်ပျောက်ဖင်ပေါ်။ တိုများဖြင့် မြင်မတော် ...တယ်။ အလျင်နှော် ဖုံးပါတော့လေး။

ပျဉ်းမနားက (နှင်းပြား)

သတိုးပီယတပည့်ကြီး

ဒဂုန်မဂ္ဂဇင်း။ (၁၉၂၆) စာ ၂၁၃။

၆၉။ လူပျိုကြီးမောင် နှောင်းသွားတေးထပ်ပျက်

ချစ်ပုံကိုပြောမပြချင်ဘူး။ သောနဝမေတ္တာ။ မောင်ကဖြင့် သွေးမ...ယ်တယ်။ သစ္စာတော်ယူသုံး။ ဟိုးရှေ့က ဓေယျာတောင်မှာ။ ဂတိတော် ...အားကြနှစ်ပါး။ မခြဘူး သွေးရှောင်ပါလျှင်။ ကမ္ဘာမှာကြေဘူး။ ခင့်ရှုပါ ...အသွင်ဆန်းသော်ကြောင့်။ ပင်ဒဟတ်ရိပ်လယ်။ သည်လိုသာ မပေါင်းရ ...လျှင်ဖြင့်။ တန်ခူးလ သေလိမ့်မယ်ပအမှန်။ နတ်ရေးတဲ့ရွှေဖူးစာရယ်။ ...တို့နှစ်ကိုယ် မဆုံစီးလေခြင်း။ ရင်ထုလို့ခါခါငို။ ကျမျက်ရည်အိုင်။ မရှော့ ...ဘူး ကမ္ဘာကြေတောင်။ ကျားပိန်တွယ် ပိုးမယ် ဗျလေး။

ပျဉ်းမနားက "နှင်းပြား"

သတိုး ပီယတပည့်ကြီး

ဒဂုန်မဂ္ဂဇင်း။ (၁၉၂၆) စာ ၂၁၃။

၇၀။ တေလေနှောက်ပိုးဘွဲ့ လေးချိုး

ပိုးပန်းတဲ့ဝါသနာဟာ အစွဲသန်သလောက်မှာတော့။အရိုးအဆန်းနဲ့ အဖြာဖြာ အမြဲအကြဲမြောက်စရာဘို့။ သြော်...ပုဆိုးအနွမ်းကွဲ့ မပါပါတရဲ

ရဲ တလျှံလျှံတောက်ရှာတဲ့။ (ဦးသူတော်ရယ်) ဖဲဗန်ကောက်ကိုမှ ဝတ်
သူ။မနက်တနေ့ဆီက။ (ဝါ) အထက်တစ်နေ့ဆီက။ အဆက်တွေ့လေ
တော့။ တစ်ချက်ထေ့ရုံနဲ့မျက်စိကလေး ကြာဆန်ဆန်ငဲ့ပြင်။ တဏှာ
ဖြူဆိုတဲ့ စကားတွေနဲ့။ သူ့ကိုသနားပါ အကြိမ်ကြိမ်ငိုရှဲ။ လိမ်သ
ရှင်မလုပ်လိုက်ပါနဲ့တဲ့။ သနားဘွဲ့တကျူကျူပါကိုနှော်ကွယ်။ အာတနှဲ့
မယားခနဲ့သလိုပ။ နားလှဲ့၍မြူ။ စီးပွားရှာသနော် ဣတ္ထိ၏ သိုက်ကိုဖြ
နည်းများသပ တရာကျော် နှစ်ရာကျော်နိတ်သည့် စရိုက်ရယ်ဟု
(ဟုတ်ကဲ့) ရီးဇားက ဘာကတော် ညာကတော် မရိပ်မိအောင် ကြိုက်
လို့။ စိတ်ရှိလိုက်၍ ငွေကိုချူ။ မြေဇမ္ဗူတွင်ဖြင့် ပြိုင်သူရှား။ ဘက်မပေ
မြီးစရာ ကြက်အကြော်နှင့်။ အရက်ကဇော်ကို နေ့စဉ်သုံးပါလို့။ အမို
တကာတွင် စရိုက်အသာဆုံးပေပေ။ တဘက်သားမြင်လျှင်။ မျက်နှာထ
ပြင်၍ ပြုံးနိုင်လို့။ လူလုံးကို ဟန်မပျက်စေဘု။ ဉာဏ်နက်တွင် ဉာဏ်
အစုံနဲ့။ ကြံစည်ပုံအရှုပ် သဝေထိုးတဲ့ပြင်။ တမျိုးမဟန်လျှင် တမျိုးကြ
ဆိုးပါရဲ့။ တန်ခိုးတပြပြ ပုဆိုးတကြွကြွငယ်နှင့် အစစအသွယ်သွ
များလိုက်ပုံက။ (ရှင်သန်းမေရယ်) အပိုးဘဝတွင်ဖြင့် အမျိုးကစ၍ ပထ
အနွယ်အဆွယ်အပွား။

ပျဉ်းမနားက "နှင်းဖြ
သတိုးပိယ၏တပည့်ကြ
ဒဂုန်မဂ္ဂဇင်း (၁၉၂၆) စာ ၂၁

၇၁။ ခင်သော်တာသို့တေးထပ်

ပါရမီအစွမ်းထက်ပါဘိ၊ ငြိမ်းတစ်ချက်ထောက်ကူ တမ်းတဘ
မြောက် သူငယ်နှစ်ယောက်တူရှိဘဲ ငွားစွင့်စွင့်ရွှေကြာငုံလို့ နေအာရုံလ
လျက်နေဆဲ သမ္မာရ အင်္ဂရောင်လို့တက်ဘိရောင်ပြာမွဲရွှေအကုန်လေဟ
တွဲကာမှ ရွှေယုန်ပွဲပေါ်ဟန် ကြယ်ညီလာဝန်းလေကြိုလွမ်းစေဘို့ ချ



ကြုံပြန် ခင်သော်တာ့ ကဗျာဉာဏ်ငယ် မဟာဆန်ညှိနှိုင်းစို့ ကဝိဂိုဏ်းပါ အဝင် မှတ်ရအစဉ် ဆန်းနိုင်ပေ့ညာ တခင်ငယ် စာဘုရင်ဆိုကြပါစို့လေး (စာဖွဲ့သည် ညာနွဲ့ခင်ရယ် သာလှဲ့တွင် ထိန်စမ်းတော့လေး)

သတိုးပိယ

၇၂။ လေးဆစ်

စာဂုဏ်ပြည့်ပါဘိ ပုဏ္ဏမီစန်းငွေယုန်။ ခင်သော်တာအမည်လှိုင်းတိုင်းဖိန့်ဖိန့်တုံ။ သုတငယ်စုံ အမုံရင့်ကြာပန်း။ ထောင်ရဝိန်ကူညီပင့်လျှင် ပွင့်ဧွေ့ဧွေ့လန်း။

သတိုးပိယ

၇၃။ လေးချိုး

ကဗျာတွေ့စာပေပြရာက အညာမြေဌာနေကြအောင်လို့။ ခါနွေလပြန်အုံးမယ်။ ခြော်...အချိန်နှောင်းကာမှ စိန်ကောင်းကို ပနာစံသို့ အညာပြန် ကိုပိယမှာ အားကငယ်ငယ်။ တေးကဗျာကောင်းတာသိချင်လို့။ မေးစရာကြောင်းရာရှိပါက တောင်းပါဘိခုနေနှယ်။ ရှုစေဖွယ်ပ။ ပြချင်စမ်း။ ရွှေမြည္ဘာ ငွေလပုဏ္ဏမာရဲ့ ကုဏ္ဍလ ပြွန်ပြွန်တွင်းဆီက စုံဖြာဖြာ သွန်သွန်ဆင်းသည်သို့။ (ခင်သော်တာရေ) လင်းခဲ့ရောင်လျှမ်း။

သတိုးပိယ

၇၄။ လေးဆစ်

သရက်မိုယ်း ကြွက်အိုး၏ဥပမာ အစိပ္ပာယ်ဆိုလိုရင်းကို ရှင်းတဲ့ စာလွှာ၊ နှသဝါ ရှုပါလို့ ဆွေအားပွားရှှင်ရှှင် ထားခင်ခင် စည်းစိမ်တိုးဖွယ် ဖြိုးကြွစေသား။

သတိုးပိယ

၇၅။ **လေးချိုး**

အရာရာ မြော်မြင်တဲ့နည်းတွေနှင့် ကဗျာမှာ ပေါ်ပင်သီးနိုင်တဲ့ ဒေါ်ခင်ခင်ကြီးရယ်တဲ့ သိစရာ။

အလုပ်ထွက်သော်ကြောင့် နှုတ်ဆက်ရန် ဗျာကသိပ မကြာမီ လာမည်တွေးသော်လဲ ရေးခွင့်မသာ။

အပေါင်းထိုထို ခင်ရှာကြပေမဲ့ ၄င်းတရားကိုယ်တင်ခါဆလိုက်တော့ သခီါရဆိုတဲ့ စက်ငွေ့တချာချာမှာ မထွက်သရွေ့သာဖြင့် ဆုံလျှင်ကွဲ။

ဒေါ်နှင်းလွင်မှာ မျှော်ရင်းမြင်သာ မြင်လိမ့် ခင်ရှာလျှင် ချစ်ကြစေ ဟာမို ကြင်နာအင် တခေတ္တမျှ မခွဲချင်ပေမဲ့ ရှင်နဲ့ရာ အဂ္ဂနွန်းလိုပ ယှဉ်တဲ့ လက်ရသုံးသော်ကြောင့် အဆုံးမချိစရာပ နှစ်ကိုယ်ဖော် သဟာခွဲရမှာကြောင့် ပြုံးစိစိနဲ့ပေမဲ့ တချို့မပျော်မှာအမြဲ။

သတိုးပိယ

(အမှတ်စဉ် ၆၉ မှ ၇၃ ထိကို (၃၁-၅-၈၅) နေ့တွင် ဒေါ်ခင်ခင်ကြီးထံမှ ရရှိပါသည်။)

၁၉၂၇ ခုနှစ်

၇၆။ **ပုံစံလေးချိုး**

လေးချိုးဉာဏ်အမြင် (ရင့်) စေဘို့။ ရှေးရိုးစံတမင် (ဖွင့်)ကာပ။ အဆင် "သင့်" ပြခဲ့ (မယ်)။ တခဏ်း(မှတ်) လေတော့။ တမ်း "သတ်" ခါ ပိုဒ်ရေဖြင့် မ"ပြ" ချေဘု။ ကျ "နံ" စွာ ဉာဏ်နှင့် "တွေး" လို့ရယ်။ "ရေး" ကြတော့ (ကွယ်)။ ။ ပ-ဒု-မှာ ခံအ (အုပ်) ပါဘဲ။ စပြုကာအကြံ "ထုတ်" နိုင်မှ။ မှန်အ "ဟုတ်" ဉာဏ်စွဲ (ဘွယ်) အံလွှဲ (တယ်) ဆိုတာကိုဖြင့် သတိ(ထား)။ တ-စ "မှာ"။ ကျန "စွာ" ကာရန် "သင့်" စေမှ။ အ"ခွင့်" ညီကဗျာ "ဖတ်"တယ်လို့ ။ "မှတ်" လိမ့်မ(မှား)

သတိုးပိယ

ကဗျာဖွဲ့နည်းကျမ်း (၁၉၂၇) စာ ၂၈။



၇၇။ **သိပေါမင်းပါတော်မူခန်းဘွဲ့ (၈၀) ပေါ်ရိုး**

ရတနာပုံ မန်းပျံကနက်မှ။ နန်းစံနှစ်ဆက်ရောက်သောခါ။ အဆန်းဉာဏ်ဘက် နှောက်ရောလာသည်။ အနောက်ဂေါယာပါဆောင်ကြဉ်း။ သတ္တာစတု ဒွေးဧကာတွင်။ မဧပြေရှာအူသည်းပြတ်မျှအခင်း။ ကုလားရဲ့ပတ်သူဆောင်သယ်။ အတူမောင်မယ်ဝင့်နှောင်ကြွင်း။ နောက်လိုက်ရံရွေ ခဝပ်စင်းလျက်။ မမ္မလွတ်ကင်းသတိကွာ။ ဘင်ခရာစုံ သိမ့်သိမ့်ယွန်း။ ခြိမ့်ခြိမ့်ရိုက်မွန်း ဟစ်ကြွေးဆောင်ကြရှာ။ နာဝါထက်သို့ တက်ကြဘုရာငယ်။ လက်ဖြခါခါ မြင်ရှာသမို့ကြောင့်။ ရင်မှာ ဆို့လျက်အလို့လိုက်ပါဆို။ အချို့ရှိုက်ကာငို။ မြင်ရောင်သေးလို့ အဆွေးပိုသည်။ မဧသကို ခေတ်ဆိုကြုံရလေ။ ထီးကျိုး မင်းသုဉ်း ပြည်မှောက်ပြိုသည်။ စည်ပေါက်ပဟိုရ်ကွယ်ကြီး ကွယ်ခဲ့သလေ။ မပြတ်လွန်းဖို့ ထပ်ညွှန်းပိုတယ်။ နတ်ကွန်းနဂိုရ် ပျော်မြန်းရှာကြလေ။

သတိုးပိယ

ကဗျာဖွဲ့နည်းကျမ်း (၁၉၂၇) ဟ, ၈၄။

၇၈။ **ရွှေတိဂုံဘုရားဘွဲ့ ထပ်တွန့် ၈၀ ပေါ်**

လျှမ်းဝေ ဆန်းထွေ နန်းဘွေအမြင့်။ ဘဟန်းမြေပလ္လင်သိဂ်ုတ်တောင်။ စန်းနေအသွင့် စိန်စမုတ်ဆောင်မှာ။ အရှိန်အုပ်နှောင် ဖယ်ခွာဝင်း။

တွေးယူမှတ်အပ် ရှေးမူထပ်ထပ် လေးဆူစာတ်မြတ်ရတနာစုံသည်။ မဟာတိဂုဏ်ထောက်ရှူးသွယ်မြလင်း။ တိမ်ဆီကွန်းမြင့်။ ထိန်ကြည် ထွန်းဝင့် သိင်္ဂုတ္တရ်ရွှန်းတင့် ရွှေတောင်ပမာ။ နေရောင်ပဏာ ခဝပ်စင်း။ မှတ်ယူ လျှပ်မူ ပတ်ဖြူရှင်း၍ နတ်လူခပင်း ဦးနှိမ်လာ။ အဏ္ဏဝါ ရုံကာ လျှံဖြာတင့် သယံဇာမြင့် သိင်္ဂုတ်ဖွေချက်ချာ။ ဟံသာကွန်းမြို့ ပြန်ကာညွှန်းလို့ ဖန်လာ လွှန်းဖို့ ကြုံတတ်ရာတယ်။ တိဂုဏ်မြတ်စွာ ခြေတော်ရင်း၌။ ပွေသော် အခင်း။ ကင်းပဋ္ဋာဂုဏ်။ သွင်းရစိတ်အာရုံ။ ကြည်ဖွယ်များလှ စီချယ် ထားကြ ရည်ရွယ်အားရ သဒ္ဓါဟုန်ငယ်။ မဟာတိဂုဏ်တင် ဩကာနှင့် လေး။ ဝေမှောင်မကပ်ရ နေရောင်ဟပ်ကြ ရွှေတောင်ပဗ္ဗတ ပမာပုံလို။ မဟာတိဂုဏ် ပန်းကြည်မြဖေး။ သဒ္ဓါရှိန်မယုတ်ရ ရတနာစိန်စမုတ်ကြ တာဝတိံ အယုဇ္ဈ ပမာပုံလို။ မဟာတိဂုဏ် တုန္နိုင်းပါဘိလေး။

သတိုးပိယ

ကဗျာဖွဲ့နည်းကျမ်း (၁၉၂၇) စာ ၈၅

(ခုနှစ်အတိအကျ မသိရပါ)

၇၉။ ပညာရှိ ကလိယုဂ်ဘွဲ့ထပ်

ကဗျာကိုထွာညှိုစရယ်နဲ့။ စာဆိုကြခုခါ။ ဘာကိုမျှရှုမစာတယ်။ ဥပမာဥ်သို့။ တပဲမျှအခြေခံ။ တဝေသံပြုကြသူတို့။ ကထွာမျှ အသိဉာဏ် ကဝိစံအချို့။ တပည့်မှန်သဒ္ဓါချို့သူက။ ဆရာလို့ကြွားဝါ။ ငါချွန်သည် ငါအတတ်ကယ်လို့။ ကဗျာစပ်လုပ်ကြခုခါ။ နိဂံုဒ အရှင်းကွာသည်။ တမင်းသာသူပြုတော့။ လူတခုငါပေကို။ လောကအလို။ ခုများဖြင့် အကြွားပိုတယ်။ စကားဆိုမြင့်လွှန်းလှလေး။

"နှင်းပြား" သတိုးပိယတပည့်ကြီး

ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၁၁။



၈၀။ နှင်းပြားနောက်ပိုးဘွဲ့ တေးထပ်

နောက်ပိုးကောင်ပေါက်စမျိုး။ နောက်ထမဖြင့်ဖော်ပါ။ ယောက္ခမ အကော်ရှာသည်။ အလှော်မာဇာဝိဇ်။ စိန်သီးတဲ့ အိမ်ကြီးရင်တောင်။ ပိန့်ပြီး လျှင် စာကမလိတ်။ အပျိုစစ်အခြေမှန်။ ရဝေစံမေနိတ်။ ကုဋေတန် ငွေအိတ်နှင့်။ ဘေအနှိပ်လာစေ။ မြင့်၊ မည်း၊ ဖြူ၊ ဆူ၊ ကြုံ၊ နိမ့်၊ လျှင်လ။ မယူချိမ့် မှတ်ကြပါလေ။ ခြောက်ပြစ်ကင်း အဆင်းရွှေမှာ။ ယမင်းနေ အခြေမမဲ့မူ၍။ အမေတဲ့အိမ်ကိုပါ။ ရှိမှလိမ္မာ။ တိုက်ကြီးနှင့်ဈေးနီးရာမှာ။ သူဌေး သမီးသာ နောက်ဖိုးသူကွဲ့လေး။

"နှင်းပြား" သတိုးပိယ၏တပည့်ကြီး

ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၁၁

၈၁။ နှင်းပြား၏ အာသီသ နိဝါတလေးချိုး

ကြည်စယ်ကာ သရော်တတ်ပါလို့ ရည်ဘွယ်ရာ အပျော်ဆက်ပါရ မတော်ချက်တွေ့ခဲ့လျှင်၊ ပြစ်မပြုမူ၍၊ ချစ်မှုရှည်ပါစေလို့ ဥာစခွေနိဝါတ ငယ်နှင့်၊ နိမ့်ချအစဉ်၊ မာန်ထောင်စွာ ငါတကားတွေနှင့်၊ ဟန်ဆောင်ခါလာ လို့ကြွားလျှင်ဖြင့်၊ ခွါဖြင့်နှင့် နှိပ်လိုက်ချင်၊ စိတ်မိုက်ဝင်သူမို့ အခက်ပဲ။ တစ်ဆွဲမှာကြုံ၊ ခေတ်ထဲမှာ သမ္မာလျှံဘို့၊ ကဗျာမှန်လျှင် စမ်းရာကထိပါရဲ့ (မန်းကြည်ရယ်) တိုင်းသိလူဘဲ။

"နှင်းပြား" သတိုးပိယ၏ တပည့်ကြီး

ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၁၁။

၈၂။ ရှစ်လုံးဘွဲ့ကဗျာ

သတိုးပိယ မြို့မရဲဘော်။ ကဗျာဖူးညွှန့် ထူးကွန့်ဆန်းသော်။ အမည် ပုံ့မွေး ချစ်ဆေးပွင့်ကျော်။ ဉာဏ်စုံမြူး ဂုဏ်ထူးထပ်ဆင့်မျှော်။

သတိုးပိယ မြို့မရဲဘော်

ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၀၅

၈၃။ မယ် မောင် ဘွဲ့ စုံတွဲ တေးထပ်များ

၁ – ဖိုသံ။ (သ) နားတော်မူသင့်ငဲ့။ တဆူခင့်သက်ပံ။ အမြူနှင့်ဆက်ဆံသည်။ လက်ခံပါစေသား။ (တိုး) ဆင့်၍ ကိုးလင့်ပါတယ်။ စိုးနှင့်သာ မိန့်တော့မှာလား။ (ပီ) ယေဟိဝိပ္ပယာ။ တဆိတ်စာရှုစား။ (ယ) ခုလိုပုံများဖြင့်။ ယုံစားဘိုခက်ယောင်။ (မြို့)ကြီးသူသွင်ဇာတိပေမို့။ ယဉ်ပါဘ်ကြောထက်ကြော့ခေါင်။ (မ)နောဓာတ် အသရေဆောင်သည်။ တမေမောင် အသဲရွှံ့သော်လဲ့။ (ရဲ) စွန့်၍ ထွက်ရပြန်။ လေးမေ့ရှုပ်။ (ဘော်)သားစစ် အောက်ခံတွင်။ ရွှေမင်တံ ရေးသည်သို့လေး။

၂ – မသံ၊ (က) လေးလို ဝှစ်မြတ်ကယ်နှင့်။ ပလီတာတ်လေတယ်။ အညီဇာတ် အရေလယ်သော်။ သွေဖယ်သည်အများ။ (ဗျာ) ပိုတဲ့ ညာဖျိုးခင်ကို။ ဒါလိုပင် ပြုတာတ်ယောကျာ်း။ (ဖူး) ကေခိုင့်ပန်းမာလာ။ မချမ်းသာနိုင်အား။ (ညွန့်) ထိပ်ပံပုံကြား၍ ယုံစားမိပြန်သော်။ (ထူး) ထွေထွေဆန်းဉာဏ်ကွက်မည်ကြောင့်။ မှန်းကြံလျက် စိတ်၌မပျော်။ (ကွန့်) တတ်မေမယ့် မျက်ဖျော်ငယ်။ လှည့်ရက်တော်ပုံပန်းနှင့်။ (ဆန်း) သမျှ အမူပိုင်စိုးရွှံ့ ဗျာလှိုင်။ (သော်) မော်ခင့်ငုံ အခိုင်မှာ။ မယုံနိုင်ပြီဘူး ဖျာ့လေး။

၃ – ဖိုသံ၊ (အ) ချစ်တော် ငှိကာဖွင့်ပါလို့။ ကြည်သာခွင့်ကြောင်ခံ။ ညီညာလင့် တောင်းပန်တယ်။ တစောင်းဉာဏ်ထင်ထင့်။ (မည်)သို့မှုခွင့်မသာအောင်၊ တပွင့်ညာပြုတာတ်လေခင့်။ (ပျံ့)လှိုင်သည့် အိုမေတ္တာ(ထို)သစ္စာမလင့်။ (မွေ့)ထုံအောင် ရေးကုန်ဘွင့်ပါရ။ တွေးထုံသင့်သက်လျာ။ (ချစ်) မညီသွေဖီယွင်းခဲ့လျှင်။ စေတီမင်းဒိဋ္ဌပုံတူစွာ။ (ဆေး) အမှတ်ကျွေးအပ်ပါသည်။ တေးထပ်လွှာ ဆင့်သွင်း၍။ (ပွင့်)အလင်းမေဝစီကျူးသင့်ပါပြီ။ (ကျော်) သမျှ အခြေညီတယ်။ ရွှေပန်းချီ ရှုံးလောက်ပါငဲ့လေး။



၄ – မသံ၊ (ဉာဏ်)မြင်မြော် ဝဇီရယ်သို့။ ကြည့်သမျှဘုန်းလှိုင်။ သည်ကဖြင့် မရုန်းနိုင်ပါပြီ။ အဆုံးတိုင်ကြင်ဘို ။ (စုံ) မက်လို့ ပုံရက်တာကို။ ဂုဏ်တက်ခါ ဆိုးနှင့်ရွှေကိုယ့်။ (မြူး) ပျော်ရွှင့် နှစ်ကိုယ့်တူ။ မလိုသူဘယ်သို့။ (ဂုဏ်)ငယ်အောင် ပုံဆွယ်တိုသော်လဲ။ ယုံဖွယ်လို့ မထင်။ (ထူး) မေတ္တာနှစ်သွယ်ပန်းကိုဖြင့်။ မပြယ်တမ်း မြဲစို့ပင်ဆင်။ (ထပ်)ညွှန်၍မဏ္ဍာ့တင်သော်။ ထာဝစဉ်တင့်ကြောင်းနှင့်။ (ဆင့်)လောင်းလျက် သနားခံ။ မြဲမောင့်သစ္စံ။ (မြော်)ကိုးသူ့ နှစ်မေတ္တာငယ်။ အချစ်မှန်စေကြောင်းဖျလေး။

သတိုးပီယ မြို့မရဲဘော်

ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၀၆

၈၄။ နတ်ရွာစံအသျှင်သီပေါမင်းမြတ်၏ ညာနတ်ဒေဝီ မဟေသီ မိဘုရားခေါင်ကြီးဖြစ်တော်မူသော။ ထိပ်စုလတ်ဘုရား ကံကုန်တော်မူသဖြင့်။ မချိတင်ကဲ ကြည်ကွဲရကြောင်း။ ဘွဲ့ဆိုအပ်သောတမ်းချင်း။

ရှေးသွားလေးချိုးကြီး

တစ်ခေတ်ညှိုးပြန်ပေါ့။ ဇာစ်မျိုးသမ္ဘာန်ဟုန်နှင့်။ ရတနာပုံဘုန်းရောင်လျှမ်းစဉ်က။ တောင်နန်းညာပျော်နေတဲ့။ မဟေစံစုဘုရားလတ်မှာဖြင့်။ မှုသွားမပြတ်လွမ်းစေဖို့။ နတ်ကွန်းစံ။ ။မြန်မာ့ကောဇာထောင့်နှစ်ရာဟု။ စွန်းပါနှစ်ဆယ်။ တနှစ်ကယ်သည်။ လဝယ်နတ္တော်။ လေးဆုတ်ပက် ရက်အကျော်တွင်။ ဘုန်းတော်ဖြာ၍။ သီဟာနေ့၌။ လွှေ့လွှေ့ကြည်လင်။ မိးရှူးမြင်းလျက်။ ယခင်ဌာန။ ကပိလငယ်။ သကျစုံပေါင်း။ မြတ်သည့်ကျောင်းဟု။ ရှစ်သောင်းဖြန့်ဆောင်။ ပြည်တည်ထောင်သို့။ ကုန်းဘောင်နန်းပွင့်။ ဆယ့်တစ်ဆင့်နှင့် အသင်းဆက်ဆံ။ တွေသဖန်း ရေဖျန်းတော်ခံပြီးလျှင်။ ကဒဏ်စိုက်ထူး။ နန်းမွေကိုယူကြသည်။။ ဇမ္ဗူတွင် ရန်မြူလွင့်

ပါရ။ လင်းပွင့်နိုင်ငံ။ ။ကြမ္မာယွင်းသွေ။ နှစ်စင်းနေဘို့။ အခြေမညီ။လေဇော့
သည်သို့။ တိမ်းဘီစောင်းကာ။ နှစ်ကောဇာထုံ။ ဂမ္ဘန်နှင့်ကျား။ ဆင်နဂါး
တို့။ ပျော်ပါးစဉ်ပ။ ကြာငါးခိုင် ကြိုင်ထုံစမို့။ လကြတ္တိကာ။ ပုဏ္ဏား
ကျော်တက်။ အဋ္ဌရက်ဝယ်။ ညှိုးပျက်ဇာတာ။ သူဆောင်ရာသို့။ လိုက်ပါ
ကြွမြန်း။ အပြင်ကျယ် ပင်လယ်လမ်းမှ။ စခန်းကွန်းထောက်။ ကျွန်းဂီရိ
ရောက်ရသည်။ တွေမြော်ကိတယ်ဓမ္မ။ သခ်ီရကို။ ယူကြစေရန်။ တင်ပြ
ဖန်သည်။ အမှန်ညွှန်း၍ရေးပါဘိ။ ။ဓမ္မငယ်ဆယ်လီ။ တရားမှီ၍။
အညီစံပျော်။ နတ်နှစ်ဘော်တို့။ တွေးမြော်ဖန်ဖန်။ အောက်မေ့ပြန်လည်း။
ကဒဏ်ကွာဝေး။ တိုင်းတမြေ တပြေကျေးမို့။ အဆွေးမဆည်။ ရှိရသည်
တွင်။ ချစ်ကြည်သက်ထပ်။ မောင်တော်မြတ်က။ ထက်နတ်ဘုံစံ။ တမြေ
ကျွန်းအလွမ်းဖန်လို့။ နိုင်ငံသာစီ။ ကိုယ့်ဌာနီကို။ ပြန်လည်လိုကြောင်း။
မိန့်တော်ဆင့်အခွင့်တောင်း၍။လွှဲပြောင်းစံနေ။ ဒဂုန်မြေတွင် ဖြေပါသော်
လည်း။ အသည်းခိုက်အောင်။ မျိုက်သည့်မီးကြောင့်။ ပန်းကြီးဗျာပါ။
သတ်အဋ္ဌ်ခွေး ဇက္ကေးခါတည့်။ ကောဇာကာလ။ သဇင်နှင့်ဖျော်။
နတ်ပေါင်းပျော်သည့် နတွေ့ာ်လဟု။ ဆန်းထဆယ့်စေ့။ သီဟာနေ့တွင်။
ပြောင်းရွှေ့ဝတိ ။ ကြမ္မာတော်မှိန်ခဲ့ပေါ့။ အရှိန်လွမ်းဟုန်။ တရားနှင့်
ခြံုပြီးလျှင်။ အာရုံကို အလျှင်သုံးတဲ့အောင်။ မှုန်းတဲ့ဉာဏ်ရှိ။

သတိုးပိယ မြို့မရဲဘော်
ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၆၁။

## ၈၅။ တန်ဆောင်မုန်းလ ဗြိစ္ဆာရာသီဘွဲ့ လွမ်းချင်း

တန်ဆောင်ဆန်းပြန်တော့။ ဆောင်ခန်းဘွေရိပ်လှုံ။ ချမ်းစိမ့်စိမ့်
မယ်တုန်သည်။ နှင်းမြူမှုံသန်းပြန်တော့တယ်လေး။ ။ဆောင်းဟေမန်။
လေးပြန်ဆော်ပင်။ သန်ကြွင်းစဲ။ ခဝဲပွင့်၍။ မင့်လွင့်ညှိုပြာ။ ကျတ္တိကာလဲ။



သော်တာပြိုင်ထ။ ရောင်ခြည်ပ၍။ ကျွမ်းမြမြေငူ။ မီးပွဲလှူလျက်။ တူစုံမယ်
မောင်။ သစ္စာနှောင်သည်။ ထခေါင်ကာလ။ သည်ချိန်ပဟု။ (အိုမောင်ရဲ့)
တ မိတယ်လေး။

"သတိုးပိယ" မြို့မရဲဘော်
ဒဂုန်မဂ္ဂင်း (ခုနှစ်မတွေ့ရ) စာ ၂၁၂။

## ၈၆။ သံဝေဂ (၈၀) ပေါ်တေးထပ်

သွေ့ခြောက်ရင့်ရော် ကြာရေဝေးသို့။တဏှာသေဆေး သောက်
ချိုးခါ။ ကာမအမေ့ နောက်ပိုးလာသည်။ လောက်မျိုးပမာ ပုံတူသွင်း။
ဓမ္မာဟုံတရားပ ငါတဂုဏ်ကြွားကြ အာရုံငါးဝအနိဋ္ဌာကို။ အရိပ်ပမာယှဉ်
တွဲပျော်သည့်ခင်း။ သွင်ဆန်းစုံမှု ဆင်ကျမ်းပုံတု၊ ခင်းတန်းခြံုပြ၊ မောင်ကို
လေ။ မရှောင်ငြိပေ ခြေစုံနင်း။ညွတ်ထောင်၊ ဖွတ်လျောင်၊ ဝင့်နှောင်တွင်းမှ။
လွတ်အောင်မကွင်းများသူငါ့ တွေပုံမွေပုံ ရေစုန်ဝဲ၍၊ နေအကုန်အမြဲပျော်ပွဲ
ပြကြရာ၊ ကြံပြား၊ ပုံထား၊ ဆုံနွှားပမာလို။ ယုံစား ခါခါ တဏှာနောက်သို့။
အရာမရောက် နှစ်လကုန်။ မျက်လှည့်ကာမဂုဏ်။ စံထိုး ဖျံတိုး၊ ကံဆိုးကြုံ
သည်။ ဖလံပိုးပုံတူ မောစွာလှလေး။ ဘွတ်ဆိုး၊ တက်နိုး၊ မက်မျိုးစုံတယ်။
ဇရက်ကြိုးခုန်ပုံ တပ်ပါလို့လေး။

"သတိုးပိယ" မြို့မရဲဘော်
ဒဂုန်မဂ္ဂဇင်း၊ (ခုနှစ်မတွေ့ရ) စာ ၂၁၂။

## ၈၇။ သံဝေဂကဗျာ မဟာလေးချိုးကြီး

ပတ်သန်းရေဇလာ ရောသောင်နှော်ဆိပ်ပေပေါ့။ နတ်နန်းရဓဝ
ပမာ ဇေယျာတောင်တော်ထိပ်တွင်ဖြင့်။ (အင်း) ...ဇာတ်လမ်းမထွေစရာ

ကေဇာအောင်သော် နိမိတ်ပေဟု ကဝေဆရာနှောင်ဘော်မချိတ်မှု၍ နေ
စမ်းချင်။ ဆွေကလျာပြောင်တော်လျောင် လျောင်ဘော်မိတ်တို့ရဲ့။ စေတနာ
အရောင်နှော် မရိပ်စေဘို့ ချွေငြိမ်းဆင်။ ။(သြော်) မနက်တိုင်းတွင်ဖြင့်။
မပျက်မဆိုင်းမှု၍။ ကွက်ကသိုဏ်းရေသဘင်ရဲ့။ နေဝင်လျှင်စိတ်ပုတီးပေ
ပေါ့။ ရိပ်ကြီးရာဝနာခိုလျက်။ ဇရာအိုစာကို ရွတ်တဲ့ပြင်။ ဘာဝနာအလို
မဟာဗြဟ္မာစိုရ် ဝတ်တွေနဲ့။ သည်ဝင့်ကို ရှောင်လျက်ရုံးရတော့။
တောင်ကုန်းငယ် ဂူမင်ဆွယ်မဖြင့်။ မှုတင်တသွယ်ပါ စိတ်ဖြူတဲ့သဘော
တွေနဲ့။ လူမမြင်ကွယ်ရာမှာ နိဗ္ဗူစောပါလို့။ စမ္မောဇာ အမြိုက်ပန်းကိုလ။
ဆင်မြန်းမည် လျှော်တောခြုံလျက်။ ပျော်နေရုံကိစ္စကလဲ မပြီးပြီမို့။ စိတ်က
ညည်းအော်ဖြစ်လျှင် ပျောက်နေကြ။ အနိစ္စတည်းနှော် မမ္မရာဇ်ဘုရင်
တောင်မှ လဲရောက်ရသည်ဟု။ သံစ်ပင်အောက်မှာ ရုက္ခမူအကျင့်တွေနဲ့။
မမှားသဖြင့်။ တရားချင့်ချင်ပြီး။ ပွင့်လင့်နေစဉ်။ သတိုးမောင်ကိုပီယမှာ
ဖြင့်။ အကျိုးဆောင် နဂိုရ်ဝသီပြချင်လို့။ ဖိုလ်ထီမမွတွေနဲ့ ထွက်လမ်းဆင်။
စက်ငြိမ်းမြင်ပါသမို့ ခုနေများ။ မဂ်ကမ္မဌာန်းတင်ပါလို့ ရှုစေသား။ ငါမဟူ။
မာနတွေ့တလူလူနဲ့။ ဗာလမူ တကယ်မြောက်လျှင်ဖြင့်။ ပါယ်အောက်မှာ
သန္ဓေပေးပါလိမ့်။ ကွယ်ဖျောက်ခါ ဉာဏ်ရေဆေးနိုင်မှ။ တင်ကြေးညော်
ဖြူစင်ကင်းမည်ပ။ အာသဝေါအမှောင်တွေ ငါတကာထောင်လို့ဆင်းလျှင်
လ။ မုချမညာတာ ဒုက္ခမဟာတွင်းတွင်ဖြင့်။ ဘဝအဖြာဖြာ အကျနာဘို့
အခင်းပေပေါ့။ အလင်းကိုရှာစေမှုငယ်နှင့်။ မမ္မာအခြေစာပေရှုနိုင်မှ။
အောင်ဆုအမြန်ဆင်ရလိမ့်။ သမ္မဇဉ်ဉာဏ်ယှဉ်တဲ့သဘောတွေနှင့်။
လေးသြယသုံးထွေဝင့်ဆီက။ ကျွတ်ကြမည်အမှန်ဟာမို့။ သံသရာစက်
တဝဲကိုလ။ ထွက်လွှဲရန် နေ့စဉ်ချောင်းကြစေဟု။ အကြောင်းပြ ဤမျှညွှန်



ာ ကြားရပါတော့။ (အို ... မသန်းရွှေကလေးရဲ့) တစ်သောင်းမက
စ်သောင်းမကသော အပေါင်းဇနတို့ကိုရဲ့ ပီယအကျွန်ဆရာတရား။

"သတိုးပီယ" မြို့မရဲဘော်

ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရ) စာ ၂၁၂။

## ဦးချစ်စရာ၏ လက်ရာတပိုင်းတစ

**လေးဆစ်သဖြန်**

၁။ အင်ကြင်းမြိုင်နယ် ငှဝစနမှာတော့၊ ဆင်မင်းပိုင်အစွယ်နှစ်ဆူကို
သရမှာဖြင့် အငယ်စူဠကိုတဲ့ ဆက်ပါလျှင်...

**အလောင်းပိုက်**

၂။ မင်းစူဠဘဒ္ဒါငယ် ရွှေဉာဏ်တော်ယှဉ်တိမ်းလို့ စိမ်းပေရဲ့နော် မုဆိုး
ကျော်တဲ့မှ မုဆိုးကျော်...

၃။ ယူပါတော့ သင်မုဆိုးစွဲဉာဏ်ဝင်ကဲမာန်တင်းလိုက်ပါတဲ့ စိမ်းပင်မျိုး
တိုးလို့ဆက်ခြင်း၊ အော် မကြည်နဲ့လုံးရယ် ကြည်နဲ့လုံးရယ်နှင့်၊ သူသုံးပါစေ
သုံးပါစေ ရဝေဆောင်နန်းက ပန်းကြာရှင် လှမ်းကာပင်၊ မောင်မင်းသခင်
မေးရင် လှာရေး ကုန်စင်မှန်ကြောင်းကို ပြန်ပြောင်းလို့ပါတဲ့တင်၊
စွယ်တော်ချွန်းမှာဖြင့် စွန်းမထင်တည့်မှ စွန်းမထင်၊

၄။ သင်တန်တော့၊ တန်တော့၊ မာန်လျှော့ပေရာ၊ မြိုင်ဟေမာက ဘဒ္ဒ
ဆင်မလာလျှင်လေ သင်သေရှာရတော့မယ်၊ စိုးနှောင့်ဗျာပူခင်း
သစ္စာမူတော့မှ၊ စွဲဖြူဝဲယာ၊ မြေတောင်ညွတ်အောင်တဲ့ ကျွတ်သောခါ
ာည့်မှ ကျွတ်သောခါ၊

၅။ ....စွယ်တော်ကို သူပိုက်လို့ ရှုလိုက်ခါပင်၊ မင်စူဠငယ်၊ ဖြေပါသော် ပြေဘဲ၊ ထွေရာနော် ပွေကံဲ သွေကဲ၊ လောင်းဆဒ္ဒန်မှာ သေပွဲသို့ပါတဲ့ဝင်၊

## ငိုချင်း

၆။ သောနုတ္တိုရ်ရယ် တောအုပ်ညိုဝနာတခွင်မှာတော့၊ ရတနာလင် မဟာဆင်ဖြင့် ဆုံးပြီပေါ့၊ စာကုံးကာ ဖွဲ့နွဲ့၍ မရေးချင်ဘူ၊ မှာတုန်းခါမှ သဲ့သဲ့လေးပါဘုရားရယ်လို့၊ အေးအေးကလေး စကားကုန်တင်လိုက်ပေ တော့၊ ငယ်ပထမံနှစ်တာတဲ့ အချက်ဘယ်ကြောင့် စပယ်ပန်းသစ္စာဖြင့် ပျက်လေခြင်း၊ ဆယ်သက်တောင် အသေခံဝံ့ပါရဲ့၊ ရဝေစံမိဖုရား ခေါင် တပါးရယ်က သြော် ငါလင်အရင်းအစစ် နင်အတင်းချစ်လှည့်ပါတော့ အငယ်စူဠသုဒ္ဒါမယား ...

ဦးချစ်စရာ၏ အဆိုပါလက်ရာကို ၁–၉–၁၉၈၅ နေ့တွင် ဒေါ်စောမုံညင်းထံမှ ရရှိပါသည်။

ဒေါ်စောမုံညင်းက “ဦးချစ်စရာ ကွယ်လွန်ပြီးမှ မိုးကုတ်မြို့ ဒေါ်ဖွား ခင်အိမ်သို့ ရောက်သွားခြင်းဖြစ်ကြောင်း၊ ဒေါ်ဖွားခင်ထုတ်ပေး၍ ဦးချစ် စရာ၏ စာကောင်းပေကောင်းများကို ကူးရေးမှတ်သားခဲ့ကြောင်း၊ ၁၂နှစ် သမီး ငါးတန်းကျောင်းသူဘဝ ဟိုအနှစ်ငါးဆယ်က ကျက်ခဲ့ဖူးသော ကဗျာ မို့ ဒီလောက်ဘဲ မှတ်မိကြောင်း” ပြောပြပါသည်။

❑ ❑ ❑ ❑

# နောက်ဆက်တွဲ (ဃ)

## ဦးချစ်စရာအကြောင်း ရေးသားချက်များ

## ၉၃။ ကဗျာဆောင်းပါး

(ဇွန်လသူရိယမဂ္ဂဇင်း။ ကဗျာ့ပဒေသာခဏ်းအတွက် ရှင်းလင်းချက်)

အဆိုပါ ကဗျာ့ပဒေသာခန်း ကဗျာများတွင်။ ယခင်ကနှင့် မတူတော့ဘဲ။ ထူးကဲခြားနားစွာ။ အယ်ဒီတာ်မှတ်ချက်တို့ဖြင့်။ အပြည့်အနက် တွေ့ရှိရပါကြောင်း။ အဆိုပါမှတ်ချက်များမှာ ဟုတ်ရာမှန်ကြောင်း ရေးသားပါက။ သုတပွားရန်ဖြစ်သဖြင့်။ ဝမ်းမြောက်ဖွယ်ပါပေ။ "ဆရာလာမှ။ အနာသဲသည်" ဆိုသလို။ အလွဲကိုမှတ်ချက်ချမိချေက။ အပြစ်ကြီးလေးလှတော့၏။ အဆိုပါမှတ်ချက်နှင့် ပတ်သက်၍ ကျွန်တော်၏ ထင်မြင်ချက်ကို။ အောက်တွင်ဖော်ပြပါအံ့။

"ပျဉ်းမနားက နင်းပြား၏" ကဗျာသုံးပုဒ်တွင် "ပြစ်တင်စွပ်စွဲ။ အလွဲလွဲအမှားမှား မှတ်ချက်ရေးသားထားပုံများကို တွေ့ရှိရပေကြောင်း"

၁ အချက်၊ ၁–နံပါတ်–ရှမ်းပြေကို လှမ်းလေကြွသူကြောင့်၊ ချိုရာမှ။ (ပြေ) (ကြေ) (ရှေ) ဟူသောစကားသည်။ မြန်မာစကားတွင်မရှိ။ ၎င်းပြင် (မာစေသားဆွမ်းချက်သည်ပြင်။ ပန်းသက်စိတင်) ဟူသည်မှာလည်း။ (သက်စိ) ဟူသည်မရှိ။ (သက်စေ့) ဟူ၍ဆိုရမည်။ ပြင်ရန်မှာ (လာစေသားဆွမ်းချက်၍ပင်။ ပန်းသက်စေ့တင်) ဟု ပြင်သင့်၏"။ ဤကား ပထမ

အပိုဒ်၏ စွပ်စွဲချက်မှုရင် နှစ်ရပ်ပေတည်း။ထိုအချက်နှစ်ရပ်လုံးပင်။ ယုတ္တိမတန်သဖြင့်။ ချေဆိုရန်ရှိသည်မှာ။

(က) "ပြေ၊ ကြေ၊ ရှေ လောကေနတ္တိ"။ ပြေ့ကြေ့ရှေ့။ ပြည့်ကြည့်ရှုသည်သာရှိ၏။ ပြေ၊ ကြေ၊ ရှေ ဟူသောဝေါဟာရသည်။ လောကေ၊ လောက၌။ နတ္တိ၊ မရှိ။ ဟူ၍သာကဗျာကျမ်းကြီးအသီးသီးတို့တွင် လာရှိပေသည်။ "ပြေကြေရှေလောကေနတ္တိ" ဟူ၍ မပါရှိချေ။ ထို့ကြောင့် အထက်တွင် အပြစ်တင်ရင်။ "ရှမ်းပြေ" ဟူသောစကားသည်မမှား။ (ဝါ) မှန်လှ၏။ ဟိ၊ သင့်ပေစွ။ "ကြွေးပြေသည်" "သပြေပင်" စသဖြင့် ရေးရာတွင်။ "ပြေ" ဟူသောစကား မြန်မာတွင်မရှိပါက။ အသို့လျှင် ရေးပါမည်နည်း။ ထို့ကြောင့် အဆိုပါ စွပ်စွဲချက်သည်။ အချည်းနှီးတည်း။

(ခ) "သက်စေ့" "သက်စိ" စသောအသုံးနှုန်းကိုလည်း။ လုံးလုံးလွဲသည်ဟု မဆိုသာချေ။ ကဗျာမည်သည်။ ကောက်ိပညတ်မျှသာဖြစ်၏။ ပမာ။ အိုင်ချင်းများတွင်။ "ချစ်တဲ့သူ သူငယ်ချင်းကောင်း။ ယောက်မတို့လေ" ဟု ရေးရာမှ။ "ကောင်း" နှင့် "ကောက်"သည်။ ကာရန်ညီပါ၏လော။ မညီ။ သို့ပင်ဖြစ်လင့်ကစား၊ "ယောက်" ကို "ယောင်း" ဟူသောအသံတွင် ဘတ်၍ ကာရန်ဟပ်ကြ၏။ "ယောင်း" ဟူ၍လည်း ရေးစပ်ကြသည်။ ထို့ကြောင့် "စေ့" ကို "စိ" ခေါ်ဝေါ်သုံးစွဲ ကြသည့်အတိုင်း။ "စိ" ဟု ရေးသားစပ်သည်ကို။ ဘာမျှအတွေးထပ်ရန်မလို (ဝါ) တဆိတ်ကို။ တအိပ်ချဲ့ခြင်းမျှသာဖြစ်၏။ ဆရာမှိုင်း၏မှာပုံတော် ဒုတိယတွဲ။ စာမျက်နှာနံပါတ် ၁၆၀။ ကို ပေါ၏ မယ်ဘွဲ့လေးချိုးကြီးတွင် "အလုံသူမအိမ်ကောင်းပါတဲ့။ တမလွန်ဘဝပြောင်းကိုကွယ်။ (အမယ်မင်း) အောင်းမေ့ရတုံး" ဟူ၍ "အောက်မေ့" ကို ကာရန်ပြောင်းပြီ။ "အောက်မေ့" ဟူ၍ စပ်၏။ ဘတ်၍လည်း သုတိသြဘာရှိလှ၏။ အမှားဆိုတော့မည်လော။



အဆိုပါ ဆရာကြီးကို ယခုအခါ။ ကဗျာတွင် ဆံရာဝင်တဆူ။ အတုယူကြရသဖြင့်သင့်၏။ (ဝါ) မမှားချေ။ ထို့ကြောင့် ရုံဖန်ရံခါ ကာရန်ပြောင်းလျက် ကောင်းသလို ရေးနိုင်ကြောင်း ဌင်ရှားတော့သည်။

အရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းကဗျာတွင်လည်း။ "တရားသံတော်။ ဤသို့ခေါ်၏ အာပေါကမ္ဘာ ဟူ၍စပ်ရာတွင်" အာပေါ် "မရှိရေဟော "အာပေါ" သာရှိသဖြင့် တရားသံတော။ ဤသို့ခေါ်၏။ အာပေါကမ္ဘာဟူ၍ မှတ်ချက်ချရင်း ဆရာကြီးက ပြင်ဦးမည်လော မသိရပေ။ အကိုးတွေ အကားတွေ များစွာရှိ၏။ ရှည်အံ့စိုးသဖြင့် ရှေ့သို့တစ်ခါကျတက်ဦးပါအံ့။

၂။ ၂ နံပါတ်တေးထပ်မှာ (ဝင်ပါတော့ကိုလ၊ ပြုရယ်။ ငိုသူ ရှင့်တွက်ကြောင့်ပန်း) ဆိုရာမှာ။ လ၊ ဟူသောစန်းသည်။ ပြုသောအရောင်ရှိသည်ကို။ အထူးဆိုသင့်တော့သည် မဟုတ်ဘဲ။ ကို (လ) ဖြူဆိုခြင်းမှာ။ (လ)နီ။ လ(စိမ်း)များ ရှိပြန်သကဲ့သို့ ဖြစ်ခြင်းကြောင့်။ ဤသို့ မရေးသင့်။ ဤကား ဒုတိယမှိစွဲချက်ပေတည်း။

ထိုစွဲချက်ကိုချေပရန်မှာ။ (၁) "စိကြပ်ကျွသောရော"ဟူသော မာဂဓဘာသာအရ... "ဆန်းကြယ်အတောင်။ မြီးခေါင်ညွှတ်ခက်။ ဥဒေါင်းငှက်တည့်" ဟူသောလင်္ကာတွင်လည်းကောင်း။ (၂) "ကုဋိလ ကုဏ္ဍိလောသူဝေါ" ဟူသော မာဂဓဘာသာအရ..."နှုတ်သီးကောက်ကွေး။ နီရောင်သွေးနှင့်။ ကျေးရွှေသူ၀" ဟူသောလင်္ကာငှင်း။ စပ်ဆိုကြရာတွင်။ ဥဒေါင်းဟူသမျှ။ ရှည်သောမြီးခေါင်။ အတောင်ဆန်းကြယ်သည်လည်း။ မဆန်းကြယ်သောအတောင်။ မြီးခေါင်တိုတိုသော ဥဒေါင်းမျိုးမရှိ။ ထို့ပြင်ကျေးတူကလည်း။ နှုတ်သီးကောက် နှုတ်သီးမကောက်အားဖြင့်များသောအနေကဏ္ဍကရှိသည်မဟုတ်။ နှုတ်သီးကောက်တစ်မျိုးသာ ဧကန္တကရှိရ

ကား၊ အဆိုပါ စာသွားသည်။ ကဗျာသမားတို့၏ အယူအဆဖြင့် နိရုတ္တက၊ စာပေတတ္တ။ ဒေါသနှစ်ချက်၊ ငြိယုက်သည်ဟူ၍ အပြစ်ကောက်တော့မည်လော၊ မကောက်ရချေ။ (ဝါ) မငြိပါဘူး ဆိုလိုသည်။ အကြောင်းမူကား ဧကန္တိကဖြစ်စေကာမူ၊ "ဖောခိသျှောင်ရွှေ၊ ဗုဒ္ဓေဟေအောက်၊ ဆန်းကြမ်းပေါက်သား" ဟူသောလင်္ကာတွင်၊ ပလ္လင်တော်မည်သည်၊ ဖောခိပင်အောက်၌သာ ပေါက်မြဲဖြစ်ပါလျက်၊ အညွန့်တက်၍ ဖောခိပင်အောက် မပေါက်သောပလ္လင်ရှိသကဲ့သို့ ဆိုသည်မဟုတ်။ ဟုတ်တိုင်းမှန်သော "ယထာဘူတ" ဂုဏ်ဝိသေသနကို ဖော်ပြသည်ဖြစ်ရကား။ များစွာအနှစ်ပြည့်လျက်၊ အပြစ်မရှိကြောင်း ထင်လျားပေသည်။ ထို့ကြောင့် (လ) ဖြူဟူသည်မှာလည်း၊ အပြစ်ဒေါသမှကင်းလျက်၊ ရှင်းချက်တွင် ဖော်ပြခဲ့သော "ယထာဘူတ" ဂုဏ်ပင်၊ စုံလင်ရရှိပါပေသေး၏။ ဤတွင် "ရည်သွားယုတ်စိမ့်" အားတိုင်းနှိမ့်လည်း၊ မနိမ့်ကိုယ်ပင်၊ ကျေးဇူးအင်ကြောင့်၊ ညွှန်တွင်ဗွန့်ပစ်၊ မဏိစစ်သို့၊ မညစ်မညှိုး ဂုဏ်ရောင်မြိုး၏" ဟူသော ကိုးခန်းဆရာတော်၏ အာဘော်အတိုင်း။ ကိုင်းမိကရောဟု၊ ဖိနှိပ်စေကာမူ၊ လူ၍ လူ၍သာ တက်လာကြောင်း။ (ဝါ) အပြစ်ဟုဆိုသော်လည်း၊ နဂိုရ်ကလုံလောက်သဖြင့်၊ ဂုဏ်မြောက်လျက် သာနေသည်ဖြစ်ကြောင်း။

၃။ "၃–နံပါတ်(ငွေသော်တာ ခင်တစုတို့ရဲ့) ချီသောလေးချိုး အဆုံးချမှာ၊ ဝဂ်နင်းအချမျိုးဖြစ်၍ မကောင်းဟူသော စွပ်စွဲခြင်းကို တွေ့ရပြန်ချေ လေ၏။

ဝဂ်နင်းဆိုသည်ကိုပင် ရှေးဦးစွာ မည်သည့်အရာကိုခေါ်ကြောင်း၊ ကောင်းစွာသတိပြုသင့်တော့၏။ "ဝဂ်" "ဝက်" ဟူ၍ အရေးအသားကွဲပြားနေရာ၊ "ဝဂ်နင်း" ဟူသော "ဂ်"သတ်သဘောမှာ၊ "ဝဂ္ဂ"ပါဠိမှပျက်



သဖြင့် ဝဂ်အစုအပေါင်းဟု ရ၏။ "ဝက်နင်း" ဟု "က်" သတ်နှင့်ရေးကြပြန်သည်မှာ ပကတိ တိရစ္ဆာန်သွားလေဟန်။ မမှန်ချော်ချက်၊ ရှေ့လက်ရာကို နောက်ခြေရာထပ်၍ နင်းသောအဓိပ္ပာယ်ဖြင့် တင်စားလျက်၊ "ဝက်နင်း" ဟု ခေါ်ထုံးပြုကြ၏။ ၎င်းအဓိပ္ပာယ်မှာ၊ ကာရန်အခံအအုပ်တို့တွင်၊ အကြင်ခံခဲ့သော ကာရန်နှင့် အသံတူအဓိပ္ပာယ်တူ ထပ်မံအုပ်မိချေက၊ "ဝက်နင်း" ဖြစ်ရသဖြင့်၊ မရေးအပ်ကြောင်း၊ အပေါင်းသောပညာရှင်များ၊ သွန်သင်ဩဝါဒပြုကြကုန်၏။ ဝက်နင်းဟူသောသဘောမှာ၊ အောက်ပါပြယုဂ်တွင် ထင်ရှားတော့၊ "မှန်းချိန်ကာ၊ နန်းသိင်္ဂါရွှေပြ ဒုဆီက၊ ပွေ့မှုထပ်ကဲ၊ ကြင်ခွင်ကိုမြူ၊ ခင်ခင့်လူစိတ်တော် (စွဲ) မိတာကြောင့်၊ အ (မြဲ) နော့်ပွေ့ဖျာပါပ၊ ရွှေကြာမှာ နေဝါထိသည်သို့၊ မချိစိတ်ထဲ"။ ဖော်ပြခဲ့သော ဒွေချိုးတွင်၊ ပထမအချိုး အခံကာရန်ဖြစ်သော (ကဲ)ဆိုသည့် "အ" သရ ကို၊ ဒုတိယအချိုးအအုပ်ကာရန်ဖြစ်သော (ထဲ)ဟူသည့် "အဲ"ကာရန်ဖြင့် မအုပ်မိ၊ (စွဲ) (မြဲ)ဟူသော "အဲ"ကာရန်တို့ကို ထည့်သွင်းထားသဖြင့်၊ ဝက်နင်းဟူ၍ခေါ်ကြောင်း၊ ပညာရှိကဝိပုဂ္ဂိုလ်များ မိန့်ဆိုသည်ကို မှတ်သားဘူး ပါကြောင်း။

"ဝက်နင်း" ဟူ၍ "ဂ်"သတ်နှင့်ရေးသည်ကိုငှင်း၊ အဆိုပါစွပ်စွဲရင်းကဗျာပျက်ယွင်းလျက်၊ ဝဂ်နင်းများလွန်းသည်ဆိုရာကိုငှင်းအကြောင်းသင့်မည်မထင်၊ (ဝါ)ဘာမျှ အဓိပ္ပာယ်ကောက်မရသဖြင့်၊ ကမောက်ကမမှတ်ချက်ဟု ဆိုလိုက်ပေကြောင်း။

"ဝက်နင်း" ရေးထုံးနှင့်တကွ၊ သဘောသကဲကို၊ ဟုတ်မှန်တိုင်း မူလမှတ်ချက်ချရှင်း ဆရာကြီးက၊ ရှင်းလင်းပြစေလိုကြောင်း၊ အပေါင်းသောပညာရှင်များကလည်း၊ အသီးသီး ထင်မြင်ချက်အစုံအလင်တို့ဖြင့်၊ ခုံတင်ဆုံးဖြတ်ကြစေလိုကြောင်း။

မှတ်ချက်ချရင်ဖြစ်သော မူလဆရာကြီး သတိရှိစေလိုသည်မှာ။ ပညာပွားရာ ပွားကြောင်း။ ကောင်းသော ပဏ္ဍိတစေတန်ဖြင့် ရေးသားရာတွင်။ ငါတတ်သည်။ ငါကဝိဟု ညာမည့်သဘောထားဖြင့်။ "ငါ့စကားနွားရ" မရေးစေလိုပါ။ မှန်ရာကိုရှင်းလင်းပြရာတွင်။ ပရဂမ္ဘာန။ အတ္တုက္ကံသန။ ကင်းစေလိုပါသည်။

ပုန၊ တဖန်တုံလည်း။ မူလဆရာကြီးက မိမိအမည်နာမဖြင့် ထုတ်ဖော်ရှင်းလင်းပါက။ အားရဝမ်းမြောက်ဖွယ်ပင် ဖြစ်ပါသည်။ ယခုဆောင်းပါးတွင်။ ပညာပြန့်ပွားရန် မှန်သည့်ထင်မြင်ချက်ကိုသာ ဖော်ပြလိုက်ပေသည်။ ပြန်လည်ရေးသားရာ၌။ ပညာရှိကြိုက်လောက်အောင်။ အမှိုက်အရောရော။ ဖွဲအရောရော ရေးသားပါရှိပါက။ သူမာလျှင် စိန်စောင်းပါကွဲ။ သူပြောင်းလျှင် အရေဖြစ်နိုင်ရဲ့ ဟူသော မန်လည်ဆရာတော်ကြီး၏ ကဗျာနည်းအတိုင်း။ ဆုတ်ဆိုင်းခြင်းမရှိ။ ပကတိစေတနာဖြင့်။ သေသေချာချာ ရေးသားမည်ကား၊ မချွတ်ပင်တည်း။

ပြန်ကြားခြင်းကို မျှော်လျက်အသင့်ရှိပါ၏။

ပျဉ်းမနားက "နင်းပြား"

မှတ်ချက်။ ။(ရှမ်းပြည်) ကို။ (ရှမ်းပြေ)။ (သက်စေ့) ကို (သက်စိ) ဟူ၍ရေးသားခြင်း မှန်သည်ဟု ။ ပြန်လှန်ငြင်းဆိုခြင်းမှာ ရဲဝံ့ပေ၏။ အကြောင်းသော်ကား။ ကာရန်အတွက် သတ်ပုံစကားရန်ကိုဖျက်၍၊ အသံဖြင့်သာရေးသော လင်္ကာအမျိုးမျိုးကို။ ပညာရှိကြီးများ မနှစ်သက်ကြ။ ရှေးဟောင်းအလင်္ကာဆရာကြီးများသည် အလွန်မလွှဲမကင်းသာသော နေရာမှာသာ။ အသံကိုလိုက်လွှဲ၍သုံးကြသည်။ သုံးပင်သုံးသော်လည်း အဓိပ္ပာယ်မပျက်ကြပေ။ ဥပမာ။ နဝဒေးကို ဗာရဝီတွင် ။ သုံးမည်ဂတိ။ သုံးဝီထိတွင်။ မြဝိဂန္ဓိုရ် ယုဂန္ဓိုရ်ကို။ ဝိဂန္ဓိုရ်ဟု အသံလိုက်လွှဲသော်လည်း



အဓိပ္ပာယ် မပျက်ချေ။ ၎င်းဗာရဝီတွင်ပင်။ သုံးတောက်ပါဒ်ညီ။ အရုဏ်နှင့် "ဗေသာခီ" ကြယ်ဟု ဗေသာခါကို။ ဗေသာခီဟု ရေးသားသည်မှာ အဓိပ္ပာယ်မပျက်ဘဲလေးနက်ပေ၏။ လောကဝိဒူမော်ကွန်းတွင် ။ကန်တူ။ ဖြိုန်။ ညီ။ မိန်ရာသိဝယ်။ ရေဝတီနက္ခတ်ဟု "ဖြိုန္တာ" ရာသီကို "ဖြိုန်" ဟုလိုးလွှဲသော်လည်း။ အတ္တာ လင်္ကာရမပျက်ပေ။ ၎င်းလောကဝိဒူ၌ပင်။ ။နယုန်လပူ။ ဇေဋ္ဌ "မိဂသိုရ်" ဝါဆိုအာသင့်ဟု မိဂသီနက္ခတ်ကို။ မိဂသိုရ်ဟု အသံလိုးလွှဲသော်လည်း (မိဂသီရ)ဟူသော သဒ္ဒါမပျက်ချေ။ ၎င်းပြင် စလေဆရာဦးပုည၏။ ကောသလဇာတ်တွင်။ ယုဂန်မကိုက် "မဟာရိုစ်သို့" တိုက်ဇမ္ဗူကွက်။ ဟု စပ်ဆိုရာတွင် မဟာရာဇ် ကို (မဟာရိုစ်) ဟုရေးသော်လည်းသဒ္ဒါမပျက်ချေ စသည်ဖြင့် ရှေးပညာရှိများသည် လေးနက်လို၍တကြောင်း။ မလွှဲမကင်းသာ၍၎င်း။ အသံကို ကာရန်နှင့်ညီအောင် ယူသော်လည်း အဘိဓာနဝေါဟာရ သဒ္ဒါပျက်ခြင်း။ သတ်ပုံကိုထိခိုက်ခြင်း မရှိကြပေ။ မာဂဓပါဠိကိုထားဦး။ မိမိတို့သုံးစွဲနေသော မြန်မာဘာသာစကားကိုပင်။ ရှေးအစဉ်အသုံးအစွဲကို မှန်အောင်သတိပြုရာချေသည်။

(သက်စိ) နှင့် (သက်စေ့)မှာ။ မိမိစကားကို အနိုင်ရလျှင် ပြီးတာပဲဟု အမှန်ထင်၍ ငြင်းသော်လည်း။ ကဗျာပညာ၏ အသက်နှင့်တူသော (သတ်ပုံကျမ်း) များက သက်သေခံလျက်ရှိချေ၏။ (စိ) မှာ ပြုးစိစိ၊ လည်စိမျက်စိ၊ တစိုးတစိ၊ စိစိကြေအောင်နယ်သည်။ မေးစိဟူသော စကားများကို လုံးကြီးတင်ဖြင့်သုံးသည်။ (စေ့) မှာ အစေ့အနှံ့။ စေ့စေ့တွေးသည်၊ စုံစေ့အောင်နေသည်။ စေ့စေ့မြေ့မြေ့ရှိသည်ဟု သတ်ပုံရှိသည်၊ စွယ်စုံကျော်ထင်သတ်ပုံတွင် (ဘယ်ခုနှစ်၍။ သက်မစေ့၊ စုတေသည် ရုပ် ဘယ်မျှနည်း)။ (သွားတော်သိမ့်မွေ့။ လေးဆယ်စေ့၊ ချမ်းမြေ့ဘယ်ကုသိုလ်ပေနည်း) စသည်ဖြင့် ပြရလျှင် များလှ၏။ သိသာရုံမျှပြတော့အံ့။

**၉၅။ သြဂုတ်လမဂ္ဂဇင်း၌ "နှင်းပြား" အားပြန်ပေးသော တေးထပ်အတွက် အယ်ဒီတာကြီးအား ပေးအပ်သည့် တြိချိုး**

ဆရာ့စာ(တဲ့)နှင့် (ဂွ)ကိုလှ။ ဘဲ့နှာကြောင့် ရေးရသည်။ ရှင်းပြတာလီ။ ရှေးသည်ီ။ မှိမည်ဆိုသော။ ။ယခုမှာ ပေါ်ပင်သုံးတယ်။ လုံးဝရှုပ်ထွေး။ ။

အမှာ။ ။အသျှင်သာရိပုတ္တရာ၊ အသျှင်ရာဟုလာတို့ကို ညွှန်ပြဘူးသည့်အတိုင်း။ ပညာရှိအံ့ထင်၍ ရှိသည်ထက် ရှိစေရန် ရည်သန်၍ မေးမြန်းပါသည် ဆရာကြီး။

"ကြော့" ဝက်လက်

သူရိယမဂ္ဂဇင်း၊ အတွဲ ၁၀၊ အမှတ် ၇ (စက်တင်ဘာလ ၁၉၂၆)

**၉၆။ ကဗျာဖွဲ့နည်းကျမ်းအကြောင်း မာလာညွှန့်တေးထပ်ဆန်း**

လက်ရုံးစုံတန်းကာ မြှောက်ကြတော့။ ဝမ်းသာပေါက်ပေါ်လာ။ လျှမ်းဖြာတောက် သော်တာလို။ တော် မြန်မာညွှင်းနဲ့၊ သင်းပျံ့။ ။ကဗျာနည်း ကြည်သာရှင်အောင်။ တည်တွင်စွာ တေးတျံရေးဖြန့်။ ။လေးချိုးနှင့် တေးထပ်သဖြန်ကို။ ရှေးမှတ်ဉာဏ်အခန့်တသန့်။ ရေးစပ်၍ အကန့်အတန့်။ အပြန့် အနှံ့ရေစီ။ ။ဆန်းလင်္ကာ အကတ်အသတ်။ အချပ်အထပ်ခွဲပြပုံညီ။ ။ကဗျာနည်းတွေးလုံးမှီလျှင်။ ရေးကုံးသည် မခက်တောင်းစေဘို့။ အထက်ကျောင်း ထူးသစ်ကဗျာထွင်။ ဦးချစ်စရာပင်။ ကြူးလှစ်ဟကဗျာဆင်သည်။ စာသဘင်ကျင်းပြီရှင့်လေး။

ကေတုမတီမခင်ကြော့

ဆရာမကလေး

သူရိယမဂ္ဂဇင်း၊ အတွဲ ၁၁၊ အမှတ် ၁၂၊ (ဖေဖော်ဝါရီ ၁၉၂၈)စာ ၈၉



**၉၇။ သတိုးပီယဂုဏ်ဘွဲ့ ရှစ်ဆယ်ပေါ်**

ကြံစည်၊ ဂမ္ဘီ၊ ဉာဏ်ရည်တင်။ လျှံခြည်အဖြင့် မွန်ပြည်ခေါင်။ ဘမ်မည်အသင့် မွန်ရှည်ဆောင်တယ်။ အကျွန့်မို့မြှောင် ခိုလှုံကြ။ ပမာနှန်းတိ ရေးကဝိမဟာလို။ ရေးသည့်ကဗျာသဆန်း နိုင်တတ်အား။ ရှုကြ ခုပ ကဗျာ့ကဗျာ။ တုကြစရာရေးစီသား။ နုနုလှသာသာ တေးအဆိမ့်များတော့။ သွေးသိစကားများဗိုလ်ပါ။ ထုတ်ခါနှုတ်သာ ဟုတ်ရာပြသူမို့။ ကမုဒ်ဉာဏ် ခက်ဖြာသည်။ ပြဋ္ဌာန်းချက်ပမာ မှန်စွာကျင့်လို့။ ထံတျာသီချင်း ဂီတကဗျာစီခြယ်။ ပီယနာမမည်ကွယ်။ ပညာလောက်ထွေကြွေကြွေတယ်သည်။ စေ့စေ့တကယ် သိကြောင်းသာပလေ။ သတိုးနောက်ဆက် မည်လှဆွယ်သည်။ ပီယတသွယ် ဆင့်လောက်ပါလို့လေ။ တပည့်အများ ပညာကြွယ်အောင်။ သင်တာတကယ်ပြ ညွှန်းပါဘိလေ။

ခင်မြစိန် (ညောင်လေးပင်) မြို့မ

သူရိယမဂ္ဂဇင်း၊ အတွဲ၉၊ အမှန် ၁၂ (ဖေဖော်ဝါရီ ၁၉၂၆) စာ ၅၀။

**၉၈။ အမျှော်စိုက်လွမ်းချင်း လေးဆစ်သဖြန်**

ဇင်ပန်းခွေ ပမာသမျှကိုပ။ ခင်သန့်ရွှေက ညာအလှအရယ်က။ (သတိုးပီယကြီးရယ်) စာသပါလို့မှာလိုက်မယ်။ ဘယ်တနေ့ရယ်မှလေ။ မေ့ပေါင် အပျိုမော်မဖြင့်။ အကိုတော်လာ မလားရယ်လို့ စောင့်စားကာ ဆောင်တော်ခန်းမှာရှင် မှန်း...မျှော်မိတယ်။ ရှုလှည့်ပါပျိုပျို့ အနိုတ်ကိုဖြင့် နဲ့ခါကိုကို စိတ်ကယ်ကြောင့်။ အလိုလို မအိပ်နိုင်ဘု၊ တမ်းတလို့ရှယ် န်းဝလယ်ဆီက နွမ်းခွေဆွေး။ (မောင်မောင်ရယ်) လွမ်းလှတယ်ရှင့်။ ာသည်က ကျွန်မသန်းရွှေကလေး။ ခေါ် လှဲ့ပါနော်။ မျှော်တဲ့သူအပျို ာ်မဖြင့်။ အကိုတော်ချစ်သူနှင့်ပေါင်းကာမှ။ ပေါ် လွင်အောင်။ ပျော်ရှင်ဘို့

အကြောင်းပါဘဲ။ (အမယ်မင်း) ဆောင်းလတိုကလဲ မဝေးပြီမို့။ (မောင်မောင်ရယ်) နှောင်းလှလို့ဆွေး။ ။

ခင်သန်းရွှေ ရန်ကုန်မြို့

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၁ (စက်တင်ဘာ ၁၉၂၅) စာ ၂၀၂။

၉၉။ ခင်သန်းရွှေ၏ အမျှော်စိုက် စာအဆန်းနှင့် မှာတမ်းကဗျာများ

လစန်းအသရေပမာတမျှကဲ့သို့၊ မသန်းရွှေကညာအလှက။ စာသကာတိုတိုရေး၍။ ချိုချိုကလေးနှင့်သိစေအပ်ပါသည်။ ဦးပီယခေါ် ပျှဦးမနားပျော်ကြီးရှင့်။

အမျှော်စိုက် လေးဆစ်သဖြန်

ပေါ်လာနိုးရယ်နှင့်။ မျှော်ကိုးလို့နေသာကုံ။ ဥက္ကလာရွှေဂုန်ကျေးမှာရှင်။ ဆွေးနေရပုံ။ အဖုံဖုံ အိုကြုံရပါတနဲ့။ ချစ်တဲ့မေ။ လွမ်းမိုယ်းတွေတစွေစွေနှင့်။ အထွေထွေ နေမပြောင့်နိုင်ဘု (မောင်ရယ်) ဘုန်းကြောင့်စိတ်ခွဲ။

သြော်…မနုဿတ္တဘာဝေါ ဒုလ္လဘောလို့ ရှင်စောဗုဒ္ဓ ဟောမိန့်ကာချွေကဲ့တဲ့။ ဒေသနာအခင်းသွားကို။ စဉ်စားလို့ ကြည့်လိုက်တော့။ သည်ကိုကို….ဦးပီယရဲ့။

မနုဿတ္တဘာဝေါ။ အမူလှလှနှင့်။ ဇမ္ဗူအကြွမှာ။ လူတို့ဘဝကိုဖြစ်လာရခြင်းသည်။ ဒုလ္လဘော။ မလွှဲမပျက်။ အမြဲမက်ကြပေတော့။ သြော်…ခဲခက်လှပေစွတကား။ အတိဒုလ္လဘော။ သြော်…တနဲမယွင်း။ အမြဲခြင်းကြပေတော့။ အလွန်တရာမှ ခဲယဉ်းခြင်းကြီး ခဲယဉ်းလှပေစွတကား…လို့။



အဲ …သို့ကလို၊ လူတို့၏ဘဝကို ရရှိကြဖို့ရာ အလွန်တရာမှ ခဲယဉ်းလှပါတယ်ဆိုတဲ့။ ဘဝကောင်း ဘဝမြတ်ကြီးကို။ ကျွန်မ ခင်သန်းရွှေကလေးမှာ ရရှိလို့နေပါသဖြင့်။ ဝမ်းမြောက်ဝမ်းသာခြင်း ဖြစ်ပါသော်လဲ။ ညစ်လှသော စိတ်အတွက်ကြောင့်။ အိပ်စက်လို့တောင်မှ မပျော်နိုင်ဘဲ။ မျှော်မှိုင်ကာ အပူမိပြီး။ လူမသိအောင် ဖြစ်နေရတာက သည်ကိုကလားဦးပီယကြီးရဲ့။

သြော်…ကျွန်မတို့ အမြဲမပြတ် ကိုးကွယ်အားထား မှီခိုရာအစစ်ဖြစ်ကြီးဖြစ်တော်မူပါသော။ သုံးလောကမှန်ကူ။ သယမ္ဘူထွင်၍ထား။ သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက။ လူတို့၏ ဘဝကိုရခဲသည့်အတွက်။ ဓမ္မစက်ဒေသနာကို။ သေအချာ ဟောကြားတော်မူခဲ့ပါသောအတိုင်း။ မဆိုင်းခဏ။ လူတို့၏ဘဝကို ရရှိတာတော့ မှန်ပါရဲ့ရှင်။ သို့ရာတွင်။ ကျွန်မ၏ ဖြစ်ပုံကို။ စနစ်စုံ ချန်မထားဘဲ။ အမှန်အားပြောပြချင်တာက။ ဇောဟာဒယရှွင်ရှွင်နှင့်။ တဆိတ်လောက် သောတဆင်ပါရှင်။

ကျွန်မအကြောင်းကို။ စာပေါင်းကာ ပြောပြရသော်လဲ။ သဘောမကြမှာ စိုးရိမ်လိုက်ပါရဲ့ရှင့်။ သို့ရာတွင်။ အထိန်းမရှိသောချည်ခင်။ အရှင်မရှိသောနွားလို့။ အဲတာလို ပညာရှိကြီးများရဲ့ စကားကို။ ဦးပီယတို့လဲကြားဘူးကြပါသော ပမာအရ။ ယခုကျွန်မ ခင်သန်းရွှေကလေးမှာလဲ။ သီးချိန်တန်သီး။ ပွင့်ချိန်တန်ပွင့်ဆိုတဲ့။ သစ်သီး၏ဥပမာလိုပါပဲရှင့်။ ဝမ်းထဲတွင် မျိုမထားနိုင်သဖြင့်၊ အတိုစကားဘဲ လင်းပါရစေတော့နော်။

သည်လိုပါ ဦးပီယရဲ့။ ကျွန်မတို့ ရွှေဂုန်မြို့ဌာနေမှာ။ ကညာမေအနိတ်စတိုးတို့ကို။ ကြိတ်ပိုးကြီးပိုးနေသော။ လူပျိုကြီးကိုဟံသာဆိုတာဟို… သရေခေတ္တရာခေါ်တဲ့။ ပြည်မြို့ဈေးအနီးမှာ။ သူဌေးကြီးဘွဲ့ခံနှင့်။ ဟန်ပန်စွာနေတာပါလို့ သေချာစွာပြောကြားသွားပါတယ်။

အဲ...သည် သူဌေးကြီး ကိုဟံသာဆိုတာ။ ထိုယမန်အခါ၊ ရန်ကုန်လာပြီး။ အခါခါဖြန်းလေသွေးသကဲ့သို့။ သန်းရွှေကလေးကညာပျိုကို လာကြိုမယ် ပြောသွားပြီးသည့်နောက်။ ယခုတိုင်ပေါ် မလာသဖြင့်။ မျှော်ရှာသူ သန်းရွှေကလေးမှာ။ အဆွေးကြီးဆွေးပြီး။ အငေးကြီးငေးနေရတဲ့ အကြောင်းကို စာပေါင်းကာ ထင်ချေနှင့်လွမ်း...လွမ်းပြီး။ ကျွန်မ ခင်သန်းရွှေ ဆိုပြလိုတာက။ ယခုအခါ ကျွန်မတို့ အောက်ပြည်ရန်ကုန်၊ သထုံ–မော်လမြိုင်မှာဖတော့။ ဖြိုင်ဖြိုင်ကြီးမိုယ်းတွေဖျန်းသဖြင့်။ အလွမ်းဓာတ် ဒီဂရီတိုးတာကြောင့်။ ၎င်းမိုယ်းအကြောင်းကလေးပါ ဖွဲ့ပေါင်း၍ အလှကောင်း အသံသာသာနှင့် ကျမဟံပါပါ ဆိုပြပမယ်။ ဦးပီယရဲ့။

ဩော်...ကျွန်မတစ်ခုပြောလိုသေးတာက နုချောတဲ့အပျိုကလေးတွေ မချို့အမှန်စုံလှတဲ့ မြို့ရန်ကုန်တွင် အရှိန်တငြီးငြီးနှင့်ပြေးပေသော သိမ်ကြီးဈေး ထိုအတွင်းဝယ် အပျိုတသင်း နောက်အငယ်အထွေးတို့တွင် ကျွန်မမှာတော့ ငါးခြောက်သယ်ကလေးတဦးဟာမို့ အထူးတော့ စာကိုချဲ့ပြီး ဘာကလိုတိုတိုနှင့် မရေးတတ်ပါဘူး။ ထွေးဘတ်လို့သာကြည့်ပါတော့။ ဦးပီယကြီးရှင့်။

## အမျှော်စိုက် မိုယ်းဘွဲ့လွမ်းခြင်း လေးဆစ်သဖြန်

အာကာပေါင်စွန်းခွင်တိုင်းဆီက ရွာမယောင်ယွန်းဆင်လို့မှိုင်းပြန်တော့ (အိုရှင်) လွန်းခြင်တိုင်းရယ်တဲ့ လွန်းအုံးမှာ။ တွေးမှိုင်ဖို့အချက်တွေက မောင်ရဲ့ ဈေးဆိုင်အထက်တွင်ဖြင့် ထိုင်လျက်သာ ပျိုပျိုမျှော်ပါလို့ ကိုကိုမော်ပြောကာသွားပါတဲ့။ စကားသံ ထိုအရေးငယ်ကြောင့်ရှင် ငေးစောင့်ရရှာ။ ခုများလေ မေပျိုတကုံးကိုဖြင့်။ မုသားတွေ ရေလိုသုံးရှေ့သလား။ ပြေဗဟိုအလုံးရယ်က မိုယ်းဆင်လာ။ ကိုးခွင်အဇတာမှာတော့



လျှပ်ရောင်ပွား။ (အိုရှင်) စိုးထင်စရာတွေက။ ကျမမပြတ်အောင်မျှား။ ညာနိတ်ခင်။ လာလိမ့်မယ် ဘယ်လိုဆင်တော့။ မယ်ပျိုခင် နောက်ဟာ တဦးရယ်နှင့်။ ရောက်ရာကို ရှောက်ခါပလူးတာကြောင့်။ ကိုးခွင်မှာ မိုယ်းဆင်လို့ မြူးတာထင့် (မောင်ရယ်) ရှူးစိတ်ကြောင်မှာ။

ဩော်...ကျမမှာတော့။ ဘုရားဟောတဲ့။ တရားသဘောနဲ့ ဆင်ခြင်ပြီး။ တွင်တွင်ကြီးရေးပါသော်လည်း။ မအေးနိုင်အောင်ဖြစ်နေရတာက။ အသစ်တွေတစ်ခါမြင်တာနှင့်။ မလာတာထင်ပါရဲ့လို့။ ကညာခင် ပျိုပျိုသန်းမှာ။ တငိုငိုနှင့် လွမ်းနေရတဲ့အထဲ။ မိုယ်းခဲမိုယ်းလုံးကြီးတွေက။ အပြုံးပြုံး ရွာမယောင်နဲ့။ ဝဠာတောင်ရပ်ခွင်တိုင်းမှာ။ လျှင်ဆင်သိုင်း လေနီ ဆောင်းပြီး ထွေရည်မှောင်စနေထောင့်က။ လေနှောင့်ကာ ဝိုက်သန်းညိုတော့။ သည်မလေ ဦးပီယရဲ့။ ကျွန်မဟိုက်နွမ်းကာ ငိုနေရတဲ့အချက်ကို ဆက်လက်လို့ ဆိုပြလိုက်ပါအုံးမယ်။ ခရာတဲ့ အောက်သူမရယ်လို့။ သဘောမကျတော့မရှိပါနဲ့ရှင်။ အခွင့်ကောင်းအခါပေါ် လျှင်၊ လာခေါ်မယ် ပြောသွားသဖြင့်။ အားထားလို့ နေရပါသော်လဲ။ မေဃဝ မိုယ်းနတ်အရှင်က။ ခိုးလျှပ်ဆင်မြူမှုန်တန်းသော်ကြောင့်။ သည်မလေ ဦးပီယကြီးရဲ့။ ကျွန်မပူပုံပန်းကလေး ဆိုပြလိုက်ပါအုံးမယ်ရှင့်။

## အမျှော်စိုက် မိုယ်းဘွဲ့လွမ်းချင်း လေးဆစ်သဖြန်

အထက်အစွန်ကွန်း ဝဠာရပ်ဆီက။ လက်ပုစွန်ယွန်းကာခတ်ပြန်တော့ (အိုရှင်) လွှန်းနှာဓာတ်တွေက ပေါ်တော့သကို။ တမေမအောင့်နိုင်ဘူးမောင်ရဲ့။ ဟို ..စနေထောင့်ဆီက။ ပွေနှောက်ကာ လေဟုန်ဆင်လို့။ မေလုံခင်သန်းရွှေကလေးမှာဖြင့်။ ခွေကြုံအင် နွမ်းခွေတဲ့အရေးတွေကြောင့် (မောင်ရယ်) ထွေးဆလို့ငို။ ခုအခါစိုးထင်ဘို့ အချက်ဟာက။

ကရဏာတမျိုးပင် မသက်လေရော့သလား။ မိုဃ်းဆင်လျက် ရွာတော့မလို။ အဝါတကြော့ အညိုတွေနှင့် ရောင်စုံကျင်း။ (အို) လာချော့အကိုရဲ့။ ဟောသည်က ဆောင်ဘုံအတွင်း။ လွမ်းတလိုနော်။ မှန်းဆသူအပျိုမော်က။ အကြိုတော် လာမလားရယ်လို့။ ပေါ်လာရောင် မြော်ပါကြားတွင်မှ။ အမွှေဆုံ လေဟုန်ကပွားတော့တယ်ရှင် (အမယ်မင်း) ထားကြော့ မေယမင်းမှာဖြင့်။ (ကိုဟံသာကြီးရယ်) အားရော့လေခြင်း။

အဲ..သို့မလို... ကျွန်မသန်းရွှေအလှသည်။ အလွမ်းတွေခ,ခပြီး။ စမ်းရေကျတဲ့ လှိုင်းစနဘေးမှာ။ ဗျိုင်းမကလေး ငါးကိုစောင့်သလို။ တအောင့်မှ စိတ်မအားဘဲ။ များများကြီး မြော်ငဲ့ရှာယ်သော်လဲ။ ခေါ်လှည့်မယ်ပြောသွားသော၊ အကြောသမား (ကိုဟံသာကြီး)ကို။ အနည်းနည်းအချစ်ပိုသောကြောင့်။ သည်မလေ (ဦးပီယကြီးရဲ့) ကျမဟစ်ဟစ်ငိုနေရတဲ့ အရေးကို။ တဆိတ်ကလေး ပြောပရစေအုံးနော်။

သည်လိုပါဦးပီယရဲ့။ ကျွန်မပြောပြချင်တာမတော့။ ဇောဟဒယရှင်ရှင်နှင့်။ တဆိတ်လောက် သောတဆင်ပါအုံးရှင်။ အသုံးမကျတဲ့ အောက်သူမ မနူးမနပ်ရဲ့စာကို။ (ပီယက) အထူးမဖတ်လိုပါဘူး။ ညစ်ညူးသော ဇာတ်ရှုပ်ကဘဲလို့။ အဲဒါလို ဖြတ်ဆုတ်လို့လဲ။ မပစ်လိုက်ပါနဲ့ရှင်။ ချစ်ခင်အားကိုးလို့ အမျိုးမျိုးပြောကြားရခြင်း ဖြစ်ပါတယ်။

ကိုင်းရှင် စကားပြောတာ ရှည်တယ်လို့။ အများသော သဟာအဆွေတွေက။ ဘာတွေညာတွေသုံးပြီး။ အမုန်းကြီး မုန်းကုန်ကြပါလိမ့်မယ်။ သန်းရွှေရဲ့ဇာတ်ကြောကို။ တထပ်လောပြီး ပြောရမှာက။ သည်လိုကိုးရှင့် ဦးပီယကြီးရဲ့။

ဘယ်လိုလဲဆိုတော့။ ကျွန်မတို့အမြဲမပြတ် ကိုးကွယ်အားထားမှီခိုရာအစစ်။ ဖြစ်ကြီးဖြစ်တော်မူသော။ သုံးလောကမှန်ကူ။ သယမ္ဘူ



ထွန်းထား။ သဗ္ဗညုရှင်တော်ဘုရားသည်။ သစ္စာလေးပါးကို အောင်မြင်တော်မူပြီးသည်နောက်။ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ။ မိဂဒါဝုံ ရဂုံထူပြော။ သာသည့်တော၌။ ပဉ္စဝဂ္ဂီငါးဦးကို။ တရားထူးဟောတော်မူသောနေ့သည် (ဝါဆိုလပြည့်နေ့) ဖြစ်ပါသဖြင့်။ ကျွန်မတို့ဗုဒ္ဓဘာသာသာသနာကို။ ယုံကြည်ကိုးကွယ်ကြပါသော။ အမျိုးကောင်းသမီးသားတို့သည်။ ၎င်း ဝါဆိုလပြည့်နေ့ကို။ နေ့ထူးနေ့မြတ်ကယ်လို့။ အမှတ်သညာ ထားကြပါသောအတိုင်း။ မိမိတို့၏လုပ်ငန်းများကို ရပ်ဆိုင်းလျက်။ စိတ်တိုင်းကျ ပျော်ရွှင်သူတွေကလဲ ပျော်ရွှင်။ ဥပုသ်သီလများကို ချစ်ခင်ပြီး။ တွင်တွင်ကြီး ပုတီးစိပ်သူတွေကလဲ စိပ်။ အိပ်လို့တောင်မှ မပျော်နိုင်ဘဲ။ မျှော်မှိုင်ကာ အပူမိပြီး လူမသိအောင် ငိုသူတွေကလဲငို။ သို့ကလိုဖြစ်ပုံကြောင့်။ စနစ်စုံသဘောကျစေဘို့။ ဦးပီယကို။ အချောမှမက။ ပြောပြချင်ပါတယ်ရှင်။

၎င်းဝါဆိုလပြည့်၊ နေ့ထူးနေ့မြတ်ကြီးတုံးကလေ။ ကျမတို့ရွှေကုန်မြို့၊ သိမ်ကြီးဈေးမှာလဲ ကလေးတောင်ဈေးမရောင်းဘဲ။ ဆိုင်အပေါင်းအကုန်ပိတ်ပြီး မိမိတို့စိတ်ထင်တိုင်း သွားလာနေထိုင်လို့ နေကြပါတယ်ရှင့်။ သို့ရာတွင် ၎င်းနေ့တုန်းကလေ ကျွန်မခင်သန်းရွှေကလေးမှာတော့ ဇင်ပန်းခွေ နေခြည်ဟတ်သလို။ ကြွေမည်မတတ် ခန်းဝပေါ်မှာ လွမ်းတခါတမျှော်မျှော်နဲ့။ တအော်အော်ငိုပြီးပြီး။ တစ်ကိုယ်တည်းဖြစ်နေရပြန်တာမှာတော့။

အမြော်စိုက်လွမ်းချင်း လေးဆစ်သဖြန်

သန်းအပျို မေအလှမှာဖြင့်။ လွမ်းသကိုဖြေမရပြီတဲ့။ (အိုရှင်) အမွှေခပါလို့နေမတည်။ ။ ဈေးပိတ်တုံးကိုလလေ။ မောင်ဖုံးကွယ်လာမလားရယ်လို့။ ထင်စားကာအိမ်နောက်ဘေးကိုရှင်။ ပြေးထွက်မိသည်။ မေပျို

မနော်ရဟတ်အဖွဲ့များလိုက်ပုံက။ ပြည်မြို့ပျော်အထက်ပြေသားပေမို့။ တခြားကိုတဲ့လှည့်ကာလည် (အိုရှင်) သည်ဆိုကိုတော့စိတ်မထား။ ။ တိုတုံးခါလေလေ့၊ ချိုပြုံးစွာတရွှင်ရွှင်နှင့်။ ခင့်အပြင်စိတ်မများပါဘု။ ဟို အခါချိုတဲ့စကားတွေနှင့်။ ကိုမကြာဆိုကာသွားတာက။ မောင်ရယ်။ ကြွား မဲ့ဥာဏ်လား။

အဲသည်တေးကလေးအတိုင်းပါဘဲ။ ဦးပိယကြီးရဲ့။ ဝါဆိုလပြည့်နေ့ တုန်းကလေ။ ကျွန်မမိသန်းရွှေကလေးမှာ။ အလွမ်းတွေလှိုင်းလိုဖြာပြီး (ကိုဟံသာကြီး) ပေါ်လာနိုးပေါ်လာနိုးနှင့်။ မျှော်ကာကိုးလေသာပြတင်း က။မေကညာယမင်းစောင့်စားလို့နေဆဲမှာ။ တကတဲ့ရှင်။ အိမ်နောက်ဘေး မှာ ခြေသံကြားသဖြင့်။ ကိုဟံသာကြီးလာသလားလို့ ကျွန်မမနားဘဲပြေး ထွက်သွားရာ။ (ဦးပိယကြီးရယ်) လေးဘက်တွားပြီး ဝင်းထရံအထဲသို့။ အတင်းကန်ဆွဲလျက်၊ ဝင်လာသောမရှင်စရာကုလားကြီး၏။ မုတ်ဆိတ် နှင့်တကွ။ သူ၏ ပစပ်ဝကြီးကိုတွေ့လေတော့ (အမေရေ...အမေ့ရေ)လို့ ကျွန်မအော်ဟစ်ပြီး။ စိတ်ညစ်ညစ်ရှိတာ နှင့်ကျွန်မတယောက်ထဲအိပ်ခန်း ထဲသွား၍။ များများကြီးပူဆွေးတမ်းတလို့။ မချမ်းမခြင်းဖြစ်နေရပြန်တာ ကတော့လဲ။

## အမြော်စိုက်လွမ်းခြင်း လေးဆစ်သဖြန်

မြေမြို့ပျော် အထက်ပြေသားရယ်။ မေပျိုမနော် ရတက်အဖွဲ့ မများလိုက်ပါနဲ့တဲ့ (အိုရှင်) သက်သေသားပါလို့မှာခဲ့တယ်။ ။ယခုတော့ စိမ်းတော့မှာလား...မောင်ရဲ့။ အညှအနော့ကိန်းတွေနှင့်။ပလိမ်းကာမာယာ ဆင်လို့၊ ခါခါပင်ချစ်ခင်တဲ့သဘောတွေနှင့်။ ထိုစခါ ကိုလာလို့နှောစဉ်က။ ပျိုကညာ ငိုကာစောတဲ့အောင်ရှင်။ ပြောတဲ့မောင်ရယ်။ အမေ့နိုင် နိုတ်တဘောအလှငယ်ကြောင့်။ ယနေ့တိုင်စိတ်ဖြေလို့မပြီဘု။ ဆံမိတ်ခွေ



နှစ်မမှာဖြင့် မျက်ရေလယ်။ အို...ခက်လေတယ်ရှင့် ပျိုမှာမအေး။ ခုများမှာ ရှင်။ မုသားတွေတဥာဏ်ဆင်လို့။ အမှန်ပင်ချစ်စရာတစ်ဦးရယ်နှင့်။ သစ် တဖြာ မေတ္တာကထူးရော့သလား (ကိုဟံသာကြီးရယ်) ရှုမတာတ်ဆွေး။ ဩော်...သမုဒယကြောင့်။ ယခုဘဝဇမ္ဗူနယ်မှာ။ လူရယ်လို့ဖြစ်လာ ရပါသော်လဲ။ ကျွန်မတို့မှာတော့မိန်းမသားမို့။ စိမ်းကားရက်စက်တဲ့ သဘောအရတွေနှင့်။ ကြောရရုံဥာဏ်နိုထုတ်ပြီး။ အဟုတ်ထင်အောင် ပြောသွားလေတော့သလား။ မသိပါဘူး ဦးပိယရဲ့။

အကယ်တန္တို။ ကျွန်မကဲ့သို့မေတ္တာရှိ၍။ ချစ်ပါဘိသဖြင့်။ စိတ်ရှိ သလောက်လူမရောက်သော်လည်း။ စာထောက်လို့ပေးသင့်သည် မဟုတ် ပါလား။ ယခုတော့ရှင် မျှော်ရသူစိတ်မအေးအောင်။ တဆိတ်ကလေးမှ (သူ) သတိမရသည့်အတွက်။ ကျွန်မကိုစာမပေးတာအမှန်ပဲလို့။ မြဲမြဲကြီး အသိအမှတ် မလုပ်တော့ဘဲ။ ယတိပြတ်ဖြတ်လိုက်ရလျှင်။ ကောင်းလိမ့် မည် ထင်ပါတော့သည် ဦးပိယရဲ့။ အဲသည်လိုအသိအမှတ်မလုပ်ဘဲ။ ယတိပြတ်ဖြတ်လိုက်မယ်လို့ပြန်တာက (ကိုဟံသာ)ကို ဖဲသွေပြီး။ ငနဲ့တွေအသစ်ရှာလို့၏ ချစ်စရာအကြောင်းဆက်လျက်။ ပေါင်းဘက်ဘို့ ရာကိုတော့။ ကျမစိတ်မကူးပါဘူးရှင်။ အရိပ်ထူတဲ့ဂနာတခွင်မှာ။ ဘဂဝါအရှင်ဟော ဖော်ပြခဲ့တဲ့။ မမွှာတော်အရ။ အမှာအညီဆဆပြီး။ သည်မလေ ဦးပိယရဲ့ ကျွန်မဖွားသီလလုပ်ခြင်တဲ့ အရေးကို။ တဆိတ် ကလေး ရှုစားတော်မူပါအုံးရှင့်။

## သီလရှင်ပြုလုပ်လိုသောတေးထပ်

ပျိုပျိုလူပေါ်လာစရယ်လို့။ မြော်ပါရနေ့စဉ်။ တော်ရာကြွတွေမမြင် ပေါင်။ အရေ့တွင်တစ်မျိုး။ ဟိုနားရောက်တချိုခိုလျှင်။ အပုံကိုကြွားတဲ့လ

ဆိုး။ ။နောက်များဖြင့်ကြောက်အားသန်ပြီ။ ယောကျ်ားမှန်မရိုး။ မောက်ကြွားရန်ဟဲပျိုးလို့။ ဉာဏ်မညှိုးသူဆင်။ တွေ့တဲ့ခါသည်အလှကိုဖြင့်။ တည်အကျပေါင်းတော့မည်သွင်။ ။သို့မို့ကြောင့်တမေခင်မှာ။ ဝနေတွင်ပိတ်ဖြုဝတ်ပါလို့။ နိဗ္ဗူထွင့်လှမ်းတက်ဖို့ရာ။ ဗန်းရှက်လို့သာ။ ဆွမ်းအတွက်ဆန်ကိုရှာမယ်။ အို ဟန်ဆိုတာလုပ်ဘူးရှင့်လေး။

စာပေးသူ ဘိုးပြန်တော်ပျော်ဘေသူတော်ကလေးကို။

အလှည့်ကျနင်း ပေးသော။ တပည့်မအရင်းကလေး "ခင်သန်းရွှေ" ရန်ကုန်။

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၇၂ (ဩဂုတ် ၁၉၂၆) စာ ၁၉၁။

၁၀၀။ ချိုစကားဆောင်သည့် "ကိုပြား" မောင်သို့ ဒွေးချိုး

ခိုင်သဇင် ကြိုင်ကြိုင်လွင်ကတိခန်းဆီက။ ရည်မှန်းခါမျှော်သာမျှော်ရ။ ပေါ်လာလေပြား။ ပျဉ်းမနားဆီက "နင်းပြား" မောင်တကယ်စိမ်းတယ်။ ဘယ်ကိန်းနှော်ကြုံသာကြုံရ။ လုံကညာသဇင်ခက်မှာ (ရှင်) လွမ်းရတက်ပွား။

ခိုင်သဇဉ် မြို့မ ရန်ကုန်

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၇၊ အမှတ် ၇၄ (အောက်တိုဘာ ၁၉၂၆) စာ ၁၂၂

၁၀၁။ ၎င်းသို့ပဟေဠိတေးထပ်

စတုခြေလေးခုပ။ တွေးရှုကြခြင်းရာ။ ခေါင်းနတ္ထိကင်းကွာတယ်။ မင်း ဆရာမှီရ။ ။ ခိုင်းစေတိုင်းမငြင်းရှာ။ အတွင်းမှာလျှာကနှစ်ခွ။ သို့ပေမယ့်ဝိညာဉ်မပါတယ်။ ထည့်ချင်ရာထည့်ရ။ မသိရှာလာသမျှကိုလ။ လျှာကသွင်းဆောင်။ ဘယ်ခါသော်စကားမမြွက်ပေဘု။ မှားမဘက်သိစေ



ရအောင်။ ပဟေဠိရေးခွင့်ပြောင်တယ်။ တေးပွင့်နှောင်စာသလို့။ ကညာလှမေးခွင့်သာယာ။ တွေးချင်ပါဗျာ။ ဖော်စမ်းတော့မျှော်မှန်းပါတယ်။ ရောင်ယမ်းခါစောင့်ဆဲရှင့်လေး။

ခိုင်သဇဉ် မြို့မ ရန်ကုန်

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၇၊ အမှတ် ၇၄ (အောက်တိုဘာ ၁၉၂၆)စာ ၁၂၂

၁၀၂။ ပျဉ်းမနားစုစုထံမှပေးစာ

မန္တလေး မမတုတ်ကြီးထံသို့ ...

သခ်ီတတွေက။ ဘင်ခဏအဆုံးတိုင်။ တည်တန့်ဂုဏ်ကလေးမှာမေ့ရှက်မခို။ မျက်တခပ်မှာလ။ အပျက်ဓာတ်ကုဋေတိုင်။ မရေနိုင်ပါဘူးဖြစ်ပုံများ။ လောကတဲ့မမတုတ်ကြီးရယ်။ ပြောမပြချင်ဘု။ သောကကြွယ်ကြွယ်နှင့်။ မောလှတယ်ဆွေးပွေကြောက်ပါရဲ့။ ဘေးတွေရောက်ရောက်ပြီး။ မကြာမကြာချောကုန်ပေါ့။ (မခင်ဆွေကြီးရယ်)သွေးလေနောက်ပါဘိ–ဇရာ–မရဏတရား။

မမတုတ်ကြီးရယ်။ တယ်ထိတ်လန့်ဖွယ်ကောင်းပါကလား။ စုစုတို့ပျဉ်းမနားကနင်းပြားဆိုတဲ့အမည်ရတဲ့ပြင်။ ပီယဘွဲ့ခံတဲ့ "မောင်ချစ်စရာ" ကလေးဟာ။ လူ့ဘုံကိုပစ်ခွာသွားပြီး။ မေတ္တာရှိတဲ့သူတွေကို ကွေကွင်း၍သေမင်းအထံမှာ။ ဉာဏ်ရှိသလောက်အသနားတော်သွင်းရအောင်။ အမှုထမ်းစာရင်းနှင့်ပါသွားရှာပေါ့။ ကဗျာသိုက်များကိုလိုက်စားတဲ့သူကလေးတစ်ဦးပါ။ သနားစရာ။ အားမနာမစ္စုကို။ စစ်မှုနှင့်ပြိုင်ဆိုင်ပြီး။ မနိုင်ချင်နေပေစေတော့။ မသေမချင်းတိုက်ပစ်လိုက်ချင်တော့တာဘဲ။

ရှင်သေမင်းက။ မောင်ချစ်စရာကို ကဗျာအရေးကောင်းတဲ့အတွက်။ သူ့ထံပါးမှာနေ၍ ကဗျာတွေအရေးခိုင်းပြီး။ ပျင်းပျင်းရှိတိုင်းရွှေနားတော်

သွင်းစေရန်။ ခပ်မြန်မြန်အခေါ် လွှတ်ကရောထင်။ဇွတ်တရွတ်အတင်းကိုင် တော့။ မငြင်းနိုင်လို့လိုက်သွားရရှာတာပေါ့။

ဩော် ... ကိုယ့်မြို့ကိုယ့်ဌာနက၊ ဉာဏ်အစအနရှိတဲ့သူကလေးတစ် ယောက်။ ကွယ်ပျောက်ချစ်ဆုံးတော့။ နှလုံးအပုံကြီးနှောက်မိတာပေါ့။ ကြောက်စရာအလွန်ကောင်းပါကလားမမတုတ်ကြီးရယ်။တယ်ခက်သကိုး မနေတတ်။ မထိုင်တတ်။ ရှုပ်ပွမီးလောင်ဖြစ်နေတာပဲ။

မောင်ချစ်စရာကလေးဟာ။ မကြီးရှာသေးဘူး။အရွယ်ငယ်နှစ်ဆယ် ကျော်ကျော်ကလေးရှိရှာသေးတယ်။ အို ... သေမင်းဆိုတာ။ အရွယ်ကို အရေးမလိုက်ပါဘူးလေ။ ကြီးငယ်ရွယ်လတ်။ တကယ်သတ်တဲ့သတ္တဝါ ကောင်ကြီးဘဲ။

ဒဂုန်မဂ္ဂဇင်းကြီးထဲမှာ။ ဟို ... ယခင်တလောဆီက။ မကြာမကြာ ကဗျာရေးရေးကြီးထဲ့ရှာတယ်။ သေမင်းရဲ့ထံပါးမှာ။ ခစားတဲ့ရာထူး။ "ပြော့ကြီးမှူး" ဘဝကနေ့ပြီး ကဗျာကလေးတွေရေးစပ်၍။ (ဝိုင်ယာ လက်) ဆိုတဲ့ဓာတ်နှင့်။ လူ့ရပ်သို့ပို့ပါရလျှင်။ သူ့ကဗျာကလေးတွေ ကိုဖတ်ကြရအုံးမှာဘဲ။ ဖွဟဲ့ ... လွဲလေ ပယ်လေ။ မကောင်းတဲ့ဘုံဘဝတွေ မှာဖြင့်။ မဖြစ်ရှာပါစေနဲ့။

ပျဉ်းမနား စုစု

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၈၊ အမှတ် ၈၅ (စက်တင်ဘာ ၁၉၂၇)စာ၂၈၁

၁၀၃။ ဒဂုန်ကဗျာဆရာတို့၏ အမည်ေါင်းတေးထပ်

သတိုးဆို ပီယလို့။ အမည်ကသင်းတာ။ ရှင်သန်းမေကညာဟာ။ မာယာမှာလွန်ပြောင်း။ နင်းပြားလို့မည်တွင်တယ်။ ပြည်ခွင်ဝယ်ကြောက် ဘို့အကြောင်း။ ဘိုးပြန်တောင်ဘေသူတော်မှာ။ ဖြေဇမ္ဗူပေါ် အတော်



ကောင်း။ ကေတုမတီအောင်မောင်းလို့။ အပေါင်းပမှတ်စရာ။ ဘိုးပေါ်သစ် အမည်ရှိတာက။ပြည်အသိကျော်လှပေတာ။အာကာသန်မည်ဖြာသတယ်။ ပြည်ရွာမှာတောင်တွင်းက။ မောင်ကင်းလို့ပေါ် လာ။ များလှဆရာ။ ဦးမောင်ကြီးနှင့်မှိုင်းတဆရာမှာ။ တိုင်းမြန်မာသိပြီးပါတဲ့လေ။ ကဗျာ ရေးစိဖြာသည်။ တေးဂီတာဆရာပေါင်းပါတဲ့လေ။

"စိန်မြ" ညောင်လေးပင် မြို့မ

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၅ (ဇန်နဝါရီ ၁၉၂၆) စာ ၂၇၁

၁၀၄။ "သတိုးပီးယ"ခေါ် "ပျဉ်းမနားကနင်းပြားသို့ ကာလက်တာန်းဘွဲ့ လေးချိုး"

သံဒေါင်းနှင့်အဆုံ ပါပစနေရမ်းတွင်မှ။ ကံမကောင်းခွင့်အကြုံ မရ ဏာဘဝမသွေမြန်းသူမို့။ သဒ္ဒါစရအခြေစခန်းငယ်နှင့် အမျိုးအမည်တဝ သတင်းကြားမစဉ်းစားစရာ။ (အိုကွယ်) ကမ္ဘာပထမ မမွတာပြရလျှင်ဖြင့်။ ကဗျာဝစနကြိုးသီ၍ပြနိုင်တဲ့။ သတိုးပီယပျဉ်းမနား နင်းပြားဆရာ။ ဩော် လှစ်ခါပြခဲ့ရတာတော့။ နစ်နာလှချေရဲ့ကွဲ့ ခေတ်ပါသည်အခါကြုံကြ လို့။ ကလီကမာနုံနုံသွင်သွင်ပြင်ပြင်မရှိကြပေဘု။ ပြည်၊ ရတနာပုံ သျှင် ဘုရင်ရှိလျှင်လ။ ထင်ထင်မြင်မြင်သိအောင် "စာဆို" အရာနှင့်။ ကဗျာထို ထိုဝါသနာရေးကာသားတတ်သူမို့။ ကျေးရွာစားမယ်ကိတ္တိတနာမင်ပြင်။ ဣန္ဒြိဖြာဖြာလျှံ တွင်းပြင်မော်အောင်မဟဲ့ရယ်လို့။ သိဒ္ဓိမဟာရုံ "မင်းထင် ကျော်ခေါင်" ဘွဲ့တွေနှင့်။ တကဲ့သို့ကြဲတာဖန်ရာချောချေပေါ့။ တမဲ့မဲ့နှင့် အဟဲ ငါဆရာက နှမြောလိုက်ပါရဲ့။ တောမသတ်အဖြာဖြာရယ်နော် ကွယ်။ အမောတဖတ်ဖတ် ဒေါမနသ်တွေနှင့်။ လောကဓာတ်ဤနှာဂရာ။ မှိုပြပြည်ခွင်ဝယ်စရိုက်ညီညာတင့်ပေသပေါ့။ မြို့မနေရှင်နယ် (ဟိုက်ဒီပါ

တမင်)ဆီက။ တဝိုက်ဝိုက်နှင့်မကြည်သာသဖြင့်ပါတဲ့ ဆရာမောင်ချစ်စရာ တခါကဗျာအရောင်မသစ်လာပေဘု။ မရဏာပြေကြူး။ (အိုကွယ်) ဓမ္မတာမရှောင်ဖြစ်ကြတာမို့။ ခမြာအသေဦး။ ငြိမ်းပလေ ပြန်သိမ်းမက ရွှေငွေမခန့်နှင့်။ မသေရန်စည်းစိမ်ကိုရှင်းသော်လဲ။ အငြင်းအလွန်ပြောင်ရှာ တဲ့။ လွန်ယခေါင်ကမ္ဘာ့ တဝိုက်ကယ်က။ ဓမ္မတာစရိုက်အတိတ်ကထား ခဲ့တာမို့။ အနိစ္စတကားခန္ဓာကြိမ်မှဖြင့်။ စံရာအိမ်အမှတ်မရလေနှင့်တော့။ အနတ္တာပုတိကိုပြောင်းပေပေါ့။ အကြောင်းကံ ဟောင်းပြန်တဲ့လေ့ပါဘဲ။ လွမ်းသကွာ ကျွမ်းဒါဖြင့်မမေ့ပြီဘု။ သြော် တစေ့စေ့နှင့်ပမာတင်ရန် အထူးပေပ။ တငွေငွေဖြင့် ခမြာမမြင်ပြန်ရှုးကြပေလိမ့်။ တထေ့ထေ့နှင့် "ကဗျာ"သင်ရန်လည်း မမြူးနိုင်ဘု။ (အိုကွယ်)ယနေ့မတွေ့ရပြီဘု "ကာလက်ံတာနံ့" ကူး။ ။

နေရှင်နယ် "စိန္တကျော်သူ" ပျဉ်းမနားမြို့

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၈၊ အမှတ် ၈၅ (စက်တင်ဘာ ၁၉၂၇)စာ ၃၃

၁၀၅။ ကွယ်လွန်သူ ကိုချစ်စရာ

• များမကြာမီက။ သတင်းစာများတွင်။ မြို့မနေရှင်နယ်ကျောင်းကြီး တွင်။ မြန်မာဘာသာကိုသင်ကြားပြသလျက်နေသူဆရာကိုချစ်စရာသည်။ ပျဉ်းမနားမြို့တွင်ကွယ်လွန်အနိစ္စရောက်လေပြီဟူသောသတင်းစကားကို ရုတ်တရက်တွေ့မြင်ဖတ်ရှုရသောအခါ ကျွန်ုပ်တို့မှာ များစွာအံ့အားသင့် ၍ သွားမိပေသည်။

ကိုချစ်စရာသည်။ အလွန်ပျော်ရွှယ်နုနယ်သေးသည့်အပြင်။ ကာယ စိတ္တနှစ်ဌာနကျန်းမာသန်စွမ်းလျက်။ မြန်မာဘာသာစကားပြန့်ပွားထွန်း လင်းစေလိုသောစေတနာဖြင့်။ အချက်ကောင်းတွေ့ရာဌာနတို့က အစဉ်



မပြတ်လုံ့လပြုနေသောကြောင့်။ ယခုကဲ့သို့ ရုတ်တရက်ချက်ခြင်း။ အကျွန်ုပ်တို့၏အကြားမှ ပျောက်ကွယ်သွားလိမ့်မည်ဟု မည်သို့မျှမထင် ခဲ့ဖူးဘဲ၊ နှစ်ကာလရှည်မြင့်စွာမိမိမြတ်နိုးသောအလုပ်ကို ဆက်လက်ထမ်း ရွက်သွား၍၊ အိုမင်းသည့်တိုင်အောင် ကိုချစ်စရာ၏အမည်နှင့်အလုပ်ကို ကြားသိတွေ့မြင်ရလိမ့်မည်ဟုသာ ယုံကြည်အားထားခဲ့မိရာမှ။ရုတ်တရက် ကွယ်လွန်၍သွားသည်ဟု ကြားသိရသောအခါ များစွာအံ့အားသင့်ရခြင်း ဖြစ်ပေသည်။

ယင်းကဲ့သို့။ ကိုချစ်စရာသည်။အသက်အရွယ်နုနယ်ပျိုမြစ်စဉ်ကပင် သေမင်းနိုင်ငံသို့လိုက်ပါရသည်ကိုတွေ့ရသောအခါ ကျွန်ုပ်၏စိတ်တွင်။ မြန်မာရာဇဝင်၌။ ပညာရှိစာဆိုတော် စိန္တကျော်သူဦးဩ အင်္ဂလိပ်ရာဇဝင် ၌ "ဂျွန် ကီ" (Joh Keats) တို့ကို ရုတ်တရက်သွား၍ သတိရမိပေသည်။

ဤသို့ ကိုချစ်စရာအား။ ရှေးပညာရှိနှစ်ဦးနှင့်သွား၍။ ယှဉ်လျက် တွေးလိုက်သည်မှာ။ ကျွန်ုပ်သည် ကိုချစ်စရာအား ရုတ်တရက် စိန္တ ကျော်သူဦးဩ တို့နှင့် အတန်းချင်းယှဉ်၍ ပညာချင်းတူသည်ဟု။ ချီးမြှောက်ခြင်း မဟုတ်ပေ။ အဖူးအငုံကောင်းပါလျက်၊ ပိုးဖျက်သဖြင့် မပွင့်ရသောပန်း၊ မြေဩဇာကောင်းလျက် မိုဃ်းလေဖျက်သဖြင့် မဖွံ့ဖြိုး နိုင်သည့် စပါးများကဲ့သို့ ကိုချစ်စရာသည် မြန်မာစာပေဘက်၌ အခံပါရမီ ရှိလျက်။ ကြိုးစားလုံ့လ ပြုပါလျက်လည်း။ သေမင်းဖျက်သဖြင့်။ ထွန်းလင်း တောက်ပခြင်း မရှိသေးမီ၊ ပပျောက်ကွယ်လွန်၍သွားလေတကားဟူသော စိတ်ထားဖြင့်သာ။ ပူးတွဲ တွေးတောမိလိုက်ခြင်း ဖြစ်ပေသည်။

ကိုချစ်စရာနှင့် ကျွန်တော်သည် အတူနေထိုင် လုပ်ကိုင်ခဲ့ဘူး၍ များစွာရင်းနှီးသိကျွမ်းကြသော မိတ်ဆွေကြီးများကား မဟုတ်ပေ။ သို့သော် ကိုချစ်စရာနှင့် ကျွန်ုပ်သည် စာပေကိုချစ်ခင်မြတ်နိုးကြိုးစားမှု၌

ကား၊ အတူတူပင်ဖြစ်သောကြောင့် မိတ်ဆွေကြီးတစ်ယောက်ဟူ၍ကားနှလုံးထဲ၌ တစ်ဦးကိုတစ်ဦး အစဉ်ပိုက်ခဲ့ကြသောသူများ ဖြစ်ပေသည်။

ငင်းကိုချစ်စရာနှင့်တွေ့ပြီးသည်နောက်များမကြာမီပင် ကျွန်ုပ်သည် ဒဂုန်မဂ္ဂဇင်းအယ်ဒီတာအဖြစ်မှနုတ်ထွက်၍ "ဓေယျသတင်းစာ" ဟူသောအမည်ဖြင့် ဂျာနယ်တစ်ခုတည်ထောင်ထုတ်ဝေစပြုလေသည်။ ထိုဂျာနယ်ကိုထုတ်ဝေနေစဉ် ကိုချစ်စရာ၏ထံမှ ရန်ကုန်သို့ဆင်း၍လာလိုသောဆန္ဒသည် မိမိ၌ပြင်းစွာတိုက်တွန်းနှိုးဆော်လျက်နေကြောင်း၊ရန်ကုန်သတင်းစာဂျာနယ်မဂ္ဂဇင်းစသည်တို့တွင် တနေရာရာက ဝင်ရောက်လုပ်ကိုင်လိုကြောင်းများနှင့် စာအဖန်ဖန်ရေးသောကြောင့် ကျွန်ုပ်လည်း သတင်းစာ၊ ဂျာနယ်မဂ္ဂဇင်းများတွင် ဝင်ရောက်လုပ်ကိုင်ရသည်မှာ လွန်စွာပင်ပန်း၍နှစ်ပေါင်းများစွာ ဒုက္ခကြီးခံလျက် လုပ်ကိုင်မှ အတော်အသင့် နေရာကျတတ်သည် ဖြစ်၍။ ဤဘက်ကအားကိုး၍မူကား။ မလာလေနှင့်။ တပါးအထောက်အပံ့ရသော အလုပ်ကိုရှာရန် နေရာတကျရရှိပြီးမှ။ စာရေးသောအလုပ်ကို ဘေးကအပျော်တမ်းဖြင့် အစပြုမှ သင့်မည်ဖြစ်ကြောင်း။ အကြံပေးစကား ပြန်ကြားပြောပြဖူးလေသည်။ အခါခါလည်း ပျဉ်းမနားနေရင်းစွဲတွင်နေလျှင် သာ၍သင့်မြတ်မည်ထင်ကြောင်းနှင့် ပြောဆိုဖူးလေသည်။

ငင်းကိုယ်တိုင်က ကျွန်ုပ်၏အကြံပေးချက်များကိုလိုက်နာပါသည်ဟုဖွင့်၍မပြောဘူးသော်လည်း ရန်ကုန်မြို့မနေရှင်နယ်ကျောင်းတွင် မြန်မာဘာသာပြဆရာအဖြစ်ကိုရမှ ရန်ကုန်သို့ဆင်း၍ လာသည်ကိုထောက်သော် ကျွန်ုပ်ပေးသောအကြံများကိုလိုက်နာသည်ဟုပင် မှတ်ထင်စရာရှိပေသည်။

ရန်ကုန်မြို့သို့ရောက်လျှင်ရောက်ခြင်း ကျွန်ုပ်အိမ်သို့လာရောက်နှုတ်ဆက်၍။ ယခုမူကား။ မိမိတောင့်တရာအရပ်သို့ရောက်ပြီဖြစ်၍ ပညာ



ဗဟုသုတများကို ကောင်းစွာရှာမှီးရပေတော့မည်ဟုစိတ်အေး၍သွားသောလက္ခဏာနှင့် ပြောပြလေသည်။ ကျွန်ုပ်လည်းကိုချစ်စရာကဲ့သို့ပင် ရောက်လာသည်မှာ များစွာသင့်လျော်၍အလိုရှိသော ပညာများကိုရပါတော့မည်ဟုအားပေးစကား ပြောကြားလိုက်ရပေသည်။

ထို့နောက်လည်းမကြာခဏတွေ့ဆုံကြဖူး၍ အကျိုးအကြောင်းအဖြစ်အပျက်တို့ကို ထိုင်၍ပြောဆို တိုင်ပင်ကြဖူးလေသည်။

မလွန်မီခြောက်လလောက်ကမူကား ကိုချစ်စရာနှင့်မတွေ့လိုက်ရတော့ပေ။ ကျွန်ုပ်မှာလည်း အခြားအလုပ်များကရှုပ်နေသည့်အပြင်၊ မကြာခဏမဂ္ဂဇင်းများပြောင်း၍ကိုင်နေရသောကြောင့် အားလပ်ချိန်မရှိသဖြင့် ကိုချစ်စရာ၏အထံသို့မရောက်နိုင်ဘဲရှိလေသည်။ ကိုချစ်စရာမှာလည်း မိမိဆိုင်ရာတာဝန်ဝတ္တရားအလုပ်ကိစ္စများနှင့် အားလပ်သောလက္ခဏာမရှိ၍ မလာနိုင်ခြင်းဖြစ်ပေလိမ့်မည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦးမတွေ့ရဘဲယခုရုတ်တရက် ပျဉ်းမနားတွင်ကွယ်လွန်အနိစ္စရောက်သည်ဟု ကြားသိရခြင်းဖြစ်ပေသည်။

ရှေးက ကိုချစ်စရာနှင့် ကျွန်ုပ်မသိကျွမ်းခဲ့ဖူးချေ။ ကြားလည်းမကြားဖူး၊ မြင်လည်းမမြင်ခဲ့ဖူးပေ။ သို့သော် ခရစ်သက္ကရာဇ် ၁၉၂၂ ခုနှစ်လောက်က ကျွန်ုပ်သည် ဒဂုန်မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ကြီးမှူးအုပ်ချုပ်၍ လုပ်ကိုင်ခဲ့စဉ် ယခင်က မြန်မာကဗျာလင်္ကာခန်းဟူ၍ တသီးတဖွဲ့မရှိဘဲ တစ်ခါတစ်ရံ မိတ်ဆွေများထံကပေးပို့ရရှိမှ အခြားအခန်းများအကြားမှ နေရာလွတ်ရာကိုကြည့်၍ ညှပ်ကာညှပ်ကာ ထည့်သွင်းလာခဲ့ရာများစွာထင်ပေါ်ခြင်းမရှိ။ ဖတ်ရှုသူ၊ ရေးသားသူများအား များစွာအားပေးခြင်းမရှိ။ အသေအရှာ အထင်အရှားအားပေးမှ၊ ရေးသူများလည်း ရေးအားရှိ၏။ ဖတ်သူများလည်း ဂရုတစိုက်ဖတ်ရှု အကျိုးများကြ ချေမည်ဟု

ချိန်ဆကာ ကျွန်ုပ်ကိုယ်တိုင် နမူနာပြအဖြစ်ဖြင့် တပုဒ်နှစ်ပုဒ်မျှရေးသား၍ ကျွန်ုပ်တို့နှင့်ထိုစဉ်အခါက လုပ်ဖော်ကိုင်ဖက်ဖြစ်သူ စာရေးဆရာကြီး ဦးရွှေသဇင်တို့ကိုပါ ကူညီစေ၍ ပထမအကြိမ် ကဗျာခန်းတစ်ခန်း သပ်သပ်ဖွင့်၍ ပေးခဲ့လေသည်။

ထိုသို့ ကျွန်ုပ်တို့က ပထမစတင်ဖွင့်လှစ်ပေးလိုက်လျှင် အပြင်က ဝါသနာပါသူများလည်း တစ်ခါတည်းလိုက်၍လာကြလေသည်။ ကျွန်ုပ်တို့ ပထမ အပြင်ကအကူရသောတေးထပ်နှင့် လေးချိုးတစ်ပုဒ်မှာ ဆရာ ကိုချစ်ရာထံကဖြစ်ပေသည်။ ထိုအခါက “သတိုးပီယ ပျဉ်းမနား” ဟု အမည်ခံလေသည်။ ထိုအခါ ကျွန်ုပ်လည်း တတ်အားသမျှ ကူညီရန်။ ကိုချစ်စရာထံသို့ ကဗျာအကြောင်းနှင့်ပတ်သက်၍ စာတစ်စောင်ပေးဖူး လေသည်။ ထိုအခါကစ၍ ကျွန်ုပ်နှင့်ကိုချစ်စရာသည် လူချင်းမတွေ့ရ သေးဘဲလျက် မိတ်ဆွေကြီးများအဖြစ်သို့ပင် ရောက်ခဲ့ကြပေသည်။

ထို့နောက်လည်း ကိုချစ်စရာသည် လစဉ်မပြတ်လိုလိုပင် ကဗျာ လင်္ကာအမျိုးမျိုးတို့ကို ရေးသားပေးပို့ကူညီခဲ့ဖူးလေသည်။ သို့သော် နှစ်နှစ် တိုင်တိုင် လူချင်းမတွေ့ရဘဲ စာဖြင့်သာရေးသားဆက်သွယ် နေကြပြီးမှ ၁၉၂၄ ခုနှစ်လောက်တွင် ရန်ကုန်မြို့သို့ ကိစ္စတစ်ခုဖြင့်ဆင်းလာသည်တွင် ကျွန်ုပ်တို့တိုက်သို့ဝင်လာ၍ တွေ့မြင်သိရှိရလေသည်။

ကိုချစ်စရာမှာ ပညာကိုရှာမှီးလေ့ကျင့်တတ်၍ ပညာကိုခင်မင် တပ်မက်သောသူတစ်ဦးဖြစ်ရကား မိမိကဲ့သို့ပညာကို စုံမက်သော သူများ နှင့်တွေ့လျှင် များစွာနှစ်သက်အားရတတ်လေသည်။ ထို့ကြောင့်ဒဂုန် မဂ္ဂဇင်းတိုက်တွင် လူကိုယ်တိုင်ဝင်ရောက်ကူညီအားပေးနေသော မြန်မာ ဘာသာ ပရိဖက်ဆာဆရာကြီးဆရာလွန်းနှင့်ပါ တွေ့ကြုံ၍သွားရသော ကြောင့် အတိုင်းမသိ ဝမ်းမြောက်ရှာလေသည်။ ထိုစဉ်အခါကပင် ပျဉ်းမ



နားတွင် နေရသည်မှာ ပညာရှာရန် နယ်ကျဉ်းသဖြင့် ပညာသည်များစုံရာ ရန်ကုန်မြို့သို့ဆင်းလာလိုကြောင်းကို ပြောဖူးလေသည်။

ကိုချစ်စရာသည် ကာယစိတ္တနှစ်ဌာန၌ နူးညံ့ယဉ်ကျေးသောသူဖြစ် ရကား စကားပြောလျှင် သာယာငြိမ်သက်စွာ ပြောဆိုတတ်လေသည်။ ပညာကိုအမှန်စုံမက် မြတ်နိုးသောသူဖြစ်သဖြင့် မိမိနှင့်တန်းတူပညာသည် များရှေ့တွင်သော်လည်းကောင်း၊ မိမိအားညွှန်ကြားပြသဆုံးမပေးတတ် သော ဆရာကြီးများ၏ရှေ့တွင်သော်လည်းကောင်း၊ မိမိကိုယ်ကိုလွန်စွာ နှိမ့်ချပြောဆို၍ ပညာကိုရှာလေ့ရှိတတ်လေသည်။ မိမိတတ်သောပညာဖြင့် မာနမတက်။ သူတစ်ပါး၏ပညာကိုသာ ချီးမွမ်းတတ်လေ့ရှိပေသည်။

ယင်းသို့ စိတ်သဘောထားသိမ်မွေ့၍ ပညာကိုကြိုးကုတ်ရှာခဲ့ တတ်သောသူကား အချိန်တန်လျှင် ကြီးမြင့်ထင်ရှားမည်မှာ မလွဲဖြစ်ပေ သည်။ သို့နှင့်လည်း ကားကားစွင့်စွင့်၊ ပွင့်သီးထင်ရှားခြင်းသို့မရောက်။ လမ်း မဆုံးမီ ခုလပ်တွင် ကံကုသိုလ်အားလျော်စွာ၊ ဘဝတစ်ပါးသို့ ကူးပြောင်း သွားရသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့ မြန်မာလူမျိုးတို့၏ ပညာဂုဏ် ကျက်သရေတည်းဟူသော ကောင်းကင်အာကာသမှ ထွန်းလင်းအပ်သော ဌာ ထွက်လာသော ကြယ်တစ်လုံး ကြွေကျသည်နှင့်သာ တူပေသည် ဖြစ်သောကြောင့်၊ ပညာလိုလား အမျိုးသားမှန်သမျှတို့မှာ ကိုချစ်စရာ အချိန်မတန်သေးမီ ကွယ်လွန်သွားသည်တွင် ပညာသည်တစ်ဦး ဆုံးရ သည်ဖြစ်သောကြောင့် ဝမ်းနည်းဖွယ်ရာပင် ဖြစ်လေတော့သည် ဖြစ်ပါ ကြောင်း။

ကျွန်ုပ်မှာမူကား ပညာအတူရှာဘက် မိတ်ဆွေကြီးတစ်ဦးဆုံး၍ တအားလျော့ရပေသည် ဖြစ်ပါကြောင်း။

ဇေယျ

ဗြိတိသျှဘားမားမဂ္ဂဇင်း၊ အမှတ် ၉ (စက်တင်ဘာ ၁၉၂၇) စာ ၇၃

### ၁၀၆။ သတိုးပိယ၊ ဖျဉ်းမနားနင်းပြားခေါ် ချစ်စရာဘွဲ့လေးချိုးငိုခြင်း

ကြူးလှစ်ခါ ဝစနာမြူးရမှာဖြင့်။ ဦးချစ်စရာဆရာတစ်ဦးမှာတော့။ (အမယ်မင်း) မရဏာသို့ကူးချေပေါ့ကဝိဆရာ။ တပည့်အပေါင်းတို့မှာလ။ မချိရန်ဖြင့်အကြောင်းပါဘဲ။ တတ်ပေါင်းစုံကဗျာသင်တဲ့။ ဆရာအရှင် ပဏ္ဍိတ်တစ်ဦးကိုလ။ အမှန်ပင်ပန်ဆင်လို့မှ မဖူးရလေခြင်း။ အထူးထူး၊ အဖြာဖြာ။ ကဗျာတွင်သူမို့ နှမြောလိုက်ပါဘိ။ (ဘေမောင်မှာဗျာ) ဓာတ သသ ပြောမပြချင်ဘူ။ (အမယ်မင်း) သောကဗျာပါ။ ကုသိုလ်ကံ တကယ် မေးသူမို့။ မှုဖို့ရန်ဘယ်အရေးရယ်က။ ပေးလေခြင်းဆရာခမျာ။ (အမယ် မင်း) မရဏာရွာသို့ကြွရှာသေး။ (ဦးပိယရယ်) သည်ဘဝမှာဖြင့် ခဏတာ ကလေး။ (ကျွန်တော့်မှာဗျာ) မကြည်လှရှာလေဘူ။ ဆရာမရဏာအရေး။ တောင်းဆု ငယ်ချွေ။ ကောင်းမှုဖြာဖြာဝေလို့။ အမတ်ပြေ နိဗ္ဗူလမ်းကိုလ။ ဆရာကဝေစိတ်ဖြူနဲ့ လှမ်းရအောင်။ ပန်းသပြေညောင်ရေချမ်းရယ်နဲ့။ သွန်းချခါ နေ့စဉ်ဖျန်းပါလို့။ နတ်ပြည်ရွာ မကြာမြန်းတဲ့အောင်။ ကျန်ရစ်သူ စိတ်ကျေချမ်းစေဖို့။ (ဦးနင်းပြားရယ်) မြန်းတော့မနေ့။ ဆုပန်သခါပေး။ (အမယ်မင်း) နှမြောလိုက်ပါရဲ့ ကဝိဆရာပဂေး။

### ၁၀၇။ ၎င်းဘွဲ့ လေးဆစ်ငိုခြင်း

ဖျဉ်းမနား။ နင်းပြားလို့ကျော်တဲ့မောင်။ သတိုးဆရာပိယမှာ။ ကြွပေါ် မရဏာဘောင်။ မြန်ပြည်ပေါင်။ တောက်ပြောင်လို့ကျော်ကြား။ တပည့် အများကိုလ။ ပစ်ထားခါ မရဏာပြေသို့ ဆရာကဝေလိုက်ပါချေပေါ့။ ညွှတ် ကိုင်းခါ (        ) ၎တ်တဘိုင် ဆရာလို့မှ မပြောရလေဘူ။ သဘောကြီးသူမို့ (ကျွန်တော့်မှာဗျာ) ဆောတီး၊ ဆောတီး ဖြစ်ရပါပြီတကား။

နာဂရာရွှေတောင်က "ကဗျာဘမောင်"မန္တလေးမြို့

ဒဂုန်မဂ္ဂဇင်း၊ အတွဲ၈၊ အမှတ် ၈၅ (စက်တင်ဘာ ၁၉၂၇) စာ ၃၃၅



### ၁၀၈။ သူရိယမဂ္ဂဇင်း အယ်ဒီတာနှင့် ဖျဉ်းမနားက (နင်းပြား) အား တောင်းပန်သော တေးထပ်

အယ်ဒီတာမင်းတပါးနှင့်။ ဖျဉ်းမနားမိတ်ဆွေ။ ယင်းစကားရိပ်အခြေ ကို။ စိတ်ကြေရန်မျှော်လင့်။ နှစ်ဦးလုံးကဝိမှန်သည်။ သတိဉာဏ်ကင်းဘို့ မသင့်။ ဝိနည်းတတ်ကြက်သတ်တာလို။ ဆက်စပ်ခါအခွင့်၊ သတ်မှတ်ရာ အကျင့်မို့။ အဆင့်ဆင့်အာရုံ။ ကျမ်းသဒ္ဒါ အလင်္ကာဆန်းငယ်နှင့် ပညာ ခန်း ပွှမ်းခဲ့သတ်ပုံ။ အစပ်မမြင့်မပြတ်လှုံတယ်။ ဒြပ်ဂုဏ်ရှာကြံကြတာမို့ ဌာနပြသုံးဆယ်ခြောက်ဖြာ။ ကုံးဘွဲ့တောက်ရာ။ ကဝိတို့သတိမကျွာသည် သိရှာသူနှစ်ဦးမို့လေး။

နေပြည်တော်ပေါ်ဦး

သူရိယမဂ္ဂဇင်း၊ အတွဲ ၁၀၊ အမှတ် ၇ (စက်တင်ဘာ ၁၉၂၆) စာ ၆၇

### ၁၀၉။ စိတ်ဆွေ သတိုးပိယသို့

မအားရာ ယားတာမှ မဖြောက်နိုင်လို့။ သနားစွာ အားနာတောက် သူမို့။ ကြား စာနှောက်မထင်စေ။ အဆွေရင်းပေမို့။ ကွေကွင်းသည်အချိန် ကြာတော့။ ရှိန်တခါပိုလို့လွှမ်းတာကြောင့်၊ နှုတ်ခွန်းကိုယ်တိုင်ဆက်သလို့။ ရေးလျက်စာပေ။ မတွေ့နိုင်မမြင်ရသည်က။ ယနေ့တိုင် မကြည်မြပေဘူ။ ပိယမောင်သတိုးဆွေ။ ညှိုးခွေလျက်လှုမှာနွမ်း။ ဆွေးမှုသာပွေ။ ရေးခုနှော် စာတွေဖြင့်။ မဟာဆွေသိတန်ကောင်းပါရဲ့။ ကိုရင်ချစ်လှမှာ ဟိုအရင် ခေတ်မှုဟာပြောင်းပါလို့။ သင်္ခါရာဓမ္မာအကြောင်းကို။ အောက်မေ့ စိတ်တမ်း။

မောင်ဘရှိန်

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၉ (မေ ၁၉၂၆) စာ ၂၆၉

၁၁၀။ ဘိုးပြန်တောင်မြိုင်ခွင်ပေါ်၌ တိုင်ပင်တော်ဘွဲ့လေးချိုး ကလေး

ပီယခေါ်၊ တကာ (ပြား) ကိုဖြင့်၊ ဒီကနော်အလွှာပါးပါလို့၊ (ခင်သန်းရွှေတို့ရယ်) စာစကားတွေနှင့်မှာအုံးမကွယ်။ "သည်းခံတော်မူပါ ဘုရား၊ သည်းခံတော်မူပါဘုရား ဘယ်လိုပင်အပြစ်ရှာသော်လဲ။ နစ်နာအောင် ပြုတော်မမူပါနှင့်ဘုရား"။ သြော်...တရားမင်းသူမို့၊ စကားအခင်းကို ဖြင့်၊ အကြွားမသွင်းလိုက်ပါဘူး၊ "သတားဖြင့်ကျင်းရပြန်ပေါ့" "ပျားမနင်းဆီကတဲ့...ဟဲ့။" "နင်းပြား"ခေါ် ထိုတကာက။ အားဂျင်းနော် အပိုစကာလာတွေထင့်။ ရှိဝနာ "သာလေ" အကွေ့တွင်ဖြင့် ဟောသည် အကိုဆရာကို ရှာဖွေလို့ မတွေ့တယ်လို့။ ဒါတွေကို စာခွေလို့ထေ့တဲ့ပြင် "ရာပြေပြေ" ဌာနေအရှေ့ဆီက။ပန်းသပြေမြောက်အဆွယ်မှာနော်ကွယ်။ သြော်... မချမ်းမမြေအောင်ပ။ စခန်းတွေမေ့မေ့ပြီးတော့။ လမ်းကွေ့ ပျောက်တယ်...တဲ့။ ဒီကနော် ဓမ္မာသုံးသူမို့။ ပီယခေါ် တကာ (ဘုန်း)ရယ်က။ ရည်ဆမျှော်စကနာအလုံးတွေထင့်။ တခါပုန်းရှောသလားလို့ဆိုရက် သဟယ်။ အို... အပျက်အပြယ်၊ အပြယ်ပေမဲ့ခက်ဖွယ်အရေး။ (ခင်သန်းရွှေတို့ရယ်) သြော်...အချက်တွယ်၊ တွယ်လာတော့ ရှက်တယ် မအေး။ မင့်ဆရာကို။ တဆင့်တွယ်ဘာကလာတိုတိုပေါ့။ ဝနာညိုဘေး မြောင်တရိုးတွင်ဖြင့်။ စာအဆိုရှေးတဘောင်အဆိုးတွေနှင့်။ ဇရပ်အို ကပ်ခိုလို့ချိုးပါလို့။ ဖိနပ်ကိုကျပ်ကိုဖြင့်ခိုးလိမ့်မတဲ့...ဟယ်။ သြော်...မညိုး အခင်းနိမိတ်ပေထင့်။ ဂီတကဗျာတေးတွေနှင့်။ တမျိုးသတင်းမနိတ်အောင် လို့။ ပီယ၊ တကာရေး လိုက်ကရှော့လား...ဟဲ့လို့။ (ခင်သောင်းမေတို့ရယ်... ဟယ့်) သြော်...အရိုးတွင်းကထိတ်တာကြောင့်။ ဤတညတော့မဒီအလှ တို့ကိုဖြင့်။ သီလဆရာ မပေး။ မပေး။ (အို ... ခင်သောင်းငွေရဲ့) နင်းပြား၊ တကာကြောင့်။ စဉ်းစား စရာတွေကိုသာတွေး။



ငှင်းအထက်ပါစာအဆုံး၌။ ကညာပြုံး၊ ဆံမိတ်ခွေကလေးတို့သည်။ ဆရာကတုံ၊ စိတ်ပြေအောင်။ မအိပ်မနေပြောကြသဖြင့်။ ဒေါသကို ထိန်းသွင်းလျက်။ ထိုနေ့၌ "တိုင်ပင်ပွဲကြီး"သိမ်းခြင်းကြီးသိမ်း၍။ ငြိမ်းခြင်းကြီး ငြိမ်းလိုက်ရပေသတည်း။

ဘိုးပြန်တောင်ပျော် ဖေသူတော်ကလေး

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၉ (မေ ၁၉၂၆) စာ ၂၇၀

၁၁၁။ ဘိုးပြန်တောင်ပျော် ဘေသူတော်ကလေး ရေးသားသော မကြာမီက အနိစ္စရောက်သွားတဲ့ "သတိုးပီယ"ကို လွမ်းဆွေးသဖြင့် လမ်းနဘေးအမြင့် အလှဲ့ဝနတွင် တပည့်မများကို ဒုက္ခောလို့ တွေးစေရိုးထုတ်ပြောရင်း ရေးပို့ပေးလိုက်သည့်တစ်ပုဒ်သောဆွေးချင်လေးချိုးမှ

မြစ်ထိပ်ရေ ရိုးဆီသို့ကျသလိုပ။ ညစ်စိတ်တွေ တိုးမှိုလို့ ဆွလိုက်ပါဘိ။ ချစ်မိတ်ဆွေ "သတိုးပီယ"ရယ်ကြောင့်။ မညှိုးအဆီမွှေကိုဖြင့် မှန်းမျှော်သူ (ခင်သန်းရွှေတို့ရယ်) တမျိုးဆည်လို့မှလဲမရနိုင်ဘို့။ သဒ္ဒါသွင်းကြပေတော့။ ဟို မကြာအတွင်းဆီက။ ကဗျာသီချင်းတွေ ကြံကာစီတတ်တဲ့ စံဌာနီအချက်မသေွ ကြားရမှာဖြင့်။ မြန်မာပြည် ကနက်မြေဖွားပေပေါ့။ "နာမ်မာ" တလီကို သက်သေထားရလျှင်။ မင်းများစွာ အထည်စင်ကြသည့်။ "နင်းပြား"ကွာ အမည်တွင်တဲ့။ ပြည်၊ ပြည်ခွင်စာအဆန်းတွေနှင့်။ ညီညီခင် ကဗျာစွမ်းသူမဖြင့်။ ခေါကြမ္မာ မွေကာဖမ်းတာကြောင့်။ မနေသာ သေရွာသို့လှမ်းလေတော့ ပန်းသကတမူလိုနော်ကွယ်။ သြော် မချမ်းမမြနိုင်ဘူ။ အလွမ်းဓမ္မတွေကြောင့်။ တစ်ခန်းထရပေမယ့်။ (အို တပည့်တို့ရဲ့) နွမ်းလှလို့ဆူ။ အဖုံ၊ အထစ်မပါသကွာ မနှောင်းသဒ္ဒါပွားကြပေတော့။ ယခုခေတ်အခါမှာ ငှင်းကဗျာအသွားလိုဖြင့်။အညာအနှစ်ပါပါ

အပေါင်းသဟာတို့ မကြားရပေဘူးဟော့လို့။ မကောင်းမရဏာတရားကိုဖြင့် ကောမထူ ဒေါသလူပါလို့ အချက်တွေစွဲ၊ (ခင်သောင်းမေတို့ရေ) သောက အပူရယ်ကြောင့်ဟဲ့ မျက်ရေရွှဲ။ လွမ်းပါသကွာ။ အဆန်းကဗျာစာ၌။ အရာရာ တေးနုံမရှိလေတော့၊ သဒ္ဒါစွာ တွေးခြဲလို့ကြည့်မှဖြင့်။ သြော် လေးဂုဏ်ကဝိ ဂီတအဆီတွေစွဲသူတဲ့လို့။ မနေ့အစုံသတိတွေနှင့် ဤကမို့ ချွေးနွဲ့ကြည့်လိုက်ကြပေတော့။ (ခင်သန်းငွေတို့ရယ်) ရေးပုံမိပါတဲ့ "ပီယ" ညီရွှေခဲ။

ဘိုးပြန်တောင်ပျော် "ဘေသူတော်ကလေး"

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၈၊ အမှတ် ၈၅ (စက်တင်ဘာ ၁၉၂၇) စာ ၃၃၄

၁၁၂။ ငှင်းအလွမ်းဘွဲ့လေးဆစ်

လွမ်းရတက်တွေကြောင့်။ လွမ်းလျက်ပငိုမိတယ်။ ဂီတမော်စီထွင်လို့ ရေးတတ်ပါတဲ့။ ပီယခေါ် ညီခင်လေးကိုကွယ်။ ဆွေးမိသွယ်သွယ်။ အလွမ်းတွေကြွယ်။ လွမ်းဖွယ်ကဘယ်မဆုံး။ ပီယမောင် ညီရွှေခဲရယ် ကြောင့်ကွယ်။ သဲကျွေးလုနုံး။

ဘိုးပြန်တောင်ပျော် "ဖေသူတော်ကလေး'

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၈၊ အမှတ် ၈၅ (စက်တင်ဘာ ၁၉၂၇)စာ ၃၃၄

၁၁၃။ သတိုးပီယ၏ စိတ်ဒွိဟမရှင်မလန်းပေသော ခင်သန်းရွှေ အမည်ခံ သည့် မဟီကဘယ်ချောင်ဂူပေါ်က မောင်သူတော် ပြန်ကြားတဲ့ အမှန်တရားလေးချိုးကြီး

မျှောင်ကမူအပေါ် ဇရပ်နှစ်ဆောင်နှင့် ချားတဲ့ပေမဲ့။ တောင်ဇမ္ဗူ ကျော်အောင် မပြတ်တဘောင်စကားတွေနှင့်။ မောင်သူတော် တတ်ရောင်နဲ့လဲ မကြားလိုက်ပါဘူ (ကိုပီယရယ်) ရုပ်ထောင် တရားရယ်နှင့် ဟောပြ



မဗျာ။ သြော်...ဝါခေါင်လဆီက။ အပြာရောင်တွေ ခအပြီး။ မှောင်ကြကာလေဟုန်ဆင်တော့။ မြေဝသုံတခွင်မှာ။ အများဆရာရသေ့တို့လိုပေါ့...ဗျာ တရားဓမ္မာအတွေ့ကို၊ အချေနမှုဖော်တဲ့။ ဖေသူတော်ဟောသည်က ဖလ်ကတုံးမှာဖြင့်။ပရမေအဆူကိုမျှော်ကာ ဈေယာဂီဉာဏ်တွေနှင့်သုံးရာက။ တော်မဟီက ဘယ်အဆုံးမှာ မပျော်နိုင်ပါသမို့။ မြော်မိုင်ကာလွမ်းနာတွေ ဘိလိုက်ပုံက (အဟင့်အဟင့်) သြော်...ဟောသည်က ကျော်လှိုင်တဲ့ဆရာမှာ ချမ်းသာဘို့ရှိနိုင်ပါအုံးမလား။ အင်း...အင်း...အင်း...ဟုတ်ပေလိမ့်မယ်။ လွမ်းနာဘိတယ်ဆိုတော့ ဘာချမ်းသာဘို့ ရှိနိုင်ပမလဲလေ။ ဖြန်ညာလို့ မဝိလိုက်ပါဘူး...ကိုပီယရဲ့။ ခင်ဗျားရှိမှန်းကာ ကြည့်ကြမယ် ဆိုလျှင်လဲ။ တချမ်းတမြှာလောက်တော့သိကြမှာပါဘဲ။ အဲ...သဟာကြောင့်။ မျှော်မိုင်ကာ လွမ်းနာတွေဘိလိုက်ပုံက။ အပေါ်မြိုင်နောမှာ မချမ်းသာသမို့ မချည့်တာကြောင့်။ စခန်းပထဗျာ အလှည့်ငယ် ကဘယ်ဝနာက။ အမှန်ပါ ဟံသာသို့ သွားရော့မဟဲ့လို့။ အလှဲ့ရှိ၊ ဖွေဝနာ၌။ တကဲ့ကို မနေသာသမို့။ ဧကစာအနွယ်၊ မပြတ်ငြမ်းတွေနှင့်။ ဟောသည်က၊ ကဝေဆရာ ထယ်ထယ် မှာ ကျပ်ကိုထမ်းပါလို့။ ဖြတ်လမ်းမှာအမြန်လာခဲ့တော့။ မှန်မကွာ ဟံသာသို့ အရောက်တွင်မှ။ လမ်း...တစ်လျှောက်နာဂရေသာသာမှာ (ကိုပီရယ်) အကြမ်းရှောက်ရှောက်ပြီး။ အဟမ်းအဟမ်းနှင့် မောက်ရုပ်ကအလွမ်းတွေလဲ ပြောက်တာကြောင့်။ ဝမ်းမြောက်ပေရှာ။ အတွေ့သဘောပါပါ၊ ဓမ္မာအကတွေကို ပြရမှာဖြင့်။ တစ်နေ့သောအခါကချောကညာ တကမတွေက။ သြော်...အထေ့ရော ဘာဘာညာညာနှင့်ပေါ့လေ။ မမေ့သောသဒ္ဒါ၊ ဇာမှာကြွတယ်လို့ လောကာလောကာနှင့်။ မဟာဒီတော ဆရာကိုခံ၊ ကြတာကြောင့်၊ သနားသဗျာ။ သြော်...အများကညာတွေပေါ့။ အပါးလာလာပြီး အကြောင်းစက လာမနေး။ (ကိုပီယရယ်) အို... တရား

ဓမ္မာကိုဖြင့်၊ အသားပါပါရယ်လို့။ မနားအခါခါပ၊ တောင်းရှာသေး။ ထိုနောက်ခါပင်လေဗျ။ ပျိုပေါက်ကယ် ကညာခင်တို့က ငိုမလောက်နော် ပမာအသွင်နှင့်၊ စကလာ ယဉ်ယဉ်ပြောရှာသေးတာက။ ဟောသည် ပထဗျာ အပြင်မှာတော် ထာဝစဉ် သြဘာပေးလောက်အောင်၊ အို... ဖေသူတော်ကလေးရဲ့၊ တပဲ့တော်မတို့အတွက်လေ၊ ကံဗျာယဉ်ယဉ်တွေ ကို ဆရာအရှင်ရယ် မကြာခင်ဆောစွာရေးပျါလို့။ ပျိုလေးငယ် မဒီကညာ တို့က။ ချိုအေးဘွယ်တီတာတာနှင့်။ ဤအခါမှာ အလီလီအလာလာ ပြောကြလို့။ ဇောကြွကာဘေသူတော်က။ သောမနဗျာ အချေနမှု ပေါ်တော့။ ပြည်ဇမ္ဗူကျော်အောင်၊ အထင်နှင့်လွှမ်းလိုက်မဟဲ့လို့။ ခင်သန်း ရွှေအမည်နှင့် ဇင်ပန်းဇွေမဟီက။ ချွေစီကာ တေးသဖြန်ရေးလိုက်တော့။ သြော်...ရယ်စရာလဲကောင်းလိုက်ပါဘိတော့...ဟား ဟား ဟား ကျုပ်တို့ ရဲ့ (ပီယဆရာမှာလေ) ဒွိဟနှစ်ဖြာကြောင့် မအေးတယ်လို့။ သဟာလို ကြာခိုတဲ့အမေးကိုဖြင့် တွေးမိတယ် ဘေသူတော်ကဗျ။ ဇွေကမှုပေါ်မှာ အဆန်းဓမ္မာတွေကိုသုံးပါတဲ့။ ဓမ္မေအယူတော်သူ၊ ဟောသည်က အဲဟမ်း အဟမ်းဆိုတဲ့၊ ငါကတုံးကိုမှ။ သြော်နှစ်လုံးထွင်းက လိုက်လိုက်ပြီး (ကြလိုက်)တဲ့အရေးပေထင့်...လို့။ တဒုံးဒုံး တဒင်းဒင်းနှင့် ခွလိုက်မဲ့ အဆွေးတွေက (ကိုပီယရယ်) သြော်... အဟုံးဟုံးအဟင်းဟင်းနဲ့ တဗျုံးဗျုံး တဗျင်းဗျင်းကြီးပေါ့ဗျာ။ အသုံးအနှုန်းတွေ ယွင်းမှာကြောင့်။ ဝလုံးခြင်း ရိုက်သလို ပဌန်တိုက်ကုန်မှာကိုသာတွေး။

ဘိုးပြန်တောင်ပျော် ဖေသူတော်ကလေး

ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ပါ) စာ ၂၀၉



၁၁၄။ ရန်ကုန်မြို့မ တိုင်းရင်းသား[illegible] ကိုချစ်စရာထံ [illegible]
ကြောင်းပြန်ကြားသောစာဆောင်

ဇာတိမာန်ထောင်လွှားတယ်လို့။ [illegible] လားအပိုထင်တယ်။ နဂိုရိုးစဉ်မှုသိ။ စိန်းတယ်လို့ဆို[illegible] ရွှေ့မှုမရှိ။ ပထမစာစောင်မှာ။ မညာပေါင်ဆုတ်။ ဆရာမောင်[illegible] လို့။ သူကလိချက်ပိုင်။ စိန်းဆိုလျှင်။ အဝတ်ဆန်းသော်မှ [illegible] ယှဉ်ပြိုင်။ စာရင်းချုပ်လက်ကိုင်ငယ်။ တဘက်နိုင်သူ[illegible]။ [illegible] နှစ်ခွေ။ သိတဲ့လူပေ။ ဆိုခြင်လျှက် အချစ်ဇွေသည်။ ဆယ်နှစ်တွေ[illegible] ထင့်လေး။

ဦးမောင်မောင်ကြီး ပျဉ်းမနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၆၀ (ဩဂုတ် ၁၉၂၅) စာ ၂၉၁

၁၁၅။ ရှစ်လုံးမြန်မာကဗျာဘွဲ့

(၁) ကိုယ်ဟန်မဝိ ဓာတ်သိမြင်နိုင်။
အန္တဂုဏ အူမသည်းဆိုင်။
ငယ်တူပေါင်း မူဟောင်းလက်ကိုင်။
မန်မမျိုး ချက်ကြိုးထီးရိပ်ပိုင်။

(၂) အခွေဦးချစ် သိလှစ်ဉာဏ်ရည်။
ဗဟုကိစ္စ များလှလူ့ပြည်။
အိမ်ထောင်ဝန်ကြီး ပွားစီးတာရှည်။
နာရီညောင်း စက်ဟောင်းသံပတ်ပြီ။

ဦးမောင်မောင်ကြီး ပျဉ်းမနား

ဒဂုန်မဂ္ဂဇင်း၊ အတွဲ၅၊ အမှတ် ၆၀ (ဩဂုတ် ၁၉၂၅) စာ ၂၉၁

### ၁၁၆။ ရန်ကုန်မြို့ မြို့မနေရှင်နယ်ကျောင်းဆရာ ကိုချစ်စရာ သတိုးပီယ အနိစ္စရောက်သဖြင့် တရားရဘွယ်နိဗ္ဗိန္ဒ ရှစ်ဆယ်ပေါ် တေးထပ်

တွေ့ခါ၊ ကြုံခါ ဆုံခါကွဲကြ။ ဘုံခမ္မတာ မမြဲလောကတခွင်။ ယမုန်
နာဝဲသြဃယဉ်မှာ။ မြောရလျှင် သံသာခရီး။ အနိစ္စာဝတ သခါရေကို။
အကြင်သတ္တဝါတွေမြင်ခဲနိုင်လို့မနည်း။ သက္ကာယနှင့်မာနလှုံသည်။ ဝါဒ
တဖုံအကျင့်မှီး။ ပါကဋဂုဏ်အမြင့်ကြီးနှင့်။ ရင့်ပြီး တင့်ပြီး ထင့်သီးပြန်။
လေးဝရုပ် မဟာဘုတ်မှ။ ပသာဒရုပ် တင်မွှန်းချယ်လို့ဟန်။ နေ့မြင်
ညပျောက် လောကစံကို။ မနောအကြံစျာန်ဝင်ရှုမှ။ အမှန်ထင်မှု ဥတု
အာဟာရ။ မြေသြဇာမျှပေ။ သေသောအခါမှ အပါယ်ကို။ သတ္တဝါတွေ
မြင်အုံးမယ်ကွယ်လေး။

ပျဉ်းမနားမောင်မောင်ကြီး
ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၈၊ အမှတ် ၈၅ (စက်တင်ဘာ ၁၉၂၇) စာ ၃၃၆
သူရိယမဂ္ဂဇင်း (အောက်တိုဘာ ၁၉၂၇) စာ ၇၇

စရာအချုပ်ကိုပွားမိပါရဲ့။ တဏှာကံရာ ကျုပ်တို့ဘုရားသော်မှ၊
(သြော်...) အကြင်ဓမ္မာရုပ်ဆိုတဲ့ တရားကိုဖြင့်။ ပွားများကာ သေချာပြမယ်
လို့။ အားထားရာ ခေမာကြွတဲ့ပြင်၊ ဒေသနာအရ သုတ်ဓမ္မခန်းကျမ်းတွေနဲ့။
သေခါမှ အဟုတ်အမှန် မစွမ်းနိုင်ဘို့...တဲ့ (ရွှေမန်းသူရယ်) ကုဋေကုဋာ
မက။ ဝေဏေယျာတွေ ပြခဲ့ပါတဲ့။ ရုပ်နာမ်ကမ္မဋ္ဌာန်း...။

ပျဉ်းမနား ဦးမောင်မောင်ကြီး
ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၈၊ အမှတ် ၈၅ (စက်တင်ဘာ ၁၉၂၇) စာ ၃၃၆
သူရိယမဂ္ဂဇင်း (အောက်တိုဘာ ၁၉၂၇ ) စာ ၇၇



### ၁၁၈။ သတိုးပီယဘွဲ့ခံ ဦးချစ်စရာ အနိစ္စရောက်ကြောင်း ရတု

(၁) လွမ်းရစ်စေအောင်၊ ကြမ္မာဆောင်၍ ပူလောင်သဲဖို။ ဟစ်ကြွေး
ငိုကြ။ ထိုထိုကလျာ။ မျိုးဆွေညာလျှင်။ သိသာအများ။ အပေါင်းအားကို။
လားလားမကြင်။ သူမခင်တည့်။ ပြင်ပြင်ခွဲခြမ်း။ အဆုံးလမ်းသို့။ ချီးမြန်း
စိုက်စိုက်၊ အပါလိုက်၍။ ကြုံခိုက်ကြုံရာ။ နောင်သံသာတွင်။ မှီရာမလစ်။
ဘဝသစ်၌။ အပြစ်ကူးလူး။ စံပျော်မြူးလျက်။ ကြည်နူးရွှင်ရွှင်၊ သံယောဇဉ်
ကို မခင်ပယ်ဖြတ်။ ညိမကပ်ဘဲ၊ သက်သက်ပူစေ။ ညာတိတွေကို။ ကာဝေ
ပြိုပြို ငဲ့မသီဘဲ၊ နေအီရှာပုံ။ လောကဘုံကို။ အာရုံမရစ်။ စွန့်ပြီးဖြစ်၍။ ဤနှစ်
ကောဇာ။ ထောင့်နှစ်ရာမှာ။ အဌာနဝ၊ ဝါခေါင်လဟု၊ ပက္ခဆုံးရွှေ။ ကြွက်
မင်းနေ့ဝယ်။ သက်ငွေ့ဇီဝိန်။ နေပြုချိန်တွင်။သန်းမိုန်မှိုင်းမှိုင်း။ နတ်ထံမှီ
လျက်။ တကိုယ်ထွက်တာ။ ပူကြရှာသည်။ များစွာကဝိ လွမ်းဖွယ်တည်း။

(၂) ကျမ်းသစ်ဖွေဆောင်။ အာဘာရောင်ဖြင့်။ ပြောင်ပြောင်လက်
ရှိန်။ လဂွန်းအိမ်နှယ်၊ မိုးတိမ်မခ။ ထွန်းကြည်ပလျက်၊ ဉာဏလောက်လုံ။
မာတင်ပုံသို့။ မကုန်နိုင်အံ့။ ထယ်ထယ်ခန့်တည့်၊ ပြည့်မြန်ဝိဇ္ဇာဦးချစ်စရာ
သည်။ ကဗျာမြူတေ။ စာအမွေကို ကျောင်းနေသိသ။ ခံယူကြဘို့။ သာရ
ညွှစ်ထုတ်။ နည်းစုံချုပ်၍။ စာအုပ်တင်ခါ။ ဝေငှရာတွင်။ ဆရာပီယ။ ဥတု
ဖြင့်။ ဘယရန်စွယ်။ ညိခါတွယ်လျက်။ ပေါ်ယယ်ဖြင့်ညီး။စေနာကြီးဖြင့်။
အပြီးပြီးနှင့်နှင်၊ သူစီရင်၍။ တွင်တွင်ရက်ရက်။ငဲ့မကွက်ဘဲ။ အသက်ခန္ဓာ။
ရိုးလှူခါပင်။ ကျမ်းစာနိဂုံး။ ပြီးမဆုံး၍။ ယူကျုံးမရ။ သူ့ဒုက္ခဖြင့်။ ပါပမာတ်
သက်။ သွေးလေပျက်၍၊ အခက်ပွေမှူ။ ဗျာမိကြုံမှ။ သက်လုံ့ပျော့ပျော့
ကလောင်နော့၍။ လက်လျော့ပြီးခါ။ လိုက်ရရှာသည်။ ငါးရာအရှိ ကျမ်း
ငယ်တည်း။

(၃) နွမ်းညစ်ပွေရောင်။ လူတိုဘောင်၌။ သန့်မှောင်ဝိဇ္ဇာ။ ယှက်နှော
ခါလျှင်။ ပါပါစုံခ။ အဝမ္မဖြင့်။ နိစ္စနေ့မှန်။ နရီလွန်လည်း။ ခြေငံမတီ။

အာမဘိဟု။ သိသိမစာ။ ကိုယ့်ခန္ဓာကား။ မကွာအမြဲ မြုတေခဲသို့ ကဲကဲ လွန်မြောက်၊ ဂုဏ်ရှိန်တောက်လျှက်။ မောက်မောက်မော်မော်။ ကိုယ်ကျိုး မြော်၍ သဲရော်သရမ်း။ လူ့ပေါက်ပန်းတို့။ ပြန်လမ်းမမြင်၊ ဘဲမထင်ဘဲ။ ရေလျှင်သြယာ။ မျောခဲ့ရာကြ။ န၀ါန၀ေ။ လူ့ရပ်ပြေကို။ သန္ဓေတွယ်ကပ်။ ကံနွယ်စပ်၍။ ရောက်လတ်သည်ဟု။ သညာပြုလျှက်။ လူ့ဥပဒေ။ မြတ် ဓမ္မေကို။ လွဲသွေ့ခွာရှောင်။ ကိလေမှောင်တွင်။ အရောင်သန်းညစ်။ တန်း ဆာလစ်သို့ အဖြစ်လုံးလုံး။ ရှုံးကြီးရှုံး၍။ အဆုံးမဲ့ဆဲ။ သံသာဝဲတွင်။ တခဲ နစ်မြုပ်။ ပေါ်မလှုပ်သည်။ စဉ်းငုတ်ခဲ့ရှာ။ သတ္တဝါသည်။ လားရာဂတိ နွမ်းနယ်တည်း။

ပျဉ်းမနား ဦးမောင်မောင်ကြီး

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၈၊ အမှတ် ၈၅ (စက်တင်ဘာ ၁၉၂၇) စာ ၃၃၆

သူရိယမဂ္ဂဇင်း (အောက်တိုဘာ ၁၉၂၇) စာ ၇၇

၁၁၉။ **ဦးချစ်စရာအား ကန်တော့ပန်းဆင်သောရတုပိုဒ်စုံ**

ဦးချစ်စရာ။ ခေါ်နာမာဖြင့်။ ဖွားရာဇာတိ။ ပြည်အသိတည့်။ ဘူမိ အောင်ချာ။ လွန်ဝေဆာလျှက်။ ဌာနာမြေကား။ ပျဉ်းမနားဟု။ တင်စား ချယ်လှယ်။ လွန်တင့်တယ်၍။ မြင့်ကြွယ်ဆွေမျိုး။ လွန်ပြန့်ဖြိုးလျှက်။ မည့်ိုးရောင်ရှိန်။ လွန်တောက်ထိန်ပြီး။ ဂုဏ်သိန္ဓာ။ ကြီးမြင့်ဖြာသည်။ လန်းပါပေ၏။ ငွေပန်းတည်း။

.ထူးသစ်ကဗျာ။ ဂုဏ်ရည်ဖြာပိမ့်။ ရှယ်မှာမကြီး။ ပညာသီးလျှက်။ ဆီမီးပုံဆောင်လရောဓ။ ပမာပြ၍။ ဉာဏတန်ခိုး။ လွန်ပြန့်ဖြိုးသား။ မည်းိုးစာဂ။ စရိယနှင့်။ ယူဆန္နိုင်းထောက်။ အံ့သြလောက်စွ။ ရွှံ့ကြောက် စရာ။ မရဏလမ်း။ ခမျာလှမ်းသည်။ မြန်းရှာပေ၏သေခန်းတည်း။



ပူးလှစ်ပန္နာ။ ညွှတ်သုံးခါဖြင့်။ ဆယ်ဖြာစုံဖြိုး။ လက်အုပ်မိုး၍။ ရိုကြိုး ခယ။ ဂါရဝဖြင့်။ ကာယဝစီ။ မနောချီလျှက်။ သုံးလီအမှန်။ အမိဌာန်ဖြင့်။ အနန္တဝင်။ ဆရာရှင်အား။ ချစ်ခင်ရိုကြိုး။ လေးမြတ်နိုးလျှက်။ ရှိခိုးဝန္ဒနာ။ ကန်တော့ပါ၏။ မကြာကောင်းမြတ်။ သုခရပ်သို့။ ရောက်လတ်စေသား။ တောင်းဆုဖြာသည်။ လှမ်းရှာလေ၏ငွေနန်းတည်း။

မောင်မောင်ကြည်

(၁၁)-ဆင့်-ဘီ

ဝံသယုဝမဂ္ဂဇင်း (နိုဝင်ဘာ ၁၉၂၇) စာ ၇၇

၁၂၀။ ပျဉ်းမနားက နင်းပြားနှင့် စပ်လျဉ်းသည် ပဟေဠိ သဖြန်

အများကျုပ်တို့မြင်။ ကုလားအုပ်ထိုအသွင်သို့။ ကျောပေါ်တွင်ဝန် တင်၍။ လွင်ပြင်မှာတည်ညား။ ။ရွေးယခင် ဝတ်မကောင်းသူ့မို့။ ယခု တွင် ဒူး...ရင်း...ထိတယ်ကွယ်။ သင်းတယ်ဝိပါက်များ။

မြင့်မြင့် ခေတ္တခရီးသည်

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၅ (ဇန်နဝါရီ ၁၉၂၆) စာ ၂၈၅

၁၂၁။ ပျဉ်းမနားက နင်းပြား၏ အပြစ်တင်ချက်ကို ပုံစံပြ၍ ဖြေဖျောက် ချက်

ပုဗ္ဗဒွန္ဒ တင်ထိုက်ဒေါသ။
ဆိုလတ့်နှင့် ပြောက်သင့်ထင်ပေ။
ထိုပမာမျိုး သုံးရိုးများပွေ။
ရှုထော်ချင့် မြင့်မြင့် ညွှန်ချက်တွေ။
အပ္ပသုဘာယံပုရိသော။ ဗလိဗဒ္ဒေါဝဇီရတိ။ ဟူသော ဓမ္မပဒပါဠိ။

ကောလိလာလာပသံဝါဒီ။ မုနိန္ဒာလာပဝိဇ္ဇမော။ စသောအလင်္ကာပါဠိ။ ထိုပြင်လည်း...မြတ်စွာဘုရားရှင်ပိဋကတ္တလမထေရ်ကိုတဲ့ရယ် ပြစ်တင်သောအရာ။ မဟောသဓာက ဝိဒေဟရာဇ်မင်းကြီးကို ကဲ့ရယ်သောအရာ စသောများစွာသောအရာတို့ကို ထောက်ထား၍။ စိကုံးလိုက်ခြင်းမှန်သဖြင့်။ ... ထိုအချိုး၏ ပုဗ္ဗဒ္ဒ၌။ တင်လိုက်သော အပြစ်ဒေါသမှ လွတ်မြောက်စရာရှိပေသည်။

မြင့်မြင့် စကြာပါဒ

ဒဂုန်မဂ္ဂဇင်း (၁၉၂၆) စာ ၂၄၉

၁၂၂။ သတိုးပိယ

မြန်မာနိုင်ငံအသံလွှင့်ဌာန မြန်မာ့အသံကျေးလက်တေးသံကဏ္ဍမှ ရုံဖန်ရုံခါ အသံလွှင့်တတ်သော (ညိုကုန်းယံ ချောက်နဘေးမှာလ၊ တို့ဘုန်းကံ အရောက်မွေးရော့ထင့်၊ တခေါက်ပြေးမှဖြင့် မိုးထိုးမယောင်... ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်) အစချီသော လှည်းယာဉ်ထပ်ချို့လေးချိုးသံလေးကို စာရှုသူသည် မကြာမကြာ ကြားဖူးပေမည်။ ထိုအတူ အစီအစဉ် ပြောကြားသူက ထိုလေးချိုးကို ရေးစပ်သူမှာ (သတိုးပိယ) ဖြစ်ပါသည်ဟု အစီအစဉ် ကြေညာစဉ်က ပြောကြားလိုက်သည်ကိုလည်း သတိထားမိပေလိမ့်မည်။

သက္ကရာဇ် ၁၉၂၀ ကျော် ပတ်ဝန်းကျင်ကမူ မြန်မာကဗျာလောကတွင် ဆရာသတိုးပိယ၏ အမည်ထင်ရှား၍ လူသိများခဲ့ဖူးပေသည်။ ယခုမူ တိမ်မြုပ်ပျောက်ကွယ်နေပေပြီ။ သတိုးပိယ၏အမည် တိမ်မြုပ်သွားရသည်မှာ ငယ်ရွယ်နုပျိုစဉ် စာပေဉာဏ်ထက်သန်တုန်း၊ စာပေပန်းတိုင်ခရီးတထောက်တွင် အပြီးမလျှောက်နိုင်မည် ကွယ်လွန်ခဲ့သောကြောင့်ဖြစ်၏။ ကဗျာဆရာသတိုးပိယ၏လက်ရာများမှာ ပျောက်ဆုံးမှေးမှိန်ခဲ့လေပြီ ဖြစ်သည်။



၁၉၆၂ ခုနှစ် တက္ကသိုလ်စာအုပ်ထုတ်ဝေဖြန့်ချိရေး ကော်မတီ၊ ရန်ကုန်တက္ကသိုလ်မှ ဦးဝန်နှင့်ဦးသိန်းဟန်တို့ရွေးချယ်တည်းဖြတ်ထုတ်ဝေခဲ့သော (ခေတ်သစ်ကဗျာများ) အမည်ရှိ တက္ကသိုလ်ကျောင်းသုံး မြန်မာစာအုပ်၌ ကဗျာဆရာကြီးသတိုးပိယ၏ "လှည်းယာဉ်ထပ်ချို့"လေးချိုးနှင့် "မဲဇာတောင်ခြေ"လေးချိုးကြီးနှစ်ပုဒ်ပါရှိခဲ့၏။ ထိုကဗျာများအပြင် ၁၉၂၀ ကျော် ခေတ်ပတ်ဝန်းကျင်ထုတ် သူရိယ၊ မြန်မာ့အလင်း၊ ဒဂုန် အစရှိသော မဂ္ဂဇင်းများတွင် ကဗျာလင်္ကာဆောင်းပါးများ ရေးသားခဲ့သည်။ "မော်ဒန်ဘားမားတိုင်းသတင်းစာ" "မြန်မာ့ဝန်ထမ်းသတင်းစာ"တို့တွင်လည်း "ချစ်ချစ်" အမည်ဖြင့် လင်္ကာနှင့် စာပေဆောင်းပါး အများအပြား ရေးသားခဲ့သည်။

သတိုးပိယသည် လေးချိုးကဗျာများအပြင် မြန်မာစာပေသမိုင်းကောက်နုတ်ချက်များ၊ ကဗျာလင်္ကာဖွဲ့နည်းကျမ်း၊ လောကသာရပျို့ အဖွင့်ကျမ်းနှင့် ကိုးခန်းပျို့ မှတ်စုစာအုပ်များကိုလည်း မြန်မာစာပေ လိုက်စားသော စာသင်သားများ အကျိုးငှာ ဖွင့်ဆိုပြုစုရေးသားခဲ့သည်။ မြို့မအမျိုးသား အထက်တန်းကျောင်းတွင် အမှုထမ်းခဲ့စဉ် မြန်မာစာပေ လှုပ်ရှား တိုးပွားမှုအတွက် "ဦးပုညအသင်း"ကို ခေါင်းဆောင်ခဲ့လေသည်။

သတိုးပိယအမည်ခံ ဦးချစ်စရာကို ၁၉၆၁ ခု တပို့တွဲလတွင် မျဉ်းမနားမြို့ ရှမ်းကျောက်တောင်အရပ်တွင် မွေးဖွား၏။ မိဘနှစ်ပါးတို့မှာ ဦးပန်းဘူးနှင့် ဒေါ်လှိုင်တို့ဖြစ်သည်။ ဦးချစ်စရာသည် မွေးချင်းညီအစ်ကို မောင်နှမ ခြောက်ဦးအနက် ဒုတိယသား ဖြစ်လေသည်။

သတိုးပိယအမည်ခံ ကဗျာဆရာလောင်း ဦးချစ်စရာသည် ၁၉.. ခုနှစ်တွင် မြန်မာကိုးတန်းစာမေးပွဲကို သမိုင်းဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး မန္တလေးမြို့အစိုးရဆရာဖြစ်သင်နော်မန်ကျောင်းသို့ တက်ရောက်

ခဲ့၏။ ၁၉၂၁ ခုနှစ်တွင် တီးချား (စ)ဖိုင်နယ်အလယ်တန်းဆရာအဖြစ် စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။ ထို့နောက် မိုးကုတ်မြို့ ပိတ်စွယ်ရပ်မူလတန်းကျောင်းဆရာကြီး အဖြစ်လည်းကောင်း၊ ပျဉ်းမနားမြို့ ဗုဒ္ဓဘာသာအထက်တန်းကျောင်းတွင် ပုံဆွဲဆရာအဖြစ်လည်းကောင်း၊ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ကွယ်လွန်သူဆရာကြီး ဦးဘလွင်အုပ်ချုပ်သော မြို့မအထက်တန်းကျောင်းတွင် ကဗျာအလင်္ကာဆရာအဖြစ် ကွယ်လွန်သည်အထိ အမှုထမ်းခဲ့သည်။

နယ်ဖူးစာရှာလယ်ခဲ့သော သတိုးပီယသည် အသက် ၂၂ နှစ်အရွယ်တွင် မိုးကုတ်မြို့သူ မဖွားခင်နှင့် အိမ်ထောင်ကျခဲ့ပြီး သမီးနှစ်ယောက်ထွန်းကားခဲ့လေသည်။ သမီးနှစ်ယောက်အနက် သမီးအကြီးမှာ ငယ်စဉ်က ကွယ်လွန်ခဲ့သည်။ ဆရာသတိုးပီယ၏ဇနီး ဒေါ်ဖွားခင်မှာ ယခုမူ ကျောင်းဆရာမအဖြစ်မှ အငြိမ်းစားယူ၍ မိုးကုတ်မြို့ ထင်းရှူးခြံရပ်တွင် သားမက်၊ သမီး၊ မြေးများနှင့်အတူ နေထိုင်လျက်ရှိသည်။

ဆရာသတိုးပီယသည် မြို့မအမျိုးသားကျောင်း၌ အမှုထမ်းစဉ် အသက် ၂၇ နှစ်တွင် စာပေပန်းပွင့်ချိန်အရွယ်ကောင်း၌ အဆုတ်နာရောဂါနှိပ်စက်သည်ဖြစ်၍ ၎င်း၏ဇာတိဖြစ်သော ပျဉ်းမနားမြို့၌ပင် ကွယ်လွန်အနိစ္စရောက်ခဲ့ရသည်။

သတိုးပီယသည် ကွယ်လွန်သူ ဆရာကြီးဦးဖိုးကျား၊ ဦးဘလွင်၊ ဆရာကြီးမဟာဆွေ၊ ဒဂုန်နတ်ရှင်အစရှိသော စာပေပညာရှင်ကြီးတို့၏ ချစ်ခင်ရင်းနှီးသော မိတ်ဆွေလည်းဖြစ်ခဲ့သည်။

[ဆရာသတိုးပီယနှင့်ပတ်သက်၍ ကွယ်လွန်သူစာရေးဆရာကြီး မဟာဆွေက သွေးသောက်မဂ္ဂဇင်းစာစောင်တွင် စာပေဆောင်းပါးတစ်စောင်ရေးသားခဲ့ဖူး၏။ ထိုဆောင်းပါး၌ ကလောင်အမည်များ မှည့်ခေါ်



ခံယူရေးနှင့်ပတ်သက်၍ စာရေးဆရာများသည် ကျက်သရေမင်္ဂလာရှိသော ကလောင်အမည်များကိုသာ ရွေးချယ်မှည့်ခေါ်သင့်ပုံ၊ မိတ်ဆွေဖြစ်သူ စာရေးဆရာသတိုးပီယမှာ (ပျဉ်းမနားကနင်းပြား) ဟူသော ကလောင်အမည်သစ်ကို ခံယူရေးသားပြီး မကြာမီပင် ကွယ်လွန်ခဲ့ရပုံကို ဥပမာပြု၍ စာပေလောကသို့ ဝင်အံ့ဆဲဆဲ စာရေးဆရာလေးများအား အကြံပေးရေးသားခဲ့သည်ကို ဖတ်ရှုခဲ့ရဖူးသည်။]

ဤသည်ကား တစ်ချိန်ကား ခေတ်အလိုက်ထင်ရှားခဲ့သော ကဗျာသင်္ကာဆရာကြီးသတိုးပီယ၏ ဘဝရုပ်ပုံကားချပ်တပိုင်းတစပေတည်း။

ထွန်းစိန်

ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၁၀၇ (မေ ၁၉၆၉) စာ ၆၇။

၁၂၃။ သတိုးပီယ

အချိန်မှာ ၁၉၂၀ ပြည့်နှစ် ကျော်လွန်စဖြစ်သည်။ ကိုလိုနီခေတ်အတွင်းဖြစ်၍ မြန်မာစာပေမျက်နှာငယ်ခဲ့ရာမှ ပြန်လည်လူးလွန်စပြုချိန်ဖြစ်၏။ ထိုကာလအတွင်း မြန်မာစာပေတိုးတက်ရေးအတွက် မိမိတို့နေရာအသီးသီးမှာ အားထုတ်လေ့လာလိုက်စားကြသူ စာပေဝါသနာရှင်များစွာတို့တွင် သတိုးပီယအမည်ခံ လူငယ်စာဆိုမောင်ချစ်ဆရာတစ်ယောက်အပါအဝင် ဖြစ်ခဲ့ပါသည်။

သတိုးပီယမှာ ငယ်ရွယ်နုပျိုစဉ်တွင် ကွယ်လွန်ခဲ့သည်ဖြစ်ရာကား ယခုအခါတွင် တစ်ချိန်က ထင်ရှားခဲ့သော သတိုးပီယအမည်ကိုကြားဖူးသူအတန်ပင် နည်းပါးနေပေပြီ။

ကိုချစ်စရာကို ၁၂၆၁ ခု တပို့တွဲလတွင် ပျဉ်းမနားမြို့ ရှမ်းကျောက်တောင်ရပ်နေ အိမ်တွင်မိဘများဖြစ်သူ ဦးပန်းဘူး၊ ဒေါ်လှိုင်တို့မှ မွေးဖွားခဲ့

သည်။ ဦးပန်းဘူး ဒေါ်လှိုင်တို့တွင် သားသမီးခြောက်ဦးရှိပြီး ကိုချစ်စရာမှာ ဒုတိယမြောက်သားဖြစ်၏။ မွေးချင်းများကို အစဉ်အလိုက်ဖော်ပြရသော် ဒေါ်အေးတင်၊ ဦးချစ်စရာ၊ ဦးပု၊ ဒေါ်အေးလှ၊ ဦးထွန်းတင်နှင့် ဒေါ်ခက် တို့ဖြစ်၏။ ယခုအခါတွင် မွေးချင်းအားလုံး ကွယ်လွန်ကုန်ကြပြီဖြစ်၏။

ကိုချစ်စရာသည် ၁၉၂၀ ပြည့်နှစ်တွင် တိုင်းရင်းသားမြန်မာ ကိုးတန်း စာမေးပွဲကို သမိုင်းဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီးနောက် မန္တလေးမြို့ ရွှေကျီး မြင့်ဘုရားအနီးတွင် ဖွင့်လှစ်ခဲ့သော ဆရာဖြစ်သင် နော်မန်ကျောင်း၌ အလယ်တန်းဆရာဖြစ်သင်တန်းတွင် တက်ရောက်ခဲ့သည်။ ထိုစဉ်က နော်မန်ကျောင်းအုပ်ဆရာကြီးမှာ မစ္စတာမူလာဝသ် ဖြစ်ပါသည်။

ကိုချစ်စရာသည် ကျောင်းသားဘဝကပင် စာပေဝါသနာကြီးမားပြီး ကဗျာဉာဏ်ရွှင်သူဖြစ်ရာ သူခင်မင်ရာနော်မန်ကျောင်းသားလူငယ်တို့၏ သဘာဝကို နော်မန်ဘွဲ့ဆောင်းပါးဖြင့် ဖော်ပြရာ၌ ...

ကျန်းမာ၏ ကျန်းမာစေသော ဟုံညဒိဿမေတ္တာဖြင့် ချစ်စရာက သွန်းလောင်းလိုက်ပါ၏။ တစ်ခါတစ်ရံစာအံ့စာကျက် ကျောင်းတက် ကျောင်းဆင်း (ကမြင်းသူက ကမြင်း) ပျင်းလျှင် ပျော်ရွှင်ဖို့ ဒေါ်ခင်ဆိုင် မနက်ချေ၊ လက်ဖက်ရည်အဖန်သောက်သူကသောက်၊ ကျူးလမ်းလျှောက် သူက လျှောက်၊ ရွှေကျီးမြင့်ဘုရားပေါက်က၊ ခါးထောက်ပြီး၊ ဆံထောက် များကလေးတွေကို နောက်တာကတစ်ဖုံ၊ စနေတနင်္ဂနွေကြုံလျှင်၊ အပျင်း ပြေစရာတစ်ဖုံအိမ်တော်ရာဘုရားအတွင်း၊ လက်ဖက်ရည်ဖန်သောက်ရင်း၊ တိုင်နှစ်ယောက်မှီပြီး မလိုင်ပေါက်ဆီ၊ ခါတော်မှီ ပဲလှော်ကြော်စားရတာ တွေ၊ တကတဲ ပျော်ပါကလား ... လို့ ... စသည်ဖြင့် မှတ်တမ်းစာအုပ်ငယ် အတွင်းမှာ အပျင်းပြေပုံကြမ်းသဖွယ်ရေးခြစ်စပ်ဆိုခဲ့ပါသည်။ ထိုဆောင်း ပါးတိုလေး၏ အောက်တွင် မေလ ၂၉ ရက် ၁၉၂၀ ခုဟု ရက်စွဲထိုးထား ပါသည်။



မန္တလေးနော်မန်ဆရာဖြစ်သင်ကျောင်းမှ တီးချား (စ်)ဖိုင်နယ် အလယ်တန်းဆရာဖြစ် စာမေးပွဲကို ၁၉၂၁ ခုနှစ်တွင် အောင်မြင်ခဲ့ပြီး နောက် ကိုချစ်စရာသည် ထိုခုနှစ်တွင်ပင် ကယားပြည်နယ် ဘော်လခဲသို့ ကျောင်းဆရာအဖြစ် သွားရောက်လုပ်ကိုင်ပါသည်။ ဘော်လခဲတွင် အားလပ်ချိန်၌ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများကို ဝါသနာအလျောက်လေ့လာဆည်းပူးကာ မိမိကြုံတွေ့ကြားသိသမျှ ဒေသ န္တရ ဗဟုသုတများကို ရင်းနှီးသူ စာပေမိတ်ဆွေများထံသို့ ဆက်သွယ် ဖြန့်ဖြူးခဲ့ပါသည်။ ၎င်းနောက် လယ်ဝေးမြို့သို့ ပြောင်းရွှေ့ပြီး ဆရာဦးငွေ မောင်၏ကျောင်းတွင် လက်ထောက်ဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။

ကိုချစ်စရာသည် ထိုအချိန်က ပျဉ်းမနားမြို့တွင် ရောက်ရှိနေသည့် စာရေးဆရာဒဂုန်နတ်ရှင်အမည်ခံ ဦးမောင်မောင်ကြီး ဦးစီးသောကဗျာ သင်တန်းသို့ တက်ရောက်သည်။ ကဗျာသင်တန်းသား ကိုချစ်စရာသည် အပေါင်းအသင်း ခင်မင်တတ်သည့်အပြင်၊ သီချင်းကြီး၊ သီချင်ခန့်၊ တေးထပ်၊ ပတ်ပျိုး၊ ယိုးဒယားတို့ကို စနစ်တကျ သီဆိုပြသနိုင်သည်ဖြစ်၍ ကဗျာသင်တန်းတွင် ထင်ရှားပြီး လူချစ်လူခင်ပေါများလာလေသည်။ တယောကို ဆိုထိုးထိုးနိုင်သည်။ သီချင်းရေးကျွမ်းကျင်သည့်အလျောက် အငြိမ့်၊ ဇာတ်အဖွဲ့များအတွက် သီချင်းများရေးစပ်ပေးခဲ့သည်။

ပုံပန်းသဏ္ဌာန်အရသော် ကိုချစ်စရာသည် အသားလတ်လတ်၊ အရပ်ပျပ်ပျပ် ၅ ပေ ၄ လက်မခန့် ပိန်ပိန်ပါးပါးဖြစ်သည်။

၁၉၂၂ ခုနှစ်သည် ကိုချစ်စရာအတွက် ထူးခြားသော ဘဝမှတ်တိုင် တစ်ခုဖြစ်ပါသည်။ ယင်းနှစ်တွင် ဆရာဖြစ်သင် နော်မန်တက်စဉ်က မေတ္တာသက်ဝင် ချစ်ခင်ခဲ့ရသူ ဆရာမလေး မဖွားခင်၏နေရပ် မိုးကုတ်မြို့ သို့ ပြောင်းရွှေ့ခဲ့ပြီး မဖွားခင်နှင့် အိမ်ထောင်ပြုကာ ဘဝသစ်ထူထောင်ခဲ့

ခြင်းပင်ဖြစ်ပါသည်။ မိုးကုတ်မြို့ ပိတ်ဆွယ်ရပ် မူလတန်းကျောင်းအုပ်ဆရာကြီးအဖြစ် မိုးကုတ်မြို့တွင် ဆက်လက်နေထိုင်ခဲ့သည်။ ဦးချစ်စရာတို့ ဇနီးမောင်နှံတွင် သမီးနှစ်ဦးဖွားမြင်ခဲ့သည်။ သမီးအကြီးမှာ ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ပြီး သမီးငယ်သာ အဖတ်တင်ခဲ့ပါသည်။

ကိုချစ်စရာတို့ မိသားစု ၁၉၂၄ ခုနှစ်တွင် ပျဉ်းမနားသို့ ပြောင်းရွှေ့ခဲ့ပြီး ပျဉ်းမနားမြို့ ဆရာကြီးဦးဘချစ်၏ ကော၊ အီး၊ အမ် ဗုဒ္ဓဘာသာအထက်တန်းကျောင်းတွင် ပုံဆွဲဆရာအဖြစ် ဆက်လက်အမှုထမ်းပါသည်။

ဦးချစ်စရာ၏ဘဝသည် အထိုက်အလျောက် ပြည့်စုံနေပေပြီ။ ကျောင်းဆရာဘဝဖြင့် အိမ်ထောင့်တာဝန်ထမ်းရွက်ရင်း တစ်ဖက်မှ ဝါသနာအလျောက် ကဗျာ၊ စာပေ၊ ဆောင်းပါးများကို ထိုစဉ်က ထုတ်ဝေသော သူရိယ၊ မြန်မာ့အလင်း၊ ဒဂုံအစရှိသော မဂ္ဂဇင်းများတွင် သတိုးပီယအမည်ဖြင့် ရေးသားပြီး မြန်မာ့ဝန်ထမ်း၊ မော်ဒန်ဘားမားတိုင်းသတင်းစာတို့တွင် ချစ်ချစ်အမည်ဖြင့် ရေးသားခဲ့သည်။ တစ်ခါတစ်ရံ "ပျဉ်းမနားကနင်းပြား" အမည်နှင့် ရေးတတ်သည်။ ("ပျဉ်းမနားက နင်းပြား" ဟူသည့် ကလောင်အမည်ကို သတိုးပီယနှင့်ရင်းနှီးသော စာရေးဆရာကြီး မဟာဆွေက မနှစ်သက်ခဲ့ပေ၊ ပျဉ်းမနားက နင်းပြားအမည်ခံယူပြီး မကြာမီပင် သတိုးပီယကွယ်လွန်ရကြောင်း၊ စာရေးဆရာများ ကလောင်အမည်ယူရာတွင် မင်္ဂလာရှိသောအမည်များကိုသာ ရွေးချယ်သင့်ကြောင်းဖြင့် ဆောင်းပါးတစ်ပုဒ်တွင် ဆရာကြီးမဟာဆွေ ရေးသားခဲ့သည်ကို ဖတ်ရှုရဖူးပါသည်။) ပျဉ်းမနားဗုဒ္ဓဘာသာအထက်တန်းကျောင်း၌ရှိစဉ် မြန်မာစာ ညွှန့်ပေါင်းကျမ်း ကောက်နုတ်ချက်ဋီကာကို ရေးသားခဲ့ရာ ၁၉၂၄ ခု အောက်တိုဘာလတွင် ပြီးစီးခဲ့သည်။



သတိုးပီယ ပျဉ်းမနားတွင်ရှိစဉ် ရန်ကုန်မြို့ မြို့မတိုင်းရင်းသားအထက်တန်းကျောင်းတွင် အထက်တန်းကဗျာဆရာနေရာ လစ်လပ်ကြောင်း သိရှိရ၍ လျှောက်ထားခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးဘလွင်က ဦးချစ်စရာ၏ အရည်အသွေးကို သိရှိပြီးဖြစ်၍ အမြန်ဆုံးအလုပ်ဝင်ရန် ကြေးနန်းဖြင့် အကြောင်းကြားခဲ့ပါသည်။ ၁၉၂၅ ခု မေလတွင် ဦးချစ်စရာသည် မိသားစုနှင့်အတူ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ပြီး အမှတ် ၁၊ ဗိုလ်ချိုင်းလမ်းရှိ (ယခု ဦးဝိစာရလမ်း၊ ကာကွယ်ရေးငွေစာရင်းဝန်ရုံးတည်ရာဌာန) မြို့မတိုင်းရင်းသားအထက်တန်းကျောင်းတွင် အထက်တန်းကဗျာဆရာအဖြစ် အလုပ်ဝင်ရောက်ခဲ့ပါသည်။ ရန်ကုန်သို့ ရောက်ရှိနေစဉ် ကိုးခန်းပျို့အဖြေကျမ်းကို ရေးသားခဲ့သည်။ ဂမ္ဘီသာရပျို့ ဒီပဏီကို ၁၂၈၉ ကဆုန်လဆုတ် ၁ ရက်နေ့တွင် ပြုစုရေးသားခဲ့ပြီး ယင်းနှစ်ဝါဆိုလတွင် ကဗျာဖွဲ့နည်းကျမ်းအမည်ဖြင့် ကျမ်းတစ်စောင်ပြုစုခဲ့ပါသည်။ ကဗျာဖွဲ့နည်းကျမ်းကို ရန်ကုန်မြို့ အမျိုးသားပုံနှိပ်တိုက်တွင်ရိုက်နှိပ်ခဲ့ပြီး နေရှင်နယ်ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခဲ့သည်။ ကဗျာဖွဲ့နည်းကျမ်းစာမျက်နှာ ၂၇ တွင် သတိုးပီယ၏ အထူးထင်ရှားသည့် ...

ညို့ကုန်းယံချောင်းနဘေးမှာလ၊ တို့ဘုန်းကံအလျောက်မွေးရော့ထင့် တစ်ခေါက်ပြေးမှဖြင့် မိုးထိုးမယောင် (အိုဗျာ) ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင် ...

အစရှိသော လှည်းယာဉ်ဖွဲ့လေးဆစ်ကိုတွေ့ရပါသည်။ ယင်းမှာ အမည်မသိရှေးစာဆိုတစ်ဦး၏ လှည်းယာဉ်ဖွဲ့လေးဆစ်မူရင်းကို လမ်းရိုးဟောင်းတွင် ချဲ့ကာထွင်ဟူသော ဆောင်ပုဒ်နှင့်အညီ "အရိုးကို အရွက်မဖုံးစေဘဲ" စာဆို၏ ခံစားချက်များဖြင့် သိုင်းဝိုင်းကာ ပိုမိုဝေဆာအောင် မွမ်းမံ ဖန်တီးထားသော နှစ်သက်စရာ ကဗျာကလေးတစ်ပုဒ်ဖြစ်ပါသည်။

ယင်းကဗျာဖွဲ့နည်းကျမ်းမှာပင် –

မဲဇာတောင်ခြေအဝှမ်း နိမိတ်ထွန်းပေပေါ့၊ သဲသာသောင်ခြေကမ်း ထိပ်စွန်းဆီက (ဩော်) ပွဲခါညောင်ရေပန်း ဘိသိက်သွန်းချိန်မို့ စတမ်း အတိတ်ညွှန်းရပါတော့၊ တခို့ရေညိုနဒီ၊ အိုဗျာ ... မှန်းစိတ်နှင့် လွမ်းရပါတော့ ငါတို့ရွှေဘိုဆီ ... အစချီသော မဲဇာတောင်ခြေဘွဲ့ကဗျာ မဟာလေးချိုးကြီး –

၎င်းနောက်

ရတနာပုံ မန်းပျံကနက်မှ နန်းစံနှစ်ဆက်ရောက်သောခါ အဆန်းဉာဏ်ဘက်နှောက်ရောလာသည်၊ အနောက်ဂေါယာပါ ဆောင်ကျဉ်း၊ သတ္တာစတုဒွေးဓကာတွင် မဧပြေရွှာအူသည်းပြတ်မျှအခင်း ... အစချီ၊ သီပေါမင်းပါတော်မူခဏ်းဘွဲ့ (၈၀ ပေါ်ရိုး) တို့အပြင် –

မှောင်လို့သာသန်းတော့၊ တောင်တန်းကဖီလာ၊ နေခင်းငုံ့သာသည်။ ရွှေလင်းပြာ သိုက်အုံပြောင်းချိန်မို့၊ တောင်စောင်းတည်ညံ့နှင့်၊ အပျံထူးတဲ့ တောပေလေး ချီတောဘွဲ့လွမ်းချင်းနှင့်

လျှမ်းဝေဆန်းထွေ၊ နန်းဘွေအမြင့်၊ ဘဟန်းမြေပလ္လင် သိင်္ဂုတ်တောင်၊ စန်းနေအသွင်၊ စိန်စမုတ်ဆောင်မှာ အရှိန်အုပ်မှောင် ဖယ်ခွာဝင်း၊ တွေးယူမှတ်အပ်၊ ရှေးမူထပ်ထပ်၊ လေးဆူဓာတ်မြတ်၊ ရတနာစုံသည်၊ မဟာတိဂုဏ် ခြောက်ရှူးသွယ်မြလင်း ...

အစချီသော ရွှေတိဂုံဘုရားဘွဲ့ ထပ်တွန့်ရှစ်ဆယ်ပေါ်တို့ကို ကဗျာဝါသနာရှင်များအတွက် လေ့လာစရာနမူနာများအဖြစ် ထည့်သွင်းရေးသားခဲ့ပါသည်။ ယင်းကဗျာဖွဲ့နည်းကျမ်းပါ ကဗျာများအနက်မှ လှည်းယာဉ်ထပ်ချဲ့နှင့် မဲဇာတောင်ခြေဘွဲ့ကဗျာ ကဗျာမဟာလေးချိုးကြီးကို ၁၉၆၂ ခုနှစ် တက္ကသိုလ်စာအုပ် ထုတ်ဝေဖြန့်ချိရေးကော်မတီမှ ထုတ်ဝေသော



ဦးဝန်နှင့် ဦးသိန်းဟန်တို့ပြုစုသည့် ခေတ်သစ်ကဗျာများစာအုပ်တွင် ပြန်လည်ဖော်ပြထားပါသည်။

ဦးချစ်စရာသည် မြို့မတိုင်းရင်းသား အထက်တန်းကျောင်းတွင် အမှုထမ်းစဉ် မြန်မာစာပေတိုးတက်ကြီးပွားရေးအတွက် ဆရာကြီးဦးဘလွင်၏ ခွင့်ပြုအားပေးမှုကို ခံယူပြီး၊ ဦးပုညအသင်းကို ခေါင်းဆောင်တည်ထောင်ကာ မြန်မာစာပေဗဟုသုတများ လေ့လာစူးစမ်း ရှာဖွေဆည်းပူးခြင်း၊ ကဗျာသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို ဦးဆောင်ပြုလုပ်ခဲ့သည်။ ကဗျာစာပေဝါသနာရှင်များနှင့်လည်း ပုဂ္ဂိုလ်မရွေး စိတ်ရှည်လက်ရှည် စေတနာအရင်းခံပြီး စာပေးစာယူဖြင့်ပင် အဆက်အသွယ်ပြုကာ မိမိတတ်အားသမျှ ပညာဒါနကို ဝေငှဖြန့်ဖြူးခဲ့သည်။

ဤသို့ ရည်ရွယ်ချက်ကြီးမားစွာဖြင့် စာပေတာဝန်ကို ထမ်းရွက်နေဆဲမှာ အသက် ၂၇ နှစ်အရွယ် စာပေခရီးနှင့်၌ အရှိန်ကောင်းတုန်းကာလ ၁၂၈၉ ခု၊ ဝါခေါင်လဆုတ် (၅) ရက်နေ့တွင် သတိုးပိယမှာ အဆုတ်နာရောဂါဖြင့် ပျဉ်းမနားမြို့နေအိမ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ရပါသည်။ သတိုးပိယ အရွယ်ကောင်းစဉ် ကွယ်လွန်ရခြင်းမှာ စာပေလောကသားများအဖို့ ကြီးမားသောဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်ရပါသည်။ ယူကျုံးမရဖြစ်ကြရသော ချစ်ခင်ရင်းနှီးသူ စာပေရောင်းရင်းများက မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာအသီးသီးတို့တွင် စာပေ၊ ဆောင်းပါး၊ ကဗျာတို့ဖြင့် သတိုးပိယ၊ ဦးချစ်စရာ၏ ဂုဏ်ပုဒ် ထုတ်ဖော်ချီးကျူးခြင်း၊ ဝမ်းနည်းသံဝေဂဖြစ်ရခြင်းများကို ထုတ်ဖော်ဖွဲ့ဆို ရေးသားခဲ့ကြသည်။

သတိုးပိယကို ညီရင်းသဖွယ် ချစ်ခင်ရင်းနှီးသူ ဆရာကြီး ဒဂုန်နတ်ရှင်က ပျဉ်းမနားဦးမောင်မောင်ကြီးအမည်ဖြင့် –

ငယ်ပေါင်းမှန် ကလျာအဟုတ်ပါဘဲ၊ ဘယ်ကြောင်းကံမသမာလို့ ရှုပ်ပါလိမ့်၊ အိုခန္ဓာဆုတ်ချေပေါ့ မွန်းချစ်စရာရယ် (အမယ်မင်း) ဓမ္မတာ အချုပ်၊ မဟာဘုတ်ပေကိုး (ပါနောက်ရဲ့) စာမလုပ်ချင်ဘု၊ လွမ်းရစ်ပါ သကွယ် ...

စသည်ဖြင့် သတိုးပီယအတွက် အပူဘွဲ့လေးချိုးအပြင် နိဗ္ဗိန္ဒရှစ်ဆယ် ပေါ်တေးထပ်၊ ရတုပိုဒ်စုံ စသည်များဖြင့် သူရိယမဂ္ဂဇင်းတွင် လွမ်းဆွတ် တမ်းတ ရေးသားဖော်ပြခဲ့ပါသည်။

မြို့မတိုင်းရင်းသား အထက်တန်းကျောင်း၊ ဦးပုညစာပေအသင်း၏ နာယကကြီးဖြစ်သော ဆရာကြီးဦးဘလွင်ကလည်း ဦးချစ်စရာ၏ ကျန်ရစ်သူမိသားစုထံ ပေးပို့သော ဝမ်းနည်းသဝဏ်လွှာတွင် –

မိမိဆိုင်ရာ စာပေတို့ကို အခြေမူလနှင့်တကွ သင်ပြလာစဉ်က ဒေါသ မာနတရား နည်းပါးသဖြင့် အများသောဆရာများနှင့် ပေါင်းသင်းဆက်ဆံ တတ်ခြင်း၊ လက်အောက်ငယ်သားတပည့်များအားလည်း ငါးပါးသော ဆရာကျင့်ဝတ်တရားနှင့် ပြည့်စုံစွာ ပညာကို သင်ကြားပေးခြင်း၊ ရှေးအစဉ် အလာ မြန်မာစာပေတို့သည် ကွယ်ဝှက်တိမ်မြုပ်နေသောအခြေမှ ပေါ်လွင် ထင်ရှားစေရန် ရည်သန်ရိုးရင်း နှလုံးသွင်းရှိသည်အရ ဦးပုညအသင်းကြီး ကို စတင်တည်ထောင်လျက် ထိုအသင်းအသက်သည် တစ်နှစ်ကျော်မျှ ရှိရသည့်အချိန်အခါမှာ မရဏာရှင်သေမင်း စံပယ်ခွင်း လက်နက်ထိမှန် ချက်ကြောင့် ကင်းလျက်ဇီဝိန်ချုပ်ငြိမ်းကွယ်ကာ ဦးချစ်စရာသည် လွန်စွာ နုနယ်၍ ဤအရွယ်မှာ လကွယ်ချိန်ထောက်နေမင်းပြောက်၍ ထွန်းထောက် ဂေါယာပစ္ဆိမာသို့ လျင်စွာကွယ်သွားသကဲ့သို့ ကျွန်တော်များအသင်းသား အပေါင်းတို့မှာ များစွာညှိုးမှိန်၊ ကြိမ်မီးအုံးပမာ ဗျာပါသောက၊ တမ်းတ ကြေကွဲ အသည်းစွဲမျှ နှမျောလွမ်းဆွတ်ကြပါသည်။



စသည်ဖြင့် ဦးချစ်စရာအတွက် ဝမ်းနည်းစကား ရေးသားပေးပို့ပါ သည်။ ထိုဝမ်းနည်းသဝဏ်လွှာမှာပင် ဦးပုညအသင်း၏ ဆုံးဖြတ်ချက်အနေ ဖြင့် အထိမ်းအမှတ်အဖြစ် ဦးချစ်စရာ၏ဓာတ်ပုံကြီးတစ်ပုံ ချိတ်ဆွဲထားရန်၊ ထို့ပြင် နှစ်စဉ် မြန်မာစာပေဘာသာရပ်တွင် ပထမရသူအား ဆုတံဆိပ်တစ်ခု ကို ဦးချစ်စရာအမည်ဖြင့် ချီးမြှင့်ရန် ဆုံးဖြတ်အတည်ပြုကြောင်းကို ထည့် သွင်းဖော်ပြထားပါသည်။

သတိုးပီယ၏ ကျန်ရစ်သူ ချစ်ဇနီးဒေါ်ဖွားခင်မှာ ထိုစဉ်က ၂၆ နှစ် အရွယ် မုဆိုးမဘဝတွင် အိမ်ထောင်သစ်မထူဘဲ သမီးငယ်ကို ပြုစုစောင့် ရှောက်ခဲ့သည်။ ယနေ့ အသက် ၈၁ နှစ်အရွယ်ရှိပြီဖြစ်သော ဒေါ်ဖွားခင် သည် ပင်စင်အငြိမ်းစားဆရာမဘဝဖြင့် သမီး၊ သားမက်၊ မြေးများနှင့်အတူ မန္တလေးမြို့တွင် နေထိုင်လျက်ရှိပါသည်။ အမှတ်မထင် တိုက်ဆိုင်မှုတစ်ရပ် ကား သတိုးပီယ၏ မြေးသုံးဦးအနက် မြေဦးဖြစ်သူ မောင်တင်မိုး (စာရေး ဆရာတင်မိုးမြိုင်) မှာ အဘိုးဖြစ်သူ သတိုးပီယကဲ့သို့ပင် အရွယ်ကောင်းစဉ် စာပေခရီး အပြီးမလျှောက်နိုင်ခင် ၁၉၇၈ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် လေယာဉ်ပျက်ကာ ရုတ်တရက် ကွယ်လွန်ခဲ့ရခြင်းပင် ဖြစ်ပါသည်။

ဤကား တစ်ချိန်က မြန်မာစာပေလောကတွင် ထင်ရှားခဲ့သော သတိုးပီယ၊ ဦးချစ်စရာ၏ ဆက်စပ်မိသမျှဘဝကားချပ် တစ်စိတ်တစ်ပိုင်း ဖြစ်ပါသတည်း။

ပညာလောကစာစောင်၊ အတွဲ ၁၃၊ အမှတ် ၁
(ဇန်နဝါရီ ၁၉၈၂) စာ ၄၅။

၁၂၄။ ဦးရာကျော်နှင့် သတိုးပီယ

ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်ဒေါင်
ပျိုတို့လူ ယာမလုပ်တယ်

ဝါးခုတ်တဲ့တောင်။
နွားညီနောင်
စည်အောင်ပ ဖေကျောင်း
မယ်နှင့်မောင် အတူနေရမှ
ဆုဝေအောင် ခြုံတွေဆွဲလို့ရယ်
လှည်းယာဉ်နဲ့မောင်း။

အထက်ပါ လှည်းယာဉ်ဘွဲ့ကဗျာကလေးကို ကျွန်တော်တို့ ငယ်စဉ် ကျောင်းသားဘဝကပင် သင်ခဲ့ရဖူးပါသည်။ သို့သော် ထိုစဉ်က ယင်းကဗျာကို မည်သူရေးသည်ဟူ၍ သတိမထားခဲ့မိပါ။ ယခု ထိုကဗျာကို ပဉ္စမတန်း မြန်မာဖတ်စာတွင် ထည့်သွင်းထားသည်ကို တွေ့ရပါသည်။ ကဗျာရေးသူ၏ အမည်ကို "ဦးရာကျော်" ဟု ဖော်ပြထားပါသည်။ တစ်ဖန် ဆဋ္ဌမတန်း မြန်မာဖတ်စာတွင်လည်း ထိုလှည်းယာဉ်ဘွဲ့ကဗျာကို ထပ်မံချဲ့ထွင်ရေးသား ထားသော အောက်ပါကဗျာကို တွေ့ရပြန်ပါသည် –

ညို့ကုန်းယံ ချောက်နံဘေးမှာလ
ဒို့ဘုန်းကံ အလျှောက်မွေးရော့ထင့်
တစ်ခေါက်ပြေးမှဖြင့် မိုးထိုးမယောင်
ခလောက်ကလေးရယ်ဖြင့် ဒိုးဒိုးဒေါင်ဒေါင်။
နှစ်ကိုယ်ချိုတာကြောင့်
ချိုဘို့တူ နွားပြာတုတ်တွေနဲ့
ဖျိုတို့လူ ယာမလုပ်တယ်
အားထုတ်တဲ့ မောင်မှာနော်ကွယ်
ဝါးခုတ်တဲ့တောင်။
ဟဲ့ဆိုတာ ကြိမ်တံမြှောက်မှဖြင့်



လှည့်လိုရာ တိမ်ယံရောက်နိုင်ငဲ့
အိမ်ခြံပေါက်ပါတဲ့ နွားညီနောင်
စားအီအောင်ဗျ ညနေစောင်း
အားစည်အောင်ပ ဝအောင်ကျောင်း။
ဆောင်ခွင့်ကိုရှယ်
မောင်နှင့်မယ် တူယှဉ်တွဲပါလို့
နောင်တင့်တယ် လူမြင်ရဲကာမှ
ယှငင်ကာ ခြုံဆင်ဆွဲပါ့မယ်
ပွဲဝင်မဲ့ ချောင်းသူရဲ့
လှည်းယာဉ်နဲ့မောင်း။

၎င်း ဒုတိယလှည်းယာဉ်ကဗျာရေးသူ၏အမည်မှာလည်း ဦးရာကျော် ဟုပင်ဖော်ပြထားပါသည်။ ဒုတိယလှည်းယာဉ်ဘွဲ့ကဗျာကို ၁၉၆၃ ခု၊ နိုဝင်ဘာလထုတ် "စာရေးဆရာမဂ္ဂဇင်း"တွင်တစ်ကြိမ်ဖတ်ခဲ့ရဖူးပါသည်။ ထိုမဂ္ဂဇင်းထဲတွင်မူ ကဗျာရေးသူ၏အမည်ကို "သတိုးပီယ"ဟု ဖော်ပြ ထားပါသည်။ ထို့ကြောင့် ဒုတိယကဗျာတွင်ရေးသူအမည်နှစ်မျိုးကွဲပြား နေကြောင်း တွေ့ရပါသည်။

ကျွန်တော့်အနေဖြင့် ပထမကဗျာသည် ဦးရာကျော်ဆိုသူရေးသား သည့် ရှေးခေတ်ဟောင်းကဗျာတစ်ပုဒ်ဖြစ်ပြီး ထိုကဗျာကို သတိုးပီယဆို သူက ထပ်မံချဲ့ထွင်ရေးသားခြင်းဖြင့် ဒုတိယကဗျာဖြစ်ပေါ်လာသည်ဟု ထင်ပါသည်။ ၎င်းသို့လျှင် ပထမကဗျာနှင့်ဒုတိယကဗျာကို တစ်ဦးစီက ရေး ကြပြီး ပဉ္စမနှင့်ဆဋ္ဌမဖတ်စာများထဲတွင် ရေးသူတစ်ယောက်တည်းအဖြစ် များယွင်းဖော်ပြထားသည်ဟူ၍လည်း ထင်မြင်ယူဆနေမိပါသည်။ ထိုသို့ မဟုတ်လျှင် ဦးရာကျော်နှင့်သတိုးပီယဆိုသူတို့သည် တစ်ယောက်တည်

အတူတူပင်ဖြစ်သလော။ ကျွန်တော့်စိတ်ထဲတွင် ဤပြဿနာကို သို့လော သို့လော တွေးတောယူဆနေမိပါသည်။

မောင်လှကြည်(မြန်မာစာ)

လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၁၆–၈–၇၁၊ စာ–၃။

## ၁၂၅။ မြို့မကျောင်း၏အကြောင်းတြိချိုး

၁။ (Central) စင်ထရယ်ကျောင်း မြို့မ၊ ကျော်လှပေါ့နိုင်ငံ။ ကွင်းရှောင်တော့မှန်၊ အဘိုးငယ်တန်။ မျိုးမှန်မို့ထိန်ဝင်း။ မဟန်လျှင်မပြိုင်လာနဲ့။ အနောင်အခါတကယ်ခက်မယ်။ ထူးရုက်ဘို့လင်း။

၂။ ကဗျာတွင်ကျော်လှလို့ မြို့မဟုခေါ်သည်။ ကျောင်း၏အမည်။ ထူးပိုလို့ညီ။ ဓာနည်ရဲ့ပြည်ဘွား။ ချစ်ဆရာသင်ကာလတော့။ လက်ာမှာစည်လို့ငြိမ့်တယ်။ သိမ့်တုံလို့သွား။

မောင်သက်ရှင်း

၁၁ ဆင့် မြို့မကျောင်း ရန်ကုန်

ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ရပါ) စာ ၂၄၇။

## ၁၂၆။ ဆရာဦးချစ်စရာသို့ ကန်တော့ဘွဲ့တေးထပ်

တို့ဆရာတစ်ဦးကိုဖြင့်။ လှစ်ကျူးတဲ့တင်လွှာ။ ရှစ်ဦးကွဲ့ဆင်ဖြာသည်။ မင်္ဂလာဆိုရေး။ ဂုဏ်ထူးတဲ့ကျေးဇူးရှင်ကို။ ပေးဘူးတင်ပေပြန်ဆပ်ရန်ဖို့တွေး။ နှောင်များဖြင့်မခွဲသာအောင်။ အသဲမှာဖြာဆွေး။ အမြဲသာဆရာရေးတဲ့။ ကဗျာတေးထိုထို။ ရှိသေစွာဂါရဝရယ်နဲ့။ မကြာခဏဖတ်၍နေလို့။ ကျေးဇူးတော့်ဖြေခွင့်ဆိုလျှင်။ ရွှေမြင့်မိုရ်ပမာနှုန်းတော့။ စာကုံး၍မပိုပါ။ လက်ရှော့ရတာ။ ပီယ၏ထုံကဗျာကို ဒဂုန်မှာဖတ်ချင်လှလေး။

(မောင်သက်ရှင်း) မြို့မနေရှင်နယ်ကျောင်း ရန်ကုန်

ဒဂုန်မဂ္ဂဇင်း (ခုနှစ်မတွေ့ပါ)



## ၁၂၇။ သတိုးပီယသို့

သိန်းချစ်ဆွေလွမ်းသမျှ။ ခွန်းဟလို့သာချွေ။ ကျွမ်းကြတဲ့သဟာဆွေရယ်။ ကြာလေလေချစ်မြဲ။ သတိုးမောင့်ရွှေလိပ်ပြာ။ ဖေစိတ်မှာတမ်းတလို့စွဲ။ စာသ၍ပေးပါသော်။ ရေးရာတော်လုပ်ဘဲ။ သေးစွာနော်နတ်ငမွဲမို့ထင့်။ အဟုတ်ပဲနေနိုင်။ သိန်းအဆွေရှက်ပါလှချေရဲ့။ မျက်နှာပြရဲဘူးမှိုင်မှိုင်။ သက်လျှာမျှချစ်ပန်းခိုင်ကို။ သစ်ဆန်းကြိုင်ကြိုင်ကြဖို့။ လှိုင်သမျှမေတ္တာမှန်။ ငါးနှစ်ရှစ်တန်။ လွန်းပို့တဲ့လွှာတမန်ကို။ ခါဖန်ဖန်မျှော်ဆဲဖျာ့လေး။

သိန်းရတနာ မိုးကုတ်

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၆၆ (ဖေဖော်ဝါရီ ၁၉၂၆) စာ ၃၀၁

## ၁၂၈။ ကိုချစ်စရာ အနိစ္စရောက်ကြောင်း ဘိဓမ္မနမှတ်တမ်း တင်လိုက်သော ဓာတ်ကမ္မဋ္ဌာန်းယာဉ် လေးချိုးစာထောင့်ကြီး

(၁) ဓာတ်ပစ္စယာ။ ဇရာမရဏတရားပေမို့။ ဆရာကဝိ "ချစ်စရာ" ခန္ဓာဘဝသို့လားရချေပေါ့။ အခါခါတလို့ သနားလိုက်ပါရဲ့။ သဟာယစုံအညီ။ အိုကွယ်...ကဗျာဝစနကိုဖြင့်မကြားပေဘူး။ ထာဝရကြုံကပြီ။ ခြော်...ပျဉ်းမနားဆီက။ သတင်းထွားပါဘိ။ (နင်းပြား) အမည်ခံတဲ့ပြင်။ ဝသီအလျှံတန်ခိုးအရှည်ကြွပုံက။ မဟီယံမှာ။ (သတိုးပီယ) ပါတဲ့နာမ အဖုံဖုံနှင့်။ ဝသုန်ပေါ်တလက်လက်လင်းအောင်လို့။ ဒဂုန်ခေါ်မဂ္ဂဇင်းမှာလ မပျက်မယွင်းပါ။ ကဝိပေါင်းချုပ်အခဏ်းမှာဖြင့်။ စက်နဝင်းသာသလို့။ သတိကောင်းအလုပ်နှင့်ထမ်းခဲ့တဲ့ပြင်။ မြန်ခန်းမှာဂုဏ်ရည်ကြွစေဖို့။ မြို့မနေရှင်နယ်၌။ ကဝေသဘင်သဖွယ်အထက်တန်းမှာလ။ ပြည်တစ်ခွင်နယ်မှာရမက်ဖမ်းလောက်အောင်။ ဘက်ကမ်းဝစနာရှင်စွာဖြင့် ကဗျာလင်္ကာသင်ဆရာတစ်ဦးပေပ။ ရာဇဝင်အရ မယှဉ်သာဘူးရယ်လို့။ မဟာ

ဝင်အလာ။ ဘဝင်မှာနူးလောက်ပါရဲ့။ ဖူးအမှဲ့ပမာညီတယ်နော်ကွယ်။
ထူးတဲ့ပါရမီ။ ကဗျာအစီမှာမူတင်ထားလောက်သူမို့။ မြန်မာပြည်မှာတဆူ
ထင်ရှားပေရဲ့။ ကာလီဒါ သူဝင်စားရော့သလ။ စာသွားနားဝင်ချိုလို့။
ဘဝင်ကိုငြိအောင်သုံးတဲ့ပြင်။ လောကီအရာမှာ။ ပေါရိဝါစာအလုံးတွေနှင့်။
ယူကျုံးကာထောမနာအချက်မှာလ။ အမူအန္တန်းမှာ။ ဩဘာထွက်ခဲ့သော်
လဲ။ အထက်သံသရာက။ မပျက်ပင်ဖန်လာတဲ့။ အဝိဇ္ဇာတဏှာမူလအရေး
ရယ်ကြောင့်စိတ်မသာမာဗျာပါယူတလို့ဆွေးလောက်ပါရဲ့။ ငယ်သေးသူ။
ကြီးသူဟုမလွဲနိုင်ဘူး။ မိုက်မဲသူမလိမ္မာတို့နှင့်။ ကဝိန္ဒာအလိမ္မာတို့လဲမကင်း
ပေဘူး။ ဆင်းရဲသူဘဝတို့ရဲ့ပြင်။ နေအိုးအထည်ကြီးပါလို့။ စီးပွားမှာတောင်
နယ်မောက်သော်လဲ။ ပြစ်မှုသတ္တဝါဟာ။ မစ္စုမ္မာအောက်မှာလ။
သေပျောက်ကာပျက်ကြေသွားရတာမို့။ လောကတံထွာကိုမနော့ဆ၍
ဉာဏ်မှာထားကြပေတော့။ ဒေါ်မနတရုံတခါမျှမပွားသင့်ပေဘူး။ သံဝေဂ
မနသိမ္မကွန် ဒေသနာအညီပ။ ဘိဇ္ဇနု၊ တုဏ္ဍ၊ နသဿနု၊ လမ်း၊ အိုကွယ်...
အမှန်သေကြမည်မို့။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကမ္မဋ္ဌာန်း။ ငါးခုခန္ဓာ။ လားမှု
အမြန်သာပ။ သံသရာဤခါခေတ်မှာဖြင့်။ အနှစ်တရာအလွန်ပ။ တဏှာ
ဝန်အလိုလိုက် ပါလို့။ ဖိုဟိုက်ကာပျက်ကြွေပြုန်းတာမို့။ အသက်သေဆုံးပုံ
ရှောင်တခင်နှင့်။ ဘွေပုံပြင်နယ်ဇမ္ဗူတလွှားမှာလဆွေပုံယင်ဘယ်သူမှ
မတားနိုင်ဘူး။ ရေပွက်အတူ။ သေဘက်မှုတဲ့တရားပါပဲ။ ထင်ရှားစဉ်ဝသီ
အလိုလိုနှင့်။ ဤကိုယ်ကိုမှီကာဖြစ်ပါတဲ့။ အနှစ်ဂုဏ်အထူးမှာတော့။ ရှည်
ကြူးစွာကမ္ဘာကျွမ်းအောင်ပ။ ဥဒါန်းမကြေပါဘူး။ ဆွေကလျာ"ချစ်စရာ"
တစ်ဦးမှာလ။ ပြေမရဏာအသစ်တစ်ခါကူးပါလို့။ ငါဦးခန္ဓာပျက်သော်လဲ။
နှစ်သက်ဖွယ်ဝါသနာထုံခဲ့တဲ့။ ရတနာဒဂုန်မဂ္ဂဇင်းမှာလ။အဖြာဖြာအစုံစုံ။
အရှည်ဆက်သွင်းပါတဲ့။ လက်ရင်းကဗျာလင်္ကာနှင့်။ စာသင်ရာမှာတပည့်



အများကိုလ။ သင်ကြားတာအခါခါပ။ မြန်မာစာအစွန်ကောင်းစေဖို့။
ညွှက်ပေါင်းဉာဏ်ဋီကာနှင့်။ ဂမ္ဘီသာဒီပနီလှစ်ပါလို့။ အဆီညှစ်ခါ အဟုတ်
ဟောတဲ့ပြင်။ ပုတ္တောဝါစာကိုဖွင့်ပါတဲ့။ မြင့်မြတ်သူဂုဏ်ရနံ့တွေက။ ထုံပျံ့
ကာ ကမ္ဘာလှိုင်လိမ့်။ ကြမ္မာယိုင်မခိုင်လို့သွားရသူရဲ့။ ရှည်လျားစွာ ချစ်ခင်
ခဲ့တဲ့ အကြောင်းကိုလ။ ပြောင်းပြန်ကာ ဖန်ဖန်တွေးလိုက်တော့ အမယ်
မင်း... တေးအပြုသဘောလှလို့ တံတျာကျွမ်းပါတဲ့။ ကံသမ္ဘာနှမ်းသူ
ကိုဖြင့်။ အလွန်တရာမှ လွမ်းလိုက်ပါဘိ (ကိုချစ်စရာရယ်) မအေးအေး
ဆွေးရတု ပေါလှပါတဲ့။ လောကသံသရာစခန်း။

"ဟံသာပုလေး" ဟသ်ာတ

ဒဂုန်မဂ္ဂဇင်း၊ အတွဲ ၈၊ အမှတ် ၈၅ (စက်တင်ဘာ ၁၉၂၇) စာ ၃၃၈

၁၂၉။ သတိုးပီယဘွဲ့ခံ "ဆရာချစ်စရာ" ကွယ်လွန်အနိစ္စရောက်သည်
အတွက် တပည့်များပူဆွေး ကြေကွဲရသော ဘွဲ့လေးချိုးကြီး

ဆင့်လို့သာပန်းတော့တယ်။ ညှိုးနွမ်းတဲ့ပူပုံမှာ။ ကြာပဒုံလက်နယ်
ဆုပ်သည်သို့။ မလှုပ်ချင်ယိုင်ခွေလို့။ မှိုင်မပြေမြေ့မနော့ငယ်ကြောင့်။ မေ့
မျောဖွယ်။ ဇမ္ဗူငယ်ညာမြေ။ လကျာ်တွေမှာ။ ကဝေခေါ်လောက်။ သူ
တစ်ယောက်ပေပ။ ထက်အောက်ကြေညာ။ အလင်္ကာတွင်။ ဂုဏ်ဝါရောင်
လင်း။ ပြိုင်ဘက်ကင်းသူမို့။ ခပင်းဗိုလ်လူ။ ချစ်ချင်းငယ်ဖြူကြတယ်။
ယဉ်မူကြော့ဆရာရှင်မှာ။ မရဏာဝင်သီသီစေသည်မို့။ .အတောဘယ်
မသတ်နိုင်ဘူ။ ဖူးမြတ်တန္ဓယ်။ ဖလ်ရစိန်ငယ်။ လျှံတိန်မပ။ ဂေါယာကျွန်း
ကို။ ယွန်းချိန်ကျသို့။ ကြုံရထွေလာ။ ခုအခါမူ။ ကဗျာအဖွဲ့။ ပျောင်းချိုခဲ့
တဲ့။ တကဲ့ဇာနည်။ ဉာဏ်ရောင်ကြည်သား။လျှံရည်တန်ခိုး။ပြည်တရိုးတွင်။
သတိုးပီယ။ ဘွဲ့မည်တလျက်။ မဂ္ဂဇင်းနယ်။ ဖြန့်တိုင်းပဲကျယ်ကြတယ်။

အသွယ်သွယ်တွင်။ ဘယ်ဝယ်ဘယ်သို့မှရေးပြီဘု၊ တာတွယ်ငယ်မလှည့်။ အာစရိသည်။ တပည့်ကိုမုန်း။ ကိုယ်လွတ်ရုန်းလေတော့။ မီးအုံးကြိမ်တွင်။ ဖြေမရှင်ခဲ့။ သင်ဖွယ်ကဗျာ။ ဘယ်ဆရာကို။ နွယ်လာအပေါင်း။ ခိုခ ညောင်းရလိမ့်။ တိမ်းစောင်းကိုယ်ရည်။ ရပ်မတည်ဘဲ။ ဝန်းလည်မျက်ရေ။ ယိုစီးထွေသည့်။ အခြေရှိင်းကို။ ပမာဆိုမူ။ ကိုးခိုရာရွဲ့။ မိဘမဲ့တဲ့။ သား ငယ်သဏ္ဌာန်၊ ကြည့်ကွဲအောင်ဖန်တတ်ပေ့။ ပြည်မြန်ကျော့သဋ္ဌာမှာ။ ရှင် မသာ တပုံထူးတော့တယ်။ လူးလွန့်မွေ့မူ။

ဟိန်

ဝံသယုဝမဂ္ဂဇင်း (နိုဝင်ဘာ ၁၉၂၇) စာ ၇၅

၁၃၀။ ဦးရာကျော်နှင့်သတိုးပီယ

ဩဂုတ်လ ၁၆ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် စာမျက်နှာ ၃ ပြည်သူ့အာဘော်အဖြစ်တွင် မောင်လှကြည်(မြန်မာစာ) အမည်ခံ ဆောင်းပါးရှင်က (ဦးရာကျော်နှင့်သတိုးပီယ)ဟူသော ခေါင်းစီးဖြင့် (ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်...) အစချီသော လေးဆစ်ကဗျာနှင့် ထိုလေးဆစ်ကို ထပ်မံချဲ့ထွင်ရေးသားသော (ညို့ကုန်းယံ ချောက်န ဘေးမှာလ) အစချီလေးချိုးကဗျာများကို ရေးသားသူမှာ ဦးရာကျော် ဖြစ် ကြောင်း၊ ပဥ္စမနှင့် ဆဋ္ဌမတန်းဖတ်စာများ ထဲတွင်ပါရှိသဖြင့် သံသယ ဖြစ် မိသည်ဟူ၍လည်းကောင်း၊ ဆောင်းပါးရှင် အနေဖြင့် ပထမကဗျာသည် ဦးရာကျော်ဆိုသူရေးသားသည့် ရှေးဟောင်း ကဗျာတစ်ပုဒ်ဖြစ်ပြီး၊ ထိုကဗျာကို သတိုးပီယဆိုသူက ထပ်မံချဲ့ထွင်ရေးသားခြင်းဖြင့် ဒုတိယ ကဗျာဖြစ်သည်ဟုထင်သည်ဟူ၍ လည်းကောင်း၊ ထိုသို့မဟုတ်လျှင် ဦးရာ ကျော်နှင့်သတိုးပီယဆိုသူတို့သည် တစ်ယောက် တည်းအတူတူပင်ဖြစ်



သလော ။ တွေးတောယူဆနေမိပါသည်ဟူ၍ လည်းကောင်း ဖော်ပြပါရှိ သည်ကို ဖတ်ရှုရပါသည်။

ကျွန်တော်လေ့လာဆည်းပူးသမျှ ဖော်ပြရပါလျှင် (ခလောက် ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်..) အစချီသောလေးဆစ်ကဗျာကို ကွယ်လွန်သူ အတွင်းဝန်ဟောင်း ဦးဖိုးလတ်စုဆောင်းစီစဉ်ပြီး ၁၃၀၀ ပြည့်နှစ်တွင် မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်မှ ရိုက်နှိပ်သော (ကျောင်းသုံးသီချင်း ပဒေသာ စာအုပ်) စာမျက်နှာ ၆၀ ပုဒ်ရေ ၂၁၄ ၌လည်းကောင်း၊ ၁၃၁၆ ခုနှစ်တွင် ပညာနန္ဒပုံနှိပ်တိုက်က စတုတ္ထအကြိမ် ပြင်ဆင်ရိုက်နှိပ်သော (ကျောင်းသုံး သီချင်းပဒေသာစာအုပ်) စာမျက်နှာ ၇၄၊ ပုဒ်ရေ ၂၂၆ ၌လည်းကောင်း (နွားညီနောင်) ဟူသော ခေါင်းစီးဖြင့် ဖော်ပြပါရှိသည်ကို တွေ့ရ ပါသည်။ သို့သော် ရေးသူအမည်ကိုဖော်ပြထားခြင်းမရှိပါ။

ဦးဖိုးလတ်သည် သူ၏ပဒေသာစာအုပ်၌ ပါဝင်သော အထွေထွေ သီချင်းများ၊ လေ့တော်သံ၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး လွမ်းချင်းများအနက် ရေးသူအမည်ကိုသိလျှင်သိသည့်အလျောက် အမည်များကိုထည့်သွင်းဖော် ပြခဲ့သော်လည်း (ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်...) အစချီ လေးဆစ်ကဗျာအပါအဝင် အချို့သောကဗျာများကို ရေးသူအမည်မသိ သဖြင့် ဖော်ပြခြင်း မပြုခဲ့ပါ။

ထို့နောက် ၁၃၂၄ ခုနှစ် (၁၉၆၂) ခုတွင် ရန်ကုန်တက္ကသိုလ်စာအုပ် ထုတ်ဝေဖြန့်ချိရေးကော်မတီက (မူပိုင်) အဖြစ်ပုံနှိပ်ထုတ်ဝေသော (ခေတ် သစ်ကဗျာများ) စာအုပ်၊ စာမျက်နှာ ၃၉ တွင်လှည်းယဉ် (လေးဆစ်) ခေါင်းစီးတပ်၍ (ခလောက်ကလေးရယ်တဲ့ ဒိုး ဒိုး ဒေါင်...) အစချီသော ကဗျာကို ဖော်ပြရာ၌လည်း ရေးသူအမည်မသိကြောင်း၊ ကဗျာအောက် ခြေတွင် (မသိ) ဟူ၍ ဖော်ပြထားပါသည်။ ဆက်လက်၍ လှည်းယာဉ်

ထပ်ချဲ့ (လေးချိုး) ခေါင်းစီးဖြင့် (ညို့ကုန်းယံချောင်းနံဘေးမှာလ...) အစချီ လေးချိုးကဗျာကို ဖော်ပြပြီးနောက် ကဗျာအောက်ခြေတွင်...သတိုးပီယဟု ရေးသူအမည်ဖော်ပြထားသည်ကို တွေ့ရပါသည်။

ကျွန်တော်မှတ်မိသမျှ နောက်ကြောင်းပြန်ရပါသော် လွန်ခဲ့သော ၄၅ နှစ်ခန့်က သတိုးပီယ (ဝါ) ပျဉ်းမနားကနင်းပြားစသော ကလောင်အမည်များဖြင့် ကဗျာဆရာဦးချစ်စရာသည် ထိုခေတ်က ထင်ရှားကျော်ကြားသော သူရိယမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်းစသည်တို့တွင် အနု အယဉ် အရွဲ့အပျောင်း ဂုဏ်ရသတို့နှင့် ပြည့်စုံသော ကဗျာလင်္ကာများကိုရေးသားထည့်သွင်းဖော်ပြလေ့ရှိရာဖတ်ရှုသူများအထူးနှစ်သက်စွဲလမ်းခဲ့ကြပါသည်။

၁၂၈၇–၈၈ ခုနှစ်တွင် ရန်ကုန်မြို့ အမှတ် (၁) ဗိုလ်တထောင်လမ်း (ယခု ဦးဝိစာရလမ်း) ရှိ ကာကွယ်ရေးငွေစာရင်းဝန်ရုံး တည်နေရာဌာန) မြို့မအမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းမြန်မာစာပေပြဆရာရာထူးလစ်လပ်နေသည်နှင့်အညီ ဆရာဦးချစ်စရာအား ခေါ်ယူခန့်ထားခဲ့ပါသည်။ ဦးချစ်စရာသည် ၈ ဆင့်မှ ၁၁ ဆင့်အထိ အထက်တန်းကျောင်းသားများအား၊ ကဗျာလင်္ကာနှင့် မြန်မာစာပေတို့ကို ပို့ချသင်ကြားနေစဉ်အတွင်း (နေရှင်နယ်ကျောင်းသုံးကဗျာဖွဲ့နည်းကျမ်း) ကို စီအင်အီးခေါ် အမျိုးသားပညာရေးအဖွဲ့ချုပ်က ပြဋ္ဌာန်းထားသောသင်ရိုးညွှန်းတမ်းနှင့်အညီ ရေးသားပြုစု၍ ၁၂၈၉ ခုနှစ် ဝါဆိုလတွင် အမျိုးသားပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ ယင်းကဗျာဖွဲ့နည်းကျမ်း၌ လေးချိုးအကြောင်းကို ရေးသားဖော်ပြထားရာ စာမျက်နှာ ၂၇ တွင် (လှည်းဖွဲ့လေးဆစ်) ဟူသော ခေါင်းစီးဖြင့် (ခလောက်ကလေးရယ်တဲ့ ဒိုး ဒိုး ဒေါင်..) အစချီသော ကဗျာကိုဖော်ပြပြီးလျှင် အောက်၌ (ယင်းကိုချဲ့သောလေးချိုး) ဟူသော ခေါင်းစီးဖြင့်သူကိုယ်တိုင်ရေးသားစီကုံးခဲ့သော(ညို့ကုန်းယံချောက်နံဘေးမှာလ...) အစချီလေးချိုးကဗျာကို ဖော်ပြထားပါသည်။



ထိုအချိန်အခါက ရှေးဟောင်း ဒွေးချိုးကလေးများကိုလည်းကောင်း လေးဆစ်ကဗျာများကိုလည်းကောင်း ထပ်မံတိုးချဲ့ဖွဲ့နွဲ့သော ကဗျာများကို ဆရာဦးချစ်စရာက "ဒွေးချိုးညွှန့်" ဟူ၍လည်းကောင်း၊ "လေးချိုးညွှန့်" ဟူ၍လည်းကောင်းအမည်ပေးခဲ့ကြောင်း မှတ်မိပါသေးသည်။ ဆရာ ဦးချစ်စရာသည် ၁၂၈၉ ခုနှစ်အတွင်းပင် နှလုံးရောဂါဖြင့် ပျဉ်းမနားမြို့၌ ကွယ်လွန်အနိစ္စရောက်ရှာပါသည်။

သို့ဖြစ်ရာ (ခလောက်ကလေးရယ်တဲ့ ဒိုး ဒိုး ဒေါင်...) အစချီ လေးဆစ်ကို မည်သူမည်ဝါရေးခဲ့သည်ဟု မသိနိုင်သော်လည်း ထိုလေးဆစ်ကို တိုးချဲ့စပ်ဆိုထားသော (ညို့ကုန်းယံချောက်နံဘေးမှာလ...) အစချီ လေးချိုးကဗျာကိုမူ သတိုးပီယ (ဝါ) ပျဉ်မနားက နင်းပြားကလောင်အမည်ခံ ဆရာဦးချစ်စရာသီကုံးဖွဲ့ဆိုခဲ့သည်ကိုမူ အထူးခင်မင်ရင်းနှီးသော ဘဝတူကျောင်းဆရာချင်းဖြစ်၍ ကျွန်တော် အတတ်ပြောနိုင်ပါသည်။ ဦးရာကျော်နှင့် သတိုးပီယရောထွေးနေသော ပြဿနာကို ရှင်းလင်းရပါလျှင် ဦးဝန်နှင့်ဦးသိန်းဟန်တို့ စေတနာ့ဝန်ထမ်း ရွေးချယ်တည်းဖြတ်ဖြေဆိုပြုစုကြသည့် ရန်ကုန်တက္ကသိုလ်စာအုပ်ထုတ်ဝေဖြန့်ချိရေးကော်မတီက ၁၃၂၄ ခုနှစ် (၁၉၆၂) ခုတွင် ပုံနှိပ်ထုတ်ဝေသော (ခေတ်သစ်ကဗျာများ) စာအုပ် စာမျက်နှာ ၄၀ တွင် လှည်းယာဉ်တော်ကြွကြွ (လေးချိုး) ခေါင်းစီးဖြင့် ဦးရာကျော်ရေးသားသည်ဆိုသော လေးချိုးတစ်ပုဒ်ပါရှိသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ပွဲဆင်တော် ပြသပေးရန်မို့
လှည်းယာဉ်တော် ကြွကြွလေးရယ်နဲ့
မမလေးကိုတဲ့ လိုက်ဖို့ခေါ်။

တချို့က ချောသနဲ့
တို့တောနယ်ရွာ တစ်စဉ်မှာတော့
မြို့ကျောဖွယ် တန်ဆာဆင်ကြပုံက
အပြာတွင် မဲရောင်ခရမ်းရယ်နဲ့
ပဝါဆင် ဖဲစောင်မှဆန်းတယ်လို့
ထာဝစဉ်ပွဲဘောင်သို့ မြန်းကြတယ်
တဲပြောင်ခန်း ဖော်တယ်နော်ကွယ်
လှည်းဆောင်ပန်းပေါ်။
တူပြိုင်ကာ နှစ်ယောက်တွဲပါလို့
ချူမြိုင်စွာ ခလောက်ဆွဲတဲ့ပြင်
နောက်လှည်းက ရှေ့လှည်းကိုကျော်
ဟော့ဟဲအော်လို့ သောင်းညံကြွေး
ကွေ့လွှဲချော်လို့ မောင်းပြန်သေး။
တို့အလျှင်
မြို့အဝင် သညာဂုဏ်ကြောင့်
သို့မှပင် မြင်ခါကြတော့မယ်လို့
ပျို့သခင် ရင်ပါခုန်တဲ့အောင်
အားအင်ကုန် သိပ်ကွာမဝေးစေဖို့
ကြွားမာန်ဟုန် ထိပ်ကြာကလေးရယ်နဲ့
နွားကြန်စုံ ပိသာပေးတို့ကို
မိုးမော့က နေ့းမှာကြောင့်
ကြီးလျော့လို့ပေး။ ။

ဦးရာကျော်



ယင်းလေးချိုးကဗျာ အထက်တွင် ရေးသူ အမည်မပါသော (ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်) အစချီ လေးဆစ်နှင့် သတိုးပီယ ရေး (လှည်းယဉ်ထပ်ချဲ့လေးချိုး) နှစ်ပုဒ်ကို ခေတ်သစ်ကဗျာများစာအုပ်တွင် အထက်အောက်ဖော်ပြထားရာ ဤလေးဆစ်နှင့် လေးချိုးတို့ကိုလည်း ဦးရာကျော်ရေးသည်ဟူ၍ အမှတ်မှားကြဟန်ရှိကြောင်း ရှင်းလင်း တင်ပြအပ်ပါသတည်း။

မြို့မဆရာဟိန်

လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၂၁-၈-၇၁။ စာ- ၃။

### ၁၃၁။ အယ်ဒီတာကပြန်ပေးတေးထပ်

နဂိုပုံတဲ့ မကျ = (တဲ့အပေါ်)။ ရွဲ့ပြတော့ခက်ထာ။ တကဲ့ဠ မျက်နှာလို့။ ကလက်ခါမူပေး။ အရပ်သားလူပျက်သင်သလို ဆူလျက်ပင် ဖွဲ့မကျသေး။ ရှမ်းဘုန်းကြီးပြူသဒ္ဒါကို။ မတုသာပြိုင်ရေး။ သုမ္မာ အနိုင်ပေးပါလို့။ ပြေးရတဲ့ထုံးစံ။ ဗါ= ဥမ်= သူ= တေဇော်မောက်ပေလိမ့်။ ရေပေါ်ကျောက်။ ဗူးမြုပ်ကာလ။ ဂါရဝနိပါတ်ကို သိရှာဉာဏ် ပြင်ပြင် (ပ) တာက။ မင်္ဂလ= ဗုဒ္ဓစနာ။ ဆုတ်စအခါ။ သုကရ= ဒုကစာလို့။ တုရမှာ ကြောက်လွန်းလို့လေး။

မောင်တို့ကို ဆရာအရှုံးပေးတာဟာ။ ကြောက်လို့လည်းတစ်ကြောင်း၊ ပြိုင်ယှဉ်ဝံ့၍လည်းတစ်ကြောင်း၊ ကြက်သီးဘဲသီးထ၍လည်း တစ်ကြောင်း၊ ဖိမ့်ဖိမ့်တုန်၍လည်းတစ်ကြောင်း၊ ခိုက်ခိုက်တုန်၍လည်း တစ်ကြောင်း၊ ချဲ့ချဲ့တုန်၍လည်း တစ်ကြောင်း၊ နှလုံး သုံးလုံးတုန်၍လည်း တစ်ကြောင်း၊ မောင့်ဝမ်းထဲကပညာတွေကို ဆရာကအတွင်းသိဖြစ်လေတော့၊ အင်း ... ပျဉ်းမနားက ပညာရှိကလေး။ ရှေ့ဆို ကျော်ကြားပေါ်ပေါ်

ပြီး၊ ထင်အုံးမကိုးဟု မောင့်ကိုသြဘာပေးလိုက်၏။ ယခုမောင်ရေးတဲ့ တေးထပ်မှာ အပြစ်ရှေးရန်မလိုပေ။ ဦးပုည၊ နဝဒေးတို့ထက် သီသီဘဲ ချီးသူဖြစ်၍။ (တတ်လှပြီ)။

အယ်ဒီတာ

သူရိယမဂ္ဂဇင်း (ဩဂုတ် ၁၉၂၆) စာ ၅၅။

❑ ❑ ❑ ❑

အခန်း ၉

# အညွှန်းများ

**အညွှန်းများ**

အညွှန်းကို စာအမည်အညွှန်း၊ ကဗျာအစချီအညွှန်း၊ စာပေပုံစံအညွှန်းနှင့် ကလောင်အမည်ခွဲအညွှန်းဟူ၍ ခွဲခြားထားပါသည်။

## (က) စာအမည်အညွှန်း

အောက်ပါအမှတ်များသည် ဤစာရင်းပါစာများ၏ အမှတ်စဉ် အမှတ်များဖြစ်ပါသည်။


| စာအမည် | အမှတ်စဉ် |
|---|---|
| ကဗျာဆောင်းပါး | ၉၃ |
| ကဗျာဖွဲ့နည်းကျမ်း | ၉၂ |
| ကဗျာဖွဲ့နည်းကျမ်းအကြောင်း မာလာအညွှန့် တေးထပ်ဆန်း | ၉၆ |
| ကဗျာရေးနည်းသခေ်ပကေပိဒ်ရတု | ၄၆ |
| ကဗျာဝါသနာရှိသူတို့ နှလုံးသွင်းစရာလင်္ကာ | ၅၀ |

ကဗျာအချိတ်အဆက်ရေးကြရာ၌ . . . ၄၈
ကဗျာ့အမြုတေဆောင်းပါး ၆၀
ကရင်နီရှာဘွဲ့လေးဆစ်ကို ရှေးရိုးကွန့်သည် . . . ၆၁
ကိုကြီးနှင်းပြာဘွဲ့လေးဆစ် ၉၄
ကိုချစ်စရာ အနိစ္စရောက်ကြောင်း . . . ၁၂၈
ကိုးခန်းပျို့မှတ်စု ၈၉
ကုန်းဘောင်ဘွဲ့ကဗျာလေးချိုးကြီး ၉
ကွယ်လွန်သူကိုချစ်စရာ ၁၀၅
ခရီးသည်မြင့်မြင့်သို့ ၅၅
ခုစိတ်ကူးနှင့် ရှူးရသည့်ကိုယ်တွင်းပြည့် . . . ၃၃
ခင်သော်တာသို့ ၇၁–၇၅
ခင်သန်းရွှေ၏ အမျှော်စိုက်စာအဆန်းနှင့်
မှာတမ်း . . . ၉၈
ခေါင်းဆောင်ချင်း ၂ ပက္ခကွဲသဖြင့် ၄၃
ချီစကားဆောင်သည့် ကိုပြား မောင်သို့ ဒွေးချိုး ၁၀၀
--- ပဖောဦတေးထပ် ၁၀၁
ဂုဏတ္တပကာသနီကိုယ်ရည်သွေးတေးထပ် ၂၅၈
ဂမ္ဘီသာရပျို့ဒီပနီ ၉၁
ဆရာသာတိုး ပီယသည် စိတ်ဒွိဟအထင်မှန်းခြေဖြင့် ၃၄
ဆရာဦးချစ်စရာသို့ ကန်တော့ဘွဲ့တေးထပ် ၁၂၆
ဆရာဦးပီယအား ခင်သန်းရွှေအမည်ဖြင့် ၆၈
ဇေယျသတင်းစာဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ် ၁၇
တခိုင်လုံး စိန်ဇာတ်ကားအတွက် စိန်ဘွဲ့တေးထပ် ၁၅





တဖန်ဆက်ဆံလိုကြောင်း တောင်းပန်သည်ကို ... ၆၆
တာဝန်ခံကိစ္စမှ အနိစ္စခန္ဓာကိုယ်ဘွဲ့တေးထပ် ၄၄
တေလေနောက်ပိုးဘွဲ့ ၇၀
တောတောင်ဘွဲ့ရှစ်ဆယ်ပေါ် ၄
တောဘွဲ့လွမ်းချင်း ၃၁
တန်ခူးလ မိဿရာသီဘွဲ့တေးထပ် ၁
တန်ဆောင်မုန်းလ ဗြိစ္ဆာရာသီဘွဲ့လွမ်းချင်း ၈၅
ဒဂုန်ကဗျာဆရာတို့၏ အမည်ပေါင်းတေးထပ် ၁၀၃
ဒဂုန် ကဝိပေါင်းချုပ်ဘွဲ့ရှစ်ဆယ်ပေါ်တေးထပ် ၂
ဒဂုန်မဂ္ဂဇင်းဘွဲ့ရှစ်လုံးသွား မြန်မာကဗျာ ၂၂
ဓမ္မောဇလည်းရှ သြဝါဒလည်းပါသည့် ... ၅၁
နိဂုံးချုပ်ရေးချစ်သော လေးဆစ် ၄၁
နိဂုံးချုပ် (၈၀) ပေါ်ရိုး ၆၂
နှင်းပြာနောက်ပိုးဘွဲ့တေးထပ် ၈၀
နှင်းပြာ၏ ကိုယ်ရေသွေးတေးထပ် ၃၅
နှင်းပြာ၏ အာသီသနိဝါတလေးချိုး ၈၁
နတ်ရွာစံ အသျှင်သီပေါဘုရင်မင်းမြတ်၏ ... ၈၄
နွေရာသီ အအိုက်ဘွဲ့တေးထပ် ၃
ပညာရှိကလိယုဂ်ဘွဲ့တေးထပ် ၇၉
ပုံတွေ့ဝါဒဆုံးမစာအဖွင့် ၉၀
ပုံစံလေးချိုး ၇၆
ပျဉ်းမနားက နှင်းပြာနှင့် စပ်လျဉ်းသည့် ၁၂၀
ပျဉ်းမနားက နှင်းပြာ၏ အပြစ်တင်ချက်ကို ... ၁၂၁

ပျဉ်းမနားစုစုထံမှ ပေးစာ ... ၁၀၂
ပျဉ်းမနားမြို့ ... ပြန်ကြားသောတေးထပ် ၂၉
--- ဂလုံးဘွဲ့ကဗျာ ၃၀
ပြည်ထဲရေးလေးဆစ် ၄၂
ဘိုးပြန်တောင်မြို့ခွင့်ပေါ်၌ တိုင်ပင်တော်ဘွဲ့ ... ၁၁၀
ဘုန်းမြင့်သိင်္ဂီလွမ်းစေတီ ကဗျာဝတ္ထု ၆၇
မဲဇာတောင်ခြေဘွဲ့ လေးချိုးကြီး ၄၀
မိုးကုတ်မြို့ သိန်းရတနာသို့ ပြန်ကြားချက် ၅၄
မန္တလေးဆရာမှိုင်းသို့ ... ၂၁
မိတ်ဆွေသတိုးပီယသို့ ၁၀၉
မယ်ထပ်နှင့် မောင်ဘိုးစာတို့ အညာဘွဲ့အိုင်ချင်း ၃၂
မယ်ဘွဲ့တေးထပ် ၁၀
မယ်ဘွဲ့ရတုပိုဒ်စုံ ၅
မယ်မောင်ဘွဲ့ စုံတွဲတေးထပ် ၈၃
မြို့မကျောင်း၏ အကြောင်းတြိချိုး ၁၂၅
မြို့မတိုင်းသားနှင့် တိုင်းရင်းသူ ... ၁၉
မြင့်မြင့်သို့ ပြန်ကြားဖြေဆိုချက် ၅၂
မြစ်နှင့်ချောင်း ဆီးတားသော ရည်းစားဘွဲ့တေးထပ် ၂၃
မြန်မာစာညွှန့်ပေါင်းဋီကာ ၈၈
--- ဘွဲ့တေးထပ် ၁၆
မှော်ရုံမြို့ဘွဲ့တေးထပ် ၇
မွေးတုန်းပန် နံ့လျှင်ပစ်လေးဆစ် ၆၅
ရာဇဝင်ဘောက် သောက်အူပေါက်တေးထပ် ၃၆



ရေလားရတုပိုဒ်စုံ ၂၇ ပိုဒ်စီ ၅၃
ရန်ကုန်မြို့မ ... ပြန်ကြားသောတေးထပ် ၁၁၄
--- ရှစ်လုံး မြန်မာကဗျာဘွဲ့ ၁၁၅
ရန်ကုန်မြို့မ ... တရားရဖွယ် နိဗ္ဗိန္ဒရှစ်ဆယ်ပေါ်
တေးထပ် ၁၁၆
ရန်ကုန်မြို့ မြို့မ --- အပူဘွဲ့လေးချိုးကြီး ၁၁၇
ရှေးနှင့် ယခုအခါ ကဗျာများခြားနားပုံတေးထပ် ၄၉
ရှင်သန်းမေမှုဟန် မလျော်သဖြင့် ... ၂၇
ရှင်သန်းမေ လင်ယူမှား၍ ... ၂၈
ရှင်သန်းမေအား ထိကပါး ရိကပါး ... ၁၄
ရှစ်လုံးဘွဲ့ကဗျာ ၈၂
ရွှေတိဂုံ ဘုရားဘွဲ့ထပ်တွန့် ၈၀ ပေါ် ၇၈
ရွှေတိဂုံဘုရားဘွဲ့လေးချိုး ၂၆
လူပျိုမောင်နှောင်းသွား တေးထပ်ပျက် ၆၉
လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးဘွဲ့ ... ၂၀
သတိုးပီယ ၁၂၂/၁၂၃
သတိုးပီယကို လွမ်းဆွေးသဖြင့် ...
ဆွေးချင်းလေးချိုး ၁၁၁
--- အလွမ်းဘွဲ့လေးဆစ် ၁၁၂
သတိုးပီယခေါ် ပျဉ်းမနားက နင်းပြားသို့ ... ၁၀၄
သတိုးပီယဂုဏ်ဘွဲ့ ရှစ်ဆယ်ပေါ် ၉၇
သတိုးပီယ၊ ပျဉ်းမနား နင်းပြားခေါ် ...
လေးချိုးငိုခြင်း ၁၀၆

--- လေးဆစ်ငိုခြင်း ၁၀၇
သတိုးပီယဘွဲ့ခံ ဆရာဦးချစ်စရာကွယ်လွန် ... ၁၂၉
သတိုးပီယဘွဲ့ခံ ဦးချစ်စရာအနိစ္စရောက်ကြောင်းရတု ၁၁၈
သတိုးပီယသို့ ၁၂၇
သတိုးပီယ၏ ကဗျာများ ၅၇–၅၉
သတိုးပီယ၏ စိတ်ဒွိဟမရှင်မလန်းပေသော . . . ၁၁၃
သီပေါမင်းပါတော်မူခဏ်းဘွဲ့ ၈၀ ပေါ်ရိုး ၇၇
သူရိယမဂ္ဂဇင်းအယ်ဒီတာနှင့် ပျှဉ်းမနားကနင်းပြား . . . ၁၀၈
သံဝေဂကဗျာ မဟာလေးချိုးကြီး ၈၇
သံဝေဂတေးထပ် ၁၃
သံဝေဂ (၈၀) ပေါ် တေးထပ် ၈၆
အကြင်နင်းပြားက ပျှဉ်းမနားပဝတ္တိ . . . ၃၇
အကြောင်းပြကိုယ်ရည်သွေး တေးထပ် ၄၅
အမူနှင့် အချော့ဘွဲ့နှစ်ပါးသွားတေးထပ် ၁၁
အမှာလေးဆစ် ၄၇
အမျှော်စိုက်မောင်ဘွဲ့ ဘောလယ် ၆
အမျှော်စိုက်လွမ်းချင်း လေးဆစ်သဖြန် ၉၉
အလောင်းမင်းတရားကြီး ဘုန်းတော်ဘွဲ့တေးထပ် ၈
အလုပ်များသဖြင့် ဖျားရကြောင်းလွမ်းချင်း ၃၉
အောင်ကြိုးခံဆွယ်လှည်သော မယ်ဘွဲ့တေးထပ် ၂၄
အတ္တက္ခာရီ မိတ်ဆွေပြီသော ၅၆
အယ်ဒီတာက ပြန်ပေးသောတေးထပ် ၁၃၁
အယ်ဒီတာဆရာကြီးက အရှုံးပေးသဖြင့် ၆၃



အယ်ဒီတာဆရာကြီးသို့ ထောမနာချဲ့လိုက်သော . . . ၆၄
ဥယျောဉ်ဇဉ်နှင့် ပဋိညာဉ်တေးထပ် ၃၈
ဦးချစ်စရာအား ကန်တော့ပန်းဆင်သောရတုပိုဒ်စုံ ၁၁၉
ဦးရာကျော်နှင့်သတိုးပီယ ၁၂၄
ဦးရာကျော်နှင့်သတိုးပီယ ၁၃၀
ဦးရွှေရိုး ၁၈
ဧရာဝတီဘွဲ့ကဗျာလေးချိုးကြီး ၁၂
ဩဂုတ်လမဂ္ဂဇင်း၌ နင်းပြားအားပြန်ပေးသော . . . ၉၅

## (၂) ကဗျာအစချီအညွှန်း

အောက်ပါအမှတ်များသည် ဤစာရင်းပါစာများ၏ အမှတ်စဉ်အမှတ်များဖြစ်ပါသည်။

ကဗျာအစချီ အမှတ်စဉ်
ကဗျာကို ထွာညိုစရယ်နဲ့ ၇၉
ကဗျာတေးတွေနဲ့ ၃၉
ကဗျာတွေ စာပေပြရာက ၇၃
ကဗျာပိုင်းတွင်ဖြင့် ၄၅
ကဗျာဗန္ဓ ၂၁
ကလောင်ယဉ်တစ်မျိုးဝင့်ပါရ ၂၉
ကဝိဂုဏ်ရည် ၄၆
ကဝိစုံရန်ပုံစံကွန့် ၂
ကိုယ်ဟန်မဝိ ၁၁၅
ကမ္ဘာကို ဆုံးအောင်ဖွင့်မည်ဟု ၈

ကြူးလှစ်ခါဝစန မြူးရမှာဖြင့် ၁၀၆
ကြံစည်၊ ဂမ္ဘီ၊ ဉာဏ်ရည်တင့် ၉၇
ကြည်စယ်ကာ သရော်ဘက်ပါလို့ ၈၀
ကြည်ဆယ်ကာ မက်လုံးထေ့ ၁၀
ကြူခေါင့်၊ ကြူဖွေ ၁၇
ခရီးသည်မိတ်နှမကြောင့် ၅၅
ခိုင်သဇင်– ကြိုင်ကြိုင်လွင် ၁၀၀
ချစ်တဲ့သူ– သူငယ်ချင်းကောင်း ယောင်း(ယောက်)
မတိုးတော်– ဘော်နှောက်ငယ်မှလည်ယှက် ၃၂
ချစ်ပုံကို ပြောမပြချင်ဘု ၆၉
ချစ်သသူ သဟာငယ်တို့ ၄၈
ခြောက်သွေ့ရင့်ရော် ကြာရေဝေးသို့ ၈၆
ဂီတအလင်္ကာ အမြဲတေပြလို့ ၆၂
ဂုဏ်ဒြပ်ကျော်စရာ ၁၄
ငါ့အတတ်ကယ်လို့ ၄၇
ငါးဝအာဝေ ဝတ်နှောင်တဲမှ ၂၈
ငယ်ပေါင်းမှန်– ကလျာအဟုတ်ပါပဲ ၁၁၇
စတုခြေ လေးခုပ ၁၀၁
စာကဗျာရေးကြ ၄၉
စာဂုဏ်ပြည့်ပါဘိ ၇၂
စက်နှစ်ဖော်သာ ပြိုင်မွေ့စဉ်က ၆၅
( ) စင်ထရယ်ကျောင်းမြို့မ ၁၂၅
စိတ်တူညီမျှ ၃၀



စိန်ဘွေမှာ စိန်တွေစု ၁၅
ဆရာ့စာ (တဲ) နှင့် (ဠ) ကိုလှ ၉၅
ဆင့်လို့သာပမ်းတော့တယ်. ၁၂၉
ဆန်းအမွန်တွင်ဖြင့် ၄၁
ဇာကတီအုံးရဝေ့မှာဖြင့် ၃၃
ဇာတိပစ္စယာ ၁၂၈
ဇာတိမာန် ထောင်ခါလွှားတယ်လို့ ၁၁၄
ဇင်ပန်းခွေပမာ သမျှလိုပ ၉၉
ဇင်ပန်းခွေ သွင်တူအလားပေမဲ့ ၂၇
ဇမ္ဗူခေတ် မြန်မာတစ်ခွင်မှာ ၁၉
တစ်ခေတ်ညွှိုးပြန်ပေါ့ ၈၄
တာဝန်ခံအမှုရှုပ်ပုံက ၄၄
တို့ဆရာချစ်တစ်ဦးကိုဖြင့် ၁၂၆
တန်ဆောင်းဆန်းပြန်တော့ ၈၅
တိမ်ပန်းခိုင်အထူးလှပြန်တော့ ၁
တွေ့ခါ၊ ကြုံခါ၊ ဆုံခါကွဲကြ ၁၁၆
ထွေရာရာစုံသမိုတွေနဲ့ ၂၆
နေသတင်းတွင်ဖြင့် ၄၂
နဂိုပုံတဲ့– မကျ ၁၃၁
နောက်ပိုးကောင် ပေါက်စပျို့ ၈၀
နင်းပြားနင်းပြားနဲ့ ၃၅
နွေလည်းဆန်းစ ၅၃
နွမ်းသည်ပန်းပြီ ၃၇

နှစ်ဆယ်ကျော် ခြောက်နှစ်စွန်းဆီက ၅၉
ပတိဋ္ဌာက ၂၂
ပါရမီအစွမ်းထက်ပါဘိ ၅၈/၇၁
ပီယခေါ်တကား (ပြား) ကိုဖြင့် ၁၁၀
ပေါ်လာပေါင် ဆွေးရန်ပြုတယ်လို့ ၃၄
ပိုးပန်းတဲ့ ဝါသနာဟာ ၇၀
ပတ်သန်းရေဇလာ ရောသောင်နော်ဆိပ်ပေပေါ့ ၈၇
ပုဗ္ဗဒ္ဒိ ၁၂၀
ပျိုးမနား နင်းပြားရယ်တဲ့ ၉၄
ပျိုးမနားနင်းပြားလို့ ကျော်တဲ့မောင် ၁၀၇
ဖြောင်းဖြသာချို ၅
ဘိုကရိုလှမ်းရလို့ ၁၁
မအားရာ ယားတာမှမဖြောက်နိုင်လို့ ၁၀၉
မဲဇာတောင်ခြေအဝှမ်း နိမိတ်ထွန်းပေပေါ့ ၄၀
မည်သတိုးငယ်နှင့် ၅၇
မြစ်ထိပ်ရေရိုးဆီသို့ ကျသလိုပ ၁၁၁
မြန်ထီးတစ်ဆောင် ဘုန်းရောင်နေလိုပပေတဲ့ ၉
မြန်မာတွေ မြင့်ထက်မြင့် ၄၃
မော်ရုံမြိုင်ခင်း သာစွ ၇
မှောင်လို့သာသန်းတော့ ၃၁
မှတ်လော့နာနာ ၅၀
မြောင်ဂမူ အပေါ် ၁၁၃
ယင်းတို့အရှိကထာ ၅၁





ရတနာပုံမန်း ပျံကနက်မှ ၇၇
ရာဇဝင်တစ်ခန်းထုတ်ခဲ့ပေါ့ ၃၆
ရှုပါရုံတစ်ချက် ထိရုံနှင့် ၂၃
ရေနစ်ရာတစ်ပါးမယ့် ၆၆
ရေပြာကြည်ကြည်ဖြစ်ရှာသနဲ့ ဆန်းလေသည့် ၁၂
ရေမီးပွင့်စုံ ၆
လစန်းအသရေပမာ တစ်မျှကဲ့သို့ ၉၈
လေးချိုး ဉာဏ်အမြင့်ရင့်စေဖို့ ၇၆
လေးတစ်ရာ ဧစွာမြ ၂၄
လက်ရုံးစုံတန်းကာ မြှောက်ကြတော့ ၉၆
လယ်တီပဏ္ဍိ ၂၀
လွမ်းရတက်တွေကြောင့် ၁၁၂
လွမ်းရစ်စေအောင် ကြမ္မာဆောင်၍ ၁၁၈
လျှမ်းဝေဆန်း ထွေနန်းဘွေအမြင့် ၇၈
လွှာရထည်ကြာချည်မပါလို့ ၃
ဝင်းဖန်ခိုရောင်ညိုမှောင်ကွက် ၄
သတိုးဆိုပီယလို့ ၁၀၃
သတိုးပီယ မြို့မရဲဘော် ၈၂
သတိုးမောင်ပီယဟု ၂၅
သနားတော်မူသင့်ငဲ့ ၈၃
သရက်မိုယ်းကြွက်အိုး၏ ဥပမာ ၇၄
သူရိယမဟာ "ဆန်း" တွင်ဖြင့် ၃၈
သံဒေါင်းနှင့်အဆုံ ၁၀၄

| | |
|---|---|
| သင်တိုင်းအပြာမှာ မလှမပဆေးတွေနဲ့ | ၆၁ |
| သစ်တတွေက | ၁၀၂ |
| သနွေမှာ ပျိုခြင်းစသော်လည်း | ၁၃ |
| သိန်းချစ်ဆွေ လွမ်းသမျှ | ၁၂၇ |
| သိန်းရတနာကလျာဏရဲ့ | ၅၄ |
| သွေ့ခြောက်ရင့်ရော် ကြာရေဝေးသို့ | ၈၆ |
| အစမ်းနယည်း ကဗျာနယ်မှာ | ၅၆ |
| အများကျုပ်တို့မြင် | ၁၂၀ |
| အရာရာမြော်မြင်တဲ့ နည်းတွေနှင့် | ၇၅ |
| အလင်္ကာဆန်းသရွေ့မှာဖြင့် | ၆၇ |
| အလင်္ကာဟောင်းတကာ့ | ၁၆ |
| အယ်ဒီတာဆရာကြီးရဲ့ | ၆၃ |
| အယ်ဒီတာဆရာကြီးရယ်က | ၆၄ |
| အယ်ဒီတာမင်းတစ်ပါးနှင့် | ၁၀၈ |
| ဦးချစ်စရာခေါ် နာမည်ဖြင့် | ၁၁၉ |
| ဦးသူတော်ဖလ်ကတုံးက | ၆၈ |


## (၃) စာပေပုံစံအညွှန်း

အောက်ပါအမှတ်များသည် ဤစာရင်းပါစာများ၏ အမှတ်စဉ်အမှတ်များဖြစ်ပါသည်။ ဦးချစ်စရာရေးသော စာပေပုံစံများကို အညွှန်းပြုလုပ်ဖော်ပြထားခြင်းဖြစ်ပါသည်။

### လင်္ကာနှင့်ရှစ်လုံးဘွဲ့ကဗျာ


| စာအမည် | အမှတ်စဉ် |
|---|---|
| ကဗျာဝါသနာရှိသူတို့ နှလုံးသွင်းစရာလင်္ကာ | ၅၀ |
| ဒဂုန်မဂ္ဂဇင်းဘွဲ့ ရှစ်လုံးသွားမြန်မာကဗျာ | ၂၂ |
| ပျဉ်းမနားမြို့ မြန်မာ့သြဘာကုမ္ပဏီတိုက်ရှင် ဦးမောင်မောင်ကြီးသို့ မာန်မပွားကြောင်း ပြန်ကြားသော ဧလုံးဘွဲ့ကဗျာ | ၃၀ |
| မစ္စတာဆရာမှိုင်းသို့ ဖွဲ့ဆိုရေးသားအပ်သော ရှစ်လုံးသွားမြန်မာကဗျာ | ၂၁ |
| ရှစ်လုံးဘွဲ့ကဗျာ | ၈၂ |
| လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ဘွဲ့ရှစ်လုံးသွားမြန်မာကဗျာ | ၂၀ |




### လေးဆစ်


| စာအမည် | အမှတ်စဉ် |
|---|---|
| ကဗျာအချိပ်အဆက်ရေးကြရာ၌ ပရဝမ္ဘနကင်းစေ၍ အပျင်းပြေရယ်ဖွယ်မျှသာ ရေးသင့်ကြောင်း | ၄၈ |
| ခင်သော်တာသို့ | ၇၂/၇၄ |
| နိဂုံးချုပ်ရေးချစ်သော | ၄၁ |
| ပြည်ထဲရေး | ၄၂ |
| မွေးတုန်းပန်၊ နံ့လျှင်ပစ် | ၆၅ |
| သတိုးပိယ၏ ကဗျာများမှ | ၅၇ |
| အကြောင်းပြကိုယ်ရည်သွေး | ၄၅ |
| အမှာ | ၄၇ |


### လေးချိုး


| စာအမည် | အမှတ်စဉ် |
|---|---|
| ကရင်နီရွာဘွဲ့လေးဆစ်ကို ရှေးရိုးကွန့်သည့် | ၆၁ |
| ခင်သော်တာသို့ | ၇၃/၇၅ |

ဆရာသတိုးပီယသည် စိတ်ဒွိဟအထင်မှန်းခြေဖြင့်
ခင်သန်းရွှေထံပါးသို့ ပြန်ကြားသော ၃၄
တေလေနောက်ပိုးဘွဲ့ ၇၀
နှင်းပြား၏ အာသီသနိဝါတ ၈၁
ပုံစံ ၇၆
ရွှေတိဂုံဘုရားဘွဲ့ ၂၆
သတိုးပီယ၏ ကဗျာများမှ ၅၉


## လေးချိုးကြီး


စာအမည် — အမှတ်စဉ်

ကုန်းဘောင်ဘွဲ့ကဗျာ ၉
ဓမ္မောဇလည်းရ၊ ဩဝါဒလည်းပါသည့်
ဆောင်ပုဒ်ကဗျာမဟာ ၅၁
နတ်ရွာစံ အရှင်သီပေါဘုရင်မင်းမြတ်၏ညာ
နတ်ဒေဝီမဟေသီမိဖုရားခေါင်ကြီးဖြစ်တော်မူသော
ထိပ်စုလတ်ဖုရားကံကုန်တော်မူသဖြင့် မချိတင်ကဲ
ကြေကွဲရကြောင်း ဘွဲ့ဆိုအပ်သော တမ်းချင်းရှေးသွား ၈၄
မဲဇာတောင်ခြေဘွဲ့ ၄၀
မြို့မတိုင်းသားနှင့် တိုင်းရင်းသူအထက်တန်း
ကျောင်းကြီးနှစ်ကျောင်းဘွဲ့ကဗျာမဟာ ၁၉
ရှင်သန်းမေမူဟန်မလျှော်သဖြင့် လူပြန်တော်နှင့်
ညားရကြောင်း ဘွဲ့ဆိုရေးသားအပ်သော . . . ၂၇
ရှင်သန်းမေအား ထိကပါးရိကပါးရေးသားကြသော





ဦးမောင်မောင်ကြီးနှင့် ဗိုလ်ကျော်စွာသို့သတိပေး ၁၄
သံဝေဂကဗျာမဟာ ၈၇
အတ္ထကျွာရီမိတ်ဆွေပြီသော ဦးသုတော်သို့ရှာပုံတော် ၅၆
ဇရာဝတီဘွဲ့ကဗျာ ၁၂


## တြိချိုး


စာအမည် — အမှတ်စဉ်

အယ်ဒီတာဆရာကြီးသို့ ထောမနာချဲ့လိုက်သော
သြဘာဘွဲ့ ၆၄


## တေးထပ်


စာအမည် — အမှတ်စဉ်

ခရီးသည်မြင့်မြင့်သို့ ၅၅
ခုစိတ်ကူးနှင့် ရှူးရသည့် ကိုယ်တွင်းပြည့်မယ်ဘွဲ့ ၃၃
ခင်သော်တာသို့ ၇၁
ခေါင်းဆောင်ချင်းချင်း ပက္ခကွဲသဖြင့် ဝမ်းနည်းကြောင်း
ရေးအပ်သော ၄၃
ဂုဏာတ္တပကာသနီကိုယ်ရည်သွေး ၂၅
ဆရာဦးပီယအား ခင်သန်းရွှေအမည်ဖြင့် အလွဲသုံးစား
လုပ်သူ ဦးသုတော်သို့သတိပေး ၆၈
ဇေယျသတင်းစာဘွဲ့ရှစ်ဆယ်ပေါ် ၁၇
တစ်ခိုင်လုံးစိန်ဇာတ်ကားအတွက် စိန်ဘွဲ့ ၁၅
တစ်ဖန်ဆက်ဆံလိုကြောင်း တောင်းပန်သည်ကို

ငြင်းဆန်သော ၆၆
တာဝန်ခံကိစ္စမှ အနိစ္စခန္ဓာကိုယ်ဘွဲ့ ၄၄
တောတောင်ဘွဲ့ရှစ်ဆယ်ပေါ် ၄
တန်ခူးလမိဿရာသီဘွဲ့ ၁
ဒဂုန်ကဝိပေါင်းချုပ်ဘွဲ့ရှစ်ဆယ်ပေါ် ၂
နိဂုံးချုပ် (၈၀) ပေါ်ရိုး ၆၂
နင်းပြားနောက်ပိုးဘွဲ့ ၈၀
နင်းပြား၏ကိုယ်ရည်သွေး ၃၅
နွေရာသီအအိုက်ဘွဲ့ ၃
ပညာရှိကလိယုဂ်ဘွဲ့ ၇၉
ပျဉ်းမနားမြို့ မြန်မာ့သြဘာကုမ္ပဏီတိုက်ရှင်
ဦးမောင်မောင်ကြီးသို့ မာန်မပွားကြောင်းပြန်ကြားသော ၂၉
မိုးကုတ်မြို့သိန်းရတနာသို့ ၅၄
မယ်မောင်ဘွဲ့စုံတွဲ ၈၃
မယ်ဘွဲ့ ၁၀
မြင့်မြင့်သို့ ၅၂
မြစ်နှင့်ချောင်းဆီးတားသော ရိုးစားဘွဲ့ ၂၃
မြန်မာစာညွှန့်ပေါင်းကျမ်းဋီကာဘွဲ့ ၁၆
မှော်ရုံမြိုင်ဘွဲ့ ၇
ရာဇဝင်ဘောက်သောက်အူပေါက် ၃၆
ရှေးနှင့်ယခုအခါ ကဗျာများခြားနားပုံ ၄၉
ရှင်သန်းမေလင်ယူမှား၍ သားဘွားဘွဲ့ (၈၀) ပေါ် ၂၈
ရွှေတိဂုံဘုရားဘွဲ့ထက်ကွန့် (၈၀) ပေါ် ၇၈



လူပျိုကြီးမောင်နှောင်းသွားတေးထပ်ပျက် ၆၉
သတိုးပီယ၏ ကဗျာများမှ ၅၈
သီပေါမင်းပါတော်မူခန်းဘွဲ့ (၈၀) ပေါ်ရိုး ၇၇
သံဝေဂ ၁၃
သံဝေဂ (၈၀) ပေါ် ၈၆
အကြင်နင်းပြားက ပျဉ်းမနားပဝတ္တိမိမိ၏ဇနီး
မန်းကြည်အား တောကစားရင်းသစ္စာနှံသော စုံတွဲညွှန့်
(၈၀) ပေါ် ၃၇
အမှုနှင့်အချော့ဘွဲ့နှစ်ပါးသွား ၁၁
အလောင်းမင်းတရားကြီး ဘုန်းတော်ဘွဲ့ ၈
အောင်ကြိုးခံဆွယ်လှည့်သော မယ်ဘွဲ့ ၂၄
အယ်ဒီတာဆရာကြီးက အရှုံပေးသဖြင့်မေးလိုက်သော ၆၃
ဥယောဇဉ်နှင့် ပဋိညာဉ် ၃၈

ရတု

စာအမည် အမှတ်စဉ်
ကဗျာရေးနည်းသခေ်ပဇကေပိုဒ်ရတု ၄၆
မယ်ဘွဲ့ရတုပိုဒ်စုံ ၅
ရေလားရတုပိုဒ်စုံ ၅၃

ဘောလယ်

စာအမည် အမှတ်စဉ်
အမျှော်စိုက်မောင်ဘွဲ့ ၆

### လွမ်းချင်း


| စာအမည် | အမှတ်စဉ် |
|---|---|
| တောဘွဲ့လွမ်းချင်း | ၃၁ |
| တန်ဆောင်မုန်းလ ဗြိတ္တာရာသီဘွဲ့ | ၈၅ |
| အလုပ်များသဖြင့် ဖျားရကြောင်း | ၃၉ |


### အိုင်ချင်း


| စာအမည် | အမှတ်စဉ် |
|---|---|
| မယ်ထပ်နှင့်မောင်ဘိုးစာတို့ အညာဘွဲ့ | ၃၂ |


### ကဗျာဝတ္ထုနှင့်စကားပြေတို့


| စာအမည် | အမှတ်စဉ် |
|---|---|
| ဘုန်းမြင့်သီဂီလွမ်းစေတီ | ၆၇ |
| ဦးရွှေရိုး | ၁၈ |


### ဆောင်းပါး


| စာအမည် | အမှတ်စဉ် |
|---|---|
| ကဗျာ့အမြုတေ | ၆၀ |


### ကျောင်းသုံးစာအုပ်များ


| စာအမည် | အမှတ်စဉ် |
|---|---|
| ကဗျာဖွဲ့နည်းကျမ်း | ၉၂ |
| ကိုးခန်းပျို့မှတ်စု | ၈၉ |
| ဂမ္ဘီသာရပျို့ဒီပဏီ | ၉၁ |





| စာအမည် | အမှတ်စဉ် |
|---|---|
| ပုဏ္ဏောဝါဒ ဆုံးမစာအဖွင့် | ၉၀ |
| မြန်မာစာညွှန့်ပေါင်းကျမ်းဋီကာ | ၈၈ |


### (၄) ကလောင်အမည်ခွဲအညွှန်း

အောက်ပါအမှတ်များသည် ဦးချစ်စရာရေးသားခဲ့သော ဤစာရင်းပါ စာများ၏ အမှတ်စဉ်အမှတ်များဖြစ်ပါသည်။


| ကလောင်အမည် | အမှတ်စဉ် |
|---|---|
| ချစ်စရာ | ၁၊ ၂၊ ၃၊ ၂၉၊ ၃၀၊<br>၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၉၂၊ |
| သတိုးပီယ | ၄၊ ၅၊ ၆၊ ၇၊ ၈၊<br>၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊<br>၁၄၊ ၁၅၊ ၁၇၊ ၁၈၊ ၁၉၊<br>၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊<br>၂၅၊ ၂၆၊ ၃၁၊ ၃၂၊ ၃၃၊<br>၃၄၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊<br>၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊<br>၄၇၊ ၅၁၊ ၅၃၊ ၅၄၊ ၅၇၊<br>၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊<br>၆၅၊ ၆၆၊ ၆၇၊ ၇၁၊ ၇၂၊<br>၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊<br>၇၈၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊<br>၈၆၊ ၈၇၊ |

| ကလောင်အမည် | အမှတ်စဉ် |
| --- | --- |
| နင်းပြား | ၁၆၊ ၂၇၊ ၂၈၊ ၃၅၊ ၃၆၊<br>၃၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၂၊<br>၅၅၊ ၅၆၊ ၆၃၊ ၆၄၊ ၆၈၊<br>၆၉၊ ၇၀၊ ၇၉၊ ၈၀၊ ၈၁၊ |

❑ ❑ ❑ ❑



၁၉၉၇ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ စာပေဆု

သုတေသနစာပေ ဒုတိယဆုရ

**“ဦးချစ်စရာ၏ အတ္ထုပ္ပတ္တိနှင့် အပေလက်ရာများ”**

ရေးသူ ... ချိုချိုလွင်

အဖ ဦးစိန်ဝင်း အမိဒေါ်ဖွေ့ကြည်တို့မှ ၂၆-၅-၁၉၆၁ နေ့တွင် ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့တွင် မွေးဖွားခဲ့သည်။ လေးမျက်နှာမြို့ မူလတန်းကျောင်းတွင် စတင်ပညာသင်ကြားခဲ့ပြီး ရန်ကုန်မြို့ အ.ထ.က (၁) ကမာရွတ်မှ ၁၉၇၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ ဓာတုဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ကို ၁၉၈၁ ခုနှစ်နှင့် စာကြည့်တိုက်ပညာဒီပလိုမာကို ၁၉၈၅ ခုနှစ်တွင် ရရှိခဲ့သည်။

၁၉၈၈ မှ ၁၉၉၂ အထိ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် တက္ကသိုလ်များဗဟိုစာကြည့်တိုက်တို့တွင် စာကြည့်တိုက် လက်ထောက် အဆင့် (၁) ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ဟိုတယ်နှင့် ခရီးသွား လာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် ဧည့်လမ်းညွှန် သင်တန်းသို့ တက်ရောက်ခဲ့ပြီး ၁၉၉၄ ခုနှစ်မှစ၍ ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ခဲ့ရာ ယနေ့အထိ ဂျပန်အိပ်စ်ပရက် ခရီးသွားလုပ်ငန်း၏ အုပ်ချုပ်မှု ဒါရိုက်တာ အဖြစ် ဆောင်ရွက်လျက်ရှိသည်။

...၁၁/ ၃၃) လှည်းတန်းလမ်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ...က်ရှိသည်။

စာပေဗိမာန်
spk2213
KS 300